

The
Vol.10,No.106, January 2013
MAGAZINE
HOTTEST
LATEST
ARTIST'S IDEA
BEYOND
THE WOMEN
FLASH
BACK
FASHION
DREAM OF
MAY TOE
KHINE
MATERNAL WORDS THEIR LAST YEAR
MOD MOM SWEET DREAM CLONE IMAGE

MEDIA GROUP
Asian Fame Media Group

ငွေသော်တာ ၉၀၀၀
တိန်းလတ် ၃၀၀၀

# The YATI MAGAZINE

Vol. 10, No. 106, January, 2013

စာပေ အနုပညာ မဂ္ဂဇင်း


| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | **မိုးမိုးစောဝင်း** (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | **ယုယအိမ်၊ မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို** |
| ကာတွန်းအယ်ဒီတာ | **လွှမ်းရဲ** |
| သတင်းထောက် | **သီတာစိုး** |
| | **မိုးသောက်ကြယ်** |
| ဒီဇိုင်းတာဝန်ခံ | **ပန်းရှာန် (စီမံဒါရိုက်တာ)** |
| ဒီဇိုင်းအဖွဲ့ | **ထွန်းထွန်းလင်း** |
| | **လင်းထွဋ်၊ ရွှေဇင်ဦး** |
| ကွန်ပျူတာအဖွဲ့ | **ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင်** |
| စာပြင် | **ဥမ္မာအေး** |
| ကြော်ငြာအဖွဲ့ | **တင်စန္ဒာဝင်း**(ဒု-မန်နေဂျာ) ၊ **သမြေင်စင်ချို**(ဒု-မန်နေဂျာ)၊ **နန်းအိအိခိုင်**(လ/ထ မန်နေဂျာ) |
| Marketing Executive | **ဇွေးလင်းအောင်၊ နွန်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ နိုင်ခိုင်လွင်** |
| ဘဏ္ဍာရေးအဖွဲ့ | **မိုးယုမာ** (မန်နေဂျာ)၊ **ခင်ငြိမ်းစုအေး** (ဒု-မန်နေဂျာ)၊ **မိုးမိုးကျော်** (လ/ထ မန်နေဂျာ) **နီလာဝင်း** (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | **သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင်** |
| ရုပ်ထုတ်ပုံပညာရှင်များ | **ဝဏ္ဏစွာနီ၊ အေးဇော်မိုး**(စကော်မှူး)၊ **ကိုနိုင်** (ပေါ်ပြူလာ) |
| ထုတ်ဝေသူ | **ဒေါ်နန်းကလျာဝင်း (၀၄၃၀၀)** |
| ဥပဒေအကြံပေး | **ဦးအိန္ဒ** (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | **Eagle** |
| အတွင်းကာလာဘွဲ့ | **ကမ္ဘာဦး** |
| စာအုပ်ချုပ် | **Perfect** |
| တန်ဖိုး | **၂၀၀၀** |
| အုပ်ရေ | **၁၀၀၀** |
| မျက်နှာဖုံးပုံနှိပ် | **ဇွေကံ့ကော် (မြ-၀၆၃၆၁)** |
| အတွင်းပုံနှိပ် | **အောင်သိန်းသန်း (မြ-၀၅၉၉၂)** |
| အယ်ဒီတာအဖွဲ့ရုံးခန်း | **အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၄၉၁၆၅၊ ၃၈၅၄၉၅၊ ၃၇၂၈၃၄ စာတိုက်သေတ္တာအမှတ် - ၁၄၀** |
| Website | yatimagazine.com |
| Email | yati@popularmyanmar.com |
| မန္တလေးရုံးခွဲ | **အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄x၆၅လမ်းကြား၊ မန္တလေးမြို့** |
| Email | **ဖုန်း ၀၁၀၅၀၀၀၃၈၀။** |
| ကြော်ငြာကိုယ်စားလှယ် | mandalayoffice@popularmyanmar.com |
| | **ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)** (အမှတ် ၂၅၃၊ ၃၆ လမ်း၊ ၈၄x၈၅ လမ်းကြား၊ မန္တလေးမြို့ ၀၉-၂၀၀ ၅၅၇၂၊ ၀၉- ၉၁၀ ၄၆၇၇၂) |


Asian Fame Media Group

### ဗွီတာဝန်အရေးသုံးပါး

- [illegible] ... ဦးအေး
- [illegible] ... ဦးအေး
- [illegible] ... ဦးအေး

### မြည်သူ့သဘောထား

- [illegible]

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- [illegible]

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- [illegible]

### လူမှုရေးဦးတည်ချက်(၄)ရပ်

- [illegible]









# YATI CONTENTS

vol.10 no.106 january 2013

6 အယ်ဒီတာနှုတ်ခွန်းဆက်

7 ကဗျာ
အိုအောင်၊ မောင်သန်းစိုး(ချောက်)၊ လကျ်ာဝင်း။
အိမ်ဝေးသူ၊ ကိုရွှေ၊ ကိုသျှာ။ သားဦး။
အောင်မျိုးသက်

15 ကာတွန်း
ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊

18 မမရတီအမေးအဖြေ
ရတီအထူးကဏ္ဍ

21 Hottest Latest
နန်းခင်ဇေယျာ
သီတာစိုး

25 မြန်မာ့မှု၊ မြန်မာ့ဟန်
စည်သူမောင်၊ နင်းထက်ထက်ဝေ
သီတာစိုး

30 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
ပုလဲဝင်း
သီတာစိုး

34 Flash Back Fashion
မိုးမြင့်သဇင်
ဖြိုးစုပိုပို

39 January Cover
Dream of May Toe Khine
ဖြိုးစုပိုပို

46 Audience of Celebrities' Choice
လွှမ်းပိုင်၊ ဇေရဲရင့်
သီတာစိုး

55 Music Plus Yati
ဟိဂ်းသစ်
သီတာစိုး

62 Mod Mom
စီးစီးခဲ၊ ဖြူဖြူစင်စင်လင်း
ဖြိုးစုပိုပို

66 Fair Lady
ပါရမီခင်
ယုယအိမ်



# YATI CONTENTS

vol.10.no.106.january 2013


70 **Last Year**
အိန္ဒြာကျော်ဇင်၊ မြင့်မြတ်၊ ဟိန်းဝေယံ
ဖြိုးစုဝိုဝို

79 **Maternal Words**
မိုးပြည့်ပြည့်မောင်၊ မြတ်သီရိလင်း၊ ဇင်မင်း
သီတာစိုး

87 **Their Style Their Way**
ရဲတိုက်၊ ဆောင်းယွန်းစံ၊ နေယံ၊ မေ
မိုးသောက်ကြယ်

95 **Wedding Special**
ကဲလ်ဇင်ဝင်း၊ ဝင်းလှဲ့သူ
မိုးသောက်ကြယ်

100 **Artist Idea**
မနိုင်(Hello)
ဖြိုးစုဝိုဝို

106 သူပြောတဲ့သူ့ အကြောင်း
ညီမင်းလွင်
ဖြိုးစုဝိုဝို

110 **Clone Image**
စိုင်း၊ အေသင်ချိုဆွေ
သီတာစိုး

114 **Sweet Dream**
ရဲကို၊ သဉ္စာနွယ်ဝင်း
သီတာစိုး

118 **Beyond The Women**
ရင်မေဝင်း
ဖြိုးစုဝိုဝို

124 ဒေသသဂေတ်တ
မော်တင်း
လှမြင့်ဆွေ
ရတီနိုင်ငံတကာ

143 **Fashion Style** တစ်နှစ်အစပထမ
တင်လတ်သန္တာခိုင်

147 **International Entertainment News**
စိုးသိက်း

152 **Scarlett Johansson** ရဲ့
**Under The Skin**
ရဲသစ်

155 တည်ငြိမ်သောသရုပ်ဆောင်မှုများနဲ့ လီယိုးဝန်
ဇင်မြင့်စံ








Asian Fame Media Group



# YATI CONTENTS

vol.10,no.106,january 2013


**ရတီအသောအထွေ**

170 **မရေးမကောင်းရေးမကောင်း**
ညီညီညာညာညက်ညက်ညောညော

140 **ငါရယ် ငါတို့အိမ်မြောက်ဘက်က ကောင်တွေရယ်နှင့် အခြားအခြားသော စာမျက်နှာများ**
ဂျက်ကွမ်းခြံကုန်း

**ရတီဆောင်းပါး**

132 **သုခုမအနုပညာနှင့် ယဉ်ကျေးပျူငှာ ညချမ်း**
မြင့်သူဇာထွန်း

137 **ပုရိသအကြိုက် Hair Style**
အလင်းဦး

162 **အိမ်မက်ရဲ့ ပွဲကိုင်ရှင်များ**
Mystery Snow

173 **ယာယီသုံးအရေပြားပြည့်ဆေး**
ဒေါက်တာမြင့်ဦး

176 **အမှတ်တရ နှပျော် ကရင်နှစ်သစ်ကူးပွဲတော်**
မိုးသောက်ကြယ်

189 **လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး ပျားရည်အစွမ်းအထက်ဆုံး**
နှင်း

231 **မြို့ပြရဲ့ကားလာနေမှု ပြဿနာ**
ကျော်ဦး

233 **အရိုးပါး၊ အရိုးပွရောဂါ**
ဒေါက်တာအောင်ဆန်းဝင်း

237 **အဘွားပြောတဲ့ ပတ္တမြားပုံပြင်**
သိန်းပိုင် (M.Engg.Geol.)

224 **မန္တလေးအတွေး၊ မန္တလေးအရေး ဤကမ္ဘာမြေပြင်မှာ မေတ္တာတေးသံတို့ လွှင့်ပျံ့စေချင်**
ကိုထွန်း (လမ်း-၈၀)

159 **ရတီဗေဒင်**
ဒေါက်တာမြတ်သစ် (မန္တလေး)

**ရတီဝေဖန်ရေး**

222 **ဒါရိုက်တာ ဥတ္တာဗိုရ်၏ ကောင်းကင်၏ ရစ်သမ်**
မောင်အိမ်စံ































# YATI CONTENTS

vol.10, no.106, january 20

229 **ရတီစာအုပ်စင်**

166 **ဖူးနူးသစ်လွင်တဗျာဥယျာဉ်**
သီအိုရီ(ယောကြယ်ပွင့်)၊ ရွှေဒဂီး (မတ္တရာ)၊ အောင်မိုးသွင်၊ သော်ဇင် (ပဒါန်း)၊ နှင်းစက်လွင်ပြင်၊ စည်သူ (ဘန်းယည်)၊ သက်ဦးခင်၊ အိန်ဂျယ်လှိုင်း

**ရတီဝတ္ထုတို**

178 **သမီးက ကြောက်တတ်တယ်**
မမိုးမြေ

184 **တန်ဖိုးတစ်ခု၏ သီအိုရီ**
ချောအိမာန် (မန္တလေး)

190 **အယောင်ဆောင်၏ ခမ်းနားခြင်း**
လှမိုးသစ် (ကျောက်ဆည်)

196 **ဆုံး-စ-မဲ့ ဘဝများ**
အောင်ချင်းသစ်

200 **နဂါးသစ္စာ**
ကျော်ဇင်ကိုကို

206 **ကျွန်ုပ်ဘာသာ ကျွန်ုပ်နေသည်**
မောင်မြင့်မား (ဘိုကလေး)

210 **ဖြစ်ရပ်မှန်ဝတ္ထုပါခင်ဗျာ**
ကိုဦးဆွေ

214 **မိုးကြောင့်**
မာန် (တောင်လုံးပြန်)

**ရည်ညွန်းဖွဲ့သီ ချစ်သူဆီ**

242 **ပြီးဆုံးသွားသော အတိတ်စာမျက်နှာပေါ်မှ လွမ်းချင်းတစ်ပုဒ်**
လဝန်းဖြူစင်

**ပန်းချီသရုပ်ဖော်**

 မြတ်မင်းဟန်၊ ဒေါက်တာနန်းမိုး ချစ်သူ၊ မိုးထက်မိုး၊ လှကြီးမင်း၊ ငုအိမ်ထက်မြက်၊ စကျွဲ၊ ပန်းရှာန်

Asian Fame Media Group

# အယ်ဒီတာ နှုတ်ခွန်းဆက်

နှစ်သစ်မှာ မင်္ဂလာပါလို့ ရတီပရိတ်သတ်များကို ဦးဦးဖျားဖျား ထူးထူးခြားခြားလေး နှုတ်ခွန်းဆက်လိုက်ပါတယ်။ ရောက်ရှိလာမယ့် နှစ်အသစ်မှာ ဘာတွေများ ရွေးချယ် လုပ်ကိုင်မယ် စိတ်ကူးထားကြပါသလဲ။ ကျွန်မတို့ တိတ်တိတ်နေ တိုးတိုးပြော တည်တည်နေပြီး ရပ်တန့်နေကြမှာလား၊ ကျယ်ကျယ်ပြော၊ ကြီးကြီးကြံ၊ ကြံ့ကြံ့ခိုင်ရွေ့ဆက်သွားကြမှာလား။ တိတ်တိတ်နေလွန်းတော့ လူရာမဝင်ဘူးလေ။ တိုးတိုးပြောလွန်းတော့ ဘယ်သူက ကြားတော့မှာလဲ၊ တည်တည်နေလွန်းတော့လည်း ဘဝင်မြင့်တယ်ဖြစ်ရဦးမယ်၊ ရပ်တန့်နေကြမယ်ဆိုရင်တော့ ဘယ်သူမှ ဘာမှဖြစ်လာမှာ မဟုတ်တော့ပြန်ဘူး။ ဒါဆို ကျယ်ကျယ်ပြောကြည့်မယ်၊ လူတွင်ကျယ်လုပ်လွန်းသူအဖြစ် အမုန်းခံရနိုင်တယ်နော်။ ကြီးကြီးကြံပြန်တော့လည်း ဖြစ်လာရင်ကောင်းရဲ့၊ ဖြစ်မလာတော့ လက်ညှိုးထိုးစရာ၊ ကြံ့ကြံ့ခိုင်ရပ်တည်ဖို့ဆိုတာက အမှန်တရားက ကိုယ့်ဘက်မှာ ရှိဦးမှ။ ရွေ့ဆက်သွားဖို့ဆိုတာလည်း တားဆီးမှုတွေ မရှိမှ ဖြစ်မှာလေ။ ဒါဆို ဘယ်လိုနေရမှာလဲတဲ့။ လူ့ဘဝခဏ လူဖြစ်လာကတည်းကိုက တွေ့ကြုံရင်ဆိုင်လာရတဲ့ ဘဝအခက်အခဲမှန်သမျှကို အလိုက်သင့်အလျှားသင့် ဖြေရှင်းတတ်ဖို့ဆိုတာ ကျွန်မတို့လူသားတွေရဲ့ မွေးရာပါ အတတ်ပညာတစ်ခုပါ။ ဒါကြောင့်လည်း ပုံသေကိုင်ထားတဲ့ ဇာတ်ညွှန်းတစ်ခုမရှိဘဲ ကျွန်မတို့ ဘဝဇာတ်ခုံမှာ သူ့နေရာနဲ့သူ ကပြနိုင်ကြတာပေါ့။ ဒီကြားထဲကမှ သိပ်ခက်ခဲကြမ်းတမ်းလွန်းလာရင် 'မှန်တိုင်းပြီးရင် ပြာပြည်တော့လာမှာပဲ' ဆိုပြီး ကျွန်မတို့ ဖြေတွေးတတ်ကြပြန်ပါတယ်။ အရာရာကကိုယ့်အတွက် သိပ်ကို သာယာ ရိုပြည် ချောမွေ့လွန်းနေပြန်ရင်လည်း 'အကောင်းပြီး အဆိုးလာတတ်တယ်' ဆိုပြီး သတိ တရားလက်ကိုင်ထားလို့ ကောင်းမှုကုသိုလ်တွေနဲ့ ကုသိုလ်ဆက်တတ်ပြန်ပါတယ်။ ဒါဟာ ဘာသာတရားရဲ့ အဆုံးအမကောင်းမှာ သိမ်မွေ့ ပိပြားစွာ ရှိတတ်သူတွေရဲ့ လုပ်ရိုးလုပ်စဉ် အမူအကျင့်တွေပါ။ ဘာသာတရား မြေယရောက်နေသူတွေကတော့ ဘာပြောပြော၊ ဘာလုပ်လုပ်၊ ဘာကြံကြံ အဖွင့်နောက်အပြုံ အမူတွေနဲ့သာ ဦးဆောင်လှုပ်ရှားတတ်ကြမြဲ၊ ကျွန်မတို့ထင် ဒီလိုလူတွေအတွက်ကတော့ နှစ်ဟောင်း နှစ်သစ်ရယ် မခွဲခြားဘဲ အကုသိုလ် တရားတွေနဲ့သာ အမြဲညစ်ထေးနေတော့မယ် ထင်ပါတယ်။

**နှိုင်းချင့်ချိန်ဆ**
**ရသထွန်းလင်း**
**ပရိသတ်ရင်တွင်း**
**နှစ်သက်ဒိုဝင်**
**ရတီစွမ်းအင်**

တကယ်တော့ လူ့ဘဝဆိုတာ တိုတိုလေးပါ၊ နေရတဲ့ ခဏလေးအတွင်းမှာ မကောင်း တရားတွေနဲ့ လုံးထွေးရစ်ပတ် အသက်ရှင်ရမယ်ဆိုရင် မတန်လိုက်တာ။ လူမသေသော်လည်း နာမည်သေရတဲ့အဖြစ်မျိုးတော့ ဘယ်လိုမှ နှစ်မြိုက်စရာမရှိ၊ စာပေတွေထဲမှာတော့ လူ့ဘဝကို မင်္ဂလာရှိရှိ ပျော်ရွှင်ဖွယ် ကုန်ဆုံးချင်တယ်ဆိုရင် တစ်နေ့တစ်ကြိမ် စာဖတ်ပါတဲ့။ ဆယ်ကြိမ်ရယ်မှောပါ၊ အကြိမ်တစ်ရာတော့ အသက်ပြင်းပြင်းရှူပါ။ တစ်နေ့ကို စာလုံးတစ်ထောင် အမြဲရေးပါ၊ တစ်နေ့ကို ခြေလှမ်းတစ်သောင်း လှမ်းဖြစ်အောင်လှမ်းပါတဲ့။ လူတိုင်းသာ ဒီနည်းဥပဒေနဲ့အညီ ကျင့်သုံးနိုင်မည်ဆိုရင် စာပေဟာ တစ်နေ့တခြား တန်ဖိုးမြင့်လာမယ်လို့ထင်ပါတယ်။ ဒါဆိုရင် ကျွန်မတို့လို ဖန်တီးသူတွေလည်း အမောပြေနိုင်ကောင်းပါရဲ့၊ စာပေမြင့်မှ လူမျိုးမြင့်မတဲ့။ အမြင့် တရားတွေကို မျှော်ကိုးမှန်းရွယ်ရင်း ရတီကတော့ ပရိတ်သတ်ကြား ပုံမှန်ရောက်ရှိလာခဲ့ပါပြီ။ လူမှုဘဝဝန်းကျင်ရဲ့ အမောတွေ၊ မြားပြောင်လှသော မီဒီယာတွေရဲ့ ဖျော်ဖြေမှုတွေကြားမှာ တစ်နေ့တစ်ကြိမ် စာမဖတ်ဖြစ်ဘူးဆိုရင်တောင် ဖတ်ဖြစ်တဲ့တစ်ကြိမ်မှာ ရတီပါဝင်နိုင်ပါစေ။ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ၊ ကိုယ့်စာပေအတွက် ရတီက အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ခွင့် ရပါရစေလို့ ဆုမွန်ခြွေပါတယ်ရှင်။

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ

Asian Fame Media Group



## အာခီမိဒီစည်းမျဉ်းအရ
## ဟဲမင်းဝေးပြောသလို

ဒါကို
အနုပညာမြောက်အောင်
ဘယ်လိုပြောမလဲ။
လွယ်ပါတယ်
အာခီမိဒီလို
ရေချိုးကန်ထဲ ခုန်ဝင်
လျှံကျလာတဲ့ အတွေးအမြင်မှာ
ရေလိုသတ္တိထုနဲ့
လိုရာကို ချိန်တွယ်ပြလိုက်ရုံ

ဖိုးအောင်

ကိုးကား - အနုပညာဆိုတာ ခက်တာကို လွယ်အောင်လုပ်တာ / ဟဲမင်းဝေး
('အနုပညာကမ္ဘာကြီးနဲ့ ကျွန်တော်တို့နေ့များအကြောင်း ပြောကြည့်ခြင်း' သုခမိန်လှိုင်၊ မိုးပြတ်သူ၊ မန္တလေးအက်ဖ်အမ် စကားဝိုင်း . . . . မှ)

Asian Fame Media Group



# ဖိနပ်ကလေးနှစ်ရန်

- ဝါးကွပ်ပျစ်ကလေးရဲ့ အောက်နား
  မြို့ မငြိမ်းချန်ထားခဲ့တဲ့
  ဖိနပ်ကလေးတစ်ရန်၊
- ရေကန်ကြီးရဲ့ ကမ်းစပ်အနား
  မောင်လူမှိုန်ချန်ထားခဲ့တဲ့
  ဖိနပ်ကလေးတစ်ရန်၊
- ကာလရဲ့
  ပြကွက်အနေးမှာ
  သွေးအလိမ်းလိမ်း
  မြို့ မငြိမ်း
  မောင်လူမှိုန်
  စိတ်ရေတိမ်မှာ နစ်သွားခဲ့ကြ
  ခံစားမှုအာရုံတွေ ပေါင်းခံ
  ချန်ထားခဲ့တဲ့ ဖိနပ်ကလေးနှစ်ရန်
  အနုပညာဆန်လွန်းလှချည့်။

မောင်သန်းစိုး (ချောက်)



Asian Fame Media Group
MEDIA GROUP

## ပေသားကျလေချွန်သံ

◆ ခေါင်းငုံ့
လက်မဝှက်
လူသားဂုဏ်သရေကို
ကျားပါးစပ်မှာ ချိတ်ခဲ့၊

◆ ဆောင်းခေါင်ခေါင်
ရေခဲမြစ်
အိပ်မက်ကို ရွှေလိုကျင်ယူနေရတော့တယ်၊

◆ ဘာများ လွဲချော်ခဲ့ပါသလဲ
မြစ်ဖျားအထိ ပြန်လှန်စီးကြည့်ပိ
အနုပညာနဲ့ တော်လှန်ရေး
တော်လှန်ရေးနဲ့ အနုပညာ
ရောမွှေပြီး
တစ်ကျိုက်တည်းနဲ့ အကုန်မော့ပစ်ခဲ့တာပါပဲ၊

◆ ဟုတ်တယ်
မြေရိုင်းပန်းလေးတစ်ပွင့်တောင်မှ
လောကကို အလှဆင်နေသေးရင်
လူတစ်ယောက်အဖို့
အားလုံးမှန်ခဲ့တယ်၊

◆ မတ်ထား
သွေးအတိပြီး ဦးခေါင်းများ
ကျိုးကျသွားတဲ့ ညတွေကြား
မတ်ထား၊

◆ ပြဿနာ မရှိဘူး
မှန်တိုင်းသေရင်
လေပြည်မှာ ပန်းတိုင်းပွင့်မယ်၊

◆ ဖူးချစ်ရဲ့
သူ့ရဲကောင်းပြတိုက်ထဲ
စိမ်းလန်းသန်မာနေကြတာ
မော်ဝင်နေတဲ့ တေးသွားများ။ ။

လက်ျာဝင်း



## အားအားယားယား

နောက်ကျမှ အိပ်ရာထလိုက်၊ မျက်နှာကို အကြာကြီးသစ်နေလိုက်
ရေဒီယို နားထောင်လိုက်၊ မနက်စာကို အေးအေးဆေးဆေး စားနေလိုက်
အဝတ်အစားလဲလိုက်၊ သီချင်းညည်းလိုက်၊ အိမ်ထဲမှာ ထိုင်နေလိုက်
လက်ဖက်ရည်ဆိုင်သွားဖို့ အမေ့ဆီ ပိုက်ဆံတောင်းလိုက်
အမေနဲ့ စကားများလိုက်၊ အပြင်ထွက်သွားလိုက်
သူငယ်ချင်းတွေကို လိုက်ရှာလိုက်၊ လက်ဖက်ရည်ဆိုင် ထိုင်လိုက်
ရုပ်ရှင်ဇာတ်ကားတွေ ကြည့်လိုက်၊ ထွမ်းစားလိုက်
ဆေးလိပ်သောက်လိုက်၊ အိမ်ပြန်လာလိုက်၊ ထမင်းစားလိုက်
စာဖတ်လိုက်၊ အိပ်လိုက်၊ ဘယ်သွားလို့ သွားရမှန်းမသိ ဖြစ်လိုက်
အိမ်ထဲမှာ ပျင်းလို့ ခေါက်ခေါက်ခွေခွေနေလိုက်၊ လှဲနေလိုက်
ဟိုလိုမ့်ဒီလိုမ့် လုပ်လိုက်၊ သူငယ်ချင်းတွေက လာခေါ်လိုက်
လိုက်သွားလိုက်၊ သီချင်းတွေ အော်ဆိုလိုက်၊ စကားတွေပြောလိုက်
ငြင်းလိုက်၊ အိမ်ကိုပြန်လာလိုက်၊ ရေချိုးလိုက်၊ အဝတ်အစားလဲလိုက်
ပြန်ထွက်သွားလိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ ဘောလုံးပွဲကြည့်လိုက်
အိမ်ပြန်လာလိုက်၊ ထမင်းစားလိုက်၊ ပြန်ထွက်သွားလိုက်
အဆောင်ရှေ့ ဂစ်တာသွားတီးလိုက်၊ သီချင်းတွေ အော်ဆိုလိုက်
ညဉ့်နက်မှ အိမ်ကို ပြန်လာလိုက်၊ အိပ်လိုက်၊ နောက်ကျမှ
အိပ်ရာထလိုက်
မျက်နှာကို အကြာကြီးသစ်နေလိုက်၊ ပြန်လှဲနေလိုက်၊ ထလိုက်၊ ထိုင်လိုက်
မနက်စာ ထမင်းကြမ်းမကျန်လို့ အမေ့ဆီပိုက်ဆံတောင်းလိုက်
အမေနဲ့စကားများလိုက်၊ လက်ဖက်ရည်ဆိုင်ကို ထွက်လာလိုက်
လက်ဖက်ရည်အကြွေးသောက်လိုက်၊ ဆေးလိပ်သောက်လိုက်
ဆိုင်ရှေ့ က ဖြတ်သွားတဲ့ ကောင်မလေးတွေကို ငေးလိုက်၊ စလိုက်၊
နောက်လိုက်
အိမ်ပြန်လာလိုက်၊ တုံးလုံးလှဲနေလိုက်၊ ဟိုတွေးလိုက်၊ ဒီတွေးလိုက်
ကိုယ်စားဖို့ ထမင်းကို ကိုယ့်ဟာကိုယ် ခူးစားလိုက်၊ ရေထသောက်လိုက်
အမေက စကားကို တတွတ်တွတ်ပြောလိုက်၊ ပြန်ချေ့လိုက်၊ မာန်လိုက်
အမေပြောတဲ့ စကားတွေကို မကြားချင်ယောင်ဆောင်နေလိုက်
အမေက ပြန်မပြော နားမထောင်လို့ ပြောလိုက်၊ အိပ်နေလိုက်
ရေချိုးလိုက်၊ အပြင်ကို ပြန်ထွက်သွားလိုက်၊ လမ်းထိပ်မှာ ထိုင်နေလိုက်
အလုပ်ကပြန်လာတဲ့ ကောင်မလေးတွေကို စလိုက်၊ ရည်းစားနဲ့တွေ့
ဖို့ချိန်းလိုက်
သူငယ်ချင်းတစ်ယောက် စီးလာတဲ့ စက်ဘီးကို ငှားထားလိုက်
ကောင်မလေးတွေကို စကားလိုက်ပြောလိုက်၊ အရက်ဆိုင်သွားလိုက်
အဆောင်ရှေ့ဂစ်တာတီးဖို့ ထွက်သွားလိုက်၊ သီချင်းတွေ အော်ဆိုလိုက်
ညဉ့်နက်မှ အိမ်ကိုပြန်လာလိုက်၊ အိပ်လိုက်၊ နောက်ကျမှ အိပ်ရာထလိုက်
အဖေက အလုပ်မသွားသေးဘဲ အိပ်ရာက ထထချင်း မာန်လိုက်၊
ကြိမ်းလိုက်
ဘာစကားမှပြန်မပြောဘဲ ငြိမ်နေလိုက်၊ မျက်နှာသစ်နေလိုက်၊
ထမင်းကြမ်းစားလိုက်၊ သူငယ်ချင်းတွေက လာခေါ်လိုက်၊ လိုက်သွားလိုက်
လေတ်လျားလေတ်လျားလုပ်လိုက်၊ လည်ရာပြန်စားရေးလုပ်လိုက်
အိမ်ပြန်လာလိုက်၊ ထမင်းစားလိုက်၊ ဟင်းမကောင်းလို့ အမေ့ကို
ရန်လုပ်လိုက်
အမေနဲ့စကားများလိုက်၊ အပြင်ကို ပြန်ထွက်သွားလိုက်၊ ဝိမ်းနှိပ်နေလိုက်
နာရီကို အပေါင်ဆိုင်သွားပို့လိုက်၊ အိမ်ကိုပြန်လာလိုက်၊
ပြန်ထွက်သွားလိုက်
အဝတ်အထည်တွေကို အပေါင်ဆိုင်သွားပို့လိုက်၊ ရည်းစားနဲ့တွေ့ဖို့
သွားလိုက်
အိမ်ပြန်လာလိုက်၊ ဘောလုံးဂျာနယ်ဖတ်နေလိုက်၊ ရေချိုးလိုက်
သူငယ်ချင်းဆီက ဆိုင်ကယ်ငှားပြီး ကောင်မလေးတွေကို
စကားလိုက်ပြောလိုက်
အိမ်ကို ပြန်လာလိုက်၊ အဖေက အလုပ်တစ်ခုခုလုပ်ဖို့ ပြောလိုက်
အဖေက အားအားယားယားကောင်လို့ပြောလိုက်၊ အဖေက အလကား
သုံးစားမရတဲ့ကောင်လို့ပြောလိုက်၊ အဖေက ဆန်ကုန်မြေလေးလို့
ပြောလိုက်
အဖေက ၁၀၉၊ ၁၁၀ ကောင်လို့ ပြောလိုက်၊ အဖေက
စကားကို မနားနားအောင် ပြောနေလိုက်၊ အမေက ငိုနေလိုက်၊ အဖေက
အမေ့ကိုပါ
မာန်လိုက်၊ အဖေက ပေ့ကောင် မင်းကြပ်ကြပ်သတိထားနေလို့
ပြောလိုက်၊ အမေ့ကိုကြည့်လိုက်၊ အမေက ငိုနေလိုက်

အိမ်ဝေးသူ

Asian Frame Media Group



## ၂၀၁၂

ငါကြားတယ်
ငါ အားနာမိရဲ့
ငါတို့ ရွာသားတွေ နာဂစ်လက်ကျန်တွေ
လယ်မြုပ်ယာမြုပ်တွေ လှေမြုပ်ပိုက်မြုပ်တွေ
ရေမျောကမ်းတင်တွေ သောင်မတင်ကမ်းမကျတွေ
မျှော်လင့်ချက်အသေတွေ ဘဝတစ်ခြမ်းပဲ့တွေ
ကိုယ့်မြေကိုယ့်ရေမှာ ခြေကုပ်ယူဖို့ခက်နေပြီတဲ့
ရေလည်းမကြည်တော့ဘူး မြက်လည်းမနုတော့ဘူးတဲ့
ကိုယ့်ကိုယ်ကိုယ် အသက်သွင်းဖို့ မြို့ ပေါ်တက်လာကြသတဲ့
မြို့ ပေါ်တက်လာပေမယ့် မြို့ ပေါ်မရောက်ကြဘူးတဲ့
ချောတိုင်ထက်ရသလို အကြိမ်ကြိမ်လျောလျောကျနေသတဲ့
မြို့ ရဲ့ ကိုင်းများတိုင်းနားမှာ ခိုနားနေကြရသတဲ့
ငါ အားနာမိရဲ့
ငါလည်း ကိုယ့်မြို့ ကိုယ်ပြန်သိမ်းဖို့ နေ့တိုင်းတိုက်ပွဲဆင်နွှဲနေရတယ်
ငါလည်း မြို့ ဆင်ခြေဖုံးတစ်နေရာ ကတုတ်ကျင်းလေးထဲမှာ
နေ့စဉ် ဗုံးကြဲခံနေရတယ်
ငါ အားနာမိရဲ့
ငါ အားနာမိရဲ့
ငါ ဘုရားတမိရဲ့
ဤဓာတ်လေးပါး အစုအဝေးများအား ကယ်တော်မူပါဘုရား။

ကိုဇွဲ

Asian Fame Media Group
af MEDIA GROUP



# ဆွေး

အရင်လို လူတွေကြဉ်ထားတဲ့စားပွဲမှာ တစ်ယောက်တည်းပဲလား
ကျွန်တော် ထိုင်နေကျခွေးခြေခုံလေးကို ဆယ်ကျော်သက်တစ်ယောက်လို
လွမ်းလွမ်းဆွေးဆွေး ငေးကြည့်နေမှာလား
နှစ်ယောက်တည်းအားနဲ့ မြို့ တည်ခဲ့ဖူးတဲ့ စကားဝိုင်းလေးမှာ
တစ်ယောက်တည်း ရှန်းကန်နေရတဲ့ တိတ်ဆိတ်မှုက
ကျယ်လောင်လွန်းမယ်ဆိုတာ ကျွန်တော် သိတယ်

ဦးလေးအောင်က သောကကို တရားနဲ့ငြိမ်းသတ်တယ်
ကျွန်တော်က ဘဝကို ဓားနဲ့တောရှင်းတယ်
ဦးလေးအောင်နဲ့ ကျွန်တော်က အတွေ့ အကြုံပေါင်း လေးဆယ့်ငါးနှစ်စာခြားတယ်

ဦးလေးအောင် ပြောခဲ့တယ်
‘မင်းနဲ့ တွေ့ နေရတဲ့အချိန်တိုင်း ငါ့ကိုယ်ငါ အဘိုးအိုတစ်ယောက်ဆိုတာ
မေ့သွားတယ်၊ ငါ့ဇရာကို သွေးသစ်လောင်းပေးပြီး နုပျိုစေခဲ့တဲ့အတွက်
ကျေးဇူးပါကွာ့လေး’
ကျွန်တော် ပြောခဲ့တယ်
‘လသာသာ ညကလေးတွေမှာ အိမ်ရှေ့ ကွပ်ပျစ်ပေါ် ရေနွေးကြမ်းထိုင်သောက်ရင်း
[illegible]တိတ်ကို အဓိပ္ပာယ်ရှိရှိ ပြန်တွေးအောက်မေ့ကြတာပေါ့ ဦးလေးအောင်ရယ်’
စားဝတ်နေရေးက တောင်းဆိုတော့ သံယောဇဉ်ကို ထိုးကျွေးခဲ့ရတာပေါ့
ဦးလေးအောင်ရဲ့ တစ်နိုင်တစ်ပိုင် ကွမ်းခြံလေး နေကောင်းထိုင်သာရှိဖို့
မေတ္တာပို့ဆုတောင်းရတာ နေ့စဉ်ရဲ့အမှု
ဦးလေးအောင်ရဲ့ တရုတ်စက်ဘီးလေး အားကောင်းမောင်းသန်
ဒေါင်ဒေါင်မြည်စေချင်တာကလည်း အမောပါပဲ
လာချင်လည်း မနီးတော့တဲ့ခရီးမို့ စိတ်သွားတိုင်း ကိုယ်မပါတော့ပါဘူး

အခု ကျွန်တော်ဟာ ကုန်းခေါင်ခေါင်ပေါ် အရှင်လတ်လတ်ပစ်တင်ခံထားရတဲ့
ငါးတစ်ကောင်
ကျွန်တော် အသေခံဖက်တွယ်ခဲ့တဲ့ အနုပညာဟာ ကျွန်တော့်ရင်ဝကို
ခြေစုံကန်တယ်
ဒီအကြောင်းတွေ ဦးလေးအောင်ကို ပြောပြရင်
ဟိုတုန်းကလို တည်တည်ငြိမ်ငြိမ် ပြုံးပြနှစ်သိမ့်ဦးမှာလား
‘မနက်ဖြန်ဆိုတာ အဝေးကြီး၊ တမလွန်ဆိုတာ နီးနီးလေး’
(အရှင်ဇနကာဘိဝံသ)
ဘဝကို ပျော်သလိုဖြတ်သန်းရတာ မလွယ်ဘူး
ဘဝမှာ ဖြစ်သလိုနေရတာ ပိုခက်တယ်
ခြေသံလုံလုံ နင်းလျှောက်လာတဲ့ သေခြင်းတရား
ကျွန်တော်တို့ရဲ့ ရှင်သန်မှုကို ခိုးယူမသွားခင်
ဦးလေးအောင်ဆီ တစ်ခေါက်လောက်တော့ ပြန်ရောက်ချင်သေးတယ်

ကိုသျှား



## မိုးသက်တံရဲ့ ဟိုဘက်မှာ

အဆိုးတွေကို မြင်မိမှာစိုးလို့ မျက်လုံးတွေကို မပိတ်ဘဲထားလိုက်တယ်
ဆိုးဝါးတဲ့မြင်ကွင်းကို မတွေ့ချင်တော့လို့ တစ်ညလုံးမအိပ်ဘဲ နေလိုက်တယ်
ဒီလိုနဲ့ တစ်မိုးသောက်
ဒီပုံစံအတိုင်း ရောက်ခဲ့ရပါသော မိုးအောက်မြေကမ္ဘာ
အကြင်နာတဲ့
မြင်ကွင်းမှာ ချစ်ခြင်းမပါဝင်ခဲ့လေသော
ထို အကြင်နာတဲ့ . . . .
ဖြေပါ၊ ဆီးပါ၊ ချုပ်နှောင်ပါ . . . ငါတို့ကို ကယ်တင်ခြင်းအားဖြင့်
ပြုပါ၊ ပြင်ပါ၊ ပြောင်းလဲပါ . . .
ငါတို့ခမျာ
အိပ်ရာအထနောက်ကျလို့ မနက်ခင်းတစ်ခုလုံးနဲ့ လွဲခဲ့ရတဲ့ကလေးလို
နှစ်အဆက်ဆက်
မက်၍ မောခဲ့ရပါသော
ကြော် . . . ရွှေရောင်တောက်ပတဲ့ အနာဂတ်ဆိုတာ
မနက်လာမှာလား . . . နေ့လယ်ရောက်မှာလား
မိုးသက်တံရဲ့ ဟိုမှာဘက်မှာလား
ငါတို့အသက်ရဲ့ ဟိုမှာဘက်မှာလား။

သားဦး

Asian Fame Media Group

# နှစ်ကိုယ်ခွဲတနင်္ဂနွေ




ပျော်ရွှင်မှုကို ကုထုံးသစ်တစ်မျိုးအဖြစ်နဲ့ ဖြန့်ဝေဖို့
တနင်္ဂနွေဟာ သူ့ကိုယ်သူ ဟော်လီးဒေးပါဆိုပြီး ရောက်လာတယ်
သူ့မျက်နှာကို တမင်ပြုံးထားတယ်၊
ကိုယ်ရည်ကိုယ်သွေးကိုထိန်းဖို့ နေရာအနှံ့ခြေဆန့်ဖို့ ကြိုးစားတယ်
ပျော်ပွဲစားထွက်သူတွေ၊ ပန်းခြံတွေ၊ ရုပ်ရှင်ရုံတွေ
ကလေးကစားကွင်းတွေ၊ ဘုရားဖူးဧည့်သည်တွေဆီထိ
ဒါပေမဲ့ သူရောက်အောင် မသွားနိုင်တဲ့နေရာတွေကတော့ အများသား
သူရောက်မလာနိုင်မှန်းသိလို့ မမျှော်တော့ဘူး ဆိုသူတွေလည်းရှိ
တကယ်ရောက်တဲ့ တချို့ နေရာတွေမှာလည်း
အားအင်ချည့်နဲ့နေတဲ့ ရိုးရိုးတနင်္ဂနွေပါပဲ၊
ကမ္ဘာမှာ တစ်နေ့ကို အလုပ်ချိန် ၈ နာရီရယ်
တစ်ပတ်ကို နှစ်ရက်ပိတ်ဖို့ စည်းမျဉ်းချမှတ်ထားတာရယ်
ဒါတွေကို အချို့ သူတွေက မလိုက်နာကြပါဘူး
အကြောင်းပြချက်တော့ ရှင်းပါတယ်
တချို့ က ထမင်းမစားဘဲ မနေနိုင်လို့
တချို့ က အိမ်လခပေးစရာမရှိလို့
တချို့ က ကလေးကျောင်းစရိတ်အတွက်
ဒီလိုနဲ့ သူတို့နဲ့ တနင်္ဂနွေဟာ ခပ်စိမ်းစိမ်းဖြစ်ခဲ့
တနင်္ဂနွေဟာ သူတို့နဲ့ရင်းနှီးခွင့်ပေးခဲ့
သူတို့ရဲ့ ချစ်ခင်မှုကို တနင်္ဂနွေဟာ ဘယ်တော့မှ မရနိုင်တော့ဘူး
ဘာကြောင့်လဲဆိုတော့ . . .
တနင်္ဂနွေဟာ စရိုက်နှစ်မျိုးနဲ့ ဖြစ်နေလို့ပေါ့။ ။

အောင်မျိုးသက်

Asian Fame Media Group
MEDIA GROUP



Asian Family Media Group



Asian Fame Media Group




Asian Fame Media Group
af MEDIA GROUP

မမရတီ . . အခုခေတ်စားနေတဲ့ Spa ဆိုတာ အမျိုးသမီးတွေ သွားသင့်သလားဟင်။ အိမ်ကညီမတွေတော့ သွားသွားနေကြတယ်။ ကျွန်မကတော့ အနေနိုးတယ်ပဲပြောရမလား မသွားဖြစ်ပါဘူးရှင်။ ဒါပေမဲ့ မျက်စိ ရှေ့မှာပဲ သူတို့လှလှလာကြတာ မြင်ရတော့ ကျွန်မလည်း သွားချင်သား။ ကျွန်မက စာပေသမားဆိုတော့ အားလပ်ချိန်ဆို စာအုပ်ဖတ်တာနဲ့ အချိန်ကုန်နေတာ မမရတီရဲ့၊ သွားသင့်တယ်ဆိုလည်း သွားရရင် ကောင်းမလားလို့လေ။

*ခင်ဦးမေ ( လှည်းတန်း)*

**Spa ဆိုတာကိုက ခန္ဓာကိုယ်ထဲကို ရေဓာတ်ဖြည့်ပေးခြင်းလို့ အဓိပ္ပာယ်ဖွင့်နိုင်တာမို့ ကိုယ်ရောစိတ်ပါ သန့်စင်သွားတဲ့နေရာဖြစ်တဲ့အတွက် သွားသင့်တဲ့နေရာလို့ပဲ ပြောချင်ပါတယ် ခင်ဦးမေရေ။ တစ်နည်းအားဖြင့် ငွေအားသုံးပြီး ဇိမ်ခံခြင်း အနားယူခြင်း တစ်မျိုးလို့လည်း ဆိုနိုင်သပေါ့။ Spa မှာလည်း Body Spa ၊ Facial Spa ၊ Nail Spa ၊ Foot Spa ဆိုပြီး အမျိုးမျိုးလည်း ကွဲသေးတာလေ။ များသော အားဖြင့် အဆင့်မြင့်မြင့်ဆိုင်တွေက တီးလုံး သံစဉ်လေးတွေ ဖွင့်ပြီး ခန္ဓာကိုယ်အတွက် လိုအပ် တဲ့ အဆီဓာတ်တွေနဲ့ နှိပ်နယ်ပြီး မွှေးညှင်း ပေါက်တွေကိုဖွင့်ပေး အကြောတွေကို ဖြေလျှော့ပေး၊ ညစ်နွမ်းနေတဲ့ အသားအရေတွေကို ဝင်းပါ အောင်လုပ်ပေးတာ ဆိုတော့ မကောင်းတာဘာရှိ မလဲနော်။ Spa တစ်ခါသွားပြီးလို့ နောက်တစ်ခါ မသွားချင်ဘူး ဆိုလည်း ဘာဆိုးကျိုးမှမရှိဘူးလေ။ တစ်ခါသွားပြီး စိတ်တိုင်းကျ ကောင်းကျိုးတွေ ခံစားပြီး ဆက်ဆက်သွားချင်နေရင်သာ ကောင်းသထက်ကောင်းဖို့ပဲရှိတာမို့ သွားနိုင်တယ် အချိန်ပေးနိုင်တယ် စိတ်ရှိတယ်ဆိုလို့ကတော့ သွားဖို့တိုက်တွန်းပါတယ်။**



မမရတီ . . . သမီးက အခု ၁၆ နှစ်ကျောင်းသူပါ။ ကျောင်းစာတွေပိုင်သလို ပြင်ပစာတွေလည်း သမီးအချိန်ရ သလောက် ဖတ်ပါတယ်။ ရတီ မဂ္ဂဇင်းက သမီးကြိုက်တဲ့ မဂ္ဂဇင်းတစ်စောင်ပါ။ ဖက်ရှင်တွေလှသလို စာတွေလည်း ဖတ်လို့ကောင်းတယ်၊ အမှန်အတိုင်းပြောရရင်တော့ ဖက်ရှင်ကဏ္ဍတွေအစား စာတွေကို ပိုဖတ်ချင်တာပါ။ မမရတီက အမေး အဖြေကဏ္ဍမှာ အသက်အရွယ်ပေါင်းစုံ နှစ်သက်အောင် ဖန်တီးနေပါတယ်လို့ ခဏခဏပြောလို့ ဘာတွေဖတ်ချင်တယ် ဆိုတာ မပူဆာတော့ပါဘူး။ ဒါပေမဲ့ မမရတီရယ် တကယ်တမ်း လူတစ်ယောက် အတွေးအခေါ် အယူအဆဟာ အသက်နဲ့မဆိုင်ပါဘူး။ ပါကစ္စတန်က မာလာလာလို ဆယ့်လေးနှစ် သမီးလေးမှာလည်း အသက်နဲ့ မလိုက်တဲ့ အကျင့်အကြံ၊ အတွေးအခေါ်

# အမေး၊အဖြေ မမရတီ

အချစ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာရေး




Asian Fame Media Group




တွေရှိနေတာပဲ။ မမရတီတို့ ကိုယ်ယုံကြည်ရာလမ်းကို ဆက်လျှောက်ဖို့ အားပေးပါတယ်။

*သင်းမြတ်မြတ်အေး*
*(ဒုတိယနှစ် ဓာတုဗေဒ)*

**ရတီကို အားပေးတဲ့ သင်းမြတ်ကို ကျေးဇူးအများကြီး တင်ပါတယ်။ မာလာလာလို ကလေးမျိုးကတော့ ရှားမှရှား ဒီးကျူးဖို့ ကောင်းပါတယ်ကွယ်။ 'ကျွန်မ မလုပ်ရင် ဘယ်သူလုပ်မှာလဲ၊ မိန်းကလေးတွေ ကြောက်ရွံ့စိတ် တိုက်ထုတ်ကြ၊ အိမ်ခန်းထဲမှာပဲ ထိုင်မနေနဲ့' ဆိုတဲ့ သူ့ရဲ့ ရဲရင့်တောက် စကားကတော့ အသက် ဆယ့်လေးနှစ်ဆိုတဲ့ အရွယ်နဲ့တောင် မမျှတာမို့ မမရတီတို့လည်း သူ့အကြောင်းတွေးတိုင်း အာဂ ကလေးမအဖြစ် ခံစားမိပါတယ်။ မမရတီတို့ နိုင်ငံမှာသူလို ဆယ်ကျော်သက်လေးတွေချည်း ပြည့်နေမယ်ဆိုရင် မမရတီတို့လည်း သင်းမြတ်အားပေးသလို တစ်လမ်းတည်းပဲ သွားပါ့မယ်။ ဒါပေမဲ့ အခုအချိန်ထိတော့ အားပေးသူ ပရိသတ်က အနေအထားမျိုးစုံ အတွေးအခေါ် မျိုးစုံမို့ မမရတီကို မပူဆာလက်စနဲ့ဆက်ပြီး မပူဆာပါနဲ့ဦးနော်။**

ရတီဝိုင်းတော်သားတွေ ထာဝရပျော်ရွှင်နိုင်ပါစေရှင်။ ဒါဒါ တစ်ခုတောင်းဆိုချင်လို့ပါ။ ကျွန်မ ချစ်ခင်လေးစားရတဲ့ မကြည်ဖြူသျှင်ကို ရတီက အင်တာဗျူးပေးလို့ ရမလားဟင်။ သူက မိန်းမဆိုပေမယ့် ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းလုပ်နိုင် ကိုင်နိုင်တာကို လေးစားလို့ပါ။ တကယ်လို့ မဖြစ်နိုင်ဘူးဆိုရင်တောင် မသျှင်ရဲ့ ဖုန်း၊ လိပ်စာ လေးတွေပေးလို့ ရမလားဟင်။ မသျှင်ရဲ့ ရာဇဝင်ကားတွေကိုလည်း ကြည့်ချင်ပါသေးတယ်လို့ ပြောပေးပါဦးနော်။ ပြီးတော့ ကိုခန့်ကိုလည်း ပြောပေးပါဦး။ ကိုခန့်တစ်ယောက် ဒီဝါကျွတ်မှာ မကျွတ်သေး ဘူးလားလို့။



*ဒါဒါ*
*(ရွှေကျင်သူ)*

**ဒါရိုက်တာ ကြည်ဖြူသျှင်က ရတီမှာ အင်တာဗျူး ပါပြီးသာပါ ဒါဒါရေ။ မကြည်ဖြူသျှင်ကို ဆက်သွယ်ချင်တယ် ဆိုရင်တော့ ၃၅ လမ်း အလယ် (ဘလောက်) မဟာထွန်းထုတ်လုပ်ရေး တိုက်ကို ဆက်သွယ်ရင်ရပါတယ်ကွယ်။ မကြည်ဖြူသျှင် တစ်ယောက်လည်း လူမှုရေး နိုင်ငံရေးတွေနဲ့ အလုပ်ရှုပ်နေတော့ ရာဇဝင်ကားတွေဘက် မလှည့်နိုင်သေးဘူး ထင်ပါတယ်။ တွေ့ရင်တော့ ပြောလိုက်ပါ့မယ်နော်။**


မမရတီရေ. . . ကျွန်မသမီးလေးက မူလတန်းအရွယ်ပါ။ သူတို့အတန်း မှာ အင်္ဂလိပ်စာ သင်တဲ့ ဆရာမက တော်တော် မှားမှားယွင်းယွင်းတွေ သင်တယ်ရှင်။ မိဘတွေချင်း စကားပြောကြည့်တော့လည်း သူတို့လည်း သူတို့ သားသမီးတွေမှာ ဒီလိုပြဿနာမျိုးတွေ ကြုံတယ် ကြားရတယ်။ မှားနေမှန်း သိပေမယ့်လည်း ဆရာမကိုလည်း မျက်နှာမပျက်စေချင်၊ ကလေးက ဆရာမကို သွားထောက်ပြနေရင်လည်း ကလေးအပေါ် ဆရာမ ငြိုငြင်သွားရင်လည်း မကောင်းဘူးလေ။ ဒါတွေနဲ့ပဲ 'အမှန်ကတော့ ဒီလိုရှိတယ် သမီးရယ်၊ ဒါပေမဲ့ ဆရာမက ဒီလိုသင်ထားတယ်၊ ဒီလိုပဲ ဖြေစေချင်တယ်ဆိုလဲ သူ့ အကြိုက်ပဲ လိုက်ဖြေပေးလိုက်ပါ၊ ဘာမှ သွားပြောမနေနဲ့တော့၊ ဒါပေမဲ့ သမီးခေါင်းထဲမှာ ဒါကို လုံးဝမှတ်မထားနဲ့နော်၊ အဲ့ဒါက လုံးဝမှားနေတယ်' လို့ပဲ ပြောဖြစ်တော့တယ်။ စိတ်ကမချမ်းသာဘူးရှင်။ ဒီလို ပညာရေးစနစ် သင်ကြားမှုတွေနဲ့သာ ဆက်သွားနေမယ်ဆိုရင် ဘယ်လိုလုပ်မလဲနော်၊ မမရတီတို့ မီဒီယာတွေဘက်က ဒီလိုပြုပြင် ပြောင်းလဲသင့် တာလေးတွေကို သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ် တဲ့ပဲဖြစ်ဖြစ် နှိုးဆော် သတိပေးကြပါလား။

*ဒေါ်မြတ်မြတ်ဦး(ဒဂုံ)*



**စိတ်ပူနေတဲ့ မေမေရေ၊ နောက်ပိုင်းမှာတော့ ကျွန်မတို့ မြန်မာနိုင်ငံ ပညာရေး စနစ်တွေ ပြုပြင်ပြောင်းလဲ တိုးတက် ကောင်းမွန်လာမယ်လို့ မျှော်လင့်မိပါတယ်။ ဘာလို့လဲဆိုတော့ သမ္မတကြီးရော ဒေါ်အောင်ဆန်းစုကြည်ပါ နိုင်ငံတကာမှာကို ပညာရေးနဲ့ပတ်သက်ပြီး အလေးထား ပြောနေ ကြတာဆိုတော့ အနှေးနဲ့ အမြန်တော့ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာမှာပါ။ မမရတီက တော့ ဆင်ပွားတကြားတဲ့ သတင်း တစ်ပုဒ်ကို သိပ်သဘောကျတာပဲ။ တရုတ်နိုင်ငံမှာ ပညာရေးကော်မရှင်က ထုတ်ပြန်လိုက်တာတဲ့ လေ။ မူလတန်း၊ အလယ်တန်း ဆရာ၊ ဆရာမတွေ ဆရာ၊ ဆရာမဖြစ်ပြီဆိုပြီး ကျောင်းဆရာ တစ်သက်လုံးလုပ်နေရမယ်ဆိုတဲ့ မူဝါဒကို လက်မခံတော့ဘူး။ ဆရာ၊ ဆရာမတွေဟာ ငါးနှစ်တစ်ကြိမ် အရည်အချင်းစစ် စာမေးပွဲတွေကို ဖြေရမယ်၊ စစ်ဆေး**

Asian Femme Media Group



မယ့် ဘာသာတွေက တကယ့်အပျံစားတွေနော်။ ဘာတွေလဲဆိုတော့ ဆရာ့အလုပ်တွေ ကျင့်ဝတ်နီတိတွေ၊ သင်ကြားမှု စွမ်းရည်တွေ၊ ကလေးစိတ်ပညာတွေ ၊ ကိုယ်သင်ရမယ့် ဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်မှုတွေ ဒါတွေ ဖြေရမှာတဲ့လေ။ ဒီလိုဖြေလို့မှ မအောင်ဘူး ဆိုရင်တော့ ဆရာဆရာမ အလုပ်ကို တာ့တာပြ နှုတ်ထွက်ရမယ်လို့ စီစဉ်ထားသတဲ့။ ကောင်းလိုက်တာနော်။ ကျွန်မတို့ဆီမှာလည်း ဒါမျိုးဖြစ်မလာဘူးလို့ ဘယ်သူပြောနိုင်မလဲ မမြတ်မြတ်ဦးရယ်။

မမရတီ. . ကျွန်တော်က ရတီကို လစဉ်ဖတ်နေတဲ့ ပရိတ်သတ်ပါ။ ရတီရဲ့ တာဝန်ရှိသူတွေကို ပြောပေးပါဗျာ။ ရတီမဂ္ဂဇင်း အင်တာဗျူးတွေ ဆောင်းပါးတွေမှာ မြန်မာလူမျိုးစစ်စစ်တွေကိုသာ အင်တာဗျူးလုပ်ပါလို့။ မြန်မာလူမျိုးစစ်စစ်တွေထဲမှာ အဆိုပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်တွေ အများကြီးပါ။ ကျွန်တော်တို့က ဖတ်ရတဲ့ စာမျက်နှာထဲက အကျိုးရှိမယ့် စာသားတွေကို အဓိပ္ပာယ်ရှိရှိပဲ ဖတ်ချင်လို့ပါ။ စေတနာကောင်းနဲ့ ဝေဖန် အကြံပြုတာကို လက်ခံပေးပါခင်ဗျာ။



*လေးမြတ်စွာဖြင့်*
*စာဖတ်သူတစ်ဦး တောင်ကြီးမြို့*

တောင်ကြီးမြို့က ရတီရဲ့ လစဉ်ပရိသတ်ကို မမရတီကလည်း လေးမြတ်စွာ ပြန်ကြားလိုက်ပါတယ်ရှင်။ စာထဲမှာ ဘယ်လထုတ်၊ ဘယ်သူ့ကို အင်တာဗျူး၊ ဘယ်လိုစာသားကအစ တိတိကျကျ ပြောပေးတာကိုကြည့်ပြီး ရတီကို အမှန်တကယ် ဖတ်တဲ့ သူဆိုတာ နားလည်ပါတယ်။ တချို့စာသားတွေက ရတီတာဝန်ရှိသူတွေသာ ဖတ်သင့်ပြီး စာမျက်နှာထက် ဖော်ပြဖို့မသင့်တာမို့ ဖြတ်တောက်လိုက်ရတာကို နားလည်ပေးပါလို့ ပြောချင်ပါတယ်။ မမရတီ ခဏခဏပြောနေကြ စကားတစ်ခွန်း ရှိပါတယ်။ မဂ္ဂဇင်းကို ဖတ်ရှုသူအားလုံး အချိုု၊ အချဉ်၊ အစပ်၊ အငံ အရသာစုံအောင် ဖန်တီးရပါတယ်လို့ ပြောဖူးပါတယ်ရှင်။ ဒါကြောင့် စာဖတ်သူ ကိုတောင်ကြီးသားအနေနဲ့ ဒီအရသာလေးက စပ်သွားမယ်ဆိုရင်ဖြင့် နောက်ထပ် စာမျက်နှာတွေထက်က အချို၊ အချဉ်လေးတွေကို မြည်းစမ်းအရသာတွေ့နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ဒီဇင်ဘာလထုတ် ရတီဟာတော့ ကိုတောင်ကြီးသားအကြိုက် ချိုချဉ်စပ် အရသာစုံတွေ့ခဲ့လိမ့်မယ်လို့ ယုံကြည်ပါရဲ့ရှင်။

မမရတီ. . . သီချင်းတစ်ပုဒ်က နှိုင့်သွားကြည့်တယ်။ ပိုက်ဆံကုန် တိုးဝှေ့အပင်ပန်းခံပြီး ကြည့်တာဟာ အဆိုတော်တွေကို ချစ်လွန်း လို့ပါ။ သူတို့ကိုမချစ်ရင် အခွေပဲ ဝယ်ကြည့်မှာ ပေါ့။ အဲ့ဒါ သီးချစ်တဲ့ နာမည်လေးလုံးနဲ့ အဆိုတော်မလေးက သီဓိက သီချင်းဘေးက သူဖြတ်သွားလို့ လက်ကလေး ဆွဲပြီး နှုတ်ဆက် တာကို ဘုကြည့်ပြန်ကြည့်တယ်။ တစ်ချက် ကလေးပြုံးပြဖော် မရဘူး။ သီချင်းအရမ်းအောက် သွားတာပဲ။ တကယ်ဆို စတိတ်ရှိုးကိုလာတဲ့ ပရိသတ်တွေဆိုတာ သူနားလည်သင့်တယ်။ ဒါပေမဲ့ တီဗီလိုင်းတစ်လိုင်းက အင်တာဗျူးတော့ မျက်နှာတစ်ခုလုံး ပြုံးရွှင်ပြီး အဖျူးခံနေလိုက်တာ။ သီး သူ့ကို သိပ်မုန်းသွားတာပဲ မမရတီ နာမည်ပြောပြမယ် သူ့နာမည်က. . . . ။ ရတီမှာ သူ့အကြောင်းတွေ မထည့်နဲ့နော်။

*ခင်ထိပ်ထားအောင်*

ထိပ်ထား စိတ်ထားတွေပြောင်းပြီး အချစ်တော်မဝင် အပြစ်တော်တင်နေပြီပေါ့လေ။ အနုပညာရှင်ဆိုတာလည်း လူထဲကလူပဲထိပ်ထားရယ်။ သူလည်း စိတ်လက်ကြည်သာချိန် မကြည်သာချိန် ဒီလိုပဲရှိမှာပေါ့။ နောက်ပြီး ထိပ်ထားက ချစ်တဲ့ဇောနဲ့ လက်ကိုလှမ်းဆွဲ လိုက်ပေမယ့် သူ့အာရုံနဲ့သူ ရှိနေတဲ့ အဆိုတော်က လန့်သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်လေ။ ကဲ မမရတီပြောသလို စိတ်ကိုဖြေတွေးလိုက်တော့ ထိပ်ထားစိတ်ချမ်းသာ မသွားဘူးလား။ မှတ်ထား ထိပ်ထားရဲ့၊ ပိုက်ဆံချမ်းသာချင်တဲ့သူက ပိုက်ဆံ များများစု၊ စိတ်ချမ်းသာချင်တဲ့သူက စိတ် အတွေးကောင်းတွေ များများစု။ ကိုယ်ချစ်တဲ့ အဆိုတော်ကို ဒါလေးကြောင့်တော့ မုန်းပါနဲ့ ကွယ်နော်။

မမရတီ



# Hottest Latest

Model : Nan Khin Zayyar/ Make-up : Soe Soe/ Dress & Accessories : MANGO
Shoe : Charles & Keith/ Location : Eros (Health & Beauty Spa)/ Photo : Ko Naing (Popular)
Arranged by Thida Soe

Asian Fame Media Group



## Hottest Latest

Model : Nan Khin Zayyar/ Make-up : Soe Soe/ Dress & Accessories : MANGO
Bag & Shoe : Charles & Keith/ Location : Eros (Health & Beauty Spa)/ Photo : Ko Naing (Popular)

Asian Fame Media Group



# Hottest Latest

Model : Nan Khin Zayyar/ Make-up : Soe Soe/ Dress & Accessories : MANGO/ Bag & Shoe : Charles & Keith/ Location : Eros (Health & Beauty Spa)/ Photo : [illegible]ing (Popular)

Asian Fame Media Group
MEDIA GROUP



# မြန်မာ့မူမြန်မာ့ဟန်

**သီတာစိုး**

ဇန်နဝါရီလ ၄ ရက် "လွတ်လပ်ရေးနေ့" ဟာ ကျွန်မတို့မြန်မာတစ်မျိုးသားလုံးအတွက် မမေ့နိုင်စရာ နေ့တစ်နေ့ပါ။ သူ့ကျွန်အဖြစ်က လွတ်ခဲ့လို့ "လွတ်လပ်ရေးနေ့" လို့ သတ်မှတ်ခဲ့ကြတယ်။ လွတ်လပ်ရေးရဖို့အတွက် ကျွန်မတို့ရဲ့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် သူ့ရဲကောင်းတွေ၊ သွေးပေါင်းများစွာ၊ အသက် ပေါင်းများစွာ စတေးခဲ့ရတယ်ဆိုတာ ကျွန်မတို့ အားလုံးရဲ့ရင်ထဲမှာ စွဲမှတ်ထင်ထင် ရှိခဲ့ပြီးသားပါ။ ထို့အတူပဲ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ "လွတ်လပ်ရေးဆိုတာ စည်းမဲ့ကမ်းမဲ့ သဘောမျိုး မဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုး ဖြစ်တယ်၊ လွတ်လပ်ရေးရတဲ့အခါ တိုင်းပြည်မှာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်" ဆိုတဲ့စကားဟာလည်း အင်မတန်မှတ်သားစရာ ကောင်းလှပါတယ်၊ ဗိုလ်ချုပ်ပြောသလိုပဲ ကျွန်မတို့လူငယ်တွေဟာ ဝတ်တာ၊ စားတာ၊ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ အားလုံးမြန်မာဆိုတဲ့စိတ်နဲ့ စည်းကမ်းတကျ ရှိဖို့ သိပ်ကိုလိုအပ်ပါလားလို့ စဉ်းစားမိတဲ့ အခါမှာတော့ ရတီစာမျက်နှာထက်က တစ်ဆင့် မြန်မာ့မူမြန်မာ့ဟန်ကဏ္ဍလေး တင်ဆက်ဖို့ ဖြစ်ခဲ့ရပါတယ်ရှင်။

မော်ဒယ် - ရည်သူအောင်၊နှင်းထက်ထက်ဝေ၊ ဖိတ်ကပ် - သားသား (KSW)၊ ဓာတ်ပုံ - @ သော်နီ



# မြန်မာ့မှုမြန်မာ့ဟန်

မော်ဒယ် - ရည်သူအောင်၊ နှင်းထက်ထက်ဝေ
မိတ်ကပ် - သားသား (KSW)
ဓာတ်ပုံ - @ ဘောက်နီ

Asian Fame Media Group



# မြန်မာ့မှုမြန်မာ့ဟန်

မော်ဒယ် - စည်သူမောင်၊ နှင်းထက်ထက်ဝေ
မိတ်ကပ် - သားသား (KSW)
ဓာတ်ပုံ - @ ဘောဂ်နီ

Asian Fame Media Group



# မြန်မာ့မူမြန်မာ့ဟန်

မော်ဒယ် – စည်သူမောင်၊ နှင်းထက်ထက်ဝေ
မိတ်ကပ် – သားသား (KSW)
ဓာတ်ပုံ – @ ဘော်နီ



# မြန်မာ့မှု မြန်မာ့ဟန်

ဖော်ဒယ် - စည်သူအောင်၊ နှင်းထက်ထက်ဝေ
ဗိတ်ကာဝ် - သားသား (KSW)
ဓာတ်ပုံ - @ သော်နီ



ထိန်းသိမ်းဆန်းသစ်

# မြန်မာ့အလှစစ်

| | | |
|---|---|---|
| မော်ဒယ် | - | ပုလဲဝင်း |
| မိတ်ကပ်၊ ဆံပင် | - | ပန်ပန်(Tokyo-Japan) |
| ဒီဇိုင်နာ | - | မငွေငွေထင်(Shi Mi Zu) |
| ဓာတ်ပုံ | - | ကိုနိုင်(ပေါ်ပြူလာ) |
| တင်ဆက်သူ | - | သီတာစိုး |

Asian Fame Media Group



ထိန်းသိမ်းဆန်းသစ်

# မြန်မာ့အလှစစ်

မော်ဒယ် - ပုလဲဝင်း
မိတ်ကပ်၊ ဆံပင် - ပန်ပန်(Tokyo-Japan)
ဒီဇိုင်နာ - မင်းဇော်ထွန်း(Shi Mi Zu)
ဓာတ်ပုံ - ကိုနိုင်(ပေါ်ပြူလာ)
တင်ဆက်သူ - သီတာစိုး

Asian Fame Media Group



## ထိန်းသိမ်းဆန်းသစ်

# မြန်မာ့အလှစစ်

ဓမ်ဒယ် - ပုလဲဝင်း
မိတ်ကပ်၊ ဆံပင် - ပန်ပန်(Tokyo-Japan)
ဒီဇိုင်နာ - မဒွေးဒွေးတင်(Shi Mi Zu)
ဓာတ်ပုံ - ကိုနိုင်(ပေါ်ပြူလာ)
တင်ဆက်သူ - သီတာစိုး

Asian Fame Media Group




Asian Fame Media Group
MEDIA GROUP



# ၁၉၆၀ ပြည့်လွန်နှစ်များရဲ့ စံပြအမျိုးသမီးမွန်ရိုး

စိုးညွန့်ဇော်

မယ်ရီလင်မွန်ရိုး (Marilyn Monroe)

နာမည်ရင်း 'နော်မာဂျင်းမော်တင်ဆန်' ဖြစ်သူ မယ်ရီလင်မွန်ရိုးဟာ ၅. ၈. ၁၉၂၆ နေ့က လော့(စ်)အိန်ဂျလိ(စ်)မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်မှာ မွေးဖွားခဲ့ပါတယ်။ သူ့မမိခင်က မုဆိုးမဖြစ်ပြီး RKO ရုပ်ရှင်ကုမ္ပဏီမှာ ဖလင်တည်းဖြတ်တဲ့ အလုပ်လုပ်ပါတယ်။ ၎င်းမှာ စိတ်ရောဂါရှိပြီး မွန်ရိုးကိုစွန့်ပစ်သွားလို့ မွေးစားမိဘတွေလက်ထဲမှာ သူမ ကြီးပြင်းခဲ့ရပါတယ်။

မွန်ရိုးဟာ အသက် ၆ နှစ်အရွယ်က အဓမ္မပြုကျင့်ခံရခြင်းမှ သီသီလေး လွတ်မြောက်ခဲ့ပြီး ၉ နှစ်အရွယ်မှာ လော့(စ်)အိန်ဂျလိ(စ်)မြို့၊ မိဘမဲ့ကလေးဂေဟာရဲ့ မီးဖိုချောင်မှာ အလုပ်လုပ်ရပါတယ်။ သူမ ၁၆ နှစ်အရွယ်ကျတော့ လေယာဉ်ထုတ်လုပ်တဲ့စက်ရုံမှာ အလုပ်ရပြီး သူမက 'ဒယ်ဗီ' လို့ခေါ်တဲ့ လူတစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ ခင်ပွန်းဖြစ်သူ စစ်မှုသွားထမ်းတော့ သူမက မော်ဒယ်လုပ်တယ်။ ၁၉၄၆ ခုနှစ်မှာ ၎င်းတို့ ကွာရှင်းကြတယ်။ မွန်ရိုးဟာ ဟောလိဝုဒ်ရှိ သရုပ်ဆောင်သင်တန်းတစ်ခု သွား တက်ပြီး UCLA တက္ကသိုလ်မှာ စာပေပညာဆည်းပူးတယ်။ ၂၀ ရာစု ဖောက်(စ်) ရုပ်ရှင်ကုမ္ပဏီက သူမကို သရုပ်ဆောင်လုပ်ခိုင်းဖို့ စာချုပ်ချုပ်ပေမယ့် တကယ်ရုပ်ရှင်မရိုက်ဖြစ်ခဲ့ဘူး။

၁၉၄၈ ခုနှစ်မှာ ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီက သူမနဲ့ ၆ လသက်တမ်း စာချုပ်ချုပ်ပြီး သရုပ်ဆောင်နည်းပြ နာတာရှာလိုင်းတက်(စ်) လက်ထဲအပ်နှံကာ ဒုတိယတန်းစားဇာတ်ကား Ladies of the Chorus မှာ သရုပ်ဆောင်ခွင့် ရခဲ့ပါတယ်။ Asphalt Jungle (၁၉၅၀)ဇာတ်ကားထဲက မွန်ရိုးကို ဒါရိုက်တာဂျိုးဆက်မန်ကီဝစ်(ဇ်)က သဘောကျလို့ All About Eve (၁၉၅၀) ဇာတ်ကားအတွက် ခေါ်သုံးခဲ့ပါတယ်။ ဖောက်(စ်)ကုမ္ပဏီကြီးက သက်တမ်းခုနစ်နှစ်ရှိတဲ့ စာချုပ်သစ် သူမနဲ့ ပြန်ချုပ်ဆိုခဲ့တယ်။

Niagra (၁၉၅၃) နဲ့ Gentlemen Prefer Blondes (၁၉၅၃) ဇာတ်ကားတွေကြောင့် သူမဟာ ညို့မင်းသမီးတစ်လက်ဖြစ်လာတယ်။ ၁၉၅၅ ခုနှစ်က သူမ ပါဝင်တဲ့ဇာတ်ကား The Seven Year Itch ရုံတင်ခဲ့ပြီးနောက် နာမည်ကျော် ဘေ့(စ်)ဘောအားကစားသမား (တစ်ခုလပ်) ဂျိုးဒီ မက်ဂျီယိုနဲ့ အိမ်ထောင်ကျပါတယ်။ မွန်ရိုးဟာ သူမရဲ့'ညို့မင်းသမီး'အသွင်ကို ဖျောက်ချင်လို့ နယူးယောက်မြို့ကို သွားပြီး နာမည်ကျော် Actors Studio မှာ သရုပ်ဆောင်သင်တန်း တက်ခဲ့တယ်။ သူမဆရာက အဲဒီသင်တန်း တည်ထောင်သူ လီစထရာ့စဘာ့(ဂ်)ပါ။ သူမဟာ စိတ်စီစစ်မှုကုထုံးလည်း ခံယူတယ်။ ၁၉၅၆ ခုနှစ်က Bus Stop ဇာတ်ကားမှာ သူမ စရိုက်ပြောင်းပြီး သရုပ်ဆောင်တယ်။ ပြဇာတ်ဆရာကြီး အာသာမီးလားနဲ့ သူမလက်ထပ်လို့ စာနယ်ဇင်းတွေ မှင်တက်မိကုန်တယ်။ ၎င်းတို့နှစ်ဦးဟာ ၁၉၅၇ ခုနှစ်မှာ အင်္ဂလန်နိုင်ငံသွားပြီး The Prince and The Showgirl ဇာတ်ကားကို မင်းသားလောရင့် အိုလီဗီယားနဲ့ တွဲဖက်ရိုက်ကူးပါတယ်။ အဲဒီ ဇာတ်ကား ရိုက်ကူးတဲ့ ကာလအတွင်း လောရင့်နဲ့ သူမရန်ဖြစ်ပြီး အရက်နဲ့ စိတ်ငြိမ်ဆေးတွေကို ပိုစွဲလာတယ်။ မွန်ရိုးဟာ ကိုယ်ဝန်နှစ်ခါပျက်ကျပြီး မီးယပ်သားဖွားဆိုင်ရာခွဲစိတ်ကုသမှု ဆက်လက်ခံယူရတယ်။

ပြင်သစ်ရုပ်ရှင်မင်းသား 'အီ(ဗ်)မွန်တန်း'(Yves Montand) နဲ့ လည်း သူမ ငြိစွန်းသေးတယ်။ သူမနဲ့ ကွဲသွားတဲ့ အာသာမီးလား ရေးခဲ့တဲ့ ဇာတ်ညွှန်း The Misfits ကို ရိုက်ကူးစဉ် သူမ ခြေကုန်လက်ပန်းကျလို့ မကြာခဏ ရှုတင်ဖျက်ရတယ်။ ၁၉၆၂ ခုနှစ်မှာ Something Got To Give ဇာတ်ကားရိုက်ကူးတော့ ရိုက်ကွင်းသို့ သူမ နောက်ကျရောက်ခြင်းနဲ့ မူးယစ်ဆေးစွဲခြင်းတို့ကြောင့် အဲဒီဇာတ်ကားမှ ထုတ်ပယ်ခံရတယ်။

၄. ၈. ၆၂ နေ့မှာ ဖုန်းဆက်ခြိမ်းခြောက်မှုတွေ သူမ လက်ခံရရှိ တယ်။ နောက်နေ့ကျတော့ သူမဆရာဝန် ဒေါက်တာရာ့(ဖ်)ဂရင်းဆန်က သူမအိမ်ကို ရောက်လာတယ်။ မွန်ရိုးရဲ့ပြန်ကြားရေးအရာရှိ ပက်နယူး ကွမ့်(ဘ်)ဟာ သူမအိမ်မှာ တစ်ညအိပ်ပြီး နောက်နေ့ညနေခင်းကျတော့ ပြန်သွားတယ်။ ဒေါက်တာဂရင်းဆန်က မွန်ရိုးနဲ့ ညစာလိုက်စားတယ်။ မွန်ရိုးနဲ့ ဂရင်းဆန်တို့ လမ်းခွဲပြီးနောက် ည ၇ း ၃၀ နာရီမှာ ဂရင်းဆန်ဆီ သူမက ဖုန်းဆက်တယ်။ သူမ ဒုတိယခင်ပွန်းရဲ့သားက ဖုန်းဆက်ကြောင်း ပြောပြတယ်၊ ရုပ်ရှင်မင်းသား ပီတာလောဖို့(ဒ်)က သူမကို ညစာစားဖို့ဖိတ်ပေမယ့် သူမက ငြင်းတယ်။ မွန်ရိုးက အာလေးလျှာလေးနဲ့ စကားပြောကြောင်း လောဖို့(ဒ်)က နောက်တော့ ဖွင့်ပြောတယ်။ ညဉ့်နက်လာတော့ သူမဆီ တခြားသူတွေက လည်း ဖုန်းဆက်ကြတယ်၊ ဟိုဆေးဘဲလားနီး(စ်)က သူမအခြေအနေ ကောင်းမယ်လို့ မိမိထင်ခဲ့ကြောင်း ပြောပြတယ်။ အဲဒီည ၉ း၃၀ နဲ့ ၁၁း၃၀ နာရီကြားမှာ သူမသေဆုံးကြောင်း သုဘရာဇာတွေက ပြောပါတယ်။

သူမရဲ့အိမ်ဖော်က သူမကို ခေါ်မရလို့ ညသန်းခေါင်ကျော်ခါစမှာ ရဲတွေကို ဖုန်းဆက်ခေါ်တယ်။ အဲဒီအိမ်ဖော်ခေါ်လိုက်လို့ ဒေါက်တာ ဂရင်းဆန်ရောက်လာပေမယ့် အိပ်ခန်းတံခါးဖျက် ဝင်မရတာကြောင့် ဘေးပြတင်းပေါက်ကို ဖျက်ပြီး ဝင်တဲ့အခါ အိပ်ရာပေါ်မှာ မွန်ရိုးရဲ့အလောင်းကို တွေ့ရတယ်။ မွန်ရိုးဟာ အိပ်ဆေးအလွန်အကျွံ သောက်သုံးမှုကြောင့် သေဆုံးတယ်လို့ သေမှုသေခင်း စစ်ဆေးရေးအရာရှိက အစီရင်ခံပေမယ့် သူမ အဆုံးစီရင်သွားတာ ဖြစ်နိုင်တယ်လို့လည်း တချို့က ယူဆကြပါတယ်။

ဘာပဲဖြစ်ဖြစ် ၁၉၆၀ ပြည့်လွန်နှစ်များမှာတော့ ဒီအမျိုးသမီးဟာ ပြည်သူတွေ ပါးစပ်ဖျား ရေပန်းစားခဲ့သူ အကျော်အမော်တစ်ဦးဆိုတာတော့ ငြင်းမရပါဘူး၊ မွန်ရိုးစတိုင်လ်ဆိုတာ အမျိုးသမီးတိုင်း လိုက်လံတုပခဲ့ကြရတာပါ။ အဲဒီခေတ်က နာမည်ကျော် အမျိုးသမီးတစ်ယောက်ရဲ့ အကြောင်းကို ပြန်လည်တွေးကြည့်မိတဲ့အခါ သူ့စတိုင်လ် သူ့ဟန်ပန်လေးတွေကိုလည်း ရတီစာမျက်နှာထက် တုပလို့ တင်ပြကြည့်ချင်စိတ်ပေါ်လာခဲ့ပါတော့တယ်။

စိုးညွန့်ဇော်



# FLASH BACK FASHION

**model**: moe myint thazin/ **make-up** : december hnin
**designer** : may myat warso (happy heart)/ **photo** : ko naing (popular)
**arranged by** phyoe su po po

MEDIA GROUP
Asia Fame Media Group


Asian Fame Media Group
MEDIA GROUP

# FLASH BACK FASHION

**model:** moe myint thazin/ **make-up :** december hnin
**designer :** may myat warso(happy heart)/ **photo :** ko naing (popular)



# FLASH BACK FASHION

**model:** moe myint thazin **/make-up :** december hnin
**designer :** may myat warso(happy heart)
**photo :** ko naing (popular)



# FLASH BACK FASHION

**model:** moe myint thazin/ **make-up :** december hnin
**designer :** may myat warso (happy heart)/ **photo :** ko naing (popular)

MEDIA GROUP
Asian Fame Media Group



Asian Fame Media Group

MODEL : MAY TOE KHINE/ MAKE-UP : LIN LIN (MAKE-UP ARTIST)/ DESIGNER: MA THAE (VIVID)/ PHOTO : LIN TUN (LEOPARD)/ ARRANGED BY PHYOE SU PO PO


Asian Fame Media Group
MEDIA GROUP




Asian Fame Media Group
af MEDIA GROUP

*ဇန်နဝါရီလဆိုတာ နှစ်တစ်နှစ်ရဲ့ ပထမဆုံးလဖြစ်တာကြောင့် မင်္ဂလာရှိတဲ့ နှစ်ဦးချိန်ခါလေးပါ။ အေးမြတဲ့ ဆောင်းလလေးမှာ နှင်းပွင့်လေးလို ဖြူစင်နုနယ်နေတဲ့ ကောင်မလေးတစ်ယောက်က အနုပညာလောကထဲကို စပြီးတိုးဝင်လာခဲ့ပါတယ်။ အနုပညာမျိုးရိုးဗီဇမသေးလှတဲ့ ကောင် မလေး ကတော့ မေတိုးနိုင်ပါပဲ။ နှစ်သစ်မှာ ရတီရဲ့ မျက်နှာဖုံးကို အနုပညာခြေလှမ်းသစ်တွေနဲ့ မေတိုးနိုင်နဲ့ ရတီပရိသတ်ကြီးကို တွေ့ဆုံပေးလိုက်ပါတယ်။*



**ညီမလေးက အနုပညာအလုပ်တွေကို ဘယ်အချိန်မှာစပြီး လုပ်ဖြစ်တာလဲ။**

၂၀၁၂ နှစ်ကုန်ပိုင်းမှ စလုပ်တာပါ။ အဲဒါကလည်း မေမေ့ရဲ့ Vivid ဆိုင်ကြော်ငြာကို ရိုက်ရင်းနဲ့ မြင်ကွင်းမဂ္ဂဇင်းအတွက် ရိုက်တာကနေ စလုပ်ဖြစ်တာပါ။

**သရုပ်ဆောင်လုပ်တာကိုရော ဝါသနာပါလား။**

သရုပ်ဆောင်လုပ်တာကိုတော့ အမှန်အတိုင်း ပြောရရင် ဝါသနာမပါဘူး။ တီဝီ (အိန္ဒြာကျော်ဇင်) ကိုတော့ အားကျပါတယ်။ ဒါပေမဲ့ သရုပ်ဆောင်အလုပ်က မလွယ်ဘူး။ သမီးက သရုပ်ဆောင် တာနဲ့ ပတ်သက်ပြီး ဘာမှ မသိသေးဘူး။ ဒီလိုဓာတ်ပုံတွေ ရိုက်ဖြစ်တာကလည်း အစကတော့ ဆိုင်အတွက် ရိုက်တာပေါ့။ ဒါပေမဲ့ အခုတော့ ဓာတ်ပုံရိုက်တာကိုတော့ ဝါသနာပါသွားပြီ။ Pose တော့ မလုပ်တတ်သေးဘူး(ရယ် လျက်)။

**ဒါဆို ညီမလေးရဲ့ ဝါသနာနဲ့ ရည်မှန်းချက်က ဘာများဖြစ်မလဲ။**

သမီးက ငယ်ငယ်ကတည်း က ဖြစ်ချင်ခဲ့တာ က ဖက်ရှင်ဒီဇိုင်နာပေါ့။ မေမေ့ကို အားကျလို့ပါ။ ပြီးတော့ သမီးက အကျီလှလှလေးတွေဆိုလည်း တအားကြိုက်တယ်။ သူများတွေက ဖက်ရှင်ကျကျလေးတွေ ဝတ်ထားရင်လည်း သဘောကျပြီး လိုက်ကြည့်တယ်။ Fashion TV တို့၊ Fashion Catalogue တွေကြည့်ရတာလည်း ဝါသနာပါတယ်။

**ဖက်ရှင်ဒီဇိုင်နာလုပ်ဖို့ ရည်ရွယ်ချက်ရှိတော့ အခုရော အဲဒီလိုလုပ်ဖို့ ပြင်ဆင်မှုတွေ လုပ်နေလား။**

ဟုတ်ကဲ့ . . . အခုတော့ မေမေ့ကိုကူပြီး ဒီဇိုင်းစဉ်းစားပေးတယ်။ နောက် ၂ နှစ် လောက် နေရင်တော့ Fashion School မှာ ကျောင်းသွားတက်ဖို့ ပြင်ဆင်နေပါတယ်။

**ဒါဆို ညီမလေးက နောက်ဆိုလုံးဝ ဖက်ရှင်ဒီဇိုင်နာ လုပ်သွားမှာပေါ့နော်။ တကယ်လို့ ကားရိုက်ဖို့ လာပြီးကမ်းလှမ်းတဲ့သူတို့ဘာတို့ ရှိခဲ့ရင် ရော . . .**

သမီးက သရုပ်ဆောင်လုပ်ဖို့ လုံးဝဝါသနာ မပါပါဘူး။ ဓာတ်ပုံမော်ဒယ်ပဲ လုပ်ချင်တာပါ။ ဓာတ်ပုံရိုက်တာတောင် Acting မလုပ်တတ်ဘူး။ တီဝီကတော့ သင်ပေးပါတယ်။ သမီးမှာ Talent ရှိတယ်လို့တော့ တီဝီက ပြောပါတယ်။ ဒါပေမဲ့ သမီးက မလုပ်ချင်ဘူး။ ဖက်ရှင် ဒီဇိုင်နာပဲ ပိုပြီး အားသန်တယ်၊

**ဖက်ရှင်ကို စိတ်ဝင်စားတဲ့ ညီမလေး အနေနဲ့ ရော ဘယ်လို ဖက်ရှင်မျိုးတွေ ဝတ်ရတာကို ပိုပြီး နှစ်သက်လဲ။**

သမီး ကတော့ လှရင် အကုန်ကြိုက်တယ်။ မိန်းမဆန်ဆန်နဲ့ ဒီဇိုင်းလေးတွေကို ပိုကြိုက်တယ်။ အရောင်ကတော့ အရောင်စုံကြိုက်တယ်။ ဒီက ရာသီဥတုနဲ့ မကိုက်ပေမယ့် Sweater ဒီဇိုင်းလေး တွေဆို တအားကြိုက်တယ်။ ဒါပေမဲ့ ရန်ကုန်က ပူတယ်။ အကြိုက်ဆုံး ဒီဇိုင်းဆိုရင်တော့ စမတ်ကျကျနဲ့လှရင် အားလုံးကြိုက်တယ်။

**ဘယ်သူဝတ်တဲ့ ဒီဇိုင်းမျိုး**

Asian Fame Media Group



MODEL : MAY TOE KHINE/ MAKE-UP : LIN LIN (MAKE-UP ARTIST)/ DESIGNER : MA THAE (VIVID)/ PHOTO : LIN TUN (LEOPARD)/ ARRANGED BY PHYOE SU PO PO

Asian Fame Media Group

**တွေကို ကြိုက်လဲ။ ဘယ်ဒီဇိုင်နာတွေကို ကြိုက်လဲ။**

International မှာတော့ ဒီဇိုင်နာတွေ အားလုံးကြိုက် တယ်။ Tyra Banks ရဲ့ Design တွေကြိုက်တယ်။ မြန်မာနိုင်ငံမှာတော့ တီဝဲ ဝတ်တာတွေလည်း ကြိုက်တယ်။ ပြီးတော့ ဖွေးဖွေး ဝတ်တဲ့ ဒီဇိုင်းတွေလည်း ကြိုက်တယ်။

**အခုညီမလေးဝတ်တဲ့ အဝတ်အစားတွေ အားလုံး ကို မေမေက စီစဉ်ပေးနေတာဆိုတော့ မေမေ့ဒီဇိုင်းတွေကိုရော ညီမလေးက နှစ်သက်လား။**

နှစ်သက်ပါတယ်။ အခု ဝတ်စုံ ၂ စုံမှာဆိုရင် သမီးက နောက်အစုံအဖြူလေးကို တော်တော် ကြိုက်တယ်။ ဒီလိုဆောင်းတွင်း ဝတ်စုံလေးတွေကို သမီး ကကြိုက်တယ်။

**မေတိုးခိုင်ဆိုပြီး ဘယ်မှာ လူတွေက စပြီး စိတ်ဝင်စားလာခဲ့တာလဲ။**

ဓာတ်ပုံမော်ဒယ်စလုပ်တော့ မမတို့ရတီ ၂၀၁၂ ဒီဇင်ဘာမှာ မေမေ့ဝတ်စုံနဲ့ ရိုက်တယ်လေ။ အဲဒီမှာ လူတွေစိတ်ဝင်စားခဲ့ကြတာ။ အခုတော့ မဂ္ဂဇင်း Cover တချို့နဲ့ ဂျာနယ် Cover တွေလည်း ရိုက်နေပါပြီ။ သမီးဝတ်စုံတွေကိုတော့ မေမေပဲ အားလုံးစီစဉ်ပေးနေတာပါ။

**အခု ၂၀၁၃ ဇန်နဝါရီလရဲ့ ရတီ Cover ရိုက်ရတဲ့အတွက် ခံစားရမှုလေးလည်း ပြောပြပါဦး။**

ပျော်တာပေါ့နော်။ သမီးကို စိတ်ရှည်ရှည်နဲ့ သင်ပေးပြီး သေချာရိုက်ပေးတဲ့ ဓာတ်ပုံ ကိုလင်း အွန်းကိုလည်း ကျေးဇူးတင်ပါတယ်။

**ညီမလေးကို မအူပဲနဲ့ တူတယ်ဆိုပြီး ပြောကြတယ်။ အဲဒီအပေါ်မှာရော ညီမလေးဘယ်လို ခံစားရလဲ။**

သဘောကျတာပေါ့။ တီဝဲလို Celebrity တစ်ယောက်ရဲ့ တူမဖြစ်ခွင့်ရတာရော ပြီးတော့ တီဝဲနဲ့တူတာကိုရော ကျေနပ်တယ်။ အားလုံးကလည်း ပြောကြတယ်။ သမီးက မေမေနဲ့တူတာထက် အဒေါ်နဲ့အရမ်းတူတယ်လို့လေ။ သမီးရဲ့ မျက်နှာက ညာဘက်ကရိုက်ရင် တီဝဲနဲ့ပိုတူတယ်။ ဘယ်ဘက်ကတော့ မတူဘူး။ (ရယ်လျက်)

**ရတီပရိသတ်ကိုရော ဘယ်လိုစကားလက်ဆောင်လေး ပြောချင်သေးလဲ။**

စကားလက်ဆောင် . . . သိပ်တော့ မပြောတတ်ဘူး။ ရတီပရိသတ်ကြီး နှစ်သစ်မှာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ပျော်ရပါစေလို့ပဲ ပြောချင်ပါတယ်။

ဖြိုးစုပိုပို



Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက်
"Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ ဧပြီလထုတ် ရတီမဂ္ဂဇင်းအတွက် **ဆိုတေး** နဲ့အတူ
ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ
ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို
မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့
ရတီမဂ္ဂဇင်းကစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ... ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **၂၀၁၃ ဖေဖော်ဝါရီလ ၁၀ ရက် (တနင်္ဂနွေနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

**မှတ်ချက်** - ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော်အားပေးလိုက်ကြပါဦးနော်။



အမည် ..............................................................
မွေးသက္ကရာဇ် ..............................................................
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................................................
ပညာအရည်အချင်း ..............................................................
အလုပ်အကိုင် ..............................................................
အနုပညာလုပ်ရှားမှု ..............................................................
အိမ်ထောင်ရှိ/မရှိ ..............................................................
အရပ်အမြင့် ..............................................................
နေရပ်လိပ်စာ ..............................................................
ဖုန်းနံပါတ် ..............................................................

Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



Model - Hlwan Paing , Zay Ye' Yint
Make-Up - Paing Paing
Dress & Footwear For Audience - Dream Fashion
Photo - Ko Naing (Popular)

arranged by thida soe


# Audience of Celebrities' Choice

Audience of Celebrities' Choice ကဏ္ဍလေးမှာ နာမည်ကြီးအနုပညာရှင်တွေနဲ့ ပရိသတ်တွေ တွဲရိုက်ခဲ့ကြတဲ့ ပုံရိပ်တွေကို ဖော်ပြလာခဲ့တာဟာ အခုဆိုရင် ပရိသတ်များနဲ့ ထပ်သားတည်းကျနေပြီလို့ ယုံကြည်မိပါတယ်ရှင်။ ဒီတစ်လရဲ့ Celebrity ကတော့ ဆယ်ကျော်သက်မိန်းကလေးတွေနဲ့ ယောကျ်ားလေးတွေရဲ့ပါးစပ်ဖျားမှာ သူ့နာမည်က ရေပန်းစားနေပြီး အောင်မြင်မှုတွေကို သိမ်းပိုက်ထားနိုင်တဲ့ လူငယ်အဆိုတော် 'လွှမ်းပိုင်' ပါ။ 'လွှမ်းပိုင်' နဲ့အတူ ပုံရိပ်တွေကို ဖန်တီးမယ့်သူကတော့ မြောက်ဥက္ကလာမှာနေထိုင်တဲ့ 'ဇေရဲရင့်' ပါ။ 'လုံထမ်းလာတာကို မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူး' ဆိုတဲ့ ဆိုရိုးစကားအတိုင်း အနုပညာရှင်တစ်ယောက်နဲ့ တစ်ပုံတွဲရိုက်ပြီး တရင်းတနှီး စကားတွေ ပြောချင်တယ်ဆိုရင်တော့ ပရိသတ်ကြီးရေ ဘာလုပ်သင့်တယ်လို့ ထင်ပါသလဲ။

Asian Fame Media Group




Asian Fame Media Group



# Audience of Celebrities' Choice

Model - **Hlwan Paing , Zay Ye' Yint**
Make-Up - **Paing Paing**
Dress & Footwear For Audience - **Dream Fashion**
Photo - **Ko Naing (Popular)**

Asian Fame Media Group


Motivation



# Audience of Celebrities' Choice

Model - **Hlwan Paing , Zay Ye' Yint**
Make-Up - **Paing Paing**
Dress & Footwear For Audience - **Dream Fashion**
Photo - **Ko Naing (Popular)**

Asian Fame Media Group



## အနုပညာရှင်အမေး
## ပရိသတ်အဖြေ



**ညီလေးအသက်က ဘယ်နှနှစ်လဲ။ အစ်ကိုကို ညီလေးက ဘယ်သီချင်းမှာစပြီး သတိထားမိတာလဲ။**

ကျွန်တော့်ရဲ့ အသက်က ၁၉ နှစ်ပါ။ ကိုရဲလေးအခွေထဲမှာ အစ်ကို ဆိုထားတဲ့ 'နှုတ်မဆက်ချင်ဘူး' သီချင်းမှာ စပြီး သတိထားမိခဲ့တာပါ။ အစ်ကို့ရဲ့ အသံ Flow တွေကို ကြိုက်လို့ သတိထားမိခဲ့တာပါ။ 'နှုတ် . . . နှုတ် . . . နှုတ် မဆက်ချင်ဘူး' ဆိုပြီးဆိုသွားတဲ့ အထစ်ပုံစံလေးတွေကို ကြိုက်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အစ်ကို့သီချင်း တော်တော်များများကို နားထောင်ဖြစ်ခဲ့ပါတယ်။

**အစ်ကိုဆိုတဲ့ Show ပွဲတွေ ကြည့်ဖူးလား။ Show တွေမှာ သီချင်းဆိုရင် အမြူးသီချင်းနဲ့ အေးတဲ့ သီချင်းမှာ ဘယ်သီချင်းကို နားထောင်ရတာ ပိုအဆင်ပြေလဲ။**

ဟုတ် . . . ကြည့်ဖူးပါတယ်။ Show ပွဲတိုင်းလိုလို ကြည့်ဖူးတယ်။ အစ်ကို စင်ပေါ်မှာဆိုရင် ကျွန်တော်တို့ပရိသတ်တွေက ပျော်နေတာပေါ့နော်။ ကျွန်တော်တို့ Show ကြည့်ရင်တော့ အစ်ကို့ရဲ့ 'ခုန်လိုက် . . ခုန်လိုက်' သီချင်းကို တောင်းဖြစ်တာ များတယ်ဗျ။ ကိုယ်အားပေးရတဲ့ အဆိုတော်က ကိုယ်ကြိုက်တဲ့ သီချင်းကို ဆိုတော့ သီချင်းနဲ့အတူ ကျွန်တော်တို့ပါ မြူးသွားကြတယ်။ Show ပွဲမှာဆိုရင် သီချင်းအမြူးလေးတွေဆိုတာက ပိုပြီး အဆင်ပြေမယ်လို့ထင်ပါတယ်။ သီချင်း အမြူးလေးတွေ ကျတော့ အလိုက်ကောင်းတယ်လေ။

**'ဒုံးပျံ' အခွေထဲက ဘယ်သီချင်းတွေ ကြိုက်လဲ၊ ဘယ်သီချင်းတွေကို မကြိုက်ဘူးလဲဆိုတာကို ပြောပြပါဦး။**

'ဒုံးပျံ' အခွေထဲက သီချင်းတွေ အကုန်လုံးကို ကျွန်တော် ကြိုက်ပါတယ်။ တစ်ပုဒ်တည်းတော့ ရွေးကြိုက်တာမျိုး မရှိဘူးဗျ။ ကိုယ်ကြိုက်တဲ့ အဆိုတော်မို့လို့လားတော့ မသိဘူး။ အစ်ကို့ကို 'ဒုံးပျံ' အခွေ မထွက်ခင် Group အခွေတွေမှာကတည်းက သတိထားမိပြီး အားပေးခဲ့တာပါ။

**'နှုတ်မဆက်ချင်ဘူး' သီချင်းမှာ ဆိုတဲ့ပုံစံနဲ့ အခုနောက်ပိုင်းမှာ အစ်ကိုသီချင်းဆိုတဲ့ပုံစံတွေက ဘယ်လိုကွာခြားမှုတွေရှိလဲ။**

ပိုပိုပြီး တိုးတက်ကောင်းမွန်လာပါတယ်။ ကိုလွှမ်းပိုင်ရဲ့ သီချင်းတော်တော်များများကို ကြိုက်ပါတယ်။ လူငယ်တွေနဲ့ ငြိတယ်ပေါ့နော် (ရယ်လျက်)။ Performance အနေနဲ့ ပြောရမယ်ဆိုရင်တော့ စင်ပေါ်မှာ သိပ်မခုန်စေချင်ဘူး (အားလုံးရယ်လျက်)။ Fashion ကလည်း သူများနဲ့မတူတော့ ပိုကြိုက်တယ်။ ၁၀၀ တန်သီချင်း ကို ဆိုထားတာ အရမ်းကောင်းပါတယ်။ အသံကို ပြောင်းဆို လိုက်တဲ့ ပုံစံလေးတွေက မိုက်တယ်။ ကျွန်တော့်သူငယ်ချင်းတွေလည်း အရမ်းကြိုက်ကြတယ်။

**အစ်ကိုတစ်ယောက်တည်းဆိုတာနဲ့ ထက်ထက် (Bobby Soxer) နဲ့ တွဲဆိုတာမှာ ဘယ်ဟာက ပိုပြီးနားထောင်ကောင်းလဲ။**

တစ်ယောက်တည်းဆိုတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်က နှစ်ယောက်တွဲဆိုတာကို ပိုကြိုက်ပါတယ်။ နှစ်ယောက်တွဲဆိုတော့ ပိုမြူးတာပေါ့နော်။ အစ်ကို့ကို စပြီး သတိထားမိ ကတည်းက နှစ်ယောက်တွဲပြီး သတိထားမိခဲ့တာ ပါ။ 'ခုန်လိုက်' သီချင်းကို အစ်ကိုနဲ့ ထက်ထက် (Bobby Soxer) ဆိုတုန်းက အရမ်းကြိုက်ပြီး သဘောကျခဲ့တယ်။

**Audience of Celebrities Choice ကဏ္ဍအတွက် Celebrity လွှမ်းပိုင်ရဲ့စကား**

ဒီကဏ္ဍလေးက ကောင်းပါတယ်။ ပရိသတ်နဲ့ အနုပညာရှင် တွေ့ကြရတယ်ဆိုတော့ နည်းနည်း ဆန်းတာပေါ့နော်။ ပရိသတ်တွေသိချင်တဲ့ မေးခွန်းတွေလည်း အများကြီး မေးခွင့်ရတော့ ကောင်းတာပေါ့နော်။ အခု ညီလေးကလည်း အနုပညာနဲ့ ပတ်သက်ပြီး လှုပ်ရှားမှုလေးတွေ ရှိတော့ တွဲရိုက်ရတာ အဆင်ပြေပါတယ်။ မရွေးဖြစ်တဲ့ ပရိသတ်တွေ အတွက် စိတ်မကောင်းပါဘူး။ အပြင်မှာ ကျွန်တော့်ကို တွေ့ရင် နှုတ်ဆက်စကား ပြောလို့ ရပါတယ်။ ပရိသတ်ဆိုတာ ကျွန်တော်တို့ အနုပညာရှင်တွေရဲ့ အားတစ်ခုပါလို့ ပြောချင်ပါတယ်။ မရွေးဖြစ်ခဲ့တဲ့ ပရိသတ်တွေလည်း နောက်ထပ် အနုပညာရှင်တွေ အလှည့်ကျရင် Form တင်ပြီး အရွေးခံစေချင်ပါတယ်။ ဒီကဏ္ဍလေးက ဘယ်မဂ္ဂဇင်းမှာမှ မရှိသေးတဲ့အတွက် ပရိသတ်နဲ့ အနုပညာရှင်ကြားမှာ ပေါင်းကူး တံတားလေးလို ဖြစ်နေတယ်လို့ မြင်ပါတယ်။

Asian Fame Media Group

## ပရိသတ်အမေး

## အနုပညာရှင်အဖြေ





**အစ်ကို ဒီအနုပညာလောကထဲကို မဝင်ခင် တွေ့ကြုံခဲ့ရတဲ့ အခက်အခဲလေးကို ပြောပြပေးပါ ဦး။**

တွေ့ကြုံရတဲ့ အခက်အခဲက သိပ်တော့ မရှိပါဘူး။ အဆိုတော် အရမ်းဖြစ်ချင် လွန်းလို့ ပိုက်ဆံ ထုတ်ပြီးတော့ အခွေထုတ်တဲ့အထဲမှာတော့ မပါဘူး။ ပထမ တော့ သူငယ်ချင်းတွေနဲ့စုပြီး အခွေလုပ်ကြတယ်၊ အဲဒီအခွေကို သူငယ်ချင်း အချင်းချင်းပဲ ပေးနားထောင်ဖြစ်တယ်၊ နည်းနည်းကြာလာတော့ အပေါင်း အသင်းများလာတဲ့အချိန်မှာ Underground မှာ ဖြန့်လောက်တဲ့ အနေ အထား ရောက်လာတော့ Underground မှာ ဖြန့်ဖြစ်ခဲ့တယ်။ Online က လူငယ်တွေနဲ့ Show လာကြည့်တဲ့ လူငယ်တွေ နားထောင်ပြီးတော့မှ ပြန့် လာခဲ့တယ်ပေါ့နော်။ သိပ်ပြီးတော့ ကြီးကြီးမားမား အခက်အခဲမရှိပါဘူး။ အဓိကကတော့ အချိန်ကုန်တာပေါ့။

**အစ်ကိုက ဘယ်အချိန်မှာစပြီး သီချင်းတွေ လုပ်ဖြစ်ခဲ့တာလဲ။ အခုလို Rap တွေကို မြန်အောင် ရွတ်နိုင်ဖို့အတွက် ဘယ်လိုမျိုးလေ့ကျင့်လဲဆိုတာ သိချင် ပါတယ်။**

အင်း . . . ၁၀ တန်းမှာစပြီး သီချင်းရေးတယ်။ ၁၀ တန်းဖြေပြီးတဲ့နှစ်မှာတော့ သီချင်းတွေ ဆိုတယ်၊ ထိုးတယ်ပေါ့နော်၊ အသံကို လေ့ကျင့်တာမျိုးတော့ သိပ်မရှိဘူး။ နိုင်ငံခြားမှာ ဒီလိုပုံစံ ဆိုတဲ့လူတွေရှိတော့ သူတို့ဆိုတဲ့ ဆိုပုံကိုပဲ မြန်မာစာသားထည့်တာပေါ့နော်။ အစ်ကိုတို့ ပထမဆုံး ကြုံတွေ့ရတဲ့ အခက်အခဲက မြန်မာစာသားကို အမြန်ဆိုရင် နားထောင်ကောင်းအောင်၊ အဆင်ပြေအောင် ဘယ်လိုထည့်မလဲဆိုတာကို နည်းနည်း စဉ်းစားရတယ်။ အမြန်ဆိုထားတဲ့ သီချင်းတွေကို ပရိသတ်လက်ထဲမထည့်ခင် အဲဒီအခွေမှာ သီချင်းအပုဒ်တွေ အများကြီးလုပ်ခဲ့တယ်၊ ကိုယ့် ဘာသာနားထောင်ကြည့်တော့ အဆင်မပြေဘူး၊ ရေးရင်းရေးရင်းနဲ့ နောက်ပိုင်းမှ အဆင်ပြေသွား တာလေ။

အဲဒီ အဆင်ပြေသွားတဲ့ သီချင်းကို သူငယ်ချင်း တစ်ယောက်ကို အရင်ပြကြည့်တယ်။ အဲဒီမှာ သူက လုံးဝ လက်ခံတယ်၊ အရမ်းကောင်းတယ်။ လုံးဝ ကွဲထွက်နေတယ် ဆိုပြီး ပြောတယ်။ အားပေးတဲ့သူရှိတော့ ဆက်လုပ်ဖြစ်သွားတာပေါ့ နော်။ ပထမဆုံး ပြုဖြစ်ခဲ့တဲ့ သီချင်းက Underground မှာ ဖြန့်ခဲ့တဲ့ '89' အခွေထဲက 'ဘာဖြစ်ချင်လဲ' ဆိုတဲ့ သီချင်းလေးပါ။



**Music နဲ့ပတ်သက်ပြီး အခုအချိန်မှာ အစ်ကို ဘာတွေလုပ်ဖြစ်နေလဲ။ နောက်ထပ် ဖြစ်လာမယ့် အစ်ကို့သီချင်းတွေက ဒီလိုအမြန် တွေပဲ ရေးမှာလား။ အနှေးလေးတွေကို ရေးဦး မှာလား။**

အစ်ကို့ရဲ့ တစ်ကိုယ်တော်အခွေကို လုပ်နေ တယ်လေ။ တစ်ကိုယ်တော်အခွေဆိုတော့ တာဝန် က အစ်ကို့ပေါ်မှာ ပိုရှိတယ်။ တစ်ကိုယ်တော်အခွေ ဖြစ်တဲ့အတွက် ရန်ကုန်ပရိသတ်ကိုပဲ ကြည့်လို့ မရဘူးလေ။ အချစ်သီချင်းတွေလည်း ထည့်ရ မယ်၊ အမြူးတွေလည်း ထည့်ရမယ်ပေါ့နော်။ အခုအချိန်မှာတော့ တစ်ကိုယ်တော်အခွေပဲ လုပ်ဖြစ်နေတာပေါ့။ အခုလုပ်ထားတာ အခွေက တစ်ဝက်နီးပါးလောက်တော့ ပြီးနေပြီ။ တစ်ခွေလုံး ကို အစ်ကိုကိုယ်တိုင် သီချင်းရေးထားပါတယ်။ တစ်ကိုယ်တော်အခွေကိုတော့ ၂၀၁၃ မှာ ထွက် နိုင်အောင် ကြိုးစားနေပါတယ်။ တကယ်တော့ အစ်ကိုက 'ဒိုးပျံ' အခွေရဲ့ VCD ကို ထွက်အောင် စောင့်နေတာ။ 'ဒိုးပျံ' အခွေ VCD ထွက်ပြီး လ၊ ၃ လလောက်ခြားတာနဲ့ အစ်ကို့အခွေကို ထွက်ချင်တယ်။ အစ်ကို့ရဲ့ တစ်ကိုယ်တော်အခွေ မှာ ထက်ထက် (Bobby Soxer) ကတော့ တစ်ပုဒ်လောက်ပဲ ပါမှာပါ၊ သီချင်းကတော့ အစ်ကိုရေးနေကျ ပုံစံလေးတွေပဲပေါ့နော်။

**အစ်ကို့ရဲ့ Fashion က ဒီပုံစံပဲ ဝတ်ဖြစ်နေ မှာလား။ Rapper တွေရဲ့ ပုံစံအကျီ၊ ဘောင်းဘီ အပွတွေဝတ်ဖို့ကော အစီအစဉ်ရှိလား။**

အဲဒီလို အပွပုံစံတွေတော့ မဝတ်ဖြစ်ပါဘူး။ သူများတွေအပွပုံစံတွေဝတ်တာညီးက အစ်ကိုက မဝတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကို့နဲ့ မလိုက်လို့ပါ။ အစ်ကိုက ပိန်တဲ့အထဲမှာပါတော့ အပွတွေနဲ့ မလိုက်ဘူးလို့ ထင်တာပါ။ အများဆုံး ဝတ်ဖြစ်တာကတော့ Free Style ပေါ့။ အခု နောက်ပိုင်းမှာလည်း Rapper တော်တော်များများ က အပွတွေမဝတ်ကြတော့ဘူးလေ။ ဒီဇိုင်းလေး တွေ ပြောင်းသွားကြတာပေါ့နော်။

**ပရိသတ်က အစ်ကို့ကို မသိခင်တုန်းက Show ဆိုရတဲ့ စိတ်ခံစားမှုနဲ့ ပရိသတ်သိသွားတဲ့ အချိန်မှာ Show ဆိုရတဲ့ စိတ်ခံစားမှု ဘယ်လို ကွာခြားသွားလဲ။ Show စဆိုတုန်းက အမှတ်တရ လေးတွေရှိရင် ပြောပြပေးပါဦး။**

ပရိသတ် မသိခင်တုန်းက Show ဆိုရတဲ့ အချိန်မှာတော့ လူသိအောင် လုပ်ရတဲ့အတွက် ကိုယ့်ဘက်က လျှော့လို့မဖြစ်ဘူးပေါ့နော်၊ Performance ကအစ အားလုံးသတိထားရတာ ပေါ့။ နောက်ပိုင်း ပရိသတ်သိသွားတဲ့ အချိန်မှာ လျှော့လိုက်ရင်လည်း 'ဆရာကြီးဖြစ်သွားလို့ လျှော့လိုက်တာလား' ဆိုပြီး အထင်ခံရမှာလည်း စိုးတယ်။ အစ်ကို့သာ ပရိသတ်တစ်ယောက် ဆိုရင် အဆိုတော်တစ်ယောက် စင်ပေါ်တက်လာ ရင် သူကိုယ်တိုင် မြူးနေမှ ကြိုက်မှာပါ။ အဆို တော်က တက်ကြွပြီးမြူးနေမှ ပရိသတ်က မြူးမှာ ပေါ့ ဆိုတဲ့ စိတ်လေး အစ်ကို့မှာ ရှိတယ်၊ ပရိသတ်နေရာကို ဝင်ပြီး ခံစားတတ်တဲ့စိတ်ပေါ့။ အစ်ကို Show ဆိုရင် Performance ကအစ အားလုံး သတိထားတာပေါ့နော်။ ပထမဆုံး Show ဆိုတုန်းက အခက်အခဲလေးတွေ ရှိခဲ့တယ်။ တစ်ခါမှ စင်ပေါ်မတက်ဖူးတော့ ကြောက်တာပေါ့ နော်။ အစ်ကို ပထမဆုံးဆိုတဲ့ပွဲက မျှော်စင်ကျွန်း မှာပါ။ စင်ပေါ်မှာ Rap တွေဆိုနေတဲ့ အစ်ကို က တစ်ဖက်က မိုက်ကိုင်ပြီး တစ်ဖက်က မိုက်ကြိုး ကို ကိုင်ထားတယ်။ မြန်မာသံသီချင်းတွေဆိုနေ တဲ့ ပုံစံဖြစ်နေတာပေါ့နော် (ရယ်လျက်)။ အစ်ကို စင်ပေါ်တက်ခါနီးရင် သတိထားရတဲ့ အချက်လေး တွေ ရှိတယ်။ စင်ပေါ်မှာ ပြောတဲ့ စကားမှားသွား မှာကို သတိထားရတယ်၊ ဖြုလုပ်တဲ့ အပြုအမူနဲ့ ဘောင်းဘီဇစ်ကို သတိထားရတယ်ပေါ့နော် (ရယ် လျက်)။ အစ်ကို ရန်ကုန်မှာ Show ဆိုတော့ အစ်ကိုဝတ်တဲ့ ဘောင်းဘီက နည်းနည်းကျပ်နေ တယ်။ အစ်ကိုကလည်း အောက်လျှော့ဝတ်တော့ အရမ်းကျပ်ပြီး ဇစ်တောင်မနည်းဆွဲရတဲ့ အတွက် ခါးပတ်နဲ့ ထိန်းထားတာပေါ့နော်။ စင်ပေါ်မှာဆို ရင်း ဆိုရင်းနဲ့ ဇစ်ကိုဆွဲချသလိုဖြစ်နေတာ အစ်ကို က မသိဘူး။ အောက်က ပရိသတ်က လက်ညှိုး ထိုးပြီး ပြောတာကို အစ်ကိုက မကြားဘူး။ ထက်ထက်က ကြားတယ်၊ သီချင်းဆိုပြီး အောက် မှာ နားတော့မှ ထက်ထက်က 'ဘောင်းဘီ ဇစ် ပြုတ်နေတယ်' ဆိုပြီး လာပြောတယ် (ရယ် လျက်)။

**Audience ဇေရဲရင့်ရဲ့ အတွေ့အကြုံ**

ပရိသတ်တစ်ယောက်အနေနဲ့ ကိုယ်ကြိုက်တဲ့ အနုပညာရှင်နဲ့ ဓာတ်ပုံတွဲရိုက်ပြီး တရင်းတနှီး စကားတွေ ပြောခွင့်ရတာ ဝမ်းသာပါတယ်။ ပျော်လည်း ပျော်ပါတယ်။ 'အရွေးခံရရင် ကောင်း မယ်လို့' မျှော်လင့်မိပေမယ့် အရမ်းကြီးတော့ မမျှော်လင့်ရဲခဲ့ဘူးပေါ့နော်။ တကယ်အရွေးခံရပြီး တွဲရိုက်ရမယ်ဆိုတော့ အတိုင်းမသိ ပျော်ရွှင်မိပါ တယ်။ ကျွန်တော့်ဘဝအတွက် မမေ့နိုင်တဲ့ အမှတ်တရလေးတစ်ခု ဖြစ်သွားတာပေါ့။ မေးခွန်း တွေမေးတော့လည်း ကြိုစဉ်းစားလာပေမယ့် ဒီရောက်တော့ ဘာတွေမေးပြီး ဘာတွေဖြေရမလဲ မသိဘူးဖြစ်နေတယ် (ရယ်လျက်)။ ဒီလိုကဏ္ဍမျိုး လေးက ပရိသတ်တစ်ယောက်အနေနဲ့ အရမ်း ကောင်းတယ်လို့ မြင်ပါတယ်။ အရွေးမခံရတဲ့ သူငယ်ချင်းတွေလည်း နောက်ထပ်အနုပညာရှင် တွေအလှည့်မှာ အခွင့်အရေးရှိနိုင်တာပဲလေ၊ 'ကံဆိုတာ မြင်ရတဲ့အရာမှ မဟုတ်တာ' လို့ ပြော ချင်ပါတယ်။ **သီတာစိုး**



# CONTROL စီးရီးနဲ့ ဂီတလောကကို ခြေချလာသူ ဟိဏ်းသစ်

ဇန်နဝါရီရဲ့ အေးချမ်းတဲ့ ဆောင်းရာသီနဲ့ အတူ ပရိသတ်ရင်ထဲကို အပြုံးတွေနဲ့ ခိုဝင်လာသူက တော့ Control စီးရီးရဲ့ ပွဲကိုင်ရှင် 'ဟိဏ်းသစ်' ပါ။ ကျွန်မတို့ရဲ့ Music Plus Yati ကဏ္ဍလေးကလည်း ပရိသတ်ရင်ထဲကို ခိုဝင်ခဲ့တာ ကြာခဲ့ပါပြီနော်။ လတိုင်း လတိုင်းမှာ Music လောကထဲက အောင်မြင်သူတွေနဲ့ မျိုးဆက်သစ်တွေကို ပရိသတ်များနဲ့ မိတ်ဆက်ပေးခဲ့ပြီး အခုဆိုရင် Control စီးရီးနဲ့ ပရိသတ်အားပေးမှုကို ပိုင်ဆိုင်ထားနိုင်သူ လူငယ်မျိုးဆက်သစ် အဆိုတော် 'ဟိဏ်းသစ်' ကို အင်တာဗျူးဖို့အတွက် တွေ့ဆုံခဲ့ပါတယ်။ လူငယ်မျိုးဆက်သစ်ဆိုတဲ့ စကားအတိုင်း အင်တာဗျူးကို သွက်လက်တက်ကြွစွာ ဖြေပေးခဲ့သူ ဟိဏ်းသစ်ရဲ့ Control စီးရီးနဲ့ ပတ်သက်ပြီး ပြောဖြစ်ခဲ့တာတွေ ကတော့ . . .

**သီတာစိုး**

Asian Fame Media Group



**Control Solo ခွေကို လုပ်ဖြစ်သွားတာက . . .**

အရင်တုန်းက အတွဲခွေတွေ ဆိုနေရင်းနဲ့ နယ်တွေမှာ Show တွေ ဆိုခဲ့တယ်ပေါ့နော်။ နယ်က ပရိသတ်တွေက ဟိုအခွေထဲက အစ်ကိုပဲ ဆိုပြီး ပြောကြတာတွေ ရှိတယ်။ အဲဒီအချိန်မှာ ကျွန်တော်က အတွဲခွေ ၆ ခွေလောက်ဆိုပြီးပြီ။ ပရိသတ်တွေက ဟိုအခွေထိုးထည့်ကြည့်ရ၊ ဒီအခွေထိုးထည့်ကြည့်ရနဲ့မို့လို့ အစ်ကို့ရဲ့ တစ်ကိုယ်တော်အခွေ နားထောင်ချင်တယ်ဆိုပြီး နယ်ပရိသတ်တွေက ပြောကြလို့ လုပ်ဖြစ်ခဲ့တာပါ။

**တစ်ကိုယ်တော် အခွေဆိုတာ အဆိုတော်တစ်ယောက်အတွက် ဂီတမှတ်တိုင်တစ်ခုဆိုတော့ Control စီးရီးအပေါ် ဟီဂျားသစ်ရဲ့ ပြင်ဆင်မှုတွေက . . .**

တစ်ကိုယ်တော်အခွေလုပ်ရတာက အရမ်းတာဝန်ကြီးပါတယ်။ တစ်ကိုယ်တော်အခွေလုပ်တဲ့ အဆိုတော်တိုင်းက အကောင်းဆုံးဖြစ်ချင်ကြတာပါပဲ။ ကျွန်တော်မှ မဟုတ်ပါဘူး။ ကျွန်တော့်ထက် နောက်ကျပြီးမှ အနုပညာလောကကို ဝင်လာတဲ့သူတွေလည်း တစ်ကိုယ်တော်အခွေကို အကောင်းဆုံးဖြစ်ချင်ကြတာပါပဲ။ ကိုယ်ဖန်တီးတဲ့၊ ကိုယ်ခံယူထားတဲ့ အနုပညာနဲ့ ကွဲလွဲပြီး ပရိသတ်ဘက်က တုံ့ပြန် တာတွေ ကွဲလွဲကြတာပဲ ရှိတယ်လေ။ ကျွန်တော်တို့ အနုပညာရှင်တွေ အနေနဲ့ကျ တော့ တစ်ယောက် တည်းကို ပရိသတ်အများကြီး အားပေးတာ လိုချင်တယ်။ ပရိသတ်က လက်ခံပြီး အားပေးတော့ ပျော်တာပေါ့နော်။ ဒါတောင် ကျွန်တော်က ထိပ်ဆုံးကို ရောက်သွားတာ မဟုတ်သေးဘူး။ လူသိတဲ့ အနေအထားလေးပဲ ရှိသေးတယ်။

**Pop နဲ့ R & B ပုံစံတွေက ဟီဂျားသစ်နဲ့ လိုက်လို့ ဆိုဖြစ်တာလား။**

ဟုတ်ပါတယ် ကျွန်တော့်အသံနဲ့လိုက်တဲ့ Pop နဲ့ R & B ကို ဆိုဖြစ်တာပါ။ လွှမ်းပိုင်တို့၊ မိစန္ဒီတို့နဲ့ဆိုရင်တော့ ကျွန်တော်က Melody ဆိုပြီး သူတို့က Rapping တွေ ရွတ်တာပေါ့နော်။

**ပထမဆုံး တစ်ကိုယ်တော်အခွေဖြစ်တဲ့ Control စီးရီးအပေါ် ဟီဂျားသစ်အားရကျေနပ်ရဲ့လား။ ပရိသတ်ရဲ့ တုံ့ပြန်မှုကိုရော ဘယ်လို ပြန်ကြားရလဲ။**

ပရိသတ်က အကြိုက်ချင်းမတူကြတော့ တစ်ပုဒ်ကောင်းစီ ကြိုက်ကြတဲ့ အသံလေးတွေ ကြားရပါတယ်၊ ကိုယ့်ကိုယ်ကိုယ်တော့ အားရကျေနပ်မှုမရှိသေးပါဘူး။ ဒီထက်အများကြီး မျှော်လင့်ထားတာဆိုတော့ သိပ်ပြီး အားမရဘူး ပေါ့နော်။ စီနီယာတွေ ပြောကြတာကတော့ အသစ်တစ်ယောက်အနေနဲ့ဆိုရင် မဆိုးပါဘူးလို့ ပြောပါတယ်။

Asian Fame Media Group
af MEDIA GROUP

**Control အခွေထဲက ဘယ်သီချင်းတွေကို ပရိသတ်တွေ အများဆုံးကြိုက်ကြလဲ။**

'ငါ ရှိးနေပါပြီ'၊ 'ဆုတောင်းသုံးခု' ကို ပရိသတ်တွေ ကြိုက်ကြတာများပါတယ်။ မိုးဟေကိုနဲ့ သရုပ်ဆောင်ထားတဲ့ 'ယုံကြည်လိုက်တော့' သီချင်း၊ အေသင်နဲ့ဆိုထားတဲ့ 'တစ်ယောက်အတွက်လား' သီချင်းတွေကိုတော့ နယ်က ပရိသတ်တွေ ကြိုက်ကြပါတယ်။

**'ငါ ရှိးနေပါပြီ'၊ 'ဆုတောင်းသုံးခု' သီချင်းလေးတွေကို ပရိသတ်တွေကြိုက်ကြတဲ့အပေါ် ဟိဏ်းသစ်ရဲ့ ပီတိက . . .**

အဲဒီသီချင်းနှစ်ပုဒ်စလုံးက ဘန်နီဖြိုးရေးပေးထားတာပါ။ ဘန်နီဖြိုးနဲ့ ကျွန်တော်က အမြဲတမ်းကံစပ်တယ်။ ဘန်နီဖြိုးကို သီချင်းရေးပေးဖို့ အကူအညီတောင်းတော့ ဘယ်နှပုဒ်ရေးပေးရမှာလဲလို့ သူကမေးတော့ နှစ်ပုဒ်ရေးပေးပါလို့ ကျွန်တော်က ပြောလိုက်တယ်။ အဲဒီမှာ ဘန်နီက ဆုတောင်း (၃) ခု ကို အရင်ပေးတာပါ။ သူက ဂီတာနဲ့ဆိုပြပြီး ကျွန်တော့်အသံနဲ့ဆိုရင် မလိုက်ဘူးဆိုပြီး ပြောသေးတယ်။ 'ဆုတောင်း ၃ ခု'က အရမ်းအော်ပြီးဆိုရတဲ့ သီချင်းဆိုတော့ Pop အမျိုးအစားထဲမှာ ဆိုရင် Key မြင့်တဲ့ သီချင်းလို့ ပြောရမှာပေါ့နော်။ 'ရှိးနေပါပြီ' ကတော့ Copy သီချင်းပါ။ အဲဒီသီချင်းမှာ Rapper တစ်ယောက် ထည့်မယ်ဆိုပြီး လွှမ်းပိုင် ကို ဆိုခိုင်းလိုက်တာပါ။ 'ပျော်စရာကြီး' အခွေ ထဲက လူတွေပြန်တွဲထားတာပေါ့နော်။ 'ဆုတောင်း ၃ ခု' သီချင်းက ခံစားသက်ဝင်ပြီး ဆိုခဲ့ရတော့ ဆိုနေရင်းနဲ့ ရှိုက်သံတွေပါလာလို့ Break လုပ်ပြီး ဆိုခဲ့ရတယ်။ ကျွန်တော်က သီချင်းဆိုရင် Mood သွင်းရတာလွယ်သလောက် သရုပ်ဆောင်ရင်သာ မလွယ်တာ (ရယ်လျက်)။ ကျွန်တော့်ရဲ့ ပီတိက တော့ ပရိသတ်တွေကြိုက်တယ်ဆိုတော့ ပျော်တာပေါ့နော်။ သီချင်း ၁၄ ပုဒ်မှာ ၁၀ ပုဒ်လောက်ကို ကိုယ်ဆိုချင်တဲ့ ပုံစံတွေ ချည်းပဲ အပ်ထားတဲ့အတွက် တစ်ပုဒ်ချင်းစီ ကြိုက်တဲ့ အသံလေးတွေကြားရတော့ ပျော်ပါတယ်။

**Control ဗီစီဒီကို ပရိသတ်လက်ထဲကို ထည့်ပေးဖို့ အချိန်ဘယ်လောက်ယူခဲ့ရလဲ။**


CD တုန်းက တစ်နှစ်အချိန်ယူခဲ့ရပြီး အခု VCD အခွေကိုလည်း တစ်နှစ်အချိန်ယူခဲ့ရပါတယ်။ အကောင်းဆုံးဖြစ်အောင် လုပ်ချင်တော့ အချိန်ယူရတာပေါ့နော်။ ပရိသတ်ကိုလည်း အကောင်းဆုံးပဲ ပေးချင်လို့ပါ။

**VCD မှာ ကိုယ်တိုင်သရုပ်ဆောင်ထားတာတွေကို တွေ့ရတယ်လေ။ နောက်ပိုင်းမှာ အဆိုတော်နဲ့ သရုပ်ဆောင်ကို တွဲလုပ်သွားဖို့ အစီအစဉ်ရှိနေပြီလား။**

အခု Control ဗီစီဒီထွက်ပြီးမှပဲ သီချင်းဆိုရတဲ့ ပွဲတွေထက် သရုပ်ဆောင်လုပ်ပေးရတဲ့ ဗီစီဒီ



Asian Fame Media Group


Asian Fame Media Group
MEDIA GROUP

Model - Hein Thit
Photo - Pyi Han
(Color Max)

တွေက ပိုများနေတယ်။ ဇာတ်လမ်းတွေ ရိုက်ဖို့လည်း လာပြောတာတွေ ရှိတယ်။ ဇာတ်လမ်းတွေတော့ ရိုက်ချင်ပါတယ်။ ဒါပေမဲ့ ဒိုင်ယာလော့ခ်တွေ မရမှာကို ကြောက်နေတယ်။ မိစန္ဒီ သီချင်းနဲ့ ဇေရဲ့သီချင်းရဲ့ ဗီစီဒီမှာ သရုပ် ဆောင်ပေးထားတာ ရှိပါတယ်။ အခုလောလောဆယ်တော့ သရုပ်ဆောင်အလုပ်ကို တွဲလုပ်ဖြစ်မလားဆိုတာတော့ သေချာမသိသေးပါဘူး။

**Control ဗီစီဒီမှာ သရုပ်ဆောင်တော့ အခက်အခဲတွေ ရှိခဲ့လား။**

'တစ်ယောက်အတွက်လား' သီချင်းကို အေသင်နဲ့ သရုပ်ဆောင်တုန်းက ပထမဆုံးဆိုတော့ အခက်အခဲလေးတွေ နည်းနည်းရှိပါတယ်။ ကင်မရာရဲ့ အယူအဆတွေကိုမသိတော့ အေသင်ကိုကြည့်ပြီး အမီလိုက်လုပ်နေရတာပေါ့နော်။ မမိုးဟေကိုနဲ့ သရုပ်ဆောင်တော့ အခက်အခဲသိပ်မရှိတော့ပါဘူး။ မမိုးဟေကိုလို ကျွန်တော်အား ပေးခဲ့ရတဲ့ သရုပ်ဆောင်တစ်ယောက်နဲ့ နဖူးတွေ့ ဒူးတွေ့ကြီး တွေ့ရတော့ ရှိန်သလိုဖြစ်နေပြီး မထိရဲ မကိုင်ရဲ ဖြစ်နေတာပေါ့နော်။ နောက်ပိုင်းတွေမှာတော့ ဒါရိုက်တာနဲ့ ဝါရင့်သရုပ်ဆောင်တွေရဲ့ လက်တွဲခေါ်တဲ့နောက်ကို လိုက်နိုင်လာပါတယ်။ ကျွန်တော်ကပဲ အနုပညာနဲ့ အမြဲထိတွေ့နေလို့လား မသိဘူး။ မလိုက်နိုင်တဲ့ အိုက်တင်ပိုင်းတော့ မရှိသေးပါဘူး။ ကြိုးကြိုးစားစားနဲ့ လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေမှာ ပရိသတ်တွေကြိုက်ကြတဲ့ သရုပ်ဆောင်တွေကို ပါစေချင်တော့ အားလုံးစုံအောင် စောင့်ရတာတွေ ရှိပါတယ်။ အားလုံးက အလုပ်ကိုယ်စီနဲ့ဆိုတော့ မအားတဲ့ကြားက အားမယ့်အချိန်ကို ကူညီပြီး ရိုက်ပေးကြတာပေါ့နော်။

**Music နဲ့ ပတ်သက်ပြီး လေ့လာဖြစ်နေတာတွေက . . .**

ကျွန်တော်က ဂီတကို အမြဲတမ်းသနားပါလို့ဆိုတော့ တစ်နေ့ကို ၁ နာရီလောက် သီချင်းဆိုတာကို လေ့ကျင့်ပါတယ်။ ကျွန်တော်က ရုပ်ရှင်ကြည့်ရင်ကြည့်၊ မကြည့်ရင် သီချင်းဆိုနေတာ များပါတယ် (ရယ်လျက်)။ ကားမောင်းနေရင်လည်း သီချင်းဖွင့်ထားတတ်တယ်။ အဆိုတော်တိုင်းမှာက ကောင်းတဲ့အကွက်လေးတွေရှိတော့ အဆိုတော်တိုင်းရဲ့ သီချင်းကို နားထောင်ပြီး လေ့လာဖြစ်ပါတယ်။ ကျွန်တော် ဂီတာတီးသင်ဖို့ လုပ်နေတာက သင်ဖို့လုပ်လိုက်၊ ပျက်သွားလိုက် ဖြစ်နေတယ်။ သီချင်းမဆိုခင်မှာတော့ ဆရာမခင်မြတ်မွန်ဆီမှာ သီချင်းဆိုတာနဲ့ ပတ်သက်ပြီး ၃ လလောက် လေ့လာသင်ယူခဲ့ပါသေးတယ် အစ်မ။ အကနဲ့ ပတ်သက်ပြီး သင်ဖို့တော့ စဉ်းစားနေပါတယ်။ ကျွန်တော့်အနေမှာလည်း ကျွန်တော်ကိုယ်တိုင် ကထားတာလေးတွေ ပါပါတယ်။



Asian Fame Media Group



Model - Hein Thit
Photo - Pyi Han
(Color Max)

Asian Fame Media Group

**ဒုတိယအခွေကော စီစဉ်နေပြီလား။**

ဒုတိယအခွေအတွက် သီချင်းတွေကတော့ စုနေပါတယ်။ Solo ထွက်ထားတဲ့အတွက် အတွဲခွေတွေက ဆိုဖို့ကမ်းလှမ်းထားတာတွေ ရှိပါတယ်။ ချိုကြည်သာတေးသံသွင်းက လုပ်မယ့် 'နွေမိုးဆောင်း' မှာ ကျွန်တော်နဲ့ ဇေရဲဆိုထားတာ ပါမယ်။ Super Model Girl Band အတွက် Featuring ဆိုပေးဖို့ ရှိတယ်။ နောက်ထပ် Group ခွေ ၂ ခွေ ပြောထားတာ ရှိသေးတယ်။ ဒါပေမဲ့ သီချင်းတွေက ရေးလို့မပြီးတာတွေကြောင့် မဆိုဖြစ်တာတွေ ရှိတယ်။ ဒုတိယအခွေ မထွက်သေးပေမယ့် ပရိသတ်နဲ့ အဆက်အသွယ်မပြတ်အောင်လို့ Group အခွေတွေကတော့ ထွက်နေမှာပါ။

**အိမ့်ချစ်နဲ့ ဆိုထားတဲ့ သီချင်းကို ဟိတ်ဖ်းသစ်ရေးထားတာတွေ တွေ့ရတယ်။ ဘယ်လိုရေးဖြစ်သွားတာလဲ။**

သီချင်းရေးတဲ့အပိုင်းကို ကျွန်တော်က သိပ်မကျွမ်းကျင်ဘူး။ မကျွမ်းကျင်တဲ့အခါကျတော့ ပရိသတ်ကိုပြဖို့အတွက် ကြောက်နေမိတယ်။ ရေးဖြစ်သွားတာကတော့ တစ်ကိုယ်တော်အခွေမှာ ကျွန်တော်ရေးထားတာလေး တစ်ပုဒ်လောက်ကို အမှတ်တရပါချင်လို့ပါ။ ဒါပေမဲ့ အဲဒီသီချင်းလေးက ဟိုးအရင်ကတည်းက ရေးထားတာပါ။ သီချင်းက Key အရမ်းမြင့်တော့ ယောကျ်ားလေးတစ်ယောက်တည်းဆိုဖို့ အဆင်မပြေဘူးဆိုပြီး Key နိုင်တဲ့ သူနဲ့ဆိုဖြစ်ခဲ့တာပါ။

**ဒုတိယအခွေမှာတော့ ဟိတ်ဖ်းသစ်ရေးတဲ့ သီချင်းတွေ ပါဦးမှာလား။**

နောက်ပိုင်းမှာ Own Tune တွေ ပိုများလာတဲ့အခါကျတော့ Own Tune တွေ ရေးဖြစ်မှာပေါ့နော်။ ဒုတိယအခွေကလည်း Own Tune တွေပဲ ဖြစ်မှာပါ။

**ပရိသတ်ကိုပြောချင်တဲ့ စကားလေးတွေများရှိရင် . . .**

ကျွန်တော့်ရဲ့ Control အခွေကို ကြည့်ရတဲ့သူရော၊ မကြည့်ရသေးတဲ့သူရော ကြည့်ပေးကြပါလို့ ပြောချင်ပါတယ်။ Control အခွေကို ကျွန်တော့်အကြိုက်ရော၊ ပရိသတ်အကြိုက်ရော ဖြစ်အောင် ဖန်တီးထားတာပါ။ တစ်ခွေလုံးရဲ့ Vocal ပဲဖြစ်ဖြစ်၊ Acting ပိုင်းပဲဖြစ်ဖြစ် ဝေဖန်တာကို စောင့်နေပါတယ်။ ဝေဖန်တာကို ကြည့်ပြီးမှ မကောင်းတဲ့အချက်လေးတွေကိုပြင်ပြီး ဒုတိယအခွေကို အကောင်းဆုံးလုပ်ချင်ပါတယ်။

**သီတာစိုး**



Asian Fame Media Group











# mod mom

model : me me khal & phyu phyu sin sin lin
photo : @Bonny
arranged by phyoe su po po



# mod mom

model : me me khai & phyu phyu sin sin lin/ photo : @Bonny

Asian Fame Media Group
MEDIA GROUP

# mod mom

model : me me khal & phyu phyu sin sin lin/ **photo :** @Bonny



Asian Fame Media Group



# mod mom

model : me me khal & phyu phyu sin sin lin/ photo : @Bonny



Asian Fame Media
MEDIA GROUP




Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
MEDIA GROUP

# FAIR LADY

Model : Parami Khin/ Make-up: Htet Htet/ Dress : FOREVER / Photo: @bonny



# FAIR LADY

Model : Parami Khin/ Make-up: Htet Htet/ Dress : / Photo: @bonny



# Last Year

## Eaindra Kyaw Zin

arranged by phyoe su po po

Asian Frame Media Group

### At 2012

**ကြိုက်ခဲ့တဲ့ စာအုပ်တစ်အုပ်**

ရှင်းရှင်းပြောရရင် ၂၀၁၂ မှာက စာအုပ် ဖတ်အားက တော်တော် နည်းသွားတယ်၊ ကလေး ရှိနေပြီဆိုတော့လေ၊ ဒါပေမဲ့ ဖတ်ခဲ့ရတဲ့ စာအုပ်တွေအားလုံးထဲမှာ ဆရာမဂျူးရဲ့ 'သူ မင်းကို ဘယ်တော့မှ' ကို အရမ်းကြိုက်တယ်။

**ကြိုက်ခဲ့တဲ့သီချင်း တစ်ပုဒ်**

သီချင်းတွေကျတော့ ကြိုက်တာတွေ အရမ်း များတော့ တစ်ပုဒ်ပြောဆိုရင် ဘာပြောရမှန်းတောင် မသိဘူး။ ဝိုင်းစုရဲ့ သီချင်း 'အချစ်ရိပ် ညနေ' သီချင်းကိုတော့ အရမ်းကြိုက်တယ်။

**ကြိုက်ခဲ့တဲ့ ရုပ်ရှင်တစ်ကား**

စင်ကာပူသွားတုန်းက ကြည့်ခဲ့ရတဲ့ Spider Man ၊ အခုနောက်ဆုံးထွက်တဲ့ The Amazing Spider Man ကို ကြိုက်တယ်။ ပြီးခဲ့တဲ့နှစ်မှာက ရုပ်ရှင်ကြည့်ရတာလည်း နည်းခဲ့တယ်။

**ဘယ် Fashion Design မျိုးတွေကို ကြိုက်နှစ်သက်စွာ ဝတ်ဖြစ်ခဲ့ပါသလဲ။**

အဲဒါတော့ တော်တော်ပြောရခက်သွားပြီ။ ဘာလို့ လဲဆိုတော့ Fashion ဆိုတာမျိုးက အမြဲတမ်းပြောင်းနေတာလေ၊ အဲ့ဒါတော့ Up Date ဖြစ်တဲ့ Fashion ကိုပဲ လိုက်ပြီးဝတ်ဖြစ်တယ်။ ဒါပေမဲ့လည်း အဲဒီ Up Date Fashion က ကိုယ်နဲ့ လိုက်မှပဲ ဝတ်တာပါ။ မလိုက်ဖက်တာတော့ မဝတ်ဖြစ်ပါဘူး။

**ကိုယ့်အတွက် အရေးကြီး ဆုံးပုဂ္ဂိုလ်**
အဲဒါဆိုရင်တော့ အုဝဲ့ရဲ့သမီးလေး ပြေသုဒြာ ပေါ့။ (ရယ်လျက်)

**ကိုယ့်ကိုစိတ်ပျက်စေခဲ့တဲ့ ပုဂ္ဂိုလ်**
အဲဒီလိုတော့ မရှိပါဘူး။

**ကိုယ့်ရဲ့လုပ်ရပ်တွေကြောင့် တောင်းပန်ရမယ့်လူဆိုရင် ဘယ်သူ့ကို တောင်းပန်ချင်ပါသလဲ။**
တောင်းပန်ရမယ့် လုပ်ရပ် ဘာများလုပ်မိပါလိမ့်။ အုဝဲ့ကတော့ အမှားမလုပ်မိခဲ့ဘူး ထင်တာပဲ။ ဒါပေမဲ့ ကိုယ်လုပ်တဲ့ လုပ်ရပ်က မှားတယ်ဆိုရင်တော့ အုဝဲ့က တောင်းပန်ဖို့ ဝန်မလေးပါ ဘူး။


**ကိုယ်ဆုံးရှုံးသွားရတဲ့သူ (သို့) ကိုယ့်ကို ထားခဲ့တဲ့သူ တစ်ယောက်**
အဲဒီလိုလည်း မရှိပါဘူး။

**ဆိုးဝါးစွာ ရင်ဆိုင်ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခု**
အုဝဲ့အတွက် အရမ်းဆိုးဝါးတယ်ဆိုတာမျိုး မရှိခဲ့ဖူးပါဘူး။

**ကိုယ့်ကို အားပေးခဲ့တဲ့သူ**
အားပေးတာမှာ နှစ်မျိုးရှိတယ်။ ကိုယ် အားငယ်နေတဲ့ အချိန်မှာ ဖေးမပြီး အားပေးတာမျိုးနဲ့ ကိုယ့်ရဲ့ လုပ်ရပ်တွေအပေါ် ကျေနပ်အားရစွာနဲ့ ဝမ်းသာစွာ အားပေးတာမျိုးပေါ့။ အစ်မရဲ့ ဘယ်လိုလုပ်ရပ်အပေါ် မဆို ကျေနပ်အားရစွာနဲ့ ဝမ်းသာစွာအားပေးတဲ့ အားပေးဖော်ကတော့ အစ်မရဲ့ခင်ပွန်း ကိုပြေတိုး ပါပဲ။

**ကိုယ်တိုင်ကကော ဘယ်သူ့ကို အားပေးဖြစ်ခဲ့လဲ**
အစ်မရဲ့ ခင်ပွန်းကိုပဲ ပြန်ပြီးအားပေးခဲ့တာပေါ့။ ဘာလို့လဲဆိုတော့ လက်ထပ်ပြီးချိန်မှာ အနီးကပ်ဆုံး လူနှစ်ယောက်က ခင်ပွန်းနဲ့ ဇနီးပဲလေ။ အပြန်အလှန် အားပေးဖြစ်ပါတယ်။ သူ့ရဲ့ အလုပ်တွေအားလုံးကိုလည်း အစ်မက အမြဲ တက်တက်ကြွကြွနဲ့ အားပေးဖြစ်ခဲ့ပါတယ်။

**ကိုယ့်ရဲ့ဘဝကို အပြောင်းအလဲ ဖြစ်သွားစေခဲ့တဲ့ ဖြစ်ရပ်တစ်ခု**
အရမ်းကို ကြီးမားတဲ့ အပြောင်းအလဲ ဖြစ်သွားတယ်။ အဲဒါကတော့ မိခင်ဘဝရောက်သွားတာပေါ့။ မိခင်ဘဝကို ဂုဏ်ယူစွာနဲ့ ပြောင်းလဲသွားတာပေါ့။



**ကိုယ့်အတွက် ရခဲ့တဲ့ အကောင်းဆုံး လက်ဆောင်**

အကောင်းဆုံးလက်ဆောင်ဆိုရင် အစ်မ မွေးနေ့မှာ ကိုပြေတီဦးက အစ်မကြိုက်တဲ့ Channel ပိုက်ဆံအိတ် လက်ဆောင် ဝယ်ပေးခဲ့တယ်။ အစ်မလိုချင်နေခဲ့တဲ့အိတ်ဆိုတော့ အဲဒီ လက်ဆောင်ကို ကြိုက်တယ်။

**ကိုယ်ဝယ်ယူသိမ်းဆည်းဖြစ်ခဲ့တဲ့ ပစ္စည်းတွေထဲက တန်ဖိုးအကြီးဆုံးပစ္စည်း**

သူများတွေအတွက်တော့ တန်ဖိုးရှိချင်မှ ရှိလိမ့်မယ်။ ဒါပေမဲ့ အစ်မအတွက်တော့ တန်ဖိုးကြီးတာပေါ့။ အဲဒါကတော့ အိတ်တွေပဲ။ အစ်မက လက်ကိုင်အိတ်တွေ အရမ်းကြိုက်တယ်။ Channel Brad ကို ကြိုက်တယ်။ သူများတွေလို ရတနာပစ္စည်းတွေ ဘာတွေကို မကြိုက်ဘူး။

**သွားခဲ့တဲ့ ခရီးတွေထဲက ကိုယ့်အတွက် အပျော်ရွှင်ဆုံးဖြစ်ခဲ့ရတဲ့ ခရီးတစ်ခု**

ပျော်ခဲ့ရတဲ့ ခရီးဆိုရင် မနှစ်က သင်္ကြန် အပြီးနွေရာသီမှာ မေမြို့ကို ကား သွားနိုက်ရတယ်။ ကိုပြေတီဦးရော အစ်မရော သွားရတာ။ သမီးလေးပါ ခေါ်သွားခဲ့တယ်။ ရာသီဥတုလေးကလည်း သာယာတယ်။ မိသားစုလည်း စုံနေခဲ့တော့ အဲဒီ ခရီးလေးတော့ ပျော်ခဲ့ရတယ်။

**ဂုဏ်ယူစရာအကောင်းဆုံး ကိုယ့်ရဲ့အောင်မြင်မှု**

ဂုဏ်ယူစရာ အကောင်းဆုံး အောင်မြင်မှု ကတော့ သမီးလေး ပြေသုဒြာ ရဲ့ မေမေ ဖြစ်ခွင့်ရတာပါပဲ။

**၂၀၁၂ မှာ ကိုယ့် အတွက် အကျိုးအမြတ်ရတာက ဝင်ငွေ၊ အလုပ်အကိုင်၊ ချစ်ခြင်း ဘယ်မှာရလိုက်တာလဲ**

၂၀၁၂ က အစ်မ အတွက် အမြတ်များတယ် ပြောရမယ်။ ဝင်ငွေ ဆိုတာက အလုပ်အကိုင်နဲ့ ဆက်နေတာလေ။ ၂၀၁၂ မှာ အလုပ်အကိုင် အနေနဲ့ပြောရရင် ကောင်းတယ်ဆိုရမယ်။ ဒီတော့ ဝင်ငွေလည်း မဆိုးခဲ့ဘူး။ ချစ်ခြင်း မှာလည်း အမြတ် ရတယ်။ အဲဒီတော့ ၃ ခုလုံး အကျိုးအမြတ် ရပါတယ်။

**သင်ယူခဲ့ရတဲ့ ပညာရပ်က ဘာတွေလဲ**

(ရယ်လျက်)။ သမီးကို ထိန်းနေတာနဲ့ပဲ ဘာမှ မသင်လိုက်ရပါဘူး။

**အဖြစ်အပျက်တွေထဲမှာ မေ့ပစ်ချင်တဲ့ အဖြစ်အပျက်တစ်ခု**

မေ့ပစ်ချင်လောက်အောင် စိတ်ပျက်ဖို့ ကောင်းတဲ့ အဖြစ်အပျက်မျိုးတော့ မရှိခဲ့ပါဘူး။

**ကိုယ် လက်ကိုင်ထားခဲ့တဲ့ အဆိုအမိန့် တစ်ခု**

အစ်မ အမြဲတမ်း လက်ကိုင်ထားတဲ့ စကားကတော့ 'စေတနာကောင်းရင် ကံကောင်းမယ်' ဆိုတဲ့ စကားပါပဲ။ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ ကောင်းစေလိုတဲ့ စေတနာလေးသာ ထည့်ပြီးလုပ်ရင် ကံကောင်းခြင်းတွေက ရောက်လာမှာပါ။ အလုပ်အပေါ်၊ မိသားစုအပေါ် စေတနာလေး ကောင်းကောင်းထားပေါ့။

**ခဏခဏပြော ဖြစ်ခဲ့တဲ့ စကားတစ်ခွန်း**

ခဏခဏ ပြောနေရတာတော့ 'သမီးလေး ရေ မေမေ့ကို Kiss ပေးပါ' ဆိုတဲ့ စကားပါပဲ။

**ခက်ခက်ခဲခဲနဲ့ အခြေအတင်ဖြစ်ပြီးမှ ကိုယ့်လက်ထဲရောက်လာခဲ့တဲ့ အရာ**

အဲဒီလို ခက်ခက်ခဲခဲနဲ့တော့ မရှိခဲ့ပါဘူး။ အမြဲတမ်းလွယ်ကူ အဆင်ပြေနေတာတော့ မဟုတ်ပေမယ့်လည်း အရမ်းတော့ မခက်ခဲခဲ့ပါဘူး။

**၂၀၁၂ မှာ လုပ်လိုက်ရလို့ နောင်တရခဲ့တဲ့ ဖြစ်ရပ်**

အစ်မက နောင်တမရတတ်ဘူး။ ကိုယ် လုပ်ချင်ခဲ့လို့လုပ်လိုက်တဲ့ကိစ္စအပေါ်မှာလည်း နောင်တ မရတတ်ဘူး။


**မလုပ်လိုက်ရလို့ နောင်တရခဲ့တဲ့ ဖြစ်ရပ်**

အဲဒီလိုတော့ မရှိပါဘူး။

**၂၀၁၂ တစ်နှစ်လုံးကို ခြုံလိုက်ရင် ကိုယ့်အတွက် ကောင်း၊ မဆိုး၊ ဒီလိုပဲလား . . .**

အခု ရတီက မေးတာတွေကို ဖြေရင်း ပြန်စဉ်းစားတော့ အစ်မအတွက် ပြီးခဲ့တဲ့နှစ်က အကောင်းထဲမှာ ပါတာပဲ။ ဝမ်းသာဖို့ကောင်းတယ်နော်။ ၂၀၁၂ က အစ်မအတွက် ကောင်းတဲ့နှစ်ပါ။

**ဖြိုးစုပိုပို**



Asian Fame Media Group

# Last Year

## Myint Myat

arranged by phyoe su po po



## At 2012

### ကြိုက်ခဲ့တဲ့ စာအုပ်တစ်အုပ်

ပြီးခဲ့တဲ့နှစ်မှာတော့ ကျွန်တော်က တရားစာအုပ်တွေပဲ ဖတ်တာများခဲ့တယ်။ အကြိုက်ဆုံး စာအုပ်ဆိုရင်တော့ ဆရာတော် ရဝေနွယ် (အင်းမ) တို့၊ အရှင်ဆန္ဒာဓိကတို့ရဲ့ စာအုပ်တွေပါပဲ။ ထပ်ခါ ထပ်ခါကို ပြန်ဖတ်ဖြစ်နေတယ်။

### ကြိုက်ခဲ့တဲ့သီချင်းတစ်ပုဒ်

၂၀၁၂ နှစ်ထဲမှာ ကျွန်တော်ရယ်၊ ကောင်းကောင်းရယ်၊ အိုင်းရစ်ဇင်မာမြင့်ရယ် 'ဘဝ တစ်ကွေ့' ဆိုတဲ့ အခွေထွက်ခဲ့တယ်။ အဲဒီအခွေထဲက 'နှလုံးသား အရင်းအနှီး' ဆိုတဲ့ သီချင်းကို အရမ်း ကြိုက်ခဲ့တယ်။ ကျွန်တော်က သီချင်းကို အေးအေးလေးတွေပဲ ကြိုက်တယ်။

### ကြိုက်ခဲ့တဲ့ ရုပ်ရှင်တစ်ကား

ကြိုက်ခဲ့တဲ့ ရုပ်ရှင်ကားဆိုရင်တော့ 'In Time' ကားကို ကြိုက်တယ်။ ကျွန်တော် ပါဝင်ခဲ့ရတဲ့ ရုပ်ရှင်ကားဆိုရင်တော့ 'ကျော်ဟိန်း တပည့်' ဆိုတဲ့ကားကို ကျွန်တော် ကြိုက်တယ်။ အဲဒီကားထဲက ကျွန်တော့်ရဲ့ Character ကိုလည်း ကြိုက်တယ်။

Asian Fame Media Group



### ဘယ် Fashion Design မျိုးတွေကို ကြိုက်နှစ်သက်စွာ ဝတ်ဖြစ်ခဲ့ပါသလဲ။

ကျွန်တော့်ရဲ့ Fashion က သိပ်ပြီး စွဲစွဲမြဲမြဲတော့ မရှိခဲ့ပါဘူး။ ဇာတ်ကား ရဲ့ Character ပေါ် မူတည်ပြီး ဝတ်တာပဲ။ ပွဲတွေ ဘာတွေ တက်ရင်တော့ ကျွန်တော်က Formal ပုံစံပဲ ဝတ်ဖြစ်ပါတယ်။

### ကိုယ့်အတွက် အရေးကြီးဆုံးပုဂ္ဂိုလ်

ကျွန်တော့်အတွက် အရေးအကြီးဆုံး ပုဂ္ဂိုလ် ဆိုရင်တော့ ကျွန်တော့် မိသားစုပဲ ဖြစ်မှာပါ။ မိသားစု ပြီးရင်တော့ ကျွန်တော့်ပရိသတ်ပါပဲ။

### ကိုယ့်ကိုစိတ်ပျက်စေခဲ့တဲ့ ပုဂ္ဂိုလ်

ကျွန်တော့်ကို စိတ်ပျက်စေခဲ့တဲ့ ပုဂ္ဂိုလ် ရှိခဲ့ပါတယ်။ ဘယ်သူ ဘယ်ဝါရယ်လို့တော့ မပြောတော့ပါဘူး၊ တစ်ယောက်တောင်မကဘူး။ ပတ်ဝန်းကျင်နဲ့အမှုကို ရှိခဲ့တာ။

### ကိုယ့်ရဲ့လုပ်ရပ်တွေကြောင့် တောင်းပန်ရမယ့် လူဆိုရင် ဘယ်သူ့ကို တောင်းပန်ချင်ပါသလဲ။

တောင်းပန်ဖို့ဆိုတာထက် ကျွန်တော်က လူမှန်ရှု၊ လူမှန် ဖြစ်တဲ့အတွက် အမှန်ဆုံး၊ အကောင်းဆုံး ဖြစ်အောင် နေတယ်။ ဘယ်သူ့ကိုမှ ကျွန်တော်က မစော်ကားဘူး။ မလိမ်ဘူး၊ လုပ်သစ္စာနဲ့ပဲ နေပါတယ်။ အဲဒီလိုနေရင်း ကျွန်တော် မသိလိုက်လို့ မှားသွားတဲ့ အမှားတွေတော့ ရှိပါလိမ့်မယ်။ ကျွန်တော့်အပြုအမူက စိတ်ခုစရာ ဒေါသထွက်စရာ ဖြစ်သွားခဲ့ရင် ဘယ်သူ မှန်တယ် မှားတယ် ဆိုတာထက် ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားခဲ့ရင်ပဲ အဲဒီလူတွေ အားလုံးကို ကျွန်တော် ရတီကတစ်ဆင့် တောင်းပန်ပါတယ်။

### ကိုယ်ဆုံးရှုံးသွားရတဲ့သူ (သို့) ကိုယ့်ကိုထားခဲ့တဲ့သူတစ်ယောက်

ကျွန်တော့်ရဲ့ လက်အောက်ငယ်သားတချို့ ပါပဲ။ ကျွန်တော်နဲ့ နှစ်ရှည်လများ လက်တွဲလာပြီး ညီအစ်ကိုလိုနေခဲ့ပြီးမှ ပတ်ဝန်းကျင် ကြောင့်ရော သူတို့ကိုယ်တိုင်တွေကြောင့်ရော ဆုံးရှုံးခဲ့ရတယ်။ အဲဒီအတွက် ကျွန်တော် တော်တော် စိတ်မကောင်း ဖြစ်ရပါတယ်။

### ဆိုးဝါးစွာ ရင်ဆိုင်ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခု

အဲဒီလို ဆိုးဝါးတဲ့ အဖြစ်အပျက် ကြုံခဲ့ရပါတယ်။ ကျွန်တော့်ဘဝအတွက် တော်တော်ဆိုးဝါးတယ်လို့တောင် ပြောလို့ ရပါတယ်။ ကျွန်တော့်အတွက် သေလုနီးပါး ဆိုးခဲ့တာပါ။ ဒါပေမဲ့ အဲဒါတွေကို ကျွန်တော် ကျော်ဖြတ်နိုင်ခဲ့ပြီးပါပြီ။ ကျေနပ်ပါတယ်။

### ကိုယ့်ကို အားပေးခဲ့တဲ့သူ

မနှစ်က တစ်နှစ်လုံး အားပေးခဲ့တဲ့သူဆိုရင်တော့

Asian Fame Media Group

ကျွန်တော့်ရဲ့ မိသားစုနဲ့ ကျွန်တော့်ရဲ့ ပရိသတ်တွေပါပဲ။

**ကိုယ်တိုင်ကကော ဘယ်သူ့ကို အားပေးဖြစ်ခဲ့လဲ**

အားပေးတယ်ဆိုတာမှာ ကျွန်တော့်ရဲ့ ရပ်တည်မှုက တစ်ယောက်တည်းအတွက် မဟုတ်ဘူး။ ကျွန်တော့် ပတ်ဝန်းကျင်၊ ကျွန်တော့်အသိုင်းအဝိုင်း အတွက် အမြဲတမ်းတတ်နိုင်သလောက် အားပေးဖြစ်တယ်။ တစ်ဦးတစ်ယောက်အတွက် ရည်ရွယ်ပြီးတော့ မလုပ်ဖြစ်ပေမယ့် ကျွန်တော် တတ်နိုင်တဲ့ဘက်ကနေတော့ ကျွန်တော့်အသိုင်းအဝိုင်းအတွက် အားပေးကူညီဖြစ်ပါတယ်။

**ကိုယ့်ရဲ့ဘဝကို အပြောင်းအလဲဖြစ်သွားစေခဲ့တဲ့ ဖြစ်ရပ်တစ်ခု**

အပြောင်းအလဲတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ အချိန်နှောင်းသွားတာမျိုးတွေ၊ ကျွန်တော့်အလုပ် မှာ အနှောင့်အယှက်ဖြစ်ခဲ့တာမျိုးတွေတော့ ရှိခဲ့ပါတယ်။ ဒါကတော့ ပတ်ဝန်းကျင်ရဲ့ တိုက်ခိုက်မှုပေါ့။ ဒီလောကသားတွေပါပဲ။ အဆိုးဆုံးပါပဲ။ တိုက်ခိုက်မှုတွေကြောင့် ရိုက်ခတ်မှုတွေလည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်က စိတ်စေတနာ ဖြူဖြူစင်စင်ပဲ ထားခဲ့ပါတယ်။

**ကိုယ့်အတွက်ရခဲ့တဲ့ အကောင်းဆုံးလက်ဆောင်**

အတွေ့အကြုံပါပဲ။ ကျွန်တော် လူတွေအကြောင်းကို ၂၀၁၂ မှာ တော်တော်လေး သိခဲ့ရတယ်။

**ကိုယ်ဝယ်ယူသိမ်းဆည်းဖြစ်ခဲ့တဲ့ ပစ္စည်းတွေထဲက တန်ဖိုးအကြီးဆုံးပစ္စည်း**

မဝယ်ဘဲနဲ့ ရခဲ့တာပါ။ အဲဒါက နောင်တတွေပါ။ ငါ ဘာလို့ လူတွေအပေါ် ဒီလောက်တောင် ယုံလိုက်ရလဲ ဆိုတဲ့ နောင်တတွေပါပဲ။

**သွားခဲ့တဲ့ ခရီးတွေထဲက ကိုယ့်အတွက် အပျော်ရွှင်ဆုံးဖြစ်ခဲ့ရတဲ့ ခရီးတစ်ခု**


ပျော်ခဲ့ရတဲ့ ခရီးစဉ်က ကျွန်တော့်အတွက် မရှိခဲ့ပါဘူး။ ခရီးအကုန်လုံးကလည်း အလုပ်ကိစ္စနဲ့ သွားတာဆိုတော့ အလုပ်ဖိစီးမှုတွေနဲ့ သွားခဲ့ရတာပါ။

**ဂုဏ်ယူစရာအကောင်းဆုံး ကိုယ့်ရဲ့အောင်မြင်မှု**

အဲဒီလို အောင်မြင်မှုဆိုရင်တော့ ၂၀၁၂ မှာ ကျွန်တော့်ကို ထိုးနှက်မှုတွေ ရိုက်ခတ်မှုတွေက တခြားနှစ်တွေနဲ့ မတူဘူး။ အဲဒါတွေကို ကျွန်တော် ကောင်းကောင်းကျော်ဖြတ်နိုင်ခဲ့တယ်ဗျ။ တခြားလူသာဆိုရင် ပြိုလဲသွားနိုင်တယ်။ ကျွန်တော်က တော့ တောင့်ခံနိုင်ခဲ့တယ်။ ဒါတွေကို တောင့်ခံနိုင်ခဲ့တာက ကျွန်တော့်ရဲ့ ဂုဏ်ယူစရာအကောင်းဆုံး ကိုယ့်ရဲ့အောင်မြင်မှုပါပဲ။ စိန်ခေါ်မှုတွေကို အောင်နိုင်ခဲ့ပါတယ်။

**ကိုယ့်အတွက် အကျိုးအမြတ် ရတာက ဝင်ငွေ၊ အလုပ်အကိုင်၊ ချစ်ခြင်း ဘယ်မှာ ရလိုက်တာလဲ**

အကျိုးအမြတ်ကတော့ ဘာမှမရလိုက်ပါဘူး။ ကျွန်တော့်ရဲ့ အတွေ့အကြုံမရင့်ကျက်မှုကြောင့် လူတွေရဲ့ လှည့်ဖြားမှုတွေ ခံခဲ့ရပြီး လူတွေအကြောင်း သိခွင့်ရခဲ့တာပဲ ရှိပါတယ်။ ကိုယ့်ရဲ့ စေတနာတွေကို ဝေဒနာလို့ ပြန်တုံ့ပြန်တာမျိုးတွေပဲ ရခဲ့ပါတယ်။



**သင်ယူခဲ့ရတဲ့ ပညာရပ်က ဘာတွေလဲ**

ကျွန်တော့်ရဲ့ အနုပညာအလုပ်နဲ့ ပတ်သက်ပြီး လေ့လာခဲ့ရတာတွေပါပဲ။ ကျွန်တော်က အခု ၂၀၁၃ ဆိုရင် ကျွန်တော့်ရဲ့ အနုပညာသက်တမ်းက ၇ နှစ်ထဲရောက်ပြီပေါ့။ ကားရိုက်တာမှာလည်း Character တွေက စုံသလောက် ရှိပါပြီ။ အတွေ့အကြုံတွေလည်း ရတန်သလောက်တော့ ရပါပြီ။ ဆက်ပြီးတော့လည်း အနုပညာနဲ့ ပတ်သက်တဲ့ ပညာရပ်တွေကို လေ့လာဖြစ်နေမှာပါ။

**အဖြစ်အပျက်တွေထဲမှာ မေ့ပစ်ချင်တဲ့ အဖြစ်အပျက်တစ်ခု**

မေ့ပစ်ချင်တဲ့ ကိစ္စတွေကတော့ ကျွန်တော် လူတွေအပေါ်မှာ ကောင်းခဲ့တာ၊ လူတွေအပေါ်မှာ စေတနာထားခဲ့တာတွေကို မေ့ပစ်ချင်တယ်။

**ကိုယ် လက်ကိုင်ထားခဲ့တဲ့ အဆိုအမိန့်တစ်ခု**

ကျွန်တော်အရင်တုန်းက လက်ကိုင်ထားတာက “လူ့အောက်ကျို့လို့ မသေနိုင်ဘူး” ဆိုတာပေါ့။ အဲဒီဆောင်ပုဒ်ကို လက်ကိုင်ထားခဲ့လို့လည်း ကျွန်တော် အခုလို နေရာလေးတစ်နေရာ ရခဲ့ရတာပါ။ ဒီ ၂၀၁၂ မှာတော့ ပြောင်းသွားတယ်။ ‘လောကမှာ လူပီသဖို့အရေးကြီးတယ်’ ဆိုတာပေါ့။

**တစ်နှစ်အတွင်းမှာ ခဏခဏပြောဖြစ်ခဲ့တဲ့ စကားတစ်ခွန်း**

“ဩော် ငါက လူတွေအပေါ်မှာတော့ ကောင်းခဲ့ပြီး ငါ့အပေါ်တော့ ဘာလို့ ပြန်မကောင်းတာလဲ မသိဘူး။ စိတ်ညစ်လိုက်တာကွာ” ဆိုပြီး ခဏခဏ ပြောဖြစ်ခဲ့တယ်။

**ခက်ခက်ခဲခဲနဲ့ အခြေအတင်ဖြစ်ပြီးမှ ကိုယ့်လက်ထဲ ရောက်လာခဲ့တဲ့ အရာ**

အခြေအတင် ဖြစ်ပြီးမှ ကိုယ့်လက်ထဲ ရောက်လာတာက ကောင်းတာ၊ ဆိုးတာ ထားဦး။ အချိန် တော်တော်ကုန်တယ်။ အချိန်တွေ ဆုံးရှုံးရတယ်ဗျ။ ပြီးတော့ ကျွန်တော်တို့ အခုလုပ်နေတဲ့ အလုပ်က စီးပွားရေး လုပ်ငန်း မဟုတ်ဘူး။ အနုပညာ အလုပ်ဗျ။ အဲဒီတော့ ဒီလိုအခြေအတင်ဖြစ်ရပြီဆိုရင်ကို အလုပ်မှာအရမ်းကို အနှောင့်အယှက်ဖြစ်ရပြီ။ ကျွန်တော့်အတွက် ၂၀၁၂ မှာ အဲဒီလို အခြေအတင်တွေက ၃ လကနေ ၄ လ ကြားမှာ ရှိခဲ့တယ်။ ကောလာဟလတွေပေါ့ဗျာ။ ကျွန်တော် တော်တော်ကို ပြန်ပြီး ထူထောင် ခဲ့ရတယ်။

**၂၀၁၂ မှာ လုပ်လိုက်ရလို့ နောင်တရခဲ့တဲ့ ဖြစ်ရပ်**

ကျွန်တော်ရလိုက်တဲ့ နောင်တက နောင်တဆိုတာထက် အတွေ့အကြုံ များလိမ့်မယ်ဗျ။

**မလုပ်လိုက်ရလို့ နောင်တရခဲ့တဲ့ ဖြစ်ရပ်**

အဲဒီလို ဖြစ်ရပ်မျိုးတွေ အများကြီးရှိပါတယ်။ ကျွန်တော့်မှာ အရှက်ရှိတယ်။ ဒေါသရှိတယ်။ ကျွန်တော့်ကို စော်ကားတာမှာ ရစရာမရှိအောင်ကို ကောလာဟလတွေ လွှင့်တော့ ကျွန်တော် လူတစ်ယောက်ကို သတ်ပစ်ချင်လောက်အောင်ကို ဒေါသထွက်တယ်။ ငါယုံမိလေခြင်းဆိုပြီး နောင်တရခဲ့ရတယ်။

**၂၀၁၂ တစ်နှစ်လုံးကို ခြုံလိုက်ရင် ကိုယ့်အတွက် ကောင်း၊ မဆိုး၊ ဒီလိုပဲလား . . .**

၂၀၁၂ ကို တစ်နှစ်လုံး ခြုံလိုက်ရင် ဆိုးပါတယ်။ ကျွန်တော့်အသက် အခု ၂၆ နှစ်ရှိပါပြီ။ ကျွန်တော့်ဘဝ ၂၆ နှစ်အတွင်းမှာ အဆိုးဆုံးတွေကို ကြုံခဲ့ရတာက ၂၀၁၂ မှာပဲ ကြုံခဲ့ရတာပါ။

ဖြိုးစုပိုပို

Asian Fame Media Group

# Last Year

## Hein Wai Yan

arranged by phyoe su po po



### At 2012

**ကြိုက်ခဲ့တဲ့ စာအုပ်တစ်အုပ်**
စိတ်ဖိစီးမှုလျှော့ချနည်း (Paul McGee)

**ကြိုက်ခဲ့တဲ့သီချင်း တစ်ပုဒ်**
Dance on the Hour

**ကြိုက်ခဲ့တဲ့ ရုပ်ရှင်တစ်ကား**
Mysterious Island

**ဘယ် Fashion Design မျိုးတွေကို ကြိုက်နှစ်သက်စွာ ဝတ်ဖြစ်ခဲ့ပါသလဲ။**
Design တွေအားလုံးကို ဝတ်ဖြစ်ပါတယ်။ ဒါပေမဲ့ လွတ်လွတ်လပ်လပ်ရှိတဲ့ Free Style ကို ပိုသဘောကျတယ်။

Asian Fame Media Group



**ကိုယ့်အတွက် အရေးကြီးဆုံးပုဂ္ဂိုလ်**
မိဘ၊ ညီအစ်ကိုမောင်နှမတွေက ပိုပြီးအရေးကြီးတယ်။ အားလပ်တဲ့အချိန် မိသားစုနဲ့ပဲ နေဖြစ်တယ်။

**ပြီးခဲ့တဲ့ နှစ်ထဲမှာ ကိုယ့်ကိုစိတ်ပျက်စေခဲ့တဲ့ ပုဂ္ဂိုလ်**
ထွေထွေထူးထူး မရှိပါဘူး။

**၂၀၁၂ အတွင်းမှာ ကိုယ့်ရဲ့ လုပ်ရပ်တွေကြောင့် တောင်းပန်ရမယ့်လူဆိုရင် ဘယ်သူ့ကို တောင်းပန်ချင်ပါသလဲ။**
မရှိပါဘူး

**ကိုယ်ဆုံးရှုံးသွားရတဲ့သူ (သို့) ကိုယ့်ကို ထားခဲ့တဲ့သူ တစ်ယောက်**
မရှိပါဘူး

**ဆိုးဝါးစွာ ရင်ဆိုင်ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခု**
ကျန်းမာရေးဆိုရင်တော့ ခေါင်းခဏခဏ ကိုက်တယ်။ ကျန်တာတော့ ထွေထွေထူးထူး မရှိပါဘူး။

**၂၀၁၂ အတွက် ကိုယ့်ကို အားပေးခဲ့တဲ့သူ**
ပရိသတ်ပေါ့

**ကိုယ်တိုင်ကတော ဘယ်သူ့ကို အားပေးဖြစ်ခဲ့လဲ**
ရိုးသေမှုနှင့် စံပြမှုရှိတဲ့လူမျိုး


**၂၀၁၂ ထဲမှာ ကိုယ့်ရဲ့ဘဝကို အပြောင်းအလဲ ဖြစ်သွားစေခဲ့တဲ့ ဖြစ်ရပ်တစ်ခု**
မရှိပါဘူး

**၂၀၁၂ မှာ ကိုယ့်အတွက်ရခဲ့တဲ့ အကောင်းဆုံး လက်ဆောင်**
နာရီ

**၂၀၁၂ မှာ ကိုယ်ဝယ်ယူ သိမ်းဆည်းဖြစ်ခဲ့တဲ့ ပစ္စည်းတွေထဲက တန်ဖိုးအကြီးဆုံး ပစ္စည်း**
Sport Car

**၂၀၁၂ မှာ သွားခဲ့တဲ့ ခရီးတွေထဲက ကိုယ့်အတွက် အပျော်ရွှင်ဆုံးဖြစ်ခဲ့ရတဲ့ ခရီးတစ်ခု**
ပြင်ဦးလွင်

Asian Fame Media Group




**ဂုဏ်ယူစရာအကောင်းဆုံး ကိုယ့်ရဲ့အောင်မြင်မှု**

ပရိသတ်အားပေးမှု

**ကိုယ့်အတွက် အကျိုးအမြတ်ရတာက ဝင်ငွေ၊ အလုပ်အကိုင်၊ ချစ်ခြင်း ဘယ်မှာ ရလိုက်တာလဲ**

၁၅၀၀ အချစ်

**သင်ယူခဲ့ရတဲ့ ပညာရပ်က ဘာတွေလဲ**

ဘဝသင်ခန်းစာ

**အဖြစ်အပျက်တွေထဲမှာ မေ့ပစ်ချင်တဲ့ အဖြစ်အပျက် တစ်ခု**

မရှိ

**ကိုယ် လက်ကိုင်ထားခဲ့တဲ့ အဆိုအမိန့် တစ်ခု**

39 Concept, Responsible, Reliable & Renakable

**တစ်နှစ်အတွင်းမှာ ခဏခဏ ပြောဖြစ်ခဲ့တဲ့ စကားတစ်ခွန်း**

နားချင်တယ် အမေရယ်

**ခက်ခက်ခဲခဲနဲ့ အခြေအတင် ဖြစ်ပြီးမှ ကိုယ့် လက်ထဲရောက်လာခဲ့တဲ့ အရာ**

မရှိပါဘူး

**လုပ်လိုက်ရလို့ နောင်တရခဲ့တဲ့ ဖြစ်ရပ်**

မရှိပါဘူး

**မလုပ်လိုက်ရလို့နောင်တရခဲ့တဲ့ဖြစ်ရပ်**

မရှိပါဘူး

**၂၀၁၂ တစ်နှစ်လုံးကို ပြန်ကြည့်လိုက်ရင် ကိုယ့် အတွက် ကောင်း၊ မဆိုး၊ ဒီလိုပဲလား . . .**

ဒီလိုပါပဲ

**၂၀၁၂ မှာ ကမ္ဘာပျက်မယ်လို့ ပြောကြတဲ့အပေါ် ဘယ်လိုဆွေးနွေးချင်လဲ**

ပျက်ချိန်တန်ရင် ပျက်မှာပါ

**တကယ်လို့ ကမ္ဘာပျက်ခဲ့ရင် ကိုယ်တိုင်က ကော ဘာတွေလုပ်ဖြစ်မလဲ**

ကမ္ဘာကို ဖင်ခုထိုင်မှာပေါ့။

**ဖြိုးစုပိုပို**

Asian Fame Media Group
MEDIA GROUP

# Maternal Words

Arranged by Thid Soe







ဒီတစ်လမှာတော့ မိခင်တစ်ယောက်ရဲ့စိတ်ခံစားမှု၊ သားသမီးအပေါ် မေတ္တာထားတတ်မှု၊ ဂရုစိုက်မှုတွေကို ဖွင့်ဟပြောပြထားတဲ့ ကဏ္ဍသစ် တစ်ခုအဖြစ် Maternal Words ကဏ္ဍကို ဖွင့်လှစ်လိုက်ပါတယ်။ ပရိသတ်များရဲ့ အားပေးမှုနဲ့ ချစ်ခင်မှုကို ပိုင်ဆိုင်ထားတဲ့ သရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ အောင်မြင်နေတဲ့ အဆိုတော် ဟဲလေးရဲ့ဇနီး မြတ်သီရိလင်း။ သရုပ်ဆောင် အဖြစ်ရော Presenter အဖြစ် လူကြိုက်များနေတဲ့ ဆန်းထွဋ်ရဲ့ဇနီး မဇင်မင်းတို့ကို "မိခင်" တစ်ယောက်ရဲ့ခံစားချက်တွေ မေးမြန်းဖြစ်ခဲ့ပါတယ်။ ကိုယ်တိုင်မိခင်ဖြစ်လာမှ မိခင်မေတ္တာကို နားလည်သွားပြီး သားသမီးတွေ အပေါ်ထားတဲ့ မေတ္တာစိတ်ကို ဖော်ကျူးထားတဲ့ Maternal Words ကဏ္ဍ ....

# Maternal Words

Model - Moe Pyae Pyae Maung, Photo - @ Bonny, Arranged by Thida Soe





Asian Fame Media Group

**‘မိခင်’ ဆိုတဲ့ ဝေါဟာရအပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက် . . .**

မိခင် တစ်ယောက်ရဲ့ မေတ္တာဟာ နက်နက်ရှိုင်းရှိုင်းနဲ့ အရမ်းကို အေးမြပါတယ်။ အစ်မက သရုပ်ဆောင် တစ်ယောက်ဆိုတော့ ခံစားမှုတွေနဲ့ ပတ်သက်ပြီး သရုပ်ဆောင်ဖူးတယ်။ ကိုယ်တိုင်လည်း အမေနေရာတွေ၊ သမီးနေရာတွေ သရုပ်ဆောင်ခဲ့ဖူးတယ်လေ။ အဲဒီတုန်းက ခံစားချက်တွေနဲ့ လုံးဝခြားနားပြီးတော့ ဘာနဲ့မှမတူတဲ့ ခံစားမှုမျိုးကို အခုခံစားရတယ်။ သမီးလေးကို နို့တိုက်နေရတဲ့ မိခင်တစ်ယောက်အနေနဲ့ ရင်ထဲမှာ တလှပ်လှပ်နဲ့ ရင်ခုန်တယ်၊ အရမ်းကြည်နူးတယ်။ သမီးလေးအပေါ် ထားတဲ့ မေတ္တာက ပြောပြလို့တောင် မရပါဘူး။ အဲဒီတော့ မိုးပြည့်အနေနဲ့ ‘မိခင်’ ကို အဓိပ္ပာယ်ဖွင့်ဆိုရမယ်ဆိုရင် ‘ဘာနဲ့မှ နှိုင်းလို့မရတဲ့အရာ’ လို့ အဓိပ္ပာယ် ဖွင့်ဆိုချင်ပါတယ်။ ပြောပြလို့မရတဲ့ ခံစားချက်မျိုးပေါ့နော်။






**သားသမီး မရှိခင်က မိဘအပေါ် နားလည်သိတတ်မှုနဲ့ ရင်သွေးလေးရလာတဲ့အချိန်မှာ မိခင်အပေါ် နားလည်သိတတ်မှု ဘယ်လိုကွာခြားသွားလဲ။**

အရမ်း ကွာခြားသွားပါတယ်။ အရင်တုန်းက တော့ အမေကို ဆိုးတာတွေ၊ စိတ်ကောက်တာတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ အမေကို အရမ်းချစ်တယ်။ အမေက အလို လိုက်ပါတယ်။ တစ်ခါ တလေမှာ အစ်မကို အမေက အလိုမလိုက်ရင် စိတ်ကောက်ချင်တယ်လေ။ ဒါပေမဲ့ အခု အမေနေရာ ရောက်လာတဲ့ အချိန်မှာ အဲဒီ ခံစားချက်တွေကို နားလည်လာတယ်။ အခုဆိုရင် အမေကို အရင်ကထက်ပိုပြီး နား လည်ပေးတတ်လာတယ်။ 'ကြော် . . . ငါ့အမေ သားသမီးတွေကို အရမ်းချစ်တဲ့အတွက် ပြောမိဆိုမိတာ ဖြစ်မှာပါ' လို့ တွေးတတ်လာတယ်။ အစ်မ အနေနဲ့ သမီးလေး ရလာတဲ့အချိန်မှာအမေ့အပေါ်ကို ပိုပြီး နားလည်လာတယ်လို့ ထင်ပါတယ်။

**'သားသမီးမကောင်း မိဘခေါင်း' လို့ ဆိုရိုးစကားရှိတယ်လေ။ ကိုယ်မွေးထားတဲ့ သားသမီးရဲ့ ဘဝလမ်းကြောင်း တည့်မတ်မှန်ကန်ဖို့ မိဘနဲ့ အတိအကျ သက်ဆိုင်နေတယ်ဆိုတာကို လက်ခံပါသလား။**

အစ်မ လုံးဝလက်ခံပါတယ်။ မိဘအုပ်ထိန်းမှုအောက်မှာ သားသမီးတွေက ကြီးပြင်းရတာလေ။ သားသမီးဆိုးတာ၊ ကောင်းတာ မိဘအနေနဲ့ ပြောပိုင်ခွင့်ရှိရမယ်။ အစ်မအမေဆို အစ်မကို လူကြားထဲတောင် မရှောင်ဘူး ဆူစရာရှိရင် ဆူတတ်တယ်။ စည်းကမ်းပိုင်းနဲ့ ပတ်သက်ရင် အမေက အစ်မကို ချုပ်ချယ်တယ်။ ပြောခဲ့တယ်၊ ဆိုခဲ့တယ်ပေါ့နော်။ မိဘဆိုတာ ဒီလိုပဲ ဖြစ်ရမှာပဲလေ။ ချစ်လို့ အလိုလိုက်တယ်ဆိုတာက လိုက်သင့်တဲ့ဟာနဲ့ မလိုက်သင့်တဲ့ဟာကို ခွဲသင့်တယ်လို့တော့ အစ်မထင်တယ်။ အဲဒါမှ ကိုယ့်သားသမီးဘဝက လမ်းကြောင်းမှန်ကို ရောက်မှာလေ။ အဲဒါကလည်း အခု အစ်မမှာ သားသမီး ရလာမှ စဉ်းစားမိတာပေါ့နော်။ 'သားသမီးမကောင်း မိဘခေါင်း' ဆိုတာက မိဘနဲ့သားသမီး ကြားမှာ လုံးဝသက်ဆိုင်နေပါတယ်။

**ကိုယ်တိုင်ကော သားသမီးကောင်း ဖြစ်အောင် ဘယ်လို နေထိုင်ကျင့်ကြံပါသလဲ။**

အစ်မက အမေစကားကို နားထောင်တယ်။ ဖေကြီးက အစ်မ ၁၀ တန်းကတည်းက ဆုံးသွားတော့ ဒီအမေတစ်ယောက်ပဲ ရှိတယ်လေ။ ဒီအမေကို အစ်မက ဘုရားလို ကိုးကွယ်တယ်။ ပြောစကားကို နားထောင်တယ်။ ရည်းစားတောင် အမေက မကြိုက်ဘူးဆိုရင် အစ်မက ဖြတ်ပစ်တယ် (ရယ်လျက်)။ အမေ စိတ်ချမ်းသာအောင်ထားပြီး ဦးစားပေးခဲ့တဲ့ သမီးထဲမှာ အစ်မပါတယ်။

Asian Fame Media Group

Maternal Words

**'ယောကျ်ားဖောင်စီး မိန်းမပီးနေ' ဆိုပြီး ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်ရဲ့ အခက်အခဲဒုက္ခကိုတင်စားကြတယ်လေ။ ကိုယ်တိုင် ရင်သွေးကို လွယ်ထားရတဲ့အချိန်မှာ စိုးရွံ့စိတ် ဖြစ်မိလား။**

ကိုယ်ဝန်လွယ်ထားတုန်းက အစ်မက သရဏဂုံ ဆောက်တည်တယ်။ ဘာသာရေးအရမ်းလုပ်တယ်။ အဲဒီလောက်ကြီး စိုးရိမ်မှုတော့ မရှိခဲ့ဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေတယ်လို့ ပြောရမှာပေါ့နော်။ ကလေးမွေးပြီးတော့မှ ကလေးအတွက် အရမ်း စိတ်ပူတတ်လာတယ်။ ကလေး ဗိုက်ထဲမှာတုန်းက အစ်မအစားအသောက်၊ အနေအထိုင် ဆင်ခြင်ရင် သူ ဘာမှ မဖြစ်ဘူးဆိုတာ သိတဲ့အတွက် ၄ လ ကတည်းက ဘယ်မှမသွားဘဲနဲ့ အိမ်မှာပဲ နေတာပေါ့နော်။ အစ်မ ဆင်ဆင်ခြင်ခြင် နေတဲ့အတွက် ကလေး ဘာမှမဖြစ်ဘူးဆိုတာကို ယုံကြည်နေတယ်။ မွေးလာတော့ အစ်မဗိုက်ထဲမှာ မဟုတ်တော့တဲ့ အတွက် 'သူဘာဖြစ်မလဲ' ဆိုတာကို အမြဲစိတ်ပူနေရတယ်။

**အစ်မရဲ့ ရင်သွေးအတွက် အနာဂတ်ရည်မှန်းချက်ကို တွေးထားပြီးပြီလား။**

ကလေးကို ဘာဖြစ်ရမယ်ဆိုပြီး အတင်းကြီး ပုံစံမသွင်းဘူး။



သူ ဝါသနာပါတာကိုအေး ကနေ ပြီးတော့ ဆိုးတာတွေ၊ ကောင်းတာတွေကို ပြောဆိုဆုံးမပြီး အကောင်းဆုံး လမ်းကို ရောက်အောင် တည့်မတ်ပေးသွားမှာပေါ့နော်။ အခု ခေတ်က မိဘနဲ့ သားသမီးကြားမှာ အတင်းကြီးလုပ်ခိုင်းနေလို့ မရတော့ဘူးလေ။ ကိုယ်လိုချင်တဲ့ပုံစံကို ဖွတ်ပြောတာ ထက် မှားတယ်၊ မှန်တယ်ကို လမ်းကြောင်း တည့်မတ်ပြီး ရှင်းပြတာက သူတို့ အတွက် ပိုသင့်တော်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစ်မအမေနဲ့အစ်မက ညီအစ်မလို နေခဲ့ကြတာလေ။ အစ်မနဲ့ အစ်မ သားသမီးကြားမှာလည်း ဒီလိုပဲဖြတ်သန်းဖြစ်မှာပါ။

**မိခင်အများစုက ကိုယ့်ရင်သွေးလေးအပေါ်မှာ 'ဒါမျိုး ဘယ်တော့မှ မဖြစ်စေရဘူး' ဆိုတဲ့ အနေအထား ရှိတတ်ကြတယ်လေ။ အစ်မမှာကော ရှိလား။**

ဘယ်မိဘမဆို ကိုယ့်သားသမီးကို အကောင်းပဲ ဖြစ်စေချင်ကြတာပဲလေ။ အစ်မက ဗုဒ္ဓဘာသာဆိုတော့ ကုသိုလ်ကံအကြောင်းတရား ပါလာရင် ဆိုးတာတွေလည်း ဖြစ်တတ်ကြတယ်လို့ လက်ခံထားတယ်။ အရမ်းဆိုးတဲ့ သားသမီးကို ဆိုးမနေတဲ့ကြားက ဆိုးနေရင်လည်း သူမှာ ဒီလိုမျိုး ကုသိုလ်ကံ အကြောင်းတရားပါလာလို့ ဖြစ်တယ်လို့ပဲ ပြောရမှာပေါ့နော်။ မိဘတွေကတော့ လိမ္မာအောင် ဆုံးမကြမှာပဲလေ။ တချို့ကျတော့ အရမ်းအလိုလိုက်လို့ ပျက်စီးသွားတာရှိတယ်။ တချို့ကျတော့ ဆုံးမနေတဲ့ကြားက ပျက်စီးတာရှိတယ်။ အဲဒီတော့ အစ်မသမီးလေးကို ဘာသာရေးနဲ့ ယှဉ်ပြီး ဆုံးမသွားမှာပါ။ ဘာသာရေးနဲ့ ယှဉ်ပြောတော့ ကလေးလည်း လိမ္မာယဉ်ကျေးပြီးသားဖြစ်မယ်၊ ဆုံးမတဲ့ နေရာမှာ မှားတာ၊ မှန်တာကို အလွယ်တကူသိစေတာပေါ့နော်။

**ဒါဆိုရင် ဆန္ဒတျင်ဘက်အနေနဲ့ 'ဒါမျိုးလေး ဖြစ်စေချင်လိုက်တာ' ဆိုပြီး တွေးမိတာမျိုး ရှိမှာပေါ့နော်။ အဲဒါလေးကို ပြောပြပါဦး။**

အစ်မက သမီးလေးကို ပညာတတ်ကြီး တစ်ယောက်ပဲ ဖြစ်စေချင်တယ်။ ဘဝကို အေးအေးချမ်းချမ်းနဲ့ စိတ်ချမ်းသာစွာ ဖြတ်သန်းသွားစေချင်တယ်။ သူ့ကံအကြောင်းတရား ပါလာလို့ အနုပညာကို ဝါသနာပါလာရင်တော့ အေးနားကနေ အတတ်နိုင်ဆုံး ပြောဆိုဆုံးမသွားရမှာပေါ့နော်။

**အမိနဲ့ အဖမှာ သားသမီးအပေါ် ချစ်ခြင်းက အတူတူပါပဲလို့ ပြောကြတယ်။ ဒါပေမဲ့ ကိုးလလွယ်ဆယ်လဖွားခဲ့ရတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာကတော့ သာကိုသာမှာပဲလေ၊ အဲဒီအပေါ်မှာ Maternal Words ကဏ္ဍကနေ ဘာများပြောချင်ပါသလဲ။**

အမေက သာတာပေါ့ ညီမရယ်။ ဒီကိုယ်ဝန်စရှိကတည်းက အစားအသောက် ဆင်ခြင်ရတယ်၊ ကိုယ်ဝန်ကို စောင့်ရှောက်ရတယ်။ ပေးဆပ်မှုတွေ၊ ရင်းနှီးမှုတွေ များတယ်။ အစ်မ အလုပ်တွေ နားထားခဲ့တယ်။ နိုင်ငံခြားသွားဖို့တွေ ဖျက်ခဲ့တယ်။ အဲဒီလိုတွေ လုပ်ခဲ့ရပေမယ့် အစ်မ သမီးလေးအပေါ်မှာ မငြိုငြင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစ်မသမီး မွေးတဲ့အချိန်မှာလည်း အသက်တောင်ရင်းပြီး မွေးရတာလေ။ သားသမီးအတွက် မိခင်အသက်တောင် ပေးဖို့ဝန်မလေးတာက 'မိခင်မေတ္တာ' ပဲလေ။ အဲဒါကြောင့် Maternal Words ကဏ္ဍကနေ ပြောချင်တာက မိဘမေတ္တာကို သားသမီးတိုင်း နားလည်ပါနိုင်ပါစေလို့ ပြောချင်ပါတယ်။

Asian Fame Media Group





Maternal Words



**'မိခင်' ဆိုတဲ့ ဝေါဟာရအပေါ် အဓိပ္ပာယ် ဖွင့်ဆိုချက် . . .**

အစ်မကတော့ ကျယ်ကျယ်ပြန့်ပြန့်ကြီး မပြောတတ်ဘူး။ အစ်မသားတွေအပေါ်မှာ ထားကဲ့ စိတ်လေးကို ပြောပြမယ်နော်။ အစ်မသားတွေအပေါ်မှာတော့ အစ်မက စံပြမိခင် တစ်ယောက် ဖြစ်အောင်နေမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သူတို့ အတုယူရမယ့် လူက အစ်မပဲ ဖြစ်ရမယ်၊ မိခင်ဆိုတာ ဘာနဲ့မှ နှိုင်းယှဉ်လို့ မရပါဘူး။ ကိုယ့်ရဲ့ လိုအပ်တဲ့ အရာတွေကို အမြဲ တမ်းဖြည့်ဆည်းပေးနိုင်တာက မိခင်ပါ။ အစ်မရဲ့ အမေကို အစ်မက ကောင်းတာပဲဖြစ်စေ၊ ဆိုးတာပဲ ဖြစ်စေ အမြဲတမ်း ပြောဖြစ်တယ်။ ကောင်းတာ ပြောရင် ဝမ်းသာပေမယ့် ဆိုးတာပြောရင်တော့ စိတ်မကောင်း ဖြစ်စေတာပေါ့နော်။ အစ်မအတွက်တော့ အစ်မအမေက ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့ မရပါဘူး။

**သားသမီးမရှိခင်က နားလည်သိတတ်မှုနဲ့ ရင်သွေးလေးရလာတဲ့အချိန်မှာ နားလည်သိတတ်မှု ဘယ်လိုကွာခြားသွားလဲ။**

သားသမီးမရခင်တုန်းကတော့ ကိုယ်ချင်းစာတဲ့စိတ် မရှိဘူး။ အခု သားသမီးရလာတော့ "အမေက . . . ဒီလိုဆုံးမလို့ ငါ ဒီလို အသိတရားတွေရခဲ့ပါလား" ဆိုပြီး အမေကို ကျေးဇူးတင်တယ်။ ကိုယ့်သားသမီးရလာတော့ ကိုယ့်သားသမီး အပေါ်ထားတဲ့မေတ္တာထက်မနည်း အမေကလည်း ထားခဲ့ပါလားဆိုပြီး နားလည်လာတယ်။

**'သားသမီးမကောင်း မိဘခေါင်း' လို့ ဆိုရိုးစကားရှိတယ်လေ။ ကိုယ်မွေးထားတဲ့ သားသမီးရဲ့ ဘဝလမ်းကြောင်း တည့်မတ်မှန်ကန်ဖို့ မိဘနဲ့ အတိအကျ သက်ဆိုင်နေတယ်ဆိုတာကို လက်ခံပါသလား။**

လက်ခံတယ် ညီမ။ အများကြီးလည်း သက်ဆိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ 'လက်ဦးဆရာ မိနှင့်ဖ' ဆိုတဲ့ ဆိုရိုးစကား ရှိတယ်လေ။ သားသမီးကို အသိတရားတွေရှိဖို့ သင်ပေးတာလည်း မိဘပဲလေ။ ဆုသင့်တာဆုမှ၊ ရိုက်သင့်တာရိုက်မှ၊ ကောင်းတဲ့လမ်းကို ညွှန်ပြမှ သားသမီးက သိမှာလေ။ အဲဒီလိုတွေ မလုပ်ခဲ့၊ မပြောခဲ့ဘဲနဲ့ အကောင်းတွေချည်းပဲ ကြုံခဲ့ရလို့ အဆိုးတွေ ကြုံလာရရင် သူ့မှာ ဖြေရှင်းဖို့ ယုံကြည်မှုရှိမှာ မဟုတ်ဘူးလေ။ မိဘက ဆိုဆုံးမမှ သားသမီးက လိမ္မာပြီးတော့ လမ်းကြောင်းမှန်ကို ရောက်မှာပေါ့နော်။




**ကိုယ်တိုင်ကော သားသမီးကောင်းဖြစ်အောင် ဘယ်လိုနေထိုင်ကျင့်ကြံပါသလဲ။**

အစ်မကို အမေက ငယ်ငယ်ကတည်းက အမြဲတမ်း ဆုံးမပြီး ဆူနေတာ "ဒါမလုပ်ရဘူး၊ ဒါလုပ်သင့်တယ်" ဆိုတာကို အစ်မက သိနေပေမယ့် အမေက ခဏခဏဆူနေတော့ စိတ်တအားညစ်ခဲ့ရတယ်။ "ဟာ . . . အမေက ခဏခဏဆူနေတာပဲ" ဆိုပြီးတော့ ညစ်တာပေါ့နော် (ရယ်လျက်)။ ဒါပေမဲ့ အခုအချိန်မှာတော့ အဲဒီလို ဆူခဲ့တာ အရမ်းကျေးဇူးတင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ဆူခဲ့လို့ ကောင်းတဲ့အသိတရားတွေ အစ်မ ရခဲ့တာလေ။ နောက်ထပ် အစ်မမိဘနဲ့ ပတ်သက်ပြီး ခံယူထားတာတစ်ခုက "ငါလုပ်တဲ့ အရာတိုင်းသည် ငါ့မိဘကို မထိခိုက်စေရဘူး" ဆိုတဲ့ ခံယူချက်လေး အစ်မမှာ ရှိတယ်။ လူဆိုတာက ကောင်းတာလုပ်တာပဲ ဖြစ်စေ၊ ဆိုးတာလုပ်တာပဲဖြစ်စေ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲလေ။ အစ်မကြောင့် အမေတို့ မထိခိုက်စေရဘူးဆိုတာကို စိတ်ထဲမှာ အမြဲထားပြီး နေထိုင်ခဲ့တယ်။ အစ်မကြောင့်လည်း အစ်မမိဘတွေ စိတ်ဆင်းရဲရတယ်ဆိုတာ မရှိပါဘူး။

**'ယောကျ်ားဖောင်စီး မိန်းမမီးနေ' ဆိုပြီး ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်ရဲ့ အခက်အခဲဒုက္ခကိုတင်စားကြ တယ်လေ။ ကိုယ်တိုင် ရင်သွေးကို လွယ်ထားရတဲ့အချိန်မှာ စိုးရွံ့စိတ် ဖြစ်မိလား။**

အစ်မ ကိုယ်ဝန် လွယ်ထားတုန်းက ကိုယ်ဝန်နဲ့ ပတ်သက်ပြီး အကောင်းဆုံး ဖြစ်အောင်နေထိုင်ခဲ့တယ်။ ဘာကိစ္စပဲ ဖြစ်ဖြစ် အစ်မက အဲဒီကိစ္စ တစ်ခုအပေါ်မှာ အကောင်းဆုံး ဖြစ်အောင် လုပ်မယ်လို့ အမြဲတမ်း စိတ်ထားရှိတယ်။ အမြဲတမ်းလည်း သတ္တိရှိအောင်နေတယ်။ သတ္တိရှိအောင် ကြိုးစားတယ်။ တစ်ခုခု ကြုံလာရင်လည်း အကောင်းဆုံး ဖြစ်အောင် ရင်ဆိုင်မယ်ဆိုတဲ့စိတ် အမြဲတမ်းရှိတယ်။ ကိုယ်ဝန်ရှိတုန်းကလည်း ဒီကိုယ်ဝန်အတွက် ဘာတွေ လိုအပ်လဲ၊ ဘာတွေ လုပ်သင့်လဲ၊ ဘာတွေလုပ်ရမလဲ ဆိုတာကို စဉ်းစားပြီး လုပ်ခဲ့တယ်။ ကြောက်တာတော့ မရှိပါဘူး၊ ကြောက်နေရင် ကိုယ့်အတွက် မကောင်းဘူးလေ။ စိတ်ဒုက္ခရောက်တာပဲ ရှိမှာပေါ့။ ကိုယ်ဝန် အတွက် ကောင်းစေမယ့် အစားအသောက်၊ အနေအထိုင်တွေကို ဂရုစိုက်ပြီး နေခဲ့၊ စားခဲ့တာပေါ့နော်။

**အစ်မရဲ့ ရင်သွေးအတွက် အနာဂတ် ရည်မှန်းချက်ကို တွေးထားပြီးပြီလား။**

အင်း . . . ရှိတယ် ညီမ။ အနာဂတ်အတွက် တွေးထားတာတွေကတော့ အများကြီးပဲ။ ကိုယ့်သားသမီးဆိုတော့ အကောင်းဆုံးဖြစ်စေချင်တာပေါ့နော်။ သူတို့လေးတွေကို ပညာတတ်ရုံတင် မကဘူး။ အသိတရားရှိပြီးတော့ လိမ္မာတဲ့ သားလေးတွေ ဖြစ်စေချင်တယ်။ ယောကျ်ားလေးတွေဆိုတော့ ပိုပြီး လိမ္မာစေချင်တယ်။ ကိုယ်ပိုင် အသိတရားလေးတွေ ရှိလာအောင် ငယ်ငယ်ကတည်းက ပြောဆိုထိန်းကျောင်း ပေးသွားမယ်လို့ အစ်မ စဉ်းစားထားပါတယ်။

**မိခင်အများစုက ကိုယ့်ရင်သွေးလေးအပေါ်မှာ 'ဒါမျိုး ဘယ်တော့မှ မဖြစ်စေရဘူး' ဆိုတဲ့ အနေအထား ရှိတတ်ကြတယ်လေ။ အစ်မမှာကော ရှိလား။**

ကိုယ်မဖြစ်စေချင်တာတွေ ဖြစ်မလာဖို့က သူတို့မှာ အသိတရားလေးတွေ ရှိရမယ်လေ။ သူတို့မှာ ကောင်းတဲ့အသိတရားလေးတွေ ရှိအောင်လို့ အရင်ဆုံး အစ်မက လုပ်ပေးထားရမှာပေါ့နော်။ အစ်မအမေကလည်း အစ်မကို အသိတရားလေးပဲ ထည့်ပေးလိုက်တော့ "လုပ်ရမလား၊ မလုပ်ရဘူးလား" ဆိုတာကိုတော့ အစ်မပဲ ဆုံးဖြတ်ရတာလေ။ ဆိုးတာတွေကိုတော့ ဘယ်မိခင်မှ မဖြစ်စေချင်ကြပါဘူး၊ ဒါပေမဲ့ အသိတရားလေး ရှိရင် ပိုကောင်းတာပေါ့နော်၊

**ဒါဆိုရင် ဆန္ဒကျင်ဘက်အနေနဲ့ 'ဒါမျိုးလေး ဖြစ်စေချင်လိုက်တာ' ဆိုပြီး တွေးမိတာမျိုး ရှိမှာပေါ့နော်။ အဲဒါလေးကို ပြောပြပါဦး။**

သူတို့တွေကို ပညာတတ်ကြီး အရမ်းဖြစ်စေချင်တယ်။ အခုကတည်းက Plan ချထားတယ်။ ဒါကတော့ အစ်မဖြစ်စေချင်တာပါ။ အနုပညာကို ဝါသနာပါလာရင်တော့ ၁၀ တန်းအထိ ပညာရေးကို ဦးစားပေးလုပ်ပေးမယ်၊ ၁၀ တန်းပြီးရင်တော့ သူတို့ စိတ်သဘောအရ လုပ်ချင်တယ်ဆို ခွင့်ပြုရမှာပေါ့နော်။ အဓိကကတော့ ပညာတတ်ကြီး ဖြစ်စေချင်တယ်။

**အမိနဲ့ အဖမှာ သားသမီးအပေါ် ချစ်ခြင်းက အတူတူပါပဲလို့ ပြောကြတယ်။ ဒါပေမဲ့ ကိုးလလွယ်ဆယ်လဖွားခဲ့ရတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာကတော့ သာကို သာမှာပဲလေ။ အဲဒီအပေါ်မှာ Maternal Words ကတ္တကနေ ဘာများပြောချင်ပါသလဲ။**

ဖခင်မေတ္တာထက် သာတာကတော့ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်တစ်ခု သာယာဖို့ ဖခင်တွေ စီးပွားရေးလုပ်ကြတယ်။ အပြင်မှာ ပင်ပန်းတာတွေ ရှိတဲ့အတွက် ကလေးကို အသေးစိတ် ဂရုမစိုက်နိုင်ဘူးလေ။ အဲဒီလို ဂရုမစိုက်နိုင်တာကို အမေတွေက နားလည်ပါတယ်။ ကလေးတစ်ယောက် မွေးဖွားဖို့ ၉ လလွယ်ထားရတဲ့ ဒုက္ခအမျိုးမျိုးကို မခံစားဖူးတဲ့အတွက် ဖခင်တွေက မိခင်တွေကို အပြည့်အဝ နားမလည်ပေးနိုင်ဘူးပေါ့နော်၊ မိခင်ကျတော့ ဒီဒုက္ခတွေခံစားပြီး သားသမီးကို ကောင်းကောင်းမွန်မွန် မွေးဖွားဖို့ ပြင်ဆင်ရတယ်။ အဲဒီလိုမျိုး ယှဉ်ကြည့်ရင်ပဲ သိနိုင်တယ်လေ။ သားသမီးနဲ့ ရင်အုပ်မကွာနေတာကလည်း မိခင်ပဲလေ။ သားသမီးတိုင်း ကိုယ့်မိဘကို ထိခိုက်မယ့် ကိစ္စတွေ မလုပ်မိဘဲနဲ့ မိဘကျေးဇူးကို မဆပ်နိုင်ရင်တောင် မထိခိုက်အောင် နေနိုင်ကြပါစေလို့ ပြောချင်ပါတယ်။

Model - Zin Min, Photo - @ Bonny

## Maternal Words



အခုအချိန်မှာ အစ်မထက်တောင် မေမေက သမီးလေးကိုပိုပြီး ချစ်နေတယ်လို့ မြင်ပါတယ်။

**'သားသမီးမကောင်း မိဘကောင်း'လို့ ဆိုရိုးစကားရှိတယ်လို့ ကိုယ်မွေးထားတဲ့ သားသမီးနဲ့ ဘဝလမ်းကြောင်း တည့်မတ် မှန်ကန်ဖို့ မိဘနဲ့ အတိအကျသက်ဆိုင်နေတယ် ဆိုတာကို လက်ခံပါသလား။**

အစ်မအနေနဲ့ကတော့ တစ်ရာမှာ ရှစ်ဆယ်လောက်အထိ လက်ခံပါတယ်။ ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်ရတာဟာ မိဘတိုင်းအတွက်မလွယ်ပါဘူး။ လမ်းကြောင်းမှန်ပေါ် ရောက်အောင်လို့ လုပ်ပေးရမှာက မိဘတွေရဲ့ တာဝန်လို့မြင်ပါတယ်။ လုံးဝဆုံးမမရဘဲ ဆိုးသွမ်းနေမယ်ဆိုရင်တော့ မိဘနှစ်ပါးက အိမ်မှာ ဝမ်းနည်းပူဆွေးနေရုံကလွဲလို့ ကိုယ့်သားသမီးကို မပြောရက် မဆိုရက် ဒီအတိုင်းပဲ ချစ်နေမယ်လို့

**'မိခင်'ဆိုတဲ့ ဝေါဟာရအပေါ် အဓိပ္ပာယ်ဖွင့်ဆိုပါဆိုရင် . . .**

'မိခင်'ဆိုတာက အရာရာကို စွန့်လွှတ်အနစ်နာခံတာလား။ ရောင့်ရဲတတ်တာလား။ ကိုယ့်ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ အားလုံးကို အဆုံးရှုံးခံနိုင်သူလား။ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး ညီမရယ်။ အရမ်းအနု စိတ်လွန်းတော့ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ "ကိုယ့်သားသမီးအတွက်ဆို အရာရာကို စွန့်လွှတ်အနစ်နာခံတတ်တဲ့ သူတစ်ယောက်" လို့မြင်ပါတယ်။

**သားသမီးမရှိခင်က မိဘအပေါ် နားလည်သိတတ်မှုနဲ့ ရင်သွေးလေးရလာတဲ့ အချိန်မှာ မိဘအပေါ် နားလည်သိတတ်မှု ဘယ်လိုကွာခြားသွားလဲ။**

အစ်မတို့ ဇနီးမောင်နှံ နှစ်ယောက်လုံးက သားသမီး မရခင်ကတည်းက နှစ်ဖက်မိဘတွေကို အရမ်းကိုရိုသေလေးစားပြီးတော့ အလုပ်အကျွေး ပြုစုနေတဲ့သူတွေ ဖြစ်တဲ့အတွက် ကလေးရလာမှ အထူးတလည် ပြောင်းလဲသွားတာတွေ မရှိပါဘူး။ သမီးလေးကို အစ်မရဲ့ အမေကပါ ပြုစုစောင့်ရှောက်နေတဲ့အတွက် မေမေ့ကိုပိုပြီး ကရုဏာသက်မိပါတယ်။ အရင်ကထက်တော့ မေမေ့ကို နှစ်ဆပိုပြီး ချစ်လာတယ် ဆိုတာကို ဝန်ခံပါတယ်။



ထင်ပါတယ်။

**ကိုယ်တိုင်ရော သားသမီးကောင်းဖြစ်အောင် ဘယ်လိုနေထိုင် ကျင့်ကြံခဲ့ပါသလဲ။**

အစ်မရဲ့ မိဘနှစ်ပါးက အစ်မအပေါ်မှာ ငယ်ငယ်ကတည်းက ယုံကြည်မှုအပြည့်ပေးခဲ့ပါတယ်။ ထိန်းချုပ်တယ်ဆိုတာ လုံးဝမရှိဘဲ လွတ်လပ်ခွင့်အပြည့်ပေးထားတာပါ။ အစ်မ ငယ်ငယ်တုန်းက ယောက်ျားလေးဆန်တဲ့ ပုံစံဆိုတော့ ပြောစကားနားမထောင်တဲ့အထဲမှာ ပါတယ်။ အသက် ၂၅ နှစ်ကျော်လာတဲ့ အချိန်မှာတော့ အရင်တုန်းကဆိုးခဲ့တာတွေအတွက် အမေကိုပြန်ပြီး အားနာရတာပေါ့။ အတတ်နိုင်ဆုံးတော့ အစ်မက သားသမီးကောင်းဖြစ်အောင် ကြိုးစားပြီး နေထိုင်ပါတယ်။

**'ယောက်ျားဖောင်စီး မိန်းမမီးနေ' ဆိုပြီး ကိုယ်ဝန်ဆောင်မိခင် တစ်ယောက်ရဲ့ အခက်အခဲ ဒုက္ခတွေကို တင်စားကြတယ်လေ။ ကိုယ်တိုင် ရင်သွေးကို လွယ်ထားရတဲ့အချိန်မှာ စိုးရွံ့စိတ် ဖြစ်မိလား။**

အစ်မ စိုးရိမ်တာတစ်ခုပဲ ရှိပါတယ်။ အဲ့ဒါကတော့ သမီးလေးကို နေ့စေ့လစေ့ မဟုတ်ဘဲ မွေးဖွားလိုက်ရမှာကို အရမ်းစိုးရိမ်ခဲ့ပါတယ်။ ဒါကြောင့် အဲ့ဒါကို အထူးဂရုစိုက်ပြီးနေခဲ့ပါတယ်။ တခြား စိုးရိမ်စိတ်တော့မရှိပါဘူး။ သမီးလေးကို ကိုယ်ဝန်ဆောင်တုန်းက အစ်မက ဘာမှမစားချင်ဘူး။ အစားအသောက် အရမ်းနည်းတယ်။ ပုံမှန်ထက်ကို ပိုတောင်နည်းသွားတယ်။ အဲ့ဒီတော့ အစ်မက အားဆေးကို ပို သောက်ရတာပေါ့။ မွေးဖွားခါနီး တစ်လလောက် အလိုမှာ ကလေးက ၆ ပေါင် ပြည့်သွားတော့ စိုးရိမ်စိတ် နည်းသွားတာပေါ့နော်။ ၈ လနဲ့ မွေးတဲ့ ကလေးတွေမှာ ချွတ်ယွင်းချက်လေးတွေ ပါတတ်တာကို အစ်မမြင်ဖူးတယ်။ ၇ လနဲ့ မွေးလို့ရတယ်။ ၉ လနဲ့ မွေးလို့ရတယ်။ ၈ လနဲ့တော့ ဘယ်သူ့ကိုမှ မမွေးစေချင်ဘူး။ ဒါပေမဲ့ ၇ လ အထိကိုလည်း မိခင်တစ်ယောက် အနေနဲ့ စိတ်မချရသေးဘူး။ ၇ လနဲ့ သားလျှောတာတွေလည်း ရှိတယ်လေ။ အစ်မ အသွားအလာ အနေအထိုင်ကိုလည်း ဂရုစိုက်တယ်။ 'အခန့် မသင့်ဘူး' ဆိုတာတွေက ကိုယ့်ဆီ အချိန်မရွေး ရောက်လာနိုင်တယ်လေ။ အဲ့ဒါကြောင့် ၆ လ နောက်ပိုင်းမှာ အစ်မက အိမ်ရာထဲမှာပဲ နေတော့တယ်။ အပြင်ကို မထွက်တော့ဘူး။

**ရင်သွေးအတွက် အနာဂတ်ရည်မှန်းချက်ကို တွေးထားပြီးပြီလား။**

ပညာတတ်ပြီး သိက္ခာရှိတဲ့ မြန်မာအမျိုးသမီးလေးတစ်ယောက် ဖြစ်စေချင်ပါတယ်။

**မိခင်အများစုဟာ ကိုယ့်ရင်သွေးအပေါ်မှာ 'ဒါမျိုးဘယ်တော့မှ မဖြစ်စေရဘူး'ဆိုတဲ့ အနေအထားရှိ တတ်ကြတယ်လေ။ အစ်မမှာကော ရှိလား။**

အစ်မရဲ့သမီးလေးကိုတော့ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်မကျစေချင်ပါဘူး။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြီးတော့ အိမ်ထောင့်တာဝန်တွေကို မနိုင်မနင်းထမ်း နေရတာမျိုး မဖြစ်စေချင်ပါဘူး။ တချို့တွေလည်း အသက်





ငယ်ငယ်ရွယ်ရွယ်မှာ အိမ်ထောင်ကျသွားပေမယ့် တစ်ဖက်မှာလည်း အလုပ်လုပ်ကြတာတွေ ရှိပါတယ်။ ဒါပေမဲ့ အစ်မ အနေနဲ့ကတော့ အဲ့ဒီလို အိမ်ထောင်တစ်ဖက်၊ အလုပ်တစ်ဖက် လုပ်နေရတာကို ပင်ပန်းတယ်လို့ မြင်ပါတယ်။

**'ဒါဆိုရင် ဆန့်ကျင်ဘက်အနေနဲ့ ဒါမျိုးလေး ဖြစ်စေချင်လိုက်တာ' ဆိုပြီး တွေးမိတာမျိုး ရှိမှာပေါ့နော် ပြောပြပါဦး။**

သူတို့ခေတ် သူတို့အရွယ်မှာ လူတစ်ယောက်ရဲ့လုပ်ပိုင်ခွင့်၊ လုပ်နိုင်တဲ့ အင်အားတွေ အများကြီး ရှိလာမှာ ဖြစ်တဲ့အတွက် သမီးလေးကို ပညာတတ်ပြီး တိုင်းပြည်ရဲ့ လိုအပ်တဲ့နေရာ တစ်ခုမှာ ထက်ထက်မြက်မြက်နဲ့ အလုပ်လုပ်ကိုင်နေတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်စေချင်ပါတယ်။ အိမ်ထောင်ရေးနဲ့ ပတ်သက်ရင်လည်း အသက် ၂၅ နဲ့ ၃၀ ကြားမှာသာ သမီးလေးကို အဲ့ဒါနဲ့ ပတ်သက်ပြီး စဉ်းစားစေချင်ပါတယ်။ 'သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်' ဖြစ်တဲ့အတွက် လိုက်တားလို့တော့ မရဘူး ပေါ့နော်(ရယ်လျက်)။ အနုပညာကို ဝါသနာပါရင်တော့ သူ့မှာ ဝါသနာ ပါရုံတင်မဟုတ်ဘဲ သူ့မှာ Talent ရှိမှ ပေးလုပ်မှာပါ။ ဒီအနုပညာလောကထဲကို ဝင်လာပြီးမှ ခဏလေးနဲ့ တိမ်မြုပ်ပျောက်ကွယ် သွားမှာကို အစ်မခွင့်ပြုမှာ မဟုတ် ပါဘူး။

**အမိနဲ့အဖမှာ သားသမီး အပေါ် ချစ်ခြင်းက အတူတူပါပဲလို့ ပြောကြတယ်။ ဒါပေမဲ့ ကိုးလလွယ် ဆယ်လဖွားခဲ့ရတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာကတော့ သာကိုသာမှာပဲလေ။ အဲဒီ အပေါ်မှာ Maternal Words ကဏ္ဍက နေ ဘာများ ပြောချင်ပါသလဲ။**

အစ်မရဲ့ အမေကိုတော့ အခုအချိန်အထိ ယောက်ျားရဲ့ သဘောထားနဲ့ သားသမီးရဲ့ သဘောထားကိုသာ ရှေ့တန်းတင်တတ်တဲ့ အိမ်ရှင်မကောင်း တစ်ယောက်လို့ မြင်ပါတယ်။ အစ်မသာဆို နေနိုင်မှာ မဟုတ်ဘူးလေ။ သားသမီး အပေါ်ထားတဲ့ မေတ္တာကလည်း အစ်မ အမေကို အစ်မမီမှာ မဟုတ်ပါဘူး။ ကိုယ့်ရင်ထဲကနေ ဖြစ်တည်လာတဲ့ သားသမီး ဖြစ်တဲ့အတွက် ခံစားရတဲ့ ခံစားမှုက ဘာနဲ့မှ မတူပါဘူး။ အပျိုကြီးတွေ ဆိုလည်း နားလည်မှာ မဟုတ်ဘူး (ရယ်လျက်)။ ကိုယ်တိုင် ကြုံတွေ့ဖူးတဲ့ မိခင်တွေကတော့ နားလည်တယ်။ ခံစားတတ်တယ်။ အချင်းချင်း ပြောစရာ မလိုဘူးပေါ့နော်။ မိခင်အနေနဲ့ သားသမီးအပေါ်ထားတဲ့ မေတ္တာက အရမ်းအနုစိတ် လွန်းလို့ ပြန်မပြောတတ်ဘူး။ မိဘနဲ့ သားသမီးကြားမှာ နားလည်မှုလွဲတာတွေက သားသမီးတွေ ဆယ်ကျော်သက် အရွယ်မှာ အဖြစ်များတာ တွေ့ရပါတယ်။ အသက် ၂၀ ကျော် နောက်ပိုင်းမှာတော့ မိဘမေတ္တာ စေတနာကို အားလုံးက နားလည် သွားတတ်ကြတာ များပါတယ်။ အဲဒီ အချိန်လေး မရောက်ခင်မှာ မိဘနဲ့ သားသမီးတွေ အားလုံးသည်းခံကြပြီးတော့ အားလုံး နားလည်မှုတွေ ရှိလာမယ့်နေ့ကို စောင့်ပါလို့ ပြောချင်ပါတယ်၊

**သီတာစိုး**

Asian Family Media Group



# THEIR STYLE, THEIR WAY

Model : Ye' Deight, Saung Yoon San/ Make up : Thin Thin (Nyi Nyi Mg-sanchaung)
Boy Dress : Beauty & i/ Girl Dress : Michael Aung (Art Framing work) 09 43086270
Photo : Michael Aung (Art Framing work) 09 43086270
Location : Mya Myint Mo (Hotel)
Arranged by Moe Thauk Kyal

Asian Fame Media Group



# THEIR STYLE, THEIR WAY

Model : Ye' Deight, Saung Yoon San/ Make up : Thin Thin (Nyi Nyi Mg-sanchaung)
Boy Dress : Beauty & i/ Girl Dress : Michael Aung (Art Framing work) 09 43086270
Photo : Michael Aung (Art Framing work) 09 43086270
Location : Mya Myint Mo (Hotel)

Asian Media Group



# THEIR STYLE, THEIR WAY

Model : Ye' Deight, Saung Yoon San/ Make up : Thin Thin (Nyi Nyi Mg-sanchaung)
Boy Dress : Beauty & i/ Girl Dress : Michael Aung (Art Framing work) 09 43086270
Photo : Michael Aung (Art Framing work) 09 43086270
Location : Mya Myint Mo (Hotel)



# THEIR STYLE, THEIR WAY

Model : Ye' Deight, Saung Yoon San/ Make up : Thin Thin (Nyi Nyi Mg-sanchaung)
Boy Dress : Beauty & i/ Girl Dress : Michael Aung (Art Framing work) 09 43086270
Photo : Michael Aung (Art Framing work) 09 43086270
Location : Mya Myint Mo (Hotel)



# THEIR STYLE, THEIR WAY

Model : Nay Yan, May/ Make up : Min Aung (Lin Lin)
Boy Dress : Bellay (Wedding Dress)
Girl Dress: Michael Aung (Art Framing work) 09 43086270
Photo : Michael Aung (Art Framing work) 09 43086270
Jewelly : Bellay (Wedding Dress)/ Location : Mya Myint Mo (Hotel)




# THEIR STYLE, THEIR WAY

Model : Nay Yan/May/ Make up : Min Aung (Lin Lin)
Boy Dress : Bellay (Wedding Dress)
Girl Dress: Michael Aung (Art Framing work) 09 43086270
Photo : Michael Aung (Art Framing work) 09 43086270
Jewelly : Bellay (Wedding Dress)/ Location : Mya Myint Mo (Hotel)



# THEIR STYLE, THEIR WAY

Model : Nay Yan, May/ Make up : Min Aung (Lin Lin)
Boy Dress : Bellay (Wedding Dress)
Girl Dress: Michael Aung (Art Framing work) 09 43086270
Photo : Michael Aung (Art Framing work) 09 43086270
Jewelly : Bellay (Wedding Dress)/ Location : Mya Myint Mo (Hotel)



# အဆင့်မြင့်ဟွန်းနီး မြမြင့်မိုရ်

**မြမြင့်မိုရ်ဟိုတယ်လုပ်ငန်း အနေနဲ့ Hotel လုပ်ငန်းဆောင်တာတွေ အပြင် အခြားဘာဝန်ဆောင်မှုများ ရှိသေးလဲ။**

ဟိုတယ်လုပ်ငန်းအပြင် မင်္ဂလာဆောင်ခန်းမငှားခြင်း၊ တွေ့ဆုံပွဲများအတွက် ခန်းမငှားခြင်း၊ Shotting ငှားခြင်းနှင့် Pre Wedding ရိုက်ကူးခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Package Tour များကိုလည်း လက်ခံဆောင်ရွက်ပေးပါတယ်။ Pre Wedding ဆိုရင်လည်း မင်္ဂလာကို Sedona မှာပဲဆောင်ဆောင်၊ Traders မှာပဲဆောင်ဆောင်၊ Pre Wedding နဲ့ပတ်သက်ရင် ပြည့်စုံတဲ့ Location ၊ သာယာလှပတဲ့ ရှုခင်းတွေနဲ့ ကျေနပ်ရလောက်အောင် ဝန်ဆောင်မှုတွေ အများကြီးရှိပါတယ်။

ဟိုတယ်လုပ်ငန်းက Room Type အပြင် မတူကွဲပြားတဲ့ ခံစားမှုတွေ ရရှိနိုင်မယ့် Bangalo လေးတွေလည်း ရှိပါတယ်။ ဟိုတယ်ဝန်ဆောင်မှုတွေကတော့ Bath Room Attach ၊ Sattalite TV Line ၁၀ လိုင်း၊ ရေပူရေအေး၊ Aircon ၊ ရေခဲသေတ္တာ၊ 24 Hour မီး၊ 24 Hour Resturant ၊ Swimming Pool ၊ မိသားစု KTV အခန်းများထားရှိပါတယ်။

ရန်ကုန်မြို့ရဲ့ ရှုခင်းကို ခံစားကြည့်ရှုနိုင်မယ့် Resturant ခန်းမအပြင် အစားအသောက်များမှာယူပါက အခန်းတွင်းသို့ အရောက်ဝန်ဆောင်မှုပေးပါတယ်။ သင့်တင့်မျှတတဲ့ အစားအသောက်ဈေးနှုန်းနဲ့ အခန်းခများပဲ သတ်မှတ်ထားပါတယ်။ နိုင်ငံခြားသားဧည့်သည်များအတွက် သင့်တင့်တဲ့အခန်းခအပြင် သွားလာလွယ်ကူနိုင်ရန် မော်တော်ကားဝန်ဆောင်မှုလည်း စီစဉ်ထားရှိပေးပါတယ်။

**ဟိုတယ်အခန်းများ၊ Bangalo အခန်းများနဲ့ Shotting ၊ Pre Wedding မင်္ဂလာခန်းမများငှားရမ်းလိုပါက မြမြင့်မိုရ်ဟိုတယ် Phone 05621969 , 09 43021387, 09 401540555 သို့ ဆက်သွယ် Booking လုပ်နိုင်ပါသည်။**

မိုးသောက်ကြယ်



MEDIA GROUP
Asian Home Media Group



# *Wedding* Special

Model : Kelvin Win, Win Le Thu
Make up : Kyu Kyu (Taw Win Thu)
Dress : Taw Win Htun
(Wedding & Photo Studio)
Photo : Win Htut (09 5055566)
Location : Mya Myint Mo (Hotel)
Arranged by Moe Thauk Kyal







# Wedding Special

Model : Kelvin Win, Win Le Thu
Make up : Kyu Kyu (Taw Win Thu)
Dress : Taw Win Htun
(Wedding & Photo Studio)
Photo : Win Htut (09 5155566)
Location : Mya Myint Mo (Hotel)






Taw Win Htun
– Wedding Dress
– Video & Photo
Call_ 50 555 66 ,431 555 66








# Wedding Special

Model : Kelvin Win, Win Le Thu
Make up : Kyu Kyu (Taw Win Htun)
Dress : Taw Win Htun
(Wedding & Photo Studio)
Photo : Win Htut (09 5055566)
Location : Mya Myint Mo (Hotel)





# Wedding Special

Model : Kelvin Win, Win Le Thu
Make up : Kyu Kyu (Taw Win Thu)
Dress : Taw Win Htun
(Wedding & Photo Studio)
Photo : Win Htut (09 5055566)
Location : Mya Myint Mo (Hotel)





arranged by phyoe su po po

'လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး' ဆိုတဲ့ စကားလေးရှိပါတယ်။ လှတစ်မျက်နှာလေးကို လှသထက်လှဖို့ ဖန်တီးပေးနေသူတွေရဲ့ နှလုံးသားဖြူလှလှလေးတွေကို ကိုယ်စားပြုတဲ့ Hello က မိတ်ကပ်ပညာရှင် မခိုင်ရဲ့ Artist Idea လေးတွေကို ရတီစာဖတ်ပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။

# Artist's idea

## Ma Khaing Hello

Asian Fame Media Group

**၂၀၁၃ ခုနှစ်မှာမိတ်ကပ် ပြင်ဆင်မှုတွေက ဘယ်လို မျိုးတွေ ပြောင်းလဲလာမှာပါလဲ။**

အရင်တုန်းကဆိုရင် မိတ်ကပ်ပြင်တဲ့သူလည်း နည်းသလို အပြင်ခံတဲ့သူလည်းနည်းတယ်။ အခု နောက်ပိုင်းကျမှ မိတ်ကပ်ပြင်ခံတဲ့ သူတွေရော၊ ပြင်ပေးကြတဲ့သူတွေရော အရမ်းများလာကြတယ်။ ပွဲတွေကလည်း အရမ်းများလာတယ်။ ပွဲတွေမှာလည်း Model Show , Wedding Show အဲဒါတွေအပြင် Creation ဆိုပြီးလည်း ရှိသေးတယ်။ အဲဒီတော့ လိမ်းခြယ်တဲ့ မိတ်ကပ်ပုံစံတွေကလည်း အများကြီးပါပဲ။ အခုနောက်ပိုင်း ၂၀၁၃ ခုနှစ်မှာဆိုရင် ပါးသထက်ပါးတဲ့ ခပ်ပါးပါး ပုံစံလေးတွေကပိုပြီး ခေတ်စားလာလိမ့်မယ်။ ဒါက အစ်မ တစ်ယောက်တည်းရဲ့ ယူဆချက်ပါပဲ။

**အစ်မ ဒီလုပ်ငန်းလုပ်တာ ဘယ်အချိန်ကတည်း ကလဲ။**

အစ်မက ဒီလုပ်ငန်းကို ၁၀ တန်းအောင်ကတည်းက လုပ်ခဲ့တာပါ။ ၁၉၈၉ ခုနှစ် ကစတာပေါ့၊ အစ်မညီမနဲ့နှစ်ယောက် အတူတူ လုပ်တာပေါ့။ အစ်မအဖေက အခွန်မှူးဆိုတော့ အစ်မ ၁၀ တန်းအောင်တော့ သူကသူ့အလုပ်ထဲကို ဆွဲသွင်းချင်တယ်။ အစ်မ အမေကကျတော့ အစ်မ တို့ငယ်ငယ်တုန်းက စေးထုတ်လုပ်ရေး လုပ်တယ်။ အစ်မက သီချင်းတွေဘာတွေဆိုသေးတယ်။ ကလေး အရွယ်ကပေါ့။ အမှန်တကယ်တော့ အစ်မက အဆိုတော်လုပ်ချင်ခဲ့တာ၊ ဒီအလှပြင်တာကိုလည်း အစ်မက ကိုယ်သီချင်းဆိုတဲ့ အခါမှာ ကိုယ့်ဘာသာပြင်ချင်တယ်ဆိုပြီး သင်တန်းတွေ ဘာတွေတက်ခဲ့တာ။ ဒါပေမဲ့ အဲဒီလိုပြင်ရင်းနဲ့ အစ်မကကိုယ်တိုင်ပြင်ရမှာထက် သူများကို ပြင်ရတာကို ပိုပြီးသဘောကျသွားတယ်။ ဒါကြောင့် ၁၀ တန်းလည်းအောင်ရော ဒီအလုပ်ပဲလုပ်ဖို့ ရွေးချယ်ခဲ့ကြတာ။ အဖေလုပ်စေချင်တာကို မလုပ်ဘဲ ဒီအလုပ်ကိုပဲလုပ်ခဲ့တာ။ အစ်မက သီချင်းခွေထုတ်ခဲ့သေးတာ ထူးဆိုတဲ့ နာမည်နဲ့ပေါ့။ လင်းစတီဒီယိုရဲ့ ပွဲဦးထွက်ခွေပေါ့။ အဲဒီတုန်းက အစ်မငယ်သေးတော့ ကလေးသာသာအသံလေး ဖြစ်နေတာပေါ့။ ခုချိန်ထိတော့ သီချင်းဆိုချင်တဲ့စိတ်က ရှိသေးတယ်။ ဒါကြောင့် အစ်မအခုဆိုရင်လည်း အဆိုတော်တွေဆိုရင် အရမ်းပြင်ပေးချင်တာ။ ပထမ ကိုယ့်ရဲ့အိပ်မက်အဆိုတော်မဖြစ်ခဲ့ပေမယ့် ဒီအလှပြင်တာကိုလည်း တကယ်ကို ဝါသနာပါ သွားတာ။ ၁၀ တန်း အောင်တော့ ကျောင်းတက်ရင်းနဲ့ပဲ Hello နာမည်နဲ့ စမ်းချောင်းထဲမှာ စဖွင့်ခဲ့တာ။ အခုဆိုရင် အစ်မတို့လုပ်ခဲ့တာ နှစ် ၂၀ ကျော်ပြီ။

**အစ်မစလုပ်တဲ့ အချိန်တုန်းကနဲ့ အခုခေတ်မှာ ဘယ်လိုပြောင်းလဲတိုးတက်မှုတွေ ရှိလာပါပြီလဲ။**

အစ်မတို့ဆိုင်စဖွင့်တဲ့ အချိန်တုန်းက အခုလိုမျိုးအလှပြင်ဆိုင်တွေ မများသေးဘူး။ အစ်မတို့ဆိုင်ဖွင့်ချိန်က အလှပြင်ဆိုင်ကို လာတယ်ဆိုတဲ့သူတွေက အသက်ကြီးကြီးပိုင်းတွေ များတယ်၊ အစ်မတို့စတုန်းကလည်း အသက်တွေကအရမ်းငယ်ကြသေးတယ်။ ဒီလိုအလုပ်ကိုလုပ်တဲ့ သူတွေထဲမှာလည်း အစ်မတို့လို ငယ်တဲ့သူတွေမရှိကြသေးဘူး။ အဲဒီတွေ အစ်မတို့ကို လူတွေက အထင်မကြီးကြဘူး။ အစ်မတို့ လုပ်ပေးရင်အဆင်ပြေမှာမဟုတ်ဘူးလို့ ထင်ကြတာလေ။ အစ်မတို့ကလည်း ဒီလောကထဲကို ဝါသနာပါလို့သာ ဝင်တိုး



Asian Gate Media Group

ကြတာ။ ဘာမှနားလည်ကြတာ မဟုတ်ဘူး။ အဲဒီတော့ အစ်မတို့က ကြိုးစားရတာပေါ့။ ကြိုးစားဖို့ ပဲစဉ်းစားကြတယ်။ ကိုယ့်ရဲ့ကိုယ်ပိုင် Style ဖြစ်ဖို့ အစ်မတို့ ကြိုးစားကြတယ်။ အဲဒီတော့ အစ်မတို့က လုပ်ရင်းနဲ့ Customer တွေရဲ့ ယုံကြည်မှုကိုရလာတာပေါ့။ အစ်မတို့ကတော့ လာတဲ့ Customer တွေကို သေချာဆွေးနွေးပေးပြီး စိတ်ရှည်ရှည်နဲ့ လုပ်ပေးတယ်၊ ပြီးတော့ Customer ပြောတိုင်းလည်း အစ်မတို့မလုပ်ပေး ဘူး။ သူနဲ့ အဆင်ပြေမှ လုပ်ပေးတယ်။ အဆင် မပြေဘူးဆိုရင် အစ်မတို့က သေချာပြောပြပြီး မလုပ်ပေးဘူး။ အဲဒီလိုနဲ့ Customer တွေရဲ့ ယုံကြည်မှုကိုရခဲ့တာပါ။ အခုခေတ်မှာကျတော့ ဘယ်လိုပြောင်းလဲ သွားလဲဆိုတော့ Product တွေက တအားများလာတယ်။ ပစ္စည်း ပေါင်းစုံတွေ ဝင်လာတယ်။ အစ်မတို့လည်း ပေါ်သမျှ ထွက်သမျှ ပစ္စည်းတွေကိုလိုက်ပြီး လေ့လာနေပေမယ့် ပြီးဆုံးတယ်ကို မရှိဘူး။ အရင်နဲ့ အခုက အရမ်းကွာသွားပြီ။ အရင်တုန်းက ဒီလိုပုံလေး လုပ်ချင်တယ်ဆိုပေမယ့် ကိုယ့်မှာ ပစ္စည်းက မရှိဘူး။ ဘယ်လိုလုပ်ရမလဲဆိုတာ သိပေမယ့်လုပ်ဖို့ ပစ္စည်းကိရိယာက မပြည့်စုံခဲ့ဘူး။ ကိုယ့်မှာရှိတာ နဲ့ပဲ လုပ်ပေးခဲ့ရတာ။ အခုခေတ်ကျတော့ ပစ္စည်းတအားစုံတယ်။ ကိုယ်လုပ်ချင်တာကို ကိုယ်ဖန်တီး ချင်တာကို စိတ်ကြိုက်ဖန်တီးနိုင်တယ်။ အခုခေတ် မိန်းကလေးတွေကလည်း တအားကို အလှကြိုက်လာကြတယ်ပြောရမယ်။ အဲဒီတော့လည်း အစ်မ တို့က ပိုပြီးလေ့လာရတယ်။ ပိုကြိုးစားရတယ်။ ပျိုပျိုအိုအို မိန်းကလေး ယောကျ်ားလေး အားလုံး က အရမ်းလှချင်လာတော့ အခုခေတ်မှာ ဘာတွေ ဖြစ်လာလဲဆိုတော့ ပေါ်လာတဲ့ ပစ္စည်းရဲ့ side effect တို့ဘာတို့ကို မလေ့လာကြတော့ဘဲ သူများက ကောင်းတယ်ပြောတာနဲ့ သုံးတော့တာပဲ။ ပေါ်လာတဲ့ပစ္စည်းတိုင်းကကောင်းတာမဟုတ်ဘူး။ တချို့ကောင်းတာရှိသလို မကောင်းတာတွေ လည်းရှိတယ်။ ဒါကြောင့် ကိုယ့်အတွက် ဘာတွေကောင်းနိုင်လဲဆိုတာ လေ့လာပြီးမှ သုံးသင့်တယ်။ ဆိုးသွားခဲ့ရင် ကိုယ့်ရဲ့ skin က တစ်သက်လုံး သွားပြီပဲ။ ကောင်းကျိုးတွေလည်း များပါတယ်၊ အစ်မတို့ တုန်းကဆိုရင် အာချီတို့ ပရိုမီနာတို့တွေပဲ သုံးခဲ့ရတာလေ။ အခုဆိုရင် Day Cream တို့ Night Cream တို့ပြီးတော့ Foundation Make up ဆိုရင်လည်း အသားအရေကို အများကြီး ကောင်းကျိုးပြုတဲ့ ပစ္စည်းတွေအများကြီး ရှိနေပြီ။

**အစ်မဘဝမှာ ဒီလိုရပ်တည်နိုင်ဖို့အတွက် အစ်မရဲ့ မိသားစုက ပံ့ပိုးပေးခဲ့တာမျိုးကောရှိခဲ့လား။**

အစ်မဆိုင်စဖွင့်တော့ အစ်မမိဘက ပိုက်ဆံသုံးသိန်းကျော်ပေးခဲ့တယ်၊ အဲဒါနဲ့ပဲ အစ်မစလုပ်ခဲ့တာပဲ။ မေမေတို့က အစ်မတို့ကို သိပ်ပြီး မယုံကြည်ခဲ့ဘူး။ မိဘတွေက ကျောင်းပြီးအောင်ပဲ တက်စေချင်ကြတာ။ ဒါကိုအစ်မတို့ ညီအစ်မနှစ်ယောက်ကတော့ ဒါပဲလုပ်ချင်တယ်ဆိုပြီး ငွက်ပူဆာတော့ အစ်မအမေက အရမ်းကြီးအင်တိုက်အားတိုက်ရယ်တော့မဟုတ်ဘဲ အဲဒီအချိန် ငွေသုံးသိန်းကျော်ထုတ်ပေးခဲ့တာ။ အဲဒါထုတ်ပေးပြီး လုံးဝလှည့်မကြည့်ဘူး။ ကိုယ့်ညီအစ်မနှစ်ယောက်ကို သူငယ်ချင်းတွေက ဝိုင်းပြီးကူညီကြတယ်။ ဆိုင်ခန်းငှားတာတို့ ပစ္စည်းဝယ်တာအဆုံး အားလုံးကိုယ့်ဟာကိုယ်လုပ်ကြရတာပါ၊ ကျောင်းကိုတော့ အစ်မတို့က အဝေးသင်ပဲ တက်ခဲ့ကြတာ။

**အစ်မတို့ Hello တာအစ်မ(မခိုင်)နဲ့ မချိုနှစ်ယောက်ပေါင်းပြီး ဖွင့်ထားတာဆိုတော့ မချိုနဲ့ကကော ဘယ်လိုကြောင့် ပူးပေါင်းဖြစ်ခဲ့တာပါလဲ။**

အမှန်က မချိုကအရင်က ဒါကိုလုံးဝဝါသနာတာ မဟုတ်ဘူး။ သူက မိန်းကလေးမဆန်ဘဲ ယောကျ်ားလေးလိုဖြစ်နေတော့ အိမ်က ဒီအလုပ်လုပ်ရင်တော့ သူ့မိန်းကလေးဆန်လာ နိုင်တယ်ဆိုပြီး အတင်းလုပ်ခိုင်းခဲ့တာ။ ဒါပေမဲ့ အခုလက်ရှိမြင်တဲ့အတိုင်း မချိုက မိန်းကလေး ဆန်ဆန်တော့ ဖြစ်မလာပါဘူး။ ဝါသနာမပါဘဲ လုပ်ဖြစ်ခဲ့ပေမယ့် မချိုကအရမ်းတော်တယ်။ မွေးရာပါဗီဇခေါ်မလားပေါ့။ ဒီအလုပ်နဲ့ ပတ်သက်ပြီး သူ့ Idea တွေကလည်း အရမ်းကောင်းတယ်။ သူ ရောအစ်မရော နှစ်ယောက်လုံးက မိတ်ကပ်ရော ဆံပင်ရောရတယ်။ ဆိုင်စဖွင့်တုန်းကတော့ နှစ်ယောက်စလုံးက နှစ်ခုလုံးလုပ်တာပေါ့နော်။ နောက်ပိုင်းကျတော့




Asian Fame Media Group

သူကဆံပင်ကို ပိုပြီး အားသန်တယ်။ အစ်မက လည်း မိတ်ကပ်ပိုင်းကို ပိုပြီးအားသန် လာတာနဲ့ တစ်ယောက်ကို တစ်ခု စီတာဝန်ခွဲလိုက်တာပေါ့။ Customer များ လာတော့လည်း အဲဒီလို တာဝန်ခွဲထားတော့ ပိုပြီး မြန်တာပေါ့။ လိုအပ်လာရင်တော့ကော ဆံပင်ကော နှစ်ယောက်လုံး မဖြစ်မနေလုပ်ပါတယ်။

**ဒီနေ့အချိန်အထိ စိတ်ဝမ်းမကွဲဘဲ အတူတူ လုပ်ကိုင်ဖြစ်ရတဲ့ အဓိကအကြောင်းအရင်းက ကော ဘာကြောင့်များပါလဲ။**

အဲဒါကတော့ နားလည်မှုပါပဲ။ တချို့ညီအစ်မတွေမှာတောင် ငွေရေးကြေးရေးအတွက် တခြားကိစ္စတွေနဲ့ စိတ်ဝမ်းကွဲကြသေးတာလေ။ အစ်မတို့နှစ်ယောက်မှာဆိုရင် မချိုက ဘာမှစိတ်မဝင်စားဘူး။ ငွေရေးကြေးရေး ကိစ္စတခြားကိစ္စအားလုံးပေါ့။ သူက သူ့အလုပ်ပဲ လုပ်မယ်ဆိုတာမျိုးပေါ့။



ဆိုင်ရဲ့ ဝင်ငွေဘယ်လောက်ရလဲတို့၊ ဆိုင်ချဲ့ဖို့တို့ ဘာမှ မသိချင်ဘူး။ အဲဒါတွေကို အစ်မကပဲစဉ်းစားရတာ။ သူကခေါင်းရှုပ်မခံဘူး။ အစ်မကတော့ ငယ်ငယ်တည်းက Management ပိုင်းကို အရမ်းစိတ်ဝင်စားတယ်။ အိမ်မှာတုန်းက လည်း အစ်မက ကိုယ့်မိဘတွေရဲ့ စီးပွားရေးမှာ ဝင်ပြီး ကူလုပ်ပေးဖြစ်တယ်။ အဲဒီတော့ အခုဆိုင်လုပ်တော့လည်း အစ်မကပဲ Management လုပ်ရတယ်။ ပြီးတော့ ပိုဆိုးတာက သူက အငယ်ဆိုတော့ ကိုယ့်ကိုပဲလုပ်ခိုင်းတာလေ။ အစ်မလုပ်သမျှကို သူက အကုန်လက်ခံတယ်။ တစ်ခါတလေကျတော့လည်း တစ်ယောက်နဲ့ တစ်ယောက်စိတ်တိုကြတဲ့အချိန်တွေလည်း ရှိတာပေါ့။ မချိုက စိတ်ဆိုးစိတ်ညစ်တာလည်း လွယ်တယ်။ ဒါပေမဲ့ ပြေတာလည်း လွယ်တယ်။ အစ်မကျတော့ ပြောင်းပြန်။ စိတ်ဆိုးခဲစိတ်ညစ်ခဲတယ်။ ဒါပေမဲ့ အစ်မက ပြောခဲ့တယ်။ တမြည့်မြည့်နဲ့ မဖြေနိုင်ဘူး။ ဒါပေမဲ့ မချိုက အစ်မကိုလည်း သည်းခံပါတယ်။ သူဒေါသအရမ်းထွက်ရင်လည်း ကိုယ်ကလျှော့ပေါ့လေ။

**အစ်မက မိတ်ကပ်ပညာကို ဘယ်မှာလေ့လာဖြစ်ခဲ့တာပါလဲ။**

အစ်မက ပထမဆုံးမိတ်ကပ်သင်တာက စမ်းချောင်းမှာ မမေသူဆိုတာရှိတယ်။ သူ့ဆီမှာအရင်သင်တာ။ ဒါပေမဲ့ သူကအခုတော့ ဒီအလုပ်ကိုလုံးဝမလုပ်တော့ဘူး။ နောက် တော့ မိတ်ကပ်ဦးမာဆီမှာသင်တယ်။ ဦးမာကတော့ အစ်မတို့ရဲ့ဆရာပေါ့။ နောက်ပိုင်းကျတော့ အစ်မက နိုင်ငံခြားက သူငယ်ချင်းတွေဆီကို စာအုပ်တွေ အခွေတွေလှမ်းမှာပြီးဆက်လေ့လာတယ်။ အခုခေတ်မှာတော့ လေ့လာချင်တယ်ဆိုရင် လေ့လာဖို့နေရာတွေက အများကြီးပဲ။ လွတ်လည်း လွတ်လပ်သွားပြီ။ အခုလက်ရှိမှာလည်း အစ်မလေ့လာနေရတာပဲ။ Internet ကနေ လေ့လာရတယ်၊ အခု ခေတ်မှာက ပိုပြီးလေ့လာရပါတယ်။

**အောင်မြင်တဲ့ မိတ်ကပ်ပညာရှင်တစ်ယောက် ဖြစ်ဖို့အတွက် ဘဝမှာ ဘာတွေကို ပေးဆပ်ခဲ့ရလဲ။**

အဓိကကတော့ အချိန်ပါပဲ။ ဘဝမှာ ဘယ်သူမဆိုကိုယ့်အလုပ်မှာ အရမ်းပင်ပန်း လာတဲ့အချိန်ဆိုတာရှိတယ်။ အဲဒီလိုအချိန်ဆိုရင် အားလုံးကနားချင်ကြတယ်။ ဒါပေမဲ့ အစ်မတို့က နားလို့မရဘူး။ ကိုယ်လက်ခံထားခဲ့ရင် လက်ခံ ထားသလိုတာဝန်ယူရတယ်။ ကိုယ့်မိသားစု၊ ကိုယ့်သားလေးနဲ့ ခရီးတွေဘာတွေသွားချင်ရင် လည်း သွားလို့မရပြန်ဘူး။ အဓိကက ကလေး အတွက်ပါ။ သားသားရဲ့ ကျောင်းပိတ်ရက်မှာ ခရီးထွက်ချင်ပေမဲ့လည်း အစ်မအလုပ်ကိစ္စကြောင့် သွားလို့မရဘူး။ အစ်မအမျိုးသားကလည်း အလုပ်ကိစ္စနဲ့ဆိုတော့ သူကမြေမြို့မှာ နေရတယ်။ အမျိုးသားဆီကိုလည်း အစ်မက မသွားနိုင်ဘူး။ အချိန်ပြည့်အလုပ်ထဲမှာပဲနေ နေရတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ Customer တွေက ရှိသေးတာကိုး။ အဲဒါတွေတော့ ပေးဆပ်ရတယ်။ ကိုယ့်ရဲ့ မိသားစုဘဝကို ပေးဆပ်ရတယ်။

**မှန်ကန်တဲ့ မိတ်ကပ်လိမ်းခြယ်မှုပုံစံက ဘယ်လိုမျိုးပါလဲ။**

မိတ်ကပ်လိမ်းခြယ်မှုထက် အစ်မပြောချင်တာက Skin Care ပဲ ပြောချင်ပါတယ်။ အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် အသက်အရွယ်မရွေး အဓိကဘာလိုလဲဆိုတော့၊ skin ကောင်းဖို့ပဲ။ လူတွေအများစုက skin ကို ဂရုစိုက်ဖို့ မေ့ထားတတ်ကြတယ်။ အစ်မကတော့ ကိုယ့်ဆီလာတဲ့ လူတိုင်းကို skin ကို ဂရုစိုက်ဖို့ အလေးပေးပြီး ဆွေးနွေးတယ်။ Make up ကို ဘယ်လောက်ဈေးကြီးတာပဲသုံးသုံး၊ Brand အကောင်းစားပဲသုံးသုံးကိုယ့်ရဲ့ အောက်ခံ skin က မကောင်းရင် ဘာမှအသုံးမဝင်ဘူး။ ပုံမှန်တော့ ဘယ်သူမဆို တစ်လတစ်ကြိမ်မျက်နှာကို ပေါင်းတင်ပေးသင့်တယ်။ တစ်ပတ်တစ်ခါတော့ မျက်နှာဆေးပေးရမယ်။ ပုံမှန် Day Cream , Night Cream သုံးပေးရမယ်။ Body ဆိုလည်း Body treatment ကို ပုံမှန်လုပ်ပေးရမယ်။ အပြင်သွားရင်လည်း Two Way လေးဆောင်ထားပေါ့။ ကိုယ်ကအသားခြောက်တတ်တယ်ဆိုရင်လည်း နို့ရည်လေးခံလိမ်းပေါ့။ အဲဒီလိုမျိုးလေး ဂရုစိုက်သွားရင် ဘယ်လို Make up မျိုးမဆို ကိုယ့်အသားအရေနဲ့ အဆင်ပြေပါလိမ့်မယ်။

**ပညာရပ်တစ်ခုက အမြဲမပြတ်လေ့လာနေရတယ်လို့ ပြောကြတယ်။ အစ်မကကော ဒီပညာရပ်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုတွေဆက်ပြီး လေ့လာဖြစ်နေလဲ။**

ခုနကအစ်မပြောခဲ့သလိုပေါ့။ Internet တို့ ဘာတို့ကနေ လေ့လာတယ်။ အခွေတွေကြည့်တယ်။ ပြီးတော့ အရင်တုန်းကဆိုရင် နိုင်ငံခြားဆိုတာ ကိုယ်နဲ့မနီးစပ်ခဲ့ဘူး။ အခုတော့ မကြာခဏ ဆိုသလိုရောက်ဖြစ်ချိန်လေးမှာလည်း လေ့လာဖြစ်တယ်။ စင်ကာပူတို့ ဘန်ကောက်တို့မှာလည်း short Course လေးတွေသွားပြီး တက်ဖြစ်ပါတယ်။ Paulmitchell ကလည်း USAက ဆရာတွေကို ခေါ်ပြီး စင်ကာပူမှာရော မြန်မာနိုင်ငံမှာပါ မကြာခဏသင်တန်းပေးပါတယ်။

**မြန်မာမိန်းကလေးအများစုက သနပ်ခါးကို နှစ်မြို့က်ကြတယ်နော်။ သနပ်ခါးအမြဲလိမ်းတဲ့ အသားအရေမှာ ဘယ်လိုကောင်းကျိုး ဆိုးပြစ်တွေရှိနိုင်ပါသလဲ။**

မြန်မာမှာက မိရိုးဖလာယဉ်ကျေးမှုနဲ့ကို သနပ်ခါးလိမ်းကြတာလေ။ သနပ်ခါးမကြိုက်တဲ့သူဆိုတာလည်း ခပ်ရှားရှားကိုး။ သနပ်ခါးလိမ်း

Asian Fame Media Group

ရင် အသားအရေအေးတယ်။ အသားကြည်တယ်ပေါ့။ ဒါပေမဲ့ သနပ်ခါးအမြဲလိမ်းတဲ့သူက သနပ်ခါးနဲ့ချွေးနဲ့တွေ့ပြီး အဲဒီသနပ်ခါးက ကြေးဖြစ်သွားတယ်။ အဲဒီကြေးတွေက ချွေးပေါက်မှာ ပိတ်ရင် တင်းတိပ်ဖြစ်တာတို့ အမည်းစက်တွေ ဖြစ်တာတို့တွေ ဖြစ်လာရော။ ဒါကြောင့် သနပ်ခါးလိမ်းတဲ့သူက Facial Foam သုံးတာမျိုး မျက်နှာကို ဆေးတာမျိုးတို့ ပေါင်းတင်တာတို့ ပြန်လုပ်ပေးရမယ်။ သနပ်ခါးလည်းလိမ်း ပုံမှန် လည်း ကိုယ့်မျက်နှာကိုပြန်ပြီး သန့်စင်ဖို့လုပ်ပေးပေါ့။ အဲဒါဆိုရင် ပိုကောင်းတာပေါ့။

**အစ်မအနေနဲ့ မိတ်ကပ် ပညာရှင်အလုပ်ကို စိတ်ဝင်တစားဖြစ်ခဲ့ရတဲ့အကြောင်းလေးရှိရင်လည်း သိပါရစေ။**

စောစောပိုင်းက အစ်မပြောခဲ့သလိုပေါ့။ အမှန်တော့ အစ်မက အဆိုတော်ဖြစ်ချင်တာပေါ့။ မိတ်ကပ်ပညာရှင် အလုပ်ကို စိတ်ဝင်စားသွားရတာကတော့ အစ်ကက လှချင်တာပေါ့နော်။ ကိုယ်ကလှချင်တော့ "ငါအဆိုတော်လုပ်ရင်တော့ ငါ့ဘာသာ ငါအလှပြင်မယ်" ဆိုပြီး ဒီမိတ်ကပ်ပညာကို လေ့လာဖြစ်ခဲ့တာလေ။ ဘာလို့လဲဆိုတော့ အစ်မတို့ခေတ်တုန်းက ဒီလို မိတ်ကပ်ပြင်ပေးတဲ့သူတွေကလည်း အခုလောက် မများဘူးလေ၊ အရမ်းနည်းတယ်။ အစ်မက အရမ်းလှချင်တယ်။ အဲဒီတော့ လေ့လာပြီး ပြင်တယ်။ သူများကိုလည်း ပြင်တယ်။ သူများကို ပြင်ပေး ပြီးတော့မှ ကိုယ်တိုင်ထက် သူများကို ပိုပြီး လှစေချင်သွားတယ်။ သူများလှနေတာမြင်ရင် အစ်မက ကျေနပ်တယ်။ အခုဆိုရင်တော့ အစ်မနဲ့ မချိန့်က မိတ်ကပ်ပြင်ပေးတဲ့သူတွေပါလို့ ပြောရင် ကိုးကားပြောရမယ်။ ကိုယ်တိုင်က အလှမပြင်ဖြစ်ဘဲ သူများကိုပဲ ပြင်ပေးနေတာ။ အဲဒါကို ဝါသနာ အရမ်းပါသွားပြီး ဒီလိုဖြစ်လာခဲ့တာပါ။

**အစ်မအနေနဲ့ စိတ်အားထက်သန်မှု အဖြစ်ဆုံး မိတ်ကပ်ဖန်တီးမှုပုံစံဆိုရင်ဘယ်လို ပုံစံမျိုးပါလဲ။**

အစ်မကတော့ စလိမ်းကတည်းက ပါးပါးလေးကိုကြိုက်တယ်။ အစ်မက မိတ်ကပ်လိမ်းရင် ပေါ့ပေါ့ပါးပါး ပုံစံမျိုးပဲလိမ်းပေးတယ်၊ လူအများစုက ပွဲလမ်းသဘင် သွားခဲ့ရင် ကိုယ့်ရဲ့မိတ်ကပ်နဲ့ ဆံပင်ကြောင့် စိုက်ကျဉ်းကျပ်တာမျိုး ဖြစ်တယ်။ အစ်မတို့ကိုယ်တိုင်လည်း အဲဒီလိုပဲ။ ဒါကြောင့် အစ်မက လိမ်းထားတဲ့သူကို လုံးဝစိတ်ဖိစီးမှု မပေးတဲ့ မိတ်ကပ်ပြင်ဆင်မှုမျိုး၊ ဆံပင်ပြင်ဆင်မှုမျိုးပဲ ဖန်တီးပေးတယ်။ Creation ပိုင်းကိုလည်း အစ်မက စိတ်ဝင်စားတယ်၊ Creation လုပ်ပြီဆိုရင်လည်း ပိုပြီးသနဲ့ကို Creation ဆန်တာမျိုးပဲ လုပ်ပေးတယ်၊ ဒါပေမဲ့ အစ်မရဲ့ မိတ်ကပ် Creation ကြောင့် ပြင်ခံတဲ့ Model ရဲ့အလှထိခိုက်သွားတာမျိုး၊ ရုပ်ဆိုးသွား စေတာမျိုးတော့ဘယ်တော့မှ မလုပ်ပေးဘူး။ Model လည်းအလှမပျက်ရဘူး၊ အစ်မတို့ လုပ်တဲ့ Creation လည်းပေါ်တာမျိုးပဲ လုပ်ပေးပါတယ်။

**Hello က Customer တွေအတွက် ဘာတွေကို အဓိကထားပြီး ဝန်ဆောင်မှုပေး လေ့ရှိပါသလဲ။**

အစ်မတို့က Hello ကလက်ကိုင်ထားတဲ့ ဆောင်ပုဒ်တစ်ခုရှိတယ်။ အဲဒါကတော့ Customer တွေက Hello ကယုံကြည်မှု ပေးပြီး Customer တွေဆီကနေ ယုံကြည်မှုပြန် ယူမယ်ဆိုတာပေါ့။ အစ်မဆိုင်ကို ကလေးတွေကိုလည်း သေချာလေ့ကျင့်ပြီး သင်တန်းပေးထားတယ်။ ပြီးတော့ ဘယ်လိုအဆင့်အတန်းမျိုးက Customer ပဲလာလာ ဝန်ဆောင်မှုပေးတဲ့အခါ တစ်သတ်မှတ်တည်းရှိစေတယ်။ အရမ်းကို တောင်းဆိုမှုတွေများတဲ့ Customer မျိုးတွေလည်း လာတတ်တယ်။ ဒါပေမဲ့ အပြုံးမပျက်ဘဲ သည်းခံပြီး Complain တွေကို ရအောင် ရှင်းပေးတယ်၊ ဒါကြောင့်လည်း နောက်ပိုင်းကျတော့ အဲဒီ Customer က ကိုယ့်ဆီပဲ ထပ်လာတာလေ။

**မြန်မာမိန်းကလေးအများစုကော ဘယ်လိုပြင်ဆင်မှုမျိုးကို နှစ်သက်လေ့ရှိကြပါသလဲ။**

မတူကြဘူး။ တချို့ကကျတော့ ထူထူပြင်တာကြိုက်တယ်၊ တချို့ကကျတော့ ပါးပါးပြင်တာကို ကြိုက်ကြတယ်။ အစ်မဆီကိုလာတဲ့ တွေ့အားလုံးနီးပါးကတော့ ပါးပါးပြင်တာကို ကြိုက်ကြတယ်၊ အဲဒါကလည်း အစ်မတို့က ပါးပါးပဲပြင်ပေးနေကျဆိုတော့ ကိုယ့်ဆီလာတော့လည်း ဒီလိုပါးပါးလေးပြင်တာကြိုက်တဲ့ သူတွေပဲ လာတာပေါ့နော်၊ တချို့မျက်နှာတွေက ကျပြန်တော့လည်း အပါးပြင်တာနဲ့ မလိုက်ဘူး၊ မလှဘူး ဆိုတာမျိုး လည်းရှိပြန်ရော။ အဲဒီတော့ မျက်နှာ ပေါ်မူတည်ပြီး ပြင်ရတာပေါ့။ များသောအားဖြင့် မျက်နှာ Skin ကောင်းတဲ့သူတွေ ပါးပါးလေးနဲ့ ပြင်တာနဲ့ လိုက်တယ်။ အသားမည်းတာ ဖြူတာနဲ့ မဆိုင်ဘူးနော်၊ တချို့တအားအသားဖြူပေမယ့် Skin လုံးဝမလှတာမျိုးရှိတယ်။ တချို့က အသားမည်း ပေမယ့် ညိုညိုစိုစိုလေးနဲ့ Skin ကတအားလှတာ မျိုးရှိတယ်၊ နိုင်ငံခြားက ကပ္ပလီမတွေဆို ဘယ်လို လုပ်မလဲ။ မြန်မာမိန်းကလေး အများစုက အသားညိုရင် စိတ်ကမလှဘူး ထင်နေကြတာ။ အသားညိုတာမည်းတာက အဓိကမဟုတ်ဘူး။ အဓိကက Skin လေးလှ နေဖို့ပါပဲ။ အသားအရေစိုပြည်ပြီး ကြည်နေဖို့ပဲ လိုပါတယ်။

**အစ်မတို့က 'အိပ်မက်ဆုံရာ' အစီအစဉ်မှာလည်း ဆံပင်ပြင်ဆင်မှုကို ပံ့ပိုးပေးတာတွေ့ရတယ်။ အဲဒါဘယ်လိုကြောင့် ပေးဖြစ်ခဲ့လဲဆိုတာလည်း ပြောပြပေးပါဦး။**

Channel 7 ရဲ့ 'အိပ်မက်ဆုံရာ' ကနေ







အစ်မတို့ဆီ ဆက်သွယ်လာတော့ အစ်မတို့ကလည်း လူတွေအရမ်းကြိုက်ကြတဲ့ အစီအစဉ်ဆိုတော့ ဝမ်းသာစွာနဲ့ပဲ လုပ်ပေးတာပါ။ အိပ်မက်ဆုံရာ အစီအစဉ်မှာ ပါခဲ့ရတာက အစ်မတို့အတွက် အများကြီးအကျိုးရှိပါတယ်။ အိပ်မက်ဆုံရာက

Asian Fame Media Group

ဆံပင်ပုံလေးတွေ Color လေးတွေကြိုက်လို့ဆိုပြီး Customer အသစ်တွေ ရောက်ရောက် လာတတ်တယ်။ အခုမှ စဖွင့်တဲ့ Beauty Salon ဆိုင်အသစ်တွေကလည်း အဲဒီ အစီအစဉ်မှာ အစ်မတို့ပြောတဲ့ စကားတွေကို သူတို့ သေသေချာချာ နားထောင်ဖြစ်တဲ့ အကြောင်းနဲ့ ပညာရတဲ့ အကြောင်း ဖုန်းဆက်ပြီး ပြောကြတာလည်းရှိတယ်။ အစ်မတို့ ပြင်ပေးရတဲ့ အိပ်မက်ဆုံရာက ကလေးတွေကလည်း အစ်မတို့ဆိုင်မှာ ဆက်ပြီး အားပေးကြတယ်။ ဒါကြောင့် အိပ်မက်ဆုံရာ အစီအစဉ်ကို အစ်မက ကျေးဇူးတင်ပါတယ်။ ကိုယ်တွေ လုပ်ပြတာတွေကိုလည်း လူတွေက ကြိုက်ကြတယ်လို့ ပြောတာတွေကြားရပါတယ်။ အမိကကတော့ပရိုသတ်က အသိအမှတ်ပြုပေးကြပါတယ်။ အစ်မတို့ စလုပ်တဲ့ Season 3 ကပြိုင်ပွဲဝင်တအားများတယ်။ အခု လာမယ့် Season 4 မှာလည်း အစ်မတို့ကို ဆက်လုပ်ပေးဖို့ ပြောထားတယ်။

**Make up Artist တစ်ယောက်ဟာ သူ့အတွက် ဝမ်းစာဘယ်လိုပဲ ပြည့်ပြည့် အနုပညာလောကက Celebrity တွေ အသိအမှတ်ပြုရင် ကိုယ့်အောင်မြင်မှုက ပိုနိုင်မာတယ်လို့ ပြောနေကြတာတွေကိုကော အစ်မလက်ခံလား။**

တစ်စိတ်တစ်ဒေသ တစ်ပိုင်းတော့ လက်ခံပါတယ်။ တချို့ဆိုလည်း ဘယ် Celebrity မှ မပြင်ပေးဘဲနဲ့ သူဟာသူ ရပ်တည်ပြီး အရမ်းတော်နေတာမျိုးလည်း ရှိပါတယ်။ ကိုယ့်လမ်း ကိုယ်ဖောက်ပြီး ကိုယ့်အောင်မြင်မှုနဲ့ ကိုယ်ရပ် တည်နေတာတွေ အများကြီးပါပဲ။ အစ်မတို့က ကျတော့ ကိုယ်တိုင်က အဆိုတော်ဖြစ်ချင်ခဲ့တာဆိုတော့ အစ်မက အဆိုတော်တွေဆိုရင် တအားပြင်ပေးချင်တာ။ အဆိုတော်တွေကို ပြင်ပေးရရင် အစ်မပျော်နေတာပဲ။ ပြီးတော့ ကိုယ်လုပ်ချင်တဲ့ Creation ပြချင်တဲ့ Hair Style ကိုလည်း အဲဒီလို Celebrity တွေကို ပြင်ပြတာက ပိုပြီးမြင်သာတယ်ပေါ့။ ကိုယ့်ရဲ့ Image ပိုတက်တာပေါ့။ သူ့နာမည်နဲ့ အတူ ကိုယ့်နာမည်က အတူတူတွဲပြီး ပါသွားတာပေါ့။ ပြီးရင် အစ်မတို့က Celebrity တစ်ယောက်ယောက်ကို ပြင်ပေးလိုက်တဲ့ ပုံဆိုလည်း Customer တွေကလာပြီး အဲဒီလိုပြင်ပေးပါဆိုပြီး ရောက်လာတတ်တယ်။

**အစ်မတို့နဲ့ပင်တိုင်လက်တွဲနေတဲ့ အနုပညာရှင်တွေကို ပြောလို့ရမလား။**

အဲဒါက တော်တော်များတယ်။ Model ထဲမှာဆိုရင် တင်မိုးလင်း၊ ခင်နန်း၊ ဓားမားတို့ ပြီးတော့ ယွန်းနု၊ ချမ်းချမ်း၊ ဖွေးဖွေး၊ ခင်ဘုဂၢၤ၊ နန်းသူဇာ၊ ဖူးစုံ အများကြီးပဲ. . . မိစန္ဒီ၊ ထက်ထက် (Bobby soxer)၊ ကျော်ထွဋ်ဆွေ၊ မင်းသွေး၊ နေမင်း တော်တော်များတယ်။

**Hello ကပြင်ပေးရင် လှတယ်လို့ Customer တွေဘက်က ပြောလာခဲ့ရင် ခံစားရတဲ့ ပီတိလေးကိုလည်း ပြောပြပေးပါဦး။**

ဝမ်းသာတာပေါ့။ အစ်မတို့က ကိုယ့်ဆီကို လာတဲ့ Customer တိုင်းကို အလှဆုံး ဖြစ်အောင် လုပ်ပေးတယ်။ ကိုယ်ပြင်ပေးလိုက်လို့ သူတအား ကျေနပ်သွားတယ်ဆိုလည်း ကိုယ်ကပျော်တယ်။

**အစ်မက မိတ်ကပ်ပညာကို Professional အဖြစ်နဲ့ Business ဆန်ဆန် လုပ်နေတာဆိုတော့ အစ်မဝန်ထမ်းတွေကိုကော ဘယ်လိုစီမံ အုပ်ချုပ်နေပါသလဲ။**

အစ်မဆိုင်စဖွင့်တုန်းက ဝန်ထမ်းနည်းတယ်။ နောက်ပိုင်းမှာ အခုလို ဝန်ထမ်းတွေများ လာတာပေါ့။ Management ပိုင်းဆိုရင် အစ်မသင်တန်းတွေ တက်ရတယ်။ စာတွေလည်း ဖတ်ရတာပေါ့။ ဒီလိုဆိုင်ရဲ့ Management နဲ့ တခြား စီးပွားရေးမှာ Management နဲ့ မတူဘူး။ ဝန်ထမ်းတိုင်းကတော့ ကောင်းတာမဟုတ်ဘူး လေ။ တချို့ဆိုးတဲ့ ဝန်ထမ်းလေးတွေလည်း ရှိကြတယ်။ အဲဒါမျိုးဆိုလည်း အစ်မက ဝန်ထမ်းကောင်းဖြစ်လာအောင် လိမ္မာအောင် တဖြည်းဖြည်းလေ့ကျင့်ပေးတယ်။ တချို့က စိတ်ဓာတ်ကောင်းတယ်။ ဒါပေမဲ့ အလုပ်ဘာမှမလုပ် တတ်တာရှိတယ်။ တချို့ကကျတော့ အလုပ်တော်တယ်။ ဒါပေမဲ့ စိတ်ဓာတ်လေးတွေက မပြည့်တာလေးတွေ ရှိပြန်ရော၊ အဲဒါတွေကို အစ်မက အချိန်ယူပြီး ပြုပြင်ပေးတယ်။ ဒီလူကတော့ အသုံးမကျပါဘူးဆိုပြီး အလုပ်ထုတ်လိုက်တာမျိုး ဘယ်တော့မှမလုပ်ဘူး။ အစ်မတို့က ကြိုးစားပြီး ပြုပြင်ပေးတာပဲ။ အဲဒီလို နည်းနဲ့ပဲ Management ပိုင်းကို လုပ်တာပါ။ ပြီးတော့ အစ်မတို့က ဒီမှာ အဆောင်ပေးထားပြီး ဒီမှာပဲနေဖို့ တာဝန်ယူထားတာလေ။ ကိုယ့်မျက်စီအောက်မှာပဲထားပြီး သင်ပေးတာပါ။ သူတို့ရဲ့ ကျန်းမာရေး၊ လူမှုရေးအားလုံး ကိုလည်း ကိုယ့်မိသားစုလိုပဲ သတ်မှတ်ပြီး တာဝန်ယူ ပေးတာပါ။ မိသားစုပုံစံနဲ့ပဲနေတာပါ။ အစ်မ ဝန်ထမ်းတွေက မိန်းကလေးတွေချည်းပဲဆိုတော့ ကိုယ့်ဆိုင်သိက္ခာအရရော သူတို့သိက္ခာအရရော နာမည် ပျက်မရှိအောင်အစ်မကထိန်းသိမ်းပေးပါတယ်။

**တချို့ကကိုယ့်မှာ ပညာရည်ပြည့်ဝပြီဆိုရင် သင်တန်းဖွင့်တာတို့ ပညာအမွေဆက်ခံဖို့အတွက် သားသမီးကို လက်ဆင့်ကမ်းတာမျိုးလုပ် ကြတော့ အစ်မမှာကော အဲဒီလို အစီအစဉ်တွေရှိပါသလား။**

အစ်မကသင်တန်းဖွင့်တာကြာပြီ။ အစ်မဆီမှာ သင်တန်းတက်တဲ့ သူတွေအားလုံးက ဆိုင်ပြန်ဖွင့်နိုင်ကြတယ်။ အစ်မမှာက သားတစ်ယောက်ရှိတယ်။ အခုသူက ၉ နှစ်ရှိပြီ။ အစ်မခံယူထားတာဟာ သားသမီးတွေဟာ မိဘတွေထက်တော်နေမှ ကိုယ်နေထိုင်ရာပတ်ဝန်းကျင် ကိုယ့်တိုင်းပြည် တိုးတက်လာမှာပါ။ အစ်မက သားကို တစ်ခါမှ အတင်းအကျပ်မလုပ်ဘူး။ သူ့ဟာ သူလွတ်လွတ်လပ်လပ်နဲ့ တွေးပြီး ယုံကြည်မှု ရှိရှိနဲ့ သူ့ဘဝကို သူရပ်တည် နိုင်ရင်ရ ပြီ။ ဒါက အစ်မ ဖြစ်စေချင်တာပေါ့။ စာကိုလည်း အရမ်းမဖိပေးဘူး။ ပုံမှန်လေးပဲလုပ်စေတယ်။ အပြင် စာအုပ်ကိုပဲ အများကြီးပေးဖတ်တယ်။ အစ်မက ထူးဆန်းမလားတော့ မသိဘူး။ တခြားအမေတွေလို သားကို အရမ်းတော်တာမျိုးဖြစ်ဖို့ ဖိအားမပေးတတ်ဘူး။ သူဟာသူပဲ ရှင်သန်စေချင်တယ်။ ဥပမာ သားတို့ကျောင်းမှာ ပန်းချီဆွဲရင် လိပ်ပုံလေးတွေ ယုန်ပုံလေးတွေဆွဲရင် သူတို့ ကျောင်းကဆရာက အချိုးနဲ့သင်ပေးတာပေါ့။ ဒါပေမဲ့ သားက ဘယ်တော့မှအဲဒီအချိုးနဲ့ မဆွဲဘူး။ သူ ဆွဲချင်သလို ဆွဲတယ်။ ပန်းချီမှာ သူဘယ်တော့မှ A အဆင့်မရဘူး။ C အဆင့်ပဲ ရတယ်။ သူက အချိုးနဲ့ မဆွဲလို့ပေါ့။ ဒါပေမဲ့ အစ်မက အဲဒါကို အယ်တော့မှ မတားဘူး။ C ပဲရရ ကိစ္စ မရှိဘူး၊ ကလေးတစ်ယောက်ရဲ့ Creation ကို အစ်မ မပျက်စီးစေချင်ဘူးလေ။ သူ့ရဲ့ ယုံကြည် ချက်နဲ့ သူခြေထောက်ပေါ် သူရပ်တည်နေမယ် သူလုပ်ချင်တဲ့အလုပ်ကိုပဲ အစ်မကပံ့ပိုးပေးမှာပါ။ သူကြီးလာလို့ အစ်မ အလုပ်ကို စိတ်ဝင်စား တယ်ဆိုရင်လည်း သူဦးစီးပေါ့။ ဝါသနာမပါခဲ့ရင် လည်း အစ်မရဲ့ လုပ်ငန်းအမွေကို လက်ဆင့် ကမ်းဖို့အတွက် အစ်မမှာ ဝန်ထမ်းကလေးတွေ ရှိပါတယ်။ အစ်မတို့ဆိုင်က ကလေးတွေအားလုံး တော်နေအောင် ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်နိုင်ရမယ်ဆိုတဲ့ အတွေးမျိုး အသိမျိုး သင်ပေးထားတယ်။ အစ်မတို့ရဲ့ ပညာအမွေနဲ့ လက်ရှိလုပ်ငန်းတွေကို ဝန်ထမ်းကလေးတွေက စိတ်ဝင်စားရင် သူတို့ကို ဆက်လုပ်နိုင်းမယ်။

**မိတ်ကပ်ပညာရှင်အဖြစ် ရပ်တည်ဖို့ ကြိုးစားနေကြတဲ့သူတွေကိုကော အစ်မဘယ်လို အားပေးစကားပြောချင်ပါသလဲ။**

မိတ်ကပ်ပညာရှင် မှမဟုတ်ပါဘူး၊ Salon ဖွင့်ချင်တာပဲဖြစ်ဖြစ်ပေါ့ ။ အဓိကကတော့ ကိုယ့်ရဲ့ပညာကို သေချာပိုင်နိုင်အောင် လေ့လာရမယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိထားရမယ်။ ငါရပ့ါမလားဆိုပြီးစိုးရိမ် မနေဘဲ လုပ်ရမယ်ပေါ့။ ပြီးတော့ပညာရပ်တွေကိုလည်း အမြဲလေ့လာနေရမယ်။ ဆိုင်ဖွင့်ခဲ့ရင်လည်း သုံး၊ လေးလလောက်အထိကို ရှုံးမှာတွေ ဘာတွေကို မစဉ်းစားနဲ့ ။ အဲဒါဆိုရင် ပိုပြီး အားလျော့ သွားနိုင်တယ်။ စာမေးပွဲ သွားဖြေမယ့်သူက စာတွေအကုန်ရအောင် ကျက်ထားရင်စာမေး ပွဲအောင်မှာပဲလေ။ ဒီလိုပါပဲ ကိုယ်ရဲ့ အရည်အချင်းကိုပဲ အမြဲတမ်းအရောင်တင်ပေးပေါ့။ ပြီးတော့အလုပ်လုပ်ခဲ့ရင် မေတ္တာလေး၊ စေတနာလေးနဲ့လုပ်။ ဒါဆိုရင် အောင်မြင်မှာပါ။

**ဖြိုးစုဝိုင်**

Asian Fame Media Group

သည်းခံမပေးနိုင်တဲ့
လုပ်ရပ်

မဖြစ်မနေ
ကိစ္စ

ငွေကြေးတွေကို
ဖန်တီးမှု

နားမလည်နိုင်သေးတဲ့
ကိစ္စ

စံပြပုဂ္ဂိုလ်



# သူပြောတဲ့ သူ့အကြောင်း

## ဒါရိုက်တာ ညီမင်းလွင်

arranged by
**phyoe su po po**

Asian Gems Media Group

## ပျော်ရွှင်မှုကိုဖန်တီးပေးတဲ့အရာ

ကျွန်တော့်ဘဝအတွက် ပျော်ရွှင်မှုကို အမှန်တကယ်ကို ဖန်တီးပေးတဲ့အရာဆိုရင် ဝတ္ထုပစ္စည်း အနေနဲ့ကတော့ ကျွန်တော့်အိမ်ပါပဲ။ ကျွန်တော့်ရဲ့ အိမ်မှာ ကျွန်တော်က ချစ်တဲ့ ကျွန်တော့်ကို ချစ်တဲ့ မိသားစု ရှိတယ်။ ကျွန်တော်ကြိုက်တဲ့ ရုပ်ရှင်ကားတွေ ရှိတယ်။ ကျွန်တော် အလုပ်လုပ်တဲ့ Computer ရှိတယ်။ ကျွန်တော့်ကို စိတ်ချမ်းသာမှုပေးတဲ့ အရာအားလုံးက ဒီအိမ်ထဲမှာပဲ အကုန်ရှိနေတော့ ကျွန်တော့်ရဲ့ ပျော်ရွှင်မှုကို အမှန်တကယ် ဖန်တီးပေးတဲ့အရာကတော့ ကျွန်တော့်အိမ် ပါပဲ။

## သည်းခံမပေးနိုင်တဲ့လုပ်ရပ်

လောကမှာ အဓိကလိုတာတော့ တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိဖို့ပါပဲ။ ကျွန်တော် လုံးဝ သည်းမခံနိုင်တဲ့ကိစ္စ ဆိုရင်လည်း ကျွန်တော့်ကို သစ္စာဖောက်တာပါပဲ။ ကျွန်တော့်ကို သစ္စာဖောက်ရင် နောက်ကျောကနေဓားနဲ့ ထိုးသလိုပဲ ခံစားရတယ်။ ကျွန်တော် ယုံကြည်ထားတဲ့ လူတစ်ယောက်က ကျွန်တော့်ရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်တာပေါ့။ အဲဒါတော့ ကျွန်တော် လုံးဝကို သည်းမခံနိုင်ဆုံး လုပ်ရပ်ပါပဲ။ ကျွန်တော်က သစ္စာဖောက်တာကိုလည်း သည်းမခံနိုင်လို့ ကျွန်တော် ကိုယ်တိုင်လည်း ကိုယ့်ကိုယုံကြည်နေတဲ့သူအပေါ်မှာ ဘယ်တော့မှ သစ္စာဖောက်တဲ့ အလုပ်ကို မလုပ်ပါဘူး။ သစ္စာတရားကို ကျွန်တော်ကတန်ဖိုးထားတယ်ဗျ။

## ဘဝရဲ့နောက်ဆုံးအချိန်အထိ မဖြစ်မနေ လုပ်ကိုလုပ်သွားမယ်ဆိုတဲ့ ကိစ္စ

အဲဒီလို မဖြစ်မနေနဲ့ ကျွန်တော့် ရဲ့ နောက်ဆုံး ထွက်သက် အထိ၊ ကျွန်တော် အလုပ်ချင်ဆုံး ကိစ္စဆိုရင်တော့ ရှင်းပါတယ်။ ရုပ်ရှင်ပါပဲ။ ကျွန်တော်က ရုပ်ရှင်ကို ကျွန်တော် ရိုက်နိုင်တဲ့ အရွယ်အထိ ကျွန်တော် လုပ်နေနိုင်တဲ့ အရွယ်အထိ ရုပ်ရှင်တွေ ရိုက်နေမှာပါ။ နောက်ဆုံး ကျွန်တော် ရုပ်ရှင်ရိုက်ကွင်းကို ကိုယ်တိုင် မသွားနိုင်တော့လို့ ရုပ်ရှင် မရိုက်နိုင်တော့တဲ့ အရွယ်ကျရင်တောင် အိမ်ထဲမှာပဲ ရုပ်ရှင်တွေထိုင်ကြည့်နေချင်တယ်။ ဟိုတစ်နေ့ကတောင် သမီးလေးကို ပြောနေသေးတယ်။ သမီးလေး အသက်ကြီးလာရင် ဒယ်ဒီ့ကို ရုပ်ရှင်ရုံလေး တစ်ရုံ လုပ်ပေးထားနော်လို့ သမီးလေးတို့ လုပ်ပေးထားတဲ့ ရုပ်ရှင်ရုံလေးထဲမှာပဲ ရုပ်ရှင်တွေ ကြည့်ရင်းနဲ့ ဒယ်ဒီက သေသွားချင်တာလို့ ပြောဖြစ်သေးတယ်။ ဒါကြောင့် ကျွန်တော့်ဘဝရဲ့ နောက်ဆုံးအချိန်ထိ လုပ်ကိုလုပ်မယ်ဆိုတဲ့ ကိစ္စ ဆိုရင် ရုပ်ရှင် ပါပဲ။

## ဘဝမှာ အသက်ရှင် ရပ်တည်နေရတာဘာအတွက်လဲ

ကျွန်တော့် မိသားစုအတွက်၊ နောက်ပြီး ကျွန်တော် ချစ်တဲ့ ရုပ်ရှင်အတွက်ပါပဲ။ ကျွန်တော့် မိသားစုအတွက် ကျွန်တော်က အသက်ရှင်ချင်နေတာဗျ။ ဇနီးနဲ့ သမီးလေးတွေက ကျွန်တော့်အတွက် လိုအပ်တယ်။ သူတို့အတွက်ပဲ ကျွန်တော်က အသက်ရှင်နေတာ။ အဲဒီလို အသက်ရှင်နေရတာကို ပိုပြီး အဓိပ္ပာယ်ရှိစေတာကတော့ ကျွန်တော့်ရဲ့ ရုပ်ရှင်ပါပဲ။

## နောက်ထပ်တစ်ကြိမ်တော့ မလုပ်တော့ဘူးလို့ဆုံးဖြတ်ထားတဲ့အရာ

ကျွန်တော့်ဘဝမှာ အဲဒါမျိုးက မရှိသလောက်ပဲဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော်က ဖြစ်ပြီးသား ကိစ္စတွေ အပေါ် ပြန်တမ်းတနေတာမျိုးမရှိဘူးဗျ။ နောင်တလည်းမရဘူး။ ကိုယ့်ရဲ့ လုပ်ရပ်တွေကိုလည်း အမှားကြီးပါလို့ မခံယူဘူး။ ကိုယ်က လုပ်သင့် လုပ်ထိုက်တာကိုပဲ လုပ်တာပါ။ အဲဒီမှာမှ တစ်စုံတစ်ခုသော လွဲချော်မှု ဖြစ်ခဲ့တယ် ဆိုရင်တော့ ဒါက အခြေအနေနဲ့ အချိန်အခါအရ လိုက်လျောညီထွေမရှိလို့ လွဲတာလို့ပဲ ခံယူတယ်။ ဒီလိုကိစ္စမျိုးကို နောက်တစ်ကြိမ် လုပ်မလားမေးရင် အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ ခံစားချက်က ဒီလို နည်းတူဖြစ်ခဲ့ရင် လုပ်ချင်လုပ်မိမှာပဲ။ ဒါကြောင့် နောက်မလုပ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်မျိုး ကျွန်တော့်မှာ မရှိဘူး။ နောင်တ မရတတ်တဲ့ထဲမှာ ကျွန်တော် ပါတယ်ဗျ။



Asian Media Group

## နိစ္စဓူဝရဲ့ အလုပ်တွေထဲမှာ နေ့တိုင်းလုပ်ဖြစ်နေတဲ့ကိစ္စ

မဖြစ်မနေ စွဲစွဲလမ်းလမ်းနဲ့ နေ့တိုင်း လုပ်ဖြစ်နေတာကတော့ ရုပ်ရှင်ကြည့်တာပဲဗျ။ ရုပ်ရှင်မကြည့်ရရင် စိတ်ထဲမှာ တစ်ခုခု လိုလားသလို ခံစားရတယ်။ ရုပ်ရှင်ကို ကျွန်တော်က အရမ်းချစ်တယ်။ ရုပ်ရှင်ရုံကို စပြီး ခေါ်သွားတာက ကျွန်တော့် ဖေဖေ ပေါ့။ ကျွန်တော် နားလည်လည်မလည်လည် ဖေဖေက ရုပ်ရှင်ရုံကိုခေါ်သွားပြီး ကြည့်ခိုင်းတယ်။ သူက ရှင်းပြတယ်။ နောက်အရွယ် ရောက်လာတော့ မေမေ့ကို ကျွန်တော်က စပြီး ရုပ်ရှင်ကြည့်ဖို့ ပူဆာ တတ်လာတယ်။ တစ်ယောက်တည်းသွားနိုင်တဲ့အရွယ်ရောက်တော့ တစ်ယောက်တည်း သွားကြည့်တယ်။ ရုပ်ရှင်ကို ကျွန်တော်က ငယ်ငယ်ကတည်းက ကြည့်တာ အခုအချိန်မှာတော့ မကြည့်ရရင် မနေနိုင်တဲ့အဖြစ် ရောက်သွားတာပေ့ါ။ ဘယ်လောက်ထိလဲဆိုရင် ကျွန်တော်က ရုပ်ရှင်ဆိုရင် ပိုစတာတွေတောင် မရှဘူး။ အခုလို Internet တွေ မပေါ်ခင်တုန်းက ဆိုရင်တောင် သတင်းစာတို့၊ စာစောင်တို့မှာ ပါတဲ့ ရုပ်ရှင် ပိုစတာကြော်ငြာတွေဆိုရင် ကပ်ကြေးနဲ့ သေချာညှပ်ပြီး သိမ်းတာ။ ခုတော့ Internet ကနေ down-load လုပ်ပြီး သိမ်းတယ်။

## ပျင်းရိငြီးငွေ့ဖွယ်ကောင်းတဲ့လုပ်ရပ်

ကျွန်တော့်အတွက် ပျင်းစရာကောင်းတဲ့ကိစ္စ ဆိုရင်တော့ စာကျက်ရတာပဲဗျ။ ကျွန်တော် ငယ်ငယ်က ဉာဏ်ကောင်းပြီး စာတော်ခဲ့တယ်။ ဒါပေမဲ့ အရွယ်ရောက်လာတဲ့ ၈ တန်း၊ ၉ တန်းလောက်ကစပြီး စာသင် စာကျက်ရတာကို ကျွန်တော် ပျင်းလာတယ်။ အတန်းစာတွေအပြင် အပြင်စာတွေ ဖတ်ပြီး ကျောင်းစာကို ပျင်းသွားတာပဲ။ ဒါပေမဲ့ ဉာဏ်လေးက ကောင်းတော့ တစ်နှစ်တစ်တန်းတော့ မှန်မှန် အောင်ခဲ့တယ်။ ၁၀ တန်းအောင်ပြီးတော့လည်း အခု ကျွန်တော့် ဇနီး အဲဒီတုန်းက ရည်းစားပေ့ါ။ ရည်းစားတွေက ဘွဲ့ရအောင် လုပ်ပါဆိုပြီး တိုက်တွန်းခဲ့လို့သာပေ့ါ။ အခုချိန်ထိ ကျွန်တော် အပျင်းဆုံးကိစ္စဆိုရင် စာကျက်ရတာပဲ။

## နားလည်ဖို့ ကြိုးစားရင်းနဲ့ အခုထိနားမလည်နိုင်သေးတဲ့ကိစ္စ

အဲဒါကတော့ လူတွေ ကျွန်တော့်ကို နားမလည်နိုင်ကြတာ ဘာကြောင့်လဲ ဆိုတာပဲ။ ကျွန်တော်လည်း သူတို့ကို နားလည် ပေးနိုင်ဖို့ ကြိုးစားရင်း နားမလည်နိုင်တော့ဘူး။ ကျွန်တော့်ပတ်ဝန်းကျင်က လူတွေကို ကျွန်တော် နားလည်ချင်တယ်။ ကျွန်တော့်ကိုလည်း ပြန်ပြီး နားလည်ပေးစေချင်တယ်။ ဒါပေမဲ့ အခုထိတော့ နားမလည်နိုင်ကြသေးဘူး။ အဲဒီအဖြေကို ကျွန်တော်ကိုယ်တိုင် အခုထိ ရှာနေတုန်းပဲ ရှိသေးတယ်။

## စုဆောင်းထားသမျှငွေကြေးတွေကို ပုံအောပြီး ဖန်တီးခဲ့ဖူးတဲ့ဖန်တီးမှု

အဲဒီလိုတော့ ကျွန်တော် တစ်ခါမှ မလုပ်ဖူးသေးဘူးဗျ။ ကိုယ်အား၊ ဉာဏ်အား၊ ငွေအားမှာ ကျွန်တော်က ကိုယ်အား၊ ဉာဏ်အားတွေတော့ ပုံအောပြီး ဖန်တီးခဲ့တာတွေ ရှိတယ်။ ဒါပေမဲ့ ငွေကြေးမှာတော့ ပုံအောပြီး မသုံးခဲ့ဖူးဘူး။ ဒါပေမဲ့ ကျွန်တော် မသေခင်မှာတော့ အဲဒါမျိုးလုပ်မှာပါ။ လုပ်လည်း လုပ်ချင်တယ်ဗျ။ ကိုယ် ဖန်တီးချင်တာကို ရှိသမျှ အကုန်ပုံအောပြီး လုပ်ချင်တယ်။ လုပ်ဖို့လည်း ကျွန်တော် ကြိုးစားနေပါတယ်။

## ဖန်တီးထားခဲ့တဲ့ဇာတ်ကားတွေထဲမှာမှ ကိုယ်နဲ့ တစ်သားတည်းဖြစ်သွားခဲ့ဖူးတဲ့ ဖန်တီးမှု

ကျွန်တော်နဲ့တစ်သားတည်းဖြစ်သွားတဲ့ ဇာတ်ကားတွေကတော့ တော်တော်များတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ တကယ်ကိုတစ်သားတည်းဖြစ်ပြီး ကျွန်တော့်အတွက် အမှတ်တရဖြစ်ဆုံးကတော့ ညကျောင်းကားပဲ။ ညကျောင်းက ကျွန်တော့်ကို အဲဒီထဲက သရုပ်ဆောင်တွေရော အားလုံးတစ်သားတည်း ဖြစ်ခဲ့တာပါ။ အားလုံးရဲ့ ရင်ကိုလည်း ရောက်ခဲ့ ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ Master Piece ဆိုလည်း မမှားဘူး။ ကျွန်တော် ဘယ်တော့မှ မမေ့နိုင်တဲ့ ဇာတ်ကားတစ်ကားပါ။



Asian Fame Media Group
MEDIA GROUP


## ကိုယ့်ရင်သွေးလေးတွေကို ဂုဏ်ယူပြီး ပြောချင်တဲ့စကား

ကျွန်တော့်ရဲ့ကလေးတွေ သူတို့ ကျောင်းနေတဲ့ အချိန်၊ ပြီးတော့ သူတို့ဘဝမှာ အလုပ်လုပ်တဲ့ အချိန်၊ တစ်နေရာသွားလို့ Form ဖြည့်ရတာပဲ ဖြစ်ဖြစ် အင်တာဗျူးဖြေလို့ပဲ ဖြစ်ဖြစ်ပေါ့လေ။ သူတို့ကို အဖေ့နာမည်ဘယ်သူလဲလို့မေးတဲ့အခါ ဘယ်သူပါလို့ ပြန်ဖြေရတဲ့အချိန်မှာ ဂုဏ်ယူပြီး ပြောရတဲ့ အဖေတစ်ယောက်တော့ ဖြစ်ချင်တယ်။ သမီးလေးတွေရဲ့ဘဝမှာ သူတို့ဒယ်ဒီက ဒါရိုက်တာ ညီမင်းလွင်အဖြစ်နဲ့ အနုပညာတွေ ဖန်တီးတဲ့သူအဖြစ်နဲ့ ဂုဏ်ယူစေချင်တယ်။ ဒါကတော့ သူတို့ရဲ့ ခံယူတဲ့အပေါ်လည်း မူတည်ပါတယ်။ ဒါပေမဲ့ကျွန်တော့်သမီး ၂ ယောက်လုံးက အနုပညာနဲ့ ပတ်သက်ပြီး Sense တွေ ကောင်းကြတယ်။ သမီးကြီး ရဲရင့်နှင်းဆီလွင်က Acting ကို ဘယ်နှကြိမ် ဘယ်နှခါပဲ လုပ်ခိုင်း လုပ်ခိုင်း ဘယ်တော့မှ မမောဘူး။ လုပ်ပြတယ်။ သမီးငယ် ပန်တျာနှင်းဆီလွင်က ရုပ်ရှင်တအား ကြိုက်တယ်။ ကျွန်တော်နဲ့အတူတူ ရုပ်ရှင် လိုက်ကြည့်တယ်။ ကြည့်ပြီးသွားရင်လည်း သူ ဘယ်အခန်းကို အကြိုက်ဆုံးဆိုတာ ပြောပြတတ်တယ်။

## ဘဝတစ်လျှောက်လုံးမှာ အကြည်ညိုဆုံးစံပြပုဂ္ဂိုလ်

နယ်ပယ်တစ်ခုမှာ တစ်ယောက်ဆိုရှိတော့ တစ်ယောက်တည်းကို ရွေးထုတ်ပြဆိုရင် ကျွန်တော့်အတွက် ခက်ပါတယ်။ ကျွန်တော်က ဗုဒ္ဓဘာသာဖြစ်တဲ့အတွက် ကျွန်တော်နံပါတ်တစ် အကြည်ညိုဆုံးပုဂ္ဂိုလ်ကတော့ 'ဗုဒ္ဓ' ပါပဲ။ ယုံကြည် အားကိုးအားထားစရာတွေကများတော့ ဗုဒ္ဓကို ကျွန်တော်ကြည်ညိုတယ်။ နောက်ပြီး မြန်မာရုပ်ရှင်လောကမှာဆိုရင် ကျွန်တော် စံထားပြီး ကြည်ညိုလေးစားတဲ့သူက ကျွန်တော့် ဆရာ ဆရာမျိုး (မောင်မျိုးမင်း (ရင်တွင်းဖြစ်)) ပါ။ နိုင်ငံခြားရုပ်ရှင်လောကမှာဆိုရင်လည်း စတီးဗင်စပီးဘတ်ကို ကျွန်တော် အရမ်းကြိုက်တယ်။ အားကျတယ်။ စာပေမှာကျတော့ ဆရာမဂျူကို အရမ်းသဘောကျတယ်။ တစ်ယောက်တည်းတော့ မရှိပါဘူး။ သူ့နယ်ပယ် အလိုက် ကွာပါတယ်။

**ဖြိုးစုပိုပို**



Asian Fame Media Group



# CLONE IMAGE

**MODEL :** A THIN CHO SWE/ **MAKE-UP :** DECEMBER HNIN
**DESIGNER :**MR.JET(ZALA)/ **PHOTO :** KO NAING (POPULAR)
ARRANGED BY THIDA SOE

Asian Fame Media Group
MEDIA GROUP



# CLONE IMAGE

**MODEL :** SMILE/ **MAKE-UP :** DECEMBER HNIN
**DESIGNER :**MR.JET(ZALA)/ **PHOTO :** KO NAING (POPULAR)

Asian Fame Media Group



# CLONE IMAGE

**MODEL :** SMILE & ATHIN CHO SWE/ **MAKE-UP :** DECEMBER HNIN/ **DESIGNER :**MR.JET(ZALA)/ **PHOTO :** KO NAING (POPULAR)

Asian Fame Media Group


CLONE IMAGE
MODEL : SMILE & ATHIN CHO SWE/ MAKE-UP : DECEMBER HNIN/ DESIGNER :MR.JET(ZALA)/ PHOTO : KO NAING (POPULAR)


Sweet Dream
Model : Ye' Ko, Thin Zar Nwe Win/Make up : Paing Paing
Dress for boy - iDOL/Dress for girl - Yummy Yo
Photo : Ko Naing (Popular)/Arranged by Thida Soe


Sweet Dream
Model : Ye' Ko, Thin Zar Nwe Win/Make up : Paing Paing
Dress for boy - iDOL/Dress for girl - Yummy Yo
Photo : Ko Naing (Popular)
Asian Fame Media Group
MEDIA GROUP



# Sweet Dream

Model : Ye' Ko, Thin Zar Nwe Win/Make up : Paing Paing
Dress for boy - iDOL/Dress for girl - Yummy Yo
Photo : Ko Naing (Popular)



# Sweet Dream

Model : Ye' Ko, Thin Zar Nwe Win/Make up : Paing Paing
Dress for boy - iDOL/Dress for girl - Yummy Yo
Photo : Ko Naing (Popular)

Asian Fame Media Group

လောကကြီးမှာ မိန်းမသားဆိုသူတွေကို အားနည်းသူ၊ အားနွဲ့သူ အနေနဲ့ သတ်မှတ်ကြပြီး နောက်တန်းကို ပို့ချင်ကြတဲ့သူတွေ ရှိကြပါတယ်။ ဒါပေမဲ့ မိန်းမသားတိုင်းကလည်း အားနည်းသူ၊ အားနွဲ့သူတွေတော့ မဟုတ်ကြပြန်ပါဘူး။ ဒါဆို ဘယ်လို မိန်းမသားတွေကများ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး လောကကြီးထဲမှာ ရပ်တည်နေနိုင်ကြပါသလဲ။ ဒီမေးခွန်းရဲ့ အဖြေအတွက် MKH International Co.,Ltd က Managing Director မရင်မေဝင်းက ပြောပြပါလိမ့်မယ်။

# Beyond The Women

## မရင်မေဝင်း

arranged by
phyoe su po po




Asian Fame Media Group



**အစ်မရဲ့ ဘဝအစိတ်အပိုင်းထဲက ငယ်ဘဝ ပုံရိပ်လေးကို ပြောပြပေးပါ။**

အစ်မရဲ့ ငယ်ဘဝပုံရိပ်ဆိုရင်တော့ ခပ်ရိုးရိုးပဲ ဖြတ်သန်းခဲ့တာပါ။ အစ်မက အစ်ကိုနှစ်ယောက်နဲ့ ကြီးပြင်းခဲ့ရတာ၊ အစ်မက အငယ်ဆုံးပေါ့။ အစ်မအဖေက စစ်မှုထမ်း၊ အမေကကျတော့ ကျောင်းဆရာမ။ အဲဒီတော့ တာဝန်အရနဲ့ နယ်တကာလှည့်ပြီး ကြီးပြင်းခဲ့ရတာပေါ့။ အလယ်တန်းလောက်ရောက်မှ ရန်ကုန် TTC ကျောင်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှာ စပြီး နေခဲ့တာ။ ၁၀ တန်းအောင်တဲ့အထိပဲပေါ့။ ၁၀ တန်းအောင်တော့ ရန်ကုန်တက္ကသိုလ်မှာ Physics မေဂျာနဲ့ကျောင်းတက်တယ်။ ၁၉၉၅ ခုနှစ်မှာ ဘွဲ့ရတယ်။

**လုပ်ငန်းခွင်ဝင်တဲ့ အချိန်တုန်းက အစ်မရဲ့ အသက်က ဘယ်လောက်ရှိနေပါပြီလဲ။**

အစ်မက လုပ်ငန်းခွင်စဝင်ခဲ့တာက အစ်မ ၁၀ တန်းအောင်ပြီး ၁၆ နှစ်၊ ၁၇ နှစ်လောက်တည်းကပဲ။ အဲဒီတုန်းက ကျောင်းတွေပိတ်ထားတဲ့ အချိန်ပေါ့။ အဲဒီအရွယ်ကတည်းက အစ်မက အလုပ်လုပ်ဖို့ကို အရမ်းစိတ်ဝင်စားခဲ့တာ။ အဲဒီအရွယ်ကတည်းက လုပ်တာဆိုတော့ အလုပ်က အောက်ခြေသိမ်းပေါ့။ အစ်မ အရောင်းစာရေးမလည်း လုပ်ဖူးတယ်။ Office Staff လေးလည်း လုပ်ခဲ့ဖူးတယ်။ အစ်မစလုပ်တော့ အခု ပန်းဆိုးတန်းခုံးတံတားနားမှာ စင်ကာပူကုန်တိုက်ဆိုတာ ရှိတယ်။ အဲဒီမှာ အစ်မ အရောင်းစာရေးမ စလုပ်ခဲ့တာ။ အစ်မက အသက်ငယ်ငယ်နဲ့ အလုပ်လုပ်တယ်ဆိုတာလည်း စိတ်ဝင်စားလို့ကို လုပ်ဖြစ်ခဲ့တာ၊ မိဘက မကျွေးနိုင်လို့ မထောက်ပံ့နိုင်လို့လည်း မဟုတ်ဘူးပေါ့။ ကျောင်းပိတ်ချိန်မှာ ဒီအတိုင်း မနေချင်ဘဲ အလုပ်လုပ်ချင်တဲ့စိတ်နဲ့ပဲ လုပ်ခဲ့တာပါ။ အဲဒီလိုတွေ အဆင့်ဆင့်လုပ်ခဲ့ပြီး အစ်မ ဘွဲ့ရတော့မှ ဒီ MKH International Co.,Ltd (Freight Forwarder) လုပ်ငန်းကို စတည်ထောင်ဖြစ်ခဲ့တာပါ။

**ဒါဆို ဒီ MKH International Co.,Ltd (Freight Forwarder) ကိုရော ဘယ်အချိန်မှာ စပြီး တည်ထောင်ခဲ့တာလဲ။**

အစ်မ ဘွဲ့ရပြီးမှဆိုတော့ ၁၉၉၅ မှာ စပြီး လုပ်ခဲ့တာပါ။ ဒီအလုပ်ကို စပြီးလုပ်တုန်းကတော့ အစ်မက Air Cargo အဓိကလုပ်ခဲ့တာ။ ဒါပေမဲ့ နောက်ပိုင်းကျတော့ Customer တွေရဲ့ တောင်းဆိုချက်အရ အစ်မလည်း Air Cargo တစ်ခုပဲ မလုပ်ဘဲ Freight Forwarder ဆိုပြီး ပြောင်းလုပ်ခဲ့တာ။

**Air Cargo နဲ့ Freight Forwarder ရဲ့ ကွဲပြားမှုနဲ့ ဘယ်လိုလုပ်ငန်းမျိုးလဲဆိုတာ အသေးစိတ်ပြောပြပေးပါလား အစ်မရယ်။**

ဒီလုပ်ငန်းတွေက ဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းတွေပေါ့။ Service Industry ထဲက လုပ်ငန်းတစ်ခုပေါ့။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းတွေအတွက် ပစ္စည်းတွေ တင်သွင်းတာ၊ တင်ပို့တာတွေလုပ်တဲ့အခါ လေကြောင်းကိုအသုံးပြုရင် Air Cargo ပေါ့။ ကုန်စည်တွေကို လေယာဉ်နဲ့ တင်ပို့ပေး၊ တင်သွင်းပေးရတဲ့လုပ်ငန်းပေါ့။ Freight Forwarder ကျတော့ လေကြောင်းအပြင် တခြားသင်္ဘောတို့၊ မီးရထားတို့၊ မော်တော်ကားအစုံပေါ့။ Multi Model transport service လို့ ခေါ်တယ်။ အဲဒါနဲ့ တင်ပို့ပေး၊ တင်သွင်းပေးတာကို ခေါ်တာပေါ့။ ဘယ်လို transporation မျိုးနဲ့မဆို ဝန်ဆောင်ပေးတာပေါ့။ ဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းဆိုတာ Customer စိတ်တိုင်းကျ

စီမံပို့ဆောင်ပေးရတာပေါ့။

**လုပ်စရာလုပ်ငန်းတွေ အများကြီးထဲမှာမှ ဘာကြောင့် ဒီလိုအလုပ်ကို ရွေးချယ်ပြီး လုပ်ကိုင်ဖြစ်ခဲ့တာပါလဲ။**

အစ်မ ကျောင်းပြီးသွားတော့ ကိုယ်ပိုင်စီးပွားရေးတစ်ခုလုပ်ဖို့ စဉ်းစားတယ်။ ဘာလုပ်ရင်ကောင်းမလဲရွေးတော့ ဒီအလုပ်ကို အစ်မက စိတ်ဝင်စားတယ်။ ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံမှာ ဒီလိုအလုပ်ကို ဘယ်သူမှ မလုပ်သေးဘူး။ အစ်မက ဈေးကွက်ကို ထိုးဖောက် ပြီးလုပ်မယ်။ အသစ်အဆန်းတစ်ခုလည်း ဖြစ်တယ်လေ။ ဒီအလုပ်က ထုတ်လုပ်ရေးလုပ်တာနဲ့လည်း မတူဘူး။ သွင်းကုန်ထုတ်ကုန်လုပ်တာနဲ့လည်း မတူဘူးလေ။ ဒါနဲ့ အစ်မက လုပ်ဖို့ရွေးခဲ့ တာ။ အစ်မ စလုပ်တုန်းကတော့ Air Freight Forwarder (Air Cargo) တစ်ခုပဲပေါ့။ အခုတော့ Multi Model transport အားလုံးလုပ်ပါတယ်။ Warehoursing လုပ်ငန်းရော၊ နောက်ပြီး ဒီလုပ်ငန်းနဲ့ ပတ်သက်တဲ့ နည်းပညာပိုင်းနဲ့ တခြား ဆက်စပ်တဲ့ လုပ်ငန်းတွေအားလုံးကို ဝန်ဆောင်မှုပေးပါသေးတယ်။ ဈေးကွက်က တအားကျယ်ပြန့် လာတော့ အစ်မက Air Cargo တစ်ခုပဲ လုပ်လို့ မရတော့ဘူး။ ဒါကြောင့် အစ်မက တိုးပြီးလုပ်ခဲ့တာပေါ့။ Air ကတော့ အစ်မရဲ့ အဓိကလုပ်ငန်း ပေါ့။ Air Cargo သီးသန့်အနေနဲ့ကတော့ ၁၉၉၅ ကနေ ၂၀၀၀ အထိ လုပ်ခဲ့တာပေါ့။ ၂၀၀၀ နောက်ပိုင်းမှာတော့ Freight Forwarder အနေနဲ့ပေါ့။ အစ်မတို့ MKH က အခုလက်ရှိ မြန်မာနိုင်ငံရဲ့ လေကြောင်းလိုင်းတွေ MAI တို့၊ TG တို့၊ Silk Air တို့ အားလုံးပေါ့လေ။ အဲဒါတွေနဲ့ အစ်မတို့က Official Appointed agent ပေါ့။ တရားဝင်ကို အစ်မတို့က လုပ်တာပါ။ တချို့က လုပ်နေကြပေမယ့် အစ်မတို့လို Air Line တွေနဲ့ တိုက်ရိုက်လုပ်တာ မဟုတ်ဘူး။ တစ်ဆင့်ခံတွေနဲ့ လုပ်နေကြတာပေါ့။



**ဒီလုပ်ငန်းမှာ တွေ့ရတတ်တဲ့ စိန်ခေါ်မှုတွေကရော တခြားလုပ်ငန်းတွေနဲ့ယှဉ်ရင် ဘယ်လိုကွဲပြားမှုတွေရှိနေပါသလဲ။**

ဒီလုပ်ငန်းရဲ့ စိန်ခေါ်မှုတွေကတော့ အများကြီးပါပဲ။ ပြီးတော့ အစ်မတို့ရဲ့ လုပ်ငန်းက တခြားကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေလိုမျိုး၊ တခြားသွင်းကုန်ထုတ်ကုန်လုပ်ငန်းတွေလိုမျိုးလည်း မဟုတ်တော့ တွေ့ရတဲ့စိန်ခေါ်မှုတွေကလည်း အဲဒီလုပ်ငန်းတွေနဲ့ ကွဲပြားပါတယ်။ အစ်မတို့ လုပ်ငန်းက Customer တိုင်းရဲ့ ကုန်ပစ္စည်းတွေကို သူတို့ပို့ချင်ကြတဲ့ နေရာရောက်အောင် အချိန်တိတိကျကျရောက်အောင် ပို့ပေးရတော့ အစ်မတို့ အလုပ်က ၂၄ နာရီလုံး ပိတ်ရက်မရှိ လုပ်ရတာပါ။ အစ်မတို့က တစ်ကမ္ဘာလုံးအတိုင်း အတာနဲ့ ဝန်ဆောင်မှုပေးနေတာဖြစ်တော့ အစ်မတို့ အတွက် အချိန်က အရမ်းအရေးကြီးတယ်။

**ဒီလို Air Cargo လုပ်ငန်းတွေ စပြီး ပေါ်ပေါက်ခဲ့တာ ဘယ်အချိန်လောက်ကပါလဲ။**

မြန်မာပြည်မှာတော့ အစ်မတို့ စပြီး လုပ်တဲ့ အချိန်ထိ ဘယ်သူမှ မလုပ်ကြသေးဘူး။ အစ်မ ကုမ္ပဏီစပြီး တည်ထောင်တဲ့ ၉၅ မှာ ဒီလုပ်ငန်း စပြီး ရှိခဲ့တာပေါ့။ အစ်မတို့ကုမ္ပဏီက ဒီလိုလုပ်ငန်းကို စပြီး ထူထောင်ခဲ့တဲ့ ပထမဆုံး တိုင်းရင်းသားပိုင် ကုမ္ပဏီတစ်ခုပါ။ First Local Freight Forwarder ပေါ့။ တခြားနိုင်ငံခြားသားပိုင်ကုမ္ပဏီတွေတော့ ရှိတာပေါ့။ ဒါတောင် တစ်ခုပဲ ရှိခဲ့တာပါ။ အခု နောက်ပိုင်းမှ များလာတာပါ။

**ဒီလိုလုပ်ငန်းမျိုးကို မိန်းမတစ်ယောက်ဖြစ်တဲ့ အစ်မက လုပ်ဖို့ ရွေးချယ်ခဲ့တဲ့အခါ ကိုယ့်ရဲ့ ယုံကြည်မှုကို ဘယ်လို တည်ဆောက်ဖြစ်ခဲ့ပါသလဲ။**

အစ်မ ဒီအလုပ်ကို စလုပ်တုန်းက ဒီလုပ်ငန်း




Asian Fame Media Group

ရဲ့လောကမှာက အမျိုးသမီးနည်းတယ်။ လေကြောင်းလိုင်းမှာလည်း အမျိုးသမီးက လက်မှတ်ရောင်းမှာလောက်ပဲ ရှိကြတာလေ။ တခြားအပိုင်းမှာက ယောကျ်ားတွေပဲ များကြတာလေ။ အလုပ်ကိစ္စ စကားပြောကြတဲ့အခါ အစည်းအဝေးလုပ်တဲ့အခါ ထမင်းစားတာပဲဖြစ်ဖြစ်၊ တစ်ဝိုင်းလုံးက ယောကျ်ားတွေပဲ၊ မိန်းမက အစ်မတစ်ယောက်ပဲပါတယ်။ ဒါပေမဲ့ အစ်မက ကြောက်တဲ့စိတ်၊ နှိမ့်တဲ့စိတ်မထားဘဲ သူများတွေနဲ့ရင်ပေါင်တန်းပြီး ကိုယ့်အလုပ်ကို ရုန်းကန်ခဲ့တာပါ။ အဲဒီလို First Local Freight Forwarder ဖြစ်ရတာကိုလည်း အစ်မက ဂုဏ်ယူတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုအပြည့်ရှိတယ်။ အစ်မသာ အဲဒီအချိန်မှာ စိတ်ဓာတ်ယိမ်းယိုင်တတ်ရင် ပျက်စီးသွားနိုင်တယ်။ အစ်မ ဒီကုမ္ပဏီစလုပ်တုန်းက အပျိုပဲ။




အစ်မက ၃၆ မှ အိမ်ထောင်ပြုခဲ့တာ။ မိန်းမပျိုပေမယ့် အစ်မက တည်တည်ငြိမ်ငြိမ်နဲ့ အများက လေးစားအောင် နေခဲ့တာ။ ကိုယ်နဲ့တွဲပြီးလုပ်ရတဲ့ လုပ်ဖော်ကိုင်ဖက် တွေရော Customer တွေရောက ယောကျ်ားသားတွေပဲ။ ဒါပေမဲ့ အစ်မက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်နဲ့ ဒီလုပ်ငန်းကို အောက်ခြေသိမ်းတစပြီး လုပ်ခဲ့တာ၊ အစ်မတို့ အလုပ်က နေ့မအား၊ ညမအား လုပ်ရတာ။ တစ်ခါတလေ လေယာဉ်ချိန်က ညဘက်မှဆိုရင်လည်း အစ်မတို့က မိုးချုပ်တဲ့အထိ နေပြီး အလုပ်လုပ်ရတာလေ။ မနက် ၄ နာရီ၊ ၅ နာရီထသွားရတာလည်း ရှိတာပဲ။ ကိုယ်က စလုပ်တဲ့အချိန်ဆိုတော့ အရမ်းကို ရုန်းကန်ခဲ့ရတာ။ ဝန်ထမ်းတွေရှိပေမယ့်လည်း ကိုယ်တိုင်ဝင်လုပ်ရ တဲ့အပိုင်းတွေ အများကြီးပဲ။ အခုချိန်မှာတော့ အားလုံးအခြေကျနေပြီဆိုတော့ ဖုန်းနဲ့ပဲ ညွှန်ကြားရင် ရတာတွေဖြစ်လာပြီ။ စလုပ်တဲ့ ၃ နှစ်လောက်တုန်းကတော့ ပင်ပန်းခံခဲ့ရတယ်။ ဒီနေ့အထိ အစ်မက ကိုယ့်ရဲ့ ဂုဏ်သိက္ခာနဲ့စာရိတ္တကို ကောင်း ကောင်းထိန်းတယ်။ ညမိုးချုပ်တဲ့အထိ အမြဲ အလုပ်တွေလုပ်တယ်။ နေ့နေ့ညည ယောကျ်ား တွေနဲ့ရင်ပေါင်တန်းပြီး သွားလာအလုပ်လုပ်နေရ ပေမယ့်လည်း အစ်မရဲ့ သိက္ခာတရားကြောင့် နာမည်ပျက်တစ်ခါမှ မရှိခဲ့ဘူး။ အစ်မရဲ့ အလုပ် ကို အစ်မ အရမ်း ဂုဏ်ယူတယ်။

**အခုလက်ရှိ မြန်မာနိုင်ငံရဲ့ Air Cargo က ဘယ်အခြေအနေ ဘယ်လိုအဆင့်အတန်းမျိုး ရှိနေပါသလဲ။**

အခုလက်ရှိ မြန်မာနိုင်ငံရဲ့ Air Cargo အလုပ်က လိုအပ်ချက်တွေက အများကြီးရှိသေးတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့အတွက် ကြိုးစားပြီးလျှောက်လှမ်းနေရတဲ့ အချိန်ပေါ့။ နိုင်ငံတကာနဲ့ယှဉ်လိုက်ရင်တော့ မြန်မာနိုင်ငံက Facilities ရော၊ ဘာရောက နိမ့်နေသေးတယ်။ အဲဒါကလည်း အစ်မတို့ တစ်ဦးတစ်ယောက်တည်းက လုပ်လို့မရဘူး။ ဝန်ကြီးဌာနရော အကုန်လုံးဝိုင်းပြီးပံ့ပိုးပေးရမှာပေါ့။ အစ်မတို့ဆီမှာ Myanmar International Freight Forwarder Association ဆိုပြီး ၁၉၉၇ နောက်ပိုင်းမှာဖွဲ့တယ်။ အဲဒီမှာ အစ်မက Board of Director အဖြစ် လုပ်ခဲ့ဖူးတယ်။ အခုတော့ အစ်မက (Treasurer) ဘဏ္ဍာရေးမှူးပေါ့။ ဒီအသင်းကအစ်မတို့ Freight Forwarder တွေအတွက် အစ်မတို့ရဲ့ မိခင်ဝန်ကြီး ဌာန ပို့ဆောင်ရေးဝန်ကြီး ဌာနက တရားဝင်ဖွဲ့ပေးထားတာပါ။ အစိုးရက အသိအမှတ်ပြုပေးတဲ့ အသင်းအဖွဲ့ပါ။ ဒါက အစ်မတို့ Freight Forwarder တွေ တိုးတက်ရေးအတွက် ဖွဲ့စည်းခဲ့တာပါ။ မြန်မာပြည်က အသင်း အဖွဲ့တွေထဲက အစိုးရကအသိအမှတ်ပြုပြီး သူတို့ ကိုယ်တိုင် ဖွဲ့စည်းပေးတဲ့အဖွဲ့ဆိုရင် UMFCCI ပြီးရင် အစ်မတို့ရဲ့ MIFFA အဖွဲ့ပါ။

**မြန်မာပြည်မှာ ဒီလိုလုပ်ငန်းတွေ တွင်ကျယ်လာဖို့ဆိုရင် ဘယ်လိုတွေ ကြိုးစားဖို့၊ ဘာတွေ ပြင်ဆင်ဖို့ လိုအပ်ပါသလဲ။**

အစ်မတို့ရဲ့ Industry ကြီးတစ်ခုလုံး တိုးတက်လာဖို့ကတော့ အချိန်အတိုင်းအတာတစ်ခုအထိတော့ ပြင်ဆင်မှုတွေ လိုသေးတယ်။ ဥပမာ - ကမ္ဘာ့အဆင့်မီဖို့အတွက် trucking ကားတွေ လိုတယ်။ သူတို့ဆီမှာဆိုရင် trucking ကားတွေ ထွက်သွားရင် ကားပေါ်မှာပါ GPS နဲ့ ဘယ်ရောက်နေလဲဆိုတာ ရုံးက တစ်ခါတည်း Monitor လုပ် လို့ရတယ်။ အစ်မတို့ဆီမှာ ဒါမျိုးတွေ မရှိသေးဘူး။ နိုင်ငံတကာအဆင့်မီတဲ့ Warehousing တွေ လိုတယ်၊ Warehousing တွေက အစ်မတို့ဆီမှာက တပိုင်တနိုင်လေးတွေပဲ ရှိတာလေ။ လေကြောင်းလိုင်းတွေက လေယာဉ်မထွက်ခင် ၄ နာရီမှာ Cargo Accept လုပ်တယ်။ မနက် ၈ နာရီမှာ လေယာဉ်ထွက်မယ်ဆိုရင် မနက် ၄ နာရီမှာ Cargo လက်ခံတယ်။ အဲဒီတော့ တချို့ စက်ရုံတွေက မနက်အစောကြီးတို့ ညမိုးချုပ်မှတို့ ထပြီး ပစ္စည်းပို့လို့က အဆင်မပြေကြဘူး။ အဲဒီတော့ အစ်မတို့ဆီကို အစောတည်းက ပစ္စည်းပို့ထားတယ်။ အဲဒီမှာ အစ်မတို့က ဒီပစ္စည်းတွေကို ထိန်းသိမ်းထားဖို့ သိုလှောင်ရုံတွေက လိုလာတယ်၊ ဒါကလည်း အစ်မတို့ရဲ့ ဝန်ဆောင်မှုပဲလေ။ တချို့ စက်ရုံတွေဆိုရင်လည်း သူတို့က Booking တွေက တအားကျပ်ပြီး သူတို့ဆီမှာ ကုန်တွေကို ထားစရာက မရှိဘူး။ အစ်မတို့ဆီက Flight ကလည်း ၃၊ ၄ ရက်လောက် လိုသေးတယ်၊ ဒါဆိုလည်း အစ်မတို့က Warehouse ထဲမှာ သိမ်းပေးရတာပဲလေ။ ဒါကြောင့် ပြည့်စုံတဲ့ Warehousing တွေက လိုကိုလိုတယ်။ နောက်ပြီး Cargo Terminals တွေပေါ့။ အဲဒါတွေကလည်းလိုတယ်။ Warehousing လိုဟာမျိုး၊ trucking ကား လိုဟာမျိုးက ကိုယ့်ဟာကိုယ် Personal လုပ်လို့ရတယ်၊ ဒါပေမဲ့ Cargo Terminals ကကျတော့ အစ်မတို့လုပ်လို့ မရဘူး၊ ဝန်ကြီးဌာနက အစိုးရက ခွင့်ပြုမှလုပ်လို့ရတယ်။ Cargo Terminals ဆိုတာက လေဆိပ်ကို ကုန်တွေရောက်ရင် လူတွေ လေယာဉ်ပေါ် တက်ခါနီးရင် Check in လုပ်သလိုပဲ ကုန်တွေကိုလည်း လေယာဉ်ပေါ် တင်ခါနီးရင် Check in လုပ်တဲ့သဘောပါပဲ၊ Cargo အတွက် သတ်သတ် Terminal ကြီးတွေ ရှိရတယ်။ အခု လေဆိပ်မှာရှိတော့ရှိပေမယ့် Customer တစ်ယောက်ကလာရင် ပုံးက ရာနဲ့ချီတာလေ။ နောက်ပိုင်း ပိုပြီးတိုးတက်လာရင် အခုလက်ရှိ Cargo Terminal တစ်ခုနဲ့က မလုံလောက်

Asian Fame Media Group

တော့ ထပ်ပြီးလိုလာပြီလေ။ အဲဒီလိုပြုပြင်ပြောင်းလဲတာတွေက အခုတည်းက လုပ်ထားရတော့မယ်။ ဒါတွေက အခုလုပ်ရင် အခုတန်းပြီးဖြစ်လာမှာတွေမဟုတ်တော့ အခုတည်းက ကြိုလုပ်ထားရတော့မယ်။

**ဒီလုပ်ငန်းကို လုပ်နေတဲ့အတွက်ရော အစ်မဂုဏ်ယူပြီးပီတိဖြစ်တဲ့ ခံစားမှုကိုလည်း သိပါရစေ။**

အစ်မကတော့ ကိုယ် ပထမဦးဆုံးတည်ထောင်ထားတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ဘယ်လောက်ပဲ အလုပ်များများ၊ ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း၊ အခက်အခဲတွေကို ဘယ်လိုပဲတွေ့တွေ့ ကိုယ်အခုရောက်နေတဲ့နေရာတစ်ခုကို ဂုဏ်ယူပြီး ပီတိဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် တိုးတက်နေတယ်လို့တော့ မမြင်ပါဘူး။ ဒါပေမဲ့ နေရာတစ်ခုတော့ ရနေပြီလို့ ယူဆတယ်၊ အခုမှထပြီး တည်ထောင်တဲ့သူတွေလည်း အစ်မလိုနေရာတွေရနေကြတာပါ။ ဒါပေမဲ့ အစ်မကတော့ အရင်တည်းက လုပ်ခဲ့တယ်ဆိုတဲ့ Brand Name လေးက ရှိတယ်လေ၊ အစ်မဘက်ကလည်း ဘယ်တော့မှ နာမည်ပျက်မရှိအောင် ကြိုးစားတယ်။

**အစ်မငယ်ငယ်တည်းက အလုပ်လုပ်ခဲ့တယ်ဆိုတော့ အခုချိန်မှာ အဲဒီလိုလုပ်ခဲ့ရတဲ့ အတွေ့အကြုံတွေကနေ ဘယ်လိုအကျိုးဆက်တွေ ရနေပါသလဲ။**

အစ်မငယ်ငယ်တည်းက အလုပ်လုပ်ခဲ့ရတာလေ၊ အစ်မမိဘတွေက အောက်သက်ကျေကျေနဲ့ပဲ ဘဝကို စခိုင်းတာလေ၊ အလုပ်မျိုးစုံကို အစ်မက လုပ်ဖူးတယ်။ လူပေါင်းစုံနဲ့လည်း အစ်မက ဆက်ဆံခဲ့ရတော့ အတွေ့အကြုံဆိုတာက အများကြီးပါပဲ။ အစ်မ ၁၀ တန်းအောင်ပြီး တက္ကသိုလ်တက်ဖို့က ကျောင်းတွေပိတ်ထားတော့ အစ်မမိဘတွေက စင်ကာပူမှာ ၆ လ English Short Course တစ်ခု သွားတက်ခိုင်းတယ်။ အရောင်းစာရေးမလုပ်နေတာကို ထွက်ပြီး ကျောင်းသွားတက်ခဲ့တယ်။ ဒါပေမဲ့ အဲဒီလို တက်ခိုင်းပေမယ့် ကိုယ့်မိဘက ကိုယ့်ကို အားလုံး မထောက်ပံ့ပေးနိုင်ဘူး၊ Short Course ဆိုတော့ နေ့ဝက်ကျောင်းတက်ပြီး ကျန်တဲ့နေ့ဝက်မှာ အချိန်ပိုင်းအလုပ်လုပ်ခဲ့ရတာ။ အဲဒီလို အလုပ်လုပ်တော့လည်း အစ်မကကျောင်းမပြီးသေးတဲ့ သာမန်ကျောင်းသူလေးဆိုတော့ လုပ်ငန်းခွင်မှာ အားလုံးရဲ့အနှိမ်ကိုခံခဲ့ရတာ။ ဒါပေမဲ့ အစ်မက ဘယ်သူကပဲနှိမ်နှိမ်ကြိတ်ကြိတ်ခံပြီး ပညာကို ရသမျှ ယူခဲ့တာ။ အခုချိန်မှာ အဲဒီအတွေ့အကြုံတွေက အရမ်းကို တန်ဖိုးရှိသွားပြီ။ အဲဒီတုန်းက အဆိုးအကောင်းတွေကို ကိုယ်က ခေမန်ပိုင်းခြားနိုင်ခဲ့ လေ့လာခဲ့ရလို့လည်း ဒီနေ့မှာ ဒီလိုရပ်တည်နိုင်တာပါ။ အတွေ့အကြုံဆိုတာက ဝယ်လို့လည်း ရတာမဟုတ်ဘူးလေ။ ဒါကလည်း အစ်မမိဘတွေရဲ့ ကျေးဇူးပါ။ အစ်မကို ဒီလိုလမ်းညွှန်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆုံးမပေးခဲ့လို့ပါ။ အဲဒီအချိန်တုန်းက နိုင်ငံခြားမှာ ကျောင်းတက်တယ်ဆိုတာလည်း အခုလိုလည်း Popular မဖြစ်သေးဘူး။ ဒါပေမဲ့ အစ်မမိဘတွေက အမြော်အမြင်ရှိရှိနဲ့ အစ်မကို ကျောင်းထားပေးခဲ့တယ်။ ကျောင်းတော့ထားပေးမယ်။ ဟိုမှာ ကိုယ် နေထိုင်စားသောက်ဖို့အတွက်တော့ ကိုယ့်ဟာကိုယ်ရှာဆိုပြီး လွှတ်တာလေ။ ဒီလိုအတွေ့အကြုံမျိုးက အစ်မအတွက် ဘာနဲ့မှ လဲလို့မရတဲ့ အရင်းအနှီးပါပဲ။ အစ်မမိဘတွေက သာ အလုပ်မလုပ်ခိုင်းခဲ့ရင် အစ်မက ဒီလိုအတွေ့အကြုံတွေ ရမှာမဟုတ်ဘူးလေ။

**အစ်မက နိုင်ငံတကာနိုင်ငံခြားသားတွေနဲ့ ထိတွေ့ဆက်ဆံနေရတော့ သူတို့ဆီမှာ အတုယူစရာ ဘယ်လိုအချက်အလက်တွေ ရှိပါသလဲ။**

အစ်မတို့လုပ်ငန်းက နိုင်ငံတကာက လူမျိုးပေါင်းစုံနဲ့ ဆက်ဆံနေရတော့ သူတို့ဆီက အတုယူစရာတွေ၊ လေ့လာမှတ်သားစရာတွေကတော့ အများကြီးပါပဲ။ မကောင်းတဲ့အချက်တွေလည်း ရှိတာပေါ့။ ဒါပေမဲ့ အစ်မတို့က ကောင်းတာပဲ အတုယူရတာပေါ့။ ဂျပန်တွေဆိုရင် သိပ်ကိုတိကျတယ်၊ ကတိလည်းတည်တယ်။ ဒီနေ့ ဒီအချိန်မှာ ပစ္စည်းပို့ပေးလိုက်ပါမယ်လို့ပြောရင် ပြောတဲ့အတိုင်းပဲ ရောက်မှ။ ဘယ်လိုအကြောင်းပြချက်မှ သူတို့ကို ပေးလို့မရဘူး။ သူတို့ကလည်း Cash ရတဲ့အခါ တစ်ခါမှ အစ်မတို့က လှမ်းတောင်းယူရတာမျိုး မရှိဘူး။ တန်းရောက်လာတာ၊ အဲဒီလို တိကျတယ်။ သူတို့နဲ့ Deal လုပ်ရင် အစ်မတို့က တိတိကျကျလုပ်ပေးရတယ်၊ ဒါက ဂျပန်ပေါ့။ တခြားနိုင်ငံခြားသားတွေမှာလည်း ကောင်းတဲ့ အချက်တွေ ရှိပါတယ်။

**ဒီလိုလုပ်ငန်းမျိုးမှာလုပ်ရတဲ့ Management Style ကရော ဘယ်လိုတွေဆောင်ရွက်ရတာပါလဲ။**

အစ်မတို့ရဲ့ Management Style က Sales and Marketing Style ပါပဲ။ ရုံးပိုင်းမှာဆိုရင်တော့ Documentation ပေါ့။ Customer Service ရှိတယ်။ Operation ပိုင်းရှိတယ်။ Operation ပိုင်းက အဓိကပဲ။ သူတို့က နားရက်ပိတ်ရက် မရှိဘူး။ သူတို့ပင်ပန်းရင် အစ်မက တာဝန်ကို အလှည့်နဲ့ ထားပေးရတယ်။ Admin နဲ့ Account လည်း ရှိတယ်။ အဲဒီလို ဌာနခွဲတွေ အားလုံးက ဟန်ချက်ညီညီနဲ့ ကြိုးစားမှပဲ အစ်မတို့အလုပ်က အဆင်ပြေချောမွေ့မှာလေ၊ အစ်မတို့အလုပ်က Service ပေးရတဲ့အလုပ်ဆိုတော့ ပြောရရင်တော့ မလွယ်ဘူး။

**အစ်မတို့တုမှုဏ်အနေနဲ့ Ground Management ကိုရော ဘယ်လိုလုပ်နေပါသလဲ။ ရတီပရိသတ်အတွက် ဗဟုသုတလေးရအောင် ပြောပြပေးပါ။**



**အစ်မ ငယ်ငယ်တည်းက အလုပ် လုပ်ခဲ့ရတာလေ။ အစ်မမိဘတွေကအောက်သက်ကျေကျေနဲ့ပဲဘဝကို စခိုင်းတာလေ။ အလုပ်မျိုးစုံကို အစ်မ က လုပ်ဖူးတယ်။ လူပေါင်းစုံနဲ့လည်းအစ်မကဆက်ဆံခဲ့ရတော့ အတွေ့အကြုံဆိုတာက အများကြီးပါပဲ။**

အစ်မတို့ရဲ့ Ground Management က တော့ အစ်မ ခုနကပြောခဲ့သလို Operation ပါပဲ။ အစ်မတို့ရဲ့ Airport Operation အဖွဲ့က တာဝန်ကို အလှည့်ကျနဲ့ လုပ်ကြပါတယ်။ ဘာလို့လဲဆိုတော့ လေယာဉ်တွေ Operation လုပ်နေသမျှ Customer တွေရဲ့ ကုန်ပစ္စည်းတွေ တင်ပို့နေရတာဆိုတော့ ရုံးပိတ်ရက်တို့၊ နေ့ဘက်တို့၊ ညဘက်တို့ဆိုတာ မရှိဘူး။ ၇ ရက်ပတ်လုံး ၂၄ နာရီ ဝန်ဆောင်မှုပေးနေရတာပါ။ ဒါကြောင့် ပိတ်ရက်လိုချင်တယ်၊ နားချင်တယ်ဆိုရင် အစ်မတို့က အလှည့်နဲ့နားရက်ကို Duty List နဲ့ သတ်မှတ်ပေးရတယ်။ အစ်မတို့အလုပ်က ရုံးမှာအလုပ်ပြီးသွားတာနဲ့ အလုပ်ချိန်ပြီးသွားပြီလို့လည်း ပြောလို့မရဘူး။ ဖုန်းနဲ့အင်တာနက်နဲ့ အလုပ်ဆက်သွယ်လာရင် လုပ်ရတာပဲလေ။

**အစ်မအနေနဲ့ ဒီအလုပ်ကို လုပ်ကိုင်နိုင်ဖို့အတွက် ဘယ်လိုသင်တန်းတွေ၊ ဘယ်လိုဗဟုသုတ**

Asian Fame Media Group

**မျိုးတွေကို လေ့လာခဲ့ရပါသလဲ။**

အစ်မ ဒီလုပ်ငန်းကို လုပ်မယ်ဆိုပြီး စတဲ့အချိန်တုန်းက ဒီလုပ်ငန်းကို ကောင်းမွန်းလည်း သိတယ်။ ဘယ်လိုလုပ်ရမလဲလည်း သိတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းက ကျယ်ပြန့်တယ်။ အဲဒီလောက်တော့ အစ်မမှာ ဗဟုသုတမရှိဘူး။ အဲဒီတော့ အစ်မက နိုင်ငံခြားသားကို ငှားရတယ်။ နိုင်ငံခြားက အသိပညာရှင်၊ အတတ်ပညာရှင်တွေကိုငှားပြီး International Standard Company ဖြစ်ဖို့အတွက် လေ့လာရတာပေါ့။ ကိုယ့်ရဲ့ဝန်ထမ်းတွေကို သင်တန်းလည်းပေး ကိုယ်ကလည်းရောပြီး သင်တန်းတက်ပေါ့။ သင်တန်းတက်ရင်း လုပ်ငန်းအတွေ့အကြုံကိုပါတွဲပြီး သင်ယူခဲ့ရတာပေါ့။ အခုတော့ ဝန်ထမ်းဟောင်းတွေက အသစ်တွေကို ပြန်ပြီး သင်တန်းပေးရတာပေါ့။ အစ်မကစပြီး ကုမ္ပဏီတည်ထောင်တည်းက ရှိခဲ့တဲ့ ဝန်ထမ်းတွေက ရှိနေကြသေးတယ်။ ပြီးတော့ အစ်မတို့လုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ သင်တန်းကလည်း များလာပြီဆိုတော့ အစ်မကတော့ ဝန်ထမ်းတွေကို အမြဲအရည်အသွေး မြင့်တက်နေအောင် သင်တန်းတွေ ထပ်တက်ခိုင်းပါတယ်။ အစ်မကိုယ်တိုင်လည်း အမြဲမပြတ်ကို လေ့လာနေရပါတယ်။

**အစ်မတို့ ကုမ္ပဏီက Service ပေးတဲ့အခါ World Wide လုပ်ပေးတာပါလား။ Air Line ဘယ်နှလိုင်းနဲ့ ပူးပေါင်းပြီးလုပ်နေပါသလဲ။**

အစ်မတို့က တစ်ကမ္ဘာလုံးနဲ့ လုပ်ပါတယ်။ ဘယ်နိုင်ငံကိုမဆို ပို့လို့ရတယ်ပေါ့။ ရန်ကုန်ကို ဆင်းတဲ့ အဓိကလေကြောင်းလိုင်း အားလုံးပေါ့။ ထိုင်းလေကြောင်းလိုင်း၊ စင်ကာပူလေကြောင်းလိုင်း၊ MAI ၊ Qatar ၊ မလေးရှားလေကြောင်းလိုင်းအားလုံးနဲ့ Offical Network ချိတ်ပြီးလုပ်တယ်။ World Wide Network နဲ့ လုပ်တာပါ။ မြန်မာပြည်က လေကြောင်းလိုင်း အားလုံးနဲ့ ကိုယ်စားလှယ်ဆိုတော့ တစ်ကမ္ဘာလုံးနဲ့ ဆက်စပ်ပြီး လုပ်ပါတယ်။ အစ်မရဲ့ အဓိကအလုပ်က Air ပါပဲ။ Customer က Sea နဲ့မှ ပို့ချင်တယ်ဆိုရင်လည်း အစ်မက Shipping လိုင်း Agency တွေနဲ့ချိတ်ထားတယ်။

**မြန်မာပြည်မှာ လေကြောင်းလိုင်းတွေ ထပ်တိုးလာဖို့ရှိတယ်လို့ အစ်မအနေနဲ့ ခန့်မှန်းမိထားတာ ရှိပါသလား။**

မြန်မာပြည်မှာ လေကြောင်းလိုင်းတွေ အများကြီးထပ်တိုးပါတယ်။ ဒီနှစ်ကုန်ပိုင်းကစပြီး လေကြောင်းလိုင်းအသစ် ၆ ခု ဝင်ရောက်ခဲ့တယ်။ ဒီထက်ပိုပြီး တိုးဖို့ပဲရှိပါတယ်။ လျော့သွားဖို့ မရှိပါဘူး။ ရှိပြီးသားလေကြောင်းလိုင်းတွေလည်းကလည်း အခေါက်ရေတွေတိုးပြီး ပြေးဆွဲနေပြီ။ Thai Air Way ဆို အရင်တုန်းက မနက်တစ်ခေါက် ညတစ်ခေါက်ပဲပြေးတာ။ အခု နောက်တစ်ခေါက် ထပ်တိုးတယ်။ Silk Air ကလည်း ခေါက်ရေတွေ ထပ်တိုးတယ်။ အဲဒီလိုတွေ ထပ်တိုးတာပေါ့။ Singapore Air Line ကလည်း ထပ်တိုးလာတယ်။

**Air Cargo လို လုပ်ငန်းမျိုးတွေ လုပ်တဲ့အခါ လူတွေစီးတဲ့ လေယာဉ်တွေနဲ့ပဲ သယ်ယူနေတာပါလား။ ဒါမှမဟုတ် ကုန်ပစ္စည်းတွေပဲတင်တဲ့ လေယာဉ်တွေ ရှိပါသလား။**

အခုလက်ရှိမှာတော့ လူစီးယာဉ်တွေနဲ့ပဲ သယ်နေတာပေါ့။ အစ်မတို့နိုင်ငံရဲ့ အခြေအနေကလည်း အခုချိန်ထိက လူစီးနဲ့သယ်တာ အဆင်ပြေနေသေးတယ်။ နောက်ပိုင်း ဈေးကွက်ကျယ်ပြန့်လာရင်တော့ ကုန်ပစ္စည်းတင်တဲ့ သီးသန့်လေယာဉ်တွေ ရှိလာမှာပါ။ Cargo သီးသန့်လေယာဉ်က Freighter လို့ခေါ်တယ်။ လူစီးကိုကျတော့ Carrier လို့ခေါ်တယ်။ နောက်ပိုင်း တကယ်ကို ရင်းနှီးမြှုပ်နှံတဲ့သူတွေ အစ်မတို့နိုင်ငံကို ဝင်လာပြီး အလုပ်တွေလုပ်လာကြရင် Freighter တွေက လိုကိုလိုမှာပါ။ သာမန် Carrier လေးတွေနဲ့ပဲ ပစ္စည်းတင်နေလို့ မရဘူးလေ။ တိုင်းပြည်ဖွံ့ဖြိုးလာသလို Freighter တွေလည်း လိုကိုလိုပါတယ်။ အစ်မတို့ကိုလည်း Freighter တွေသွင်းဖို့ လာပြီး ဆက်သွယ် လာတာတွေ ရှိနေပါပြီ။ အခုလက်ရှိမှာတော့ Thai Air Way က ကုန်ပစ္စည်းအတင်နိုင်ဆုံးပဲ။ သူက လေယာဉ်အကြီးဆုံးပဲပေါ့။

**လုပ်ငန်းတွေလုပ်ကြတဲ့အခါ အမှားအယွင်းဆိုတာမျိုးကလည်း ဖြစ်တတ်တော့ အဲဒီလိုအမှားတွေနဲ့ ကြုံလာခဲ့ရင် ကိုယ်ရဲ့ Service အတွက် ဘယ်လိုတာဝန်ယူဖြေရှင်းပေးပါသလဲ။**

ဘယ်လုပ်ငန်းမဆို အမှားနဲ့ကင်းနိုင်တဲ့ လုပ်ငန်းမျိုးတော့ မရှိဘူးပေါ့။ ဒါပေမဲ့ အစ်မတို့ရဲ့ လုပ်ငန်းကတော့ လုံးဝကို အမှားမခံတဲ့ လုပ်ငန်းမျိုးပါ။ ဒါကြောင့် အစ်မတို့က အမှားကင်းအောင် လုပ်ရတယ်။ အမြဲစစ်ဆေးပြီးမှ အလုပ်ကို လွှတ်လိုက်တယ်။ တစ်ယောက်လုပ်ပြီးရင် တစ်ယောက်က အမြဲပြန်စစ်တဲ့ အလေ့အကျင့် အစ်မတို့က လုပ်တယ်။ ဒါပေမဲ့ Human Error ဆိုတာမျိုးက ရှိတတ်တယ်လေ။ အမှားဖြစ်သွားခဲ့ရင်လည်း အစ်မတို့က Customer နဲ့ Contract လုပ်ထားတဲ့အတိုင်း အပြည့်အဝတာဝန်ယူပါတယ်။ အစ်မတို့ လျော်ခဲ့ဖူးပါတယ်။ ဂျပန်ကို ပစ္စည်းပို့တာမှာ ဘန်ကောက်မှာ Transit လုပ်တော့ Package တွေက ပျက်ကုန်တယ်။ အဲဒါနဲ့ အစ်မတို့ဘက်က လျော်ခဲ့ရတယ်။ အဲဒီ Image နဲ့ပဲ အခုချိန်ထိ အစ်မတို့နဲ့ အဲဒီ Customer က ဆက်လက်တွဲတာ အခုဆိုရင် ၁၀ နှစ်ကျော်ပြီပေါ့။ အကောင်းဆုံး Service ဖြစ်အောင် အစ်မတို့ အမြဲကြိုးစားပါတယ်။

**Challenge တွေများလှတဲ့ အလုပ်မှာ လုပ်နေတဲ့ အစ်မအတွက် စိတ်ဖိစီးမှုတွေကို ဘယ်လိုဖြေဖျောက်တတ်ပါသလဲ။**

အဲဒီလိုဖြစ်ရင်တော့ အစ်မက ဘယ်သူနဲ့မှ စကားမပြောတော့ဘဲ နားလိုက်တယ်။ ဘာလို့လဲဆိုတော့ အစ်မတို့လုပ်ငန်းက တစ်နေ့ တစ်နေ့ စကားတွေပြောနေရတဲ့ လုပ်ငန်းမျိုးလေ။ အေးအေးဆေးဆေးနဲ့နားပြီး စာအုပ်ဖတ်တာတို့၊ သီချင်းနားထောင်တာတို့၊ မိသားစုနဲ့ အပန်းဖြေအနားယူလိုက်တာမျိုးတွေနဲ့ ဖြေဖျောက်လိုက်တာပါပဲ။

**လုပ်ငန်းထဲမှာ နစ်မြောပြီး လုပ်နေရလို့ မိခင်တစ်ယောက်ရဲ့တာဝန်တွေ လစ်ဟင်းသွားတာမျိုးရော ရှိပါသလား။**

ဘယ်ပြောကောင်းမလဲ၊ လစ်ဟင်းသွားတာပေါ့။ ဒါပေမဲ့ တတ်နိုင်သလောက်တော့ ပြန်လုပ်ပေးပါတယ်။ အစ်မက အလုပ်ကို လုပ်ချင်နေတဲ့သူလေ။ နေမကောင်းလို့ အိပ်နေရရင်တောင် အစ်မက စိတ်ညစ်တတ်တဲ့ သူမျိုးလေ။ မိန်းမသားတစ်ယောက်က အလုပ်လုပ်ရတာ မလွယ်ဘူးလေ။ တနင်္လာနေ့ သောကြာအထိကတော့ အိမ်ကိစ္စကို လုံးဝပြန်မကြည့်နိုင်ဘူး။ ဒါပေမဲ့ စနေ၊ တနင်္ဂနွေကတော့ အိမ်ကကလေးတွေနဲ့ အိမ်ကိစ္စကို ခေါင်းထဲထည့်ပြီး လုပ်ပေးဖြစ်တယ်။ တစ်ပတ်မှာ ဈေးဝယ်တယ်၊ အစ်မက ထမင်းဟင်းချက်ရတာလည်း ဝါသနာပါတယ်။ ကလေးတွေ စားချင်တာကို ချက်ပေးဖြစ်တယ်။ အမြဲတမ်းတော့ မချက်ဖြစ်ပေမယ့် စနေ၊ တနင်္ဂနွေကိုတော့ အိမ်အတွက် အချိန်ပေးဖြစ်ပါတယ်။

**မိန်းမသားတွေကို မှီခိုသူဆိုတဲ့ နေရာကနေ မြင့်တင်ဖို့ဆိုရင် ဘယ်လိုဗဟုသုတမျိုးတွေ ရှိထားသင့်ပါသလဲ။**

အစ်မက ဘာပြောချင်လဲဆိုတော့ ကိုယ့်ဟာကိုယ်ရပ်တည်ပြီး ကိုယ်တိုင်ပိုက်ဆံရှာသုံးရတာကို အစ်မက ပိုပြီးကျေနပ်တယ်။ ကျန်တဲ့သူတော့ မသိဘူးပေါ့လေ။ ကိုယ့်အမျိုးသားလည်း ရှာနိုင်ပေမယ့် ကိုယ်တိုင်ရှာလို့ရတဲ့ ပိုက်ဆံသုံးရတာက ပိုကောင်းတယ်လေ။ ဒါကြောင့် မှီခိုချင်စိတ်ကင်းရင် ဒါက ပြဿနာမဟုတ်တော့ပါဘူး။ သူများကို မှီခိုရတာက မကောင်းပါဘူးနော်။ ဒါပေမဲ့ ကိုယ့်ရဲ့အိမ်ဦးနတ်ကိုတော့ ခြေရာသွားမတိုင်းရဘူးလေ။

**ရတီအမျိုးသမီးပရိသတ်ကိုရော ဘယ်လို Message မျိုး ပေးချင်ပါသလဲ။**

အစ်မကတော့ မိန်းမတွေက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရှိနဲ့ ကိုယ်ကျင့်တရားကောင်းဖို့ပဲ ပြောချင်ပါတယ်။ အစ်မကိုယ်တိုင်ဆိုလည်း ယောကျ်ားတွေအများကြီးနဲ့ အလုပ်လုပ်နေပေမယ့် ကိုယ်က ကိုယ်ကျင့်တရားကောင်းနေတော့ ဘယ်သူမှ ကိုယ့်ကို မစော်ကားရဲဘူးလေ။ ဒါကြောင့် ကိုယ့်ရဲ့ကိုယ်ကျင့်တရားကိုပဲ လုံလုံခြုံခြုံထိန်းဖို့ ပြောချင်ပါတယ်။

**ဖြိုးစုပိုပို**

# ဒေသ သင်္ကေတ

လှမြင့်ဆွေ

## ဆလုံ (ခ) မော်ကင်း

ကျွန်းပေါင်း (၈၀၀) ကျော်ရှိတဲ့ တနင်္သာရီကမ်းမြောင်ဒေသ ၊ မြိတ်ကျွန်းစုတွေမှာ တခြားတိုင်းရင်းသားတွေရဲ့ လူနေမှုစလေ့ထုံးစံ ၊ စရိုက်လက္ခဏာတွေနဲ့မတူညီတဲ့ ဆလုံ (သို့မဟုတ်) မော်ကင်းလို့ခေါ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုတစ်စု ရှိပါတယ်။ ဆလုံတွေဟာ ပင်လယ်ပြင်ထဲမှာ ပျော်မွေ့အသက်မွေးဝမ်းကျောင်း ပြုလုပ်သူတွေဖြစ်တဲ့အတွက် လှေပေါ်မှာမိသားစုတစ်ခုလုံးအပြင် အိမ်မွေးခွေး ၊ ကြက်များပါမကျန် တင်ဆောင်ပြီး မိုးရာသီအချိန်ကလွဲလို့ ပင်လယ်ပြင်ထဲမှာလှေကို နေအိမ်လုပ်ပြီး နေထိုင်ကြသူတွေဖြစ်ပါတယ်။ လေမိုးထန်ပြီး လှိုင်းကြီးတဲ့မိုးရာသီမှသာ ဆလုံတိုင်းရင်းသားတွေဟာ ကျွန်းတွေပေါ်မှာအုပ်စုလိုက် ခြေတံရှည်အိမ်လေးတွေဆောက်ပြီး နေကြတာဖြစ်ပါတယ်။ ဆလုံတွေမှာ ကျေးရွာနေအိမ်ဆိုပြီး အခြေတကျမရှိ ၊ မိုးကုန်တာနဲ့ ပင်လယ်ထဲထွက်ပြီးရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းရှာကြတဲ့သူတွေ ဖြစ်ပါတယ်။

ရှေးယခင်မြန်မာဘုရင်တွေလက်ထက်တုန်းက မြိတ်ကျွန်းစုတွေဟာ မြန်မာဘုရင်တွေကတစ်လှည့်၊ ယိုးဒယားဘုရင်တွေကတစ်လှည့် အုပ်စိုးခဲ့ကြပေမယ့် အုပ်ချုပ်ရေးဆက်သွယ်မှုဝေးကွာတာကြောင့် အဲဒီဒေသကို ပသျှူး ခေါ် မလေးတွေက ပင်လယ်ဓားပြတွေလိုလက်နက်ကိုင်ပြီး အနိုင်ကျင့်ခဲ့ကြပါတယ်။ ဒါကြောင့် ဆလုံတွေဟာ ကမ်းပေါ်မှာအတည်တကျနေထိုင်မှုမလုပ်ဘဲ ပင်လယ်ပြင်ထဲမှာသာ လှည့်လည်နေထိုင်ခဲ့ကြရာမှ ပင်လယ်ပျော်တိုင်းရင်းသားများ ဖြစ်လာတာလို့သိရပါတယ်။





Asian Fame Media Group







Asian Fame Media Group







တစ်ချိန်ကဆလုံတွေဟာ လူသူမနီးတဲ့ပင်လယ်ထဲက လှေပေါ်မှာဘဲ နေကြတဲ့အတွက် ယောက်ျား ၊ မိန်းမ ၊ အပျို ၊ အအိုမကျန် အပေါ်ပိုင်းအကျီမဝတ် ၊ အောက်ပိုင်းမှာသာ ဝတ်ဆင်နေထိုင်ကြတဲ့အတွက် ကမ္ဘာကစိတ်ဝင်စားခြင်းခံရတဲ့ ထူးခြားတဲ့တိုင်းရင်းသား လူမျိုးတစ်မျိုးဖြစ်ခဲ့ပါတယ်။ ဒီကနေ့အချိန်အခါမှာ မြိတ်ကျွန်းစုအားလုံးဟာ တည်ငြိမ်အေးချမ်းလာပြီဖြစ်တဲ့အတွက် မော်ကင်း (ခေါ်) ဆလုံတွေဟာ ကျွန်းတွေ ၊ ကမ်းခြေတွေမှာအခြေစိုက်နေထိုင်နေကြပြီဖြစ်တယ်။ အရင်က သူတို့ကျွမ်းကျင်ခဲ့တဲ့ ရေပေါ် ၊ ရေအောက် စီးပွားရေးလုပ်ငန်းတွေကို ရွာကထွက်နေပြီး ပင်လယ်တွင်းမှ သွားရောက်လုပ်ကိုင်တာ အခြေတကျရွာတွေဆီမှာဘဲ ပြန်လည်လာရောက်နေထိုင်ကြပြီဖြစ်ပါတယ်။ မြိတ်မြို့နယ် ၊ ကျွန်းစုမြို့နယ် ၊ ပုလောမြို့နယ် ၊ ဒွန်းကျွန်း ၊ တနင်္သာရီမြို့နယ် ၊ ကော့သောင်းမြို့နယ်၊ ဇာဒက်ကြီးကျွန်းနဲ့ ဘုတ်ပြင်းမြို့နယ်တွေမှာ ဆလုံတိုင်းရင်းသားတွေ အများဆုံးနေထိုင်ကြပြီး ပင်လယ်ထဲကလှေပေါ်မှာ မိသားတစ်စုလုံး နေထိုင်တဲ့နေထိုင်မှုဘဝပုံစံတွေ တဖြည်းဖြည်းပျောက်ကွယ်သွားပြီဖြစ်ပါတယ်။














ဆလုံတိုင်းရင်းသားတွေဟာ ပင်လယ်ပြင်မှာသာအမြဲလိုလို နေထိုင်ကြတဲ့အတွက် နေအိမ်သဖွယ်အသုံး ပြုတဲ့ 'လှေ' ကိုအမြဲထိမ်းသိမ်းပြင်ဆင်ကြရပါတယ်. . ဆလုံဘာသာနဲ့လှေကို 'ကဗန်း'လို့ခေါ်ပြီး လှေထွင်းရာမှာ သစ်လုံးကိုလိုအပ်တဲ့ ပမာဏအတိုင်းထွင်းကာ အောက်ခံအဖြစ်အသုံးပြုကြပါတယ်. . လှေနံရံအဖြစ် အလွန်ပေါ့ပါးတဲ့ 'ရင်ကမ်း' သားကိုသုံးလေ့ရှိပြီး 'ရင်ကမ်း' သားပင်စည်တွေကို တစ်ခုပေါ်တစ်ခု အလျားလိုက် ထပ်ဆင့်ကာ နွယ်ကြိုးနဲ့ချည်နှောင်ချုပ်စပ်ကြပါတယ်. . လှေခေါင်မိုးအတွက် 'ဓနိရွက်' ကိုအသုံးပြုကြပါတယ်. .

ဆလုံယောကျ်ားလေးနဲ့မိန်းခလေးတို့ မင်္ဂလာဆောင်တဲ့အခါ တချို့မိဘတွေက 'လှေ' ကိုလက်ဖွဲ့အဖြစ်ပေးတတ်ကြပါတယ်. . တချို့ကတော့ လက်ထပ်ပြီးကာမှသူတို့နှစ်ဦးအတွက် လှေတစ်စင်းကို ထွင်းလုပ်ကြရပါတယ်. . များသောအားဖြင့်တော့ အိမ်ထောင်ကျခါစမှာ မိဘတွေရဲ့လှေနဲ့လုပ်ကိုင်စားသောက်ကြပြီး နောက်ပိုင်းမှလှေခွဲကာ တစ်အိုးတစ်အိမ် တစ်လှေထူထောင်ပြီး သူတို့ရဲ့ဘဝကိုသူတို့ သီးခြားရင်ဆိုင် နေထိုင်ကြတာဖြစ်ပါတယ်. .






ဓါတ်ပုံ - ဝေမြင့်ဦး









Asia Fame Media Group







ဒီကနေ့အခါမှာတော့ ဆလုံတိုင်းရင်းသားတွေ နေထိုင်ကြပြီး ကျွန်းပေါင်းရာချီရှိတဲ့ တနင်္သာရီကမ်းရိုးတန်းက မြိတ်ကျွန်းစုတွေဟာ သုံးမကုန်နိုင်တဲ့ ပင်လယ်ရေအောက်က ရေနေသတ္တဝါတွေနဲ့ ရေအောက်သယံဇာတတွေ ၊ ဆန်စပါးသီးနှံ လယ်ယာလုပ်ကိုင်နိုင်တဲ့ မြေပြန့်ကျယ်ကြီးတွေ ၊ အဖိုးတန်သစ်ပင် ၊ ဝါးပင်တွေထူထပ်တဲ့ တောတောင်ရေမြေ သဘာဝတွေ ၊ တန်ဖိုးမဖြတ်နိုင်တဲ့ မြေအောက်သယံဇာတ သတ္တုပစ္စည်းတွေ ပေါများလှတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်း ပွင့်လန်းလာတဲ့ ဒေသကြီးတစ်ခုအဖြစ် ပြောင်းလဲတိုးတက်လျက် ရှိနေပြီဖြစ်ပါတယ်. . .

ကျွန်တော်တို့ရဲ့ လူနည်းစုတိုင်းရင်းသားဖြစ်တဲ့ ဆလုံ (ခ) မော်ကင်းတို့ရဲ့ ဓလေ့ထုံးစံတွေနဲ့ ဘဝနေထိုင်ရေး လူမှုအဆင့်အတန်းတွေဟာလည်း ပြောင်းလဲလာတဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးအခွင့်အလမ်းနဲ့ အတူတိုးတက်မြင့်မားလာတော့မှာဖြစ်တဲ့အတွက် " **ဒေသသင်္ကေတ** " လေးတွေ ပျောက်ပြယ်သွားမှာကိုတော့ စိုးရိမ်မိပါသေးတယ်. . . ■

Asian Fame Media Group



# သုခုမအနုပညာနှင့် ယဉ်ကျေးပျူသောညချမ်း

မြင့်သူဇာထွန်း

ပြည့်ဝန်းပြီးလွန်ခါစ တန်ဆောင်မုန်းလပြည့်ကျော်ညတစ်ညမှ ရာသီဥတုက မပူလွန်း မအေးလွန်းလှပါ။ ခြေခင်းလက်ခင်းသာသည်ဟု ပြောရမည်။ ခန့်ညားသောအမျိုးသားကဇာတ်ရုံကြီးသည် ကျွန်မရှေ့တူရူတွင် ထီးထီးမားမားကြီးဆိုနေသည်။ မြန်မာ့ဇာတ်သဘင်ညချမ်းကို ကြည့်ရှုမြတ်သန်းရမည်မို့ ရိုးရာပွဲသဘင်များနှင့် နီးနေခဲ့ရသော ငယ်ဘဝညများကိုပင်သတိရမိသေးတော့သည်။ ကျွန်မတို့ မြန်မာ့ရိုးရာ သဘင်ပွဲများ သည်နှစ်ပေါင်းရာထောင်ချီ၍ ရှိခဲ့ပြီဖြစ်သည်။ ဇာတကမှအကြောင်းပြုဆင်းသက်လာသော ဇာတ်ပွဲသဘင်သည် ပဒေသရာဇ်ရေခံမြေခံပေါ်တွင်ပေါက်ဖွားသန့်စင်ခဲ့သည်ဆိုသောကြောင့်ပင် ဂန္ထဝင်ဆန်ခဲ့လေသည်လား မသိပါ။ နန်းတွင်းတွင် ရာဇနွယ်မဟာနွယ်သွေးများကို ဖျော်ဖြေ ရင်း၊ အသိပေးရင်း၊ လမ်းညွှန်ရင်း ခင်းကျင်းခဲ့ကြသော ထိုစဉ်ကသဘင်သည် ဓမ္မရေး၊ ရာဇရေးနှင့် လောကအရေးများကို အခြေခံခဲ့သည်။ စာပေစပ်သီမှု၊ ပန်းချီ၊ ပန်းပုနှင့် လက်မှု၊ အလှ ဆင်ယင်ထုံးဖွဲ့မှုများကို 'အနုပညာ'ဟု ပညတ်၍ အဆို၊ အက၊ အရေး၊ အတီးပညာများကို 'သုခုမ'ဟု ခွဲခြား သမုတ်ကြသော်လည်း ပရိသတ် ရှေ့မှောက်တွင် ကပြအသုံးတော်ခံချိန်၌ တစ်ပြိုင်တည်းမှာပင် အဆို၊ အပြော၊ အတီးအမှုတ်၊ အက အခုန်များကိုသာမက ဇာတ်ခုံပြင်ဆင်ခြင်းတွင် ပါဝင်သော ပန်းချီ၊ ပန်းပု၊ လက်မှုများကိုပါ တွေ့မြင်ခံစားရစေနိုင်သော ပြဇာတ်ပညာကိုတော့ သုခုမအနုပညာဟုပင် မခွဲမခြားဘဲ ကျွန်မသိမ်းကျုံးသက်ဝင်မိပါသည်။

မကြာမီတွင် ဤဇာတ်ရုံကြီး၌ အနုသုခုမအလှပွဲသဘင်ကို နွှဲဆင်ကြပေတော့မည်။ တေးဂီတ၊ အကအလှနှင့် ပဒေသာများအပြီး ကပြမည့်ပြဇာတ်အမည်က 'မွေခံထိုက်စေ ရိုးရာအမွေ' ဖြစ်သည်။ ပွဲစလျှင်စချင်း မြန်မာ့ဂန္ထဝင်တေးသီချင်းများဖြစ်သည့် လူချွန်လူကောင်း၊ ရွှေဘိုသနပ်ခါး၊ သူဌေးဝါဒ၊ ပွဲကြိုက်ခင်၊ ညညှင်း



Asian Fame Media Group

လေပြည်၊ တိမ်လွှာမို့မို့လွင်၊ ဆောင်းအမီး၊ မလေး လတ်ခတ်သံ၊ အလှကမ္ဘာမြေ၊ ရွှေမိုးလေးကညို တယ်တို့ကို ကြည်မြပီသစွာ ဖျော်ဖြေကြသည်။ ထို့နောက်ပွဲဦးအစ ပခန်းအကကို ထုံးစံမပျက် ရင်သပ်ရှုမောဖွယ် ကြည့်ရ ပြန်သည်။ မင်းသား လေးများအပြိုင်အဆိုင်ညီညီညာညာကပြချိန်မှာ တော့ နည်းပညာခေတ်အတွင်းက လူငယ်လေး များဟု သတ်မှတ်ယုံကြည်ဖို့ပင်ခက်နေသေး တော့သည်။ ပွဲဦးမှာပင် ရသစုံကို ထိတွေ့ပျော်ရွှင် နေရတော့ စောင်းဦးဘသန်း၏ 'ပွဲကြိုက်ခင်' သီချင်းကို သဘောတကျ သတိရမိသည်။ သည့် နောက်မှာတော့ ဂီတမှူး ခိုရာမို့ရှိသည် မြန်မာ သီချင်းဆန်းနွေဦးကို အနောက်တိုင်းဂီတဟန် ဖြင့်ပေါင်းစပ် ဖန်တီးထားသည်ကို တခမ်းတနား နားထောင်ရတော့ ဒါမျိုးလည်းရှိပါလားဟု ကျွန်မ အံ့ဩမိရသည်။

နာမည်အကြားနှင့်ပင်စိတ်ဝင်စားနေမိ သောပြဇာတ်ကို တကယ်ကြည့်ရချိန်မှာတော့ ညဦးယံပင် ရောက်ခဲ့ပြီ။ ကျေးလက်တောရွာ ကလေးတစ်ရွာမှ စံပြသမိုင်းဆရာလေး တစ်ဦး သည် ဇာတ်လမ်းအစမှာပင် ကျွန်မအာရုံကိုဖမ်းစား လိုက်သည်။ သူကရိုးရာယဉ်ကျေးမှုယဉ်ကျေးမှုကို ထိပါးလာနေသည့် ပွတ်သဘင်များ၊ အနောက် တိုင်း ခေတ်ပေါ်အကများကြောင့် စိုးရိမ်နေကြ သည့် ရပ်မိရပ်ဖများ စိတ်အေးရအောင် စွမ်း ဆောင်နိုင်သည့် ကျောင်းဆရာလေး ကိုဝင်းသူ ဖြစ်သည်။ သူတာဝန်ကျရာနေရာမှာ သင်ကြား ရေးတာဝန်ကိုထမ်းဆောင်ရင်း တပည့်များအား ရိုးရာယဉ်ကျေးမှုအမွေထိန်းသိမ်းဆက်ခံရန် အသိများဖြန့်ဝေပေးသည်။ ကိုယ်တိုင်လည်း ရောက်ရာဒေသက မိရိုးဖလာယဉ်ကျေးမှုဓလေ့ များကိုဖော်ထုတ်သည်။ သူသည် မြန်မာ့ယဉ်ကျေးမှု အမွေကို ထိန်းသိမ်းသည့်အနေဖြင့် ရိုးရာအငြိမ့် စစ်စစ်ကို ဖော်ထုတ်ခဲ့ရာမှ ရွှေကိန္နရီအငြိမ့် မင်းသမီးလေး သင်းသင်းရီနှင့် ဖူးစာပါခဲ့သည်။ သည်ပြဇာတ်တွင် ကျောင်းဆရာလေး ကိုဝင်းသူ၏ စကားဖြစ်သည့် "ရိုးရာအမွေဆိုတာ မိဘဘိုး ဘွားစဉ်ဆက် ထိန်းသိမ်းလာခဲ့တဲ့ ကောင်းတဲ့ ဓလေ့စရိုက် အမှုအကျင့် ယဉ်ကျေးမှုနဲ့ ကိုးကွယ် ယုံကြည်မှုတွေအထိပါတယ်၊ မိမိတို့ရဲ့ ရိုးရာအမွေ ကို ဆက်လက်ထိန်းသိမ်းကြဖို့နဲ့ ဒီလိုထိန်းသိမ်းနိုင် ဖို့ ကိုယ့်မှာ အမွေခံထိုက်တဲ့ အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေးတွေရှိနေဖို့ပဲဖြစ်တယ်" ဟူ သော ယုံကြည်ချက်သည် ယနေ့လူငယ်များ အတွက် မှတ်သားဖွယ်ပင်။

သည်ကျောင်းဆရာလေးသည် သမီးလေးမွေး ဖွားလာသည့်အခါ "ကိုယ်ကိုယ်တိုင်ကမှ အမွေခံ ထိုက်သူ မဖြစ်ရင် ထိန်းသိမ်းစောင့်ရှောက်လက် ဆင့်ကမ်းတဲ့နေရာမှာ မအောင်မြင်နိုင်ဘူး။ မိန်းကလေး ဖြစ်ရင်လည်း အဒီလို ရိုးရာယဉ်ကျေး









မှုကို ထိန်းသိမ်းစောင့်ရှောက်ဖော်ထုတ် လက်ဆင့် ကမ်းတဲ့သူ ဖြစ်အောင်မွေးမြူရမယ်"ဟု မျှော်လင့် ချက်ထားပြန်သည်။ ပါရမီဖြည့်ဖက်ဖြစ်သူဇနီး သင်းသင်းရီကလည်း "နောင်ဖြစ်လာမယ့် အဓိုတို့ ရဲ့ မျိုးဆက်သစ်တွေဟာ ကိုယ်တိုင်ကလည်း အမွေခံထိုက်သူတွေ၊ ရိုးရာအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက် နိုင်ပြီးတော့ ဆက်လက် လက်ဆင့်ကမ်းဆောင်ရွက်နိုင်သူတွေဖြစ်ရမယ်" ဟု ခံယူထားသူပင်၊ သည်လို မာန်နှင့် ဣာန်နှင့် ပြောဆိုကြသံများက ကျွန်မရင်ထဲထိစီးဝင်လာ သည်။ လူ့လောကသဘာဝအရ ကံကြမ္မာမှန်တိုင်း

သည် ဖြန်းခနဲ ဝမ်းသာချိန်တွင် ပျာကယာဝမ်း နည်းရအောင်ဆန့်ကျင်မည့် ကိုလောဘက နောင့် လာသည်။ သူသည် နှစ်သက်သည့်မိန်းကလေး သင်းသင်းရီကိုလက်လွှတ်ခဲ့ရသည့်အတွက် အငြိုး တေးခဲ့သည်။ ကိုဝင်းသူ ရာထူးတိုးကာမငြိမ်သက် သည့် နယ်စပ်ဒေသသို့ပြောင်းရွှေ့ရပြီး သောင်း ကျန်းသူများလက်ထဲ မိုးမှောင်ကျခဲ့ရချိန်တွင် ရိုးရာကိုထိပါးမည့် သရုပ်ပျက်အငြိမ့်ကို တည် ထောင်ရန်ကြိုးစားသည်။ သူ့ဝါဒကတော့ "ရောဝတီမြစ်ရေအလျဉ်ကို ဝါးရွက်မျှင်မျှင်နှင့် တားလို့မရ" ဟူ၏။ "ရိုးရာတွေ အမျိုးပါပြောသွား စေရမယ်" ဟု ရင့်ရင့်သီးသီး ကြုံးဝါးသည်။ သူ တစ်ပါးဘဝတွင်းသို့ အကောက်ဉာဏ်ဖြင့် ဝင် ရောက်ခလောက်ဆန်ခဲ့သည်။ သို့သော် သူ သည် နောင်တရကာ ဇာတ်ပေါင်းချိန်တွင် ဝန်ချ တောင်းပန်ခဲ့ရသည်။ ဇာတ်လမ်းက ယင်းသို့ဖြစ် ၏။

ဤဇာတ်လမ်းသည် အဆုံးတွင် အမှန်တရား ကို လမ်းညွှန်ပြီး ပတ္တမြားမှန်ကန့်မနစ်ကြောင်းပြ သသည်။ အစဉ်အလာကောင်းများဖြင့် ဆင်း သက်လာသည့်မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေကို ထိန်းသိမ်းစောင့်ရှောက် သင့်သည့် အဓိကဦး တည်ချက်ကို ထင်းထင်းပြက်ပြက်ပြသနိုင်သည့် ပြဇာတ်ဖြစ်သည်။ လူငယ်ကလေးတွေပေမယ့် တကယ့်သမ္ဘာပါပါဟန်ဖြင့် ဣာန်ကရိုဏ်းကျကျ ပြောဆိုကပြနိုင်သည့် အနုပညာအစွမ်းသည် ကျွန်မ ရင်ထဲမှာ ငြိကျန်ရစ်သည်။ ဤဇာတ်လမ်းကို တင် ဆက်ကပြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဖန်တီးသူနှင့် ကပြသူများ ဖြစ်သည့် ဆရာဆရာမနှင့် ကျောင်းသူကျောင်း သားများ၏ ရင်တွင်းကို ထိုးဖောက်ကာသိလိုလာ တာကြောင့် ဇာတ်ခုံနောက်မှာမေးမြန်းဖြစ်ခဲ့ သည်များကို ရတီပရိသတ်များအတွက် ဖော်ပြ လိုက်ပါသည်။

Asian Fame Media Group



## မိရာမိုရ်

**ဒီပြဇာတ်ရဲ့ဂီတမှူးဖြစ်တဲ့ ကိုမိရာမိုရ်ဟာ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်ကနေဘွဲ့ရထားသလို လက်ရှိလည်း တွဲဖက်ပါမောက္ခအနေနဲ့ တာဝန်ထမ်းဆောင်နေတာဆိုတော့ နိုင်ငံခြား အနုပညာတွေဂီတတွေ လွှမ်းမိုးစီးဆင်းလာမှုအပေါ် လက်ခံရမယ့် အနေအထားတားဆီးရမယ့် အနေအထားတွေကို ဘယ်လိုသုံးသပ်ပါသလဲ။**

အဲဒါအားလုံးရဲ့အဖြေကတော့ music education လို့ပြောရမှာပေါ့နော်။ အဓိက ဒီအသိပညာ အများကြီးရှိလာဖို့ လူတော်တော်များများမှာ လိုအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ဂီတဟာ ဘယ်လောက် အဆင့်အတန်း မြင့်တယ်ဆိုတာကို သူတို့သိလာရင် တစ်ဖက်က အနောက်တိုင်း ဂီတတွေလည်း သူ့အဆင့်အတန်းနဲ့ သူရှိတယ်ဆိုတဲ့ balance လုပ်သွားလိမ့်မယ်။ ထိုးဖောက်လာတာကိုတော့ ကျွန်တော်တို့က ဘယ်လိုမှတားဆီးလို့မရဘူး။ ကိုယ်တိုင်ရှိတဲ့ အသိစိတ်နဲ့ ကိုယ်တိုင်ဆုံးဖြတ်တာအကောင်းဆုံးပါပဲ။ အမှန်အားဖြင့်တော့ ကိုယ်ကြိုက်တာ ဘယ်လိုဂီတမျိုးပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ပိုင်ဂီတကိုတော့ ကိုယ်တန်ဖိုးထားဖို့တော့ သင့်တာပေါ့လေ။ ဒီစိတ်လေးတွေကိုယ်တိုင်မှာလည်းရှိလာပြီးနောက် music နဲ့ပတ်သက်တဲ့ ဗဟုသုတတွေ၊ အသိတွေ ရှိလာရင်တော့ ဒီပြဿနာက အခက်အခဲမရှိဘူးလို့ ထင်ပါတယ်။

**အနောက်တိုင်းတူရိယာတွေနဲ့ယဉ်ပါးနေတဲ့လူငယ်တွေကြားထဲမှာ မြန်မာ့တူရိယာတွေကို သိလာအောင် ဖော်ဆောင်ဖို့ကိုရော လုပ်ဆောင်ရမယ်လို့ ထင်ပါသလား။**

ဒီအနောက်တိုင်းတူရိယာကိုလူငယ်တွေပိုစိတ်ဝင်စားတယ် ဆိုတာက ကျွန်တော်လည်း လူငယ်က အဲဒီလိုပဲဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းမြစ်မြစ်လေ့လာလိုက်တော့ မြန်မာ့တူရိယာရဲ့ တန်ဖိုး ကိုသိလာတယ်၊ ဆိုတော့ ပြန်ဆက်လိုက်တော့ခုနပြောတဲ့ ဒီတန်ဖိုးနေရာပဲရောက်သွားတာပေါ့။ အနောက်တိုင်း တူရိယာကိုစိတ်ဝင်စားတယ်ဆိုတာ ဘယ်လိုပြောရမလဲ အဲဒါက လူတွေနဲ့ပိုပြီး နီးစပ်နေတာပေါ့။ ဒါကိုပိုပြီး ခေတ်ဆန် ခေတ်မီနေတယ်လို့ ထင်ကြတာပေါ့၊ ဒီဘက်မြန်မာ့ဂီတက ခက်လည်းခက်တယ်။ အလွယ်တကူ နဲ့မရဘူး၊ မတတ်လွယ်ဘူး။ နောက် ရသကလည်း အရမ်းနူးညံ့သိမ်မွေ့တဲ့ ရသပါပဲ။ ဒီတော့ သူတို့လိုချင်တဲ့ ရသမျိုးမဟုတ်ဘူး။ ဒီသဘောပါပဲ။ အဲဒီတော့ ပိုပြီးအားကြီးသလိုဖြစ်ပြီးတော့ ဒီဘက်က အားနည်းနေတာပေါ့။ နောက် သူတို့ဂီတက သူ့အတိုင်းအတာနဲ့ သူခက်ခဲမှာဖြစ်ပေမယ့် မြန်မာ့ဂီတကကျတော့ တော်တော်နဲ့ နားမလည်နိုင်ဘူးဆိုတော့ ပိုခက်နေတယ်ပြောရမှာပေါ့၊ ဒီတော့ မြန်မာ့ဂီတနဲ့ ယဉ်ပါးလာဖို့ နားလည်လာဖို့ အတော် ကြိုးစားရမှာဖြစ်ပြီး ဒီလိုနားလည် သဘောပေါက်လာရင် ယဉ်ပါးလာချိန်မှာတော့ အားလုံး အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ ဒါပေမဲ့ဒါကိုတော်တော်ကြိုးစားရမှာပါ။ တော်တော်လည်း ခက်ဦးမှာပါ။



## စလေရွှေကြည်

**ပြဇာတ်ဒါရိုက်တာတစ်ယောက်အနေနဲ့ ပန်းချီ၊ ဂီတ စတဲ့အနုပညာပုံသဏ္ဌာန်မျိုးစုံပေါင်း စပ်ပါဝင်နေတဲ့ ပြဇာတ်ဖန်တီးမှုအနုပညာကို ခေတ်နဲ့အညီ ပြောင်းလဲတိုးတက်လာအောင် ဘယ်လိုပြုလုပ်သင့်တယ် လို့ထင်ပါသလဲ။**

ဒီနေ့ကပြမယ့် ပြဇာတ်နာမည်ကိုက 'မွေခံထိုက်စေ ရိုးရာအမွေ' ဆိုတဲ့အမည်ပါ။ ဒီခေါင်းစီးကိုက အဓိပ္ပာယ် ရှိပါတယ်။ ဒီခေါင်းစဉ်မှာကိုယ်ဒို့က ကိုယ့်ယဉ်ကျေးမှုကိုတန်ဖိုးထားတတ်အောင်၊ လေးစားတတ်အောင်၊ ရိုးရာကို မပျောက်အောင် ဆိုတဲ့ ဦးတည်ချက်ကလေးပါပါတယ်။ ဒီနေ့ခေတ်ကလေးတွေကို မိသားစုအတွင်းမှာတောင်မှ အမွေဆိုတာ စံသင့် မှစ်စားရတာ၊ ဒီ့ထက်ပိုလေးနက်အောင် နိုင်ငံနဲ့ယှဉ်ပြီးပြောရင်အနာဂတ်မှာ ခေါင်းဆောင်ဖြစ်မယ့် သူတို့ကို အသိစိတ်ဓာတ်ကလေးတွေရှိအောင်ဆိုတဲ့ဦးတည်ချက်နဲ့လုပ်ထားတာဖြစ်လို့ပါ။ အသိစိတ်ဓာတ်ကိုယ်ခံအားလေးတွေ ကောင်းအောင်ရည်ရွယ်ထားတာပါ။ ဒါကြောင့်ထိန်းသိမ်းမှုကို ဦးတည်တယ်လို့ပဲ ပြောချင်ပါတယ်။

Asian Fame Media Group



တွဲဖက်ဒါရိုက်တာပျဉ်းမနားမြင့်လှိုင်



ဇာတ်ညွှန်းဆရာထက်ဦးလင်း
(ပါမောက္ခချုပ် ဦးကျော်ဦး)

**ခေတ်ရေစီးကြောင်းအရ ရိုးရာယဉ်ကျေးမှု အမွေဆက်ခံနိုင်မှုနည်းပါးလာတဲ့ ခေတ်လူငယ်တွေကို ကိုယ့်ရိုးရာအနုပညာမှာစိတ်ဝင်စားမှုရှိလာအောင် ဘယ်လိုဆွဲဆောင်ရမလဲ။**

ဒီနေ့ခေတ်လူငယ်တွေက အခုချိန်မှာတိုင်းတစ်ပါးယဉ်ကျေးမှုကိုသိပ်သဘောကျ အထင်ကြီးနေတဲ့အချိန် ဖြစ်တယ်။ အဲဒီတော့ သူတို့ကိုယ့်အမျိုးသားယဉ်ကျေးမှုကို စွဲမက်လာအောင် အထင်ကြီးလာအောင်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးလာအောင် ပြဇာတ်တွေ၊ ကဇာတ်တွေမှာ နိုင်ငံတကာအဆင့် မီသလိုပဲ အရိုးကိုအရွက် မဖုံးရအောင် ရိုးရာမပျောက်ဘဲခေတ်မီတိုးတက်တဲ့ ကိုယ့်ယဉ်ကျေးမှုဘောင်ထဲကနေ ဖန်တီးပြီးဆွဲဆောင်မယ်ဆိုရင် စိတ်ဝင်စားလာမှာပဲ။ ဒီလိုမဟုတ်ဘဲ ကိုယ့်ပြဇာတ်မှကိုယ့်ပြဇာတ်၊ ကိုယ့်ဂီတမှကိုယ့်ဂီတ ဆိုပြီး ဒီလိုတစ်သီးတခြား ခရီးသွားနေလို့ရှိရင် ဒီလူငယ်တွေနဲ့ကင်းကွာသွားမှာပဲ။ ဒီလိုမဟုတ်ဘဲ ပစ်ပယ်ထားမယ်ဆိုရင် သီးသန့်ဖြစ်သွားမယ်။ဂီတလောကမှာဆိုရင်လည်း သီးသန့် စတီရီယိုအဆိုတော် ၊ စတီရီယို ဂီတသမားရယ်လို့ ဖြစ်သွားတယ်။ မြန်မာသံကိုမိုးနိုးသမားလို့ဖြစ်သွားတယ်။ အမှန်က စကတည်းက အမျိုးသား ဆောင်အတွင်းကို တွဲပြီးခေါ် ဆောင်လာပေးရမယ်။ ဒီလိုမျိုး စည်းတိုင်း အပြင်ဘက်ရောက်အောင် ဖြစ်သွားရတာတွေက ပစ်ပယ်ထားလို့ပဲ။ ဒီတော့ ကိုယ့်ရိုးရာအကတွေ၊ ဂီတတွေကို မြတ်နိုးလာအောင်၊ ခံစားလာတတ်လာအောင် လုပ်ပေးဖို့ ကနေ့လက်ရှိအနုပညာရှင်ကြီးတွေမှာ တာဝန်ရှိတယ်။ သူတို့ ဘယ်လိုဟာမျိုးတွေကြိုက်သလဲ ဆိုတာတွေကို သိရမယ်။ သူတို့လည်းကြိုက်ပါစေ၊ ကိုယ်လည်း ကြိုက်နိုင် ရမယ်ဆိုတဲ့ အနုပညာတွေကို ဖန်တီးနိုင်ဖို့ကြိုးစားရမယ်။

**ဒီနေ့ခေတ်လူငယ်တွေကြားမှာ ရိုးရာယဉ်ကျေးမှုတွေ တိမ်ကောပပျောက်လာတာကို ဘယ်လိုကာကွယ် ထိန်းသိမ်းသင့်တယ်ဆိုတာကို အမျိုးသားယဉ်ကျေးမှုနဲ့အနုပညာတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ဖြစ်တဲ့ ဆရာတစ်ဦးအနေနဲ့ ဆွေးနွေးပေးပါဦး။**

လူငယ်ဆိုတာကတော့ ယိမ်းယိုင်လွယ်ပါတယ်။ ဖယောင်းလေးလိုပါပဲ။ အတုခိုးလွယ်တယ်။ ဒါအပြစ်မရှိပါဘူး။ ဒါကို ထိန်းကျောင်းပေးဖို့ လူကြီးတွေမှာ တာဝန်ရှိပါတယ်။ ဒီလိုနေထိုင်ပြုမူပြောဆိုဆက်ဆံတာကို သင့်တော် ၏ မသင့်တော် ၏ဆိုတာကို နားဝင်အောင်ပြောဆိုပြီး စည်းရုံးသိမ်းသွင်းသင့်ပါတယ်။ မြန်မာ့သင်္ကြန်မှာ ဆိုရင် မဏ္ဍပ်တွေမှာ ဆိုင်းဘုတ်ရေးထားတာသည် မြန်မာလိုတစ်လုံးမှမပါဘူး၊ ဝတ်ထားတာသည် မြန်မာနဲ့မတူဘူး။ ကတာသည် မြန်မာအကတစ်ခုမှမပါဘူးဆိုရင် ဒါကို satellite ကနေကြည့်နေရင် ဘယ်နိုင်ငံမှန်း မသိတဲ့ပွဲတော်ပါပဲလို့ ပြောရမလိုပါ။ ဒါလည်းပဲ အတုမြင်အတတ်သင်ပါ။ ဒါကို မြန်မာ့ယဉ်ကျေးမှုဘက်ကို ဆွဲယူသင့်ပါတယ်။

**လူငယ်တွေကြားမှာ စီးဝင်လွယ်တဲ့ အနောက်တိုင်းဂီတတွေက ပေါက်ကွဲပြင်းထန်တဲ့ ရသမျိုးကိုပေးချိန်မှာ နူးညံ့ သိမ်မွေ့တဲ့ရသကို ပေးတဲ့ မြန်မာ့ရိုးရာအနုပညာကို စိတ်ဝင်စားလာဖို့ ကိုရော ဘယ်လိုဆက်လက် ထိန်းသိမ်းရမှာပါလဲ။**

ဒါတွေလည်းရှိခဲ့ပါတယ်။ အရင်ကလည်း လမ်းသရဲသီချင်းတွေ ဆိုတယ်လို့ သတ်မှတ်ခံရသူတွေရယ်လို့ရှိခဲ့တယ်ဆိုပေမယ့် ဒါတွေကို ကြိုက်နှစ်သက်ကြတယ်၊ လူငယ်တွေသည် အကျင့်စာရိတ္တကောင်းတယ် . . ဖြစ်ပေါ်လာတဲ့ ဂီတအနုပညာကို မလွန်ဆန်နိုင်လို့ ကြိုက်ကြတယ်။ ဒါက အနုပညာခံစားတာက သက်သက်ပါ။ ကိုယ်ကျင့်တရားပျက်တာက သက်သက်ပါ။ ကိုယ်ကျင့်တရားတွေ၊ အကျင့်သီလတွေ၊ လူမှုဆက်ဆံရေးတွေ၊ မိဘအတွက်ကြိုးစားမှုတွေ ပျက်မယ်ဆိုရင်တော့ မကောင်းပါဘူး။ အနောက်ဂီတကို အလွန်အကျူး ခံစားတတ်တာဟာလည်းမကောင်းပါဘူး။ ဒါတွေကိုတော့ ရိုးရာယဉ်ကျေးမှုနဲ့ ပြန်ထိန်းရမှာပေါ့လေ။ ရိုးရာဂီတဆိုတာက နူးညံ့တယ်၊ သိမ်မွေ့တယ်လေ။ ဒီတော့ သူတို့ စိတ်ကလေးတွေဟာ အေးငြိမ်းမှုရရှိသွားတော့ တည်ငြိမ်မှုလေးတွေလည်း ရရှိနိုင်တယ်လို့တော့ ထင်ပါတယ်။

**ဇာတ်ညွှန်းဆရာတစ်ယောက် အနေနဲ့ပြဇာတ်ရဲ့ခေါင်းစဉ်မှာကိုက ဦးတည်ချက်တစ်ခုပါနေတာကို တွေ့ရတဲ့အတွက် ဒီလိုဇာတ်လမ်းတွေကိုရွေးချယ်တဲ့ပုံစံလေးသိပါရစေ။**

ဟုတ်ပါတယ်။ နဂိုတည်းက ခေါင်းစဉ်ရွေးပြီဆိုကတည်းကအကောင်းဆုံးတွေကိုရွေးချယ်ရပါတယ်။ တင်တဲ့အခါ မှာဌာနဝန်ကြီးကဆုံးဖြတ်ပြီးတော့မှ မန္တလေးဘက်က အမျိုးသားယဉ်ကျေးမှုနဲ့အနုပညာတက္ကသိုလ်၊ နောက် ရန်ကုန်အမျိုးသားယဉ်ကျေးမှုနဲ့အနုပညာတက္ကသိုလ်၊ နောက်အနုပညာဦးစီးဌာနတွေကနေ ခေါင်းစဉ်တွေစုပေါင်းပြီးတော့မှ ဘယ်ခေါင်းစဉ်သည် တိုင်းပြည်အတွက်အကျိုးရှိမလဲ လူငယ်တွေ အတွက် အကျိုး ဖြစ်ထွန်းမလဲ စတဲ့အချက်တွေကိုကြည့်ရပါတယ်။ ဥပမာအားဖြင့် အနည်းဆုံးတော့ မိဘနဲ့သားသမီး ကြားက မေတ္တာ၊ ဆရာနဲ့ ကျောင်းသားတွေကြားမှာရှိတဲ့ မေတ္တာ၊ လူ့ကျင့်ဝတ် လူ့တန်ဖိုးဒါတွေကို ဦးတည်ပြီးရွေးတာဖြစ်ပါတယ်။ အဓိကကတော့ နိုင်ငံ့ခွန်အားဖြစ်တဲ့ လူငယ်တွေမှာ စာရိတ္တ မယိမ်းယိုင်အောင်လို့၊ ဦးဆောင်နိုင်လာတဲ့လူငယ်တွေဖြစ်လာအောင်လို့ ဦးတည်ပြီး ခေါင်းစဉ်နဲ့ ဇာတ်လမ်းမျိုးကို ရွေးပါတယ်။

Asian Free Media Group

## ကိုလောဘ(ဝင်းသော်တာညွန့်)

**အငြိုင်ဇာတ်ဆောင်နေရာကနေ ဆန့်ကျင်သရုပ်ဆောင်ရမှုအတွက် အားထုတ်ရတာရယ် ခေတ် လူငယ်ဖြစ်ရက်နဲ့ ဒီတတ္တသိုလ်ကိုရွေးချယ်ဖြစ်ခဲ့တာရယ်ကိုပြောပြပါဦး။**

အမိကကတော့ အနုပညာမြောက်အောင် စိတ်နဲ့ သရုပ်ဆောင်ခဲ့တာပါ။ တိုင်းတစ်ပါး ယဉ်ကျေးမှုကို အထင်ကြီးနေတဲ့ character ဝင်အောင်လို့ စိတ်ကိုသွင်းထားပြီး သရုပ်ဆောင်ရတာပါ။ အမှန်ကတော့ ကျွန်တော် က အနုပညာကိုဝါသနာပါလို့ ဒီကျောင်းကိုတက်ခဲ့တာပါ။ ငယ်ငယ်ကတည်းက ကျောင်းကပွဲတွေဆို ကျွန်တော် ဝင်ပါဖြစ်ခဲ့တယ်၊ အနုပညာကိုလည်း ဝါသနာလည်းပါတယ်၊ ခေတ်မီတိုးတက်နေတဲ့ ခေတ်ထဲမှာအနုပညာကို ရိုးရာယဉ်ကျေးမှုလည်း မပျောက်အောင် ဖန်တီးမယ်ဆိုတဲ့စိတ်နဲ့ရွေးချယ်တက်ခဲ့တာပါ။ အနောက်တိုင်း ဂီတတွေက မြူးမြူးကြွကြွဖြစ်နေတော့ ကြိုက်တော့ကြိုက်တာပါပဲ။ နိုင်ငံခြားဂီတတွေက အရမ်းလွတ်လပ်တယ်လေ။ ဒါပေမဲ့ ရိုးရာယဉ်ကျေးမှုကိုလည်းဖျောက်ဖျက်လို့မရဘူးလေ၊နော်။ နိုင်ငံခြားဂီတကိုပဲ အရမ်းလိုက်စားရင်လည်း မြန်မာ့ဂီတဆိုတာကို ကမ္ဘာကမသိတော့ဘဲပျောက်ပျက်သွားနိုင်ပါတယ်။





## ကျောင်းဆရာလေး ကိုဝင်းသူ(လပြည့်)

**ဒီပြဇာတ်မှာ စံပြဇာတ်ဆောင်နေရာသရုပ်ဆောင်ရတဲ့အခါ တစ်ခုခုပြောချင်တဲ့ဦးတည်ချက်ကို ဘယ်လို ခံစားရသလဲ။**

ဒီဇာတ်ဆောင်ကနေပေးချင်တဲ့အမိက message ကတော့ရှိပါတယ်။ လူမျိုးတိုင်းမှာ ယဉ်ကျေးမှုရှိပါတယ်။ ကျွန်တော်က ဒီပြဇာတ်ထဲမှာ ရိုးရာအမွေ အနှစ်ကို မြတ်နိုးထိန်းသိမ်းတဲ့ ကျောင်းဆရာလေးတစ်ယောက်ပေါ့။ ဒီပြဇာတ်က ပေးတဲ့ message က ရိုးရာပျောက်ရင် လူမျိုးပျောက်မယ်ပေါ့။ ဒီတော့လူမျိုး မပျောက်ဖို့ ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းရမယ်ဆိုတာပါပဲ။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်မှမထိန်းသိမ်းရင် ဘယ်သူမှလာမထိန်းသိမ်းနိုင်ပါဘူး။ အမိကကတော့ ဒါပါပဲ။ ကျွန်တော်ကတော့အမှန်က ရုပ်ရှင်နဲ့ကျောင်းပြီးတာ။ အစ်ကိုကလည်း ဂီတနဲ့ကျောင်းပြီးတယ်။ အစ်မဝမ်းကွဲက သဘင်နဲ့ကျောင်းပြီးတယ်၊ ဒီမှာက ရိုးရာအနုပညာကို အခြေခံကျကျ သင်ပေးတယ်။ ကျောင်းမတက်ခင်က မေဘ်ဒယ် သင်တန်းတက်သေးတယ်။ ကျွန်တော် ကိုယ်တိုင်က အနုပညာကိုဝါသနာပါလို့ ဒီကျောင်းကိုတက်ဖြစ်ခဲ့တာပါ။



## မင်းသမီးသင်းသင်းရီ(ဂရိတ်ချမ်း)

**ပြဇာတ်ရဲ့အမိကဇာတ်ရုပ်နေရာကသရုပ်ဆောင်ရတဲ့အခါ ဘယ်လိုခံစားရသလဲ။**


ဒီဇာတ်ရုပ်က ကိုယ်နဲ့မဆိုင်တဲ့ ပုံစံလိုပဲ လူငယ်ခန်းကနေ လူကြီးအဖြစ်သရုပ်ဆောင်ရတာဆိုတော့ မလုပ်ဖူးပေမယ့် အနုပညာအလုပ်ကို လုပ်နေရရင် ပျော်ပါတယ်။ ကနေရရင်ကိုပျော်တာပါ။ နဂိုကလည်း အနုပညာကို စိတ်ဝင်စားမှုရှိပါတယ်။ အကအခုန်လည်းဝါသနာပါတယ်။ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ မြန်မာ့ရိုးရာ အခြေခံအကလေးတွေလည်းတတ်ထားရမယ်လို့လည်း တွေးမိပါတယ်။ မြန်မာမိန်းကလေးတွေအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းသင့်တယ်လို့ထင်ပါတယ်။

မြင့်သူဇာထွန်း

Asian Fame Media Group

# ဂျက်ကွမ်းခြံကုန်း

## ငါရယ်ငါတို့အိမ်မြောက်ဘက်က ကောင်တွေရယ်...နှင့် အခြားအခြားသော စာမျက်နှာများ



(တစ်)

ရုတ်တရက်။

မှန်ပါပေသည်။ ရုတ်တရက်ပင် ဖြစ်ပါချေသည်။ အကယ်တန္တသည့်ထက် ပို၍ပို၍လှပသော အကောင်းစား လန်းဗွိုတ်၌ Language ဖြင့်သာ မွန်းထုံရေးသားရမည် ဆိုပါက ကသုတ်ကရက်နှင့် ရုတ်တရက် ဟူ၍ပင်ဆိုရလောက်ပေသည်။

ဖြန်းခနဲ ဖြန်းခနဲ ဖြန်းခနဲ သုံးချက်ဆက် တိုက်ကျွန်ုပ်၏ ခနီထရံကိုလာရောက် ရိုက်ခတ် လိုက်သော အသံကြောင့် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည် အိပ်ပျော်ခြင်းမှ စဉ်းငယ်မျှ လန့်လာကာ မျက်လုံးအစုံကို ဖွင့်လျက်မှ. . .။

"ဘယ်သူလဲ"

"ကျွန်တော်ပါ ဆရာကြီး အညာမြေ တက္ကသိုလ်မောင်ရင်ကွဲ(ခေတ္တသင်္ကန်းကြီး)ပါဆရာ"

"အိမ်းလကွာ. . ညကြီးမင်းကြီး၊ ထပြီးထိုင်နေ၊ သပေါ့ဖျာတွေလည်း၊ ကြေမွတွန့်လိမ်၊ သိပ်စိတ်ညစ်တယ် ဖြစ်ရပြန်တယ် ဆိုစမ်းပါဦး ကိစ္စက"

ဤတွင် ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းသည် အိပ်ရာပေါ်၌ ငုတ်တုတ်ထထိုင်ပြီး ဖြစ်နေပြီကို အထူးထည့်သွင်းရေးသားလိုပါ၏။ အဘယ့်ကြောင့်နည်း၊ အညာမြေတက္ကသိုလ် မောင်ရင်ကွဲ (ခေတ္တသက်န်းကြီး) သည် မြန်မာစာပေ၌ အထုံဝါသနာ ကြီးမားလွန်းသော အညာတက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ဘဝအတွေ့အကြုံ ရှာလိုသည်ဟုဆိုကာ ဤမဟီပင်လယ်ကမ်းပါး သက်န်းကြီးရွာကလေး၌ ကျောင်းဆရာ လာလုပ်သော၊ ဘုတ်အုပ်ပေါင်းစုံကို အငမ်းမရ ဖတ်လေ့ရှိသော၊ လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်ကလေးများ၌ ကဗျာတို၊ စာတိုကလေးများကို ရံဖန်ရံခါရေးသော ကျွန်ုပ်၏ ရှားပါးမိတ်ဆွေ ဖြစ်နေသောကြောင့်ပင်။ သို့ကလို ထိုလိုများကြောင့် သူနှင့်ပတ်သက်လာသည်ဆိုလျှင် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းကြီးမှာ တစ်အောင့်ကလေးမှ မနှောင့်နှေးနိုင်ခဲ့ခြင်းပင်ဖြစ်ချေသည်။ ထားတော့။

သို့ဖြင့် ဂက်စ်မီးခြစ်နှင့် ဖယောင်းတိုင်တို့ကို ထိနမ်းသွားပြီးနောက် အလင်းသည် ကျွန်ုပ်၏ အိမ်ကလေးထဲသို့ ပထမ ရောက်ရှိလာ၏။ ထိုအလင်း၏ နောက်မှ ဝင်ရောက်လာသူမှာကား အများသိတော်မူပြီးသည့်အတိုင်း အညာမြေတက္ကသိုလ်မောင်ရင်ကွဲ (ခေတ္တသက်န်းကြီး)ပင် ဖြစ်ပေတော့သည်။

"ခရီးသွားဖို့ အသင့်ပြင်ပါ ဆရာကြီး"

ကျွန်ုပ်သည် ဘယ့်နှာတုန်း၊ ဘာကြောင့်တုန်း၊ ဘယ်ကိုတုန်း စသည့် အနက်အဓိပ္ပာယ်များ ပြွတ်သိပ်ပါဝင်သော မျက်လုံးအစုံဖြင့် သင်းကို ကြည့်ပစ်လိုက်၏။

"လုပ်ပါဆရာကြီး အချိန်မရလို့ပါ။ ခရီးဆောင်အိတ်ကို ပြင်ပါတော့"

ကျွန်ုပ်သည် ပါဠိဘာသာဖြင့် ဒုတိယမ္ပိ၊ အင်္ဂလိပ်ဘာသာဖြင့် Second Time ဆိုသလို သူ့ကို ကြည့်မိပြန်ချေ၏။

"စာပေနဲ့ပတ်သက်တဲ့ ခရီးပါ ဆရာကြီး၊ နောင်မှ ကျွန်တော် ရှင်းပြပါ့ရစေ"

ထိုအခိုက်မှာပင် ဘော်. . . ဘော်ဟူသည့် မော်တော်ဘုတ်ဟွန်းသံ အက်ကွဲကွဲသည် မြစ်ယံဘက်ဆီမှ ထွက်ပေါ် ၍လာလေရာ ကျွန်တော့်တစ်ကိုယ်လုံးသည် စက်ခလုတ်တစ်ခုကို နှိပ်လိုက်သည့်အလား လှုပ်ရှား၍ သွားလေသည်။ မျက်နှာသစ်၊ သွားတိုက်၊ အဝတ်လဲ၊ ခရီးဆောင်အိတ်ယူ။ ဆက်တိုက်ဆိုသလို လှုပ်ရှား၍ သွားလေတော့သည်။

(နှစ်)

လေသည် ချွေးမြစ်ပြင်ကို ဖြတ်၍ တိုက်လေ၏၊ တစ်ဖက်ကမ်းရွှေ့ရာဆီမှနေ၍ တဘုတ်ဘုတ်မောင်းနှင် ထွက်လာသော မော်တော်ဘုတ်သည် ဤမှာဘက်ကမ်းသို့ပင် နီးကမ်းလာခဲ့ပြီဖြစ်၏။ လရောင်မရှိသည့် ညမှောင်အတိဖြစ်သောကြောင့် ပင်လယ်ကို လှမ်းမမြင်ရသော်လည်းဘဲ လှိုင်းသံတဝေါဝေါကိုကား ကြားနေရပေသည်။ ရေစစ်ချိန်ဖြစ်၍ တပြန့်တပြောကြီး ကျယ်ဝန်းလှစွာသော သောင်ပြင်တစ်လျှောက်၌ ကျွန်ုပ်တို့ အပါအဝင် ခနီးသည်အပေါင်းတို့သည် မော်တော် ဆိုက်ကပ်နိုင်ရာ ရေစပ်သို့ရောက်အောင် လက်နှိပ်မီး တလက်လက်ဖြင့် သွားနေကြပေသည်။

ဤပင်လယ်ကမ်းခြေ ရွာကလေးများမှ လပွတ္တာတောမြို့ကလေးဆီသို့ရောက်ရှိနိုင်ရန်မှာကား ဤသဘောၤပိစိကလေးဖြင့် ညသန်းခေါင်သန်းလွဲထသွားရန် နည်းလမ်းတစ်လမ်းသာ ရှိပေသည်။ ဤအနီ မော်တော်ဘုတ်ကလေးဖြင့် ဘုတ်အုတ်များ၊ ရဲကိုကိုအခွေများ၊ နွတ်ခမ်းနီဘူးများ၊ အာဂျီနိုမိုတို အချိုမှုန့်များ၊ တားဆေးများ ပင်လယ်ကမ်းခြေသို့ ရောက်လာ၏။ ပင်လယ်ကမ်းခြေမှလည်း ငါးခြောက်၊ ငါးပိ၊ ငံပြာရည်ပုံးများနှင့်အတူ အညာမြေ တက္ကသိုလ်မောင်ရင်ကွဲ (ခေတ္တသက်န်းကြီး)၏ ကဗျာများပြန်ပါသွားတတ်၏၊ ဟော. . . ခုတော့ဖြင့်

> ထနောင်းရိပ် မဂ္ဂဇင်းတွင်
> ပါချင်လွန်းရာ၍ လေးရက်တိုင်တိုင်
> အပြေးတစ်ရက်ဖြင့်
> ချွေးထွက်သည်ကို
> ဂရုမထားအားခဲ၍ လာခဲ့သော
> မောင်ရင်ကွဲသည် ထနောင်းသုံးပင်
> ရွာသားစစ် စစ် ကောန်ဖြစ်ပါလျက်
> လောလောဆယ် သက်န်းကြီးသို့
> ရောက်နေခဲ့သည့်ပြစ်မှုဖြင့်
> ကဗျာအပယ်ခံရကြောင်း
> ကြားရလေသောအခါ နံ့ပေါ်မှ
> ထိုးဆိုက်ပြီး
> မှုခိုက်လဲကျသွားလေသည်။

ကျွန်ုပ်ပါ မနေသာဘဲ လိုက်ပါလာခဲ့ရပြီ။

"မင်းခရီးက လပွတ္တာအထိပဲမို့လား"

"မဟုတ်ပါ"

"ဒါဖြင့်"

"ခရီးရှည်ပါတယ် ဆရာကြီး"

"နို . . . ကိစ္စက"

စာပေကိစ္စ အရေးကြီးသွားလို့ပါ"

I am ကျွန်ုပ်သည်ကား Silence တိတ်ဆိတ်၍သာ မော်တော်ဘုတ်ပေါ်သို့ တက်ခဲ့ရပေတော့သည်။

(သုံး)

ကျွန်ုပ်နှင့်အညာမြေ တက္ကသိုလ်မောင်ရင်ကွဲ(ခေတ္တသက်န်းကြီး)တို့ လပွတ္တာမြို့ကလေးသို့ ခြေချမိသော အချိန်သည်ကား နံနက် ၉ နာရီခွဲခန့်ရှိချေပြီ။ ဝေသန္တရာနှင့် ဝိဓူရတို့သည်ကား ကျွန်ုပ်တို့ကို မစောင့်ဘဲ ထွက်ခွာသွားခဲ့ချေပြီ။ (ဝေသန္တရာ၊ ဝိဓူရစသည်တို့မှာ လပွတ္တာရန်ကုန်သွား သင်္ဘောကြီးများ၏ အမည်ဖြစ်သည်) ကျွန်ုပ်သည် အနီးမောင်ရင်ကွဲအား ပလို့လုပ်တဲ့နည်း ဟူသည့်အဓိပ္ပာယ်ပါသည့် မျက်လုံးဖြင့်ကြည့်လိုက်ရာ. . .။

"ပွဲထောင်ငှားပြီးလိုက်မယ် ဆရာကြီး။ တစ်နေရာရာမှာတော့ မိမှာပဲ"

မှန်ပါသည်၊ လပွတ္တာမှ စထွက်လာသော သင်္ဘောကြီးများသည် ကကရံ၌ နှစ်နာရီခန့်၊ ကံဘဲ့၌နှစ်နာရီခန့်၊ ဘီတွတ်၌ နှစ်နာရီခန့်ကုန်တင်ကြဦးမည်ဖြစ်ရာ ပွဲထောင်စက်လှေငှားပြီး လိုက်က ဆိပ်ကမ်းတစ်ခုခုတွင် မိမည်သာလျှင်ဖြစ်၏။ သို့သော် သို့သော်ပေါ့. . .။ စက်လှေခ ၂၀၀၀ ကျပ်ခန့်ဖြုန်းဖို့ ဆိုသည်မှာကား ကျောင်းဆရာတစ်ယောက်အဖို့ များလွန်းလှသည်ဟု ကျွန်ုပ်တွက်ထုတ်မိသည်မှာကား အမှန်ပင်ဖြစ်၏။ သို့သော် အဘယ်မျှလောက် အရေးကြီးသောကိစ္စကြောင့် အနီးမောင်ရင်ကွဲ ဤ၍ဤမျှ ဗျာများနေသည်ကိုကား ကျွန်ုပ် မရိပ်စားမိရိုးအမှန်ပင်။

ထားလေတော့။ သို့ဖြင့် အဖြစ်သနစ်များကို အနှစ်ချုပ်ရသည်ရှိသော် ပွဲထောင်စက်လှေငှားကာ ကျွန်ုပ်တို့ နှစ်ဦးသားသည် ဝေသန္တရာ (သို့မဟုတ်) ဝိဓူရ ရှိရာသို့ လိုက်ပါ ဖြစ်ခဲ့ကြလေသည်။ အညာမြေတက္ကသိုလ်မောင် ရင်ကွဲ(ခေတ္တသက်န်းကြီး) ကား စက်လှေဦးဖျားတွင် နတ်သျှင်နောင်ထိုင်ထိုင်ကာ မြစ်ရေပြင်ကို လဒ(လင်းတ) ငေးငေးရီလျက်။

(လေး)

ကံကောင်းထောက်မစွာပင် ဘီတွတ်ကျေးရွာ၌ ဝေသန္တရာကို မိပါသည်။ ဝိဓူရမဟုတ်ပါချေတော့။ မောင်ရင်ကွဲကား သင်္ဘောခရီးစဉ် တစ်လျှောက်လုံး၌ စာမူများကို ရေးကာပြင်ကာ ဖိုင်တွဲကာဖြင့် အလုပ်များလျက်ရှိလေရာ ကျွန်ုပ်မှာ သူ့အနားယူသည့်အချိန်ကလေးကို စောင့်ပြီးမှ စကားစမြည် ပြောရသောဘဝဖြစ်လေသည်။

"ရန်ကုန်ဆိုရင် ကိစ္စပြတ်ပြီလား"

"နိုး. . . နိုး. . . ဆရာကြီး၊ ကျွန်တော်တို့

Asian Fame Media Group

အညာအထိ ဆက်တက်ကြရမှာပါ။

အရေးကြီးသော စာမူတစ်ခုကိုစွ ငွေဘယ်လောက်ကုန်ကုန် ဂရုမစိုက်ပါဘူး"

ဆရာကြီး ရွှေဥဒေါင်း၏ လေ (Tone) နှင့် ပြောရသည်ရှိလေသော် မယုံကြည်နိုင်လောက်အောင် အံ့ဩစဖွယ်ကောင်းသော အညာမြေ တက္ကသိုလ်မောင်ရင်ကွဲ(ခေတ္တသက်နင်းကြီး) ပေတကား။

(ငါး)

စာကိုချုံ့ပါအုံး။

ကျွန်ုပ်တို့သည် ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်၊ မန္တလေးမှမတ္တရာသို့ကားဖြင့်၊ မတ္တရာမှ ထနောင်းသုံးပင်ကျေးရွာသို့ နွားလှည်းဖြင့် ခက်ခဲပင်ပန်းကြမ်းတမ်း နွမ်းဟိုက်မူးမိုက်ရီဝေ ပေလုံးနံစော် ခရီးဆက်ခဲ့ပြီးသော် ထနောင်းသုံးပင်ရွာ လယ်ကောင်မှ ဆရာကြီးဆိုသူ၏ အိမ်သို့ရောက် ရှိခဲ့လေသည်။ ခန့်ထည်သည့် စားပွဲဝိုင်းကြီးကို ဝန်းရံလျက်က ဆရာကြီးနှင့်အတူ လူငယ် (၃-၄) ဦး ရှိနေကြောင်း ကျွန်ုပ်သတိပြုမိချေ၏။ မောင်ရင်ကွဲက ခရီးရောက် မဆိုက် ဆိုသလိုပင် နှုတ်ဆက် စကားနှင့်အတူ ကဗျာစာမူ တစ်ပုဒ်ကို ထုတ်ပေးလိုက်လေသည်။ ကဗျာတစ်ပုဒ်အတွက် ဤမျှအထိ ဒုက္ခခံကာ ပင်လယ်ဘေးမှ တောင်ခြေအထိ အရောက်လာသော မောင်ရင်ကွဲ၏ စာပေချစ်စိတ်ကား အထွတ်အထိပ်သို့ပင် ဖြစ်ချေသည် တစ်မံ့။



ဆရာကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၊ နဖူးကြောကြီးများ တင်းသွားလိုက်၊ ဆေးလိပ်ဖွာလိုက်ဖြင့် ကဗျာကို အတော်ကြာကြာ ခံစားနေရာမှ . . .

"အင်း . . . ကောင်းလိုက်တဲ့ ကဗျာပါပဲ။ ဆားနံ့သင်းသော ငြင်းဆိုချက်များတဲ့ လှပတယ်ဗျာ ထားပါတော့။ ကဗျာတွေ ဘာတွေက အရေးမကြီးပါဘူး၊ အရေးကြီးတာလေးတွေ မေးကြဖြေကြရအောင်"

ကျွန်ုပ်သည် ရုတ်တရက် အံ့ဩသွား၏။ အနုပညာလက်ရာက အရေးမကြီးဘူး ဆိုပါလား။ ဒါဆို ဘာကအရေးကြီးသနည်း။ ထိုအမေးအဖြေများကို အကျွန်ုပ် စိတ်ဝင်စားမိ၏။

"အမည်ရင်း"

"ထွင်းထွင်း" (ထွန်းထွန်းကို ဆိုလိုသည်)

"ကလောင်အမည်"

"အညာမြေ တက္ကသိုလ်မောင်ရင်ကွဲ(ခေတ္တသက်နင်းကြီးပါ"

"အဖအမည်"

"ဦးလွန်" (ဦးလွင်ကို ဆိုလိုသည်)

"မွေးဌာနီ"

"ဒီ ထနောင်းသုံးပင်ရွာပါ ဆရာကြီး"

"ယခုနေရပ်"

"သက်နင်းကြီး ကျေးရွာပါ"

"ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်အပိုင်"

"တော်. . ."

ဤသည်ကား ဝက်ဝက်ကွဲအော်ဟစ်လိုက်သည့် ဆရာကြီး၏တော်ပေတည်း။ ဆရာကြီး၏ မျက်နှာသည် ရုတ်တရက်မည်းသွား၏။ သူ၏ အပါးမှ ဝန်းရံခစားနေသော လူရှယ်သုံးဦးကလည်း မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်လာ၏။ ဆရာကြီးသည် ခေါင်းကို ၁ မိနစ်နှင့် ၃ စက္ကန့်ခွဲတိုင်တိုင် ယမ်းခါနေရာမှ ဇတ်ခနဲ ရပ်လိုက်ပြီး အနီးမော င်ရင်ကွဲ၏ ကဗျာကို လုံးချေ ကာ လွှင့်ပစ်လိုက်၏။ စက္ကူလုံးသည် ထနောင်း ပင်ခြေရင်းမှ မြင်းချေးပုံတွင် သွားကပ်နေ၏။

"မင်းကဗျာကို . . . ပယ်တယ်၊ မသုံးဘူး။ တို့မဂ္ဂဇင်းတွေထဲမှာ အတန်တန်ရေးထားရက်သားနဲ့ မင်းမသိဘူးလားကွာ. . . ထနောင်းသုံးပင်ရွာမှာ မွေးရမယ်ထနောင်းသုံးပင်ကျောင်းက လေးတန်းအောင်ရမယ်၊ ထနောင်းသုံးပင်က ထန်းရည်ကလွဲရင် ဘယ်ထန်းရည်မှ မသောက်ရဘူး။ အခုထိ ထနောင်းသုံးပင်ရွာမှာ နေထိုင်ရမယ်။ စာမူပို့တဲ့ရက်ကနေတွက်ရင် ရှေ့ ၁ လ နောက် ၁ လရွာပြင်ကို မထွက်ဖူးသူဖြစ်ရမယ်။ ဒါမှ တို့ထနောင်းရိပ် မဂ္ဂဇင်းမှာ ဝင်ရေးနိုင်တယ် ဆိုတာလေ"

"ကျွန် . . . ကျွန်တော့်ကဗျာ မကောင်းလို့လား ဆ. . . ဆရာ"

"ကောင်းတာ၊ မကောင်းတာ ရွေးတာမှုတ်ဘူးကွ၊ ငဒို့ရွာသား ဟုတ်မဟုတ် ရွေးနေတာ။ တို့မဂ္ဂဇင်းမှုက ဂျက်လန်ဒန်လည်း ဆောရီးပဲ၊ ကာဖကာလည်း တာ့တာပဲ။ ဒေဂျေကမ္မိန်လည်း ဝမ်းနည်းပါတယ်ပဲ။ ကာဝါဘာတာလည်း ပြန်ပေတော့ပဲ၊ ငဒို့မှုက ငဒို့လူဖြစ်ရမယ်။ ဒါပဲ"

ထနောင်းရိပ် မဂ္ဂဇင်းတွင် ပါချင်လွန်း ရှာ၍ လေးရက်တိုင်တိုင် အပြေးတစ်ဝက်ဖြင့် ချွေးထွက်သည်ကို ဂရုမထားအားခဲ၍ လာခဲ့သော မောင်ရင်ကွဲသည် ထနောင်းသုံးပင် ရွာသားစစ်စစ် ဇကန်ဖြစ်ပါလျက် လောလောဆယ် သက်နင်းကြီးသို့ ရောက်နေခဲ့သည့် ပြစ်မှုဖြင့် ကဗျာအပယ်ခံရကြောင်း ကြားရလေသောအခါ ခုံပေါ်မှ ထိုးစိုက်ပြီး မူးမိုက်လဲကျသွားလေသည်။

ဆရာဇန်းမော်တင်အောင် စကားနှင့် ပြောကြားရသည်ရှိသော် . . .

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းကရော ဘာများတတ်နိုင်ပါဦးမည်နည်း။

မြန်မာစာပေလောကကရော ဘာများတတ်နိုင်ပါဦးမည်နည်း။ ကမ္ဘာစာပေလောကကရော ဘာများ တတ်နိုင်ပါဦးမည်နည်း။ Authors Wanted ဟုဆိုကာ ကမ္ဘာ့အရပ်ရပ်မှ စာရေးဆရာများကို အလိုရှိကြောင်း ဘယ်အရပ်မှ ဘာစာကို ရေးရေး ကောင်းလျှင် ထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာနေသည့် နယူးယောက်မြို့မှ vantage press ကရော ဘာများ တတ်နိုင်ပါဦးမည်နည်း။

ဆိုးပေစွ။

ရွှားပေစွ။

ဆိုးရွားပေစွပါတကား။ ။

**ဂျက်ကွမ်းခြံကုန်း**

Asian Fame Media Group

# Yati HOROSCOPE

ဒေါက်တာမြတ်သစ် (မန္တလေး)



## Capricorn
## မကာရရာသီ

(ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် ယခုကာလဖွဲ့ကြိုးကြိုး လုပ်ကိုင်ပါမှ အောင်မြင်ကံကောင်းလာစေတတ်ပေသည်။ သတ္တိကောင်းစွာဖြင့် ဆင်ခြင်တုံတရားနှင့် အလုပ်ကို လုပ်သင့်ပေသည်။ ပညာရေးအလေးအနက်ထား ကြိုးစားသင့်ပေသည်။ လုပ်ငန်းတွင်းအဖော်များနှင့်တစ်စတစ်စလမ်းခွဲထွက်ခြင်းကို ကြုံစေရတတ်သည်။ မိမိတိုး တက်ရာလမ်းကြောင်းအတွက် လစဉ်းလက်ရှိအလုပ်နေရာကို စွန့်ခွာရတတ်သည်။ ကလေးငယ်ကျန်းမာရေး ဂရုစိုက်သင့်ပေသည်။ အချစ်ရေးကံကောင်းခြင်းရှိလိမ့်မည် မဟုတ်ပေ။

## Aquarius
## ကုမ်ရာသီ



(ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြား မွေးဖွားသူများ)

သင့်အတွက် အတွေးအခေါ်ထိုးထွင်းသိမြင်မှုကောင်းသော်လည်း လုပ်ငန်းခံစားအကျိုးအမြတ်နည်းပါးပေသည်။ လွတ်လွတ် လပ်လပ်နေလိုသော်လည်း အခြေအနေမပေးသည်းခံ အောင့်အည်းနေရတတ်ပေသည်။ အဖွဲ့အစည်းများနှင့် ဆက်ဆံလုပ်ဆောင်ရမှုတို့ စိတ်ပျက်ရတတ်သလို အေးဆေးစွာ နေလိုစိတ် ဝင်လာလိမ့်မည်။ လုပ်ငန်းသစ်အတွက် သေချာ စဉ်းစားဆုံးဖြတ်သင့်သည်။ လေ့လုပ်ဖူးသော အလုပ်တို့ပေါ်လာ စေလိမ့်မည်။ သားသမီးပညာကောင်းမွန်၏။ ကိုယ်တိုင်ခရီးတို့၊ ရှည် ပြည်ပခရီးအဆင်ချောစေတတ်သည်။ ငွေကြေးဖောင်း တချို့ရှိလာတတ်ပေသည်။ အချစ်ရေးအဆင်ပြေစေမည်။ အိမ်ထောင်ဘက်ရောဂါများတတ်သည်။

**ယတြာ။ ။ဝှပ်း(၅)တုံးလှူပေးပါ။**



## Pisces
## မိန်ရာသီ

(ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက်လမ်းသစ်ထွင်ဖောက် ကြိုးစားမှုတို့ အောင်မြင် ကံကောင်းလာစေတတ်၏။ဝင်ငွေတိုးတက်ခြင်း ရှိလာနိုင်ပေသည်။ လုပ်ငန်းတွင်း အချင်းချင်း အကူအပေးသူ တွေ့စေတတ်ပေသည်။ ပညာရေး သင်တန်းကိစ္စများ တာဝန်ပီနေရတတ်သည်။ စာပေပညာပိုင်း ဂုဏ်တက်စေမည်။ ပြည်ပ ပညာရေးအကျိုးရှိစေလိမ့်မည်။ ဘုရားဖူးရင်း လိပ်ဥတူးရတတ်သည်။ မိဘတို့အား ယခုထက်ပိုမို၍ အကူအညီပေးနိုင်မည်။ အိမ်တွင်း မြေ၂ချောင်းဝင် ခြင်းမြင်သည်။ အိမ်ထောင်ဘက် ကိုယ်ဝန်အဆင်ပြေမည် ခွဲစိတ်မွေးဖွားရတတ်သည်။

**ယတြာ။ ။သံဃာကို လက်ဖက်ခြောက် လှူပါ။**

## Aries
## မိဿရာသီ



(မတ် ၂၀ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက်စိတ်ခါတ်နိုင်မာမှုမရှိဘဲ၊ စိတ်ဒေါသကြီးခြင်းကို မထိန်းနိုင်ဘဲဖြင့် စီးပွားရေးလောကထဲ၊ အများနှင့် သက်ဆိုင်သော လောကတွင်ဝင်ဆံ့၍မရနိုင်ပေ။ ယခုချိန်တွင် ဒေါသကြီးမှု ရလိုမှုလောဘကြီးခြင်း။ ဘေးအန္တရာယ်များကို မမြင်နိုင်ဖြစ်နေတတ်ပေသည်။ ပညာရေး ဖိဖိစီးစီး ကြိုးစားရမည့်အချိန် လုပ်ချင်ရာလုပ်၍ မရနိုင်ပါ။ ကားစီးသတိပြုပါ။ ပေါက်ကွဲတတ်သော လောင်စာများ စည်းကမ်းရှိစွာ ထားသင့်သည်။ ခိုက်မိမှုသွေးထွက် သံယိုမြင်ပေသည်။ မြေပြဿနာဖြေရှင်းမရနိုင်သေးပေ။ အချစ်ရေး အဆင်ပြေစေတတ်ပေသည်။

**ယတြာ။ ။ဝန္နမာအဖြူ(၅)ပွင့်လှူပါ။**

MEDIA GROUP
Asian Fame Media Group



## Taurus
## ပြိဿရာသီ

(ဧပြီ ၂၀ မှ မေ ၂၀ ကြား
မွေးဖွားသူများ)

သင့်အတွက် ယခုကာလသည် ရည်ရွယ်ချက် မျှော်လင့်ချက် မယ်မယ်ရရ မထားနိုင်ပေ။ မတည်ငြိမ်မှု၊ မရေရာမှုများဖြင့် အလုပ်လုပ်ရင်း လမ်းပျောက်နေတတ်ပေသည်၊ မခံချင်စိတ်ဖြင့် လုပ်ဆောင်တိုင်း ငွေအရင်းထိခိုက်ခြင်း ကြုံရတတ်ပေသည်။ အခြေအနေအချိန်အခါကို စောင့်ကြည့်ပြီး လုပ်သင့်ပေသည်။ ပညာရေးဖိစီးစွာ ကြိုးစားသင့်ပြီး တစ်ပိုင်းတစ်စတန်းလန်းဖြင့် အလုပ်ဝင်မလုပ်သင့်ပေ။ လက်ထဲဝယ်ယူပစ္စည်း ကြာကြာမထားသင့်ပါ။ မြန်မြန် ရောင်းထုတ်မှ သင့်အတွက်အကျိုးရှိစေနိုင်လိမ့်မည်၊ ပြည်ပအလည်ခရီးအကျိုးရှိစေပါမည်၊ အချစ်ရေး ကံမကောင်း၊ ဒုတိယ - တတိယလူနေရာ ရောက်နေ၍ ပိုပြီး ဒေါသဖြစ်ရတတ်သည်၊

**ယတြာ။ ။နှင်းဆီပါ (၇) ပွင့်လှူပါ။**



## Gemini
## မေထုန်ရာသီ

(မေ ၂၂ မှ ဇွန် ၂၀ ကြား
မွေးဖွားသူများ)

သင့်အတွက်လျှို့ဝှက်သောအလုပ်ကိစ္စတို့ တာဝန်ယူရတတ်၏။ ပြောဆိုညှိနှိုင်းမှုများ တစ်ဆင့်ပြီး တစ်ဆင့်အောင်မြင်စေမည်၊ သတိကြီးထားမျှော်မြင်လုပ်ဆောင်သော်လည်း အမှားအယွင်းတို့ရင်ဆိုင်ရတတ်သည်၊ ခရီး ယာယီ မရောက်ဖူးသော ဒေသသို့ သွားရတတ်ပေသည်၊ ပညာရေးကံကောင်းခြင်းရှိစေမည်၊ တွဲလွှန်၊ ကျမ်းပြု စာတမ်းရေးခြင်း များအဆင်ပြေမည်၊ ရောက်ရှိရာကျရာ နေရာမှ လုပ်ဆောင်ရနာမည်ရတတ်သည်၊ ကလေးငယ် ကျန်းမာရေး ဂရုစိုက်ပါ။ ကိုယ်တိုင်လည်း ကျန်းမာရေးညှဲလာစေလိမ့်မည်။ အချစ်ရေးစိတ်နှစ်ခွဖြင့် မရေမရာ ရင်ဆိုင်နေရတတ်ပေသည်၊ တစ်ပါးသူကိစ္စကြားဝင်ခြင်း အဆင်ချောမည်၊

**ယတြာ။ ။ဆန်ကုသိုလ်လှူပါ။**



## Cancer
## ကရကဋ်ရာသီ

(ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား
မွေးဖွားသူများ)

သင့်အတွက် အမြဲနေရာတကာ သဘောထားကြီးစိတ်ထားမြင့်မြတ်သူ အဖြစ် မြင်လာလိမ့်မည်၊ လုပ်ငန်းလက်တွဲဖော်ကောင်း အထူးရှားပါးလိမ့်မည်၊ လုပ်ငန်းတွင်း ထိခိုက်ဒဏ်ရာရတတ်သည်၊ လွှန်သောငွေအတွက် စိတ်ပူရတတ်သည်၊ အဆောက်အဦကောင်းဝင်မည်၊ ပညာရေး အခြေအနေကောင်းမွန်စေလိမ့်မည်၊ ရာထူးတိုးတာမပွဲ ထင်တိုင်းမပေါက်နိုင်ပေ၊ မိတ်ဆွေတို့အား လူမှုရေးအကူအညီများစွာပေးရတတ်ပေသည်၊ အမွေပြဿနာ ဖြစ်ပေါ်မှု ရှင်းလင်းနိုင်မည်၊ သားသမီးအတွက် စိတ်ပူက်စရာကြုံလာတတ်သည်၊ အချစ်ရေး အဆင်ပြေလှသည် မဟုတ်ပေ၊ အိမ်ထောင်ဘက်အပေါ် မကျေနပ်မှု များလာစေတတ်ပေသည်၊

**ယတြာ။ ။အနီရောင် ပန်း (၅) ပွင့်လှူပါ။**



## Leo
## သိဟ်ရာသီ

(ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား
မွေးဖွားသူများ)

သင့်အတွက် မျှော်လင့်ချက်ဖြင့် ရှင်သန်နေဆဲ ဖြစ်ပေသည်၊ ကိုယ်ပိုင် စီးပွားရေးလုပ်ဆောင်ပါက သင့်အတွက် အဆင်ပြေလိမ့်မည်၊ လက်ရှိလုပ်ဆောင်သမျှ အလုပ်တို့မှာ ပြဿနာအရပ်ရပ်ဖြင့် ရင်ဆိုင်ကြုံတွေ့ရဆဲ ဖြစ်ပေ သည်၊ ဝေးကွာသောခရီးနေရာသွား မြန်မြန်ထွက်ခွာလိုသော်လည်း အခြေအနေမပေးဖြစ်နေတတ်ပေသည်၊ ရိုးသားစွာရောင်းဝယ်သွားလာသင့်ချိန်ဖြစ်ပေသည်၊ စစ်ဆေးမေးမြန်းခြင်းခံရတတ်ပေသည်၊ လောကီရေးရာ အဖြာဖြာကို ကောင်းစွာစွမ်းဆောင်နိုင်သော အခြေအနေတစ်ခုပင် ဖြစ်ပေသည်၊ ပညာရေး အဆင်ပြေပါ လိမ့်မည်၊ အချစ်ရေးပျော်ရွှင်မြူးရတတ်သည်၊ ဖခင်နှင့် ပတ်သက်၍ အပူသောက ရောက်ရတတ်ပေသည်၊ ကိုယ်တိုင်ကျန်းမာရေးဂရုပြုသင့်ပေသည်၊

Asian Fame Media Group
MEDIA GROUP



## Virgo
## ကန်ရာသီ

(ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြား မွေးဖွားသူများ)

ထူးထူးခြားခြား နေထိုင်ဝတ်စား၍ ပတ်ဝန်းကျင်
အပေါင်းအသင်းစသည်တို့ အံ့သြစေလိမ့်မည်။
ဉာဏ်ထက်မြက်၍ ပညာရေးအခြေအနေ ကောင်းမွန်ပေမည်၊
တစ်ပါးသူ ကိစ္စများကို တာဝန်ခံ လုပ်ဆောင်ပေးရတတ်ပေသည်၊
အိမ်မိသားစုကို ခေါင်းမာမာဖြင့် ပြန်ပြောမိတတ်၏။
မြှုပ်နှံသောငွေတို့ တစ်စတစ်စပေါ်မည်၊ ငွေပေးငွေယူလည်း
ပတ်မှုရှိလာတတ်သည်။ အသစ်အသစ်များနှင့် အဆင်ပြေမည်၊
အဟောင်းများ မိမိအပေါ်အမြင်မကြည်ပါ။
အမိဋ္ဌာန်ဝင်သော ကိစ္စအောင်မြင်မည်၊ ပြည်ပခရီးသွားရန်
အခြေအနေ အခွင့်ကောင်းကို ရရှိစေတတ်ပေသည်၊
ဝေယ်ရှယ်သော ပြုံးအလှအရှယ်ကိုမှ စိတ်ဝင်စားမိတတ်သည်၊
**ယတြာ။ ။စာအုပ်ကုသိုလ်ပြုပါ။**



## Libra
## တူရာသီ

(စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

မိမိတိုးတက်ရာ တိုးတက်ကြောင်း အခြေအနေကောင်း
ရရှိလာ၏။ မိတ်ဆွေတို့ ဆေးရုံကိစ္စကူညီမှု စိတ်မောဖွယ်
ကြုံတတ်သည်။ စဉ်းစားဉာဏ်ကောင်းခြင်းကြောင့်
အလုပ်နေရာကောင်းရရှိလာတတ်သည်၊
ပညာရေးထူးချွန်မည်၊ အနုပညာ၊ အတတ်ပညာပိုင်း
အထူးအောင်မြင်သော ကာလဖြစ်သည်။ အိမ်ဖေ၊
အလုပ်သမားများ၊ ခဏခဏပြောင်းလဲမှုကြုံ၏။
အလိုဆန္ဒကြီးမားမှုကြောင့် အလုပ်သစ်များ
ဝင်ငွေကောင်းများကို ပို၍ စိတ်ဝင်စားမိတတ်၏။
အချစ်ရေးကြာကြာမတွဲသင့်ပေ။ ငွေအကုန်များသော
အလုပ်တို့ကို လုပ်ဆောင်မိတတ်ပေသည်၊
**ယတြာ။ ။လိမ္မော်သီး (၅) လုံးလှူပါ။**



## Scoprio
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ဆုံးဖြတ်ချက်ခိုင်မာမှုကြောင့်
လုပ်ငန်းတွင်း အတင်းအကြပ်စေခိုင်းခံရသော်လည်း
များစွာပင် အဆင်ပြေရင်ဆိုင်နိုင်ပေမည်၊
ပညာရေးအတွက် ဆက်လက်၍အောင့်အည်းမျိုသိပ်၍
ဆက် ကြိုးစားသင့်ပေသည်။ မှားထားသော
အမှားတစ်ခုအတွက် ငွေရိုက်ထုတ်လျော်ရတတ်သည်။
ပင်လယ်ခရီး သတိပြုသင့်ပေသည်။
ဟန်စက်ပစ္စည်းအသစ်ဝင်မည်၊
ရွှာကျယ်ရွှာကျယ် လုပ်တတ်သူကိုမှ
စိတ်ဝင်စားချင်မိ တွဲမိတတ်ပေသည်။
**ယတြာ။ ။ဝန္ဒာပန်းအဖြူ လှူပါ။**




## Sagittarius
## ဓနုရာသီ

(နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် စဉ်းစားဉာဏ်တီထွင်အားတို့ကြောင့်
လူသိများကျော်ကြားမှု ရှိလာတတ်ပေသည်၊
စီးပွားရေးစွန့်စားမှု အောင်မြင်ကံကောင်းလာတတ်ပေသည်၊
တစ်ပါးသူကိုငွေအားလူအား ကူညီထားသော အကျိုးကို
ခံစားရတတ်သည်။ အကျိုးဆောင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊
စားသောက်ကုန်၊ စားပွဲရုံလုပ်ငန်းတို့ အဆင်ပြေ
အကျိုးအမြတ်များစေသော အချိန်ကာလတစ်ခုပင်
ဖြစ်ပေလိမ့်မည်၊ ပညာရေးထူးချွန်စေတတ်သည်၊
ဆရာသမားကောင်းတွေ့မည်။ အချစ်သစ်ကို
လက်ထပ်ရန် စိတ်ကူးမိတတ်ပေသည်၊
အိမ်ထောင်ဘက်ကို ခါးခါးသီးသီး မုန်းတီးမိတတ်သည်၊

ဒေါက်တာမြတ်သစ် (မန္တလေး)၊ ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group



# အိပ်မက်ရဲ့ပွဲကိုင်ရှင်များ

■ Mystery Snow ■

"မင်း အပတ်တကုတ် ကြိုးစားရမယ်. . . မင်း တောင်းဆိုရလိမ့်မယ်" လို့ ဆိုခဲ့သူကတော့ ကမ္ဘာကျော်မျက်မမြင် အော်ပရာအဆိုတော် တစ်ဦးဖြစ်တဲ့ အန်ဒရီယာဘိုဆဲလီပဲဖြစ်ပါတယ်။


"မင်းရဲ့အိပ်မက်တွေကို ဦးဆောင်သူဖြစ်ပါစေ" လို့ ဆိုခဲ့သူက အမေရိကန်တောင်ပိုင်းက လူမည်းကျွန်တွေကို တစ်ကိုယ်တော်ကယ်တင်ခဲ့သူ မျက်မမြင်အမေရိကန် သူရဲကောင်း အမျိုးသမီး တစ်ယောက်ဖြစ်တဲ့ ကျူဘ်မန်းပါ။

"မသန်မစွမ်းဖြစ်ခြင်းဟာ လူတစ်ယောက်ရဲ့ ဘဝကို ပြောင်းလဲသွားစေတာ မဟုတ်ဘူး။ ဘဝကို ချဉ်းကပ်လမ်းကြောင်း ပြောင်းလဲသွားတာသာ ဖြစ်တယ်" လို့ ဆိုလာသူက မျက်မမြင်ဓာတ်ပုံဆရာ ဂျော့ကော်ဗင်တန်ပါ။

မျက်မမြင်တွေရယ်လို့ ခေါ်းစဉ်တပ်ရပေမယ့် အချို့သော မျက်မမြင်တွေဟာ ကျွန်မတို့လို သာမန်လူတွေထက် ပိုလို့ထူးချွန်ထက်မြက်ကြတာကို တွေ့ရပါတယ်။ သူတို့ရဲ့အားနည်းချက်ကို စိန်ခေါ်မှုတစ်ရပ်အသွင်ပြောင်းပြီး မဆုတ်မနစ် ကြိုးစားခဲ့ကြလို့လည်း ကမ္ဘာကျော်မျက်မမြင် အဆိုတော်၊ ကမ္ဘာကျော်မျက်မမြင် ဂျာနယ်လစ်၊ ကမ္ဘာကျော် မျက်မမြင် ပန်းပုဆရာ ကမ္ဘာကျော် မျက်မမြင်ဓာတ်ပုံဆရာ၊ ကမ္ဘာကျော်မျက်မမြင် စာရေးဆရာ၊ ကမ္ဘာကျော်မျက်မမြင် အားကစား



Asian Family Media Group
afg MEDIA GROUP




သမားစသည်ဖြင့် နယ်ပယ်အသီးသီးမှာ အောင်မြင်ခဲ့ကြတာပါ။

ကမ္ဘာကျော်မျက်မမြင် စာရေးဆရာမ ဟယ်လင်ကေလာ ကစလို့ ကမ္ဘာကျော်မျက်မမြင် အိုလံပစ်အားကစားမယ် မာလာရန်းနယန်၊ မျက်မမြင် ဂီတအကျော်အမော်တွေနဲ့ မျက်မမြင် ကမ္ဘာကျော်တွေရဲ့ နောက်ကွယ်မှာ မျက်မမြင်လောကကို အလင်းပေးခဲ့သူတစ်ဦး အထင်ကရ ရှိခဲ့ဖူးပါတယ်။


မျက်မမြင်လောက အမှောင်မကျစေဖို့ မျက်မမြင်စာကို တီထွင်ခဲ့သူ လူးဝစ်ဘရီလ် (Louis Braille) ကိုတော့ ဇန်နဝါရီလ ၄ ရက် ၁၈၀၉ ခုနှစ် ပြင်သစ်နိုင်ငံမှာ မွေးဖွားခဲ့ပါတယ်။ သူဟာ သုံးနှစ်သားအရွယ်မှာ ဆော့ကစားရင်း ဆူးစူးရာက မျက်လုံးတစ်ဖက် ထိခိုက်ဒဏ်ရာရခဲ့ပြီး ငါးနှစ်သားအရွယ်မှာတော့ မျက်လုံးနှစ်ဖက်လုံး ကွယ်ခဲ့ရသူ တစ်ယောက်ပါ။ လူးဝစ်စ်လေးဟာ ငယ်စဉ် ကျောင်းသားဘဝကတည်းက မျက်မမြင်တွေကြားမှာ ထူးချွန်သူတစ်ဦး ဖြစ်ပါတယ်။

ကျောင်းသားဘဝမှာကတည်းက မျက်မမြင်တွေရဲ့ ဆက်သွယ်ရေးစနစ်ကို ပြောင်းလဲဖို့အတွက် မျက်မမြင်စာကို တီထွင်ဖို့ ကြိုးစားခဲ့ပါတယ်။ ၁၈၂၁မှာ ပြင်သစ်တပ်မတော်က ဗိုလ်ကြီးချာလီဆီမှာ စစ်မြေပြင်ဆက်သွယ်ရေးစနစ်ကို လေ့လာသင်ယူခဲ့ပါတယ်။ စစ်မြေပြင်မှာ စစ်သားတွေ အသုံးပြုတဲ့ ညစာရေးနည်း Night Writing စနစ်ကို အခြေခံပြီး မျက်မမြင်စာကို တီထွင်ဖို့ ကြံစည်ခဲ့စဉ်က သူဟာ ဆယ့်သုံးနှစ်သားအရွယ်ပဲ ရှိပါတယ်။

တကယ်တော့ စစ်တပ်ကစစ်သားတွေ သုံးကြတဲ့ ညစာရေးနည်းဟာ အစက်ကလေးတွေနဲ့ ပုဒ်ချောင်းလေးတွေကို လက်နဲ့စမ်းသပ်ပြီး ဖတ်ရှုရတဲ့ စာရေးစနစ်ပါ။ စစ်မြေပြင်မှာ အသံထွက်စရာမလိုဘဲ သတင်းအချက်အလက်တွေ ဖြန့်ချိလို့ရတဲ့ ဆက်သွယ်ရေးစနစ်ဟာ နည်းနည်းတော့ ရှုပ်ထွေးပါတယ်။ မူလညစာရေးနည်းမှာတော့ အစက်ငယ်လေး တစ်ဆယ့်နှစ်စက်စီနဲ့ စာလုံးတွေကို တီထွင်ထားပါတယ်။

၈၀ ရာခိုင်နှုန်းသော မျက်မမြင်ရောဂါတွေဟာ ကုသလို့ ပျောက်ကင်းနိုင်သလို ကြိုတင်ကာကွယ်လို့လည်း ရနိုင်ပါတယ်။ တကယ်လို့ မျက်မမြင်နှုန်း လျော့ကျစေဖို့ အရှိန်အဟုန်နဲ့ မဆောင်ရွက်နိုင်ဘူးဆိုရင်တော့ ၂၀၂၀ ခုနှစ်ကို ရောက်တဲ့အချိန်မှာ ကမ္ဘာ့မျက်မမြင်ဦးရေဟာ နှစ်ဆတိုးပွားလာနိုင်တယ်လို့ ပြောကြပါတယ် . . . .

ဒါပေမဲ့ လူးဝစ်ဘရီလ်ရဲ့ မဆုတ်မနစ် ကြိုးစားအားထုတ်မှုတွေကြောင့် အသက်ဆယ့်ငါးနှစ်အရွယ်မှာ အစက်ငယ်လေးခြောက်စက်ကို အခြေခံတဲ့ မျက်မမြင်စာကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ပါတယ်။ အလားတူပဲ ဂီတကိုချစ်မြတ်နိုးတဲ့ ဘရီလ်ဟာ အစက်ငယ်လေးတွေကို အခြေခံပြီး မျက်မမြင်တွေအတွက် ဂီတသင်္ကေတတွေကိုပါ တီထွင်ဖန်တီးခဲ့ပါတယ်။


မျက်မမြင်စာကို တီထွင်ခဲ့သူ လူးဝစ်ဘရီလ်

Asian Fame Media Group



ဒီနေရာမှာ ထူးခြားချက်လေးတစ်ခုကတော့ သူ့ကို မျက်မမြင်ဘဝကိုရောက်စေခဲ့တဲ့ ဆူးကို အသုံးပြုလို့ မျက်မမြင်စာကို ရေးလို့ဖတ်လို့ရအောင် တီထွင်ခဲ့တာပါပဲ။ သူ့ဘဝကိုအမှောင်ထဲကို ရောက်အောင် တွန်းပို့ခဲ့တဲ့ ဆူးတစ်ချောင်းဟာ အခုချိန်မှာတော့ မျက်မမြင်ထုတစ်ရပ်လုံးအတွက် အထောက်အကူဖြစ်နေခဲ့ပါပြီ။

ရာစုနှစ်နှစ်စုကို ကျော်ပြီးချိန်မှာတော့ သူ့ရဲ့ မျက်မမြင်စာကို လက်ခံလာကြပြီး ဘရိုင်လ် ကွယ်လွန်ပြီး နှစ်နှစ်အကြာမှာတော့ သူ့ရဲ့မျက်မမြင်စာပေကို ဘာသာစကားတစ်ခုအဖြစ် လက်ခံသတ်မှတ်ခဲ့ကြပါတယ်။ မျက်မမြင်စာကို ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာစကားတွေအားလုံး အတွက်လည်း ထပ်ဆင့်ပုံတူကူးခဲ့ကြပါတယ်။

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ကတော့ မျက်မမြင်စာကို တီထွင်ခဲ့သူ လူးဝစ်ဘရိုင်လ်ရဲ့ နှစ် ၂၀၀ ပြည့်မွေးနေ့လေးပါ။ ဘရိုင်လ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ၂၀၀၉ ခုနှစ်ကစလို့ ဇန်နဝါရီလ ၄ ရက်နေ့ကို ကမ္ဘာ့မျက်မမြင်စာနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းမှာ The World Braille Day ကို နှစ်စဉ်ကျင်းပခဲ့ပါတယ်။

လူးဝစ်ဘရိုင်လ်ရဲ့ ကျေးဇူးနဲ့ မျက်မမြင်စာကို သင်ယူခွင့်ရနေတဲ့ မျက်မမြင်ကျောင်းသားကျောင်းသူတွေနဲ့ မျက်မမြင်ပညာတတ်များစွာ ပေါ်လာခဲ့ပါတယ်၊

**၁။ ဟယ်လင်ကဲလာ**


အခြေခံ အစက်ငယ်လေးခြောက်စက်နဲ့ ဖွဲ့စည်းထားတဲ့ မျက်မမြင်စာကို အခြေခံပြီး စာရေးစာဖတ်ပြုရာကနေ ကမ္ဘာကျော်ခဲ့တဲ့ စာရေးဆရာမ ဟယ်လင်ကဲလာကတော့ မြန်မာပြည်က ဆယ်ကျော်သက်တွေနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးတဲ့ နာမည်ကျော် မျက်မမြင်စာရေးဆရာမတစ်ဦးပါ။ သူမဟာ ၁၈ လသမီးအရွယ်မှာကတည်းက အမြင်အာရုံရော အကြားအာရုံရော ကွယ်ခဲ့သူလေးပါ။ ဒါပေမဲ့ ဘရိုင်လ်တီထွင်ခဲ့တဲ့ မျက်မမြင်စာပေရဲ့ ကျေးဇူးနဲ့ ကမ္ဘာကျော်စာရေး



စာရေးဆရာမ ဟယ်လင်ကဲလာ

ဆရာမ ဖြစ်ခဲ့ရုံမက ဝိတမှာလည်း ထူးချွန်သူတစ်ဦး ဖြစ်ခဲ့ပါသေးတယ်။

သူမဟာ သူမရဲ့ ဘဝသက်တမ်းတစ်လျှောက်မှာ ကမ္ဘာပတ်ခဲ့ပြီး သမ္မတ ၁၂ ဦးနဲ့ တွေ့ဆုံခဲ့ဖူးပါတယ်။ မရေမတွက်နိုင်တဲ့ ဆုပေါင်းများစွာနဲ့ ဂုဏ်ထူးဆောင် ဘွဲ့ပေါင်းများစွာကိုလည်း လက်ခံရရှိခဲ့ပါတယ်။ ဟယ်လင်ကဲလာရဲ့ ဇာတ်လမ်းကို တင်ဆက်ခဲ့တဲ့ 'The Miracle Worker' ရုပ်ရှင်လေးဟာလည်း အော်စကာဆုရခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်ခဲ့ပါသေးတယ်။





တေးရေးတေးဆို စတီဗ်ဝန်းဒါး

**၂။ စတီဗ်ဝန်းဒါး**

"I Just Called to Say I Love You"

ဒီသီချင်းလေးနဲ့ ကျော်ကြားခဲ့သူ စတီဗ်ဟာလည်း မွေးရာပါမျက်မမြင်တစ်ယောက်ပါ။ ဒါပေမဲ့လည်း သူဟာ ထင်ရှားကျော်ကြားတဲ့ တေးရေးတေးဆိုတစ်ယောက် ဖြစ်ခဲ့ပါတယ်။



ပထမဆုံး မျက်မမြင်
အားကစားမယ်မာလာရန်းယန်

**၃။ မျက်မမြင်ကမ္ဘာ့အိုလံပစ်မယ်မာလာရန်းယန်**

"အနာဂတ်ဆိုတာ ကြိုတင် မမြင်နိုင်ပါဘူး၊ အမြင်အာရုံတွေကွယ်ခဲ့ရင် ဘယ်လို တုံ့ပြန်ပြုမူရမယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်ရမယ်လေ" လို့ ဆိုခဲ့သူက အားကစားမယ်မာလာပဲ ဖြစ်ပါတယ်။ သူမသည်လည်း အထူးပညာရေး မာစတာဘွဲ့ရပညာတတ် အားကစားမယ်တစ်ဦးပါ။ ၂၀၀၀ ခုနှစ် ဆစ်ဒနီမှာ ကျင်းပတဲ့ အိုလံပစ်ပွဲတော်မှာ အမျိုးသမီး မီတာ ၁၅၀၀ တန်းမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပထမဆုံး မျက်မမြင်အားကစားမယ်တစ်ဦးလည်း ဖြစ်ပါတယ်။ သူမဟာ အမေရိကန်နိုင်ငံရဲ့ အမျိုးသမီး အပြေးချန်ပီယံဆုကို သုံးကြိမ်တိတိ ဆွတ်ခူးခဲ့သူလည်း ဖြစ်ပါတယ်။ အပြေးအားကစားနည်းပေါင်းစုံမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ပေါင်းများစွာလည်း ရရှိခဲ့သူဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်ကစပြီး Perkins မျက်မမြင်ကျောင်းရဲ့ သံတမန်အနေနဲ့ လူထုပရိသတ်အတွက် မျက်မမြင်များနဲ့ သက်ဆိုင်တဲ့ မိန့်ခွန်းပေါင်းများစွာကို ပြောခဲ့ပါတယ်။

**၄။ ဟားဗတ် မျက်မမြင်ကျောင်းသားများ**

၁၉၆၉ ခုနှစ် စာသင်နှစ်မှာတော့ ကမ္ဘာကျော်ဟားဗတ်တက္ကသိုလ်ကြီးမှာ မျက်မမြင် ကျောင်းသား ၆ ဦးမှ ၁၂ ဦးအထိ ပညာသင်ကြားခဲ့တယ်လို့ မှတ်တမ်းတင်ထားခဲ့ပါတယ်။ ဟားဗတ်တက္ကသိုလ်

Asian Fame Media Group



Harold E. Krents

က ဒုတိယနှစ်ဥပဒေကျောင်းသားဖြစ်တဲ့ Harold E. Krents ကတော့ မျက်မမြင်ကျောင်းသားတွေကြားမှာ ထင်ရှားကျော်ကြားတဲ့ ဟားဗတ်ကျောင်းသားတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဟားဗတ်မျက်မမြင်ကျောင်းသားတွေဟာ ဘရိုလ်တီထွင်ခဲ့တဲ့ မျက်မမြင်စာရေးနည်း၊ ဖတ်နည်းတွေကို အခြေခံတဲ့သင်ယူမှု အထောက်အကူပစ္စည်းတွေနဲ့ ပညာသင်ကြခြင်းပဲ ဖြစ်ပါတယ်။

မျက်မမြင်စာကို တီထွင်ပြီး မျက်မမြင်လောကကို အကျိုးပြုစေခဲ့သူ ဘရိုလ်လိုပဲ မျက်မမြင်တွေရဲ့ နေ့စဉ်ဘဝကို အထောက်အကူပြုစေမယ့် အသုံးအဆောင်တွေကို တီထွင်ဖန်တီးခဲ့သူတွေလည်း ရှိခဲ့ပါတယ်။

မျက်မမြင်တွေ နေ့စဉ်သုံးစွဲနေရတဲ့ အထောက်အကူပြုပစ္စည်းတွေဖြစ်တဲ့ စကားပြောတယ်လီဖုန်း၊ စကားပြော နားကြပ်၊ စကားပြောမိုဘိုင်းဖုန်း၊ စကားပြော ပေါင်ချိန်စက်၊ စကားပြောမှတ်စုစာအုပ်၊ စကားပြောနာရီ၊ MP3 Player၊ စကားပြောသံလိုက်အိမ်မြှောင်၊ စကားပြော အသံဖမ်းစက်၊ စကားပြောသမ္မာကျမ်းစာတွေကို တီထွင်ခဲ့သလို အခြားသော အသုံးအဆောင်ပေါင်းများစွာကိုလည်း ဖန်တီးပေးခဲ့ကြပါတယ်။

မျက်မမြင်တွေအနေနဲ့ မိမိဘဝကို တစ်ကိုယ်တည်း ရပ်တည်နိုင်ဖို့အတွက် စကားပြောသွေးပေါင်ချိန်စက်၊ စကားပြော ဂဏန်းပေါင်းစက်၊ စကားပြောပြက္ခဒိန်၊ အိတ်ဆောင်ပြက္ခဒိန်၊ စကားပြောတွန်ပျူတာဆော့ဖ်ဝဲ၊ စကားပြောစီဒီ၊ မျက်မမြင်တွေ ဟင်းချက်ရာမှာ အသုံးပြုတဲ့ စကားပြော အချိန်မှတ်စက်၊ စကားပြောဟင်းချက် သာမိုမီတာ၊ စကားပြော ဟင်းချက်ပေါင်ချိန်စက်၊ မျက်မမြင်တွေအတွက် သီးသန့်တီထွင်ထားတဲ့ ဆားဘူးနဲ့ ငရုပ်ကောင်းဘူးလေးတွေ၊ ဟင်းချက်ရာမှာ ချိန်တွယ်တဲ့ ဇွန်းနဲ့ချင်ခွက်လေးတွေ၊ မျက်မမြင်တွေ သုံးတဲ့ ကော်ဖီခွက် လေးတွေကအစ ဆန်းသစ် တီထွင်ပေးထားခဲ့ပါတယ်။

မျက်မမြင်တွေအတွက် ထုတ်လုပ်ထားတဲ့ တီဗီရီမုတ်ကွန်ထရိုး၊ အိမ်အတွင်းအပြင် တပ်ဆင်ထားတဲ့ စကားပြော သာမိုမီတာ၊ စတီရီယို နားကြပ်စက်တွေ၊ မျက်မမြင်တွေ သုံးတဲ့ ပေတံ ပေကြိုး၊ စာရေးစက္ကူ၊ ကညစ်တံ၊ ခဲဖျက်၊ ကျောက်သင်ပုန်း၊ တံဆိပ်တုံးလေးတွေကလည်း သူတို့အတွက် များစွာအထောက်အကူ ပြုခဲ့ပါတယ်။

**မျက်မမြင်တွေကို ခွဲခြမ်းလေ့လာကြည့်တော့ အချို့က မွေးရာပါ မျက်မမြင်တွေဖြစ်ကြပြီး အချို့ကတော့ ကလေးဘဝမှာ အမြင်အာရုံ ဆုံးရှုံးခဲ့သူတွေ ဖြစ်ပါတယ်။ အချို့ကတော့ အသက်အရွယ်ရလာမှ မတော်တဆမှုတွေကြောင့် အမြင်အာရုံ ပျောက်ကွယ်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။**

မျက်မမြင်တွေ၊ ကလေးငယ်တွေအတွက် သီးသန့် ဖန်တီးပေးထားတဲ့ အားကစားပစ္စည်းတွေနဲ့ ဘီဗီဂိမ်းစက် စစ်တုရင်ကစားခုံ မိုနိုပိုလီကစားခုံ၊ အံစာတုံး၊ မျက်မမြင်သုံး ဖဲချပ်လေးတွေနဲ့ ဘင်ဂိုကစားခုံနဲ့ ကစားစရာပေါင်းစုံကလည်း ကလေးငယ်တွေအတွက် လက်တစ်ကမ်းမှာ ရှိနေခဲ့ပါပြီ။

ခရစ္စမတ်နဲ့ အထိမ်းအမှတ်နေ့တွေ အတွက်လည်း အမှတ်တရ လက်ဆောင်ပစ္စည်းလေးတွေဖြစ်တဲ့ ကီးချိန်းလေးတွေနဲ့ မျက်မမြင်စာရေးထားတဲ့ ချောကလက်ပြားလေးတွေ Greeting Card လေးတွေ၊ ခရစ္စမတ်အလှဆင်ပစ္စည်းလေးတွေ၊ တိုကင်ပြားလေးတွေ၊ လက်ပတ်ကြိုးလေးတွေကိုလည်း ရာသီစာအဖြစ် နေရာတိုင်းမှာ တွေ့နေရပါပြီ။

ကောက်ယူထားတဲ့ စစ်တမ်းတွေအရ ကမ္ဘာပေါ်မှာ ငါးစက္ကန့်မှာ လူတစ်ယောက်နှုန်း မျက်စိကွယ်နေကြပြီး တစ်မိနစ်မှာ ကလေးငယ်တစ်ယောက်နှုန်း အမြင်အာရုံချို့ယွင်းနေတယ်လို့ ဆိုပါတယ်။ ဖျမ်းမျှခြင်းအားဖြင့် တစ်နှစ်မှာ သုံးနစ်သန်းလောက်ဟာ မျက်စိကွယ်နေကြတယ်လို့လည်း ဆိုကြပါတယ်။

မျက်မမြင်တွေကို ခွဲခြမ်းလေ့လာကြည့်တော့ အချို့က မွေးရာပါမျက်မမြင်တွေဖြစ်ကြပြီး အချို့ကတော့ ကလေးဘဝမှာ အမြင်အာရုံဆုံးရှုံးခဲ့သူတွေ ဖြစ်ပါတယ်။ အချို့ကတော့ အသက်အရွယ်ရလာမှ မတော်တဆမှုတွေကြောင့် အမြင်အာရုံ ပျောက်ကွယ်ခဲ့ကြသူတွေပဲ ဖြစ်ပါတယ်။

၈၀ ရာခိုင်နှုန်းသော မျက်မမြင်ရောဂါတွေဟာ ကုသလို့ ပျောက်ကင်းနိုင်သလို ကြိုတင်ကာကွယ်လို့လည်း ရနိုင်ပါတယ်။တကယ်လို့ မျက်မမြင်နှုန်း လျော့ကျစေဖို့ အရှိန်အဟုန်နဲ့ မဆောင်ရွက်နိုင်ဘူးဆိုရင်တော့ ၂၀၂၀ ခုနှစ်ကို ရောက်တဲ့အချိန်မှာ ကမ္ဘာ့မျက်မမြင်ဦးရေဟာ နှစ်ဆတိုးပွားလာနိုင်တယ်လို့ ပြောကြပါတယ်။

ဆီးချိုရောဂါ ခံစားနေရသူတွေကတော့ သာမန်သူတွေနဲ့ ယှဉ်ရင် မျက်စိကွယ်ဖို့ အခွင့်အရေး ၂၅ ဆ ပိုပါတယ်။ အမေရိကနဲ့ အာဖရိကနိုင်ငံတွေမှာတော့ ရေတိမ်ရောဂါဟာ မျက်စိကွယ်စေတဲ့ အဓိကအကြောင်းရင်း ဖြစ်တယ်လို့ ဆိုကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရာစုသစ်မှာတော့ မျက်မမြင်တွေအတွက် ကွက်လပ်ဆိုတာ မရှိလောက်အောင်ကို ပြည့်စုံနေခဲ့ပါပြီ။ အမြင်အာရုံဆုံးရှုံးခဲ့သူတွေဆိုပေမယ့် လူ့အခွင့်အရေးတွေ အပြည့်အဝရနေခဲ့တာမို့ မျက်မမြင်တွေဟာလည်း သာမန်လူတွေနဲ့ တစ်တန်းတစားတည်း ရှင်သန်ခွင့် ရလာခဲ့ပါပြီ။

ကြိုတင်ကာကွယ်လို့ ရနိုင်တဲ့ မျက်စိရောဂါတွေအတွက် မမေ့မလျော့ ကြိုတင်ကာကွယ်ရင်း ကျွန်မတို့ ပတ်ဝန်းကျင်မှာရှိတဲ့ မျက်မမြင်အဖွဲ့အစည်းများကို အားပေးကူညီရင်း ၂၀၁၃ ဇန်နဝါရီမှာ ကျရောက်မယ့် ကမ္ဘာ့မျက်မမြင်စာပေနေ့လေးကို ကြိုဆိုကြပါစို့လားရှင်။

မင်္ဂလာရှိတဲ့ ၂၀၁၃ နှစ်သစ် စာမျက်နှာလေးကို ဒီဆောင်းပါးလေးနဲ့ ခွန်အားဖြည့် ဖွင့်လှစ်ရင်း. . .

Mystery Snow

Asian Fame Media Group



## အားပေးဖော်နှင့် ခံစားချက်ပြပွဲ

မိုးတိမ်က ဖုံကိုကြည့်ပြီး
မိုးရေစေတွေ ရွာချလိုက်တယ်
မိုးစက်တွေက ဖုံကိုယ်ပေါ်
ခုန်ပေါက် ဆော့ကစားနေတယ်
ဘာရယ်မဟုတ် ဖုံစိတ်ထဲ ကြည်နူးမိသလိုလို …
မိုးလေကင်းတဲ့ ညတစ်ည
ကောင်းကင်မှာ လပင်က ဖုံကို ပြုံးကြည့်နေတယ်
ကြယ်လေးတွေက အချင်းချင်းကခုန်လို့
လေညင်းက သီချင်းညည်းရင်းလေ
သစ်ပင်လေးတွေကလည်း အားကျမခံ
ပီတိနဲ့ ကခုန်လို့
ဖုံလည်း ကြည့်ရင်း ပျော်ရွှင်နေမိ …
ဖုံ ရောင်ထဲမှာ ထိုင်နေတုန်း မိုးတိမ်တွေက လှမ်းမေးတယ်
ပျင်းနေလားတဲ့ ဖုံ လှမ်းပြောလိုက်တယ်
မင်းတို့ပျော်ရွှင်မှုကြောင့် မပျင်းတော့ပါဘူးလို့လေ
ဒီနဲ့ ဖုံကြည့်နေတုန်း
လခန်းက ပြောတယ်
ဖုံတို့ကောင်းကင်ရဲ့ တေးသီချင်းကို ခံစားကြည့်ပါတဲ့လေ
သူ့သီချင်းမှာ အလွမ်းနဲ့
သူ့သီချင်းမှာ ခံပြင်းနာကျည်းမှုနဲ့
သူ့သီချင်းမှာ နောင်တတရားတွေနဲ့
သူ့သီချင်းမှာ ဒဏ်ရာတွေနဲ့
အဆုံးသတ်မှာ မျက်ရည်နဲ့ ပွဲသိမ်းသွားတယ်
ပြီးတော့ ပြောသေးတယ် စိတ်ပျက်သွားလားတဲ့
ဖုံ ခေါင်းရမ်းပြီး ကျွန်ုပ်ရင်ထဲက ခံစားချက်နဲ့
ထပ်တူပါရှင်လို့ ပြန်နှစ်သိမ့်လိုက်တယ်
အခု ကျွန်ုပ်လည်း နာကျင်နေပါတယ်ရှင်
အရမ်းလည်း ပင်ပန်းနေပါပြီရှင်လို့ ပြောလိုက်တော့
ကောင်းကင်ကြီး မှောင်သွားတယ်
ကျန်တဲ့ ကြယ်နှစ်လုံးက အားမလယ်နဲ့
ငိုကြွေးတယ်တဲ့
ကျွန်ုပ်ပြုံးပြီး မျက်လုံးမှိတ်လိုက်တယ်
ကျွန်ုပ် ပါးပြင်မှာ စိုစွတ်လို့ ….

သက်ဦးခင်




## ကျုံကျသွားတဲ့ ပြဇာတ်

ကံမကောင်းမှု ပုရပိုဒ်မှာ
ငါက 'လူမိုက်' ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့… ။
ကံကြမ္မာရဲ့မှာယာအိုမှာ
ဘဝကို အလျှော့လိုက်ရှေ့ရင်း
ဇာတ်လိုက်မင်းသားဆန်ဆန် သရုပ်ဆောင်တော့လည်း …
ငါ့ဇာတ်ကောင်က ဗီလိန်…
ဇာတ်သိမ်းချိန်ထိအောင် ကပြခွင့်မရဘူး …။
ငွေသံကြေးသံတွေနောက်
တကောက်ကောက်ပါသွားတဲ့ မျက်နှာတွေ …
စိတ်အစာမကြေဖြစ်တိုင်း သောက်ရတဲ့ဆေးက
သူများကို ပေါ်ဖူးခြင်းများလား …
ငါ့အတွက်တော့… ခါးတယ် …။
ခင်မင်မှုကို တိုင်းတာတဲ့ပေတံ
တဖြည်းဖြည်းနဲ့ ဝေးရှင်ဆန်လာတယ်
အဲဒီ… သာရာပေါင်း စိတ်ဓာတ်တွေအောက်
နောက်ကောက်ကျသွားတဲ့ 'ဂုဏ်သရေ' တွေ
အသက်ရှုရပ်သွားတဲ့ 'ပရဟိတ' တွေ …။
လူတွေရဲ့ လောကမြေပြင်မှာ
တကယ်တော့ ငါက … လျော်ရင်းနစ်တဲ့လေ့ …။ ။

နှင်းစက်လွှမ်းမြိုင်

af MEDIA GROUP
Asian Fame Media Group



## အဖေ့နှလုံးသား

ထုသားပေသားကျနေတဲ့
ကျောက်စိုင် ကျောက်ခဲလို
အဖေ့မျက်နှာမှာ တွေ့နေရလေရဲ့ … ။
လောကဓံရထားက
ခုတ ခုတ ဝင်တိုက်ထားသလို
လိုသည်ထက် ပိုအိုမင်းနေသယောင်ယောင် … ။
'အဖေမသေပါဘူး ဖိုသားရယ်' တဲ့
ဒါပေမဲ့
အဖေ့ရင်ထဲတော့
ပြိုတော့မယ့် တိမ်တွေကို မြင်နေရတယ်အဖေ
အဖေရယ် …
အဖေ့ရင်ထဲ ဆင်ကြီးပေါက်ရှိမယ်ဆိုရင်
သားရင်ထဲမှာ ဆိတ်ကလေးပေါက်တော့ ခံစားရပါတယ်။
အဖေအမြဲပြောခဲ့တဲ့
သစ်ပင်လေး
အကိုင်းအခက်တွေ ထွက်နေပြီအဖေ။

ဇော်ဇင်(ပဒိမ်)



## သက်ရောက်မှု

ယုံကြည်မျှော်လင့်ခြင်းတွေ
ခြေဖဝါးအောက်မှာ
ဖိဖိရိရိတင်ဆင်လို့
အိပ်မက်ရဲ့ လမ်းစကို ခရီးနှင်တယ်
ယုံကြည်မှုက အခိုင်အမာ
မျှော်လင့်ခြင်းက အပြည့်အဝ
ကုန်အပြည့်ပါတဲ့ ထရပ်ကားတစ်စင်းလို
ဖိဖိစီးစီးခရီးကို နှင်
ပျော်ပေမယ့် မောရတယ်
မြင်းဆင်ခွင့်မရတဲ့ ကံကြမ္မာတားကွက်
ခြေလှမ်းအကွက်မှာ ကျိုးပယ်
လမ်းပျောက်သွားတဲ့ ရင်တစ်ခြမ်းကို
ဘယ်အနမ်းက ချိုမြိန်စေမှာလဲ
အဆုံးမှာ ပျော်ရွှင်ခြင်းမဲ့နေမှတော့
ကျိုးပျက်လွင့်ထွက်သွားတဲ့
မျှော်လင့်ခြင်း အပိုင်းအစတွေမှာ
ပျော်ရွှင်ခြင်းတွေ ပုံပါသွားခဲ့
တလောကသက် ခြေလှမ်းတွေဟာ
အပြန်လမ်းမှာ
မောကြီးပန်းကြီးကို ဖြစ်လို့ … ။ ။

အောင်မိုးသွင်

Asian Fame Media Group
MEDIA GROUP

## ထိရှလွယ်တဲ့ မသိခြင်းငှက်ငယ်သို့



လမသား ကြယ်မရှိတဲ့ညက အကျည်းတန်ခြင်းကင်းလို့
သူ့စက်ဝိုင်း မှန်မှန်လှည့်ရင်း နံရံတစ်ဖက်ခြားဆီက
ရှိုက်သံတွေကို မထိမှမြင်ပြုရင်း လေထန်ထန်တွေနဲ့
လောကကို ကျီစယ်နေလိုက်တာ ...
စာနာမှုကင်း အပြစ်တင်ခြင်းကို ဥပေက္ခာပြုနေရင်းပေါ့ ...

မှောင်ရိပ်ထဲရောက် လမ်းပျောက်နေတဲ့
ငှက်ငယ်အဖို့ နွေးထွေးတဲ့ ခိုလှုံရာရင်ခွင်တစ်ခု
ရှားပါးလှချည်လား ...ဆိုတဲ့ အတွေးတစ်ခုပဲ ရသေးတယ် ...
အဲဒီညက စနေမိုးတဲ့လေ... တစ်ညလုံးရွာလို့
သည်းလို့ကောင်းနေလိုက်တာ
ညှာတာမှုရှိရကောင်းမှန်း သူနားမလည်ရှာဘူး...
လူမသိ သူမသိ ဘဝတစ်ခု ရေစုန်မျောလိုက်လို့
အားမလျှော့လိုက်ပါနဲ့ ငှက်ငယ်
မနက်ဖြန်တော့ နေရောင်နီလာနိုင်ကောင်းပါရဲ့လေ ...

ထိနာလွယ်ခြင်းလို့ ဖုံးလွှမ်း တယ်ဆိုသူများ ပုန်းနေပါလိမ့်ရောလို့ ...
ဆီမီးခွက်နဲ့ 'လ' ပျောက်ရာတဲ့ အဲဒီည...
ငါကိုယ်တိုင် ခွန်အားတွေ ချည့်နဲ့နေလည်း
ခွဲထုံလည်း မျှော်လင့်ခြင်းတွေ ပေါင်းစည်းလို့
ယုံယုံလေး ပြန်နေပါစေ ...
လက်ကျည်း ပြီးသမီ 'ည' လို လူသားအတွေးမျိုးနဲ့ပေါ့ ...

တရုန်းရုန်းနဲ့ ထန်နေတဲ့ လှိုင်းတွေတောင် ...
မြူတစ်ခို ပေါ်တစ်လှည့်နဲ့ ကမ်းကပ်နိုင်သေးရင် ...
အတွေ့အကြုံရဲ့ အသိစိတ်တွေ မွှမ်းမံထားတဲ့
ဒီလူသားအတွက် အရာရာဟာ ခွန်အားပဲ ဖြစ်ပါစေသားလို့
ကောင်းကင်နဲ့ မြေပြင် ပင်လယ်ပြင် ပေါ့ထား
ခရီးကြွားကြွားပေါ့လို့ ကျဆင်းတဲ့ မျက်ရည်မြစ်
ကမ္ဘာရေပမာ ... မြောက်သွေ့စေရမယ် ...
လောကဓံတရားတွေကို ဘာသာပြန်ဖို့
သဘာဝက မစဉ်းစားသလို
ကောင်းကင်ကလည်း အသိအမှတ်မပြုပါဘူး ...
မြေပြင်ကလည်း ဂရုမစိုက်ဘူး
ပင်လယ်ကလည်း အရာမထင်ဘူး
သက်မဲ့တွေက မထိမှမြင် ပြုနိုင်သလောက်
လန်းဆန်းချောင်ထင် လူတွေကတော့
ရယ်လိုက်၊ ပြုံးလိုက်၊ ဟားတိုက်လိုက်နဲ့
တစ်ခါတစ်ခါလည်း ငိုလည်းငိုရဲ့
တစ်ခါတလေလည်း ပွဲပြုံးတွေနဲ့
သေချာတာတော့ စာရေးနေတဲ့
ငါကိုယ်တိုင်လည်း
မျက်ရည်တွေနဲ့လေ ...။

အိန္ဒြဂျယ်လှိုင်

Asian Fame Media Group



## ငါနဲ့ ငါ

ကံကြမ္မာက လှေကားလို
ဆင်းဆင်းတက်တက် အနှင်းခံရတော့
ဘဝယန္တရားက
နေဝင်ပြီမှ အရောင်တောက်တယ်
နေ့ရက်နဲ့ သက္ကရာဇ်တွေ ခုတ်လှဲရင်း
မရဏကွင်းပြင်မှာ
ဇရာကို ပျိုးမိသလိုမျိုး
အချိန်ကို ဈေးလျှော့ရောင်းမိတယ်
ရေမရှိတဲ့ ချောက်ရင်း နစ်လို
မြစ်တွေလိုကောက်ကွေ့ စီးဆင်းရင်း
မြွေတစ်ကောင်လို စည်းချက်နဲ့
ကိုယ့်ဘဝကိုယ် လျှောဆိုခဲ့တဲ့အမြစ်
အတိတ်ဆိုးက
ယောင်းချားလို ဖွင့်လိုက်ပိတ်လိုက်ပဲ
ခေတ်စနစ်က တရွေ့ရွေ့ ပြိုဆင်းလို့
ငိုလှိုင်းအားမှာ
သက်ရောက်မှုတိုင်း တန်ပြန်မှုအားနည်းခဲ့တယ်
အဲဒီတော့
ငါ့ရန်ကြွေးလို
ငါ့ကိုယ်ငါ ချုန်းဖွင့်လိုက်တယ်။

ရွှေအီး (မတ္တရာ)



## ကျူးကျော်စိတ်

မြင်တည်ရာ ဘဝမှာ
နေရာချစရာ မြေကွက်ရှိ ...
အိုးရုတ် ပလုံးရုတ် ကောင်ရုတ်
အခိုဟာယ်စုတ်တွေနဲ့
မယား၊ သား၊ သမီးများရဲ့ လက်ကိုဆွဲ ...
ဒီတစ်ခါလည်း မြေရှာပုံတော် ဖွင့်ရပြန်တယ်
ကြည့်ရာ မြက်နုရာ မဟုတ်ပေမယ့်
နေရာချစရာ မြေကွက်တွေတော့
မီးဝင်းကြည့်ကာရှုပြုံးလို့
ပြီးတော့ ... မနိုင်တင်ကဲ့ အပုံ့တွေနဲ့
တစ်နေ့ ဘယ်ပျောက်မလဲ တွေးမှုရင်း ...
ကျီးလန့်စာစားဆိုတာ မြေရာအတွယ်ဆုံး
ဖျော့ဖြစ်နေခဲ့တယ်။
ဘာပဲဖြစ်ဖြစ်ပါ
ဒီစိတ်ကို စွန့်ကတည်းက
အနိုင်ပိုင်းလုံးနဲ့မှ မဟုတ်တဲ့ ...
အချိုနဲ့ စခဲ့တဲ့ စစ်ပွဲပဲလေ။ ။

သီအိုရီ (ယောကြယ်ပွင့်)



## လတ်တလော ဆန္ဒ

ရေထစ်ပျက်တဲ့လား

မီးလိုက်တာလည်း လွန်ရော
စားသေးတယ်ဆိုတာကိုက
အတော်ကို နောက်ကျနေပြီ
'အကယ်ဒမီ' မရမယ့်အတူ
ဒါရိုက်တာ အဆူမခံရင် တော်ရောပေါ့
အခုတော့
ခဏလေးတွေ အများကြီးထဲမှာ
ပွင့်စရာတွေ စားသုံးရင်း
သက်ပြင်းချချနေတတ်တဲ့ နံနက်ခင်းကို
ပြုံးပြုံးနှင့်ကြိုနေရတယ်
တကယ်ဆို မဖြစ်သင့်ဘူး မဟုတ်လား
လမ်းလျှောက်ရင်းနဲ့ လမ်းပျောက်မယ့်အတူ
မမြှော်တော့တဲ့ တကို
ဖဲနယ်ဆို၊ ဝတ်ရမယ့်အတူ
ရှုံးဆုံးစာမျက်နှာမှာ ရှိပေမယ့်
ကျော်ပြီးဖတ်ကြမယ့်အတူ
ငါ့ကိုယ်ငါ ဆုပ်ကိုင်ပြီး
ဒီခရီးကို ဖျက်သိမ်းလိုက်ချင်တယ်
.............
ငါ အိပ်ပြန်ချင်လို့ပါ ....

စည်သူ (တင်းယဉ်)

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို 'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်၊ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Fame Media Group



# မရေးမကောင်း ရေးမကောင်း

ညီညီညာညာ ညက်ညက်ညောညော

## နင်ဘယ်လောက်လဲ၊ ငါ ဘယ်လောက်လဲ




ညာညာတို့ဘော်ဒါတွေ လက်ဖက်ရည် ဆိုင်မှာစုံရင် လူစုံသလို စကားတွေလည်း စုံကြတာ ထုံးစံပေါ့။ သူငယ်ချင်းအယ်ဒီတာ တစ်ယောက်ရဲ့ ရင်ဖွင့်ချက်ပါ။ သူက ကိုယ်တိုင်လည်း စာရေးတဲ့ အယ်ဒီတာတစ်ယောက်ပါ။ သူကြုံရတဲ့ဖြစ်ရပ်ကို အီလည် လည် နဲ့ ခုလိုပြောပြလာပါတယ်။ သူက သူအယ်ဒီတာမဖြစ်ခင်ကလည်းစာရေးလာသူ တစ်ယောက်ဆိုတော့ စာရေးဆရာတွေကို ကိုယ်ချင်းလည်း စာသလို စာရေးသူတွေရဲ့ သဘော သဘာဝကို လည်း နားလည်ပါသတဲ့။ သူစာရေးတဲ့ သက်တမ်း တစ်လျှောက်မှာ ဘယ်တိုက်က အယ်ဒီတာကိုမှ သူ့စာမူ ဘယ်တော့ပါမလဲလို့ အပိုင်ကြီး မမေးခဲ့ဖူးပါဘူးတဲ့။ စာမူရွေး/ပယ် ဆိုတာမျိုးပဲ အယ်ဒီတာကို လေးလေးစားစား မေးဖြစ်တာပါတဲ့။ ပြီးတော့ မဂ္ဂဇင်းတွေကို စာမူပေးတယ်ဆိုရင် မဂ္ဂဇင်းတိုက်တွေဟာ ပယ်စာမူ ပြန်ပေးဖို့ ခက်ခဲတယ်ဆိုတာ နားလည်လို့ ပေးကတည်းက ကော်ပီဆွဲထားဖြစ်တယ်တဲ့။ ဒါကို စာရေးသူတိုင်း နားလည်ကြပါတယ်တဲ့၊ အခုတော့ အရင်တုန်းက စာမျက်နှာထက်မှာ ကြိုးကြိုးကြားကြားပါခဲ့ဖူးတဲ့ စာရေးဆရာမကြီး တစ်ယောက်က သူ့စားပွဲရှေ့ကို ခပ်တင်းတင်း တက်လာပြီး စာမူဘယ်တော့ပါမလဲ အတည်ပေါက်နဲ့ ခပ်တင်းတင်းမေးသတဲ့။ အသုံးမပြုဖြစ်ပါဘူးဆိုတဲ့အကြောင်း ကောင်းကောင်းမွန်မွန်ပြန် ပြောပြလိုက်တော့ စာမူပြန်ပေးလို့ တောင်းသတဲ့။ အသုံးမပြုဖြစ်တဲ့ စာမူတွေထိန်းသိမ်းဖို့ခက်သလို ပြန်ပေးဖို့ခက်တာမို့ ပြန်မပေးနိုင်ပါဘူး၊ ရောက်တဲ့စာမူတွေလည်း များလွန်းလို့ပါလို့ ရှင်းပြပြန်တော့လည်း မျက်စောင်းနဲ့ကြည့်ပြီး သူ့စာရေးသက်က ဘယ်နှနှစ်ရှိပြီလို့ ကြုံးဝါးသတဲ့လေ။ ဒီတော့လည်း သူငယ်ချင်း အယ်ဒီတာက သူလည်း စာရေးသက် ဘယ်လောက်ရှိပါပြီဆိုတဲ့အကြောင်း ညစ်ညစ်နဲ့ ပြန်ကြုံးဝါးပြရပါသတဲ့။ အသက်ကြီးမှ စာရေးတဲ့ တဲ့ဒီစာရေးဆရာမကြီးနဲ့ အသက်ငယ်ငယ်လေးကတည်းက စာရေးလာတဲ့ ညာညာ့ဘော်ဒါ အယ်ဒီတာက စာရေးသက်ချင်း တူနေတော့မှ ဆရာမကြီးရှုံး သိုးသိုးနဲ့ ပြန်သွားတယ်ဆိုပဲ။ သူ့စကားအဆုံးသတ်မှာ သူငယ်ချင်း အယ်ဒီတာ က စိတ်မသက်မသာဟန်နဲ့ 'နားလည်မှုလေးတွေနဲ့ ဆက်ဆံရမယ့်ဟာကွာ တရုတ်သိုင်းကားတွေထဲကလို သက်တမ်းတွေ ရွှေ့ပြနေရတာ ကိုယ့်ပါးစပ်ကိုယ်တောင် စိတ်ကုန်တယ်' ဆိုတာလေး ကိုပြင့် သဘောကျမိသေးတော့။










# ရုက္ခစိုးတောင် မနေရ


စာပေလောကကြီးတိုးတက်လာတယ်ပြောရမလားမသိဘူး။ ထွက်လိုက်တဲ့ မဂ္ဂဇင်းဂျာနယ်ဆိုတာ သောက်သောက်လဲ သူ့ထက်ငါအပြိုင်အဆိုင်ကို ဖြစ်နေတော့တာပဲဗျာ။ ကွာလတီ ကွာလတီဆိုတဲ့စကားကလည်း သုံးလိုက်ကြတာဆိုတာ ကြားရတာ နားခါးလွန်းလို့ "ကွာဆိုရင် ဘာကွာမှ လာမပြောနဲ့ ကွာစိတောင်မစားချင်တော့ဘူး"လို့ သတင်းရုပ်ကွက်ထဲမှာ ပြောဆိုနေကြလေရဲ့၊ ဒီကြားထဲ ကိုယ့်မဂ္ဂဇင်း ကိုယ့်ဂျာနယ်ကို ဒီလိုနာမည်ပေးသင့်မပေးသင့်မှန်းမသိတဲ့ သီချင်းနာမည်လိုလို လူနာမည်လိုလို ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကို မြင်ရကြားရတာဟာလည်း 'ငွေပုံကြီးဆေးခန်း'တို့၊ 'ရွှေနေကြီးဦးလောဘ'တို့၊ 'မိဘမေတ္တာအရက်ဆိုင်'တို့၊ 'တမလွန်ခရီးသွားလုပ်ငန်း'တို့လိုပဲ မလိုက်မဖက်နိုင်လှတယ်ဆိုတဲ့အကြောင်းလည်းပါသဗျ။ ဒီလို အပြိုင်အဆိုင်တွေထွက်နေကြတာဟာဖြင့် အလုပ်တွေဖြစ်နေလို့လားဆိုတော့လည်း မဟုတ်ပြန်ဘူးဆိုပဲ။ ကွာလတီဖြစ်ရမယ်ဆိုတာ စာပေသိက္ခာအတွက် မဟုတ်ဘဲ ကြော်ငြာသိက္ခာအတွက် ဖြစ်နေပြန်ပါသတဲ့။ ဖန်တီးသူတွေဟာလည်း ကြော်ငြာရနေတို့အရေးရယ်လို့ အားသွန်ခွန်စိုက်ကြိုးစားကြတာဟာဖြင့် အိပ်လည်းကြော်ငြာ၊ စားလည်းကြော်ငြာ စားစားသွားသွား ကြော်ငြာမှ ကြော်ငြာဖြစ်နေကြတာမို့ အိမ်မက်ထဲမှာတောင် ညောင်ပင်ရွှေသွားပြီး ရုက္ခစိုးနတ်မင်းကို' ကြော်ငြာရမလား လှလှလေး ရိုက်ပေးမယ်'လို့ ပြောမိတဲ့အထိဆိုပဲ။ အော် ဒွတ်ခ ဒွတ်ခ။





# ထူးတဲ့ အပူး

ဈေးထဲသွားတဲ့တစ်နေ့ ရယ်လိုက်ရတာဖတ်ဖတ်မော ရင်ဘတ်နောက်ကျောဆိုတဲ့အဖြစ်မျိုးကြုံရပါတယ်။ ကိုယ်တွေကလည်း အသီးအနှံကြိုက်တဲ့သူဆိုတော့ ရာသီစာအသီးဆိုင်ရှေ့ ဘာယူရင်ကောင်းမလဲ ဟိုငေးဒီငေးပေါ့။ ဆိုင်ကငှက်ပျောသီးတွေကလည်း ဝဝင့်ဝင့်ကြွားကြွား ဖွံ့ဖွံ့ထွားထွားနဲ့ ဝယ်ချင်စရာတွေပါ။ ညက်ညက်လေး ဘယ်အဖီးယူရကောင်း မလဲစဉ်းစားပြီး တကယ့်ခေါင်ဖီးဆိုတာကြီးကို သဘောတကျလက်ကကိုင်ကြည့်လိုက်တော့ အံ့ဩစရာ အပူးသီးတွေ ပါနေတာကို တွေ့ရတာပါပဲ။ ဒါနဲ့ပဲ အသာလေး ပြန်ချထားလိုက်မိတယ်။ ဘာရယ်မဟုတ်ပါဘူး၊ တစ်လုံးပဲစားချင်ရင် နှစ်လုံးပြူးကြီးပါနေမယ့်ကိစ္စမကြိုက်တာကြောင့် ပြန်ချလိုက်တာပါ။ နောက်တစ် ယောက် ရောက်လာတယ်။ ဒီအဖီးကြီးကိုပဲ ကိုင်ကြည့်ပြန်တယ်။ ဟွန်းဆိုပြီး ပြန်ချပြန်တယ်။ ပါးစပ်ကလည်းပြောသေးတယ်၊ အမြွှာပူးမွေးမှာစိုးတယ်တဲ့လေ။ ဩော်. . သူကကိုယ်ဝန်ဆောင်အမျိုးသမီးပေကိုး။ နောက်တစ်ယောက်လာပြန်တယ်။ အားလုံးထက် ဝင့်ကြွားနေတဲ့ ဒီအဖီးကြီးကိုပဲ ကိုင်ပြန်တယ်၊ အပူးတွေ ဖြစ်နေတဲ့ အသီးတွေကိုမြင်တော့ မျက်ခုံးပင့်ပြီး'ဟယ် ကြောက်စရာကြီး အမြွှာလိုက်ကြီးပါလား' ဆိုပြီး ပြန်ချသွားပြန်တယ်။ ဒါနဲ့ပဲ ဒီအပူးသီးကြီး စိတ်ဘဝင်မတွေ့တာနဲ့ ဘယ်သူမှ ဘာမှမဝယ်ဖြစ်ကြပဲ ဆိုင်ရှေ့ကခွာတော့ ဈေးသယ်နောက်ကနေပြီးကုန်းအော်တာကြား လိုက်ရတယ်။ 'အမယ်လေး ဟဲ့ ငါ့အပူးသီးကြတော့ ဝယ်မယ့်သူ မရှိဘူး၊ သူတို့ဖုန်းနံပါတ်အပူးတွေကြတော့ နှစ်သိန်းတန်တောင် သိန်းလေးဆယ်ကျော်လေလံအောင် သတဲ့၊ ဟိုဟာပြူရမယ့်ဟာ ကြဟိုဟာမပြူကြဘူး၊ ဟိုဟာမပြူရမယ့်ဟာကြ ဟိုဟာပြူနေကြတယ်၊ ငါ့ အပူးက စားလို့ရတယ်၊ အာဟာရဖြစ်တယ်၊ သူ တို့ အပူးက ဘာလုပ်လို့ရမှာလဲ ပြောမပြောချင်ဘူး'တဲ့လေ။



# အီဂျစ်ကရထား



တစ်နေ့ လားဆီကဗျာ။ တကယ်ပါ တကယ်ပါ။ တကယ်ကြီးကို ဖြစ်ခဲ့တာပါ။ သူ့အသံက ဒီလို။ 'ဟာ ရထားတိုက်မှုပဲ ဟား ဆိုး လိုက်တာကွာ။ ဖြစ်မှဖြစ်ရလေ၊ သနားပါတယ်။ ကျောင်းကားနဲ့ ရထားတိုက်မိတာကွ၊ ကားပေါ်မှာ ကျောင်းသားလေး တွေ လေးဆယ့်ခုနစ်ယောက်တောင် ပါတာပဲ၊ ကျွတ် ကျွတ်. . ဪ ရထားလမ်းကို ကာထားတဲ့ တံခါး အဖွင့်အပိတ်လုပ်တာ အားနည်းလို့ ဖြစ်တာဆိုပဲ၊ ရထားကလည်း အရှိန် မြင်းကား ကလည်းအဖြတ် ဖြစ်ပြီပေါ့' အဲ့လို အဲ့လိုကြီးဗျာ။ ဂျာနယ်တစ်စောင်ကိုင်ပြီး သတင်းကို အသားကုန် အော်ဖတ်နေတာ။ ညီညီတို့လည်း ဂျာနယ်ကို ပတ်ဝန်းကျင် ကြားအောင် အော်ဖတ်ပြနေတဲ့ဒီလူနား စိတ်ဝင် တစား ကပ်မိသွားတာပေါ့ ဟုတ်တယ်လေ တစ်လောကလေးတင် ဆီတွဲ ရထား မှောက်ပြီး မီးလောင်ထားထားတာ ဘာမှ ကြာသေးတာမှ မဟုတ်တာ။ အခုထပ်ဖြစ်လေသလားပေါ့။ ကြားရ ကြားရ နားဝမှာ မချမ်းသာပေါ့။ ဒီမှာတင် အသံရှင်က သူ့ရဲ့အောင်မြင်တဲ့ အသံကို ထပ်မြှင့် ပြီး နောက် ဆက်တွဲသတင်း ထပ်ဖတ်ပြန်တယ်ဗျာ။ 'ဟာ ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီးက ဒီအဖြစ် ကြောင့် သူ့တာဝန် မကောင်းဘူးဆိုပြီး ရာထူးက နုတ်ထွက်သွားသတဲ့'။ ဒီတစ်ခါတော့ ညီညီတင် မဟုတ်ဘူး နံဘေးကလူ အားလုံး ဟယ်ခနဲ ဖြစ် ကုန်ကြတာ။ တယ်ဟုတ်ပါလားပေါ့။ တယ် တာဝန်ယူတတ်ပါလားပေါ့။ တချို့ကလည်း ငါတို့ မကြားလိုက်ပါလားပေါ့။ ဒီမှာ တင်မနေနိုင် သူတစ်ယောက်က 'ဟုတ်လို့လား' လို့ လက်တို့ လည်းမေးရော ဂျာနယ်ဖတ်ပြနေတဲ့သူက မျက်နှာ အားမာမာနဲ့ လှည့်ကြည့်ပြီး ဘာပြန်ပြောတယ် မှတ်လဲ၊ 'ဘာလို့ မဟုတ်ရမှာလဲ၊ ဒါ အီဂျစ်မှာ နိုဝင်ဘာ ၁၇ ရက်နေ့က တကယ်ဖြစ်သွားတာဗျ၊ အီဂျစ်ပို့ဆောင်ရေးဝန်ကြီး တကယ် နုတ်ထွက် သွားတာ'တဲ့။ ဒီတော့မှပဲ အားလုံးဘဝင်ကျ သွားတဲ့မျက်နှာနဲ့ လှည့်ထွက်ဖြစ်ကြတယ်။ အီဂျစ်မှာဆိုတော့ နို့ဟုတ်မှာပေါ့လေ ဘာငြင်းစရာမလဲ. . . နော။











Asian Family Media Group



Asian Fame Media Group
MEDIA GROUP

# အမှတ်တရနဲ့ပျော်
# ကရင်အမျိုးသား နှစ်ကူးပွဲတော်

မိုးသောက်ကြယ်

မြန်မာလူမျိုးနွယ်စုတွေ ၁၃၅ မျိုးလောက်ရှိကြရာမှာ မြန်မာတွေရဲ့ အသားဟာ ရှမ်းတိုင်းရင်းသားတွေပါ။ မြန်မာတွေရဲ့ အရိုးဟာ မွန်တိုင်းရင်းသားတွေပါ။ မြန်မာတွေရဲ့ သွေးဟာ ကရင်တိုင်းရင်းသားတွေပါ စသဖြင့် ငယ်စဉ် ကျောင်းစကားပြိုင်ပွဲမှာ ပြောဆိုခဲ့ဖူးတာကို အမှတ်ရမိပါတယ်။ ဘာသာတရား၊ အစဉ်အလာရှိခဲ့ရာ ယဉ်ကျေးမှု၊ ရိုးရာနှစ်သက်ပျော်ဝင်ခဲ့တဲ့ ဓလေ့စရိုက်တွေနဲ့ သဘာဝတွေမှာ မှုတတဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်ခဲ့ကြတာမို့ မြန်မာနိုင်ငံရဲ့ ပထဝီဟာ ခန့်ထည်သာယာလှပခဲ့ပါတယ်။ အခုအချိန်မှာ ဆိုရင်လည်း သက္ကရာဇ်တစ်နှစ်ဟောင်းလို့ နှစ်သစ်တစ်ခု ပြောင်းလာခဲ့ပြန်ပါပြီ။ အဲဒါကတော့ ကရင်တိုင်းရင်းသားတွေရဲ့ နှစ်သစ်ကူးအခါသမယပါ။

ကရင်အမျိုးသားတွေဟာ ပိုးကရင်၊ စကောကရင်နဲ့ တလိုင်းကရင် ဆိုပြီး အခြေခံအားဖြင့် လူမျိုးသုံးမျိုးရှိကြပါတယ်။ ပိုးကရင်တွေဟာ မယ်တော်မာရီနဲ့ သားတော်ယေရှုကို ယုံကြည်ပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသလို ဗုဒ္ဓဘာသာကိုလည်း ယုံကြည်သက်ဝင်ကိုးကွယ်ကြပါတယ်။ စကောကရင်တွေကတော့ လူအများစုအနေနဲ့ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပြီး တချို့ကလည်း ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါတယ်။ တလိုင်းကရင်တွေမှာ လူအများစုဟာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသလို တစ်ဖက်မှာလည်း နတ်တို့ရဲ့ အယူဝါဒကို သက်ဝင်ယုံကြည်ကြပါတယ်၊ တောင်ပေါ်နဲ့ မြေပြန့်နေရာ အနှံ့အပြားမှာ နေထိုင်ကြပြီး တစ်ဦးနဲ့တစ်ဦး စည်းစည်းလုံးလုံးနဲ့ ချစ်ခင်တွယ်တာကြပါတယ်။



အဲဒါကြောင့်လည်း ကရင်အမျိုးသား ရှေးလူကြီးတွေဟာ ကရင်အမျိုးသားများတိုးတက်ရေးအတွက် အစဉ်ရှေးရှုလုပ်ဆောင်ခဲ့ကြသလို တစ်ပါတည်းအနေနဲ့ ကရင် အမျိုးသားတို့ရဲ့ စာပေ၊ ယဉ်ကျေးမှုနဲ့ ဝတ်စားဆင်ယင်မှုတို့ရဲ့ရိုးရာဂုဏ်ကိုလည်း ဖော်ဆောင်လိုတာကြောင့် ကရင်အမျိုးသားပြက္ခဒိန်ကို ထုတ်ဝေခဲ့ကြပါတယ်။ နှစ်စဉ် ကရင်အမျိုးသား ပြက္ခဒိန်စတင်ခဲ့တဲ့ နေ့တွေမှာ ကရင် အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကျင်းပခဲ့ကြ


ပါတယ်။ အဆိုပါ ပွဲတော်ကို ကျင်းပခဲ့ကြတာ ကာလည်း နောင်လာမယ့် ကရင်အမျိုးသား လူငယ် တွေ အနေနဲ့ ရှေးလူကြီးတွေရဲ့ လုပ်ဆောင်ချက် တွေကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ဖို့ ပြန်လည် အောက်မေ့သတိရနေကြဖို့နဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အပြန်အလှန် ချစ်ခင်လေးစား ကြတဲ့ အလေ့အထကြီး တစ်ခုကို ဖော်ဆောင်ပြသ နိုင်ကြဖို့ကိုလည်း ရည်ရွယ်ခဲ့ကြပါတယ်။

ပွဲတော်ကို ကျင်းပကြတဲ့အခါ နံနက် ၇ နာရီ ဝန်းကျင်မှာ ကရင်အမျိုးသားတွေအားလုံး စုံစုံ ညီညီ စုဝေးတက်ရောက်ပြီး ကရင်အမျိုးသား အလံတော်ကို လွှင့်ထူတာ အလေးပြုကြပါတယ်။ နေ့လယ်မှ မိမိတို့ယုံကြည်ကိုးကွယ်ကြရာ ဘာသာ အလိုက် ဝတ်ပြုဆုတောင်းမှုတွေ၊ အလှူဒါနတွေကို ပြုလုပ်ကြပါတယ်။ နေနည်းနည်းစောင်းလာတဲ့ အခါ ပျော်ပွဲစားကြဖို့အတွက် အစားအသောက် တွေကို စီမံပြုလုပ်ကြပါတယ်။ ညနေစောင်းပြီ ဆိုရင် ဘုရားကျောင်းအနီးက လယ်ကွက်ထဲမှာ တစ်ရွာလုံးက မိသားစုဝင်တွေ အားလုံးဟာအခင်း တွေကို ဆက်စပ်ပြီး စုစုဝေးဝေး ဝိုင်းဖွဲ့ ထိုင်ကြပါ တယ်။ သူတို့ရဲ့ ရှေ့စားပွဲတန်းကြီးပေါ် မှာ အိမ် ကနေယူလာတဲ့ ဟင်းထည့်စရာများကို တင်ထားပါ တယ်။ ရွာလူကြီးက ယောက်ချိုခွက်ကြီးနဲ့ ဝက် သား၊ ခရမ်းသီးနှပ်ဟင်းကို ခပ်ထည့်ပေးပြီးတဲ့ နောက် ပျော်ပျော်ရွှင်ရွှင်နဲ့ အားရပါးရ ပျော်ပွဲစား



ကြပါတော့တယ်၊ လူငယ်ပိုင်းမှာ အမျိုးသားတွေက အားကစားပွဲတွေ စီစဉ်ပြီး ယှဉ်ပြိုင်ကစားကြပါ တယ်။ အမျိုးသမီးတွေကလည်း အားကစားပွဲတွေ စီစဉ်ကစားကြပြီး တချို့ကတော့ ညဘက်မှာ ကျင်းပမယ့် ဖျော်ဖြေပွဲအတွက် အဆို၊ အကတွေ လေ့ကျင့်ကြပါတယ်။

နှစ်စဉ်ကရင်အမျိုးသားပြက္ခဒိန် စတင်ခဲ့တဲ့နေ့တွေမှာကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကိုကျင်းပခဲ့ ကြပါတယ်။အဆိုပါပွဲတော်ကို ကျင်းပခဲ့ကြတာကလည်းနောင်လာမယ့် ကရင်အမျိုးသားလူငယ်တွေအနေနဲ့ ရှေးလူကြီးတွေရဲ့လုပ်ဆောင်ချက်တွေကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ဖို့ပြန်လည် အောက်မေ့သတိရနေကြဖို့နဲ့ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အပြန်အလှန်ချစ်ခင်လေးစားကြတဲ့ အလေ့အထကြီးတစ်ခုကို ဖော်ဆောင်ပြသနိုင်ကြဖို့ကိုလည်း ရည်ရွယ်ခဲ့ကြပါတယ်။



ညဦးပိုင်းကိုရောက်လာတော့ အားလုံးဟာ ရေချိုး၊ အလှ ပြင်ကြပြီး ကောက်ဆော ဖျော်ရည်နဲ့ ကောက် ညှင်း ပြန့်ပေါင်း တွေကို ရိုးရာ အစား အစာအဖြစ် စားသောက်ကြပါတယ်။ ဖျော်ဖြေ ရေး ဗပြိုဆိုရင်လည်း ကာလပေါ် သီချင်းဆို ပြိုင်ပွဲ တွေကို သီဆိုကြသလို ရိုးရာအကများဖြစ်တဲ့ ဒုံးယိမ်းအက၊ ဝါးညှပ်အကနဲ့ ဝါးဆစ် အကတွေကို ပျော်ပျော်ရွှင်ရွှင် ကပြဖျော်ဖြေကြပါတယ်။ ပျော် ပျော်ရွှင်ရွှင် ကျင်းပဖျော်ဖြေကြရင်း ဆာလောင် လာရင်လည်း ညစာစားနိုင်ကြဖို့ ထမင်းဖြူနဲ့ တာလပေါ့ ဟင်းချိုလို ရိုးရာဟင်းချို တွေကိုလည်း စီစဉ်ချက်ပြုတ်ထားကြပါတယ်။ မှတ်မှတ်ရရ မဖြစ်မနေ စီစဉ်ကြရတာကတော့ စာပေနဲ့ ယဉ် ကျေးမှုကို ထိန်းသိမ်းနိုင်ကြဖို့အတွက် လိပ်ပြာတွေ စုချည်ကြတယ်ဆိုတဲ့သဘောနဲ့ ခေါ်စာပစ် ကျင်းပ ကြတယ်။ ခေါ်စာမှာ ကောက်ညှင်းပေါင်း၊ အုန်း သား၊ ကွမ်းယာ၊ လက်ဖက်နဲ့ ငါးကြော်တို့ ပါဝင်ပါ တယ်။ နတ်ကို တိုင်တည်ပြီး ပူဇော်ကျွေးမွေး ကြ တာပါ။ ဒီလိုနဲ့ပဲ ရိုးရာဓလေ့အရ ဂုဏ်ပြုအလေးပြု ပွဲ၊ ဆုတောင်း ဝတ်ပြုပွဲ၊ ပျော်ပွဲစားနဲ့ အားကစား ပွဲတွေ၊ ဖျော်ဖြေရေးပွဲတွေကို ကျင်းပကြရင်း ရိုးရာ အစားအစာ၊ ရိုးရာဝတ်စား ဆင်ယင်မှု၊ ရိုးရာ ဓလေ့စရိုက်တွေနဲ့ ကရင်အမျိုးသားတို့ရဲ့ အမှတ် အသားတွေ ဖြစ်ခဲ့ကြပါတယ်။ အဲဒါကြောင့်ပဲ ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဟာ နှစ်စဉ် သတိတရနဲ့ အမှတ်တရ ရှိခဲ့ကြရတဲ့ ရိုးရာဓလေ့ ပွဲတော်ကြီးတစ်ခု ဖြစ်နေပါတော့တယ်။

မိုးသောက်ကြယ်



Asian Media Group

ဝတ္ထုတိုရသ

(၁)

**"ဖြစ်ပါ့မလား** အန်တီအေးရယ်. . . ရဝေ့အနေနဲ့ စာသွားသင်လို့ ဖြစ်ပါ့မလားဟင်"

ရဝေ့ ထံမှ မမျှော်လင့်သော တုံ့ပြန်မှုကြောင့် ကျွန်မ အံ့ဩသွားသည်။ လတ်တလော အခြေအနေမှာ ရဝေ့အနေနှင့် အလုပ်လိုအပ်နေသည်၊ အပြင်အလုပ်ကလေးရမှ အပို ဝင်ငွေရမည်။ အပိုဝင်ငွေရမှ ရန်ကုန်မှာ သင်တန်းတွေ ဆက်တက်နိုင်မည်။ ယခုတက်နေဆဲ မဟာဝိဇ္ဇာတန်းကိုလည်း အပြီးသတ်နိုင်မည်။ တောမြို့လေးတစ်မြို့မှလာပြီး ကျောင်းတက်ရသူ ရဝေ့ကို မိဘများကလည်း



ပြည့်စုံအောင် ထောက်ပံ့နိုင်သည် မဟုတ်။ သည်ကြားထဲ ရဝေကလည်း လောဘကြီးသည်။ အင်္ဂလိပ်စာ သင်တန်း၊ ကွန်ပျူတာ သင်တန်းတွေ လိုက်တက်သေးသည်။ သူ ရည်မှန်းသည့် တက္ကသိုလ် ဆရာမဘဝကိုလည်း မရောက်သေး။

တူမဖြစ်သူ ကေသီမှတစ်ဆင့် ရဝေနှင့် သိခဲ့ရသည်။ တစ်ဦးတည်း နေသော သူ့တိုက်ခန်းမှာ ကေသီက လာနေသည်။ ကေသီ၏ တောင်းပန်စကားကြောင့် သူငယ်ချင်းဖြစ်သူ ရဝေ့ကိုပါ လက်ခံထားခဲ့ရသည်။ အငြိမ်းစား ကျောင်းဆရာမ အပျိုကြီးမို့ သားသမီးမရှိ၊ လူတစ်ယောက်၊ အခန်းတစ်ခန်းနှင့် ဆိုတော့ အထီးကျန်လွန်းလှသည်။ လာနေသည့် အဖော်လေးတွေရှိတော့ စကားပြောဖော်ရသည်။

"အပျိုဝင်ငွေလေး ဘာလေး ရရင် ကောင်းမှာပဲ အန်တီအေးရယ်.. အခု ရဝေ့ မှာက စာသင်နေတဲ့ ၅ တန်းကလေး ၂ ယောက်ပဲ ရှိတယ်။ သူထက်ကြီးတဲ့ အတန်းတွေလည်း ရဝေ သင်နိုင်ပါတယ်... မေမေတို့ ဖေဖေတို့ကိုလည်း ပြန်ပေးချင်တယ်လေ... သူတို့မှာ လည်း ပင်စင်လေးနဲ့ နေရတာ..."

ရဝေ့ထံမှ မကြာခဏ ကြားရတတ်သော စကားများဖြစ်သည်၊ ကြားရတိုင်း ကျွန်မရင်မောရသည်။ ငယ်ငယ်ရွယ်ရွယ်၊ လှလှပပ မိန်းကလေးတစ်ဦးအဖို့ ငွေကြေးအခက်အခဲများနှင့် မွန်းကျပ်နေသည်ကို ကြည့်ရင်း ကိုယ်ပါပင်ပန်းလာသလို ခံစားရသည်။ ဘဝကမပြည့်စုံသော်လည်း ဘဝကို အရှုံးမပေးဘဲ ကြိုးစားသူလေးမို့ အားပေးချင်သည်၊ မိတ်ဆွေများထဲမှ ကျူရှင်ဆရာမ လိုအပ်နေသူတွေ ရှိ မရှိ နားစွင့်ထားရသည်။ ရှိလျှင် ရဝေနှင့် စပ်ပေးချင်သည်။

ယနေ့အဖို့ ကျူရှင်တစ်ခု ရလာသည်။ ကျွန်မ သူငယ်ချင်း၏ သားကျော်ထွန်းသာ နှင့် တွေ့သည်။ ကျော်ထွန်းသာက အသက်လေးဆယ့်ငါးနှစ်ခန့်ရှိသည်၊ ဇနီးသေဆုံးသွားပြီး သားလေးတစ်ယောက်နှင့် ကျန်ခဲ့သည်။ သားက ကိုးတန်း ရောက်နေပြီ။ သားနှင့်အတူ စာကျက်ပေးရန် ဆရာတစ်ယောက်လို နေသည်။ သည်နေရာမှာ အကွက်ချောင်းနေသော ကျွန်မအတွက် အံဝင်ခွင်ကျ ဖြစ်သွားသည်။

"တို့အိမ်မှာနေတဲ့ ဆရာမလေး ရှိတယ်..." ဝမ်းသာအားရနှင့် ပြောသည်။

"ပညာအရည်အချင်းက ဘယ်နှတန်း အောင်လဲ၊ ဘာဘွဲ့ရလဲ"



ကျော်ထွန်းသာကလည်း ကြီးကြီးကျယ်ကျယ်သမား။ ကုမ္ပဏီတစ်ခုက မန်နေဂျာကြီးဆိုတော့ ကြီးကျယ်ပေမည်ပေါ့။ အို . . . ကျော်ထွန်းသာက နဂို ကတည်းက ဟိတ်ကြီးဟန်ကြီး . . . သူ့မိန်းမ'ခိုင်'ကသာ ရည်မွန်ဖြီး သဘောကောင်းတာ . . .

"ဘွဲ့ကတော့ မေးမနေနဲ့ . . . မဟာဝိဇ္ဇာ . . . မဟာဝိဇ္ဇာ"

"ဘွဲ့ရပြီးသားလား . . ."

"ရတော့မှာ . . . မကြာခင်ရတော့မှာ . . ."

"ဘာနဲ့မဟာဝိဇ္ဇာရမှာလဲ . . . သားကို အင်္ဂလိပ်စာသင်ပေးနိုင်ဖို့က အဓိကပဲ'

"အင်္ဂလိပ်စာနဲ့ပါ . . . အင်္ဂလိပ်စာနဲ့ပါ . . အိုးမေကျာပါ"

ကျွန်မသည် သူ့မေးသမျှကို သွက်သွက်လက်လက်၊ ရှိရှိသေသေ ဖြေနေမိသည်။ ဘာကြောင့် ဒီလောက် ရှိသေနေရပါလိမ့်၊ ဘာကြောင့် ဒီလောက် သွက်လက်နေရပါလိမ့် . . . ရှိသေရပေမည်ပေါ့၊ ကိုယ့်က ရဝေ့ကို အလုပ်သွင်းပေးချင်သည်လေ။ သွက်လက်ရပေမည်ပေါ့၊ ကိုယ်က ရဝေ့အတွက် တစ်ခုခု ဖြည့်ဆည်းပေးချင်သည်လေ။

"ဒါဆိုရင် အဆင်ပြေမှာပါ"

သူ့အပြေကြောင့် ကျွန်မ စိတ်အေးသွားရသည်။

"လခက ဘယ်လောက်ပေးမှာလဲကွယ်"

သူ့ကို ရှိရှိသေသေ မေးရပြန်သည်။

"အရင်ဆရာမတုန်းကတော့ ရှစ်သောင်းပဲ"

"တို့ဆရာမလေးလည်း ရှစ်သောင်းပေးပါကွယ်"

"အို . . . အန်တီအေးကလည်း . . . တစ်လနှစ်လတော့ စမ်းကြည့်ပါရစေဦး၊ အဆင်ပြေတော့မှ တိုးပေးမယ် . . . စချင်းတော့ ခြောက်သောင်းပဲပေးမယ်"

"မလုပ်ပါနဲ့ကွယ် . . . ရှစ်သောင်းစီပေးပါ . . . မင်းစိတ်တိုင်းကျရပါစေမယ် . . . တို့ဆရာမလေးက သိပ်တော်တာ . . . သူသင်တဲ့ကလေးတွေက အတန်းထဲမှာ အဆင့်ကောင်းတယ်"

"အတန်းကြီးကို သင်ဖူးလို့လား"

"သင်ဖူးပါတယ်ကွယ် . . . သင်ဖူးပါတယ်"

မသုံးစဖူး မုသားသုံးလိုက်သည့်အတွက် ကျွန်မစောင့်ထိန်းနေကျ ငါးပါးသီလ ကျိုးပေါက်သွားမှန်း သိလိုက်ရသည်။ ဘယ်တတ်နိုင်မလဲလေ သူများအတိုင်းဆောင်တာပဲဟု စိတ်ကို နှစ်သိမ့်လိုက်ရသည်။

"ဆရာမနဲ့ ဘယ်လိုတွေ့ရမလဲ"

"အန်တီ ခေါ်လာခဲ့ပါ့မယ်"

ကျော်ထွန်းသာနှင့် သဘောတူညီမှုရလိုက်သည့်အတွက် ဝမ်းသာလိုက်ရသည်ဖြစ်ခြင်း။ ရဝေသာသိလျှင် ဘယ်လောက်ပျော်လိုက်မည်လဲ . . . ကျော်ထွန်းသာတို့က မိတ်ဆွေပေါသည်။ အသိုင်းအဝိုင်းကောင်းသည်။ ကျော်ထွန်းသာ သားနှင့် အဆင်ပြေသွားလျှင် ရှေ့ဆက်ပြီး ကျောင်းသားတွေ ရလာနိုင်သည်၊ ငွေပိုငွေလျှံထွက်လာမှ မိဘတွေအတွက် စိတ်အေးရရှာမည်။

"ရဝေ့အတွက် ကျောင်းသားတစ်ယောက်ရပြီ . . . တစ်လရှစ်သောင်းရမှာကွဲ့"

ကျွန်မစကားအဆုံးတွင် ရဝေ့မျက်နှာလေးဝင်းပသွားသည်။

"ဟာ . . . ဟုတ်လား . . . ကောင်းလိုက်တာ အန်တီရယ် . . ဘယ်သူ့အိမ်မှာ သင်ရမှာလဲဟင်၊ ကျောင်းသားလား . . . ကျောင်းသူ

ငယ်ငယ်ရွယ်ရွယ်၊ လှလှပပ မိန်းကလေး တစ်ဦးအဖို့ ငွေကြေးအခက်အခဲများနှင့် မွန်းကျပ်နေသည်ကို ကြည့်ရင်း ကိုယ်ပါ ပင်ပန်းလာသလို ခံစားရသည်။ ဘဝက မပြည့်စုံသော်လည်း ဘဝကို အရှုံးမပေးဘဲ ကြိုးစားသူလေးမို့ အားပေးချင်သည်။

Asian Fame Media Group

လား"

ကျွန်မက အကျိုးအကြောင်း ရှင်းပြရသည်။ ကျော်ထွန်းသာ အကြောင်းလည်း ပါသည်။ မှဆိုးဖို ဖြစ်ကြောင်း သိလိုက်ရသောအခါ ရဝေ့အမူအရာ ပြောင်းသွားသည်။ တုန်တုန်လှုပ်လှုပ် ဖြစ်သွားသည်။ ဖြစ်ပါ့မလားဟု ဆိုသည်။

"မဖြစ်ဘူးနဲ့ တူတယ်အန်တီ . . . ဖြစ်မယ်မထင်ဘူး"

ရဝေ့အနေနှင့် အံ့သြဝမ်းသာ လိမ့်မည်ဟု မျှော်လင့်ထားသော ကျွန်မအတွေးများ လွင့်ပြယ်သွားရသည်။ ဖြစ်ပါ့မလားဆိုသည့်မေးခွန်း၏ အကြောင်းရင်းကို တွေးမရသလို မဖြစ်ဘူးနဲ့တူတယ်ဟူသော အငြင်းစကား၏ အကြောင်းရင်းကိုလည်း မစဉ်းစားတတ်။

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ ဟင်"

"ဟို . . . ဟို . . . ဟိုလေ . . . အန်တီရဲ့ . . . သူက မုဆိုးဖိုကြီး"

ရှုံ့တွန့်တွန့်အမူအရာလေးနှင့် ရဝေ ပြောသည်။

"မုဆိုးဖိုနဲ့ ဆရာမနဲ့ ဆိုင်လို့ လား"

မသိနားမလည်စွာနှင့် ပြန်မေးမိသည်။

"အို . . . အန်တီကလည်း . . . ဆိုင်တာပေါ့"

မျက်လုံးလေး ပေကလတ်၊ ပေကလတ်ပြုကာ ကြောက်သလိုလို ဟန်ကလေးနှင့် တုံ့ပြန်သည်။ ကျွန်မ ဦးနှောက်ထဲမှာ အပြင်းအထန် အလုပ်ရှုပ်သွားသည်။ ကျွန်မ လိုက်မမီနိုင်သောအကြောင်းမို့ ပင်ပင်ပန်းပန်းစဉ်းစားရသည်။

မုဆိုးဖိုနဲ့ဆရာမ၊ ဆရာမနဲ့ မုဆိုးဖို ဘာဆိုင်သလဲ . . . ဘာဆိုင်သလဲ . . . ဘာမှမဆိုင်ဘူး။ ယုတ္တိဗေဒနည်းနဲ့တွက်တောင် ဆိုင်စရာ အကြောင်းမရှိဘူး။

"မုဆိုးဖိုနဲ့ဆရာမ ဘာမှမဆိုင်ဘူး . . . ဆရာမက ကျောင်းသားကို စာသင်မှာပဲ . . . မုဆိုးဖိုရဲ့သားကို စာသင်မှာလေ . . . မုဆိုးဖိုကို စာသင်မှာမှ မဟုတ်တာ"

ကျွန်မဦးနှောက်ထဲမှ ပြတ်သားသောအဖြေ ထွက်လာပြီမို့ ပြတ်ပြတ်သားသား ပြောလိုက်သည်။

ရဝေ၏ မျက်လုံးများနှင့် ရင်ဆိုင်ရသည်။ တစ်လောကလုံးကို ကြောက်ရွံ့နေသည့် မျက်ဝန်းများ။ ဘုရား . . . ဘုရား . . . သူ့ခမျာ တကယ် ကြောက်နေတာပါလား . . ငါက ဘာဖြစ်လို့ ကြောက်စရာလို့ မတွေးမိပါလိမ့် . . . ကျွန်မ ဦးနှောက်တွေ အလုပ်ရှုပ်ရပြန်သည်။

"အန်တီကတော့ ဘယ် ကြောက်မလဲ၊ ရဝေက ကြောက်ချင် ကြောက်မှာပေါ့"

စာဖတ်နေသည့် တူမတော် ကေသီက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"ငါက ဘာလို့မကြောက်ရတာလဲ . . . သူက ဘာလို့ကြောက်ရတာလဲ . . ပြောပါဦး"

အလေးအနက်ထား တွေးနေသော ကျွန်မကိုကြည့်ပြီး ကေသီရယ်သည်။

"အန်တီက အသက်ခြောက်ဆယ်ကျော်အဘွားကြီးလေ . . ရဝေက အသက်နှစ်ဆယ်ကျော် အပျိုလေးလေ"

လေသံအေးအေးနှင့် ကေသီ ရှင်းပြတော့မှ ကျွန်မ သဘောပေါက်တော်မူသည်။ ဦးနှောက်ကလည်း ညံ့လိုက်တာ . . .

"ဒါဆိုရင် ညည်းတို့အတွက် အလုပ်ရှာတာက တစ်ခုလပ်လား၊ မုဆိုးဖိုလားဆိုတာ ရှောင်ပြီး ရှာရမှာလား၊ ကိုယ်ရေးရာဇဝင်ပါ တောင်းပြီး ကြိုက်မှ လက်ခံမှာပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး အန်တီရယ် . . သမီးက မိန်းကလေး ဆိုတော့ဟိုတွေး . . . ဒီတွေး . . .

ဖေဖေနဲ့မေမေသိရင် ခွင့်ပြုပါ့မလား ပေါ့၊ မိန်းကလေးဆိုတော့ အစစ အရာရာ ဆင်ခြင်နိုင်မှလေ"

နှစ်ဆယ့်တစ်ရာစု မိန်းကလေး တွေ . . . မျိုးဆက်သစ်ကလေးတွေ တော်လိုက်ကြတာ၊ ဆင်ခြင်တုံတရား ကြီးမားလိုက်ကြတာ၊ အဝေးကြီးကို လှမ်းမြင်တတ်ကြတာ။ ကျွန်မတို့မှာ သူတို့လောက် မတွေးမိခဲ့ပါလား။

"အေးလေ . . . သမီးကြောက် ရင်လည်း တခြားတစ်ယောက်ပဲ ရှာပေးလိုက်တော့မယ် . . . အလုပ်လိုချင်တဲ့ လူတွေက ပေါပါတယ်"

ကျွန်မ စိတ်လျှော့လိုက်သည်။ မိန်းမပျိုလေးတစ်ယောက်ကို မဆင်မခြင် အလုပ်ရှာပေးမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပါသည်။ ကျော်ထွန်းသာကို ကျွန်မစထားမိသည်မို့ သူ့အတွက် စီစဉ်ပေးရဦးမည်။ သည်တစ်ကြိမ်မှာတော့ အသက်ကြီးကြီး ဆရာမရှာရမည်။ တစ်ချိန်တည်းမှာပင် ဒေါ်ယုယုနွယ်ကို သတိရလိုက်သည်။ သူက အိမ်ထောင်နှင့် ကလေးသုံးယောက်အမေဆိုတော့ မုဆိုးဖိုကို ကြောက်မည်မဟုတ်။

"ကေသီရေ . . . တယ်လီဖုန်း စာအုပ်ပေးစမ်းပါ၊ ယုယုနွယ်ဆီ ဖုန်းဆက်မလို့ . . . ကျော်ထွန်းသာ သားအတွက် ဆရာမရမှ ဖြစ်မယ် လေ"

မုဆိုးဖိုနဲ့ ဆရာမ

ဆရာမနဲ့ မုဆိုးဖို

ဘာဆိုင်သလဲ

ဘာဆိုင်သလဲ

ဘာမှမဆိုင်ဘူး။

ယုတ္တိဗေဒနည်းနဲ့

တွက်တောင် ဆိုင်စရာ

အကြောင်းမရှိဘူး။



Asian Fame Media Group



အို… ဘယ်ဖြစ်ပါ့မလဲ။
သူက မုဆိုးဖိုလေ။
ညည်းက မိန်းမပျိုလေ။
ညည်း မကြောက်ဘူးလား။
ညည်းပဲ ကြောက်တယ်ဆို။

"ဟို… ဟို နေပါဦး အန်တီရယ်… ရဝေ စဉ်းစားချင်ပါသေးတယ်၊ လခကောင်းတော့ ရဝေလက်မလွှတ်ချင်ဘူး… တစ်ညလောက်တော့ ရဝေ့ကိုစဉ်းစားချိန်ပေးပါလား ဟင်"

ရဝေ့စကားကြောင့် တယ်လီဖုန်းမဆက်ဖြစ်သေး။

"အိမ်စိတ်ပူရင်တော့လည်း မလုပ်ပါနဲ့… မုဆိုးဖို မဟုတ်တဲ့ ကျူရှင်ရှာပေးပါဦးမယ်ကွယ်…"

"ကြောက်တော့ကြောက်တာပေါ့ အန်တီရယ်။ ဒါပေမဲ့ ကိုယ်က ငွေလိုနေတာ မဟုတ်လား၊ မုဆိုးဖိုဆိုပေမယ့်လည်း … အဲ … စွန့်သင့်စွန့်ရမှာပေါ့… သတ္တိ မွေးယူရမှာပေါ့"

ဖျော့တော့တော့ လေသံလေးနှင့် ပြောတော့ကရုဏာသက်ရပြန်သည်။ သူ့ဘာကြောင့် မုဆိုးဖိုကို ကြောက်နေရပါလိမ့်… မုဆိုးဖိုနှင့် ဇာတ်လမ်းများရှိခဲ့လို့လား… … ရဝေက ချောချောလေးဆိုတော့ ဖြစ်ချင်ဖြစ်နိုင်သည်။

"မုဆိုးဖိုကတော့ ကိုက်မစားလောက်ပါဘူးနော်"

သူ့စိတ်ကိုသူဖြေသိမ့်ပြီး သတ္တိမွေးနေပုံရသည်။

"ကိုက်မစားပါဘူး… ဆရာမဆိုတာ စားစရာမှမဟုတ်တာ"

ကျွန်မအပြေကြောင့် ကေသီ ခစ်ခနဲရယ်သည်။

"အန်တီကတော့ သူ့သီအိုရီနဲ့ သူ့လောကကြီးမှာ ရဲရဲနေခဲ့တာ… ဒါကြောင့်လည်း အပျိုကြီးဖြစ်ခဲ့တာ… ကြောက်တတ်ရင် အိမ်ထောင်ကျမှာပေါ့၊ အားကိုးရာရှာမှာပေါ့"

ကေသီပြောသလိုပါပဲ။ ကျွန်မကလည်း ကျွန်မပါပဲ။ ဘာကိုမှ ကြောက်စရာဟု သတ်မှတ်ခဲ့သူမဟုတ်။ အပျိုကြီးဖြစ်ရမှာလည်း ကြောက်ခဲ့သူမဟုတ်။

"အန်တီခေါ်သွားမယ်… ကျော်ထွန်းသာနဲ့ တွေ့ကြည့်… သူ့ကိုမကြောက်ရင် သင်၊ ကြောက်ရင် မသင်နဲ့"

ရဝေခေါင်းညိတ်သည့် အတွက် မနက်ဖြန်ကျော်ထွန်းသာထံ သွားရန် သဘောတူညီမှု ရသွားသည်။

♦

"ဆရာမခေါ်နန်းရဝေ … မောင်သားကို သင်မယ့်ဆရာမ"

ရဝေ၏ ရှက်ရွံ့ရွံ့မျက်ဝန်းများနှင့် ကျော်ထွန်းသာ၏ မထီတရီမျက်ဝန်းများ လမ်းခုလတ်တွင် ဆုံကြသည်။

"ပြော်… ဟုတ်ကဲ့… ဆရာမ … သားနဲ့ တွေ့လိုက်ပါ ဆရာမ… ဆရာမက သားနဲ့ပဲ ဆက်ဆံရမှာဆိုတော့ ဟိုဘက်ခန်းမှာသားနဲ့ တွေ့လိုက်ပါ၊ အန်တီကတော့ ဒီမှာပဲနေခဲ့ရင် ရပါတယ်။ ဆရာမချည်းပဲ လွှတ်လိုက်ရောပေါ့ … ဘာလို့ အပင်ပန်းခံပြီး လိုက်လာရတာလဲ"

ကျော်ထွန်းသာ၏ အေးစက်စက်၊ မာကျောကျောတုံ့ပြန်မှုကို ရဝေ့အနေနှင့် ကြိုတင်မျှော်လင့်ထားဟန်မတူပေ။ ရှက်ရွံ့ရွံ့ အမူအရာမှ ချက်ချင်းပင် ဒေါသရိပ်သန်းသွားသည်၊ ရဝေ၏မျက်ဝန်းအရောင်ပြောင်းသွားခြင်းကိုလည်း ကျော်ထွန်းသာက ဂရုပြုမိဟန်မတူ။ လူတစ်ဖက်သားနှင့်ဆက်ဆံလျှင် စိတ်မဝင်စားသလိုလို၊ အေးစက်သလိုလို၊ ဘဝင်ကိုင်သလိုလိုဟန်မျိုးကို ကိုယ်ပိုင်ဟန်အဖြစ် အသိအမှတ်ပြုခံရအောင် လေ့ကျင့်ထားသူဖြစ်သည်။ သူနှင့် မကြုံဖူးသော ရဝေ့အဖို့တော့ အခံရခက်သွားမည်ပင်။

ပျက်ယွင်းသွားသော ဣန္ဒြေကို ပြန်ထိန်းပြီး သားရှိရာ အခန်းထဲသို့ ရဝေ ဝင်သွားသည်။

"ဆရာမက သူ့စိမ်းသက်သက်ဖြစ်နေလို့ လိုက်ပို့တာ"

"နောက်ဆိုလိုက်မပို့နဲ့ အန်တီ၊ ကိုယ်က အသက်ကြီးပြီ။ ဆရာမတွေ ဒီလိုပဲလာနေကြတာပဲ။ စာသင်ပြီးတဲ့အထိ စောင့်မနေနဲ့၊ အန်တီ့ကို ကျွန်တော် ပြန်ပို့ပေးမယ်"

အပြန်လမ်းတစ်လျှောက်လုံး ရဝေ့အတွက် တွေးပူနေမိသည်။ ရဝေတော့ စိတ်ညစ်သွားမှာပဲ။ ရဝေ စိတ်လျှော့လိုက်မလား။ စိတ်လျှော့လိုက်ရင်လည်း နေရာအသစ်ရှာပေးရမှာပါပဲ။

"ဦးကျော်ထွန်းသာက ဘဝင်သမားကြီး၊ လူကလည်း ပုံပန်းမကျရတဲ့အထဲ ဘဝင်ကကိုင်နေရသေးတယ်။ အသားမည်းမည်း၊ ပုပုဝဝ၊ ဒါနဲ့များ ချမ်းသာတယ်ဆိုပြီး မောက်မာနေတာ"

အိမ်ပြန်ရောက်သည်နှင့် ကျော်ထွန်းသာ၏ ဂုဏ်ပုဒ်များကို အဆက်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ရဝေပြောလည်း ပြောစရာပင်။ ကျော်ထွန်းသာမှာ စည်းစိမ်ဥစ္စာမှလွဲ၍ မက်စရာမရှိ။ ကျွန်မငယ်ငယ်က တန်းစီထားပြီး မရွေးဖြစ်ခဲ့သော ယောကျ်ားများစာရင်းတွင် ကျော်ထွန်းသာလို ပုံမျိုးမပါတာ အမှန်။

"ရဝေ စိတ်ပျက်ရင်လည်း မလုပ်နဲ့လေ"


"စိတ်တော့ပျက်တာပေါ့… သူ့ရုပ်မြင်တော့ ကြောက်လိုက်တာ၊ သူ့မျက်နှာထားကြီးကြောင့် ရင်တွေတလှပ်လှပ်ခုန်သွားတာ၊ သူ့မျက်လုံးကြီးတွေက လူသေမျက်လုံးကြီးတွေလိုပဲ အေးစက်စက် … အသံကငှက်ဆိုးထိုးသံလိုပဲ။ လူကိုဆက်ဆံပုံက မထီလေးစား… မတူသလိုလို… မတန်သလိုလို"

ကျော်ထွန်းသာ၏ အလှဘွဲ့များကို စုစည်း၍ တေးသီနေသည်။

"မသွားပါနဲ့တော့ ရဝေရယ်၊ ရဝေ့ကို စိတ်ညစ်အောင်လုပ်မိတဲ့အတွက် အန်တီ တောင်းပန်ပါတယ်…"

"ရပါတယ် အန်တီ… သူ့ကို ရဝေ မကြောက်ပါဘူး… ကြောက်နေလို့လည်း မဖြစ်ဘူးလေ…

Asian Fame Media Group



ဖေဖေနဲ့မေမေကလည်း ကောင်းကောင်းမကျန်းမာတော့ ဆေးဖိုးဝါးခ ပြန်ပေးချင်တယ်"

"တခြားကျောင်းသားမရခင်တော့ လုပ်ကြည့်လိုက်ပေါ့လေ. ."

"ဦးကျော်ထွန်းသာက မိန်းကလေးတွေကိုလည်း စိတ်ဝင်စားပုံမရပါဘူး. . . သမီးအဖို့တော့ အန္တရာယ်မရှိနိုင်ပါဘူး"

"အင်း. . . အင်း. . . ဟုတ်မှာပါ. . . ဟုတ်မှာပါ. . . သူကရှုပ်ရှုပ်ပွေပွေထဲက မဟုတ်ပါဘူး"

"လူကြီးရဲ့ ပုံပန်းကတော့ ကြောက်စရာကြီး. . . ဒါပေမဲ့ သမီးအတွက်တော့ ကြောက်စရာ မဟုတ်တော့ပါဘူး. . ."

ထိုနေ့မှစ၍ ကျော်ထွန်းသာတို့အိမ်သို့ ရဝေ ပုံမှန်သွားသည်။ ကျော်ထွန်းသာနှင့် ပတ်သက်သည့် ညည်းသံ၊ ညျသံမကြားရ၍ စိတ်သက်သာရသည်။

"အန်တီရေ. . . ဦးကလေ သမီးကို စာသင်ဝိုင်းတွေရှာပေးတယ်။ နှစ်ဝိုင်းထပ်ရတယ် "

ရဝေ့ထံမှ မြူးမြူးကြွကြွလေသံကို ကြားရသည့်အတွက် ဝမ်းသာရသည်။ ငယ်ရွယ်သည့် မိန်းမပျိုလေးဖြစ်သော်လည်း ရဲရဲဝံ့ဝံ့နှင့် ဘဝကို ရင်ဆိုင်ဖြတ်သန်းနိုင်သည့် စွမ်းရည်ကို ချီးကျူးမိသည်။

"အဲဒါကြောင့် ပြောတာပေါ့ သမီးရဲ့။ လူတစ်ယောက်ကို အပေါ်ယံအသွင်အဖြစ်ကြည့်ပြီး အလွယ်တကူ မဆုံးဖြတ်သင့်ဘူးဆိုတာပေါ့"

"သမီးက အကဲဖြတ်တာ စောသွားတယ်။ ဦးရဲ့ အေးစက်တဲ့မျက်ဝန်းတွေအောက်မှာ နွေးထွေးမှုတွေရှိပါတယ် အန်တီရယ်၊ မဖော်ရွေတဲ့ ဆက်ဆံရေးရဲ့ နောက်ကွယ်မှာ လှိုက်လှဲမှုတွေကို တွေ့ရပါတယ်"

ရဝေပျော်နေသည်ကို ကြည့်ပြီး ကျွန်မလည်း ပျော်မိသည်။ ပျိုရွယ်သူတို့အတွက် ဝမ်းနည်းခြင်း၊ ပျော်ရွှင်ခြင်းတို့ ရောပြွမ်းသည့် ခံစားမှုများနှင့် ဘဝကိုရင်ဆိုင်ဖြတ်သန်းရင်း ဘဝတာ အဓိပ္ပာယ်ရှိနေမြဲပဲ မဟုတ်ဘူးလား. . . ငှက်ကလေးတွေလိုပဲ ဘဝကောင်းကင်ပြင်မှာ ပျော်ရွှင်စွာပျံသန်းနေကြပေမပေါ့။

ရဝေနှင့်ပတ်သက်၍ အပြောင်းအလဲတွေကို တွေ့လာရသည်။ အိမ်အပြန်နောက်ကျလာသည်။

"နောက်တစ်ဝိုင်းတိုးလို့ အန်တီရေ"

"ဒီနေ့ နည်းနည်းနောက်ကျတယ်။ ဦးရဲ့သားက စာမေးပွဲနီးပြီလေ၊ သူ့ကိုအချိန်ပိုယူပြီး စာကျက်ပေးနေရတယ်လေ။ သားက ရဝေမရှိရင် စာမကျက်တော့ဘူး. . ."

အိမ်သို့ပြန်ရောက်ချိန် နောက်ကျတိုင်း ရဝေ့ထံမှ ကြားရသည့် စကားများဖြစ်သည်၊ ကြောက်တတ်သော ရဝေတစ်ယောက် ဘဝသတ္တိတွေရှိလာပြီဟုတွေးကာ ကျေနပ်မိပါသည်။ တစ်ခါတစ်ခါတော့လည်း ရဝေ့အနေနှင့် စိုးစဉ်းမျှကြောက်ရွံ့ဟန်မရှိတော့သည့်အတွက် အံ့ဩရသည်။ မတွေးတတ်အောင်လည်း ဖြစ်ရသည်၊ ဘာပဲဖြစ်ဖြစ် မိန်းမပျိုလေးတစ်ဦးအနေနှင့် အိမ်အပြန်နောက်ကျချိန်၏ နောက်ကွယ်တွင် စိုးရိမ်စရာတွေ ရှိနေသည်ဟုလည်း ခံစားရသည်။

◆

ယနေ့တစ်နေ့လုံး ဘုန်းကြီးကျောင်းမှာ ဥပုသ်သွားစောင့်နေလိုက်သည်။ အိမ်ပြန်ရောက်တော့ အဆင်သင့် သိမ်းဆည်းထားသော အထုပ်အပိုးများနှင့် ရဝေ့ကို တွေ့ရသည်။

"သမီး အိမ်ပြောင်းတော့မယ် အန်တီ. . ."

"ဟင်. . . ဘယ်အိမ်ကို ပြောင်းမှာလဲ. . ."

"ဟိုလေ. . . ဟို. . . ဟို. . . 'ဦး'. . . 'ဦး'တို့အိမ်ကိုပါ"

"ဘာ. . . ဘယ်လို. . . ကျော်ထွန်းသာတို့ အိမ်ကိုပြောတာလား. . ."

"ဟုတ်. . . ဟုတ်. . ."

"အို. . . ဘယ်ဖြစ်ပါ့မလဲ။ သူက မုဆိုးဖိုလေ၊ ညည်းက မိန်းမပျိုလေး။ ညည်းမကြောက်ဘူးလား . . . ညည်းပဲ ကြောက်တယ်ဆို"

ရဝေ ယဲ့ယဲ့လေးပြုံးနေသည်။

"ဟို. . . ဟို. . . ဟိုလေ. . . သားက စာမေးပွဲနီးလာပြီဆိုတော့ အချိန်ပြည့်စာကျက်ပေးဖို့ပါ အန်တီ . . . အဲဒီအိမ်မှာ ဦးရဲ့အစ်မကြီးလည်း ရှိပါတယ်. . ."

အပျိုကြီးဖြစ်ပါလျက် တွေ့သမျှလူကို သမီးတစ်ယောက်လို ခံစားတတ်၊ စိုးရိမ်တတ်သော ကျွန်မကိုယ်ကိုယ်ကျွန်မ စိတ်တိုမိသည်။ စိတ်တိုမိသည်ကြားကပင် လှပသော ရဝေအတွက် စိုးရိမ်နေရပြန်ပြီ၊ သားမြစ်နေမိပြန်သည်။

"အန်တီ့အမြင်ကတော့ ကျော်ထွန်းသာ အိမ်မှာသွားနေတာ မသင့်တော်ဘူးလို့ထင်တယ်"

"ဩော်. . . ဒါ. . . ဒါ. . . ဒါတော့လည်း အန်တီရယ်. . . ကိုယ့်ကျောင်းသားအတွက် လိုအပ်နေတာကိုး"

"လိုအပ်ပေမယ့် သွားနေတဲ့အထိတော့ မလိုအပ်ဘူးလို့ထင်တယ်"

"ဦး. . . ဦးက မေတ္တာရပ်ခံလို့ပါ၊ ရဝေမရှိရင် မဖြစ်ဘူးတဲ့လေ။ ဦးကို သနားတယ်"

"ဘာ. . . သနားတယ်. . . ဟုတ်လား"

ကျွန်မအသံက အတန်ငယ်ကျယ်သွားသည်။ ရဝေကတော့ သူ့ဟန်အတိုင်း မပွင့်တပွင့်လေးနှင့်

"ဟုတ်. . . ဟုတ်. . ." ဟု တိုးတိုးလေးဆိုသည်။

လောကကြီး၏ ပြောင်းလဲခြင်းသီအိုရီကို အပျိုကြီးတွေ နားလည်ခဲ့ဟန်မတူပေ. . . အဲ့ဒီအထဲမှာ ကျွန်မလည်းပါသည်ပေါ့။ ပြောင်းလဲခြင်းသီအိုရီကို နားလည်သည့်အတွက် လက်မခံနိုင်သေး။

"ညည်း. . . ညည်း. . . မုဆိုးဖိုကြီးကို မကြောက်ဘူးလား"

"မကြောက်ပါဘူး အန်တီရယ် . . . မုဆိုးဖိုက ကိုက်စားတတ်တာမှ မဟုတ်တာ"

"အင်း . . . အင်း. . . ဟုတ်မှာပါ. . . ကိုက်စားတတ်မှာ မဟုတ်ပါဘူး" ကိုယ့်စိတ်ကို ကိုယ်လျှောပစ်လိုက်ရသည်။

ရဝေက ကျုံ့ကျုံ့လေးထိုင်သည်။ ရွှေကြာပန်းမာလက်အစုံကို အုပ်မိုး၍ ကန်တော့သည်။ ချောချောနွဲ့နွဲ့ ပျော့ပျော့လေးရဝေမှာ သတ္တိတွေများလှချည်လား။

"အေး. . . အေး. . . ကိုက်မစားပါစေနဲ့ကွယ်. . . ကိုက်မစားပါစေနဲ့"

ကျွန်မနှုတ်မှ ယောင်မှားပြီး ဆုပေးလိုက်ခြင်း ဖြစ်သည်။ ရဝေကတော့ ယဲ့ယဲ့နွဲ့နွဲ့လေးပြုံးကာ

"ဟုတ်. . . ဟုတ်. . . ကိုက်မစားပါဘူး အန်တီ. . . ကိုက်မစားပါဘူး"

ဟု ပြန်ပြောသည်။ ဖျော့တော့တော့ မျက်ဝန်းများက အခန်းပြင်ရောက်သည်နှင့် ဝင်းဝင်းတောက်သည့်အရောင်သို့ ပြောင်းသွားသည်။ ရဝေရယ်. . . မင်းဟာ ယုန်လား . . . ကျားလားကွယ်. . . မင်းဟာ ကျားပဲဖြစ်ပါစေ၊ ကျားပဲဖြစ်ပါစေ ဟု အပျိုကြီးဗီဗီ ဂုဏ်ထူးယဝါဒဖြင့် ဆုတောင်းလိုက်မိပါတော့သည်။

**မမိုးမြေ**

Asian Fame Media Group



Asian Fame Media Group
MEDIA GROUP

အဝတ်အစားက ကိုးရိုးကားရားနိုင်သလို လှုပ်ုံစံကလည်း ကိုးရိုးကားရား စကားပြောရင်လည်း သူများနားထဲ ရှောရှောရှူရှူ စီးဆင်းမသွားဘဲ နားဝမှာဖြစ်ဖြစ်၊ ရင်ထဲမှာဖြစ်ဖြစ် တစ်ခုတစ်ခု ကန့်လန့်တိုက်ပြီးမှ ဝင်ရောက်အောင် ပြောတတ်သူမှာ ရုံးက အမျိုးသမီးပင်။

ထိုအမျိုးသမီးကို တတ်နိုင်သလောက် ရှောင်၊ တစ်ရုံးတည်းမို့ မျက်စိလွှဲနေပေမယ့် သူ့ပုံရိပ်၊ သူ့အသံတွေက နားထဲမှာ ကျီးအာသလို ကြားနေရပြန်တယ်။ ဒါကြောင့် တစ်ခါတလေ ဘုန်းကြီးတရားခွေလေးကို နားထဲသွင်းထားလိုက်တယ်။ ဒါကို စားပွဲရှေ့လာရပ်ပြီး ဘာသီချင်းတွေ နားထောင်နေတာလဲ၊ အာဇာနည်လား၊ ချမ်းချမ်းလား၊ စိုင်းစိုင်းလားတဲ့။ သူ့ကို ပြန်မဖြေတော့ဘဲ နားကြပ်တစ်ဖက် အသာထိုးပေးလိုက်တော့ . . .

"ဟေ့ . . . ဟေ့ ဒီမှာ မယ်ညို့က တရားခွေနားထောင်နေတာ . . . စာရင်းတွေကို သာခုတွေ ထည့်ရိုက်မိနေဦးမယ်" ဆိုပြီး အသံကျယ်ကြီးနဲ့ တစ်ရုံးလုံးကြားအောင် အော်လိုက်တော့ ကျန်တဲ့သူတွေ အားလုံးက သူ့အသံကြောင့် မျက်လုံးလှန်ကြည့်ရင်း ပြုံးတာလိုလို၊ ဘာလိုလိုနဲ့ . . .။ ကိုယ့်နာမည် 'ညို့' တစ်လုံးတည်းကို ရှေ့ကနေ ဘယ်သူမှ မတတ်နိုင်းဘဲ မယ်တတ်ပြီး စီးစီးပိုးပိုး မယ်ညို့တဲ့။ လေတိုက်တိုင်း ယိမ်းတဲ့ညောင်ကိုင်းလို ဟိုစားပွဲကူး၊ ဒီစားပွဲကူးနဲ့ စကားတွေကို အလကားမတ်တင်း သယ်ယူပို့ဆောင်ရေးလုပ်၊ သူများတွေ နည်းနည်းပါးပါး အိပ်ငိုက်နေတာကို ဟာသလုပ်သလိုလို၊ ဘာလိုလိုနဲ့ ရုံးကလူကြီးသိအောင် သွားပြောတတ်သေးတယ်။


သူပါဝင်တဲ့ ထမင်းဝိုင်းဆို ကျွန်မ တမင်ရှောင်နေမိတယ်။ ဟုတ်တာတွေရော၊ မဟုတ်တာတွေရော ပါးစပ်မော်တာတပ်ထားသလို အဆက်မပြတ် ပြောတတ်တယ်။ ပိုက်ဆံချမ်းသာတဲ့ အမြဲတမ်း သူ့ထမင်းချိုင့်က ခြောက်တိခြောက်ကပ်ပေမယ့် ဘယ်တော့မှ လေသံက မလျှော့၊ သူများဟင်းတွေကို နိုက်စား၊ ယူစားတိုင်း ပေါ့သလေး၊ ငန်သလေး၊ စပ်သလေးနဲ့ အဆင်ပြေတာကိုမရှိ။ အစားစားတော့လည်း စည်းကမ်းမရှိ၊ အဝတ်အစားဆိုရင်တော့ ဈေးကြီးကြီးဝယ်ဝတ်လေ့ရှိပြီး ရုံးကို ကိုယ်ပိုင်ကားနဲ့ ရုံးတက်နိုင်သူ . . .။ ဒီရုံးမှာ သူကြည့်မရဆုံးက ကျွန်မဖြစ်ပြီး ကျွန်မ မနှစ်သက်၊ ကြည့်မရဆုံးကလည်း ထိုအမျိုးသမီး ဖြစ်လာတာ မဆန်းပါ။

ကျွန်မက သူ့အပေါ်မှာ ပုံမှန်ဆက်ဆံရေးပဲရှိပြီး ကိုယ့်အလုပ်ကို အထိခိုက်မခံသူ။ အခြားသူတချို့ကတော့ သူ့ကို မြှောက်ပေါ်င်းလေ့ရှိပြီး သူကလည်း ရက်ရောတယ်လေ။ သူ့ဆီမှာ စစ်မှန်တဲ့ သဘာဝမကျခြင်းတွေမြင်ရလေ ကျွန်မ သူ့ကိုဟန်ဆောင်ပြုံးပြဖို့တောင် အတော်ခဲယဉ်းခဲ့တယ်။ ဒါကြောင့် သီးသန့်ဆန့်ဆန့်နဲ့ တစ်ယောက်တည်းနေတတ်ခြင်းဟာ သူလိုပေါင်ဖွာ၊ ပေါင်ဖွာ စကားပြောတတ်သူအတွက်တော့ ထူးဆန်းလို့နေမှာပေါ့။ ကျွန်မ သူ့ဆီမှာ မျက်နှာဖုံးများ ဖွာကို တွေ့ပြီးအချိန်မှာ သူနဲ့

# ကနုပိုးတစ်ခု၏သီအိုရီ

## ချောအိမာန်(မန္တလေး)

ဝတ္ထုတိုရသ



Asian Fame Media Group

ဆက်ဆံဖို့ အင်မတန်ဝန်လေးခဲ့တော့တယ်။ နောက်တစ်ခုက ကျွန်မ မနှစ်သက်တဲ့ Brand ခုံမင်သူ၊ Brand ကို ရူးသွပ်သူထဲမှာ သူက အတိအကျပါဝင်လို့ နေတယ်။

မနက်လင်းလာချိန်ကစပြီး ရုံးမှာ တစ်ချိန်လုံးမြင်နေ၊ ကြားနေရတာကိုက ဝဋ်တစ်ခုများလားလို့ အောက်မေ့မိတယ်။

လောကကြီးက ရယ်စရာကောင်းတယ်လို့ လူတွေပြောတတ်ကြတယ်။ တကယ်တော့ လောကကြီးက ရယ်စရာကောင်းတာ မဟုတ်ပါဘူး။ လူတွေက ရယ်စရာကောင်းတာပါ။

တစ်ခါတလေကျ လူတွေက အစစ်အမှန်ကို အတုလို့ထင်ပြီး ဟန်ဆောင်တာကို စစ်မှန်တဲ့သဘာဝအလှတရား အရှိကိုအရှိအတိုင်းလို့ ထင်တတ်ကြတာ လူတွေပဲမဟုတ်လား၊ ဒီတော့ ဦးနှောက်ရှိတဲ့လူတွေက ပိုရယ်စရာကောင်းတာပေါ့ မဟုတ်ဘူးလား။

ဘဝမှာ သူတို့လို ရယ်စရာကောင်းတဲ့လူ တော်တော်များများနဲ့ ကြုံဖူးပြီးသွားချိန်မှာ ကျွန်မဟာ ပိုရယ်တတ်သွားပါတယ်။ ပိုပြီးလည်း စိတ်ပျက်လာတတ်တယ်။ ပိုပြီးလည်း တွေးတတ်လာတယ်။ ကျွန်မကို ပေါင်းရတာ အကာမရှိဘူးလို့ ပြောကြတယ်၊ ဒါပေမဲ့ အကာနဲ့လူသားများကိုတော့ ဘဝမှာ အံ့ဩစွာ တွေ့ခဲ့ရတယ်။

ကျွန်မဘဝမှာ အရင်ကမနှစ်မြို့တဲ့ အရာတွေကို ခေါင်းစဉ်တပ်ချရေးခဲ့တယ်။ ဆံပင်ရှည်ရှည်လမ်းသာရဲ့ပုံစံ၊ ဆီရွှဲရွှဲနဲ့ တိုကောက်ကပ်နေတဲ့ဆံပင်၊ ပုဆိုးတံမြက်စည်းလှည်းတဲ့ယောကျ်ား၊ မိန်းမတွေ၊ ပိုက်ဆံစကားသိပ်ပြောတဲ့ သူတွေ၊ အလိုက်မသိဘေးနားကနေ ဆေးလိပ်မီးခိုးတွေ ထုတ်လွှတ်တဲ့သူတွေ၊ ချိုင်းချွေးနံ့ကို ဂရုမပြုတဲ့သူတွေ၊ ထမင်းစားရင်း ခြေမစားဘဲ အတုံးလိုက် ဖွဲ့ချစားသူတွေ၊ ထမင်းစားပြီး လက်ကို စုတ်နေတတ်သူတွေ၊ မိန်းမတွေ့ရင် အငမ်းမရကြည့်သူတွေ၊ အကြွားသန်သူတွေ . . . အို အများကြီးပဲ။

လောကကြီးမှာ လျှောက်လှမ်းလာတဲ့ နှစ်တွေကြာလာတော့ ခေါင်းစဉ်တွေပိုပြီး ထပ်တိုးလာလိမ့်မယ်ထင်တယ်။ နောက် ကျွန်မကိုယ်တိုင်မနှစ်မြို့တဲ့အရာများကိုလည်း ချရေးဖြစ်ခဲ့တယ်။ ကိုယ်တိုင်အမုန်းဆုံးက ကျွန်မ ဖိနပ်များပင်။ ဖိနပ်နဲ့ကျွန်မက အမြဲအံချော်နေတတ်တယ်။ ဖိနပ်တစ်ရန်ဝယ်ပြီး စီးလို့မှမကြာသေး ဖိနပ်ထိပ်တွေ အမြဲပွန်းပဲ့နေတတ်တယ်။ ကျွန်တဲ့နေရာကောင်းလည်း ထိပ်ကပွန်းပဲ့နေတော့ မြင်လို့ မကောင်း။ ဒါပေမဲ့ စိတ်တိုတိုနဲ့ ပေစီးနေဖြစ်တယ်။ ဖိနပ်တွေက မပြတ်ဘဲ ထိပ်ပွန်းတာနဲ့ မစီးဖြစ်တော့တဲ့ အရန်တွေဟာ ပုံသထက်ပိုလာတယ်။ မကြာခဏ ခလုတ်တိုက်တတ်တဲ့ ကျွန်မကြောင့် ဖိနပ်တွေ ပွန်းပဲ့ပြီး ဒဏ်ရာတွေနဲ့ ဖြစ်ကုန်တယ်။ အဲဒီဖိနပ်တွေကို မုန်းမိတယ်။ ဒါပေမဲ့ ဖိနပ်မပါဘဲ ဘဝခရီးလျှောက်လှမ်းရမယ့် ခြေလှမ်းအတွက် အားနာစရာကောင်းတာမို့ တချို့ ကျွန်မနဲ့ လိုက်လျောညီထွေဖြစ်ပြီး တော်ရုံ မပွန်းမပဲ့တတ်တဲ့ ဖိနပ်တွေကိုတော့ နှစ်သက်ဖြစ်မယ် ထင်ပါတယ်။

ကျွန်မဘဝအတွက် အဆုံးအမတွေက ပတ်ဝန်းကျင်မှာ အမြဲရှိနေတတ်တယ်။ ကျွန်မဟာ ခပ်စုပ်စုပ် ဖိနပ်တစ်ရန်စီးထားလို့ အထင်သေးမယ်ဆိုလည်း သေးစမ်းပါစေ။ လူတစ်ယောက်ကိုကြည့်ရင် ဖိနပ်အရင်ကြည့်တယ်ဆိုတဲ့ အစွဲကိုတော့ ကျွန်မမကြိုက်ချင်ပါ။ ဖိနပ်နဲ့ ခြေထောက်ကတော့ သန့်ပြန့်နေပါရဲ့။ တကယ့်အကောင်းစား တံဆိပ်ဖြစ်ပါရဲ့။ အဲဒီစီးထားတဲ့ လူရဲ့စိတ်အခံက အကောင်းစား Brand မဖြစ်ရင်ရော ဘယ်လိုလုပ်မလဲ။ အဲဒီ Brand တွေက ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကို တစ်ခဏတော့ ချက်ချင်းဖမ်းစားသွားနိုင်မှာ အသေအချာပါ။ ဒါပေမဲ့ ကျွန်မတို့လို Brand လည်း စိတ်ထဲမရောက်တဲ့ သူမျိုးဆို အလကားဖြစ်မှာပဲ။

ဒါကြောင့် ကျွန်မဝယ်သူတဲ့ ပစ္စည်းတိုင်း Brand ဖြစ်ဖို့မလို၊ ကိုယ်နဲ့အံဝင်ခွင်ကျသင့်တင့်ရင်ပြီးရော၊ ကိုယ်နှစ်သက်ရင်ပြီးရော၊ ဈေးပေါပေါ ချိုချို၊ Brand ဝတ်ပြီး၊ Brand စီးပြီး သူများမသိမှာစိုးလို့ သိအောင်ထုတ်ပြောနေရတဲ့ ကိစ္စတွေက ပိုပင်ပန်းလိမ့်မယ်ထင်တယ်။ တချို့ကတော့ Brand ကို အမွှမ်းတင်လွန်းတယ်။ နောက်ပြီး အဲဒီပစ္စည်းကို ဟိုနားမချရက်၊ ဒီနားမချရက်၊ ပျောက်မှာ စိုးရနဲ့ တော်တော်ရှုပ်ပါတယ်။

တစ်ယောက်ယောက်က ရုံးက ထိုအမျိုးသမီးတပ်ထားတဲ့ မျက်မှန်ကို

"ဟယ် မျက်မှန်လေးက လှလိုက်တာ" ဆိုရင်

"သိတယ်မလား ကိုယ်တို့က Brand မှကိုင်တာ" ဆိုပြီး တံဆိပ်ကို အသားတံဆိပ်ဖြစ်ကြောင်း 'အင်' မဟုတ်ကြောင်း တခမ်းတနားပြောရတော့တယ်၊ ဒီခေတ်မှာက ပုံမှားအင်တွေကလည်း အစစ်နဲ့ချွတ်စွတ်နီးပါးတုတတ်ကြတာ မဟုတ်လား။

မမေးဘဲနဲ့တောင် "တစ်နေ့ကမှ သဘော်နဲ့ပါလာတာ၊ ပစ္စည်းအသစ်လေ၊ ဒီမှာတောင် မပေါ်သေးဘူး၊ ကြိုမှာလိုက်တာ။ ဒီမှာဝင်ရင်တော့ ဈေးက ခေါင်ခိုက်နေပြီ။ ခုတောင် ဒေါ်လာနဲ့ ရှင်းရတာ" ဆိုပြီး မပြီးနိုင် မစီးနိုင် ဖွင့်လှစ်တော့တယ်။

လေတွေက Brand နဲ့ ဒေါ်လာထဲက မထွက်။ ကျွန်မကတော့ အပြိုင်ကြွားစရာမရှိသလို စိတ်မဝင်စားအားပါ။ ထိုအမျိုးသမီးကတော့ သူ့ပစ္စည်းတွေ နိုင်ငံခြားကပါလာတဲ့ ပစ္စည်းတွေ၊ ရေမွှေးတံဆိပ်တွေကို မမောမပန်းနိုင် ရွတ်ပြတတ်တယ်။ ပိုက်ဆံရှိပြီး အလုပ်တစ်ခုအနေနဲ့



Asian Future Media Group

သာ ဂုဏ်ရှိအောင် လာလုပ်တာမို့ ဘဝကို ရုန်းကန်နေရသူတွေနဲ့တော့ တခြားစီပေါ့။

အဲဒီနိုင်ငံခြားပြန် ပစ္စည်းတွေ ထက် နိုင်ငံခြားမှာ သင်တန်းသွား တက်တယ်ဆိုတဲ့ သူ့သင်တန်းကို ပိုစိတ်ဝင်စားတယ်၊ ဒါပေမဲ့ ကျွန်မ နားထောင်ရတဲ့ အကြောင်းအရာ တွေက မျှော်လင့်တာမပါ။ သူ့ခမိုး စဉ်တွေက ဓာတ်ပုံတွေကိုသာ မြင် ခွင့်ရခဲ့တယ်။ ကျွန်မရဲ့ ထိပ်အနည်း ငယ်ကွာနေတဲ့ ဖိနပ်ကိုတော့ "ဘဲ ပါးစပ်ဖြစ်နေပြီ ဖိနပ်က" လို့ ပြော တတ်သလို အားတိုင်း Lotion ဘူး တွေ ဝယ်ခိုင်းတတ်တယ်။ တော်ပြီ လေ ကျွန်မမှာ တစ်ဘူးရှိနေရင်ပဲ လုံလောက်ပြီပေါ့။ အနံ့ပေါင်းစုံ နှစ်မျိုး သုံးမျိုးရောစွတ်နေဖို့မှ မလို တာ။ လူတိုင်းက ကိုယ့်လိုမျိုး သူများ ကို လိုက်ပုံသွင်းလို့ကတော့ မဖြစ် နိုင်၊ ဘယ်ပစ္စည်းမဆို တန်ဖိုးနဲ့ ဆုံး ဖြတ်မှုကလည်း လွဲချော်နိုင်သေး တာပဲ။ တန်ဖိုးတော့ ကြေးအကြီးစား ဖြစ်ပြီး ကိုယ်နဲ့အံမဝင် အသုံးမတည့် ရင် ဘယ်လောက်ပဲဖြစ်ဖြစ် ချောင် ထဲ ရောက်သွားတတ်တယ်။ တစ်ခါ တလေ ကိုယ့်ပစ္စည်းကို သိသာ အောင်ပြောပြီး သူများကို နှိမ်နှိမ်ချချ လေး ပြောချင်သေးတာ။

"ဒီ Brand လက်ကိုင်အိတ်လေး ကို ကိုင်ချင်လွန်းလို့ မနည်းရှာလာ ရတာ၊ ဈေးရှာရတာတောင် ဈေး က မသေးဘူး" ဆိုပြီး ကျွန်မကိုင်တဲ့ အိတ်ကို တစေ့တစောင်းကြည့်လိုက် ပြီး ဘာတံဆိပ်လဲတဲ့။ ကျွန်မကတော့ ကိုယ်ကြိုက်ပြီး အဆင်ပြေလို့ဝယ်ဖြစ် တဲ့ လက်ကိုင်အိတ်ပါ။ ဘာတံဆိပ် မှန်းတောင် မသိခဲ့ဖူးအမှန်ပါ။

"မယ်ညို့ရယ် အခုဝယ်တဲ့ဆိုင် မှာ Brand အကောင်းစားတံဆိပ် တွေ အများကြီးရှိတယ်။ ဈေးလည်း ချနေပြီ သွားဝယ်ပါလား။ ခု မယ်ညို့ ကိုင်တဲ့ အိတ်က တော်တော်ဟောင်း နေပြီ။ ဘာလဲ ကိုကိုပေးထားတဲ့ အိတ်မို့လို့လား"

သူ့အပြောကို ကျွန်မစိတ်ထဲ ခပ်ဆတ်ဆတ်မို့ ခံရခက်သွားတယ်။ ဘဝမှာ ဒီ Brand တွေက တော် တော်အရေးပါနေလို့လား။

လူတော်တော်များများဟာ တံဆိပ်တွေရဲ့ လွှမ်းမိုးမှုကို ခံရပြီးရင် သူတို့ဟာ မူလပင်ကိုစိတ်ထက်တော့ လေဘဝင်တွေ မြင့်တက်သွားကြ သလိုပဲ။ လူထဲသွားလို့ ဒီလိုပစ္စည်း မျိုးကိုင်မှ ဒီလိုပစ္စည်းမျိုး ဝတ်သွား ရမှာလို့ ကျွန်မမှာ မရှိပါ။ စုတ်စုတ် ပြတ်ပြတ် ဝတ်သားလည်း ကျွန်မ စိတ်ကိုသိရင် ဘာမှပြောင်းလဲစရာ မလို၊ ကျွန်မအတွက် သားနားတဲ့ အရောင်လက်စေမယ့် အပေါ်ယံ အဆင်တန်ဆာတွေ၊ တကယ်တော့ ကျွန်မအရည်အချင်းနဲ့ ဘာမှ မဆိုင် လောက်ပါ။ ဒါကြောင့်မို့ ကျွန်မခန္ဓာ ကိုယ်မှာ ဘယ်တော့မှ လက်ဝတ် တန်ဆာများကို တောက်တောက် ပြောင်ပြောင် တွေ့ရလိမ့်မည် မဟုတ်ပါ။ သာမန်အဝတ်အစားနဲ့ လူထဲမှာ သင့်တင့်တဲ့ ဖိနပ်တစ်ရန် တော့ ရှိပါလိမ့်မယ်။ ဖိနပ်ကြောင့် အရည်အချင်းကိုတော့ ထိခိုက်လိမ့် မည် မဟုတ်ပါ။ ပြင်ပအနေအထား တွေဟာ ပေါင်းသင်းဆက်ဆံရေးကို လည်း ထိခိုက်လိမ့်မယ် မထင်။ တကယ်တမ်း ကျွန်မ ဂရုစိုက်တာက စိတ်တွေကိုပါ။

ကျွန်မဟာ ရပ်တည်ချက်က မှားနေမယ်ဆိုရင်တောင် ဘယ်သူ့ကို မှ မထိခိုက်ပါ။ ကျွန်မ ဘယ်သူ့ကိုမှ နစ်နာအောင် မလုပ်ခဲ့ပါ။ တံဆိပ် ကြိုက်တတ်သူများဟာလည်း ကျွန်မ အတွက်တော့ ဂရုစိုက်စရာ မဟုတ် တော့ပါ။ သူတို့တစ်တွေနဲ့ စိတ် သဘောထားချင်း မတိုက်ဆိုင်တော့ တဲ့အခါ Brand ကြိုက်နှစ်သက်သူ များနဲ့ ဝေးဝေးလာခဲ့တော့တယ်။ တစ်ရုံးတည်း ဖြစ်တာတောင် အနေ နီးပေမယ့် အတွင်းစိတ်တွေကတော့ သေချာပေါက် ဝေးသွားခဲ့တယ်။

ကျွန်မ ဖိနပ်ထိပ်လေးတွေ မြင် တိုင်း နှာခေါင်း ရှုံ့ချင်သူများနဲ့ တစ်စတစ်စ ကွာခြားလာခဲ့တယ်။ ကျွန်မ ကိုယ်ပိုင်ကား မစီးနိုင်ပါ။ ဒါကြောင့် အများအားဖြင့် ကိုယ့် ခြေလှမ်းတွေကိုပဲ အားကိုးရတယ်။ ဒါကြောင့် လမ်းများများ လျှောက်လို့ ခလုတ်ပိုတိုက်ခြင်း ခံရသလို ကိုယ့် လစာနဲ့ သောင်းကျော်တန်တွေကို မစီးနိုင်တာ အမှန်ပါ။ အများရှေ့မှာ ကျွန်မ ခြေထောက်တွေကို ကြည့် တိုင်း ကျုံ့ဝင်သွားဖို့ ကျုံ့ထားဖို့လည်း စိတ်ကူးမရှိပါ။ ဖိနပ်ပေါ်မှာရှိတဲ့ လူ တစ်ယောက်ရဲ့ ရပ်တည်ချက် မှန် မမှန်ကိုဘဲ ကြည့်စေချင်သလို ကျွန်မ အားလုံးကို အဲဒီစိတ်နဲ့ပဲ ကြည့်တယ်။

**တန်ဖိုး တစ်ခုရဲ့ သီအိုရီဆိုတာ တံဆိပ်တွေနဲ့ လဲလှယ်ခြင်း ခံရဖို့ မဟုတ်ပါဘူး။ အဲဒီ ဖိနပ်ပေါ်မှာ စွပ်ခွင့်၊ ရပ်ခွင့်၊ လျှောက်လှမ်းခွင့် ရနေတဲ့ခြေတစ်စုံဟာ တံဆိပ်ကြောင့် ပိုပြီးခိုင်မာ၊ လှပ မသွားတာတော့ သေချာလှပါတယ်။**

အခါက ပို့ပြီး စိတ်မဝင်စားတာက တံဆိပ်တွေပဲ။ တံဆိပ်တွေပေါ်မှာ ရှိတဲ့ ခြေထောက်တစ်စုံရဲ့ ပင်ကို စိတ်ရင်းကိုပဲ တန်ဖိုးထားမိတယ်။

ပစ္စည်းတံဆိပ်တွေကို အပြိုင် အဆိုင်ကြွားနေတာကို မနှစ်သက်ပါ။ ပစ္စည်းကြောင့် လူတွေ စိတ်ဒုက္ခ ပိုရောက်ကြရတယ်။ ထိုအမျိုးသမီး တစ်တော့ ကားတစ်စီးကို ပါကင်ပိတ် အသစ်ကျပ်ချွတ် ဝယ်လိုက်ပြီး မြန်မာပြည်မှာ တစ်စီးပဲရှိတဲ့ ဒီကား ကို သူပဲ စီးနိုင်တယ်၊ ကားတံဆိပ်၊ အမျိုးအစား ဘာမှမသိပါ။ အဲဒီကား ဆိုင်တစ်ဆိုင်ရှေ့မှာထားပြီး ပစ္စည်း ဝင်ဝယ်တာ ပြန်ထွက်လာတော့ ကားနောက်မီးလုံးကို လက်ဆော့ပြီး ခြစ်လိုက်တာလား မသိ။ အပွန်းရာ ချည်းထင်းလို့၊ စိတ်ကလည်း တို၊ အိပ်မရ ဖြစ်တာ ခုနစ်ညလောက် တဲ့။

Brand အကြောင်းကို မသိတဲ့ ကောင်တွေ၊ သူတို့မစီးနိုင်တိုင်း သက်သက်မယ့် အကျင့်ပုပ်ပြီး လုပ် သွားတာနေမှာလို့ ပြောပြီး သူ့မှာ တသသ ဖြစ်နေခဲ့ရ၊ စိတ်ဆင်းရဲရ၊ စိတ်ချလက်ချ မထားရ၊ လွတ်လပ်မှု မရှိတော့သလို ကားနားကပ်လာရင် ကို သံသယမျက်လုံးနဲ့ ဟုတ်ဟုတ် မဟုတ်ဟုတ် ကြည့်တတ်နေပြီ၊ ထမင်းကိုတောင် အရသာရှိရှိ မစား နိုင်တဲ့ သူ့ကိုကြည့်ရင်း စိတ်ညစ်လာ မိတယ်၊ နောက်ပိုင်း သူ့ရဲ့ Brand ကားကို လိုက်မစီးခဲ့တော့ပါ။ ကား ထဲမှာတောင် ဖဲယားကွန်းဖွင့်ထား ပေမယ့် အသက်ရှုကျပ်သလို ခံစား နေရတယ်။ "ကားထဲ ဘာမှယူမလာ နဲ့နော်၊ ကားထဲ နင်တို့ဝယ်ထားတဲ့ အရည်တွေ မကျစေနဲ့နော်၊ နံကုန် မယ်၊ ဟဲ့ မယ်ညို့ နင့်လက်ထဲက ဘာကြီးလဲ၊ ဆိုဖာခုံတွေခြစ်မိကုန်ဦး မယ်၊ တစ်ခုခုဖြစ်သွားရင် ပြန်လဲစရာ မရှိသေးဘူး၊ နင်တို့ မြန်မြန်ဝယ်ပြီး ထွက်ခဲ့နော်၊ ရပ်လို့ကောင်းတာ မဟုတ်ဘူး၊ တလေတွေများတယ်၊ ကားပေါ်ကပဲ စောင့်နေတော့မယ်"

အဲဒီလို စိတ်ပူပြီး ချုပ်ယှက်ခတ် စိုးရိမ်စိတ်တွေ များနေတော့ ဘယ် လိုမှ သဘာဝကျကျနဲ့ လွတ်လပ်စွာ မနေနိုင်တော့၊ ဒါကြောင့် သူ့ကားနဲ့ ဆို ငြင်းပြီး ဘယ်တော့မှ မလိုက်ဖြစ် တော့၊ ဒီတော့ ကျွန်မဟာ ကတ်တီး ကတ်ဖဲ့ဖြစ်သူ တစ်ယောက်ဖြစ်သွား ရော။ အဲဒီ တစ်ခေါက်တုန်းက ထိုအမျိုးသမီး ကားပေါ်မှာ ကျွန်မ တို့တက်လိုက်တော့ တွန်းတိုက်မိ သွားရင်း အရည်နည်းနည်း ဖိတ် သွားတယ်။ ချက်ချင်းသုတ်လိုက်တာ ဘာမှမဖြစ်ပေမယ့် သူ့ရဲ့မျက်နှာဟာ ဆီးရွက်လောက်ပဲရှိပြီး စကားပင် မပြောနိုင်တော့။ မယ်ညို့ကြောင့်လို့ သူက ခေါင်းစဉ်တပ်ချင်တယ်၊

အရင်ကဆိုရင် ကျွန်မဟာ အားနာတတ်တယ်။ ငြင်းပယ်ရမှာကို အားနာတယ်။ ပြောဖို့ရာ ဝန်လေး တယ်။ တတ်နိုင်သလောက် မျိုသိပ် ကြည့်တယ်။ ဒါပေမဲ့ အားနာတတ် ခြင်းဟာ နောက်ဆုံး မိမိကိုယ်ကိုပဲ ထိခိုက်နစ်နာစေခဲ့တာ၊ ကျွန်မဟာ မပြောင်းလဲဘဲ ဒီအတိုင်း ဆက်ရှိနေ ရင် ခေါင်းပေါ်အလျှိုလျှိုတက် လာ ကြမယ်။ တစ်ခုခု မှားယွင်းနေတိုင်း၊ တစ်ခုခု ဆုံးရှုံးသွားတိုင်း ညို့ကြောင့်၊ ညို့များဖြစ်နေမလား၊ ညို့မှားတာ နေမှာ၊ ညို့မသိတာ၊ ညို့နားမလည် တာ၊ ညို့အတာ၊ တုံးတာဆိုတဲ့အပြော တွေက ညို့ကို အလွန်အမင်းထိခိုက် စေတယ်၊

အပြောင်းအလဲကြီး ပြောင်းလဲ နေတဲ့ လောကမှာ မပြောင်းလဲဘဲ ကျွန်မသာ ဒီအတိုင်းဆက်ရှိနေမယ် ဆိုရင် ကျွန်မလောက် မိုက်မဲတဲ့သူ

ရှိပါဦးမလား။ ဒါကြောင့် ကျွန်မဟာ သူများနှင့် ဆန့်ကျင်ဘက် ဖြစ်နေတယ်လို့ ထင်ထင်ပြောပြော၊ ပြောင်းကို ပြောင်းလဲဖြစ်ခဲ့တယ်။ ဒီနောက်ပိုင်း ဘယ်သူ့ကိုမှ အားနာလို့မရတော့။ အထူးသဖြင့် ကျွန်မ ဖိနပ်တွေကို ကြည့်တဲ့သူတွေနဲ့ Brand နှစ်သက်သူတွေကိုပေါ့။

ကျွန်မနဲ့ ထိုအမျိုးသမီး အလုပ်ကိစ္စနဲ့ ခရီးသွားတုန်းက မနက်လင်းလို့ မျက်နှာသစ်ပြီးစအချိန် တဘက်နဲ့ ခပ်ဖွဖွသုတ်နေတဲ့ သူမရဲ့မျက်နှာကိုကြည့်ရင်း အံ့ဩသွားမိတယ်။ မျက်လုံးအိမ်အောက်မှ လျော့တွဲတွဲကျနေတဲ့ အသားအရေများ၊ နှုတ်ခမ်းတစ်ဝိုက် အသားအရေများ လျော့ပါးနေပြီ ဖြစ်ကြောင်း မျက်ဝါးထင်ထင် မြင်တွေ့ရတယ်။ အဲဒီလို ဖြစ်နေတာကို သူမက စိတ်မချမ်းသာနိုင် ဖြစ်ရပြီး တစ်ပတ်တစ်ခါ ပေါင်းတင်၊ ရှိသမျှ မိတ်ကပ်အောက်ခံ ဖောင်ဒေးရှင်း၊ နေလောင်ခံ၊ အားလုံး အားလုံး Brand မှ Brand ချည်းပဲ။ သူမရဲ့ လျော့တွဲတွဲ မျက်ဝန်းတွေကို လက်နဲ့ အသာကိုင်ကြည့်နေပြီး စိတ်ပျက်တဲ့ လေသံနဲ့။

"ဒီလောက် Brand အကောင်းစားတွေ သုံးပြီး တစ်ပတ်တစ်ခါ မျက်နှာကို ပေါင်းတင်နေတာတောင် မသိသာဘူး၊ အမည်းစက်လည်း မပျောက်ဘူး။ ဟင်း . . . ကုမ္ပဏီက လိမ်ရောင်းတာ ထင်တယ်" လို့ ရောင်းတဲ့ ကုမ္ပဏီကိုတောင် အပြစ်တင်လိုက်သေးတယ်။ တကယ်တော့ သူမအသက် လေးဆယ်နီးနီး ရှိနေပြီပဲ၊ အဲဒီရောဂါကိုတော့ နည်းနည်းမှ ထည့်မတွက်ဘဲ အပြစ်တင်နေတယ်။ မျက်နှာအောက်က ဆဲလ်တွေက တော်တန်ရုံပဲ ပြုပြင်ပေးနိုင်မှာပေါ့။

ခက်နေတာက လူတွေရဲ့စိတ်ပင်။ အရှိအတိုင်း လက်မခံနိုင်ဘဲ ယုံကြည်ရာကိုပဲ ဇွတ်မဲ လုပ်နေတတ်ကြတာ။ အဲဒီလို လူတွေများလာတော့ သဘာဝမကျမှုတွေ ပိုများလာတာပေါ့။ အဲဒီထဲမှာ ကျွန်မတစ်ယောက်လည်း သဘာဝမကျတဲ့ နေထိုင်မှုများနဲ့ ဖြစ်နေပြီလားလို့ ပြန်စဉ်းစားမိတယ်။

ဒါကြောင့် ကျွန်မ Brand အကြောင်း ပြောလွန်းသူတွေကြားထဲမှာနေဖို့ တွန့်ဆုတ်နေမိတယ်။ နေလို့လည်း မရတော့။ ကျွန်မနားက ရေမွှေးနံ့လေး ကောင်းလိုက်တာ၊ ဘာတံဆိပ်လဲလို့ မေးရင် မဖြေနိုင်ပါ။ လက်ကိုင်အိတ်၊ နာရီအစ တစ်ခုတစ်ခု ပြောင်းလဲသွားတိုင်း စိတ်ဝင်တစားနဲ့ တံဆိပ်တွေကိုပဲ ဦးတည်ပြီး မေးလေ့ရှိကြတယ်။

"ပုံလေးကတော့ လှတယ်၊ တံဆိပ်က သိပ်မဟုတ်ဘူးနော်" နာမည်မရှိဘူးဆိုပြီး ထိုအမျိုးသမီး မျက်လုံးအရောင်ပင် ပြောင်းလဲသွားတတ်သေးတယ်။

တစ်ခါတလေ ပစ္စည်းက သိပ် Quality မကောင်းဘဲ တံဆိပ်ကြောင့်သာ ဈေးတွေမြင့်နေတာကိုလည်း ကြုံဖူးသားပဲ။ ဒါပေမဲ့ ဒီတံဆိပ်မှ ဒီတံဆိပ် သုံးစွဲမှုကို ကြိဖန်ဂုဏ်ယူနေတတ်ကြတာလည်း အများသားပင်။ တစ်ခါတစ်ရံ နာမည်လုံးဝ မရှိပေမယ့် ပစ္စည်း အရည်အသွေးက နာမည်ကြီး တံဆိပ်တွေလောက်ကို ကောင်းမွန်နေတတ်တာလည်း အများကြီးပင်။ ဒီတံဆိပ်တွေကြောင့် ကိုယ့်ရဲ့ကိုယ်ပိုင် အရည်အချင်းကို မြင့်တက်သွားစေလို့လားလို့ တွေးမိတော့ ခေါင်းခါမိတယ်။

တစ်ခါက ကျွန်မရဲ့ပိုက်ဆံအိတ်လေးဟာ ကြိုက်လို့ဝယ်ခဲ့တာ။ မထင်မှတ်ဘဲ နာမည်ကြီး တံဆိပ်ဖြစ်နေခဲ့တယ်။ အဲဒီလို ဖြစ်နေတာကို အံ့ဩသူတွေ ရှိနေတာက ကျွန်မအတွက် ပိုလို့ပင် အံ့ဩစရာ ဖြစ်နေသေးတယ်။

စားပွဲပေါ်တင်ထားတဲ့ အိတ်ကို ထိုအမျိုးသမီးက ဖတ်ခနဲယူကြည့်ပြီး

"အံမယ် မယ်ညို့က Gucce တွေဘာတွေ ကိုင်လို့ပါလား"

ဒီလိုအိတ်ကိုကိုင်တာကို မထင်ထားသလို လေသံနဲ့၊ တန်ဖိုးတွေ ဆက်မေးလာတယ်။ သူတို့တွေ စိတ်ဝင်စားမှုက Brand တွေရဲ့အောက်မှာလေ။ ညို့ကိုယ်တိုင် အဲဒီလို အပေါင်းအသင်းရမှာကို စိတ်ပျက်လာတယ်။ တစ်ယောက်တည်း လွတ်လပ်ပြီး ခံစားလို့ရတဲ့ ညို့ရဲ့ အနုပညာကမ္ဘာ ဘေးမှာပဲ နေတယ်။

ကြာခဲ့ပြီပဲ။ ရုံးမှာလည်း တစ်ယောက်တည်း နေတတ်သလို တစ်ယောက်တည်းနေရတာကို ပျော်မွေ့ခံစား လွတ်လပ်လို့ နေပြီ။ အနုပညာနဲ့ ပတ်သက်ရင် ကျွန်မဆွဲတဲ့ ပန်းချီကား၊ ကျွန်မရေးတဲ့ ဝတ္ထုတစ်ပုဒ်စ နှစ်ပုဒ်စ၊ ကျွန်မခံစားရပုံ လွတ်လိုက်တဲ့ ရင်ထဲက ကဗျာတွေ၊ အဲဒီ အနုပညာဆိုတဲ့ အရာတွေမှာ ဘာလေဘယ်၊ ဘာတံဆိပ်မှ တပ်စရာမလိုဘူး။ ကြိုက်သလိုပဲ လွတ်ထားလို့ရတယ်။ ကျွန်မပန်းချီကို မပြီးသေးပါဘူး။ အဆင့်လိုသေးတယ်၊ ခံစားလို့ မရပါဘူး၊ စကားလုံးတွေကိုလည်း ထိုနည်းလည်းကောင်း ပြောချင်လည်း ပြောလို့ရပါတယ်။

ကျွန်မသိတဲ့ အနုပညာဆိုတာ မယုံနိုင်လောက်အောင် ခံစားချက် ဆက်သွယ်မှု လိုင်းတစ်ခုပဲ။ ကျွန်မ အနုပညာကို သိတဲ့သူတိုင်းက စိတ်ကို သိကြပါတယ်။ အနုပညာဆိုတဲ့ အရာကို ချစ်တယ်၊ လေးစားတယ်။ ဂုဏ်သိက္ခာလေးကို မြတ်နိုးတယ်။ ဘေးလူတွေက မနှစ်သက်ဘူး၊ မကောင်းဘူး ပြောလည်း ပြုံးနေတတ်နေပြီ၊ သူ မကောင်းတာတော့ မတတ်နိုင်ဘူးလေ။ ကျွန်မ ဖန်တီးတဲ့ အထဲမှာတော့ ကောင်းတာမှန်သမျှ သွန်းလောင်းထားတာပဲ။ လက်ခံတာ လက်မခံတာ သူတို့အပိုင်းပါ။ အနုပညာတစ်ခုခုကိုတော့ လုပ်ဖြစ်နေတယ်။ လုပ်နေတယ်ဆိုတာလေးကိုပဲ ကျွန်မအာရုံမှာ ငြိတွယ်စေတယ်။

ကျွန်မ လူသားဆန်ဆန်ပဲ တွေးချင်ပါတယ်။ အနုပညာကို လုပ်နေတိုင်း အကာအမရှိဘူးလို့ ခံစားရတယ်။ လွတ်လပ်နေတယ်။ အဲဒီထဲကနေ ပန်းချီစုတ်တံ၊ ဒါမှမဟုတ် ဘောပင်လေးကိုချထားပြီး ကိုယ်နဲ့ မထိတွေ့ရတဲ့အချိန်မှာဆိုရင် အကာလူသားတွေနဲ့ တွေ့ရတာပဲ။ အဲဒီ လူသားတွေနဲ့ ကင်းဝေးရာနေရာဟာ ကျွန်မအတွက် နေလို့အကောင်းဆုံးနေရာ တစ်ခုပေါ့။ ဖြစ်နိုင်ရင် Brand တွေ၊ လေဘယ်တွေ၊ တံဆိပ်တွေ မရှိတဲ့ မြို့မှာ နေခွင့်ရချင်တယ်၊ ကျွန်မ ပန်းချီကားတွေကို ဖြစ်နိုင်ရင် US$ တွေ၊ ကျပ်တွေ မတပ်ချင်ပါဘူး။




တံဆိပ်တွေရဲ့ လွှမ်းမိုးစိုးမိုးမှုတွေက ကျွန်မအတွက်တော့ စိတ်အနှောင့်အယှက်ပင်။ ကိုယ်ဖန်တီးတဲ့ အနုပညာတစ်ခုကို ဘယ်လောက်လို့ ဘောင်ထဲမှာ အတိအကျ သတ်မှတ်လိုက်ရတာကိုက မလွတ်လပ်တော့သလို ခံစားရတယ်။ အနုပညာကို တန်ဖိုးမဖြတ်ချင်ဘူး၊ မဖြတ်ရက်တာလည်း ပါမှာပါ။ အနုပညာ လွှမ်းမိုးမှု ကြီးစိုးမှုကိုပဲ လက်ခံချင်တယ်။ ခွေးထွေးချင်တယ်။ ဒါကြောင့် ဒီနေ့ထိအောင် ကျွန်မ အနုပညာနဲ့ ပတ်သက်ရင် တံဆိပ်ကပ်ရန်လည်း မလိုသလို တပ်ခွင့်လည်း မရှိပါဘူး။ ကျွန်မရဲ့ ဖိနပ်လေးများကတော့ ဘာတံဆိပ်မှန်း မသိခဲ့တာ၊ ယခုထက်ပင် . . .။ တန်ဖိုးတစ်ခုရဲ့ သိမ်ငိုရီဆိုတာ တံဆိပ်တွေနဲ့ လဲလှယ်ခြင်း ခံရဖို့ မဟုတ်ပါဘူး။ အဲဒီ ဖိနပ်ပေါ်မှာ စွပ်ခွင့်၊ ရပ်ခွင့်၊ လျှောက်လှမ်းခွင့် ရနေတဲ့ခြေတစ်စုံဟာ တံဆိပ်ကြောင့် ပိုပြီးခိုင်မာ၊ လှပ မသွားတာတော့ သေချာလှပါတယ်။

**ချောအိမာန် (မန္တလေး)**





သူနှင့် သိကျွမ်းခဲ့သည်မှာ သိပ်တော့ မကြာလှသေး။ ပေါ်ရွှေ ပွင့်လင်းသော သူ၏ ဆက်ဆံရေးကြောင့် အချိန်တို အတွင်းမှာပင် သူနှင့်ကျွန်တော်သည် ငယ်ပေါင်းကြီးဖော်များသဖွယ် ရင်းနှီးခင်မင်သွားလေသည်။ သူထက် အသက်နည်းနည်းငယ်ပုံရသော ကျွန်တော့်ကို ညီငယ်တစ်ယောက်လို ချစ်ခင်သွားပုံလည်း ရလေသည်။ တစ်ခါတစ်ရံ သူ၏ဟန်ပန်နှင့်အမူအရာတို့သည် ကျွန်တော့်ကို လောကအလယ်ဘာမျှ အသိမကြွယ်သေးသော လူမမယ် ကလေးအဖြစ်မြင်ပုံရ၍ ယောကျ်ားတို့တတ်အပ်သော အဋ္ဌာရသတို့ကို သင်ပေးရဦးမည့် ဆရာတစ်ဦး၏ ပုံစံမျိုးဖြင့် ပြုံးကြည့်နေတတ်လေသည်။

အမှန်အတိုင်းဝန်ခံရလျှင် သူ၏ ဟန်ပန်သည် ကျွန်တော့်လို ဆယ်ကျော်သက်သာသာ အရွယ်လူငယ်တစ်ယောက်အဖို့ အားကျအတုခိုးချင်စရာ ဖြစ်နေသည်။ သူသည် မိဘလက်ငုတ်လက်ရင်းဖြစ်သော 'ကွမ်းသီး ကွမ်းရွက်' ရောင်းဝယ်ရေးမှာ အစ်ကို၊ အစ်မများနှင့် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် စီးပွားရေးအဆင်ပြေနေသူတစ်ယောက် ဖြစ်သည်။ သို့သော် ထိုအလုပ်သည် စီးပွားရေးအရ ငွေကြေးအရအဆင်ပြေသော်လည်း လူတစ်ယောက်၏ ဘဝအတွက် အဓိပ္ပာယ်ရှိသော အလုပ်ဟု သူကမထင်၊ သူသင်ထားသော ပညာတွေကိုလည်း အလကားမဖြစ်စေချင်ဟု ယူဆပြီး ကုမ္ပဏီများမှခေါ်သော အလုပ်ဝင်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုလေ့ရှိသည်။ သူဝင်ရောက်ဖြေဆိုသော စာမေးပွဲအတော်များများ အောင်မြင်သည်ကို ကျွန်တော်တွေ့သည်၊ သို့သော် အလုပ်ခန့်စာ ရောက်သည်ဆိုလျှင်တော့ ထိုအလုပ်ခန့်စာကို ဆုတ်ဖြဲပစ်လိုက်သည်သာ များလေသည်။ သူအလွန်နှစ်သက်သော အလုပ်ခန့်စာမို့ ထိုကုမ္ပဏီသို့ အလုပ်ဝင်လျှင်လည်း သုံးလထက် ပိုလုပ်သည်ကို ကျွန်တော် မတွေ့ဖူး၊ နုတ်ထွက်လိုက်သည်သာ များသည်။

"ကိုယ့်ပညာနဲ့ ကိုယ့် Idea ကို ချပြခွင့်မရှိတဲ့ အလုပ်ဟာ အလုပ်ရဲ့ ကျေးကျွန်ပဲ။ ခိုင်းတာလုပ်ရုံ သက်သက်ကတော့ ပညာမတတ်လည်း ရပါတယ်။ ဘယ်အလုပ်မဆို ကိုယ်ပိုင်အတွေးအခေါ်နဲ့ ထိုးထွင်းကြံဆပြီး လုပ်ပိုင်ခွင့်ရမှ အလုပ်ရဲ့အရှင်သခင်ဖြစ်မှာ။ ကိုယ်ပြောတာကို ကိုယ့်ညီ သဘောပေါက်သလားတော့ မသိဘူး။ ကိုယ်ပြောတဲ့ ကျေးကျွန်တို့၊ အရှင်သခင်တို့ဆိုတာ အလုပ်ရှင်နဲ့ အလုပ်သမားကိုပြောတာမဟုတ်ဘူး။ အလုပ်ဆိုတဲ့ တရားကိုယ်သဘောကြီးကို ပြောတာ" သူ၏ ထက်မြက်သော အရည်အချင်းနှင့် ဆူးရှသော အတွေးအခေါ်တို့ကို ကျွန်တော်လိုက်မမီ။ ထို့ကြောင့် သူသည် အရာရာကို သိမြင်နဲ့စပ်၍ ဗဟုသုတကြွယ်ဝသူဟု ကျွန်တော်က ထင်လေသည်။ ကျွန်တော် ပန်းချီ



# အယောင်ဆောင်၏ ခမ်းနားခြင်း

## လှမိုးသစ် ။ကျောက်ဆည်။

ဝဏ္ဏတိုရသ

ဝါသနာပါမှုန်း သူသိသောအခါ ပန်းချီ 'အစ်ဇင်' များအကြောင်း ရေးသားထားသော စာအုပ်ထူကြီး ကျွန်တော်ဖတ်ဖို့ ယူလာပေးရုံမျှမက ပါးစပ်မှလည်း ပန်းချီသဘောတရား များ၊ ကမ္ဘာကျော်ပန်းချီဆရာများ အကြောင်း ပြောပြသည်။

အမှန်ဆိုရလျှင် ထိုအချိန်တွင် ကျွန်တော်သည် ပန်းချီဆရာဖြစ်ချင် မှန်း၊ ကဗျာဆရာ ဖြစ်ချင်မှန်း၊ စာရေးဆရာ ဖြစ်ချင်မှန်း ကိုယ့်ကိုယ် ကိုယ် ရေရေရာရာ မသိသေးသော၊ အနုပညာတစ်ခုခု၌သာ ပျော်ဝင်နေ သော အရောင်မှုံပြပ်စင်အဖြစ်သာ ရှိသေးသည်။ ထို့အတူပင် ကျွန်တော် သည် ကဗျာတိုကလေးများကို ခံစားမိသလို စမ်းသပ်ရေးဖွဲ့သော အခါ၌လည်း သူသည် "ကဗျာရေး တယ်ဆိုတာ" ဟုအစချီ၍ ကဗျာ ဇစ္စကျမ်းကြီးများအကြောင်း၊ ဂန္ထဝင် ကဗျာစာဆိုကြီးများအကြောင်း၊ ခေတ်ပေါ် မော်ဒန် ကဗျာများ အကြောင်း ပြောပြလေသည်၊ စာပေနှင့် ပတ်သက်၍ ထိုနည်းအတူ ပင်ဖြစ်သည်။ အကြောင်းတိုက်ဆိုင် လျှင် 'တက်ကျမ်း' ဟု ခေါ်သော 'ကြီးပွားရေး' စာအုပ်များကို ကိုးကား ၍ ပြန်လည်ပြောသည်။ သူ့ထံမှ လေးစားဖွယ်ရာ စကားတချို့မှာ

"တကယ်တော့ တို့လူမျိုးတွေ က ရောင့်ရဲလွန်းတယ်ကွ၊ ရောင့်ရဲ တာဟာ လောဘနည်းတဲ့အတွက် ဘုရားဟောနဲ့ ညီတယ်ဆိုပေမယ့် ဆင်းရဲတွင်းမှာ ပျော်နေခြင်းတစ်မျိုး ပဲ။ မင်းကြည့်ကွာ အလုပ်လုပ်နေတဲ့ လူတွေ။ တစ်နေ့ လုပ်အားခရဲ့ ဝင်ငွေကို ဆီဖိုး၊ ဆန်ဖိုးကလေးနုတ် ပြီးရင် ကျန်တာ ဘီယာဆိုင်၊ အရက် ဆိုင်တွေမှာ သုံးပစ်လိုက်တယ်။ ကစားရုံတွေ၊ လောင်းကစားပွဲတွေ မှာ သုံးပစ်လိုက်တယ်။ အဲဒီတော့ ဘယ်မှာလာပြီး တိုးတက်ကြီးပွား တော့မလဲ . . " ဆိုတာမျိုး၊ "အောင် မြင်ချင်တဲ့ လူတစ်ယောက်ဟာ အတွေးအခေါ်သစ်တွေ ရှိရမယ်၊ အတွေးအခေါ်သစ်တွေ ရှိလာ အောင် အရင်ဆုံးတွေးခေါ်တတ်ဖို့ လည်း လိုသေးတယ်" ထိုအပြောမျိုး တွေကြောင့် ကျွန်တော်သည် သူ့ကို အထင်ကြီး လေးစားမိခြင်းလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

ထိုမျှသာမက အခြားသော နယ်ပယ်မှ အကြောင်းများကိုလည်း ရောက်တတ်ရာရာ ပြောမိကြရာတွင် တစ်ဖက်သား လက်ခံနိုင်သည်အထိ ပြောဆိုနိုင်စွမ်းရှိသူဖြစ်သည်။ ဆိုင် ကယ်တစ်စီးအကြောင်း 'ဝပ်ရှော့' ဆရာနီးပါး ပြောနိုင်၏။ အင်တာ နက်ကွန်ရက်ဆက်သွယ် အသုံးဝင် ပုံကို သူ့အပြောများမှ တစ်ဆင့် ကျွန်တော် ဗဟုသုတရ၏။ ကားများ မော်ဒန် အနိမ့်အမြင့်ကို သိနေတတ် သလို၊ မော်ဒန်အလိုက် ခန့်မှန်း တန်ဖိုးများကိုလည်း ပြောနိုင်သူဖြစ် သည်။

ထိုမျှ၌မျှ ဗဟုသုတများ ဖိတ်လျှံကျနေသည့် လူတစ်ယောက် ထံမှာ မသိမ်မွေ့သော အမူအကျင့်

Asian Fame Media Group

များ ကပ်ငြိနေသည်မှာ အံ့သြစရာတော့ ဖြစ်သည်။ သူသည် တိုးတက်သော အတွေးအခေါ် ရှိသည်မှန်သော်လည်း တစ်ခါတစ်ရံ ညံ့ဖျင်းသောလုပ်ရပ်များနှင့် အကျွမ်းတဝင်ရှိနေတတ်ပြန်သည်။ ဖဲရိုက်ခြင်း၊ ဂျင်ထိုးခြင်း စသော လောင်းကစားများကို လုပ်တတ်သည်။ တိုးသဲ့ညင်သာစွာ ပြောတတ်သော သူ့စကားသံတို့တွင် မယဉ်ကျေးသော အောက်ကလိအာစကားလုံးများ ပါဝင်နေတတ်သည်။

သူသည် လျှို့ဝှက်သော လူတစ်ယောက်ဟု မဆိုနိုင်သော်လည်း တိတ်ဆိတ်သော သူတစ်ယောက်ဖြစ်မှန်းကား နှစ်ရှည်လများ ပေါင်းသင်းလာသော ကျွန်တော်တစ်ယောက်သာ သိနိုင်ပေလိမ့်မည်ဟု ကျွန်တော်ထင်သည်။ သူ၏ ထက်မြက်သော အရည်အသွေးတို့ကြောင့် လူတန်းစား အတော်များများ၌ ဝင်ဆံ့သော သူတစ်ယောက် ဖြစ်မှန်းကား သူနှင့်အတူ သွားလာခဲ့သော ရက်များအတွင်း သိခွင့်ရသလို၊ သူ့ထံမှာ နိမ့်ကျသော အသိဉာဏ်များလည်း ရောနှော ပါဝင်နေကြောင်း သူအဖော်ခေါ်ရာ လိုက်သွားမိသော နေ့တွင် သိခွင့်ရခဲ့သည်။

◆

သူ အဖော်ခေါ်သဖြင့် ကျွန်တော် လိုက်သွားမိသောနေရာသည် ထာဝစဉ်မှိုင်းမှုန် အုံ့ပျနေသော တဲစုတန်းကလေးများ ဖြစ်သည်။ ထိုတဲစုတန်းကလေး သည်နေရာရှိတာကို ယခင်က ကြားမှုမကြားဖူးသော ကျွန်တော်သည် တဲတန်းကလေး၏ ဈေးခေါ်သံများကို ပြုတ်သားတစ်ကောင်လို ယောင်နစွာ အံ့သြမှင်တက်မိနေသည်။

ကျွန်တော် အံ့သြယောင်နနေသော်လည်း သူသည် ကိုယ့်အိမ်ကိုယ်ရာ ပြန်ရောက်လာသကဲ့သို့ ပေါ့ပါးလွယ်ကူစွာ တဲကလေးများထဲသို့ ဝင်ထွက် သွားလာလေသည်။ တဲကလေးများရှေ့မှ ဈေးခေါ်သူများနှင့် စကားပြောရာမှာလည်း မိတ်ဟောင်း၊ ဆွေဟောင်းများဟု သိနိုင်လောက်သည့် အပြောအဆို အသုံးအနှုန်းများဖြင့် ရင်းနှီးကျွမ်းဝင်စွာ ပြောဆိုလေသည်။ တဲကလေးများ အတွင်းသို့ ရောက်သောအခါ၌လည်း သူ၏ အပြုအမူများကြောင့် ကျွန်တော်သည် ခံစားမှုပေါင်းစုံ ပါဝင်သည့် အမည်မဖော်နိုင်သည့် ဝေဒနာတစ်မျိုး ခံစားရလေသည်။ သူ၏အပြုအမူများသည် တဲအတွင်းမှ ညဥ့်ငှက်ကလေးများကို စိန်ပွဲစားက စိန်ကြည့်သကဲ့သို့၊ နွားပွဲစားက နွားတစ်ကောင်ကို ခြေဆုံးခေါင်းဆုံး လှည့်ပတ်ကြည့်သကဲ့သို့ လက်နှင့်ကိုင်ကြည့် ဖိကြည့်၊ နှာခေါင်းရှုံ့၍ အနံ့ခံကြည့် စသဖြင့် လုပ်ဆောင်လေရာ ဤ နေရာမျိုးသို့ လာရောက်ရန် စိတ်မျှပင် ကူးမကြည့်ခဲ့ဖူးသော အစိမ်းသက်သက် ကျွန်တော့်အဖို့ မျက်စိမျှ ဖွင့်မကြည့်ရဲလောက်အောင်ပင် ချောက်ချားခဲ့ရသည်။

ထိုနေရာက ပြန်ထွက်လာမှပဲ ကျွန်တော်သည် အမှောင်ထုကြီးမှ ပြန်လည် လွတ်မြောက်သကဲ့သို့ အသက်ဝဝ ရှုနိုင်တော့သည်။ ထိုနေရာမှ ပြန်လာပြီး မြို့တွင်း တစ်နေရာ အရောက်မှာတော့ ကျွန်တော်တို့ ဟူရွဆီမှ ဖြူလွယ် လမ်းမကြီးအတိုင်း ကွေ့ရစွာ လမ်းလျှောက်လာသော မိန်းကလေး နှစ်ယောက်ကို လမ်းမီးတိုင်အလင်းရောင်ဖြင့် ငုံ့မြင်လိုက်ရသည်။ ကျွန်တော့်အနေဖြင့် ဆိုလျှင် ထိုမိန်းကလေးများသည် သိမ်မွေ့ယဉ်ကျေးပြီး ဂုဏ်သိက္ခာကို တန်ဖိုးထား၍ မာနလည်းကြီးသော အထက်တန်းလွှာမှ အဖိုးတန် မိန်းမကောင်းလေးများဟု ထင်မိကောင်း ထင်မိနိုင်သဖြင့် ရဲရဲမှပင် ကြည့်ရဲမည်မဟုတ်။ သို့သော် သူကတော့ ထိုမိန်းကလေးနှင့်တစ်ပြိုင်း အရှောင်မှာ လက်ဟန်ဖြင့် မည်သို့လုပ်ပြလိုက်သည်မသိ၊ မိန်းကလေး နှစ်ယောက်အနက်မှ တစ်ယောက်သည် သူ့ထံ သမင်လည်ပြန်လှည့်လာပြီး သူကလည်း ထိုမိန်းကလေးရှိရာ ပြန်လှည့်သွား၍ လမ်းမထက်၌ ခေတ္တမျှ စကားပြောနေကြလေသည်။ ကျွန်တော်ကတော့ "ဒါလည်း သူ၏ အသိအကျွမ်း မိတ်ဆွေတစ်ယောက်သာ ဖြစ်မှာပဲ" ဟု အောက်မေ့ပြီး ရပ်စောင့်နေမိသည်၊ ကျွန်တော့် အထင်ပါစင်အောင် လွဲလေပြီ။ သူသည် ကျွန်တော့်ဘက် လှည့်လာပြီး

"ဒီည ကိုယ့်ညီကို ပညာသင်ပေးမလို့"

ကျွန်တော် ခေါင်းနားပန်းကြီးသွားလေသည်။ ကျွန်တော် သဘောပေါက်လိုက်ပြီ။

"ဟာ . . . တော်ပြီ၊ တော်ပြီ ကျွန်တော် ဒါတွေ ဝါသနာမပါဘူး" ကျွန်တော် ပြတ်ပြတ်သားသားပင် ငြင်းဆိုလိုက်သည်။

"ယောကျ်ားဆိုတာ စုံအောင် တတ်ထားရတယ်ကွ"

သူ့စကားကိုဆုံးအောင် နားမထောင်ခဲ့တော့ပါ။ သူကတော့ ကျွန်တော့်ကို မည်သို့ သုံးသပ်လေမည်မသိ။ ထိုနေရာမှ ကျွန်တော် လှည့်ပြန်ခဲ့လေသည်။ သူနှင့် အဖော်နှစ်ယောက်ကတော့ အမှောင်ထဲသို့ တိုးဝင်သွားခဲ့လေပြီ။ ကျွန်တော်ကတော့ သူ့ကို မည်သို့သုံးသပ်ရမည်နည်း။ ကျွန်တော်သည် သူ့လောက် အသိပညာများနှင့် မပြည့်စုံပါ။ သို့သော် ဤကိစ္စမျိုးသည် လူတစ်ယောက်၏ အတွေ့ဖွဲ့ အတွက် အကြီးမားဆုံးသော အန္တရာယ် ဖြစ်ကြောင်း ကျွန်တော်သိသည်။ ဤကိစ္စ၏ နောက်ဆက်တွဲများကား ရှက်ဖွယ်လိလီများနှင့်သာ ပြည့်လျှံနေ၏။ ကျွန်တော်သည် ဟီရိဩတ္တပ္ပ ဟူသော ကျမ်းလာစကားကို လိုက်နာတတ်သည်ကတစ်ကြောင်း၊ မှုရင်းပင်ကို စိတ်မာတ်က အရှက်အကြောက်ကြီးသူ ဖြစ်သည်က တစ်ကြောင်းစသော အကြောင်းတွေကြောင့် ထိုကိစ္စကို ကျွန်တော်သည် လုံးဝငြင်းဆိုသည်။ ပို၍ဆိုးသည်က ထိုကိစ္စကို စိတ်အလိုလိုက်မိသဖြင့် ကူးရောက်လာမည့် ခေတ်ပေါ်ရောဂါဆန်းကြီးကို ကျွန်တော်ကြောက်သည်။ ဤရောဂါဆန်းကြီး၏ တိုက်ခိုက်မှုကြောင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာတင် ကျဆုံးသွားသော ကျွန်တော်၏ အသိအကျွမ်းများ မနည်းတော့။ သူတို့ဂုဏ်သိက္ခာရှိစွာ သေဆုံးသွားတာ ဖြစ်နိုင်ပါရဲ့လား။

စဉ်းစားမရတာက သည်လူ ဒါတွေကို မသိခဲ့ဘူးလား။ နောက်ပိုင်းတွင် သူသည် အံ့သြစရာများကို ဆက်တိုက် ဆက်တိုက် ဖန်တီးခဲ့လေသည်။

◆

တစ်ညသား ကျွန်တော်သည် မြို့ဦးဘက်မှ စက်ဘီးကလေးဖြင့် ပြန်အလာတွင် အလင်းရောင်အားနည်း၍ မှောင်ရိပ်တို့ စွန်းထင်သော တံတားကြီးပေါ် အဖြတ်မှာတော့ မိန်းကလေးဟု ယူဆရသော အုပ်စုတစ်စုသည် တံတား၏ အလယ်လောက်တွင် လက်ရန်းဘောင်ကို မှီ၍ မြစ်၏ညရှုခင်းကို ခံစားနေကြဟန်ရှိ၏။ ခိုးခိုးခစ်ခစ်ဖြင့် တန့်ကလျစကားသံတို့မှာ လွန်စွာချွဲပျစ်ပျစ်နိုင်သော်လည်း အသံက 'သြ' လွန်းသဖြင့် သူတို့ဘာတွေဆိုတာကို ကျွန်တော် ရိပ်မိလိုက်ပြီး လှည့်မကြည့်မိအောင် ကြိုးစားကာ စက်ဘီးကိုသာ အားပြုနင်းလိုက်သည်။ သူတို့နား အဖြတ်တွင်

"ဝင်းမောင် . . . ညီလေး"

ကျွန်တော် သိလိုက်ပါပြီ။ သည်ခေါ်ပုံနှင့် သည်အသံကို မိုးပေါ်ကျလာရင်တောင် ကျွန်တော် အံ့သြမည်မဟုတ်။ ကျွန်တော် စက်ဘီးဘရိတ်ကို ဆွဲလိုက်မိသည်။

"ညီလေး . . . ခဏ . . ကိုယ့်လေဒီတွေနဲ့ မိတ်ဆက်ပေးချင်လို့"

လောကကြီးမှာ ခုယားကောင်နှင့် တစ်တန်းတည်း ထား၍ ကျွန်တော် ရွံကြောက်ကြီး ဖြစ်ရသည်မှာ ထိုလေဒီများပင် ဖြစ်သည်။

"ကျွန်တော် အရေးကြီးနေလို့ဗျာ . . . နောက်မှတွေ့မယ် . . သွားပြီ"

ခိုးခိုးခစ်ခစ်ရယ်သံ သြအက်အက်များ တံတားပေါ်တွင် ပြန့်ကျဲကျန်ခဲ့သည်။ ကျွန်တော့်အတွေးထဲ၌ သူသည် ထိုမျှ ဤမျှ စည်းကမ်းပျက်နေပြီလား။ သို့တည်းမဟုတ် သူပြောသလို ပညာစုံအောင် သင်နေတာများလား။ ထိုလေဒီဆိုသော အမျိုးအစားမှာ နာမည်ကျော်ကူးစက်ပြန့်ပွားရေး အသင်းဝင်များ ဖြစ်ကြောင်း သည်လူ မသိလောက်အောင်တော့ တုံးမည့်လူမဟုတ်မှန်း ကျွန်တော်သိသည်။

ထိုညကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီး တစ်နေ့မှာတော့ မမျှော်လင့်သော စကားတစ်ခွန်း သူ့ထံမှ

Asian Fame Media Group

**ကျွန်တော် ကျောထဲ စိမ့်ခနဲ ဖြစ်သွားသည်။ တာဝန်ရှိ ဝန်ထမ်း အနည်းငယ်မှအပ အမှောင်ကျဲသော စက်ခန်းကျဉ်းကလေးထဲ အလုံပိတ်ထားသည့် အခေါင်းကြီး တစ်လုံးနှင့် ကျွန်တော် တစ်ယောက် တည်း။ ပုံမှန်အားဖြင့် ဆိုလျှင် အနည်းဆုံး လေးငါးယောက် ရှိသင့်သည်မဟုတ်လား။**

ကျွန်တော် ကြားလိုက်ရသည်။

"ကိုယ့်မှာချစ်သူတွေ့နေပြီ"

"အလို့ . . တယ်ဟုတ်ပါလား၊ နာမည်က . . ."

"သွန်းတဲ့"

"အခြေအနေက . . ."

"ဖွင့်တောင် ပြောပြီးပြီ၊ အခု လာမယ့် အဝေးသင် စာမေးပွဲပြီးရင် အဖြေပေးမယ် မန္တလေးလိုက်ခဲ့တဲ့"

"အိုး . . . တယ်ဟုတ်ပါက လား၊ ကွန်ဂရက်ကျူးလေးရှင်း၊ ကွန်ဂရက်ကျူးလေးရှင်း . . ."

ထိုစဉ်က ကျွန်တော် ချီးကျူးဂုဏ်ပြုခဲ့ခြင်းမှာ မှားယွင်းသွားလိမ့်မည်ဟု လုံးဝထင်မထားခဲ့။ သူပြောသည့် မန္တလေးအဝေးသင် စာမေးပွဲကြီး အပြီးမှာတော့ မန္တလေးကအပြန် သူဦးဆိုက် ရောက်ချလာသည့်အိမ်က ကျွန်တော့်အိမ်။ သူ့အတွေ့အကြုံကို တစ်ဆင့် ပြန်လည်ဖောက်သည်ချစရာကား ကျွန်တော်ဆီ တွင် အထူးပြောစရာမလို။ သူပြန်ပြောပြသည့် သူ၏ 'တွေ့ဆုံခန်း' က ကြည်နူးစရာ အတိပြီးသော်လည်း ကတုန်ကယင်အသံဖြင့် ရောက်သွေ့အက်ကွဲစွာ ပြန်ပြောပြသည့် စကားတစ်ခွန်းက

"ကိုယ်တို့ တည်းခိုခန်းမှာ တည်းခဲ့တယ်"

ကျွန်တော် သူ့ကို မည်သို့သော ဝေဖန်ရေးမျှ မပြုလုပ်ခဲ့ပါ။ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း အလျဉ်းမရှိခဲ့ပါ။ စစ်မှန်သော ချစ်ခြင်းတရားနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့သွားခြင်းအတွက် ဝမ်းသာကျေနပ်မိပါသည်။ အမှန်တကယ်လည်း ထိုနေ့က 'စစ်မှန်သော ပျော်ရွှင်ကြည်နူးခြင်း' ကို သူရရှိလိုက်ပုံပင်။

◆

သူ မိန်းမခိုးလာပြီ။ ဆိုင်းမဆင့်၊ ဗုံမဆင့် ဖြစ်သည်။ အရင်ဆုံး ကျွန်တော့်အိမ် ရောက်လာခြင်းဖြစ်သည်။ ကျွန်တော်တို့က မိသားစုများပြီး အိမ်ကျဉ်းသဖြင့် အမျိုးများရှိရာ ရွာတစ်ရွာသို့ ကျွန်တော်ကိုယ်တိုင်ပင် ဦးဆောင်ပြီး ပို့ပေးလိုက်ရသည်။ ထိုအချိန်ကျမှ သူချစ်သော 'သွန်း' ကို ကျွန်တော် စတင်မြင်ဖူးခြင်း ဖြစ်သည်။ ဖြူဖြူသွယ်သွယ်ကလေး။ ရုပ်ရည်ကတော့ သိပ်မဆိုးလှ။ အချောအလှကြီးဟုလည်း မဆိုနိုင်။ ကျွန်တော့်အမြင်တွင် သူမသည် 'မလန်း'၊ နွမ်းဖတ်ဖတ်နိုင်သည်ဟု ထင်မိသည်။ ပျော့သယောင်ယောင် လည်းထင်မိသည်။ သို့သော် ထိုက်စွာ ကို အရေးတယူ စဉ်းစားရည့်ကိုစွာဟု မတွင်မိခဲ့။ "ဘာကြောင့် ခိုးလာတာလဲ၊ ကောင်မလေးဘက်က သဘောမတူလို့လား" ဟု ကျွန်တော်မေးကြည့်တော့ သဘောမတူသည်မှာ သူ့အိမ်ကဟု ဆိုပါသည်။ ဖြစ်ရလေ၊ လောကကြီးသည် ဤသို့ပင် ကမောက်ကမ နိုင်တတ်ကြောင်း ကျွန်တော့် အတွေ့အကြုံများထဲမှ တစ်ခုပင်။

သူတို့ မင်္ဂလာဆောင်တော့ ကျွန်တော် မသွားဖြစ်ခဲ့၊ ကျွန်တော် အရေးပေါ် ခရီးသွားနေချိန်နှင့် သူတို့ မင်္ဂလာဆောင် တိုက်ဆိုင်နေသောကြောင့် ဖြစ်သည်၊ သူတို့ မင်္ဂလာပွဲသည် အတော်စည်ကားသည်ဟု ပြန်လည်ပြောပြကြသည်။ သတို့သားဘက်က မိတ်များကြောင့် စည်ကား သိုက်မြိုက်ခြင်း ဖြစ်ကြောင်းလည်း ပြောပြကြ၏။ ထိုအချိန်မှစ၍ သူ၏ အဝေးသတင်း တချို့တလေသာ ကြားသိရ၍ သူနှင့် ကျွန်တော်တွေ့ဆုံမှု ကျဲပါးသွားလေသည်။

ထိုကြိုးကြားတွေ့ဆုံမှုများထဲမှ သူပြောပြသော သူ့ဇနီး 'သွန်း' အကြောင်း တစ်စွန်းတစ်စကိုတော့ ကျွန်တော့်အနေဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိ။

"ကိုယ့်ကောင်မလေးဟာ . . အပျိုတုန်းက အတော်ပွေတယ်လို့ ပြောနေကြတယ်ကွာ"

သူ့အသံက လည်ပင်းထဲ နစ်မြုပ်သွားတော့မလို တိုးလျှရှတနေသည်။

"ဘယ်လိုပွေတာလဲ"

"ရည်းစားများတယ်တဲ့ကွာ"

"ဒါများ အထူးအဆန်းလုပ်လို့ဗျာ"

ကျွန်တော် သူ့ခံစားချက်ကို နားလည်ပါသည်။ သူ သံသယတစ္ဆေ အခြောက်ခံရခြင်း ဖြစ်သည်။ သူ သက်သာလို သက်သာငြား သဘောဖြင့် . . .

"လူပျို အပျိုဘဝမှာ ရည်းစားများကြတာ အဆန်းမဟုတ်ပါဘူး။ ကိုယ့်လက်ထဲမှာ ကိုယ့်အပေါ် သစ္စာ ရှိဖို့ပဲ အရေးကြီးတာပါ"

အံ့ဩတန်ပါသောအကြည့်ဖြင့် သူ ကျွန်တော့်ကို ငေးကြည့်နေလေသည်။ ထိုအကြည့်ထဲတွင် 'လိပ်ပြာလန့်'နေသော အရိပ်ရောင်များ လွှမ်းမိုးနေသည်ဟု ကျွန်တော်ထင်သည်။ ထို့နောက်ပိုင်း သူသယ်လာသော 'အမှတ်တမဲ့' သတင်းများသည် နောင်တွင် အမှတ်ရစရာများ ဖြစ်နေခဲ့ပါသည်။

တစ်ခါတွင် သူသည် သူ့ကောင်မလေး နေမကောင်းသဖြင့် ဆေးရုံ တင်ထားရသည်ဟု ပြောလာပါသည်။ ထိုစကားကို သူသည် ပေါ့ပေါ့ပါးပါးပင် ပြောလာသောကြောင့် စိုးရိမ်ရသော အခြေအနေဟု မထင်သဖြင့် လွယ်လွယ်ပင် လူနာ မေးခဲ့မိသည်။

"ဘာဖြစ်တာတဲ့လဲ"

"အရပ်ထဲကတော့ အမျိုးသမီးရောဂါ၊ မီးယပ်နဲ့ ဆိုင်တယ်လို့ ပြောကြတာပဲ၊ သူ့အိမ်ကတော့ ဟိုအရင် သူငယ်ငယ်ကတည်းက ဒီလို မကြာမကြာ ဖြစ်တယ်လို့ပြောတယ်"

သည်လူ ကံမကောင်းစွာ ဂီလာနတစ်ယောက်ကို ထာဝရလက်တွဲဖော်ရှာခဲ့မိပြီဟု ကျွန်တော် စိတ်မကောင်းစွာ မှတ်ချက်ပြုမိသည်။

"ဆရာဝန်က သွေးထဲမှာ သွေးဖြူဥတွေ တွေ့ထားတယ်လို့ ပြောတယ်"

"ဗျာ"

ကျွန်တော် ထိတ်လန့်တကြား ဖြစ်သွားသော်လည်း သူသည် ထို



အကြောင်းကို သွေးအေးအေးနှင့် ပြောခဲ့ခြင်းဖြစ်ပါသည်။ နောက်တစ်ကြိမ် သူနှင့် အတွေ့မှာတော့ လောကကြီးကို ကျွန်တော် နားမလည်နိုင်တော့။

"ကိုယ့်ကောင်မလေးက 'အေ' တဲ့ကွာ"

ကျွန်တော် မယုံပါ။ ဘာကြောင့် မယုံသလဲ ဆိုတာတော့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း မသိပါ။ သိသည် ဆိုလျှင်လည်း ထို 'သိခြင်း' ကို လူတွေနားလည်အောင် အဆောက်အအုံနှင့်တကွ စကားလုံးအဖြစ် ပြန်မပြောတတ်ပါ။

"ဘယ်သူပြောတာလဲ"

"ဒီလိုပဲ ပြောနေကြတာပဲ"

"ခင်ဗျားဟာက မရေမရာနဲ့ဗျာ၊ သွေးစစ် မကြည့်ဘူးလား"

လောကကြီးကို ကျွန်တော်နားမလည်နိုင်တာ 'ဒါပဲ' ဖြစ်သည်။ ဘာကြောင့် သည်ရောဂါက သည်ကောင်မလေးမှာ သွားဖြစ်ရသနည်း။



ဖြစ်ချင်းဖြစ်လျှင် . . . . ဖြစ်ချင်းဖြစ်လျှင် . . . .

ကျွန်တော်သည် တဲစုတန်းကလေးများကို မြင်ယောင်နေမိသည်။ တဲစုတန်းလေးက ပြန်လာသော 'ညတစ်ည' ကို မေ့မရနိုင်။ အလင်းရောင် အားနည်းသော တံတားပေါ်က ညရှုခင်းတို့သည် ကျွန်တော်၏ စိတ်ပိတ်ကားထက်၌ ဘာလှည့်ကျ ပြေးလွှားနေသည်။

◆

စာမေးပွဲတစ်ခုခု ဖြေဆိုထားသူတိုင်းသည် ရလဒ်ထွက်သောအခါ တိကျသော အဖြေတစ်ခုကို ရချင်သူချည်း ဖြစ်ပေလိမ့်မည်၊ စာမေးပွဲတို့မည်သည်မှာလည်း တိကျသောကျရှုံးအဖြေထွက် ရမြဲ၊ ထိုနေ့က ထွက်လာသော အဖြေကတော့ အဖြူလည်းမဟုတ်၊ အမည်းလည်းမဟုတ်သော အဖြေ။

"ကိုယ့် ညီအားရင် ကိုယ်နဲ့ လိုက်ခဲ့စမ်းပါ"

"ရပါတယ် . . . ဘယ်ကိုလဲ . . ."

"ဆေးရုံကြီးက သွေးစစ်ဌာနကို ကိုယ့်ကောင်မလေး သွေးစစ်ထားတာ ဒီနေ့ အဖြေရမယ်ဆိုလို့"

ကိုယ့်လူပါ တစ်ခါတည်း သွေးစစ်လိုက်ဖို့ ကောင်းတယ်ဟု ပြောလိုက်ရန် ကျွန်တော့်ပါးစပ်ကို မည်သို့သော နတ်ဆိုးများက ပိတ်ထားခဲ့လေသည်မသိ။ သွေးစစ်ဌာနအပေါက်ကျဉ်းကလေးမှ ထွက်လာသောအဖြေကို ကျွန်တော် အံ့အားသင့်နေလေသည်။ ကျွန်တော် ကြားဖူးထားသည်နှင့် တခြားစီဖြစ်သည်။ ကျွန်တော် ကြားဖူးထားသည်က HIV သို့မဟုတ် AIDS အဖြေစာရွက် ပေါ်၌ Positive သို့မဟုတ် Negative ဟု တစ်ခုခု ရေးထားရပေလိမ့်မည်။ သို့ကျွန်တော်တို့ တွေ့ရသည်က AIDS သော်လည်းကောင်း၊ HIV သော်လည်းကောင်း တစ်စွန်း တစ်စမျှ မပါဝင်သလို 'ပေါ့စတစ်၊ နဂ္ဂတစ်' ဟု ဘာတစ်ခုမျှ မပါဝင်သည့် ဆရာဝန် လက်ရေးဖြင့် ရေးထားသည့် ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော အင်္ဂလိပ် စာလုံးများပင်။ ကျွန်တော့်ထက် ဗဟုသုတ ကြွယ်ဝ၍ ပညာတတ်သော သူသည်လည်း ထိုဆေးစာရွက်ကို မဖတ်နိုင်ကြောင်း ကျွန်တော် ကျိန်ပြောရဲသည်။

ကျွန်တော် ဝမ်းသာသွားသည်။ သူလည်း ဝမ်းသာနေလိမ့်မည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်တို့ မဖတ်နိုင်ပေမယ့် ဆေးဝေါဟာရဖြင့် ရေးထားသော ထိုအဖြေစာရွက်မှာ သေချာတာ တစ်ခုရှိနေသည်။ ထိုအရာမှာ အများထင်သလို (တိတိကျကျပြောရလျှင်) သူထင်သလို ရောဂါဆိုးကြီး မဟုတ်ဘူးဆိုတာ သေချာနေသည်။ ကျွန်တော် ဝမ်းသာမိသည် ဆိုသည်က 'မိကောင်းဖခင်' သမီး 'မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာ' အတွက် ဖြစ်သည်။ အထူးသဖြင့် မြန်မာမိန်းကလေးများသည် ရည်းစားများချင် များနိုင်သော်လည်း သိက္ခာရှိသော ဘဝကို တန်ဖိုးထားတတ်သူများဟု ကျွန်တော်ထင်မိသောကြောင့် ဖြစ်ပါသည်၊ အဖြေ ဆေးစာအရ ထိုမိန်းကလေးမှာ အခြားရောဂါ တစ်ခုခုရှိနိုင်သော်လည်း သိက္ခာမဲ့သော ရောဂါဆိုး၏ လက်မှ လွတ်မြောက်သွားသည့်အတွက် ကျွန်တော်က ဝမ်းသာမိခြင်းဖြစ်သည်၊ ထိုအဖြေစာရွက်သည် မိန်းကလေး တစ်ယောက်၏ စာရိတ္တနှင့် ဂုဏ်သိက္ခာကို 'လူမှုခုံရုံး' တွင် ကာကွယ်ပေးနိုင်သည့် တစ်ခုတည်းသော သက်သေပင်မဟုတ်ပါလား။

သို့သော် ထိုမျှလေးနက်သော ကိစ္စကြီးကို သူသည် ပေါ့ပေါ့ပါးပါးဟု သဘောထားခဲ့ပုံရသည်။ အလွယ်တကူပင် မေ့ပျောက်သွားပုံလည်း ရသည်။ ကျွန်တော်တို့ အိမ်ပြန်တော့ သူ့ထံမှာ စာရွက်ကလေး ပါမလာတော့။ မည်သည့်နေရာ မည်သည့် အရပ်၌ လုံးချေလွှင့်ပစ်ခဲ့ပြီ မသိ။ ကျွန်တော် သူ့ကို ထူးဆန်းသော သတ္တဝါ တစ်ကောင်အဖြစ်သာ ငေးကြည့်နေမိသည်။

နောက်ထပ် ကြားရသော သတင်းများကတော့ ကျွန်တော် မယုံနိုင်စရာ သတင်းများသာ ဖြစ်သည်။ ကောင်မလေး 'အေကိုက်နေပြီ' တဲ့၊ အဖြစ်မှန်ကို သိသော ကျွန်တော့်အဖို့တော့ ထိုသတင်းများသည် 'သွားပုပ်လေလွင့်' များသာ ဖြစ်သည်။ သို့သော် အမှန်တကယ်ပင် ကာလအတန်ကြာမှာ ကောင်မလေး သေဆုံးသွားခဲ့သည်။ ကျွန်တော့် မျက်စိထဲမှာတော့ သူတို့ခိုးပြေးလာသည့်ညက ဖြူဖြူပျော့ပျော့ သွေးအားနည်းနေပုံရသော ကောင်မလေး၏ ပုံသဏ္ဍာန်ကို မြင်ယောင်နေမိသည်။ 'ငယ်ငယ်ကတည်းက မကြာခဏ နေမကောင်း ဖြစ်တတ်သည်' ဆိုသော စကားကို ကြားယောင်နေမိသည်။ ဆရာဝန် 'သွေးထဲမှာ သွေးဖြူဥတွေ တွေ့နေတယ်' ဆိုသောစကားကို သတိရနေမိသည်။ ကျွန်တော်တို့ ဖတ်နိုင်စွမ်း မရှိခဲ့သော စာရွက်ကလေးပေါ်က အဖြေ။ အားလုံးကို ခြုံပြီး ကျွန်တော်၏ ဉာဏ်တစ်ထွာဖြင့် ကောက်ချက် ဆွဲကြည့်သော် ကောင်မလေး အမှန်တကယ်ခံစားခဲ့ရသည်မှာ နာမည်ကျော်၍ လူသိနည်းသော (လူကေးမီးယားစ်) ခေါ် 'သွေးကင်ဆာ' ရော မဖြစ်နိုင်ဘူးလား။ သို့သော် ကျွန်တော် ဘာမျှ မတတ်နိုင်တော့၊ မိန်းကလေး တစ်ယောက်၏ ဂုဏ်သိက္ခာအတွက် ကျွန်တော် မကယ်တင်နိုင်တော့။

ကျွန်တော် မယုံနိုင်ရုံမျှမက လွန်စွာ အံ့ဩရသော နောက်ထပ် သတင်းစကားတစ်ခုကတော့ ကောင်မလေး ထိုရောဂါဖြင့် သေဆုံးခဲ့ရခြင်း ဆိုသည်ကို ကိုယ့်လူကိုယ်တိုင် ပြောနေခြင်း ဖြစ်သည်ဆိုသော သတင်းစကားပင် ဖြစ်သည်။ ကိုယ့်လူသည် သွေးစစ်ဌာနမှ ထွက်လာသောအဖြေကို 'ပေါ့စတစ်' ဖြစ်ကြောင်း ပြောနေသည်တဲ့။ ဒါဖြစ်နိုင်ပါ့မလား။ ဒါရော ကြားလူပြောသည့် ကြားစကားတွေပဲလား။ သို့မဟုတ် အမှန်တကယ် ကိုယ့်လူကိုယ်တိုင် သည်စကားတွေ ပြောခဲ့လေသလား။

သေချာတာ တစ်ခုကတော့ သည်သတင်းစကားတွေသည် ပြင်လို့ မရအောင် တစ်မြို့လုံး ပျံ့နှံ့နေလေပြီ။ ထိုသတင်းစကားများ၏ နောက်ဆုံး မက်ဆေ့(ချ်) သည် 'လှိုင်မြင့်နိုင်' ဆိုသောလူတစ်ယောက်ကို 'သနားစရာ' ပါဟု သုံးသပ်လိုက်ကြခြင်းဖြစ်သည်။ ကူးစက်ရောဂါသည်၏ လင်တော်ခဲ့ဖူးသော လူတစ်ယောက်ကို အမွေဆက်ခံရမည့်သူအဖြစ် လူထုက 'သနားစရာ' ဟု သုံးသပ်လိုက်ခြင်းမှာ သဘာဝတော့ ကျပါသည်။ ကျွန်တော်က လွဲလျှင်ပေါ့။

ကျွန်တော်သည် တရုတ်ရိုးရာ ပုံပြင်တွေကို ဖတ်ရှုဖူးပါသည်။ သူတို့၏ ယုံကြည်မှု တစ်ခုသည် ယုတ္တိနှင့်တော့ အလှမ်းဝေးပါလိမ့်မည်။ ဝံပုလွေတွေဟာ သက်တမ်း တစ်ရာကျော်လျှင် လူယောင်ဆောင်နိုင်သည်တဲ့။ ကျွန်တော် မအံ့ဩပါ။ ဘာကြောင့် ဆိုလျှင် ပုံပြင်ယုံကြည်မှု ဖြစ်သောကြောင့်ပင်။ ပုံပြင် တစ်ပုဒ်မှာဆိုလျှင် အသက်တစ်ရာ ပြည့်သွားသော ဝံပုလွေမကြီး တစ်ကောင်

သည် အလွန်ချောမောလှပသည့် မိန်းမပျိုကလေး အယောင်ဆောင်၍ နန်းတွင်းသို့ဝင်ပြီး ဘုရင်ကြီးကို ပရိယာယ် အမျိုးမျိုးဖြင့် သွေးဆောင်လေသည်။ ဘုရင်ကြီးကလည်း သဘောတွေ တဟဲဟဲကျပြီး သူမကို မိဖုရား မြှောက်လိုက်၏။ သူမ မိဖုရား ဖြစ်သွားသော်လည်း ဝံပုလွေတစ်ကောင် ဖြစ်သည့်အတွက် အညှီနံ့ရလျှင် မနေနိုင်သောကြောင့် ည ညတွေမှာ နန်းတွင်းသူ နန်းတွင်းသားများ၏ သားရေပိန်ပ်များကို နှိုးစားလေသည်။ သို့သော် ထို အဖြစ်ကို မည်သူမျှ မရိပ်မိကြ။ သူ့ လုပ်ရပ်က ပိရိနေသည်ကိုး။ ဒါတွင် မက နန်းတွင်းမှာလည်း ဟိုလူ့ ကုန်းတိုက်လိုက်၊ သည်လူ့ကုန်းတိုက်လိုက်၊ ဒါကို ဘုရင်ကြီးက မရိပ်မိရုံ မျှမက အလွန်ဉာဏ်ပညာ ကြီးမားသော မိဖုရားဟုဆိုပြီး အချစ်ပိုလေ၏။ သူက ပိရိတာကိုး။ သူ့ကြောင့် လူတစ်ယောက် ဘယ်မျှ ဒုက္ခရောက်သွားသွား အားလုံးက မိဖုရားမှန်သည်။ သူက ပိရိတာကိုး။ ဝံပုလွေတွေဟာ ကောက်ကျစ်တဲ့ နေရာမှာ အင်မတန် ဉာဏ်ကြီးသူ မဟုတ်လား။ ထိုပုံပြင်ကို ဖတ်စဉ် ကျွန်တော် ငယ်ငယ်ကဆိုလျှင် မိဖုရား၏ ဉာဏ်သွားပုံတွေကို အလွန်သဘောကျမိသည်။ ထို မိဖုရား ဘယ်လောက်ထိ ဉာဏ်သွား ပြီး ဘယ်လောက်ထိ ပိရိလိုက်သလဲ ဆိုရင် သေဆုံးခါနီး သူမ ရောဂါ တစ်ခုဝင်ပြီး သူသေရတော့မည်ဟု သိရသည့် အချိန်မှာ ဘုရင်ကြီးထံ အခွင့်တစ်ခု တောင်းခဲ့သည်။ 'သူ သေလျှင် ချက်ချင်း အခေါင်းထဲထည့်ပိတ်ပြီး နောက်ထပ် မည်သူမျှ ဖွင့်မကြည့်ဖို့' ဆိုသည့် အခွင့်အရေး ပင် ဖြစ်သည်။ ဘုရင်ကြီးလည်း ချစ်သောမိဖုရားဆိုတော့ ကတိပေး၏။ ဒါတွင်မျှမက မိဖုရားရုပ်အလောင်းကို အလွန်ခမ်းနားကြီးကျယ်စွာ ကျင်းပလေသည်။ မည်မျှ ကြီးကျယ်သနည်းဆိုလျှင် မိဖုရားကို ရုပ်အလောင်းထည့်သည့် ခေါင်း ပြာသာဒ်ကြီးကပင် လူ့အယောက် တစ်ရာ ထမ်းဆိုလေ၏၊ မိဖုရား အလောင်းထည့်ထားသည့် အခေါင်းကို အပြောက်အမွမ်းတွေ စိန်တွေ၊ ပတ္တမြားတွေ စီထားသည်။ မိဖုရား၏ ရုပ်အလောင်း မြင်ကွင်းသည် တစ်နန်းတွင်းလုံး လူတွေအပြည့်ဖြင့် စည်ကားနေပြီး မိဖုရားအတွက် တိုင်းသူပြည်သားတွေက ဝမ်းနည်းငိုကြွေး သနားကရုဏာသက်ကြသော်လည်း လူတစ်ရာ အလောင်းထမ်းပြီး ခမ်းခမ်းနားနား မသာချလာသော အသုဘ အခမ်းအနားသည် တကယ်တော့ ပြုံးချင်စရာပုံပြင်သာ ဖြစ်သည်။ ထိုပုံပြင်ကို ဒီအချိန်မှာ ဘာကြောင့် ကျွန်တော် သတိရနေမိသလဲ။

တစ်ချိန်တည်းမှာပဲ လှိုင်မြင့်နိုင်ဆိုသော လူတစ်ယောက်အကြောင်းကို တွေးနေမိသည်။ သူ ဘယ်လိုလူလဲ။ တစ်ခါက စာမေးပွဲအောင်စာရင်းတွင် သူ့နာမည်မပါဝင်ပါဘဲ၊ စာမေးပွဲအောင်သူ အဖော်များနှင့် ရောယောင် အောင်ပွဲခံနေသော ကလေးတစ်ယောက်ကို ကျွန်တော်တွေ့ဖူးပါသည်။ အများအမြင်တွင်တော့ သူလည်း အောင်သည်ပေါ့။ ထိုကလေး၏ မျက်နှာနေရာတွင် လှိုင်မြင့်နိုင်ဆိုသော လူတစ်ယောက်၏ မျက်နှာကြီးပေါ်လာသည်။ နောက်အဖော် ကြာကြာမှကြားသိရသော သတင်းတော့ ကျွန်တော်အံ့ဩဖို့ မကောင်းတော့။ ထိုင်ရာမှ ထသွားပြီး ဖုန်းနာမေးဖို့ မိတ်ဆွေသူငယ်ချင်း ပီသစွာ ကူညီဖို့ပဲ ဖြစ်ပါသည်။ သူ မကျန်းမမာ ဖြစ်နေပြီဟု ထိုသတင်းက ဆိုလေသည်။

♦

အမှန်တကယ်ပင် သူ အိပ်ရာထက် မက်လက် ဖြစ်နေပြီ။ ကျွန်တော်နှင့် မတွေ့ရသည့် သုံး လေးလအတွင်း သူ့အဖော်ကြီး ချုံးကျသွားပါသည်။ ပါးစပ်အတွင်းမှာမှ ကျွန်ုရများ ပေါက်နေသဖြင့် အစာမစားနိုင်ဟု သိရပါသည်။ သူ့အတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ။

" ဘယ်လိုဖြစ်ရတာလဲ. . . အစ်ကိုရာ. . . ကျွန်တော် ဘာလုပ်ပေးရမလဲ. . . "

"မလိုတော့ပါဘူးကွာ၊ ကိုယ့်ညီလည်း ဘာမှမတတ်နိုင်ပါဘူး. . . ကိုယ့်ကို 'သွန်း' က အမွေပေးခဲ့တယ်လေ"

"ဗျာ"

ကျွန်တော်သူ့ကို ငေး၍သာ ကြည့်နေမိပါသည်။

"ကိုယ့်ညီကို ကိုယ်တစ်ခုတော့ တောင်းဆိုချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"တကယ်လို့ ကိုယ်သေသွားခဲ့ပြီဆိုရင် ကိုယ့်ရဲ့ နောက်ဆုံးခရီး၊ နောက်ဆုံးကိစ္စကို ပြီးတဲ့အထိ ကိုယ့်ညီကိုယ်တိုင် သဂြိုဟ်ပေးစေချင်တယ်ကွာ"

"ဒါတွေ မတွေးပါနဲ့ အစ်ကို အစ်ကို မသေနိုင်ပါဘူး။ နေကောင်းအောင် နေပါ"

"ကိုယ် သိနေပါပြီကွာ . . . ဘာကြောင့် ဒီစကားကို ပြောရသလဲ ဆိုရင် 'သွန်း' တုန်းက နောက်ဆုံး အခြေအနေမှာ ကိုင်တွယ်ရဲသူ မရှိတော့လို့ စက်ထဲရောက်တဲ့အထိ ကိုယ်တစ်ယောက်တည်း သဂြိုဟ်ပေးခဲ့ရတယ်"

ကျွန်တော် သဘောပေါက်သွားပါပြီ။ အလွန်လည်း စိတ်ထိခိုက်ခဲ့ပါသည်။ သူဘာကို စိုးရိမ်နေသည် ဆိုတာကိုလည်း ကျွန်တော် သိလိုက်ပြီ။ သည်အဖြစ်မျိုးနှင့် သေဆုံးသွားသူတို့ကို လူအဖော်များများက မကပ်ရဲကြ၊ မကိုင်တွယ်ရဲကြ။ သူ၏ ရုပ်နာ ထစ်ငေါ်နေမှာကို တွေးပြီး စိတ်မကြောင့် ဖြစ်နေဟန်ရှိသည်။ သူသည် 'သွန်း' အပေါ် အခြားကိစ္စတွေမှာ မည်သို့သဘောထားခဲ့သည်ကို ကျွန်တော် မသိနိုင်သော်လည်း နောက်ဆုံးခရီး နောက် ဆုံးအချိန်မှာတော့ လင်သားကောင်းပီသစွာ လက်တွဲဖော်ကောင်းပီသစွာ တာဝန်ကျေပြွန်ခဲ့ပါသည်။ ထိုတာဝန်မျိုး ယခုအလှည့်ကျလာသူက ကျွန်တော်။ ကျွန်တော် မိတ်ဆွေကောင်း ပီသရမည်။ သူငယ်ချင်းကောင်း ပီသရမည်။ ကျွန်တော် သူ့ကို ကတိပေးခဲ့ပါသည်။

သူစိုးရိမ်သည့်အတိုင်း အတိအကျ ဖြစ်လာပါသည်။ သူ၏ ရုပ်နာသည် မထင်မှတ်လောက်အောင် စည်ကားခဲ့သော်လည်း မျက်နှာလာပြကြရုံသာ ပြကြပြီး ပြန်သွားကြသူကများသည်။ သူ့ကိုလည်း အထူးစီမံထားသော လေလုံ အခေါင်းထဲထည့်ပြီး အလုံပိတ်လိုက်လေသည်။ ထိုကတည်းက မီးသဂြိုဟ်စက်ခန်းထဲ ရောက်သည်အထိ ပြန်လည်ဖွင့်မကြည့်ရဲတော့။

♦

ကျွန်တော် ကျောထဲ စိမ့်ခနဲ ဖြစ်သွားသည်။ တာဝန်ရှိ ဝန်ထမ်း အနည်းငယ်မှအပ အမှောင်ကဲသော စက်ခန်းကျဉ်းကလေးထဲ အလုံပိတ်ထားသည့် အခေါင်းကြီး တစ်လုံးနှင့် ကျွန်တော် တစ်ယောက်တည်း။ ပုံမှန်အားဖြင့် ဆိုလျှင် အနည်းဆုံး လေးငါးယောက် ရှိသင့်သည်မဟုတ်လား။ ဒါမှ အခေါင်းကြီးကို ဝိုင်းပြီးဖွင့်၊ လူလေးယောက်လောက်ဖြင့် ဝိုင်းပြီးမ၊ မီးသဂြိုဟ်မည့်စက်အတွင်း ထည့်။ အဲဒီတော့မှ တာဝန်ရှိ ဝန်ထမ်းတွေက စက်တံခါးဆွဲပိတ်ခြင်း၊ မီးစက်နှိုးခြင်း၊ မီးတင်ခြင်းတို့ လုပ်ရမည် မဟုတ်လား။ အခုတော့ ဒါတွေ အားလုံး ကျွန်တော် တစ်ယောက်တည်း လုပ်ရတော့မည်။ တာဝန်ရှိဝန်ထမ်း အနည်းငယ်ကလည်း မီးစက်မောင်းရန် ပြင်ဆင်နေကြသည်။ အရှေ့ထဲ မီးစက်က အသင့်ဖြစ်နေသည်မသိ။ ဝန်ထမ်းတွေ ဝိုင်းပြီး မီးစက်နှိုက်နေကြသည်။ ကျွန်တော့်ဘက် လှည့်မကြည့်အား။ မထူးပါဘူး၊ တစ်ယောက်တည်း ရှိတော့လည်း တစ်ယောက်တည်း လုပ်ရုံပေါ့ဟု စိတ်ကိုတင်းလိုက်ပြီး ကျပ်နေအောင် ရိုက်ပိတ်ထားသော အပေါ်ဖုံးကို အားစိုက်၍ ဆွဲဖွင့်လိုက်သည်။

"ဟိုက်"

လန့်ဖျပ်သွားခြင်း မဟုတ်ပါ။ အံ့ဩလွန်း၍ ကြက်သေသေသွားခြင်း ဖြစ်ပါသည်။ အမှန်ဆိုလျှင် ဤအခေါင်းကြီးအတွင်း၌ 'လှိုင်မြင့်နိုင်' ဆိုသော ကျွန်တော်၏ မိတ်ဆွေတစ်ယောက် ရှိနေရမည်မဟုတ်လား။ အခုတော့ အခေါင်းကြီး အတွင်းမှာ ကျွန်တော်တွေ့လိုက်ရသည်က 'လှိုင်မြင့်နိုင်' ဆိုသော လူတစ်ယောက်၏ အလောင်းကြီး မဟုတ်ပါ။ သေဆုံးနေသော ဝံပုလွေ တစ်ကောင်ကို ကျွန်တော် တွေ့လိုက်ရခြင်း ဖြစ်ပါသည်။

**လှမိုးသစ် (ကျောက်ဆည်)**

Asian Fame Media Group



Asian Lizzie Media Group



ကျိုးဘက်ကနေ အနောက်တည့်တည့်ကို ဆင်းခဲ့တယ်။ ကမ်းနားလမ်းရောက်ပြီ၊ မြစ်နဲ့ယှဉ်နေတဲ့ သည်လမ်းအတိုင်း အေးအေးဆောင်းဆောင်း ပြန်မယ်။ အတွေးနဲ့ဆိုင်ကယ်စီးလာရင်း အမြင်ကဝင်ဖျက်တယ်။ ကမ်းနားလမ်းကို ဖြတ်ဖြတ်သွားတဲ့အခါတိုင်း ကြည့်မိတဲ့ဘီယာဆိုင်တစ်ဆိုင်။ ရှခင်းကောင်းတဲ့ ဆိုင်လေး။ သဘာဝနဲ့ ရောယှက်နေတဲ့ သည်ဆိုင်ကို ကြုံရင်ဝင်ထိုင်ဦးမှ . . . ဆိုတဲ့ စိတ်ကူး ရှိခဲ့တာ။ အခု . . . ဝင်ဖြစ်ခဲ့ပြီ။

မြစ်ထဲကို ထိုးထွက်နေတဲ့ ကမ်းပါးမြေကွက်လပ်ကို ပိုင်းတန်းတွေနဲ့ ကာထားတယ်။ မြက်ခင်းစိမ်းစိမ်း ရှိတယ်။ ဘီယာသောက်တဲ့ ခန်းမနဲ့ အရောင်းကောင်တာက သီးသန့်၊ ကွင်းပြင်ကျယ်ရဲ့အဆုံး မြစ်ကမ်းအစွန်းမှာ ထန်းလက်နဲ့ ထီးသဏ္ဌာန်လုပ်ထားတဲ့ စားပွဲထိုင်ခုံလေး၊ ငါး၊ ခြောက်ခုလောက်ရှိမယ်ထင်တယ်။ အစွန်ဆုံးအမိုးအောက်က ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ သာယာတဲ့မြစ်ပြင်ကိုတော့ မမြင်ရပါဘူး။ ရေလည်က ကျွန်းကြီးကိုပဲ မြင်ရတယ်။ ကိုင်းပင်တွေ၊ ကျူပင်တွေနဲ့ စိမ်းလို့စိုလို့။ ကျွန်းနဲ့ဘီယာဆိုင်ကမ်းပါးကြားမှာ ချောင်းတစ်ခု ခြားနေတယ်၊ အထက်စီးက မြင်နေရတဲ့ ချောင်းရဲ့အနောက်ဘက်မှာ ကျွန်းကြီး၊ အဲဒီကျွန်းကြီးရဲ့အနောက်ဘက်မှာတော့ ဧရာဝတီမြစ်မကြီးပေါ့။

ခြေသံကြားလို့ လှမ်းကြည့်လိုက်တော့ မိန်းကလေးတစ်ဦး။ လက်မှာ မီနူးစာရွက်လေးကိုင်လို့။

# ဆိုး-ဝ မွဲ ဘဝများ

## အောင်ချင်းသစ်

ဝတ္ထုတိုရသ

Asia Green Media Group

"ဘာစားမှာပါလဲ" "ဩော် . . . ဘီယာတစ်လုံး၊ အာလူးကြော်၊ အချိုရည်တစ်ဘူး" စားမယ့်စာရင်း မှာရင်း သူ့ကို ကြည့်မိတယ်။ အတော်ပြေပြစ်တဲ့ မိန်းကလေးပါပဲ။ သူထွက်သွားတော့ တစ်ချက်ကြည့်လိုက်သေးတယ်။ နောက်ပြီး မြစ်ဘက်ကို လှည့်လိုက်တော့ အချိန်တို အတွင်းမှာပဲ ခုနက သတိမပြုမိခဲ့တဲ့ တံငါလှေတစ်စီး၊ မြောက်ဘက်က တောင်ဘက်ကို ချောင်းရိုးအတိုင်း စုန်ဆင်းလာတာ။ ကျွန်တော်နဲ့ တည့်တည့်ရောက်နေပြီ။ ပဲ့ကိုင်ရင်း လှော်သူတစ်ယောက်၊ လှေဦးက ပိုက်ကွန်ကိုင်ထားသူက တစ်ယောက်။ နားထဲကို ဆူညံသံတစ်ခု၊ အင်ဂျင်စက်သံ၊ တောင်ဘက်က ဆန်တက်လာတဲ့ မော်တော်သံ။ အသံကတော်တော်နီးလာပြီ။ ကျွန်တော် ကျောပေးထားတဲ့ အရပ်က ဆန်လာတာ။ ကျွန်တော့်ရှေ့မှာပဲ သူတို့ဆုံကြပြီ။ ချောင်းငယ်လေးက ကျဉ်းလွန်းတော့ တံငါလှေက ကျွန်းဘက်က ကိုင်းပင်တွေကြား ထိုးကပ်ပြီး ရှောင်ပေးတယ်၊ မော်တော်ကတော့ အားကောင်းမောင်းသန်စွာနဲ့ ဆန်တက်လာတာ၊ မော်တော်လွန်သွားပြီ။ ကမ်းကပ်ထားတဲ့လှေက ထွက်လာတယ်။ မော်တော်ဖြတ်သွားလို့ လှိုင်းတွေကလည်း ထလို့ ရေတွေကလည်း နောက်လို့။ လူးလွန့်နေတဲ့ လှေဟာ ချောင်းလယ်ရောက်အောင် ဒယိမ်းဒယိုင်နဲ့လှော်လာရင်း လှေဦးကလူက ကွန်ကို ရုတ်တရက် မတ်တတ်ရပ်ပြီး ပစ်လိုက်တယ်။

ဖန်ခွက်သံကြားလို့ လှည့်ကြည့်လိုက်တော့ မိန်းကလေးက ကျွန်တော့် ဘီယာခွက်ထဲကို ဘီယာငှဲ့နေပြီ။ ကျွန်တော်က လက်ကာပြီး "ရတယ် . . . ရပါတယ်" တားပေမယ့် ဘီယာက ပြည့်နေပါပြီ။ "ထိုင်လေ ဘာစားမှာလဲ . . . ဘာသောက်မှာလဲ၊ တစ်ခုခုစားပါ။ ကျွန်တော်က ဘီယာကို ကိုယ်တိုင်ပဲ ငှဲ့တတ်လို့ပါ၊ ထည့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"။ သူက ကျွန်တော် ပြောတဲ့စကားနဲ့ သဏ္ဌာန်ကို ထူးထူးဆန်းဆန်း ငေးကြည့်နေတယ်။ အနေးဟာ ဖြစ်သွားတဲ့ ဝိတ်တာ ကောင်လေး တစ်ယောက် ကို သူက "အချိုရည်တစ်ဘူး" လို့ မှာလိုက်တယ်။

ကျွန်တော် မြစ်ကမ်းဘက် လှည့်ကြည့်လိုက်ပြန်တော့ လှေဦးက ကွန်ပစ်သူက ပိုက်ကွန်ရင်းဖူးချာကို ကိုင်ထားဆဲပါပဲ၊ ကွန်ကို တဖြည်းဖြည်းနဲ့ လိမ်ပြီး ငင်ယူနေပြီ။ အို . . . ပိုက်ထဲမှာ ငါးကြီးတစ်ကောင်ပါလား။ လူးလွန့်ရုန်းကန်နေတဲ့ ငွေရောင်ငါး။ ဒီငါးက ဘာလို့ ဒီရေနောက်မှာ ပျော်ပါလိမ့်။ ဟိုဘက်မှာ စိုင်ထောင်ချီတဲ့ မြစ်၊ ကြည်လင်ကျယ်ဝန်းပါလျက်နဲ့၊ ကျွန်တော် ဘီယာသောက်ရင်း စဉ်းစားနေတာ။ ဩော် သိပြီ၊ သည်ချောင်းထဲမှာ လှေ တွေ၊ မော်တော်တွေ ဆိုက်ကပ်ရပ် နားပြီး၊ ချက်ပြုတ် စားသောက်ကြလေတော့ စားစရာ အစာပေါလို့ နေနေတာ နေမှာပေါ့။

ကျွန်တော် အတွေးစကို ဖြတ်ပြီး မျက်စောင်း ထိုးခဲ့မှာ ထိုင်နေတဲ့ ကလေးမကို အခုမှ သတိရမိတယ်။ သူက ပြုံးပြတယ်။ သူ့အပြုံးက ခပ်မှိုင်းမှိုင်း၊ သွက်လက်စူးရှတဲ့ ပုံဟန်မျိုး မတွေ့ရပါဘူး။ သပ်ရပ်တိကျတဲ့ မျက်ထုံးမျက်ဖန်၊ နှာတံ၊ နှုတ်ခမ်း တော်တော်ယဉ်တာပဲ။ မိန်းကလေးကို အကြာကြီးကြည့် မနေသင့်ဘူး။ အကြည့်ရိုင်းတွေ ဖြစ်သွားမှာ စိုးပါတယ်။ အားလည်း အားနာစရာ။

အလုပ်စီစဉ်စရာတွေ ရှိနေတာမို့ ပြန်ဖို့အချိန်တန်ပြီ။ ဘီယာလက်ကျန်ကို ရှင်းလိုက်တယ်။ "ဘယ်လောက်ကျပါသလဲ" သူက တွက်ချက်ပြီး ကျသင့်ငွေကို ပြောပါတယ်။ ကျသင့်တာထက် ပိုပေးလိုက်တယ်။ ပိုငွေကို "ဆေးလိပ်ယူမလား" လို့ မေးတော့ "မယူပါဘူးကွာ မင်းပီကေဝယ်စားလိုက်တော့"။

ဘဝမှာ ကြေကွဲခဲ့ရဖူးတယ်။
ပစ်ပယ်ခံခဲ့ရဖူးတယ်။
နာကြည်းငိုကြွေးခဲ့ရဖူးတယ်။
သည်လိုအချိန်တွေမှာ
ရပ်တည်ဖေးမပေးမယ့်သူဆိုလို့
ဘယ်သူမှမရှိခဲ့ပါဘူး။
ကြေကွဲဝမ်းနည်းစရာ
အဖြစ်တွေကို
သက်သေအနေနဲ့က
သည်ကမ္ဘာမြေနဲ့ ရေမြေသဘာဝ
တောတောင်တွေပဲ ရှိတာပါ။
အချိန်တို့က ကုစားပေးလို့
တော်သေးတာပေါ့။

သူက ပြုံးတယ်။ "ဟုတ်ကဲ့" တဲ့။ ခင်စရာကောင်းတဲ့ အပြုံးများ ကျွန်တော့် မျက်လုံးထဲက ချက်ချင်း ထွက်မသွားပါ။ အမှတ်ရနေတယ်။

◆

ဘဝမှာ ကြေကွဲခဲ့ရဖူးတယ်။ ပစ်ပယ်ခံခဲ့ရဖူးတယ်၊ နာကြည်း ငိုကြွေးခဲ့ရဖူးတယ်၊ သည်လိုအချိန်တွေမှာ ရပ်တည်ဖေးမပေးမယ့်သူ ဆိုလို့ ဘယ်သူမှမရှိခဲ့ပါဘူး။ ကြေကွဲဝမ်းနည်းစရာ အဖြစ်တွေကို သက်သေအနေနဲ့က သည်ကမ္ဘာမြေနဲ့ ရေမြေ သဘာဝ တောတောင်တွေပဲ ရှိတာပါ၊ အချိန်တို့က ကုစားပေးလို့ တော်သေးတာပေါ့။ ကြာတော့လည်း သဘာဝတရားရဲ့ နှစ်သိမ့်မှုအောက်မှာ ရပ်တည်နိုင်ခဲ့ပြီ။ ဒုတိယအကြိမ် ရောက်တယ်၊ အလုပ်တွေပြီးပြီးချင်း ဘီယာဆိုင်ကို တန်းတန်းမတ်မတ် လာခဲ့တာ။ ကံကောင်းတယ်။ သူနဲ့ တိုက်ရိုက်တွေ့တာ။ အရင်နေ့က ထိုင်ခဲ့တဲ့ အမိုးအောက်မှာ စည်သည်တွေရှိနေလို့ တောင်ဘက် အမိုးအောက်မှာပဲ ဝင်ထိုင်လိုက်တယ်။ သူက ပြုံးပြပြီး လက်တစ်ချောင်း ထောင်ပြတယ်။ အဓိပ္ပာယ်က "သူမှတ်မိတယ်" " ဘီယာတစ်လုံး" မဟုတ်လား ဆိုတဲ့ အဓိပ္ပာယ်ပါ။ ကျွန်တော် ပြုံးပြပြီး ခေါင်းညိတ်ပြလိုက်တယ်၊

သူ ရောက် လာပြီး ဘီယာပုလင်း တစ်လုံး၊



Asian Fame Media Group

အချိုရည်၊ အာလူးကြော် . . . မှာနေကျအတိုင်း ပါလာတယ်။ သူ့အတွက် အချိုရည်တစ်ဘူး အပို ယူလာပြီး ဘီယာပုလင်းကို အဖုံးဖွင့် ပေးတယ်။ ကျွန်တော်ကိုယ်တိုင် ငှဲ့သောက်ရင်း ချောင်းဘက်ကို ကြည့်နေတာ၊ တံငါလှေများတွေ့ မလားလို့၊ မတွေ့ပါ၊ ဒီလောက်အထိ တော့ မတိုက်ဆိုင်နိုင်ပါ။

ဒါပေမဲ့ ကျွန်တော်ထိုင်နေတဲ့ နေရာနဲ့ ပေအနည်းငယ်ပဲ ဝေးတဲ့ ကမ်းပါးအစွန်းမှာ ခရာပင်တစ်ပင် ကို တွေ့ရတယ်။ ငယ်ငယ်က သင်ခဲ့ ရဖူးတဲ့ သပြေသီးကောက် ကဗျာကို သတိရတယ်။ "ခရာဆူးခြုံပိုအထဲက မျှောနက်မည်းကြီး တွယ်တတ်တယ်" ငယ်စဉ်က သည်ကဗျာကို ကောင်း စွာ နားမလည်ခဲ့ပါ။ ခရာပင်ကို ကောင်းကောင်း မမြင်ဖူးတာလည်း ပါတယ်။ ကျွန်တော်တို့ အညာအပူ ပိုင်းမှာ ခရာဆူးချုံလို့ဆိုတဲ့ ခရာပင် တွေစုပြုံပေါက်တဲ့နေရာမှ မရှိတာ။ မျှောနက်မည်းလည်းမရှိတော့ နား လည်ရန် ခက်ခဲပါတယ်။ မြစ်ဘေး ချောင်းဘေးမှာ ရေမျောကမ်းတင် ဟိုတစ်ပင် သည်တစ်ပင်တောင်မှ တွေ့ရခဲသကိုး၊

ကျွန်တော့်ရှေ့နားက ခရာပင် ကို သေချာကြည့်တော့ ခရစ္စမတ် ကတ်ထဲက အရွက်နဲ့ အတော်တူ သား။ အစိမ်းရောင်အပင်ကို ငွေမင် ဖြန်းထားသလိုမျိုး။ အရွက်ထိပ်အထိ ဆူးတွေ။ တစ်ပင်လုံး ဆူးတွေ။ အပင်လုံးခြုံဖို့ ဆူးတွေဆင်တာတော့ ဟုတ်ပါပြီ။ လိုသည်ထက် ပိုမနေဘူး လား။ အပင်ရဲ့ထိပ်မှာ ဝါထိန်နေတဲ့ ပန်းလေးတစ်ပွင့် ပွင့်နေပြန်ရဲ့။ ပန်းကျတော့ ဆူးတွေ ရံမထားဘူး။ ပန်းရဲ့အထက် တစ်ပေလောက်မှာ ပိတုန်းတစ်ကောင်ပျံနေတယ်။ ပျံနေ တာဆိုလို့ ရွေ့နေတာ မဟုတ်ဘူး။ တည်ငြိမ် ပျံနေတာ၊ ဝတ်ရည်စုပ်ဖို့၊ မရွေ့မလျား အတောင် ခတ်ရင်း ပန်းပွင့်အထက် တည့်တည့်မှာ။ ဘယ်အချိန် ပန်းပွင့်ပေါ် နားမလဲ ကျွန်တော် စောင့်ကြည့်နေမိတယ်။

"တစ်ခုခုမှာ စားပါလား၊ စားစရာ တစ်ခုခု" ဘာကြိုက်လဲ ကျွန်တော်က မေးတော့ "ကြာဆံ ကြော်မှာလိုက်မယ် ကြိုက်လား" သူက မဖြေဘဲ ကျွန်တော့်ကို ပြန် မေးတယ်။ ကျွန်တော်က "မင်းကြိုက် ရင် မှာပါ" လို့ ပြောလိုက်တယ်။

ကျွန်တော် ခရာပင်ကို လှည့် ကြည့်လိုက်တော့ ပိတုန်းက ရှိနေ တုန်းပဲ၊ ဒီလိုနေတုန်း အဝါရောင်နဲ့ လိမ္မော်ရောင်စပ်ကြား လိပ်ပြာတစ် ကောင် မြောက်ကြွမြောက်ကြွနဲ့ ပျံ လာတယ်။ ပန်းပွင့်ပေါ်ကို နားတယ်။ တောင်ပံနှစ်ဖက်ကို စုချည်ဖြန့်ချည် နဲ့ ဝတ်ရည်စုပ်နေတာ၊ အထက်က ပျံနေတဲ့ပိတုန်းက ထိုးဆိတ်တုတ် လိုက်မလားလို့ ကျွန်တော် စိုးရိမ်နေ တယ်။ လိပ်ပြာက ဝတ်ရည်စုပ်ပြီး မြောက်ကြွ မြောက်ကြွနဲ့ ပျံသွားပြီ။ ပိတုန်း ကတော့ တည်နေဆဲပါပဲ။ ခဏကြာတော့ ဦးတည်ချက်ပြောင်း သွားပြီး 'ဂီး'ဆို ပျံသွားရော။ ဝတ်ရည်လည်း စုပ်မသွားဘူး၊ ပန်း ကတော့ မလှုပ်မယှက်၊ ဆူးတွေ ရဲ့ အကာအကွယ်မဲ့စွာတစ်ပွင့်တည်း။

စိတ်ထဲမှာ ဘဝင်မကျလှပါ။ ကျွန်တော့်အတွက် ပန်းကန်ထဲကလေး ထဲကို ကြာဇံကြော် ထည့်နေတဲ့ မိန်းကလေးလက်ကို ငေးကြည့်မိ တယ်။ ဘဝမှာ ကိုယ့်အတွက် စား သောက်စရာ ခွဲဝေစိတ်ဖြာပေးမယ့် အိမ်ရှင်မ တစ်ယောက်တော့ လိုနေ ပြီလို့ သိလိုက်ပြီ။ "ရပြီ . . . ကျွန်တော်က နည်းနည်းပဲ စားတတ် လို့နော် ကျေးဇူးပါ၊ မင်းပဲ စား" သည်နေ့တော့ ကျွန်တော်နဲ့ မျက်နှာ ချင်းဆိုင် ခုံမှာ ထိုင်တော့ နီးနီးကပ် ကပ် မျက်နှာကို မြင်ခွင့်ရတယ်။ စားသောက်ပြီး ကျွန်တော် ငွေရှင်း တယ်။ သူ့အပြုံးက ပိုပြီးနွေးထွေး တယ်။ "သန်ဘက် ခါလောက် ကျွန်တော် လာဖြစ်မယ် ထင်တယ်" သည်စကားကို ကျွန်တော် မလိုအပ် ဘဲ ပြောမိသွားပြီး နှုတ်ကစကား ဆက်ရမှာ ဆွံ့နေတယ်။ "လာခဲ့ပါ . . . မျှော်နေမယ် . . . ကျေးဇူးပဲ" သူ့အသံက ရင်ထဲကို အေးခနဲ ခံစား ရပေမယ့် အဆင်သင့် မဖြစ်သေးတဲ့ ကျွန်တော့်ရဲ့ နှလုံးသား အက် ကြောင်းထဲကို ယဲ့ယဲ့ပြုံးတဲ့ သူ့ အပြုံးတွေ စိမ့်ဝင် စီးဆင်းသွားလိမ့် မယ်လို့ ကျွန်တော် ထင်မထားပါ။

♦

အလုပ်ရုံလေးထဲမှာ အလုပ် များနေတဲ့ လုပ်သား သုံးယောက်နဲ့ ကျွန်တော်။ နယ်က အမှာရောက်လို့ ပစ္စည်းတွေ တပ်ရ၊ ဆင်ရ၊ စနစ် တကျကောင်းမွန်သပ်ရပ်တဲ့ ပစ္စည်း ဖြစ်ဖို့လိုတာကိုး။ အရေအတွက်က လည်း များတယ်။ အခု ညနေလေး နာရီ။ "မျှော်နေမယ်နော်" ပြောလိုက် တာ နှုတ်ဖျားက ဖြစ်ချင်ဖြစ်ပါစေ၊ အရောက်သွားဖို့ တာဝန်က ကိုယ့် တာဝန်။ စိတ်ထဲမှာ သတိရပေမယ့် အလုပ်ထဲကိုပဲ အာရုံနှစ်ပြီး လုပ်ကိုင် ရတယ်။ သူ့ကိုပြောခဲ့တဲ့ သန်ဘက် ခါဆိုတာ ဒီနေ့။

ည ဆယ့်နှစ်နာရီ။ အလုပ်တွေ လည်း ပြီးပြီ၊ ထုပ်ပိုးလည်း ပြီးပြီ၊ မနက်ခြောက်နာရီ မန္တလေးကားကြီး ကွင်း အရောက်ပို့ရမှာ။ နယ်ကားက ခြောက်နာရီခွဲမှာ ထွက်မှာ။ အလုပ် ရုံထဲမှာပဲ စုပြုံအိပ်လိုက်ကြရတယ်။

မနက် ခြောက်နာရီ ထိုးတော့ ကားကြီးကွင်းကို ရောက်ပြီ၊ ပါဆယ် လုပ်ပြီး ပစ္စည်းတင်ကြတယ်၊ ကား ထွက်သွားပြီးတော့မှ လက်ဖက်ရည် သောက်ကြ မုန့်စားကြ၊ ကျွန်တော် အလုပ်သမား နှစ်ယောက်ကို ပြန် လွှတ်လိုက်တယ်၊ ကျွန်တော်က လိုတဲ့ပစ္စည်းတွေ ဝယ်စရာရှိလို့ ချန် နေရစ်ခဲ့ရော။

ကျွန်တော် ရောက်သွားတော့ ဆိုင်ဖွင့်စပဲ ရှိဦးမှာ။ ညွှေသည်ဆိုလို့ ကျွန်တော် တစ်ယောက်တည်း၊ ထိုင်နေကျစားပွဲကို သွားလိုက်တယ်။ ကျွန်တော့် နောက်မှာ စားပွဲထိုး ကောင်လေးတစ်ယောက် ထက်ကြပ် မကွာပါလာတာကို သတိပြုမိတယ်။ "ဘီယာတစ်လုံး၊ အာလူးကြော် . . . ကွာ" ကောင်လေးက ကျွန်တော် မှာတာကိုမှတ်ပြီး အလှည့်လိုက် ကျွန်တော်တို့ရှိရာဘက်ကို လျှောက် လာတဲ့သူ့ကို တွေ့ရတယ်၊ ပခုံး ပေါ်မှာ မျက်နှာသုတ် တဘက်တင်ပြီး လက်က ဆပ်ပြာခွက်လေးကို ကိုင် ထားတယ်။ ကျွန်တော့်ဘေးက စားပွဲ ထိုးကောင်လေးက "ရှက်စရာ . . ရှက်စရာ . . . မနေ့ညက တစ် ယောက်တည်း အိပ်ရတာမဟုတ် လား . . . တို့မန်နေဂျာကြီးက အဆက်အသစ်လေးတွေ ရောက် လာရင် ဒီလိုပဲပေါ့ တို့က ရိုးနေပြီ" စားပွဲထိုး ကောင်လေးရဲ့ စကားကို ကျွန်တော် ချက်ချင်း နားမလည်နိုင် ပါ။ ကျွန်တော်က သူ့ကို ပြုံးပြပြီး ဖြစ်နေတယ်။ သူက ပြုံးပြနေတဲ့ ကျွန်တော်နဲ့ စားပွဲထိုး ကောင်လေးကို အေးစက်မှိုင်းဝေတဲ့ အကြည့်နဲ့ ကြည့်နေတယ်။ လောကကြီးက ဘာမှမထူးခြားဘူးပဲ ဆိုတဲ့ အကြည့် မျိုးလား။ သူ ကျွန်တော်တို့ ရှေ့က ဖြတ်လျှောက်သွားတယ်။ ကောင် လေးလည်း ကျွန်တော့် အပါးက ထွက်သွားပြီ။ မလှုပ်မယှက် ရပ်နေ တဲ့ ကျွန်တော် အသက်မပါတဲ့ အပြုံး ကို မရုပ်သိမ်းမိဘဲ ကျန်ခဲ့တယ်။ သည်မနက် ကျွန်တော် ဘီယာ မသောက်ချင်တော့ပါ။ ပြန်လာခဲ့၏။ ခရာကိုယ်ကြီးက လမ်းလျှောက်ရတာ အခွံကြီးလိုလို၊ ဟင်းလင်းပြင်ကြီးလို နဲ့ ဆိုင်တယ်ဆိုကို။

ရှမ်းကလေးကျွန်းရွာကို လွန် တော့ ဧရာဝတီမြစ်ကို ပိပိပြင်ပြင် မြင်ရပြီ၊ နံနက်စောစော နေခြည်နု အောက်မှာ ဧရာဝတီဟာ ရွှေရောင် ငွေရောင် ဖျပ်ဖျပ်လက်လို့ စီးဆင်း နေတယ်။ ကားလမ်းဘေးမှာ ဆိုင် ကယ်ကိုရပ်ထားပြီး မြက်ခင်းစပ် အထိ လမ်းလျှောက်ခဲ့တယ်၊ သည် မြစ်ကြီးဟာ မြစ်ဝကျွန်းပေါ် ရောက် တာနဲ့ အကိုင်းအခက်အလက်တွေ လို ခွဲဖြာပြီး ပင်လယ်ထဲ စီးဝင်သွား မှာပါ။

သည်မြစ်ရေတွေဟာ ပင်လယ် သမုဒ္ဒရာမှာ ဆုံးမှာလား။ ဒါမှမဟုတ် ပင်လယ်သမုဒ္ဒရာထဲကနေ အငွေ့ အဖြစ် အမြင့်ဆုံးကောင်းကင်ယံမှာ တိမ်စိုင်ဖွဲ့ခြင်းက အဆုံးလား၊ ဒါမှ မဟုတ် မိုးတိမ်စိုင်တွေ အဖြစ် လေဟုန်စီးပြီး ငွေ့ရည်ဖွဲ့ကာ မြေ ကမ္ဘာကို ရေမြှာတွေ ခြွေချခြင်းက အဆုံးလား၊ ဒါမှမဟုတ် ကြွေကျတဲ့ မိုးစက်တွေ ပေါင်းစုပြီး ချောင်းငယ် မြောင်းငယ်အသွင်နဲ့ မြစ်မင်းထဲကို စီးဆင်းခြင်းက အဆုံးလား။ ဒါမှ မဟုတ် သည်မြစ်ရေတွေဟာ ပင်လယ်သမုဒ္ဒရာ . . . . .

ကျွန်တော့် အတွေးမဆုံးခင် မြက်ခင်းပြင်ပေါ်ကို အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိပါတော့တယ်။

**အောင်ချင်းသစ်**



Asian Fame Media Group

အမှန်တရားဆိုတာ
ချိန်းဆိုထားတဲ့ နေရာကို
အချိန်နည်းနည်းနောက်
ကျပြီးရောက်လာတတ်တဲ့
သူရဲကောင်းတစ်ယောက်ပဲ

. . .

မူရင်းကဗျာဆရာကိုမသိပေမယ့် အဲဒီကဗျာကို ကျွန်တော့်အား မကြာခဏ ရွတ်ပြခဲ့ဖူးသူ နှစ်ဦးရှိပါ၏။ ဆရာငှက်နှင့် ဆရာနီကိုရဲ ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်တစ်စုကျော်က သုံးဆယ်လေးလမ်း ထိပ်တိုက်ခန်းကျဉ်းလေးတစ်ခု၏ ညနေခင်းတော်တော်များများမှာပေါ့။ ဆရာနီကိုရဲက ရုပ်ရှင်ရိုက်ဖြစ်သော သူ့ဝတ္ထုဇာတ်ညွှန်းတစ်ပုဒ်ထဲမှာ ထိုကဗျာအား ထည့်သုံးထားကြောင်းလည်း ပြောပြဖူးသည်။ အခြားသူတွေရယ်စရာဖြစ်ရသော သူ့အလွဲများစွာကို ဝတ္ထု၊ ဇာတ်ညွှန်း၊ ရုပ်ရှင်အဖြစ် သူတင်ပြခဲ့ပါသည်။ ဒါပေမဲ့ အခြားသူတွေ မြင်ရကြားရလို့ ဘယ်နည်းနှင့်မျှ ရယ်စရာမဖြစ်နိုင်သော နာကျင်စရာ အလွဲပေါင်းများစွာကတော့ သူ့မှာရော ကျွန်တော့်မှာရော ရှိနေခဲ့ကြပါသည်။ ထိုနာကျင်စရာ အလွဲများကို မျှဝေမရ ပြောပြမိလေသောအချိန်တိုင်းမှာ သူက သူ့ထုံးစံအတိုင်း နှုတ်ခမ်းထောင့်စွန်းလေးကို ကွေးရုံမျှ(တစ်လောကလုံးပြုံးသွားစေနိုင်သော) သရော်တော်တော် အပြုံးလေးဖြင့် ထိုကဗျာကိုရွတ်ပြမည်။ ပြီးလျှင် . . . ကျွန်တော့်ပခုံးကို ပုတ်၍ ဒီလိုပဲပေါ့ကွာဟုပြောမည်ဆိုတာကိုတော့ ကိုယ်စောင့်နတ်များတောင် အလွတ်နေခဲ့ကြမည်ထင်ပါ၏၊ တကယ်တော့ သူ့မှာလည်း အဆိုပါ ဝေဒနာများက ကျွန်တော့်ထက်နည်းလိမ့်မည်မဟုတ်။ ဘာလို့လဲဆို ထိုဆရာတွင်ရော ကျွန်တော့်မှာပါ အားနည်းချက်စရိုက်ဆိုးလေးတစ်ခု တူညီစွာရှိခဲ့ကြသည်။ လူလည်တွေ၊ လူနပ်ချမ်းသာတွေက ကျွန်တော်တို့အပေါ်မှာ အလွယ်တကူ ဖျံ့ကျလို့ရနိုင်သော အားနည်းချက်တစ်ခုဖြစ်၏။


ခေါင်းထဲမှာ ရှိပြီးသား ချမရေးရသေးသော ဇာတ်လမ်း၊ ဇာတ်ညွှန်းစကားလုံးများ၊ သီချင်းစာသား၊ သံစဉ်တစ်ပိုင်းတစ်စအစရှိသဖြင့် အခြားသူများကို ကိုယ်လိုပဲဟု ယုံကြည်စွာ ချပြ၊ ဆိုပြ၊ ပြောပြမိခြင်းတို့မှ အခြေပြု၍ မိမိတို့ မူပိုင်စိတ်ကူးစိတ်သန်းများကို တစ်ဝက်တစ်ပိုင်း ဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ မျက်နှာပြောင်တိုက် အခိုးခံခဲ့ကြရ၊ ဦးနှောက်ဖောက်စားခြင်းခံခဲ့ကြရသည်။ ဒါလည်း အမှတ်ရှိတာ မဟုတ်ပြောဖြစ်ခဲ့ကြတာပါပဲ။ အဲသည်လို ကိုယ်မွေးထားတဲ့ ကြက်ကို ရိုက်သတ်ပြီး၊ ကိုယ့်အိမ်က ဆီ ဆားနနွင်းမဆလာပါ နှိုက်ယူ၍ ငါ့လက်ရာကာလသားချက် လုပ်စားကြသူတို့၏ မျက်နှာပြောင်တိုက် ဖြစ်စဉ်မျိုးနှင့် ကြုံခဲ့ရလေတိုင်းသူက သည်းခံနိုင်စွမ်းကြီးမားပေမယ့် ကျွန်တော်က

# ကျော်ခင်ကိုကို

## နဂါးသစ္စာ

ဝတ္ထုတိုရသ





Asian Fame Media Group
af MEDIA GROUP

တော့ သိပ်မရင့်ကျက်နိုင်ခဲ့။ သို့သော်လည်း ဘာမှမတုံ့ပြန်နိုင်ဘဲ အောင့်သက်သက်နှင့် မျိုချခဲ့ရတာပါပဲ။ ထိုစဉ်က ကျွန်တော့်မှာ ဝန်ထမ်းအလုပ်တစ်ဖက်နှင့်ဖြစ်ပြီး လုပ်ငန်းခွင်ထဲမှာပါ အလားတူဖြစ်စဉ်တွေ တစ်ထမ်းတစ်ပိုး ကြုံခဲ့ရသည်။ ကိုယ်က အခြေတည်သိမ်းကျုံးလုပ်လို့ အောင်မြင်ပြီးမြောက်လုချိန်မှ အခြားတစ်ယောက်က နှမ်းဖြူးပြီး အမှတ်ယူ သွားတာမျိုး။ ထိုအထဲကမှ အပြစ်ဆိုစရာ တစ်ခုတလေတွေ့လျှင် အဲဒီအပိုင်းလေးတော့ သူလုပ်တာပါ ဆိုပြီး လွှဲချအပြစ်ပုံတာမျိုးတွေပေါ့။ ဒါတွေ ပြောပြမိလျှင်လည်း သူကတော့ ထုံးစံအတိုင်း ခပ်ကွေးကွေးလေးပြုံးပြီး အစ်ကိုရင်းတစ်ယောက်ပမာ နှစ်သိမ့်ပေးခဲ့ပါသည်။

"မှတ်ထားကိုယ့်လူ၊ အသိအမှတ်ပြုမခံရသော အားထုတ်အောင်မြင်မှုမှန်သမျှ သင့်အတွက် အတောက်ပဆုံး ခွန်အားကို ပေးတဲ့ ဂုဏ်သိက္ခာပဲ၊ ငတုံးတွေရဲ့ သားရေတုပုရပိုက်မှာ ပါဖို့ထက် သိကြားမင်းရဲ့ ရွှေပုရပိုက်မှာ ပါသွားတာပိုမကောင်းဘူးလား။ ဒီမှာ ဘာမှအသိအမှတ်ပြုမခံရလည်း သိကြားမင်းကတော့ ကိုယ့်လူအတွက် တာဝတိံသာမှာ မြေကွက်တွေ ဗိမာန်တိုက်ခန်းတွေ ပါမစ်ချထားပေးပြီးလောက်ပါပြီ" ဟူ၏။

ကျွန်တော်ကတော့ မကျေနပ်နိုင်။ ကြုံတွေ့ခံစားရသမျှဖြစ်စဉ်တွေကို ကဗျာ၊ ဝတ္ထုအသွင်ပြောင်း၍ စိတ်အနာကို ဖွဲ့ထုတ်ပစ်ရန်ကြိုးစားခဲ့သည်။ သို့သော် ထိုစကားလုံးများ စာမျက်နှာပေါ်တွင် တက်ရောက်ခွင့် ရမလာခဲ့သောအခါ အနာသည် ပို၍ ရင်းရောင်ခဲ့လေပြီ။ ကျွန်တော့် အတွက် သူ ရဲ့ ကောင်းသည်

နောက်ကျသင့်သောအချိန်ထက် ဘာကြောင့်များ ပို၍ နောက်ကျနေခဲ့ပါသလဲ။

♦

ဆိုက်ကားပေါ်မှ ဆင်းပြီးခြံထဲဝင်တော့ ပျိုးပင်လေးများကို ရေလောင်းနေသော အဘွားက မျက်မှောင်နားယက်ဝါးလေး ကွယ်၍ လှမ်းကြည့်သည်။ အဘွား အသက်ကိုးဆယ်ရှိပြီ။ ခါးကိုင်း၍ အဝေးမှုန်သည်မှ လွဲလျှင် ကျန်းမာရေး ကောင်းတုန်းပဲ။ အငယ်ဆုံးမြေးဖြစ်သူ ကျွန်တော် မမွေးခင်တစ်နှစ် အဘိုးဆုံးသည့် အချိန်ကစ၍ ရာသက်ပန် ဥပုသ်သီလယူခဲ့သည်။ ရှစ်နှစ်သမီးတည်းက သားကြီးငါးကြီး၊ ကုန်းသတ္တဝါမစား။ သူ့အဝတ်သူ လျှော်ဖွပ်နေတုန်း။ တစ်ခါတလေ ကျွန်တော်တို့ အဝတ်တွေတောင် ယူလျှော်ချင်သေး၏။ သစ်ပင်စိုက်တာလည်း ဝါသနာပါသည်။ ဘုံပိုင်မှာရေပိုက်သွယ်၍ ရေလောင်းတာမျိုးကိုမကြိုက်၊ ပုသိမ်ပုဂံ ထည့်သော ကော်ချိုင့်လေးများဖြင့် နေ့စဉ် သူ့ဘာသာတစ်နိုင်တစ်ပိုင် လောင်း လေသည်။

"အဘွား ပျိုးပင်တွေက သိပ်လည်းကြီးမလာကြဘူး၊ ဒါလည်း နေ့တိုင်းလောင်းနေတာပဲ"

ကျွန်တော့်မှာ လောလောဆယ်မဲပြီး စိတ်ထွက်ပေါက်ရှာ ကတ်ဖွဲ့ပြောစရာ အနီးဆုံးလူမှာ အဘွားပဲ ရှိသည်။ အဘွားကတော့ ကွမ်းလေးမြုံ့ရင်း အပြုံးမပျက်။

"ငါ့မြေးကမမြင်ဖူးသေးလို့ပါ၊ ဒါနဂါးသစ္စာပန်းခေါ်တယ်ကွဲ့၊ ပွင့်လာရင် အနံ့ရောအဆင်းရော သိပ်လှသိပ်မွှေးတာကိုး"ဟုပြောသည်။ ကျွန်တော်ကတော့ မျက်မြင် မဟုတ်သေး

တာကြောင့်သိပ်စိတ်ဝင် စားမှုမရှိ၊ ဆက်ပြီးကတ်ဖွဲ့ပြောချင် စိတ်ကလည်း ကျန်သေးတာကြောင့်. . .။

"ဟုတ်လား၊ အဲဒီပန်းတွေက ပွင့်ကောပွင့်ဦးမှာလား အဘွားရဲ့၊ အဘွားရှိတုန်းပွင့်နိုင်ပါ့မလား" ဟုမေးလိုက်တော့ အဘွားက နက်နက်နဲနဲပြုံးသည်၊ မှုန်သီသီဇရာမျက်ဝန်းသည်ပင် လက်ရွှန်းတောက်ပ သွားသယောင်ရှိ၏။

"ပွင့်ရမှာပေါ့ကွယ်၊ ကျိန်းသေပေါက်ပွင့်တာပေါ့၊ သို့ပေတဲ့ လူ့သက်တမ်းဆိုတာ မျက်တောင် တစ်ခတ်စာအတွင်းလည်း ကုန်သွားနိုင်တာကလား ဆိုတော့ကာ ပန်းပွင့်မယ့်အချိန် အဘွားရှိမရှိ ငါ့မြေးရှိမရှိ ဘာမှတပ်အပ်မပြောနိုင်ဘူးပေါ့၊ ပုံမှန်သက်တမ်းအတိုင်း ဆိုရင်တော့ ငါ့မြေးတို့ နောင်လာ နောက်သားတွေ မြင်ခွင့်ရမှာပဲ၊ ဒါဆိုရင်ပဲ စိုက်ခဲ့ရကျိုးနပ်သွားပြီလေ၊ အဘွားကတစ်ဝကြီး မြင်ဖူးပြီးခဲ့ပြီပဲကွယ်. . ."

ကြက်သီးမွေးညင်း အချို့ ရင်ဘတ်အတွင်းမှ ရုပ်ပြေးသွားသလို ခံစားလိုက်ရ၏။ အဘွားသည် ကျွန်တော့်အားကြည့်ပြီး စကားပြောနေခြင်းမဟုတ်။ အညီးသာရောင် ဆောင်းလာသော ကောင်းကင်ကို ကြည့်ပြီး ပြောနေတာဖြစ်သည်။ အဘွား၏ စကားသံမှာညင်ညင်တည်တည် သဒ္ဒါရုံခပ်အေးအေးဖြစ်သော်လည်း တစ်လောကလုံးနားညွှတ်နေသကဲ့သို့။ သမားရိုးကျအာရုံဖြင့် နားထောင်ရရုံသက်သက် မဖြစ်နိုင်တော့မှန်း ကျွန်တော် ကောင်းစွာ သဘော

ပေါက်လိုက်မိ သည်။

"ဟုတ်တယ်ငါ့မြေးရဲ့၊ အဘွားငယ်ငယ် ခုနစ်နှစ်၊ ရှစ်နှစ်သမီးအရွယ်ရှိဦးမှာပေါ့၊ ခုထက်ထိ မမေ့နိုင်ဘူး၊ အဲဒီနေ့က ပွင့်လိုက် မွှေးလိုက်တဲ့ ပန်းတွေများ တစ်ရွာလုံး ဖူးမြကြွရွှသင်းလှိုင်သွားတာ၊ အို . . . ပန်းနာမည်ကိုတောင် အဲဒီနေ့ကမှ မှည့်လိုက်ကြတာကွယ်. . ."

ထိုမှအစပြု၍ ကျွန်တော့်ဘဝတစ်သက်တာအတွက် မှတ်မှတ်သားသား စိတ်စွမ်းအားတစ်ခု မွေးဖွားပေးနိုင်ခဲ့သည့် ဇဏ္ဍာရီဆန်လှသော အဖြစ်အပျက်တစ်ခုအား အဘွားက စိတ်ဝင်စားဖွယ်ကောင်းစွာ ပြောပြခဲ့ပါသည်။

♦

"ကလေးတွေ၊ ဖိုးစိန်နှလုံးအိမ်မှ ဝင်ခဲ့ကြရဲ့လား"

ထိုစဉ်အချိန်က အဘွားတို့ကလေးတစ်သိုက်ကျောင်းပြန်ချိန်မှာ မိဘအုပ်ထိန်းသူများ မေးလေ့ရှိသော စကားပင်။ အဘွားတို့ ရွာကလေးက ပင်လယ်ကမ်းစပ်မှာ တည်ရှိပြီး ပတ်ဝန်းကျင်ရွာစဉ်မရှိဘဲ သီးခြားကျွန်းဆန်ဆန်ဖြစ်နေ၏။ အနီးဆုံးတိုက်နယ်မြို့ကလေးသည်ပင် ခုနစ်မိုင်ကျော်ဝေးကွာပြီးရေလမ်းမှသာသွားလာရလေသည်။ မြေအနေအထား ဆယ်မိုင်ခန့်ကျယ်ဝန်းသည်ဟု ဘိုးဘွားစဉ်ဆက်ပြောခဲ့ကြသော်လည်း ရွာအနောက်ဘက် နှစ်မိုင်ခန့်ကျော်လျှင်တော့ နေထိုင်သူမရှိတော့ပေ။ ထိုထက်ကျော်လွန်၍လည်း ဘယ်သူမှမသွားရဲကြ။ သားရိုင်းတိရစ္ဆာန်များရှိသလိုလို ဆိုသူကဆို၏။ ထုထည်ကြီးမားလှသော နှစ်ရှည်သစ်မာသစ်ရိုင်းပင်များ ထူပြောနက်ရှိုင်းစွာ



ပေါက်ရောက်နေတာကြောင့်လည်း နတ်ကြီးသည်၊ နတ်ကိုင်ခံရမည် စသည့် ရှေးရိုးစွဲအယူသည်းမှုများဖြင့် လေ့လာဆန်းစစ်သွားရောက်သူ မရှိခဲ့ကြ။

"ဟုတ်တယ်ငါ့မြေးရဲ့ အဘွား ငယ်ငယ် ခုနစ်နှစ်၊ ရှစ်နှစ်သမီး အရွယ်ရှိဦးမှာပေါ့။ ခုထက်ထိ မမေ့နိုင်ဘူး။ အဲဒီနေ့က ပွင့်လိုက် မွှေးလိုက်တဲ့ ပန်းတွေများ တစ်ရွာလုံး ဖုံးမြုပ်ရှ သင်းလှိုင်သွားတာ၊ အို ...ပန်းနာမည်ကိုတောင် အဲဒီနေ့ကမှ မှည့်လိုက်ကြ တာကွယ့်....."

ကိုလိုနီခေတ်တွင် လူဖြစ်ရသော ဝေးလံသီခေါင်နေရာဒေသခံများ၏ ထုံးစံအတိုင်းပညာတတ်လူတန်းစားမှာ လက်ချိုးရေစရာတောင်မလို၊ မြို့ကျောင်းမှာ ငါးတန်းခြောက်တန်းထိပညာသင်ကြားဖူးသူနှစ်ဦးမျှရှိ၏။ ရွာမှာ မူလတန်းစာသင်ကျောင်းပင်မရှိ။ ဘုန်းတော်ကြီးကျောင်းမှ မူလတန်းပညာရေးဖြင့် ပြီးဆုံးခဲ့ရသူအချို့သာရှိလေသည်။ အဘွားတို့သည်လည်း သေစာရှင်စာနှင့် ဘာသာတရားယုံကြည်သက်ဝင်လေးနက်မှုအတွက် ဘုန်းတော်ကြီးကျောင်းကို သာဖက်တွယ်ရှင်သန်ခဲ့ကြရသည်။ ဘုန်းတော်ကြီးကျောင်းမှာ စာရိတ္တ၊ ပညာရေးနှင့် စည်းကမ်းတို့အတွက် လေ့ကျင့်ကွင်းဖြစ်ခဲ့ပြီး ဦးစိန်လုံး၏ ခြံကတော့ကျောင်းဆင်း အိမ်ပြန်ချိန်မတိုင်မီ စိတ်လွတ်လပ်ရေး အပြည့်အဝရသည့် ကစားကွင်းကြီး တစ်ခုဖြစ်လေသည်။ ဦးစိန်လုံးမှာ ငွေကြေးအတန်အသင့်ဖြင့် မပူမပင်စားသောက်နိုင်သော မုဆိုးဖို တစ်ဦးဖြစ်ပြီး သားသမီးထွန်းကားခြင်းမရှိခဲ့။ ဇနီးဖြစ်သူရော၊ ဇနီး၏ ဖခင်ကြီးပါ တစ်နှစ်စီခြား၍ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြပြီ။ သို့သော် သဘောကောင်းသူဖြစ် ၍ သူရင်းငှားလုပ်သား အချို့ဖြင့် သူ့ခြံထဲမှာပဲ စုပေါင်းနေထိုင်လေသည်။ သူ့ခြံနှင့်အိမ်ဝိုင်းကလည်း အဘွားတို့ကလေးတစ်သိုက် ကျွမ်းပြန်ပေတူးသည်အထိ ပြေးလွှား ဆော့ကစားနိုင်အောင် ကျယ်ဝန်းသည်။ တစ်နေ့ကုန်နီးပါး ကလေးတွေ တစ်ရုံးတစ်ဖွဲ့နှင့် ဆူညံပျော်ရွှင်လျက်ရှိကြပြီး မှောင်ရိပ်သန်းလာမှပဲ လူစုခွဲဆိတ်ငြိမ်ကြတော့သည်ပင်။ ထိုရက်ပိုင်းကတော့ အဘွားတို့ကျောင်းနေဖက် သူငယ်ချင်းကလေးသူငယ်အများစု ဦးစိန်လုံးခြံသို့ နေ့စဉ်ရက် ဆက် ရောက်ဖြစ်ကြသည်မှာ ကစားခုန်စားဖို့ချည်း သက်သက်မဟုတ်သော အကြောင်းတစ်ခု အသေအချာရှိနေခဲ့ပါသည်။

"လှလိုက်တာ ဟယ်"

"အင်းနော်၊ ဒါတောင် အကြမ်းထည်တစ်ဝက်ကျော်ကျော် ပဲရှိသေးလို့၊ ဘိတ်ဆုံးအပြီးသတ် အချောကိုင်တဲ့အခါကျ ဒီထက်အပုံ ကြီးလှမှာဟ"

"ကိုလူလေး အဲဒါဘယ်တော့ ပြီးမှာလဲတော့"

ကိုလူလေးကတော့ ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာပြုံးပြလေ့ရှိသည်၊ ထုဆစ်လက်စ နဂါးတစ်ကောင်၏ ပုံသွင်သည် အတော် ပင်ရုပ်လုံးကြွနေခဲ့ပြီ။ ထိုနဂါးရုပ် သည် ဦးစိန်လုံး၏ ခြေတံရှည်အိမ်ကြီး အောက်တွင် ရှိနေခြင်းဖြစ်၏။ ထိုခိုက်ပျက်ယွင်းမှုမရှိရလေအောင် ဓောင်ထူတစ်ထပ်၊ ပလတ်စတစ်အထူစားတစ်ထပ်ဖြင့် ခြုံမိုးထားလေ့ရှိသည်။ ကိုလူလေးမှာ ဦးစိန်လုံးခြံဝိုင်းအတွင်း၌ပင် နေထိုင်သူ လူယုံသူရင်းငှားတစ်ဦးဖြစ်၏။ သူငယ်ငယ်ကတည်းက မိဘတွေလည်းမရှိ၊ သူ့ဇာတိကိုလည်း သူကိုယ်တိုင်မသိ၊ ဘယ်သူ့မှလည်း သူ့ကဲ့သို့ သူရင်းငှားတစ်ယောက်အကြောင်း စိတ်ဝင်စားသည်မရှိခဲ့ကြ၊ နဂါးရုပ်တုဖြစ်တည်လာချိန်မှသာ ကလေးများ၏ တစ်ဆင့်စကားကြောင့် သူ့နာမည်ကို အနည်းငယ်သတိထားမိလာကြတာဖြစ်၏။

"သူက သမီးတို့တွေ လာကစားတဲ့အချိန်ကျရင် အရုပ်ကိုထိခိုက်မှာစိုးလို့သာလာထိုင်စောင့်နေတာအမေရဲ့၊ အဲဒီအချိန် သူ့ပညာကို မပြဘူးဘဲ၊ ကော်ပတ်စလေး အဝတ်စလေးနဲ့ ပွတ်တာတိုက်တာတို့ ထီးကိုင်းချွန်လေး တစ်ခုနဲ့ အနုစိတ်မယ်နေရာကြားကို ခြစ်တာညှိတာလောက်ပဲ လုပ်တာတော့၊ ကျုပ်တို့ဖြင့် သူ့ပညာခန်းကြည့်ချင်လွန်းလို့ဟာ ကနေ့ထိ တစ်ခါသားမှ မတွေ့ခဲ့ရပေါင်၊ ဖွင့်ဖွင့်ပြဖို့တောင် သူက တွန့်တိုသေးတာ၊ ဘစိန်လုံးက ကလေးတွေ ကြည့်ပါစေကွာဆိုလို့သာ"

"ညည်းတို့တွေ ဘယ်ကြည့်ခွင့်သာမလဲအေ၊ သူက သူ့အလုပ်မဆင်းခင်ည မွန်းတိမ်းချိန်ကျော်မှ ထပြီး ထုဆစ်တာမျိုးနေမှာပေါ့"

တကယ်တော့ သူတို့ရွာမှာ ပန်းပုပညာကို စိတ်ဝင်စားသူလည်း မရှိ၊ ကျွမ်းကျင်ထတ်မြောက်သူလည်းရှိသည်ဟု မကြားမိခဲ့ကြပါ။ ဦးစိန်လုံးယောက္ခမကြီးကတော့ ငယ်စဉ်အခါက မြို့ပေါ်ဘုရားတန်ဆောင်းများတွင် ပန်းပုပညာဖြင့် အသက်မွေးခဲ့ဖူးသေးကြောင်း၊ သူ ကွယ်လွန်ချိန်တွင် သူ့လက်နက် ဆူး၊ ဆောက်၊ တံစဉ်းစသည်များ အတော်အတန်ကျန်ရှိခဲ့ကြောင်းနှင့် သူ့ထံမှ ပန်းပုပညာအား ကိုလူလေးရခဲ့တာဖြစ်မည့်အကြောင်းကိုတော့ အချို့က မှန်းဆပြောဆိုခဲ့ကြလေသည်။ စင်စစ် နဂါးရုပ်ဖြစ်လာမည့် သစ်လုံးသည်လည်း ဘယ်ကမျောလာမှန်းမသိဘဲ ရွာရှေ့ကမ်းစပ်မှာ လှိုင်းတို့ကတင်ပို့ပေးခဲ့ခြင်းဖြစ်၏။ သောင်ခြေမှာ ထီးတည်းရှိနေတုန်းကတော့ ဘယ်သူမှစိတ်ဝင်တစားမဖြစ်ခဲ့ကြ။ ကိုလူလေးလက်ထဲတွင် နဂါးတစ်ကောင် ရုပ်သွင်ဖြစ်လာချိန်မှာတော့ သူတို့၏ နဂါးကျေးရွာကလေးတွင် တစ်နေ့ထက်တစ်နေ့ အကြောင်းရှာပြောစရာ သတင်းတစ်ခုဖြစ်လာခဲ့ချေပြီ။

"မင်းမဆိုးဘူးပဲကွလူလေး၊ တိုက်တိုင်ဆိုင်ဆိုင်မြို့ပိုင်မင်းကလည်း ကနေ့ပဲ အမိန့်ရှိလိုက်တာတို့ ရွာအတွက်တော့ အဆင်သင့်ပြီ"



"ဘယ်လို အကြောင်း များပါလိမ့်သူကြီးမင်း"

"ဒီလိုကိုမှတ်ကြိုင်ရဲ့၊ ကျုပ်တို့ရွာမယ် ကျုပ်သိမိခဲ့သလောက် အစိုးရမင်းများ တစ်ခါမှကြွရောက်ဖူးတယ် မရှိခဲ့ဘူး၊ အခုတော့ဖြင့် နယ်ပိုင် အရာရှိမင်းနဲ့ ဘုရင်ခံရဲ့ ကိုယ်စား လှယ်တော်များက တိုက်နယ်ကျေး ရွာအားလုံးကို ကွင်းဆင်းလှည့်လည်ကြတော့မယ်ဆိုပဲ"

"သူရို့ရောက်လာခါကျရင် ဘာများထူးခြားမှာလဲသူကြီးမင်းရဲ့"

"အလို ကိုမှတ်ကြိုင်နှယ် နံ့ရန်ကောဗျာ သူတို့သဘောတွေ့တဲ့ ရွာများကို အခြေမြှင့်ပေးလိုက်လိမ့်မပေါ့၊ မြို့ပိုင်မင်းမှာ လိုက်တာလည်း အဲဒါပဲလေ၊ ရွာအမည်နဲ့လိုက်ဖက်တဲ့ အထိမ်းအမှတ်တစ်ခုခုကို သူတို့ဘဝင်ကျအောင်လုပ်ထားကြတဲ့၊ သူတို့လူမျိုးတွေဟာ ဒါမျိုးကို အလွန်နှစ်ခြိုက်ဆိုပဲ၊ သူတို့ကျေနပ်ရင် ကျုပ်တို့ရွာကို လှေဆိပ်တို့ စာသင်ကျောင်းတို့တည်ပေးမှာတဲ့၊ အခန့်သင့်ရင်တိုက်နယ်အဆင့် မှန်းလို့ရတာပ"

ဆယ်အိမ်ခေါင်း ဦးမှတ်ကြိုင်၏ မျက်လုံးများဖျတ်ခနဲအရောင်ပြောင်းသွားခဲ့သည်ကိုတော့ အဘွားတို့ကလေးတစ်သိုက်ထဲမှ အချို့က လွဲလျှင် ဘယ်သူမှ သတိမထားမိလိုက်ပါ။ ထိုညတွင် သူကြီးအိမ်မှာ ရပ်ရွာလူကြီးများ စည်းဝေးဆွေးနွေးကြချိန် ဦးမှတ်ကြိုင်က အဆိုတစ်ခု တင်သွင်းသည်၊ နဂါးရုပ်အားလုလေးကို ဆက်လက်ဆောင်ရွက်ခိုင်းမည်ဆိုပါက မတော်တဆ အမှားအယွင်းဖြစ်သွားမှာစိုးရသည်။ ဒီကိစ္စက ပညာလည်းတတ်၊ အတွေ့အကြုံလည်း အသင့်အတင့် ရှိသော ဖိုးကုလားကိုဆောင်ရွက်စေပါက ကျိမ်းသေပေါက်အောင်မြင်ပြီး ရွာနာမည်ရလိမ့်မည်ဟူ၍၊

ဖိုးကုလားမှာ ဦးမှတ်ကြိုင်၏ သားဖြစ်သည်၊ မြို့ကျောင်းမှာငါးတန်းအထိနေဖူးပြီးရွာမှမကြားဖူးကြသော လက်တွေ့မဟုတ်သည့် ကြီးကျယ်သောကိစ္စရပ်များအား ဟိုစပ်စပ်သည်စပ်စပ် တခမ်းတနားပြောဆိုတတ်သူဖြစ်၏။ ဖခင်အရှိန်အဝါဖြင့် ရွာမှာတော့ လူတွင်ကျယ်ပဲ။ သူ့အားကြည့်မရသည့်တိုင် ဦးမှတ်ကြိုင်၏ ခနအင်အား၊ ကျောထောက်နောက်ခံမိုက်အား များနှင့် မကင်းရာမကင်းကြောင်း "အကြောင်းတရား" ပေါင်းများစွာတို့ကြောင့်လည်းကောင်း၊ မျက်နှာကြီးရာဟင်းဖတ်ပါတတ်သော ပင်ကိုစရိုက်မဖျောက်နိုင်သူအများစု ရှိနေတာကြောင့် လည်းကောင်း၊ စဉ်းစားဆင်ခြင်၍တိုးတက်သော အမြင်ဖြင့် ရှေ့ဆောင်ပြောဆိုဖို့ရန် ဝန်လေးနေကြတာကြောင့် လည်းကောင်းဦးမှတ် ကြိုင်တင်သွင်းသော အဆိုအား (အစည်းအဝေး မြန်မြန်ပြီး စေလိုသော ရည်ရွယ် ချက်ဖြင့်) ဝိုင်းဝန်း ထောက်ခံလိုက်ကြလေသည်။

◆

နောက်တစ်နေ့နေ့လယ်ခင်းတွင် ဖိုးကုလားသည် နောက်လိုက်နောက်ပါ တစ်စုခြံရံလျက် ဦးစိန်လုံး၏ ခြံဝိုင်းအတွင်း ရောက်ရှိလာခဲ့လေသည်။ ကိုလုလေးကတော့ ကလေးများ ဝိုင်းကြည့်နေသော နဂါးရုပ်အကြေးခွံများကြား ထီးကိုင်းချွန်လေးဖြင့် ညှိသပ်နေဆဲ ဖြစ်၏၊ ဖိုးကုလားက ကလေးများအား နောက်ဆုတ်ခိုင်းပြီး နဂါးရုပ်အားလုံးဖွေ ပတ်ချာလှည့်လည်ကြည့် သည်၊ ပြီးတော့ အနည်းငယ်စိတ်ပျက်ဟန်ဖြင့် ခေါင်းယမ်းပြီးပြော၏။

"မောင်ရင့်ဟာ ဟုတ်မလိုလိုနဲ့ အတော်လွဲနေတာပဲကွ လူလေးရေ ငါ အချိန်မီရောက်လို့တော်တော့တယ်"

ကိုလုလေးကား ဖိုးကုလားကို စိုးစဉ်းမျှပင် လှည့်မကြည့်။ သူ့အလုပ် သူဆက်လုပ်မြဲ၊ ဖိုးကုလား မျက်နှာနည်းနည်းနီသွားသည်။

"ငါပြောတာကြားလား လူလေး မင်းလုပ်ပုံက သမားစဉ် ပျက်နေတယ်ဆိုတာ"

"ဘယ်လိုသမားစဉ်လဲကွဲ့ လင်းစမ်းပါဦး၊ င(ငါ)တို့တစ်ခါမှမကြားဘူးလို့ ဗဟုသုတရအောင်" ဟု ဦးစိန်လုံးက ခပ်ငေါ့ငေါ့ဝင်ပြောသည်။ ဖိုးကုလားက ဦးစိန်လုံးကို ခပ်နှိမ်နှိမ်ကြည့်လိုက်ပြီး

"အကျယ်ပြောလျှင်တော့ ခင်ဗျားတို့ နားပေါက်မယ်မဟုတ်ဘူး၊ အသိသာဆုံးပြောရလျှင်တော့ သမားစဉ်အရ နဂါးဆိုတာအမြီးအမောက်တည့်ရမယ် တွေ့လား၊ ဒီနဂါးကအမြီးနဲ့ အမောက်မတည့်ဘူး" ဟုနဂါးရုပ်ကို ပွတ်သပ်ပြရင်းပြောသည်။ ဦးစိန်လုံးက မခိုးမခန့်ဟက်ပက်စွာရယ်လိုက်၏။

"မောင့်နှယ်ကွယ် ပြစ်ချက်ရှာတတ်ရန်ကော၊ သည့်လောက်ကွေးလိမ်နေတဲ့ သစ်လုံးကို ပုံဖော်မှတော့ ဘယ်လာပြီး အမြီးက အမောက်နဲ့ လာတည့်နိုင်ပါတော့မလဲ"

"အဲဒါပညာလိုတာပေါ့ တွင်းဆက်၊ ဖောက်ဆက်၊ ဖြတ်ဆက်၊ ကပ်ဆက်ဆိုတာရှိတယ်လေ၊ တည့်အောင်လုပ်တည့်ရပေမပေါ့ဗျ၊ နောက်ပြီး ဒီနဂါးမှာ ခြေလက်လည်းမပါဘူး၊ လိုအပ်ချက်တွေက အများကြီးပဲ ပြုပြင်ရဦးမှာ"

"အလို ဖိုးကုလားရဲ့ နဂါးမှာ ခြေလက်ပါတယ်လို့ ကျုပ်ဖြင့်ကြားဖူးပေါင်"ဟု ဦးစိန်လုံးက ထေ့ပြန်သည်၊ ဖိုးကုလားက ဦးစိန်လုံးအား သူငယ်နှပ်စားအသွင်ကြည့်ပြီး ရှင်းပြပြန်၏၊

"အို. . . ပါတာပေါ့ စိန့်တိုင်းက နဂါးရုပ်တိုင်းမယ် ခြေလက်ပါတာချည်းပဲ၊ နိပွန်ပြည်နယ်မှာဆို အတောင်ပံတောင်ပါလိုက်သေး"

ဤသို့ဖြင့် နောက်ရက်တွေမှာလည်း ဖိုးကုလားတို့အုပ်စုသည် နဂါးရုပ်ရှိရာသို့ လာရောက်ကြည့်ရှုလျက် အများနားမလည်နိုင်သော စကားတွေပြောကာ ကိုလုလေးအား ပြစ်တင်ပြောဆိုလျက် ပြုပြင်ပြောင်းလဲထုဆစ်ရန် ညွှန်ကြားမောင်းမဲကြလေ၏။ ကိုလုလေးကား တစ်ခွန်းမျှပြန်မပြောဘဲ သူလုပ်စရာရှိသည့် စိတ်ကူးစိတ်သန်းအတိုင်း ဆောင်ရွက်မြဲသာ၊ ငါးရက်မြောက်နေ့တွင်တော့ နဂါးရုပ်သည် အပြီးသတ်လုနီးပါးရုပ်လုံးကြွလာခဲ့လေပြီ၊ ထိုနေ့တွင် ဖိုးကုလားတို့ အုပ်စုက ကိုလုလေးအားသူကြီး ညွှန်ကြားချက်အတိုင်းလိုက်နာ ဆောင်ရွက်ခြင်းမရှိဟုဆိုကာ နဂါးရုပ်တုကို ဆက်လက်ထုဆစ်ခြင်း မပြုရန် တားမြစ်မိန့်ထုတ်၏။ ဦးစိန်လုံး၏ တစ်အိမ်လုံးကိုလည်း မွှေနှောက်ရှာဖွေ၍ ပန်းပုထုဆစ်သည့် စူးဆောက်တန်ဆာအားလုံးသိမ်းဆည်းသွားခဲ့လေသည်။ ထီးကိုင်းအချွန်လေးပင် ချန်မထားရစ်ခဲ့။

"ငါ့ယောက္ခမကြီးထားခဲ့တဲ့ ပန်းပုထုကိရိယာတွေအားလုံးက သံချေးစွဲဆွေးမြေ့နေပြီကွဲ့ လူလေးလည်း ဒီပစ္စည်းတွေ ယူသုံးတယ်လိုတော့ ငါမမြင်မိပါဘူး" ဟု ဖိုးကုလားတို့ ပြန်သွားချိန်တွင် ဦးစိန်လုံးက ညည်းတွားသည်။ သို့ဆိုလျှင် မည်သည့်လက်နက်ဖြင့် ဤနဂါးရုပ်အား ကိုလုလေး ထုဆစ်ခဲ့သလဲဟု အဘွားတို့တစ်တွေ စဉ်းစားရခက်သွားကြ၏။ သူတို့ ညက်မမီခဲ့ကြ၊ နောက်တစ်နေ့ နံနက်တွင် ဘုန်းတော်ကြီး ကျောင်း အသွား၌ပင် ဦးစိန်လုံးခြံသို့ အပြေးအလွှားသွားရောက်ရှုစမ်းမိကြသည်အထိပင်၊

ထိုနေ့မနက်က မိုးခပ်ဖွဲဖွဲရွာနေသည်။ အဘွားတို့ရောက်သွားသည့် အချိန်တွင် နဂါးရုပ်ကစင်းလုံးချောနီးပါးဖြစ်နေခဲ့ပြီ။ ဆယ်အိမ်ခေါင်း ဦးမှတ်ကြိုင်နှင့် ဖိုးကုလားတို့ အုပ်စုတွေပါ ရောက်နေကြသည်၊ ဖိုးကုလားကပြော၏။ "မင်းက တယ်သွေးကောင်းတာကိုး လူလေးရဲ့၊ ဆက်မလုပ်ပါနဲ့ ဆိုတာကို ဘာနဲ့များ ရအောင် ဆက်လုပ် ထားရတာလဲ၊ ကိုင်း အဘ ဒီအရုပ်ကို ကျုပ်တို့ ယူသွားပြီး ကျုပ်ကိုယ်တိုင် အသေအချာဦးစီးမှ ဖြစ်တော့မယ်"

ဦးမှတ်ကြိုင်နှင့် ဖိုးကုလားတို့၏ တပည့်များက နဂါးရုပ်အား သယ်ယူသွားကြသည်။

"နေဦး"

အဘွားတို့တစ်ကြိမ်သာ ကြားဖူးခဲ့ရသော လူလေး၏ အသံဖြစ်သည်။ ကိုလုလေးက နဂါးမျက်လုံးနေရာအား လက်ထဲမှ ပိတ်ကြမ်းစဖြင့် နှစ်ချက်သုံးချက်ပွတ်လိုက်၏၊ နဂါးမျက်လုံးသည် ရူးရူးရဲရဲပိုဖြစ်သွားသယောင်၊ ထို့နောက် ကိုလုလေးသည် ဖိုးကုလားရှေ့မှာရပ်ပြီး မျက်လုံးချင်းတေ့တေ့ဆိုင်ဆိုင်စိုက်ကြည့်လိုက်သည်၊ ဖိုးကုလားချာခနဲ မျက်နှာလွှဲ၏။ အများသတိထားမိသည်မှာ ကိုလုလေးမျက်လုံးတစ်စုံ

သည် နဂါးရုပ်မှ မျက်လုံးများနှင့် တစ်ထပ်တည်းဖြစ်နေခြင်းပင်။ ထို့နောက်မှာ ကိုလူလေးသည် အားလုံးကို ဆတ်ခနဲကျောခိုင်း၍ ခြံဝိုင်းထဲမှ တစ်လှမ်းချင်းထွက်သွားခဲ့သည်။ မိုးကပိုသည်းလာ၏။ ထိုနေ့မှာ ကိုလူလေးအား သူတို့ တစ်ရွာလုံး နောက်ဆုံးမြင်တွေ့လိုက်ရခြင်း ဖြစ်သည်။

အဲသည် တစ်ညလုံး
မိုးသီးတွေ တဝုန်းဝုန်းကြွေကျ
ကောင်းကင်တော်က အပြစ်
ပေးတဲ့မြားချက်တွေအလား. . .
မြေပြင်ကို အစင်းစင်း ထိမှန်
ခဲ့လေရဲ့. . .

◆

"နဂါးရုပ်ကို သူတို့ဘာလုပ်ပစ်လိုက်ကြသလဲ အဘွား"

"ရွာလယ်မှာ မဏ္ဍပ်ထိုးပြီး ဖိုးကုလားက သူ့ပညာမဏ္ဍပ်တိုင်တက်ပြတာပေါ့ကွယ်၊ နဂါးရုပ်ကို ဖြတ်တောက်ထွင်းစစ်ပြီး ခြေတွေလက်တွေတပ်၊ သူ့စိတ်ကူးနဲ့သူ အတောင်ပံတွေပါတပ်ပြီး စိန့်တိုင်းကပညာရှင်တွေ လက်ရာအတိုင်း လုပ်တာလို့ ဆိုသေးတယ်"

"နောက်တော့ နယ်ပိုင်း မင်းတို့ဘုရင်ခံအဖွဲ့တို့လာကြည့်ပြီး ဘယ်လိုဖြစ်သွားရောလဲ"

အဘွားက အသံငွေ့ငွေ့လေး တစ်ချက်ထွက်ရုံမျှရယ်သည်။

"သူတို့ကြည့် ခန်းတောင်မရောက်လိုက်ပါဘူး၊ မြို့ပိုင်မင်းက အဦးဆုံးလာကြည့်စစ်ဆေးတယ်၊ နဂါးမျက်လုံးကိုကြည့်ပြီး အတော်လန့်သွားတာပေါ့၊ မျက်လုံးကတော့ အတော်အသက်ဝင်တယ်၊ ကျန်တာကတော့ ကြည့်ရဆိုးလွန်းသတဲ့၊ ဒီမကောင်းဆိုးဝါးနတ်ရုပ်ကို ဘယ်သူထုတာလဲ၊ နယ်ပိုင်မင်းကို မပြသင့်ဘူးဆိုပြီး အဖျက်ခိုင်းပါရော အဲဒီတော့ အားလုံးက ဒီအရုပ်ကို လူလေးထုတာပါဆိုပြီး အပြစ်ပုံချလိုက်ကြတာကွဲ့၊ ဦးမှတ်ကြိုင်တို့သားအဖတွေပဲပေါ့၊ ရွာခံတွေက မကျေနပ်ပေမယ့် မပြောရဲခဲ့ကြဘူး"

ထိုစဉ်ကရွာခံတွေမဆိုထားနှင့် နားထောင်နေခဲ့ရသော ကျွန်တော်သည်ပင် ရင်ထဲမှာ တဆတ်ဆတ်မွန်းကျပ်ကျပ်ဖြစ်ခဲ့လေသည်။

◆

နောက်ဆုံးနှစ်ခန့်အကြာ တစ်ခုသော ဆောင်းဦးပေါက်နံနက်ခင်းကိုတော့ အဘွားတို့နဂါးရွာလေး တစ်ရွာလုံးတစ်သက်မမေ့ခဲ့ကြ။ ထိုရက်ပိုင်းမတိုင်မီသူကြီးက အမိန့်ညွှန်ကြားချက်တစ်ခုပေးသည်။ လွန်ခဲ့ပြီးသောနှစ် မိုးတွင်းများက ရေတိုက်စားကမ်းပါး ပြိုကျမှုတွေသည် ရွာအရှေ့ပိုင်း အိမ်ခြေများသို့တိုင် ကပ်ပါးဖွဲ့ခြေလာခဲ့ပြီဖြစ်၏။ ထို့ကြောင့် ရွာနေရာကို ရွှေ့ဖို့ ကုန်းတွင်းပိုင်းပိုကျသော အနောက်ခြမ်းဘက်တွင် ချဲ့ထွင်ရွာဖွေရမည်ဖြစ်သည်။ ရှေးရိုးစွဲ ရွာခံအချို့မှာ အကြောင်း အမျိုးမျိုးပြ၍ နတ်ကြီးသည်ဟူသော အယူအဆဖြင့် ပြောင်းရွှေ့ခြင်း မပြုလိုကြ။ သို့သော် သူကြီး၏ စကားမှာ လက်တွေ့ကျပြီး အမိန့်ကိုလည်းမလွန်ဆန်ဝံ့ကြပေ။ ထို့ကြောင့် အရွယ်ရောက်သူ ကာလသားအချို့ကို စုဖွဲ့ပေးပြီး အနောက်ပိုင်း ကုန်းမြင့်ကျသော တောအုပ်ဘက်ဆီနယ်မြေတိုင်းတာ ရှာဖွေရေးစေလွှတ်သည်။

ထိုနေ့ နံနက်ခင်းက နှင်းမြူအချို့ ဆိုင်းဝဲဝေနေခဲ့သည်။ ကာလသားခေါင်းတစ်ဦးဖြစ်သူ ကိုညွန့် အမောတကောဖြင့် ဘုန်းတော်ကြီး ကျောင်းသို့ အပြေးအလွှားလာ ရောက်လျှောက်တင်၏။ သူ့လေသံများမှာ တုန်တုန်ယင်ယင် "ရွာသစ်ရွှေ့တည်ဖို့ အသင့်တော်ဆုံးနေရာကို တွေ့ပါပြီဘုရား၊ ထူးခြားဆန်းကြယ်လွန်းလို့ အရှင်ဘုရားလိုက်ပြီး အတည်ပြုပေးစေလိုပါတယ်"

ဆရာတော်နှင့် သူကြီးမင်းက အစ ရွာခံအချို့အပြင် ကလေးအချို့ပါစူးစမ်းလိုစိတ်ဖြင့် လိုက်ပါသွားကြသည်။ လှည်းများဆင့်၍ သွားကြခြင်းဖြစ်၏၊ အချို့လည်း ကုန်းကြောင်းလျှောက်ကြသည်။ ခရီးသုံးတိုင်မျှသွားရ၏၊ လမ်းခရီးမှာလည်း တစ်ဆင့်စကားဖြင့် ရွာသစ်မြေနေရာသည် နတ်မြို့ဟောင်း၊ သိုက်ဟောင်း တစ်ခုယောင်ယောင်ပြောဆိုနေသံများကြားကြရသည်။ ထိုနေရာကို အဘွားကိုရောက်တော့ နှင်းကောင်းစွာ ကွဲစအချိန်ဖြစ်၏။ ဆီးကြိုနေသော မြင်ကွင်းကို တွေ့လိုက်ရချိန်မှာ အားလုံးလိုလိုပင် အာမေဋိတ်ကိုယ်စီဖြင့် မှင်တက်အံ့သြသွားခဲ့ကြ။

"ဟင်"

စိမ်းစိုလတ်ဆတ်သောမြေပြင်၊ အပြိုင်းအရိုင်း ဝန်းရံပေါက်ရောက်နေသော သက်တမ်းရင့်သစ်မာ သစ်ရိုင်းပင်များ၏ ပင်စည်အသီးသီးတွင် အခိုင်အမာ ရစ်ခွေနှယ်ပတ်လျက်ရှိသော နဂါးတွေ. . ။ အို. . . အသက်ပင် မရှူဝံ့၊ သေသေချာချာကြည့်တော့မှ စနစ်တကျ ထွင်းဆစ်ပုံဖော်ထားသော ပန်းပုလက်ရာများပင်။ တကယ့် သက်ရှိနဂါးများလားထင်မှတ်မှားလောက်၏။ အထူးခြားဆုံးကတော့ ကြည်တောက်နေသော နဂါးများ၏ မျက်လုံးတွေပဲဖြစ်သည်။ ရင်ထဲကျော ဆစ်မိသွားလောက် သည့်ပီတိတစ်ခုကို ပေးနေသယောင်။ ထိုမျက်လုံးများသည် ချစ်သောအကြည့်ဖြင့် ကြည့်လျှင် ကြည်နူးစရာကို ပြန်ပေးပြီး ရန်လိုသော အကြည့်ဖြင့်ကြည့်လျှင် ကြောက်မက်စရာပြန်ပေးမည့် မျက်လုံးတွေ။ အဘွားသည် တစ်စုံတစ်ခုကို ကောင်းစွာသတိရသွားသလို ရှိလိုက်သည်။ ထိုစဉ်မှာ ချောက်ချားဖွယ်ရာ အသံနက်ကြီးတစ်ခုကို အားလုံးကြားခဲ့ရ၏။

"အား. . ."

ဖိုးကုလားသည် နဂါးရုပ်တစ်ရုပ်အား လက်ညှိုးထိုးလျက် လက်တစ်ဖက်က ရင်ဘတ်ကိုဖိပြီး ပြာကျမတတ်အော်ဟစ်လူးလိမ့် နေ၏။ ခဏအကြာတွင် ငြိမ်သက်သွားသည်။ အသက်မရှုတော့။ သူညွှန်ပြသော သစ်ပင်မှ ပါးပျဉ်းထောင်နေသော နဂါးရုပ်သည်ကား အသက်အဝင်ဆုံး၊ လက်ရာအပြောက်ဆုံးဟုဆိုနိုင်၏။ ထိုနေရာသို့ အားလုံးအပြေးအလွှားသွားကြည့်ကြသည်၊

"အို. . ."

အပင်ခြေရင်းတွင် နဂါးရုပ်ဘေးမှာ မှီလျက်သား အနေအထား လူအရိုးစုတစ်ခုကို တွေ့ရသည်။ ထူးခြားချက်မှာ ထိုအရိုးစုလက်တစ်ဖက်မှ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဓားတစ်လက်၊ အင်္ဂတေသရိုးကိုင်ထားသည့်နှယ် မည်သူမှ ဖြည်ချွတ်ဆွဲနုတ်၍မရကြ။ ထို့ထက်ပို၍ ဆန်းကြယ်သည်က အဆိုပါ ဓားသည် အကြေးအညှိ တစ်မှုန်တစ်ဖျားမျှ ကပ်ထင်မနေဘဲ အသစ်ကျပ်ချွတ် သို့ပင် ထက်မြက်စူးရှလျက်။ နှင်းခွဲမြူဖောက် နေရောင်တစ်စ အလင်းလွှာအောက်တွင် မျက်စိကျိန်းစပ် သွားအောင် လက်ဖြာကြည်စင် လျက်။ ဦးစိန်လုံးသည် မျက်ရည် သွင်သွင် စီးကျနေရင်းက အားပါးတရပြုံးသည်၊ တိုးတိုးမာကျောသော စကားတစ်ခွန်းကို လေးလေး ခန့်ခန့်ဆို၏။

"အဲဒါ အနုပညာပဲ၊ အစစ်အမှန်ပဲ"

အဘွားတို့အတွက်တော့ ဘယ်ခါမှ မမေ့နိုင်သည့် မြင်ကွင်း သုံးခု အာရုံမှာစွဲကျန်ရစ်ခဲ့ကြသည်။ ထိုနေ့မှာမှ ထူးထူးခြားခြား လှုပ်မွေ့ ပွင့်လန်းလာခဲ့ကြသော ရောင်စုံ နဂါးသစ္စာပန်းပွင့်တွေရယ်၊ အဓိပ္ပာယ် အသီးသီး နက်ရှိုင်းစွာ ဖော်ပြနေကြသော နဂါးမျက်လုံးတွေရယ်၊ နောက်ပြီးတော့ တစ်သက်လုံးမှာ တစ်ကြိမ်သာတွေ့ခဲ့ဖူးသော အလင်းချင်း အဝင်းပဆုံးအသွားမြမြ'ဓား' တစ်လက်ရယ်. . . ။

◆

အခုတော့ အဘွားဆုံးခဲ့တာတောင် နှစ်အနည်းငယ်ကြာခဲ့ပါပြီ။ အဘွားရဲ့ ဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းလေးကိုတော့ တစ်လုံးတစ်ပါဒမျှ ကျွန်တော်မမေ့ခဲ့။ ထို့ပြင် အဘွားရဲ့ သစ်ပင်လေးတွေကိုလည်း နေ့စဉ်မပျက် ရေဆက်လောင်းပေး နေဆဲပါ။ အပင်လေးတွေ အတော်အရွယ်ရောက်ခဲ့ကြပြီဖြစ်၏။ ပွင့်တော့ မပွင့်သေး။ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ မိုးကောင်းကင်နှင့် လေပြည်ထုအံ့ အားသင့်ဖွယ်ကောင်းလောက်အောင် ဖွေးလှုပ်လှုပစွာ ရောင်စုံယှက်ဖြာရန့်ဝေလင်း သန့်ရှင်းစွာ သူတို့ ပွင့်လန်းလာကြမည်ဟု ကျွန်တော် အသေအချာယုံကြည်ပါသည်။

ကျော်ဇင်ကိုကို

# ကျွန်ုပ်ဘဝသည် ကျွန်ုပ်ဖြေရသည်

ဝတ္ထုတိုရသ

## မောင်မြင့်မား

ဘိုကလေး



Asian Tattle Media Group




**ကျွန်တော်သည်** ဝန်ထမ်း တစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်း ဖြစ်သောကြောင့် စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် မပူရပေ။ ဝန်ထမ်းအိမ်ရာတွင် အိမ်ခန်း ရသောကြောင့် နေခွင့်ရသည်။ ထို့ကြောင့်လည်း လုပ်သက် ၁၅ နှစ်အတွင်း အိမ်သုံးခါ ပြောင်းသည်။

ယခုလက်ရှိနေနေသော အိမ်ခန်းသည် ကျွန်တော်တို့ မိသားစု ချောင်ချောင်ချိချိ နေနိုင်သော အိမ်ခန်းမျိုးဖြစ်သည်။ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ မီးဖို၊ အိမ်သာအားလုံး ကျယ်သည်။ မီးဖိုဆိုလျှင် အိမ်နှင့်သီးခြားဖြစ်၍ မိသားစုတစ်စု ကောင်းကောင်း နေလောက်သည်။ ကျွန်တော်တို့ မိသားစုက လူနည်းသောကြောင့် မီးဖိုကို စတိုခန်း လုပ်ထားသည်။

ကျွန်တော်ရေးပြချင်သော အကြောင်းသည် ကျွန်တော်နေထိုင်သော အိမ်ခန်းအကြောင်း မဟုတ်ပါ။ ထိုအိမ်ခန်းကို ပြောင်းလာသောကြောင့် ရသော ဇာတ်လမ်း ဖြစ်ပါသည်။ ကျွန်တော် ဆက်ပါမည်။

ကျွန်တော်တို့ အိမ်ခန်းမပြောင်းမီ ပတ်ဝန်းကျင် အခြေအနေ၊ လူအခြေအနေကို ကြည့်သည်။ ကျွန်တော့်အခန်းဘေးတွင် တစ်ခန်းသာ ရှိသည်။ ထိုအခန်းက (G.T.I) ကျောင်းဆင်း ဝန်ထမ်းတစ်ယောက် နေသည်။ ကျွန်တော့်ထက် အသက်ငယ်သည်။ အိမ်ထောင်ရှိသည်။ တစ်နှစ်အရွယ် ကလေးတစ်ယောက် ရှိသည်။ အနေအထိုင် အေးသည်။

ကျွန်တော့်အိမ်ရှေ့တွင် သရက်ပင်သုံးပင်၊ မန်ကျည်းပင်တစ်ပင်၊ ပိန္နဲပင်တစ်ပင် ရှိသည်။ အပင်အားလုံး နှစ်စဉ်သီးကြသည်။ အိမ်ရှေ့က သရက်ပင်တစ်ပင်က မချစ်စုမျိုးအပင် ဖြစ်သည်။ အဖိုးတန်သည်။ အသီးက ဈေးကောင်းသည်။ အိမ်ခေါင်းရင်းတွင် ရင်ခွဲသရက်ပင်နှစ်ပင် ရှိသေးသည်။

အပင်အားလုံး ကျွန်တော့်အရင် နေထိုင်ခဲ့သောသူများ စိုက်ထားခဲ့၍ ဒီနေ့အထိ ကျွန်တော်တို့ စားနေရသော အပင်များဖြစ်သည်။ ယခင့် ယခင်လူများကိုမှန်း၍ ကျေးဇူးအခါခါ တင်ပါ၏။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်သည် သီးလျှင်ခူးစားရုံကလွဲ၍ စိုက်ပျိုးရေးကို ဝါသနာမပါသူ ဖြစ်ပါသည်။

ကျွန်တော်တို့ ထိုအိမ်ခန်းကို ရောက်ပြီး တစ်နှစ်အတွင်း အိမ်ရှေ့တို့ အိမ်ဘေးတို့မှ သီးသော

မန္တလေးရင်ကွဲနှင့် မချစ်စုသရက်သီးများကို ပတ်ဝန်းကျင်ကိုလည်း ပေး၊ စားလည်းစား၊ လှူလည်းလှူ၊ ပိုတာကိုလည်း ဝယ်သူရှိလျှင် ရောင်း နှင့် သရက်သီးရောင်း ရငွေ နှစ်သောင်းဖိုး လောက်ရသည်။ မချစ်စုက ဈေးပိုရသည်။

ဇနီးသည် မရွှေနုက သရက်သီးရောင်းရငွေများကို ကြည့်၍ ပီတိဖြစ်နေသည်။ တစ်နေ့ ခေါင်းရင်းအိမ်မှ အပျိုကြီးက

"ဟဲ့ မောင်သီတာ၊ နောက်ဖေးထောင့်က မချစ်စုပင်က ဒီနှစ် ငှက်စာခေတ်တယ်ဟဲ့၊ နောက်နှစ်ဆို တော်တော်သီးမှာ"

"ဗျာ နောက်ဖေးမှာ ဘယ်က မချစ်စုပင် ရှိလို့လဲ"

"ဟဲ့ မချစ်တုံးတို့ အိမ်သာနားက အပင်ကလေးက မချစ်စုပင်ပေါ့။ အဲဒါ အရင်နေသွားတဲ့ ဦးလှတို့ စိုက်ခဲ့တာလေ။ ရှေ့က အပင်တွေကလည်း သူတို့ပဲ စိုက်ခဲ့တာလေ"

ကျွန်တော် အခုမှ သတိထားကြည့်မိသည်။ မချစ်တုံးတို့ အိမ်သာနားတွင် မချစ်စုပင်သေးသေးလေး တစ်ပင်တွေ့သည်။ ကျွန်တော် သတိမထားမိ။ သူများ အပင်လို့ပဲ အောက်မေ့သည်။

"သိပါဘူးဗျာ။ ကျွန်တော်က သူများအပင်လို့ အောက်မေ့နေတာ"

"ဒီနှစ်လည်း ငါ သတိထားမိတယ်။ ၁၄ - ၅ လုံးလောက်တော့ သီးမယ်ထင်တယ်၊ နောက်နှစ်ဆို ပိုသီးမယ်။ အဲဒီအပင်က မင်းတို့ မခူးဘူးလား"

"ဟင့်အင်း ကျွန်တော်တို့အပင်ဆိုတာတောင် အစ်မပြောမှ သိတာ။ သရက်သီးလည်း မခူးမိပါဘူး"

ဤသို့ဖြင့် နောက်တစ်နှစ် သရက်သီး သီးချိန်ရောက်လာပါသည်။ ကျွန်တော်တို့ အပင်ဟု ပြောသော မချစ်စုပင်ကလေးကို သတိထားကြည့်မိသည်။ အပင်သေးသေးကလေးနှင့် တစ်ပင်လုံးညွတ်နေအောင်သီးသည်။ အလုံးလည်း ထွားသည်။ တစ်နေ့ မချစ်တုံးသမီးလေး အိမ်ရှေ့ကို ရောက်လာသည်။

"ဦးဦး မေမေက မချစ်စုသရက်သီးတစ်လုံးလောက် ပေးပါတဲ့၊ ဆေးသကြားနဲ့ စားချင်လို့တဲ့"

"အေး အေး ခဏစောင့် ခူးပေးလိုက်မယ်"

"မဟုတ်ဘူး မေမေက အိမ်သာနားက အပင်က တစ်လုံးခူးလိုက်မယ်တဲ့"

"ဩော် အေးအေး မှီရင် ခူးလိုက်လို့ နောက်လည်း စားချင်ရင် ခူးစားလို့ နင့်အမေကို ပြောလိုက်"

"ဟုတ်ကဲ့"

နောက်နှစ်ရက်လောက် ကြာသောအခါ ခေါင်းရင်းအိမ်က အပျိုကြီးက

"မောင်သီတာရေ မချစ်စု တစ်လုံး နှစ်လုံးလောက်ပေးစမ်းပါကွယ်။ သရက်သီးသုပ်ကလေး လုပ်စားချင်လို့"

"ခူးလေ အစ်မ"

"နောက်ဖေးအပင်က ခူးသွားလိုက်မယ်နော်"

"ခူးပါ ခူးပါ ကျွန်တော်တို့ရော လည်း ခူးစားပါနော်။ စောင့်ကောက် တော့လည်း အစ်မတို့ပဲ ရှိတာ။ ခူးစားပါ"

"အေး အေး ကျေးဇူးပါပဲ"

တစ်နေ့ ကျွန်တော့် သားအလတ်ကောင်နှင့် ဆော့ဖော်ဆော့ဖက် ပဲလှော်ဆိုသော ကောင်ကလေးက

"ဦး အဖေက သရက်သီးတို့ စားချင်လို့တဲ့၊ နောက်ဖေးအပင်က နည်းနည်းခူးမယ်တဲ့"

"အေး ပဲလှော်လားကွ။ မင်းအပင် ပေါ် တက် တတ် လို့ လား။ တက်တတ်ရင်ခူး ပေါ့ကွာ။ လိမ့်ကျဦး မယ်နော်၊ သတိ ထားတက်၊ မင်း အဖေကိုလည်း ပြောလိုက် နောက်စားချင်ရင်ခူးစားလို့"

တစ်နေ့ ထမင်းဝိုင်းတွင် ထမင်းစားကြရင်း မရွှေနုက

"မနေ့ မနက်က ဈေးကပြန်လာပြီး နောက်ဖေးမှာ ငါးခုတ်နေတုန်း အောင်မိုးကျော်ဆိုတဲ့ ကောင်လေး သရက်ပင်ပေါ်က ဆင်းသွားတာ တွေ့တယ်။ ခါးပိုက်ထောင်ထဲမှာလည်း သရက်သီးတွေ ဖောင်းလို့"

"ဟေ အောင်မိုးကျော်ဆိုတာ ဘယ်သူလဲ"

"အပျိုကြီး မွေးစားသားလေ၊ အပျိုကြီး မီးဖိုထဲမှာနေတဲ့ လင်မယား ကလေးတစ်ယောက်အဖေ ကောင်လေးပေါ့"

"ငါတို့နဲ့လည်း မသိပါလား၊ မင်းကို ပြောပြီး ခူးတာလား"

"ဟင့်အင်း ဘာမှတောင် မပြောဘူး၊ ခူးပြီး ခပ်တည်တည်နဲ့ ဆင်းသွားတာပဲ"

"အပျိုကြီးကိုတော့ ငါပြောဖူးပါတယ်။ စားချင်ရင် ခူးစားလို့၊ သူတို့လည်း စားချင်လို့ ခူးတာနေမှာပေါ့ကွာ။ စားကြပါစေကျန်တာ ကိုယ့်ဟာပေါ့"

သားအလတ်ကောင်က

"ဖေဖေ မနေ့ညနေက ပဲလှော်တို့အမေလည်း တံချူနဲ့ သရက်သီးတွေ ခူးနေတာ တွေ့တယ်"

"ဩော် အေး ဟုတ်တယ်။ ပဲလှော် ဟိုတစ်နေ့က သရက်သီးလာတောင်းလို့ စားချင်ရင် ခူးစားလို့ အဖေမှာထားဖူးတယ်။ စားကြပါစေကွာ"

"အနောက်ဘက်ကိုင်းက ၁၅ လုံးလောက်အတွဲကြီး မရှိတော့ဘူး၊ သားတို့က ရင့်မှခူးမလားလို့ ကြည့်နေတာ"

"ခူးကြပါစေကွာ ပတ်ဝန်းကျင်မှာ သူတို့ပဲရှိတာ၊ တောင်းရင်တောင် ပေးရဦးမယ့်ဥစ္စာ၊ သူတို့ပဲ စောင့်ရှောက်၊ သူတို့ပဲ ခူးတာ၊ ခူးကြပါစေ၊ ကျန်တာ ကိုယ့်ဟာပေါ့"

ဤသို့ဖြင့် ကိုသီတာတစ်ယောက် ရုံးကိစ္စ၊ စာပေကိစ္စ၊ အပြင်လူမှုရေးကိစ္စ တွေကြောင့် မအားသောကြောင့် နှစ်ပတ်လောက် အိမ်ကိစ္စ လှည့်မကြည့်အားပေ။ ထိုအတူ သရက်ပင်ကိစ္စလည်း အသီးများကို ဘုရားတင်တန်တင်၊ ပတ်ဝန်းကျင်ကို ပေးတန်ပေး၊ ဘုန်းကြီးကျောင်း လှူတန်လှူ၊ စားတန်လည်း စား၊ ရောင်းတန်လည်း ရောင်းဖြင့် ထိုကိစ္စအားလုံးကို ဇနီး

တစ်နေ့ ကိုသီတာ ရုံးက ပြန်လာ၍ ရေချိုးရန် နောက်ဖေးကို ထွက်လာခဲ့သည်။ အမှတ်မထင် သရက်ပင်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ. . .





Asian Fame Media Group
MEDIA GROUP

သည် မရွှေနုက ဖြေရှင်းနေတော့သည်။

တစ်နေ့ ညနေဘက် ကိုသီတာ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် စာဖတ်နေရင်း ခေါင်းရင်းအိမ်က အပျိုကြီးက

"နင့်သရက်ပင်လည်း ကြည့်ဦး၊ ဘယ်လိုဖြစ်နေသလဲဆိုတာ"

"ဘာဖြစ်လို့လဲ အစ်မ"

"နင်က ရုံးသွား၊ ရန်ကုန်သွား၊ နင့်မိန်းမက ဈေးသွား၊ ကလေးတွေက ကျောင်းတက်နဲ့ အိမ်မှာ လူမရှိတော့ ဖြစ်ချင်တိုင်း ဖြစ်နေတာပဲ။ မနေ့က မနက်အစောကြီး နင်တို့အိမ်နောက်ဖေးအိမ်က ကောင်လေးတွေ သရက်သီးတွေ ခူးနေကြတယ်။ ငါက ထွက်ကြည့်တာတောင် ဂရုမစိုက်ဘူး ခပ်တည်တည်ပဲ"

"နောက်ဖေးအိမ်ကဆိုတော့ ကိုစိန်ကြီးသားတွေလား။ စားချင်လို့ ခူးတာ ခူးကြပါစေ အစ်မရယ်"

"စားချင်လို့ခူးတာပဲ ရင့်အောင်တော့ စောင့်ပါဦးလား။ အခုတော့ နုနုကလေးတွေပါ ခူးနေလို့"

"ကိုယ်မှ မကြည့်နိုင်တာ အစ်မရယ် ကျန်တာ ကိုယ့်ဟာပေါ့"

အပျိုကြီး ပြန်သွားသည်။ ညဘက်ကိုစွတစ်ခုနှင့် ကိုသီတာ အပြင်ထွက်ရင်း လမ်းတွင် ပဲလှော်တို့အမေ ဒေါ်ပုတင်နှင့် တွေ့သည်။ ဒေါ်ပုတင်က

"ဟဲ့ မောင်သီတာ အတော်ပဲ နင့်ကို ပြောစရာရှိလို့"

"ဘာများလဲ အဒေါ်"

"တစ်နေ့က ညဘက် ငါအပေါ့သွားရင်း သရက်ပင်ဘက်ကို အမှတ်တမဲ့ကြည့်လိုက်တာ အပင်ပေါ်မှာ မည်းမည်း မည်းမည်းနဲ့ဆိုတော့ ငါလည်း လန့်သွားတာပေါ့၊ ဒါပေမဲ့ လူပဲထင်လို့ ခဏစောင့်ကြည့်နေတော့ သိပ်မကြာဘူး၊ အပင်ပေါ်က ဆင်းလာတာ ဘယ်သူမှတ်လဲ"

"မသိဘူးလေ"

"အပျိုကြီး မွေးစားသား မီးဖိုထဲမှာနေတဲ့ ကောင်ပေါ့"

"ပြော်"

"စားချင်ရင် ပြောခူးလည်း ရတာပဲဟာ၊ အခုလို မသိအောင် ညဘက်ကြီး ခူးတာတော့ ခိုးတာနဲ့ အတူတူပဲပေါ့"

"ညဘက်ဆိုတော့လည်း စားချင် လို့ တက်ခူးတာ ပြောဖို့ အချိန်မရလို့လည်း ဖြစ်မှာပေါ့ အဒေါ်ရယ်"

"ပိုင်ရှင်မသိအောင် ခူးတာတော့ ဘယ်ကောင်းမလဲကွယ်၊ စားချင်ရင် ပြောခူးပေါ့၊ ခုဟာက ၁၂ နာရီ ၁ ချက်လောက် တက်ခူးတာ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ . . . အင်း . . ."

တစ်နေ့တွင် ဘေးအိမ်မှ သင်္ဘောသားကတော ဒေါ်ရွှေကြီးက အိမ်ကို လာလည်ရင်း မရွှေနုအား

"ပြီးခဲ့တဲ့ ၁ ရက် ၂ ရက်က နေ့လယ်ဘက် အိပ်နေတုန်း နောက်ဖေးသရက်ပင်မှာ သရက်သီးတွေ ခူးနေတာ ဘယ်သူမှတ်သလဲ။ လေးခန်းတွဲအိမ်က အောင်ပုတို့ သားအဖပါလား။ အဖေက တံချူနဲ့ ခူး၊ သားက ကောက်ကကောက်၊ ညည်းတို့ကို ပြောခူးတာလား"

"ဟင့်အင်း သိတောင် မသိဘူး"

"အံ့ပါတော်၊ ညည်းတို့မို့ ငြိမ်နေတယ်။ ငါသာဆို ရန်သွားတွေ့မှာ။ သူများပစ္စည်းကို မပြောမဆို ဘာရမလဲ"

"သူတို့လည်း အိမ်နီးပါးချင်းပဲ ဖွားရွှေကြီးရယ် စားချင်လို့ ခူးတာ ခူးကြပါစေ"

"စားချင်လို့ဆိုလည်း လူရှိတာ ပြောခူးပါလား။ တကတည်း ကိုယ့်ပစ္စည်းကျနေတာပဲ"

"ကိုသီတာပြောသလိုပဲ ကျန်တာကိုယ့်ဟာပေါ့ ဖွားရွှေကြီးရယ်"

"ညည်းတို့က သိပ်သဘောကောင်း၊ အဲဒီအပင်က သရက်သီးကို ညည်းတို့စားရမှာတောင် မဟုတ်ဘူး"

မှန်၏။ သရက်သီးများရင့်ချိန်ရောက်၍ ကိုသီတာတို့ ခူးကြသောအခါ သီးနေစဉ်က ခန့်မှန်းခြေ ၃၊ ၄ ရာလောက်ရှိမည်ဟု မှန်းထားသော အပင်က အလုံး ၁၀၀ ခန့်သာ ရသည်။ အဖျားမှာ မခူးနိုင်၍ ကျန်သောအသီး ၁၅ လုံးခန့်သာ ရှိတော့သည်။ ကိုသီတာက

"ကိုယ်စိုက်ထားတဲ့ အပင်မှမဟုတ်ဘဲ၊ သူများတွေ စိုက်ထားခဲ့လို့ ကိုယ်စားရတာ၊ စားရတာအမြတ်ပေါ့။ သူတို့ခူးတာလည်း တောင်းစားရင်တောင် ပေးရဦးမှာ" ဟု သဘောထားလိုက်သည်။

တစ်နေ့ ကိုသီတာ ရုံးက ပြန်လာ၍ ရေချိုးရန် နောက်ဖေးကို ထွက်လာခဲ့သည်။ အမှတ်မထင် သရက်ပင်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ လား . . . လား . . . သရက်ပင် မရှိတော့။ မြေကြီးမှ တစ်တောင်ခန့်သာ ရှိသော ငုတ်တိုကိုသာ တွေ့ရတော့သည်။ ဘယ်လိုဖြစ်ပါလိမ့်ဟု ကိုသီတာ စဉ်းစားနေမိသည်။ မရွှေနုအား

"ဟေ့ မရွှေနု သရက်ပင် ဘယ်လိုဖြစ်သွားတာလဲ"

"ဟို ဥစ္စာ ဘာလဲ ပြော၊ မပြောချင်ဘူး ကိုသီတာရေ၊ ပဲလှော်တို့အမေ ဒေါ်ပုတင်က မနေ့ညနေကလာပြောတယ်။ မရွှေနုတို့ နင်တို့ သရက်ကိုင်းက ဘိုအိမ်ပေါ် ကျနေတော့ ညဘက်လေတိုက်ရင် သွပ်မိုးနဲ့ သရက်ကိုင်းထိပြီး တရှဲရှဲဖြစ်နေတော့ ကြာရင် သွပ်မိုးပေါက်မှာ စိုးရတယ်၊ အဲဒါကြောင့် မလွတ်တဲ့ သရက်ကိုင်းနည်းနည်း ခုတ်မယ်ဆိုတော့ ကျွန်မကလည်း မလွတ်ရင် ခုတ်ပေါ့လို့ ပြောလိုက်တယ်။ ဒါနဲ့ ဒီမနက် ဈေးသွားပြီး ပြန်လာတော့ မြင်တဲ့အတိုင်း တစ်ပင်လုံး ခုတ်ပြီးပြီ။ ခုတ်မယ်လို့ ပြောတာက မလွတ်တဲ့ကိုင်း၊ ခုတ်တာက တစ်ပင်လုံးဆိုတော့ ကျွန်မလည်း စိတ်ဆိုးပြီး ဒေါ်ပုတင်ကို သွားမေးတာပေါ့။ အဲဒီတော့ ဒေါ်ပုတင်ကအမိုး ပေါ်က ကိုင်းတင် မဟုတ်ဘူး၊ တခြားကိုင်းတွေလည်း မလွတ်လို့ မ လွတ်တာက တစ်ပင်လုံး ဆိုတော့ တစ်ပင်လုံး ခုတ်ပစ်လိုက်တာပါတဲ့။ မကြိုက်ရင် လွတ်တဲ့ နေရာမှာ မချစ်စုပင် ထပ်စိုက်ပေးပါ့မယ်တဲ့။ ဘာပြောဦးမလဲ။ ရန်ဖြစ်ရအောင်ကလည်း လူကြီးနဲ့ လူငယ်။ ရန်ဖြစ်တာကိုလည်း ကျွန်မက ဝါသနာမပါ။ အပင်ကတော့ ငုတ်တိုပဲ ကျန်တော့တယ်။ ကိုသီတာ ဘာပြောချင်သေးလဲ"

ကိုသီတာ ဘာမှမပြောပါ။ ကိုသီတာလည်း ဘာများ တတ်နိုင်ဦးမှာမို့လို့လဲ။ တစ်ခုတော့ ကိုသီတာ သဘောပေါက်သွားသည်။ သရက်သီး လာတောင်းသူတွေရော၊ လာမတောင်းသူတွေရော အားလုံးကို စားချင်လို့ ခူးတာ ခူးကြပါစေဟု၊

ထိုအခါ ကိုယ့်ပစ္စည်းလို့ သဘောထားပြီး ခူးကြပါစေဟု ခွင့်ပြုထားသူများက သူက ခူးတယ်၊ ကိုယ်က ခူးတယ်ဟု တိုင်ကြဖြန်သည်။ သူခူးတာကို ကိုယ်က မကျေနပ်၊ ကိုယ်ခူးတာကို သူကမကျေနပ်၊ လူဆိုတာ အဲဒါပဲ။

သရက်ပင်သာ စကားပြောတတ်ရင် ဒီလိုပြောမှာပဲဟု ကိုသီတာ ပေါက်ပေါက်ရှာရှာ တွေးမိသည်။

သရက်ပင်က

"ငါ့ဟာငါ အေးအေးနေတာ အကောင်းသား၊ ဒီကိုသီတာဆိုတဲ့ တရေးဆရာ ဒီကို ပြောင်းလာလို့ ငါ ဒီလိုဖြစ်ရတယ်" ဟု။

**မောင်မြင့်မား(ဘိုကလေး)**





Asian Fame Media Group




Asian Fame Media Group



ဝတ္ထုတိုရသ

ဝတ္ထုဆိုတာ ကိုယ်တိုင်ကြုံတွေ့တာကိုပဲ ဖြစ်ဖြစ်၊ တစ်ပါးသူကြုံတွေ့တာကိုပဲဖြစ်ဖြစ် အဲဒီတကယ့်အဖြစ်အပျက်ကို စာရေးသူက စိတ်ကူးတွေဖြည့်စွက် ပေါင်းစပ်ပြီးရေးမှ အနုပညာမြောက်တယ်၊ ဖတ်လို့ ကောင်းတယ်ပြောကြတာပဲ။

ကျွန်တော် အခုရေးပြမယ့်ဝတ္ထုကတော့ 'ဖြစ်ရပ်မှန်ဝတ္ထု' ဆိုတဲ့ခေါင်းစဉ်အတိုင်း ကျွန်တော်မျက်မြင်ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်မှန်အတိုင်း တင်ပြမှာဖြစ်ပြီး ကျွန်တော့်ရဲ့ စိတ်ကူးစိတ်သန်းတွေ ပါဝင်မှာမဟုတ်တဲ့အတွက် အထက်ကဆိုစကားအတိုင်းဆိုရင် အနုပညာမြောက်ချင်မှ မြောက်ပါလိမ့်မယ်။ ဖတ်လို့ ကောင်းချင်မှ ကောင်းပါလိမ့်မယ်။

ဒါပေမဲ့ အနုပညာမြောက်ချင်မြောက်၊ မမြောက်ချင်နေ ဖတ်လို့ကောင်း ချင်ကောင်း၊ မကောင်းချင်နေ ကျွန်တော့်ကိုဖြစ်ရပ်မှန်အတိုင်း ရေးရမယ်။ မင်းရဲ့ ပေါက်တတ်ကရစိတ်ကူးစိတ်သန်းတွေ တစ်လုံးတစ်ပါဒမှ မထည့်ရဘူးလို့ ကျွန်တော့်ရဲ့ ကိုယ်စောင့်နတ်က ကျွန်တော့်ကို အိပ်မက်တွေ အကြိမ်ကြိမ်ပေးပြီး သတိပေးထားတယ်။

ပြီးတော့ သူ သတိပေးတာကို မနာခံခဲ့ရင် ကြီးစွာသောဖြစ်ရပ်ဆိုးကြီးကို ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်လို့

**ကျွန်တော့်ရဲ့ ဖြစ်ရပ်မှန်ဝတ္ထု ပြီးပါပြီ၊ ဝန်ခံချင်တာကတော့ ဒီဝတ္ထုကို နှစ် ၅၀ လုံးလုံးအသားကျ နေတဲ့ ကျွန်တော့်ရဲ့ဦးနှောက်နဲ့ ရေးတယ်ဆိုတာပါ။ တောင်းဆိုချင် တာကတော့ ခင်ဗျားတို့လည်း နှစ် ၅၀ လုံးလုံး အသားကျနေတဲ့ မျက်လုံးတွေနဲ့ပဲ ဖတ်ပေးကြဖို့ကိုပါ . . . . .**

လည်း သူကအိပ်မက်ထဲမှာ လက်ညှိုးငေါက်ငေါက်ထိုးပြီး ကြိမ်းမောင်းသွားသေးတယ်။

◆

အဲဒီအတွက် အခုစာကြောင်းကစပြီး ဖြစ်ရပ်မှန်ဝတ္ထုကို ကျွန်တော့်စိတ်ကူးလုံးဝမပါဘဲ ဖြစ်ရပ်မှန်အတိုင်း ရေးပါတော့မယ်။ အဲဒီလို စမရေးခင်မှာ နိဒါန်းအနေနဲ့ ကျွန်တော့်ကို တာရာမင်းဝေ မိတ်ဆက်ပေးဖူးတဲ့ ကျားတစ်ကောင်အကြောင်း ပြောပြချင်ပါတယ်။

တာရာမင်းဝေ ကျွန်တော့်ကို မိတ်ဆက်ပေးတဲ့ကျားဟာ ဆပ်ကပ်ထဲက ကျားပါ။ တောထဲကကျားမဟုတ်ပါဘူး၊ အဲဒီလို ဆပ်ကပ်ထဲက ကျားဖြစ်တဲ့အတွက် သူ့ခမျာတောထဲမှာ မနေရပါဘူး။ လှောင်အိမ်ထဲမှာပဲ နေရပါတယ်။

ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲတို့၊ ဆရာဆိုတာ တစ်ခါတုန်းကတပည့်ပါပဲတို့၊ အမေဆိုတာ တစ်ခါတုန်းက သမီးပါပဲတို့ စတဲ့ ဒဿနတွေ ထုတ်တတ်တဲ့ ဆရာငြိမ်းမင်းသာ အဲဒီကျားကို တွေ့ခဲ့ရင် 'လှောင်အိမ်ထဲက ကျားဆိုတာ တစ်ခါတုန်းက တောထဲက ကျားပါပဲ' လို့ပြောဦးမှာ အသေအချာပါပဲ။

"သူက အားမတန်တော့လို့ လှောင်အိမ်ထဲမှာ နေနေရတာ။ တကယ်တော့ တောထဲမှာပဲ လွတ်လွတ်လပ်လပ် နေချင်တာပေါ့ဗျာ"

တာရာမင်းဝေက ကျားရဲ့ ကိုယ်စား လွမ်းလွမ်းဆွေးဆွေး ပြောပါတယ်။ အဲဒီနောက် တာရာမင်းဝေဟာ တောထဲကကျားနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးနိုင်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ကြိုးစားပုံကြိုးစားနည်းကတော့ တစ်မြို့က တစ်မြို့ ပွဲအကူးမှာ ကျားလှောင်အိမ်တင်ထားတဲ့ ဆပ်ကပ်ကားကြီးကို တာရာမင်းဝေက ကျွမ်းထိုးမှောက်ခုံ မှောက်ပစ်လိုက်ခြင်းပါ။

အဲဒီတော့ ကားကြီးက မှောက်သွားပါတယ်။ ကားထဲက ကျားထည့်ထားတဲ့ လှောင်အိမ်ကြီးလည်း ပွင့်ထွက်သွားပါတယ်။ လှောင်အိမ်ကသော့လည်း ပွင့်ထွက်သွားပါတယ်၊ လှောင်အိမ်တံခါးလည်း ဟာလာဟင်းလင်းဖြစ်သွားပါတယ်။ ကားမှောက်တဲ့နေရာရဲ့ ဘေးနှစ်ဖက်နှစ်ချက်မှာ ပိန်းပိတ်အောင် စိမ်းညို့နေတဲ့တောတန်းကြီးကလည်း ရှိနေပါတယ်။

ပွင့်နေတဲ့တံခါးက ထွက်ပြီး အဲဒီစိမ်းညို့နေတဲ့ တောကြီးထဲ ဝင်ပြေးလိုက်မယ်ဆိုရင် ဆပ်ကပ်ထဲကကျားဟာ တောထဲက ကျားဖြစ်သွားမှာပေါ့။ ဒါပေမဲ့ တာရာမင်းဝေရဲ့ ကိုရွှေကျားက တောထဲဝင်ပြေးဖို့ နေနေသာသာ၊ လှောင်အိမ်ထဲက မထွက်ရဲဘဲ ခွေးတစ်ကောင်လို တအီအီနဲ့ အမြီးကုပ်နေတာပါပဲ။

ကျွန်တော်က တာရာမင်းဝေကို ပြောမိပါတယ်။

"ခင်ဗျားကျားက အသားကျနေတဲ့ ကျားကြီးပဲ"

(တာရာမင်းဝေက အဲဒီကျားအကြောင်း ဝတ္ထုရေးပစ်လိုက်မယ်လို့ ကျွန်တော့်ကိုပြောပါတယ်။ ရေးဖြစ်ခဲ့လား၊ မရေးဖြစ်ဘူးလားဆိုတာ ကျွန်တော် မသိပါ)

◆

တာရာမင်းဝေက ကျွန်တော့်ကို အထက်ပါအတိုင်း ဆပ်ကပ်ထဲက ကျားနဲ့ မိတ်ဆက်ပေးဖူးသလို ဓာတ်ရှင်မင်းသား ဒွေးကလည်း သူ့ရဲ့ရုပ်ရှင်ရိုက်ကွင်း အိမ်တစ်အိမ်မှာ 'လှောင်အိမ်ထဲကငှက်' နဲ့ အောက်ပါအတိုင်း ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့ဖူးပါတယ်။

ကျွန်တော်က မင်းသားကို အင်တာဗျူးလုပ်ဖို့ အသံဖမ်းစက်ကိုင်ပြီး သွားတာပါ။ အဲဒီရောက်တော့ မင်းသားက ငှက်လွှတ်ဖို့ လုပ်နေတာနဲ့ကြုံပြီး 'မင်းသား ငှက်လွှတ်တာလည်း သတင်းပဲ' ဆိုပြီး ဓာတ်ပုံရိုက်ဖို့ လုပ်ပါတယ်။

ဒွေးလွှတ်မယ့် ငှက်က ကျွန်တော်တို့လွှတ်နေကျ ငှက်မျိုး မဟုတ်ဘူး။ ကျွန်တော်လည်း ဘာငှက်မှန်းမပြောတတ်ဘူး။ တော်တော်လှပါတယ်။ အကောင်က ထွားထွားကြီးဖြစ်သလို နှုတ်သီးကွေးကွေး၊ မျက်လုံးစူးစူးတွေက အားအင်အပြည့်ပါ။ အတောင်ပံတွေ ကြည့်ရတာလည်း လေဟုန်ကိုခွင်းမယ့် တန်မျိုးပါ။

"သူက အားမတန်တော့လို့ လှောင်အိမ်ထဲမှာ နေနေရတာ။ တကယ်တော့ ကောင်းကင်ထက်မှာ လွတ်လွတ်လပ်လပ် ဝဲပျံချင်တာပေါ့"

ဒွေးက ငှက်ရဲ့ကိုယ်စား လွမ်းလွမ်းဆွေးဆွေး ပြောပါတယ်။ အဲဒီနောက် ဒွေးဟာ ကောင်းကင်ပေါ်က ငှက်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးနိုင်ဖို့ လှောင်အိမ်တံခါးကို ဖွင့်လိုက်ပါတယ်။ မင်းသားရော၊ ဓာတ်ပုံရိုက်ဖို့ကြံနေတဲ့ကျွန်တော်ရော ခွတီးခွကျကြုံရတာကတော့ လှောင်အိမ်တံခါးဖွင့်ပေးပေမယ့် ကိုရွှေငှက်က ပျံမထွက်တာပါဘဲ။ လှောင်အိမ်ကို ပုတ်ပေမယ့်လည်း မျက်လုံးကြီးပုတ်ခတ် ပုတ်ခတ်နဲ့ ပျံမထွက်တာကြောင့် မင်းသားဖမ်းပြီး အတင်းပျံခိုင်းရတော့တာပဲ။ (ဂျာနယ်ထဲပါသွားတော့ ငှက်ပျံနေတဲ့ပုံက အသက်မဝင်လှဘူး)

ကျွန်တော်က မင်းသားကို ပြောမိပါတယ်။

"ခင်ဗျားငှက်က အသားကျနေတဲ့ ငှက်ကြီးပဲ"

(မင်းသားက အဲဒီငှက်အကြောင်း ရုပ်ရှင်ရိုက်ပစ်လိုက်မယ်လို့ ကျွန်တော့်ကို ပြောပါတယ်။ ရိုက်ဖြစ်ခဲ့လား၊ မရိုက်ဖြစ်ဘူးလားဆိုတာ ကျွန်တော်မသိပါ)

◆

ဒီဖြစ်ရပ်မှန်ဝတ္ထုရဲ့ နောက်ဆုံးအခန်းမှာ ကျွန်တော့်ကို 'ဖန်အိမ်ထဲကငါး' တွေနဲ့ မိတ်ဆက်ပေးသူက ကျွန်တော်ကိုယ်တိုင်ပါပဲ။ ကျွန်တော့်မှာ ဖန်အိမ်ဝိုင်းဝိုင်းလှလှလေးနဲ့ မွေးထားတဲ့ ရွှေငါးလေးတွေရှိတယ်။ ရွှေငါးလေးတွေကို ဖန်အိမ်လှလှလေးနဲ့ မွေးချင်တုန်းကလည်း ကျွန်တော်ပါပဲ။ ဖန်အိမ်လေးထဲမှာ သူတို့တွေ ဝိုင်းကြီးပတ်ပတ်ကူးလှည့်နေတာကြည့်ပြီး သနားလာတာလည်း ကျွန်တော်ပါပဲ။ (ကျွန်တော့်စိတ်က အဲဒီလိုပဲ)

အဲဒီတော့ သူတို့တွေ လွတ်လွတ်လပ်လပ်နေရအောင် ဆိုပြီး ရေကန်ကြီးထဲ သွားလွှတ်ပါတယ်။

"အားမတန်တော့လို့ ဖန်အိမ်ထဲ နေနေရတာ။ တကယ်တော့ ရေပြင်ကျယ်ကြီးမှာ လွတ်လွတ်လပ်လပ် ကူးခပ်ချင်မှာပေါ့"

ဒါပေမဲ့ ကျွန်တော်တွေးသလို ဖြစ်မလာပါဘူး။ ဖန်အိမ်ထဲမှာ ပတ်ချာလှည့်ကူးခဲ့သလိုပဲ ရေကန်ပြင်ကျယ်ကြီးထဲမှာ သူတို့တွေ တစ်ပတ်ပြီးတစ်ပတ် ပတ်ချာလှည့်နေတယ်။ ကျွန်တော်ဒေါသတကြီးပဲ ရေရွတ်လိုက်မိပါတယ်။

"မင်းတို့က အသားကျနေတဲ့ ငါးတွေပဲ"

(အဲဒီငါးတွေအကြောင်း ဂျာနယ်ထဲ ထည့်ရေးပစ်လိုက်မယ်လို့ ကျွန်တော် ကြုံးဝါးလိုက်တယ်)

◆

ကျွန်တော့်ရဲ့ ဖြစ်ရပ်မှန်ဝတ္ထု ပြီးပါပြီ။ ဝန်ခံချင်တာကတော့ ဒီဝတ္ထုကို နှစ် ၅၀ လုံးလုံးအသားကျနေတဲ့ ကျွန်တော့်ရဲ့ဦးနှောက်နဲ့ ရေးတယ်ဆိုတာပါ။ တောင်းဆိုချင်တာကတော့ ခင်ဗျားတို့လည်း နှစ် ၅၀ လုံးလုံး အသားကျနေတဲ့ မျက်လုံးတွေနဲ့ပဲ ဖတ်ပေးကြဖို့ကိုပါ။

**ကိုဦးဆွေ**

Asian Famous Media Group

# မြဝတီမဂ္ဂဇင်း နှစ် ၆၀ ပြည့် စိန်ရတု အခမ်းအနားကျင်းပ

မြဝတီ စာပေတိုက်၊ မြဝတီ မဂ္ဂဇင်းနှစ် ၆၀ ပြည့် စိန်ရတု အထိမ်းအမှတ် အခမ်းအနားနှင့် စာနယ်ဇင်း တွေ့ဆုံပွဲကို နိုဝင်ဘာလ ၁၉ ရက်၊ နံနက် ၁၀ နာရီက စင်ထရယ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ တာဝန်ခံ စာတည်း အဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသော စာရေး ဆရာကြီး စည်သူငွေးမောင်က ဂုဏ်ပြုအမှာစကား ပြောကြားခြင်း၊ မြန်မာနိုင်ငံ စာရေး ဆရာများအသင်း ဒု - ဥက္ကဋ္ဌ မြင်းမူ မောင်နိုင်မိုးက ဂုဏ်ပြု



အမှာစကားနှင့် ဂုဏ်ပြုကဗျာ ဖတ်ကြား ခြင်း၊ မြဝတီ စာပေတိုက် စာတည်းမှူးချုပ် ဒု-ဗိုလ်မှူးကြီး နေကျော်ဦးက ကျေးဇူးတင်စကား ပြောကြားခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ မြဝတီမဂ္ဂဇင်းသည် ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ထွက်ရှိခဲ့ပြီး ယခုနှစ် နိုဝင်ဘာလတွင် စာပေသက်တမ်းနှစ် ၆၀ ပြည့် မြောက်ပြီဖြစ်ကြောင်း သိရသည်။

သည်။ အဆိုပါ အခမ်းအနားတွင် စစ်ရေးချုပ်ရုံးမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားခြင်း၊ မြဝတီမဂ္ဂဇင်းတွင်



# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) အနုပညာစွမ်းရည်ပြ ပဒေသာကပွဲ

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ အနုပညာစွမ်းရည်ပြ ပဒေသာကပွဲကို ဒီဇင်ဘာလ ၂ ရက် ညနေက အမျိုးသားကဇာတ်ရုံ တွင် ကျင်းပခဲ့သည်။ ဂီတပညာဌာနမှ ဂီတမှူး အကယ်ဒမီ ဗိုလ်ရာပိုင်ရဲ့ (တွဲဖက်ပါမောက္ခ) ဆန်းသစ်ထားသော မဟာဂီတ၊ ဂန္ထဝင်တေးများအပါအဝင် တေးသံသာများ၊ သဘင်ပညာဌာနရှိ ကျောင်းသား၊ ကျောင်းသူများ၏ ဝုဒ္ဓပူဇော် ဆီမီးတော် အက၊ ဟန်ပြောင်းလှပ မင်းသား အက၊ ပြည်ထောင်စု၏ ထာဝရအလှများ အပါအဝင် ယိမ်းအက ပဒေသာများနှင့် ကုမုဒြာ အငြိမ့် ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ကျောင်းသား၊ ကျောင်းသူများ၏ ၁၉ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ငွေတံဆိပ်ဆုရ 'မွေ့ခံထိုက်စေ ရိုးရာအမွေ' ပြဇာတ်ကို ကပြခဲ့ကြပြီး ပန်းချီပညာ ဌာန၊ ပန်းပုပညာ ဌာနတို့၏ လက်ရာမွန်များကို ပြသတင်ဆက်ခဲ့ကြကြောင်း သိရသည်။



# မင်္ဂလာဆုတောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ ၅ လမ်း၊ အမှတ် ၅၉၈ နေ မောင်ဝေဖြိုးအောင် Layout Designer (Sports Journal) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃ ရပ်ကွက်၊ မာန်ပြေ ၁၉ လမ်းအနောက်၊ အမှတ် ၁၆ နေ မစုစုထွေး (Popular Journal) တို့၏ ဒီဇင်ဘာလ ၈ ရက် အမျိုးသားနေ့တွင် ကျင်းပသော မင်္ဂလာ ဧည့်ခံပွဲရက်မြတ်မှသည် သက်ဆုံးတိုင် အောင်မြင်သော ဘဝကို ပိုင်ဆိုင်၍ ပျော်ရွှင်စွာ ရွှေလက်တွဲ နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ရတီ စာပေအနုပညာ မဂ္ဂဇင်း**
Asian Fame Media Group

# မင်္ဂလာဆုတောင်း



ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရေကျော်၊ ကွက်သစ်လမ်း၊ အမှတ် ၁၅ နေ မောင်နဝရက်ထွဋ်အောင်မြင့် B.Sc (Phys;) Asia Light Electrical Co.,Ltd နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁ ရပ်ကွက်၊ သုမိတ္တာ ၇ လမ်း၊ အမှတ် ၂၃၈ နေ မအေးမျိုးငွေ B.A(History) Graphic Designer (Asian Fame Media Group) တို့၏ နိုဝင်ဘာလ ၂၅ ရက် နံနက် ၉ နာရီက Central ဟိုတယ်တွင် ကျင်းပ ပြုလုပ်သော မင်္ဂလာ ဧည့်ခံပွဲ ရက်မြတ်မှသည် သက်ဆုံးတိုင် ပျော်ရွှင် အောင်မြင်စွာ ရွှေလက်တွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ရတီ စာပေအနုပညာမဂ္ဂဇင်း**
Asian Fame Media Group

Asian Fame Media Group




Asian Fame Media Group
AF MEDIA GROUP

# မိုးကြောင့်

မာန်၊ တောင်ညှိုးမြင့်၊

ဝတ္ထုတိုရသ



Asian Fame Media Group

ကျွန်တော် ကားပေါ်မှ ဆင်းလိုက်ချိန်မှာပင် မိုးက တဖွဲဖွဲကျနေတော့သည်။ ကားပေါ်မှာတုန်းက သတိမထားမိခဲ့။ ကားလမ်းမန်ဘေး၌ ကျေးရွာလမ်းညွှန် ဆိုင်းဘုတ်ကြီးကို တွေ့ရသည်။ အချိန်တော့ လုရပေဦးမည်။

ကျွန်တော် လက်ထဲမှဆွဲခြင်းကို ဘယ်ညာပြောင်းပြီး ကားလမ်းနံဘေးဆီမှ နိမ့်ဆင်းသွားသော ရွှံ့စပ်စပ်လမ်းသွယ်လေးထဲ ဆက်လျှောက်ရန် ခရီးစဉ်ကို အကဲခတ်ကြည့်မိသည်။

လယ်တဲစုစုကို မြင်နေပါသည်။

ကျွန်တော် ကတ္တီပါဖိနပ်ကို ချွတ်ရလေပြီ။ ဆွဲခြင်းထဲသို့ ထည့်ရန်းနိုးစဉ်းစားရပြန်သည်။ မဖြစ်သေး။ ဟင်းချိုင့်များပါနေသည်။ အစားအသောက်နှင့် ခြေစီးဖိနပ်မှာ ဆက်စပ်၍မကောင်း။ ရွှံ့စပ်စပ်နှင့် မြေလမ်း ကျဉ်းကျဉ်းထဲသို့ ခြေဗလာဖြင့် ကျွန်တော်ဆင်း၍ လျှောက်လာခဲ့သည်။ မြေသားများက မိုးစွတ်စွတ်ကျထားဆဲမို့ လှမ်းရခက်လှသည်။ လုံချည်ကိုလည်း ရွှံ့ပေမှာကို မလို။ ခြင်းတောင်းလက်ကိုင်ကို ဖိနပ်ပါတွဲရင်း ခြေမအားလက်မအားဖြင့်ပင် လယ်တဲစုစုရှိရာသို့ ကျွန်တော် လျှောက်ခဲ့ရပြီ။

လယ်ကန်သင်း လမ်းကျဉ်းလေးမို့ မြက်ပင်မတိုမရှည်တို့က ရှောင်၍မရ။ လယ်တဲစုစုမှာ အမြင်သာနီးလျက် ကွေ့ကာ ဝိုက်ကာဖြင့် လှမ်းခဲ့ရသည်မို့ ခရီးက ရှည်နေသည်။ မိုးကဖွဲဖွဲကျရာမှ စိပ်စိပ်ဖြိုကျလာ၏။ ကျွန်တော့်ခေါင်းပေါ်သို့ တိုးဝင်နေသည်။ နဖူးစပ်၊ နားထင်စပ်သို့ ယိုစီးနေသည်။ လယ်တဲစုသို့မရောက်မီ ခွေးနှစ်ကောင်က တရကြမ်းပြေးထွက်ကာ ကြိုပါသည်။ ဘယ်ကလူလဲ၊ ဘာလာလုပ်တာလဲဟု ဝမ်းခေါင်းသံပေးကာ အစွယ်ဖီးဖီးဖြင့် ခရီးဦးကြိုပါလေပြီကော။

ကျွန်တော့်ရန်သူတော်နှစ်ပါးကို မျက်တောင်မခတ်တမ်း အကဲခတ်ရင်း လယ်တဲအစပ်မှာပင် ရပ်နေလိုက်မိသည်။ ကိုယ်လုံးတီးကိုယ်တော်ချောလေး ပြေးထွက်လာခါမှ အာဂနှစ်ကောင်သည် ရှေ့သို့တိုးကာကဲကာ ချီလာချေပြီ။

"ဟဲ့ ကောင်လေး ခွေးမောင်းစမ်းပါဆို၊ နေဦးတော် လာပြီ လာပြီ"

လယ်တဲအနောက်မှ မဂ်လာသံကို ကြားရပါသည်။ မဂ်လာရှင်ကိုတော့ မတွေ့ရသေး။ ကိုယ်တော်ချောလေးက ခွေးနှစ်ကောင်ကို မဟန့်ချင်ချင် ဟန့်ချင်ချင် ဟန့်သံပေးနေသည်။ ခွေးနှစ်ကောင်စလုံး ရှေ့ဆက်မတိုးတော့။ ဟောင်သံကမူ ထစ်ချွန်းလျက်သာ။

"မခင်လေးတို့ တဲစုလား"

ကျွန်တော်က မေးလိုက်သည်။ ကောင်လေးက ခေါင်းညိတ်ပြပါသည်။ ဟန်ကျလေပြီဟု တွေးမိသော်ငြား ကျွန်တော် ရှေ့မတိုးဝံ့သေး။

"ဘယ်သူတုံး"

တဲနောက်ဘက်မှ ထဘီရင်ရှားလျက် မိန်းမရွယ်တစ်ဦး ထွက်လာသည်။ သူ့ခမျာလည်း လက်ထဲ၌ ဒယ်အိုးကို အနှီးစုတ်ဖြင့် ကိုင်ထားသေး၏။ ဘာကြော်လှော်နေမှန်း မသိရ၊ ဒယ်အိုးထဲမှာ အငွေ့ထနေဆဲပင်။

"ခြင်းလာလဲတာ၊ ကားပေါ်မှာ မှားပါသွားလို့"

"ဟောတော် ခင်လေးက အနောက်ပိုင်းသွားနှင့်ပြီ။ သူပြောသေးတယ်"

"ခြင်းမှားသွားလို့"

"ဟဲ့ မောင်းစမ်း မောင်းစမ်း လာလာ ခဏနေလိုက်ပို့မယ်၊ ဝင်ခဲ့ပါ မကိုက်ဘူးရယ်"

ထိုမိန်းမက လွယ်လွယ်အာမခံသော်ငြား ကျွန်တော် မယုံ။ ဘယ်မှာယုံရပါမည်နည်း။ အာဂနှစ်ကောင်မှာ ဟောင်သံမပေးတော့ သော်ငြားပါးစပ်အစုံကတော့ အထက်သွားအောက်သွားဖြဲလျက်ပင်။

"သွားစမ်းဟယ် တောက်"

အမျိုးသမီးက ထပ်၍ မာန်မဲလိုက်သည်။ ထိုအခါမှပင် အမြီးကိုနှံ့၍ ဘယ်ညာရမ်းလျက် ကျွန်တော့်ထံသို့ အနံ့ခံရန် မခို့တရို့ချဉ်းကပ်လာပါပကော။

"မကိုက်ပါဘူးဗျာ အို့ အို့ အို့"


ကောင်လေးက အခုမှပင် ခွေးနှင့်အတူ ကျွန်တော့်အား မိတ်ဆွေဟု သတ်မှတ်ပါသည်။ ကျွန်တော့်ဟန်ပန်မှာ မချိလှ၊ ဆယ့်ငါးမိနစ်စာ ခရောင်းလမ်းအတွင်း ခြေထောက်နှစ်ချောင်းစလုံး ရွှံ့အလိမ်းလိမ်း။ မကာ မကာပင် တင်ခဲ့ပါလျက် လုံချည်အနားစပ်တို့မှာ ပေရေနေပြီ။ စီးတော်ဖိနပ်မှာ မြေမခနိုင်ရှာသေး။ လယ်တဲပြင်တစ်ခုလုံးမှာ ဗွက်သရောင်းထနေသည်ကိုး။

"ခြေလက်ဆေးလိုက်ဦး၊ နေဦး နေဦး ဒါလေး ကျက်တော့မှာပါ"

မိန်းမရွယ်က မီးဖိုထဲသို့ ပြန်လှည့်ဝင်သွားတော့သည်။ ကျွန်တော် ရေမခြောက်သေးသည့် ထန်းပက်လက်ကုလားထိုင်ဆီသို့ ကြီးစွာသော သမာဓိဖြင့် ချဉ်းကပ်လာပါသည်။ အာဂနှစ်ကောင်မှာ ကျွန်တော့် လှုပ်ရှားမှုကြောင့် 'အီ' သံပေးကာ သွားဖြဲရန် မြင်ပါသေးသည်။ သို့ရာတွင် ဟောင်သံမပေးတော့။

ကိုယ်လုံးတီးကိုယ်တော်ချောလေးက အနက်ရောင် ခွေးထီးကို အသားလွတ်ပိတ်၍ ကန်သည်။ ထိုကန်ချက်ကြောင့် ကျွန်တစ်ကောင်မှာ နောက်သို့ လန့်၍ ဆုတ်ခွာသွားတော့သည်။

ကျွန်တော် ယိုင်နဲ့နဲ့ကုလားထိုင်ပေါ်မှာပင် ငုငုလေးထိုင်၍ စောင့်နေမိသည်။ မိုးက နှုတ်ပိတ်သွားလေပြီ။ ကျွန်တော် နောက်သို့ မှီချရန်မဝံ့။ ပက်လက်ကုလားထိုင်မှာ ရေဝ၍နေသည်၊ ဝတ်ထားသောအကျီအဖြူအတွက် ဟန်မကျလှ။



**ကျွန်တော့်မှာ အံ့အားသင့်ရသည်က တစ်ကြောင်း။ မိုးရိပ်မိုးကဲ ဆင်နေသော ရာသီဥတုကြောင့် လည်းကောင်း ဤပုံဤပန်းမျိုးဖြင့် ဆွေမျိုးများထံ မသွားချင်သည်က တစ်ကြောင်း၊ ထို့ကြောင့် ...။**

"ပြောတော့ ပြောသွားတယ်၊ ခြင်းမှားယူလာပြီတဲ့၊ အနောက်ဝိုင်းမှာလည်း . . ."

မီးဖိုထဲမှ စကားသံမှာ ထိုမျှသာ။ ကျွန်တော် နားစွင့်နေသည်။

"ဘယ်ကျမှ သိတာတုံး"

"သုံးခွဝင်မှ စိုက်ပျိုးရေးဂိတ်က ပြန်လိုက်လာရတာ"

"ဪ ဒုက္ခရေ"

ကျွန်တော် အမေးအဖြေလုပ်နေဆဲမှာပင် ကောင်လေးက ချည်ပေါင်ပင်မှ အပွင့်သုံးလေးပွင့်ကို ချိုးယူလာသည်၊ ခွေးနှစ်ကောင်ကို ရှေ့တည့်တည့်မှ ရပ်လျက် တစ်ကောင်စီကို ပန်းပန်ပေးနေတော့သည်။ ခွေးများက ခေါင်းပေါ်မှ ခါချနေသည်။

"ဘယ်ကို ပြန်ရမှာတုံး"

"အဖိုကြီးတဲစုက မှာလိုက်တာ၊ နောက်တောင် ကျနေပြီ"

ကျွန်တော်က ဆော်ဩလိုက်ပါသည်။ အထဲမှ အသံတိတ်သွားလေပြီ။ ကျွန်တော်လည်း ခြေစိုစို၊ ခေါင်းစိုစိုဖြင့် အနေခက်လှပြီ။ မှားမှ မှားတတ်ပလေဟု တွေးကာ မခင်လေးဆိုသော ဈေးသည်မကို စိတ်ထဲက အပြင်တင်နေတော့သည်။

တဲထဲမှ အမျိုးသမီးမှာ အင်္ကျီလက်ရှည်အကြမ်းကို ဝတ်ပြီး လက်ထဲ၌ ခမောက်ကိုကိုင်၍ ထွက်လာပါသည်။ ခွေးနှစ်ကောင်က ဆော့ကစားနေရာမှ အပြေးတစ်ပိုင်းရောက်လာတော့သည်။ ကျွန်တော့်ကိုမူ ရှိလေသည်ဟုပင် မထင်ကြတော့။ သူတို့သခင်မအား ရှေ့ပြေးနောက်လှည့်ဖြင့် အမူတော်ထမ်းရန် ဟန်ပြင်နေကြသည်။

"သားရေ မင်းအဖေလာရင် ထန်းခေါက်တောင်းထဲမှာ ချည်ပေါင်ရွက်ကြော်ရှိတယ်လို့၊ ငါ ပြန်လာခဲ့မယ် ကြားလား ဟုံ့ ဖယ်စမ်းပါ"

ခွေးနှစ်ကောင်က ပတတ်ရပ်နေသည်။ ကျွန်တော် အနောက်မှ ခပ်ရှိုးရှိုးဖယ်ကာ လယ်တဲအပြင်ဘက်သို့ လှမ်းမိပါသည်။

"အနောက်ဘက်က သွားရမှာ၊ ဟဲ့ ဖယ်စမ်းပါဆို"

အမျိုးသမီးစကားက ကျွန်တော့်အတွက် အခက်ပင်။ စောစောက ကျွန်တော့်ကို သတိမမူမိသော ခွေးနှစ်ကောင်သည် ချက်ချင်းပင် ကျွန်တော့်ဘက်သို့ လှည့်ပြေးလာကြသည်။ မကိုက်ဘူး၊ မကိုက်ဘူးဟု အမျိုးသမီးက လှမ်းအော်ပါသည်။

မကိုက်တော့ မကိုက်။ သို့ရာတွင် . . . .။

ကောင်လေးသည် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ရယ်နေတော့သည်။ ကျွန်တော်သည် ဖွတ်မြေပြင်ပေါ် ဝယ် ဖရိုဖရဲ၊ အင်္ကျီအဖြူမှာလည်း သကောင့်သားနှစ်ကောင် ပတတ်ရပ်၍ နှုတ်ခွန်းတော်ဆက်သမှုကြောင့် ခွေးတံဆိပ်များ စွန်းထင်းခဲ့ပြီ။

"ဟယ်တော် ငါပြောနေတဲ့ ကြားက"

အမျိုးသမီးထံမှ စစ်ကူသံမှာ နှောင်းခဲ့လေပြီကော။

•

အနောက်ဝိုင်းမှ ခြံဝင်းထဲတွင် လူစုလူဝေးက အများသားပင်။ ကျွန်တော်သည် ခြင်းကို လည်း ဆွဲစရာမလို၊ ဖိနပ်နှစ်ဖက်ကိုလည်း လယ်တဲမှာ ထားခဲ့လိုက်ပြီ။ အပြန်တွင် ထိုလမ်းမှပင် ပြန်ရမည်မို့ ဆက်၍မယူလာတော့။ ဆွဲခြင်းကို အမျိုးသမီးက ရှေ့မှကိုင်လျက် ၍.မြေလမ်းကို နင်းပြသွားသည်။ ကျွန်တော်လိုက်ရသည်မှာ သက်သောင့်သက်သာမရှိလှ။ တစ်သက်နဲ့ တစ်ကိုယ် ဤမျှအခြေမလှသော ခရီးလမ်းမျိုး မကြုံခဲ့ဖူးချေ။

ဝိုင်းထဲမှ လူစုလူဝေးက ကျွန်တော်တို့ကို ဂရုတစိုက် ကြည့်မနေအား၊ လူစုလူ ဝေးသာ ဆိုသော်ငြား သူ့အလုပ်နှင့်သူ မအားကြရှာ။ မတ္တုပ်ကုလားဖျင်း အစိမ်းစကြီးကို တိုင်နှစ်တိုင်နှင့် ချိတ်ဆက်ဆွဲထားသည်။ အလို. . . နာရေးပြဿနာ ပါလားဟု ကျွန်တော်သိရပါပြီ။

"ခင်လေးရေ ဧည့်သည်ဟဲ့၊ နင့် တွေ့ချင်လို့တဲ့"

ရှေ့ဆောင် အမျိုးသမီးက အော်သံပေးလိုက်သည်၊ ကြက်သွန်နီအခွံနွှာနေသောဝိုင်းမှ မခင်လေးသည် မျက်ရည်အဝိုင်းသားဖြင့် လှမ်းထွက်လာတော့သည်။

"ဟယ်. . လိုက်လာပြီတော့၊ ဒုက္ခပဲ၊ နီးကြည်စမ်းရေ၊ ဟိုခြင်းကော"

မခင်လေးမှာ အသက်အစိတ်ဝန်းကျင် မိန်းကလေးတစ်ဦးဟုခန့်မှန်းမိသည်။လက်ထဲမှာ ကြက်သွန်နွှာသည့် ဓားပါးလေးကို ကိုင်လျက် အိမ်ထဲသို့ လှမ်းအော်ပါတော့သည်။ ထို့ပြင်. . .

"အမဲသားတွေပြန်နွှေးရဦးမယ်"

ပြောပြောဆိုဆိုပင် မခင်လေးသည် အမျိုးသမီးလက်ထဲမှ ဆွဲခြင်းကို လက်လှမ်းယူလိုက်သည်။ ပြီးလျှင် ဆွဲခြင်းကိုချလျက် ဟင်းချိုင့်ကိုဖွင့်ပါတော့သည်။ သူပြောမှပင် ကျွန်တော်ဆွဲလာသော ခြင်းမှာ အမဲသားဟင်းများ ဖြစ်နေမှန်း သိရသည်။ ကျွန်တော့်မှာ ပင်ပန်းပေရေ နေရသည့်အထဲ အသုဘအိမ်နှင့်ခြင်းမှားရခြင်းကို မချိတင်ကဲ တွေးနေမိတော့သည်။



Asian Fame Media Group

**ရေနွေးကရားဖြင့် တည်ထားသော အရက်ဖြူတစ်ခွက်က
ကျွန်တော့်ရှေ့သို့ ရောက်လာပါပကော။
အလယ်မှာ ဝက်သားဟင်းက အမြည်းပွဲဖြစ်နေတော့သည်။
ကျွန်တော် ဟီးခနဲရယ်ချရင်း ယမကာခွက်ကို လှမ်းယူလိုက်သည်။**

"ကျွန်မလည်း မိုးကြောက်တာနဲ့ ကားပေါ်က ကမန်းကတန်း ဆင်းလာတာ၊ ကားထွက်သွားပြီးမှ ခြင်းမှားဆွဲလာမှန်း သိတာတော်၊ ဝက်သားတွဲတွေနော် အရီးရေ"

မခင်လေးသည် ပြောလည်းပြော ရှင်းလည်းရှင်းပြ၊ အိမ်ထဲသို့လည်း လှမ်း၍အော်နေပါသည်။

"နေပါစေဗျာ၊ ကျွန်တော် မယူချင်တော့ဘူး"

"ရှင်"

မခင်လေးသည် ကျွန်တော့်ကို မော့၍ကြည့်သည်။ ဟီခနဲရယ်ပြန်၏။ ကျွန်တော်ဖြစ်နေပုံကလည်း ရယ်ကွက်ပေကိုး။

"ဟဲ့ သူက ပြန်ရဦးမှာ၊ နင်တို့သွေးဖိုး ပြန်ပေးလိုက်ပေါ့"

"နေပါစေတော့ဗျာ၊ ပြန်တော့မယ်"

"မဟုတ်တဲ့ဟာ ခဏနေပါဦး"

မခင်လေးက ခြင်းကိုဆွဲကာ အိမ်ထဲသို့ လှမ်းဝင်သွားတော့သည်။ မိုးသည် ပြန်၍အုံ့မည်းကာ လာချေပြီ။ အမျိုးသမီးက ယခုမှပင် ဇာတ်စုံခင်း ပြပါသည်။ ယခု အသူအမှာ မခင်လေး၏ အဘွားဟု သိရသည်။ ဈေးလိုက်နေကျ မခင်လေးက အဘွားအတွက် ဝယ်လာသည့် အမဲသားဟင်းပါသော ဆွဲခြင်းကို ထား၍ အရောင်တူ၊ အဆင်းတူ ကျွန်တော့်ခြင်းကို ယူသွားခဲ့သည်ကော။

ကျွန်တော့်အဖို့ နာရေးအိမ်မှ အသားဟင်းကို ပြန်မယူလိုတော့ပြီ။

ကျွန်တော်ငြင်းဆန်ရန် ဆုံးဖြတ်ပြီးပါပြီ။ အိမ်ထဲမှ အဒေါ်ကြီးတစ်ဦး ကျွန်တော့်ခြင်းကိုကိုင်လျက် ပြန်ထွက်လာပါသည်။ ကြက်သွန်နွှာနေသောအဖွဲ့က သူတို့အလုပ်ကို ဆက်၍ လုပ်နေကြသည်။ ထင်းအဖွဲ့ကလည်း မိုးရိပ်မိုးခြေကြောင့် ထင်းခွဲခြမ်းများ ရေမစိုစေရန် မိုးလွတ်ရာသို့ ရွှေ့နေကြသည်။

"လူလေးက ဘယ်ကတုံး"

အဒေါ်ကြီးက ကြုံကြုံဖန်ဖန်ဖြစ်ရပ်ဆန်းသည့်ကိုပေမို့ အားနာနေသော မျက်နှာထားဖြင့် မေးခွန်းထုတ်လာသည်။

"ရန်ကုန်ကပါ၊ အဖိုးကြီးတဲ့စုကို သွားရမှာ၊ အိမ်က လူကြုံပေးလိုက်တာ"

ကျွန်တော်က ဆွဲခြင်းကို လက်လှမ်းကာ အဖြေပေးမိသည်။

"ဟဲ့ အဖိုးကြီးတဲ့စုကဆိုတော့ နေဦးကွဲ၊ ကိုသာကြည်တို့အုပ်စုလား"

ကျွန်တော် ခေါင်းညိတ်ပြမိသည်။ အဒေါ်ကြီးက ကျွန်တော့်ကို မျက်မှောင်ကြုတ်ကာ စိုက်ကြည့်လာပါသည်။

"လူလေးက မမြင့်ကမွေးတာလား၊ ကိုဖေကြည်မွေးတာလား"

"မမြင့်ပါ"

"ဟော့တော် ငါမမှတ်မိဘူးလား၊ နင့်အမေနဲ့ ငါနဲ့ လင်ညီအစ်မလေ"

ကျွန်တော် တကယ်မသိ။ အဒေါ်ကြီးက မကျွပ်တိုင်ကို ပြန်မှီရန် ဆွဲထူနေသော လူသုံးယောက်ဘက်ကိုလှည့်ကာ အော်သံပေးပါတော့သည်။

"ကိုဌေးအုန်း ဒီမှာ ရှင့်တူလေ လာဦး လာဦး"

ကျွန်တော့်အခြေအနေသည် ချက်ချင်း တစ်မျိုးတစ်ဖုံ ဖြစ်ရလေပြီ။ ကိုဌေးအုန်းဆိုသော ပုပုတိုတို အသက်ခြောက်ဆယ်ကျော် လယ်သမားကြီးသည် ကွမ်းငုံထားသည့်ပါးစပ်ကို ပွစိပွစိလုပ်ကာ ရောက်လာပါလေပြီ။ သူက ကျွန်တော့်ကို ခွေးလေးကြောင်လေးကို ကြည့်သလိုကြည့်ရင်း လက်တစ်ဖက်က လက်မောင်းကို လှမ်းပုတ်ပါသည်။

"မင်းက ကျော်ဦးအထက်လား၊ အောက်လား"

"ကျွန်တော် ကျော်ဦးပဲ"

"ဟ မင်းသဘော်တက်နေတာဆို"

"ဟုတ်ကဲ့ ခုမေးပွဲလာဖြေတာ"

"ဟာကွာ ဟုတ်ပေ့ကွာ၊ ကဲ ရောက်မှတော့ ညအိပ်ဦးကွာ၊ ဒါလည်း အမျိုးတွေချည်းပဲ၊ မင်းနဲ့ကွာ တိုက်တိုက်ဆိုင်ဆိုင်"

သူ့စကားကို ကျွန်တော် ဘာပြောရမှန်းမသိတော့၊ သူကတော့ ကျွန်တော်တို့ မိသားစုအကြောင်း တရစပ်မေးမြန်းနေတော့သည်၊ ယခု နာရေးသည်ကား သူ့ဇနီးဘက်မှ တော်စပ်သည်မို့ လာရောက်လုပ်ကိုင် ဆောင်ရွက်ပေးနေခြင်းဟု ရှင်းပြပါသည်၊ သူက အဖေနှင့်ညီအစ်ကို ဝမ်းကွဲတော်သည်။

ကျွန်တော့်မှာ အံ့အားသင့်ရသည်က တစ်ကြောင်း၊ မိုးရိပ်မိုးကဲဆင်နေသော ရာသီဥတုကြောင့်လည်းကောင်း ဤပုံဤပန်းမျိုးဖြင့် ဆွေမျိုးများထံ မသွားချင်သည်က တစ်ကြောင်း၊ ထို့ကြောင့် . . . ။

♦

မခင်လေးသည် ဈေးလိုက်နေကျမို့ ခြင်းမှားဆွဲကာ ဆင်းမိပုံကို ပြောရင်း ရယ်မောနေလေပြီ၊ ကျွန်တော် ရေကပြင်၌ အားရပါးရ ရေချိုးနေရင်း မီးဖိုထဲမှ စကားသံများကို ကြားနေရတော့သည်။ အကယ်၍ ကားစပယ်ယာသည် မခင်လေးကို မသိရှိပါက ကျွန်တော်လိုက်လာဖြစ်မည်မဟုတ်၊ ကားက မိနစ်အတော်စ်ပေမို့ ဈေးခြင်းများကို ထစ်နေရာတည်း စုပုံချထားရင်းက ယခုလို ခြင်းမှားဆွဲသွားရသည်ကော။

ဦးဌေးအုန်းက ညအိပ်ဖို့ အတင်းပင် တိုက်တွန်းနေသည်၊ ချက်ပြုတ်လုပ်ကိုင်နေကြသည့် အုပ်စုများကရော၊ မခင်လေးတို့ကပါ ကျွန်တော့်ကို မပြန်စေလိုပြီ။

"အဘွားက ဝက်သားကြိုက်တာများ သေတာတောင်ကြည့်ဦး"

မိန်းမကြီးတစ်ဦးက အားရပါးရကြီး ကောက်ချက်ချပါသည်။ ကျွန်တော် ရေမိုးချိုးပြီးချိန်တွင် အဝတ်အစားလဲဝတ်ရသည်။ ဦးဌေးအုန်းက ကျွန်တော့်ကို ဆွဲခေါ်လာရင်း ချက်ပြုတ်နေသော အဖွဲ့တစ်ဖွဲ့ကြားသို့ နေရာချပေးပါသည်။

"ဒါ အမျိုးတွေချည်းပဲ ဟော့ကောင်တွေ ဒါငါ့တူကွ၊ သဘော်သားဆိုတာလေကွာ ကဲ . . . "

ကျွန်တော် သူတို့ကို အကဲခတ်မိသည်။ အတော်လေး ရေချိန်တက်နေကြပုံပင်၊

"အေးလေကွာ တိုက်တိုက်ဆိုင်ဆိုင် ရော့ ချကွာ"

ရေနွေးကရားဖြင့် တည်ထားသော အရက်ဖြူတစ်ခွက်က ကျွန်တော့်ရှေ့သို့ ရောက်လာပါပကော။ အလယ်မှာ ဝက်သားဟင်းက အမြည်းပွဲဖြစ်နေတော့သည်။ ကျွန်တော် ဟီးခနဲရယ်ချရင်း ယမကာခွက်ကို လှမ်းယူလိုက်သည်။ အလို . . . အပြင်မှာ မိုးတွေသည်းတော့မည်။ သူတို့က ကျွန်တော်ကို ပြုံးဖြီးဖြီး စိုက်၍ကြည့်နေကြသည်ကော။

**မာန် (တောင်လုံးပြန်)**

Asian Fame Media Group



# တစ်တောလုံးသည်းလို့ တစ်ပင်လုံးလည်း ကြွေခဲ့တယ်

နှင်း

Asian Fame Media Group

ယခင်လမှအဆက်

ဆေးပညာ အသုံးအနှုန်းတွေ အားလုံးကို နားမလည်ပေမယ့် မိုးငယ်နဲ့ ရင်းနှီးခဲ့ဖူးတဲ့ HIV Positive negative ဆိုတာတွေ ကိုတော့ မိုးငယ်ဖတ်နိုင်ပါသည်။ ပြီးတော့ စာရွက်တွေရဲ့ထိပ်ဆုံးမှာ ရေးထားတဲ့ ကိုကို့ရဲ့နာမည်နဲ့ ဆေးစစ်ခဲ့တဲ့ နေ့စွဲတွေ။

နေ့စွဲတွေက ကိုကို့ မိုးငယ် လက်မထပ်ခင် နှစ်နှစ်လောက်က နေ့စွဲတွေဆိုတော့ ကိုကို့ဆေးမှတ်တမ်းတွေက ငါးနှစ်စာလို့ ပြောလို့ရပါသည်။ ညီညီ့ စကားတွေအရဆို လွန်ခဲ့တဲ့ ငါးနှစ်လောက်တည်းက ကိုကိုက တီဘီရောဂါ ဖြစ်နေခဲ့သလို တီဘီဆေးတွေကိုလည်း လနဲ့ချီပြီး သောက်သုံးနေခဲ့ပုံရပါသည်။

တီဘီရောဂါစစ်ထားတဲ့စာရွက်တွေရဲ့ နောက်မှာတော့ မိုးငယ်နဲ့ လက်ထပ်ပြီးချိန်လောက်က HIV ပိုးရှိမရှိ လစဉ်နီးပါး စစ်ဆေးခဲ့တဲ့ မှတ်တမ်းတွေ ထွက်လာပါသည်။ ကိုကိုတစ်ယောက် တစ်စုံတစ်ခုကို ကြိုတင်သိနေခဲ့လို့များလား။ ဘာကို များစိုးရိမ်ထိတ်လန့်ပြီး ဒီလိုမမေ့မလျော့ စစ်နေခဲ့သလဲဆိုတဲ့ မေးခွန်းကို ညီညီ့မေးလာတော့ မိုးငယ်မှာ အဖြေမရှိခဲ့။

နောက်ဆုံး ဒီလောက်များတဲ့ ဆေးမှတ်တမ်းတွေ ဒီဗီဒီရှိထဲမှာ ရှိနေခဲ့တာကိုတောင် မိုးငယ်မသိခဲ့ သတိမထားမိခဲ့။ ကိုကို့အဝတ်တွေ လျှော်ဖွပ်မီးပူတိုက်ပြီးတိုင်း ဗီရိုထဲကို ထည့်ပေးခဲ့ပေမယ့် ဒီအံဗွက်လေးနဲ့ ဒီစာရွက်တွေကို လုံးဝမသိခဲ့ မမြင်ခဲ့ဖူးပါ။

မိုးငယ်ကိုလက်ထပ်ပြီး ရန်ကုန်ကိုခေါ်လာတဲ့အချိန်မှာ ကိုကို မိုးငယ်ကို လိုတာထက်ပိုလို့ ဂရုစိုက်ခဲ့သည်။ ချစ်ခင်ခဲ့သည်။ ကြင်နာခဲ့သည်။ မိုးငယ်ကို ကျူရှင်ကောင်းကောင်းထားပြီး စိတ်အေးလက်အေး ဆယ်တန်း ဖြေစေခဲ့သည်။ ဆယ်တန်းအောင်ပြီးတော့လည်း တက္ကသိုလ်တက်ဖို့ စီစဉ်ပေးပြန်သည်။ မိုးငယ်က အဝေးသင်ပဲ တက်ပါရစေလို့ ခွင့်တောင်းတော့ ကိုကိုက စိတ်ဆိုးခဲ့သေးသည်။ ဒါပေမဲ့ မိုးငယ်ဆန္ဒအတိုင်းသာ ဖြစ်စေခဲ့သည်။ မိုးငယ်ရဲ့ ငယ်ရည်းစားနေမျိုးနဲ့ ပတ်သက်ပြီးလည်း ဘယ်တုန်းကမှ အပြစ်တင် ဝေဖန်ခြင်းမရှိခဲ့။ နေမျိုး ရန်ကုန်မှာ စီးပွားရေးလုပ်ရင်း အိမ်ထောင်ကျသွားတဲ့ သတင်းကိုလည်း ကိုကိုကပဲ မိုးငယ်ကို အသိပေးခဲ့တဲ့အထိ နားလည်မှုရှိခဲ့သည်။

နေမျိုးကလည်း မိုးငယ်ရဲ့ အိမ်ထောင်ရေးကို နားလည်လွန်းစွာ အဆက်အသွယ်မလုပ်ခဲ့။ မိုးငယ် ဆယ်တန်းအောင်တဲ့ သတင်းကြားတုန်းက တစ်ကြိမ် လူကြုံနဲ့ လက်ဆောင်လေးတစ်ခု ပို့ပေးခဲ့ပေမယ့် မိုးငယ်ရဲ့ရှေ့ကို ဘယ်တုန်းကမှ လူလုံးမပြခဲ့။ ဒါပေမဲ့ မိုးငယ်ရဲ့ ကောင်းသတင်း ဆိုးသတင်းတွေကို နေမျိုးက အမြဲတမ်း နားစွင့်နေခဲ့သူ သိနေခဲ့သူပီပီ အမြဲလည်း အသင့်ရှိနေခဲ့ပါသည်။

ကိုကို့ဆေးစာရွက်တွေအရ ကိုကို့ရဲ့ဇာတ်မြစ်ကို အစအဆုံး သိလိုက်ရတဲ့ ညီညီ့ရဲ့မျက်နှာက သွေးဆုတ်ဖြူလျော်နေခဲ့သလို သူမကို ကြည့်လာတဲ့ အကြည့်တွေမှာလည်း စိုးရိမ်ထိတ်လန့်မှုတွေကို မြင်နေရပါသည်။

"ငါလည်း ဆေးစစ်ခဲ့ရပါတယ် ညီရယ်။ ကိုကို ဆေးရုံစတက်တဲ့ အချိန်ကစလို့ ပြီးခဲ့တဲ့လကအထိလေ။ ဒါပေမဲ့ ငါအခုချိန်ထိ

ကဲကောင်းနေသေးတယ် ညို"

ဝမ်းနည်းစိတ်နဲ့ ကျလာတဲ့ မျက်ရည်တွေကို သုတ်ပစ်ဖို့ မကြိုးစားဘဲ ညို့ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို ငိုရှိုက်မိပါသည်။ ဒီမြို့လေးမှာ မိုးငယ်နဲ့ ကိုကို့အကြောင်းကို ဒုတိယတစ်ယောက်အနေနဲ့ သိခွင့်ရတဲ့သူကတော့ ညို ညို။ ညိုကတော့ ဒုတိယနဲ့ နောက်ဆုံးအနေနဲ့ သိခွင့်ရသူဆိုတာ မျက်စိမှိတ်ပြီး ယုံကြည်ရဲခဲ့ပါသည်။

မိုးငယ် အဝေးသင်စတက်တဲ့ နှစ်မှာပဲ ကိုယ်ဝန်ရှိလာသလို ကိုကိုလည်း စပြီး ချူချာလာခဲ့ပါသည်။ မကြာခဏဆိုသလို ဆေးခန်းသွားရတာမို့ ကိုကို့ကို အရင်ကထက်ပိုပြီး ဂရုစိုက်မိပါသည်။ ကိုကိုကလည်း သူမ ကိုယ်ဝန်စရှိချိန်မှာပဲ ဆေးခန်းကြီးတစ်ခုကိုခေါ်သွားပြီး မိုးငယ်ကို အထွေထွေ ဆေးစစ်ပေးခဲ့ပါသည်။ အဖြေတွေကိုလည်း ကိုကိုကိုယ်တိုင်ပဲ သွားယူပြီး မိခင်လောင်းဆိုတာ ကျန်းမာရေးကို အထူးဂရုစိုက်ရမယ်။ မပေါ့ရဘူးလို့ မကြာခဏ သတိပေးတတ်ပါသည်။

ခပ်ပြည့်ပြည့် တောင့်တောင့်တင်းတင်း ရှိခဲ့တဲ့ ကိုကိုတစ်ယောက် မသိမသာ ပိန်ကျသွားချိန်မှာတော့ ဆေးခန်း ခဏခဏ ခွဲခန်းတွေကို သွားတဲ့ အကြိမ်အရေအတွက်လည်း စိပ်လာပါသည်။

"ကိုကို ဘာဖြစ်တာလဲ" လို့ မေးတိုင်းလည်း "စိတ်ပူစရာ မရှိပါဘူး တီဘီဖြစ်နေလို့ ကိုကို ဆေးသောက်နေရတာပါ မိုးငယ်ရယ် မကြာခင်ပျောက်သွားမှာပါ" လို့ ခပ်ပြုံးပြုံး ဖြေလေ့ရှိပါသည်။

မိုးငယ် သမီးလေးကို မွေးချိန်မှာတော့ မေမေ့ဆန္ဒအရ မေမေ့အိမ်မှာပဲ ပြန်မွေးခဲ့ရပါသည်။ ကံမကောင်းလှတဲ့ သမီးလေးကတော့ လူ့လောကကြီးကို ရောက်ဖူးတယ်ဆိုရုံသာ ရောက်ခဲ့ရှာပါသည်။ မွေးပြီး နာရီပိုင်းအတွင်းမှာပဲ သမီးလေး ဆုံးသွားခဲ့ပါသည်။

သမီးလေး ဆုံးသွားချိန်မှာတော့ ကိုကိုက မိုးငယ်ကို နှစ်ဆတိုးလို့ အားပေးနှစ်သိမ့်ခဲ့ပါသည်။

ဒါပေမဲ့ ကိုကို ကိုယ်တိုင်လည်း သိသိသာသာ ပိန်ချုံးလာပါသည်။

သိပ်မကြာခင်လေးမှာတော့ ကိုကိုက မိုးငယ်ကို ပါခေါ်ပြီး ဆေးခန်းကို ထပ်သွားခဲ့ပါသည်။ ပြီးတော့ သူမကို သွေးဖောက်ပြီး စစ်ပေးခဲ့ပါသည်။ မိုးငယ် တီဘီရောဂါ ကူးစက်မှာစိုးတာမို့ ဆေးစစ်ပေးတာပါလို့ ခပ်အေးအေးပဲ ပြောခဲ့ပါသည်။ မိုးငယ်ကတော့ ဘာရယ်မှန်းမသိခဲ့ပေမယ့် ကိုယ်တိုင်လည်း နားမလည်တာမို့ ကိုကို့သဘောကျ ဘာကိုမှ မငြင်းခဲ့ပါ။ ကိုကို့ကိုလည်း မေးခွန်းတွေ မထုတ်ခဲ့မိပါ။ နယ်ကလာတဲ့ မိန်းကလေးပီပီ သူမဘက်က ရိုးရိုးတွေး ရိုးရိုးမြင်ပြီး တုံးနဲ့ အနဲ့တာလည်း ဖြစ်နိုင်ပါသည်။

မိုးငယ်ရဲ့ ဆေးစစ်ချက် အဖြေကို သွားယူတဲ့နေ့တုန်းကတော့ ကိုကို့မျက်နှာလေးမှာ အပြုံးရိပ်တွေ တွေ့ရပါသည်။ အဲဒီနေ့က ထူးထူးခြားခြား ကိုကိုတစ်ယောက် အရမ်းပျော်ရွှင်နေခဲ့တာကိုတော့ သတိထားမိခဲ့ပါသည်။

နောက်ပိုင်းမှာတော့ ကိုကိုဆေးတွေ ပုံမှန်သောက်ရင်း ဆေးခန်းကိုလည်း ပုံမှန်သွားခဲ့ပါသည်။ သူမဘက်ကတော့ ကိုကို့ ဖျားနာမှုကို သံသယစိတ်ကင်းစွာနဲ့ ပုံမှန်အတိုင်းပဲ အချိန်တွေကို ပေါ့ပါးစွာ ဖြတ်ကျော်ခဲ့ကြပါသည်။

ကိုကို နေမကောင်းဖြစ်ပြီး သုံးလေးလလောက်အကြာမှာတော့ တော်တော် အခြေအနေဆိုးလာပါခဲ့သည်။ ကျန်းမာရေး ညံ့လွန်းတာမို့ ပန္နင်းတက် ချင်လို့ဆိုပြီး မိုးငယ်ရဲ့ မြို့လေးကိုလိုက်ပြီး ဗုဒ္ဓဘာရဟန်းခံခဲ့ပါသည်။ ပြန်ခါနီးအချိန်မှာလည်း သူမဘက်က ဆွေမျိုးမိဘတွေအားလုံးကို လိုက်ကန်တော့ခဲ့ပါသည်။ ဒီတစ်ခေါက် ရန်ကုန်ပြန်ရောက်တော့ မိုးငယ်ကို ဆေးစစ်ဖို့ ထပ်ခေါ်ပါသည်။ သူမကလည်း သွေးဖောက်ပေးပြီးတဲ့အထိ ဘာမှမမေးခဲ့ပါ။ ကိုကိုကလည်း ဘာမှ မပြောခဲ့ပါ။ ကိုကိုကိုယ်တိုင်က အားပြတ်နေပါပြီ။ သူကိုယ်တိုင် နေမကောင်းတဲ့ကြားက သူမရဲ့ ဆေးစစ်ချက် အဖြေကိုလည်း ကိုယ်တိုင်သွားယူတတ်ပါသည်။ ပြန်လာတော့ ထုံးစံအတိုင်း ပြုံးလို့ ပျော်လို့။ ပြီးတော့မိုးငယ်ရဲ့ ဆေးမှတ်တမ်းစာရွက်လေးကို ဖိုင်လေးထဲထည့် ပြီး သိမ်းလိုက်ပါသည်။

တစ်ပတ်လောက်နေတော့ ကိုကိုတို့ သွားစရာ ရှိတယ် မိုးငယ်ပါလိုက်ခဲ့ဆိုပြီး ကားငှားပြီး ဆေးရုံတစ်ရုံကို ခေါ်သွားခဲ့ပါသည်။ ကိုကို့ လက်ထဲမှာလည်း ဆေးမှတ်တမ်းလေးတွေပါတဲ့ ဖိုင်အကြည်လေးကိုင်လို့၊ မိုးငယ်တို့ရောက်ခဲ့တဲ့နေရာ ကတော့ ရန်ကုန်မြို့စွန် တစ်နေရာက ကူးစက်ရောဂါကု ဆေးရုံတစ်ခု ဆိုတာကိုတော့ သိလိုက်ရပါသည်။

တကယ်ဆို ကိုကိုက တီဘီရောဂါသည်တစ်ယောက် မိုးငယ်ရောက်နေတာက အေအိုင်ဒီအက်စ်ရောဂါသည်တွေ ရှိနေတဲ့ဆေးရုံ၊ တစ်ခုခု လွဲနေတာတော့ သေချာပါသည်။ ပိုလို့ထူးဆန်းတာက ကိုကို မိုးငယ်ကို ပေးတွေ့ခဲ့တဲ့ ဆရာဝန်ပဲ ဖြစ်ပါသည်။ ဆရာဝန်ရဲ့ အခန်းထဲကို ဝင်ချိန်မှာတော့ ကိုကို အပြင်မှာ စောင့်ရင်း ကျန်နေရစ်ခဲ့ပါသည်။ ဆရာဝန်နဲ့ စကားမပြောခင်အထိ မိုးငယ် ဘာဆိုဘာမှ မရိပ်မိခဲ့ မသိခဲ့ရပါ။

ဆရာဝန်လေးက မိုးငယ်ကို အေအိုင်ဒီအက်စ်ရောဂါ အကြောင်း အကြံပေး ဆွေးနွေးလာ ခဲ့ပါသည်။ သူမဘက်က ဆောင်ရန်ရှောင် ရန်များ လေ့လာမှတ်သား စရာများကိုပါ အသေးစိတ် ရှင်းပြလာခဲ့ပါသည်။ မိုးငယ်ကို စိတ်ဓာတ် မကျစေဖို့ အားပေးရင်း ကိုကို့မှာ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နေတာကို အသိပေးပြောပြလာခဲ့ပါသည်။

လက်ရှိဆေးမှတ်တမ်းတွေအရ မိုးငယ်မှာတော့ ရောဂါလက္ခဏာ မပြသေးပါ။ မိုးငယ်ရဲ့ ဆေးမှတ်တမ်းတွေအားလုံးမှာ HIV negative ဆိုတာကိုပါ အသေးစိတ် ရှင်းပြခဲ့ပါသည်။ မိုးငယ်ကိုတော့ တစ်လတစ်ခါ ပုံမှန် သွေး လာစစ်ဖို့ တိုက်တွန်းခဲ့ပါသည်။ ဆရာဝန်လေးနဲ့ တွေ့ပြီး အခန်းထဲက ထွက်လာမှ သူမ အရာရာကို နားလည်သဘောပေါက်ခဲ့ပါသည်။

ကိုကိုကတော့ အိမ်ပြန်ရောက်တဲ့အထိ မိုးငယ်ကိုဘာမှ မပြောခဲ့ပါ။ သူ့ဆီမှာ ပြောဖို့ခွန်အားတွေ မရှိတော့သလို သူ့ပုံစံက အရှုံးကြီးရှုံးပြတ်။ ညစာစားချိန်မှာတော့ မိုးငယ်ကို စကားတစ်ခွန်းပဲ ပြောခဲ့ပါသည်။ "အစစအရာရာအတွက် ကိုကို စိတ်မကောင်းပါဘူး။ ဒါပေမဲ့ မိုးငယ်ရဲ့ ဆေးအဖြေတွေ အတွက်တော့ အရမ်းဝမ်းသာပါတယ်" တဲ့။

မိုးငယ်သေသေချာချာ မှတ်မိနေခဲ့တာကတော့ သမီးလေးကို မွေးပြီးကတည်းက ကိုကိုတစ် ယောက် ချူချာလာခဲ့ တာမို့ သူမတို့ နှစ်ယောက် လက်ပွန်းတတီး မနေ ဖြစ်ခဲ့ပါ။ ကိုကိုကလည်း မိုးငယ်ကို ညီမလေးတစ်ယောက်လိုပဲ စောင့်ရှောက်ခဲ့ပါသည်။

ဆရာဝန်တွေကလည်း မိုးငယ်တို့နှစ်ယောက်ကို အံ့သြနေခဲ့ကြပါသည်။ ဒါပေမဲ့ သူမဘက်ကတော့

> မိုးငယ် ဆေးစစ်ပြီးတိုင်း
> အဖြေတွေထွက်လာတိုင်း
> ကိုကိုနဲ့ ကိုကိုတို့
> အဆောင်က
> အမျိုးသားလူနာတွေ
> မျက်နှာပေါ်မှာ
> အပြုံးပန်းတွေ
> ဝေလို့နေပါသည်။
> သူတို့ခံစားနေရတဲ့
> ဝေဒနာစိတ်ဖိစီးမှုတွေကို
> သူတစ်ပါးကို
> မခံစားစေချင်တဲ့
> စေတနာတစ်မျိုးပဲ
> ဖြစ်ပါလိမ့်မယ်....

Asian Fame Media Group
MEDIA GROUP




# “မိုးငယ်ရယ် ငါတို့မြို့လေးက တကယ်ပဲ ကျိန်စာပဲ သင့်ခဲ့တာလား၊ အဆိပ်နွံမှာပဲ နစ်ခဲ့ကြတာလား၊ ငါ ဒီအလုပ်ကို ဆက်လုပ်ရမှာ မုန်းတယ်”

အနည်းဆုံး နောက်ထပ် ခြောက်လတစ်နှစ်ဆိုသလို ဆက်တိုက်ဆေးစစ်ကြည့်ရပါမည်။ ပြီးရင်လည်း ခြောက်လတစ်ကြိမ်လောက် ဆိုသလို ထပ်ကာထပ်ကာစစ်ပြီးမှ စိတ်ချရမည်ဟု ပြောလာပါသည်။

နောက်ပိုင်းမှာတော့ ဆရာဝန်တွေရဲ့ အကြံပေးချက်အရ ကိုကို့ကို ဆေးရုံတင်လိုက်ရပါသည်။ ရန်ကုန်မြို့စွန်နားက ကူးစက်ဆေးရုံမှာ ဆေးကုသမှုခံနေတာမို့ သူမကတော့ နေ့လယ်ဘက်တစ်နေ့လုံး ကိုကို့အနားမှာ စောင့်ပေးရပါသည်။ ညပိုင်းမှာတော့ ကိုကို့ရဲ့ညီလေးတွေက လာစောင့်ပေးပါသည်။

ဆေးရုံမှာ ကိုကိုနဲ့ ဘဝတူလူနာတွေအများကြီးကို ထပ်တွေ့ရပါသည်။ ကိုကို့ကို သူတို့က အားပေးလိုက်။ ကိုကိုက သူတို့ကို အားပေးလိုက်။ အထူးသဖြင့် ကိုကို့ခုတင်နားကလူနာတွေက ခုချိန်ထိ ရောဂါကူးစက်ခြင်းမခံရသေးတဲ့ မိုးငယ်ကို အားပေးနှစ်သိမ့်ကြခြင်းပဲ ဖြစ်ပါသည်။

မိုးငယ် ဆေးစစ်ပြီးတိုင်း အဖြေတွေထွက်လာတိုင်း ကိုကိုနဲ့ ကိုကိုတို့အဆောင်က အမျိုးသားလူနာတွေ မျက်နှာပေါ်မှာ အပြုံးပန်းတွေ ဝေလို့နေပါသည်။ သူတို့ခံစားနေရတဲ့ ဝေဒနာစိတ်ဖိစီးမှုတွေကို သူတစ်ပါးကို မခံစားစေချင်တဲ့ စေတနာတစ်မျိုးပဲ ဖြစ်ပါလိမ့်မယ်။

ကူးစက်ဆေးရုံရောက်ပြီး သိပ်မကြာခင်မှာဘဲ ကိုကို ဆုံးသွားခဲ့ပါသည်။ ဆေးရုံတက်စဉ်ကတည်းက မခွဲအတူတူရှိခဲ့တာမို့ သတိရတဲ့အချိန်တိုင်းမှာ ကိုကို မိုးငယ်ကို တောင်းပန်တတ်ပါသည်။ မိုးငယ်အတွက်လည်း မနားတမ်း ဆုတွေ တောင်းပေးနေတတ်ပါသည်။

ကိုကို ဆေးရုံတက်နေခဲ့တဲ့ အချိန်တွေတုန်းက နေမျိုးကို ဆေးရုံထဲမှာ ရိပ်ခနဲဆိုသလို တွေ့ခဲ့ဖူးပါသည်။ ဒါပေမဲ့ နေမျိုးက မိုးငယ်ဆီကို တိုက်ရိုက်မလာသလို ကိုကို့ဆီကိုလည်း မသွားခဲ့တာ သေချာပါသည်။ တစ်ရက်မှာတော့ အကူအညီလိုအပ်ခဲ့ရင် သူ့ဆီကို အချိန်မရွေး ဖုန်းဆက်ပါ ဆိုတဲ့ စာတိုတိုလေးနဲ့ ဖုန်းနံပါတ်တစ်ခုကို ဆေးရုံသန့်ရှင်းရေး ဝန်ထမ်းတစ်ယောက်ဆီကတစ်ဆင့် ရခဲ့ပါသည်။ ဒါပေမဲ့ ကိုကို ဆုံးပါးပြီးတဲ့အထိ နေမျိုးကို အဆက်အသွယ် မလုပ်ခဲ့မိပါ။

မပြောဘဲ သိနေခဲ့ကြတဲ့ နားလည်မှုကိုယ်စီနဲ့ နှုတ်ဆိတ်နေခြင်းဟာ သူမတို့ နှစ်ယောက်လုံးအတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

◆

“ဒီနေ့ ငါဆေးခန်းသွားရဦးမယ်ဟ”

ပြောပြောဆိုဆိုနဲ့ ညီညီ့က စာရွက်တွေအားလုံးကို တစုတစည်းတည်းဖြစ်အောင် စုစည်းလိုက်ပါသည်။ စာရွက်အားလုံးကို စာအိတ်ရှည်ကြီးထဲ ထိုးထည့်လိုက်ချိန်မှာတော့ ဘယ်ကဘယ်လို ထွက်ကျလာမှန်းမသိတဲ့ ပလတ်စတစ်လောင်းထားတဲ့ ပတ်စ်ပို့ဆိုဒ် ဓာတ်ပုံလေး တစ်ပုံ ကြမ်းပြင်ပေါ်ကို ဒေါက်ခနဲ ပြုတ်ကျလာခဲ့ပါသည်။

ဓာတ်ပုံလေးနောက်ကျောက စာတွေကို အရင်မြင်တဲ့ ညီညီ့က ကျောဘက်ကို အရင်လှန်ကြည့်လိုက်ပါသည်။ ‘ချစ်ရတဲ့ ကိုကြီးအတွက် မိုးငယ်’ ဆိုတဲ့ ခပ်စောင်းစောင်းလက်ရေးလေးနဲ့အတူ ရက်စွဲတစ်ခု။ ရက်စွဲလေးက မိုးငယ်တို့ လက်မထပ်ခင် နှစ်နှစ်ခန့်က ရက်စွဲလေး။ ဓာတ်ပုံရှင်လေးကတော့ မိုးငယ်တို့နှစ်ယောက်လုံး ဘယ်လိုမှ မျှော်လင့်ထားမိသူလေး။

ဈေးနဲ့ မလှမ်းမကမ်း ညီညီတို့လမ်းထိပ်မှာနေတဲ့ ညီအစ်မသုံးယောက်ထဲက အထွေးဆုံး ခိုင်လေးရယ်။ ဓာတ်ပုံထဲမှာ ပြုံးနေတဲ့ အပြုံးလေးက ပကတိအေးချမ်းလှသည်။ ခိုင်လေးတို့ ညီအစ်မသုံးယောက်လုံးက ဒီမြို့လေးမှာ အလှဆုံးစာရင်းဝင်လေးတွေ ရှမ်းပြည်ဘက်ကို ကူးချည်သန်းချည်လုပ်နေကြသူတွေ။ မိုးငယ်နဲ့လည်း အသက်မတိမ်းမယိမ်းလေးတွေ။ ဒါပေမဲ့ မိုးငယ်တို့နဲ့ ရင်းရင်းနှီးနှီးမရှိလှပါ။

ခိုင့်ဓာတ်ပုံကို ကိုင်ထားရင်း ညို့နှုတ်ဖျားက ထွက်ကျလာတဲ့ နောက်ဆက်တွဲ သတင်းလေးက သွေးပျက်ချင်စရာ၊ လက်မခံချင်စရာ သတင်းဆိုး။

ခိုင်လေးတို့ ညီအစ်မသုံးယောက်လုံးက မိုးငယ် လက်မထပ်ခင်အချိန်တည်းက HIV ရောဂါကူးစက်ခံစားနေရသူတွေ။ မိုးငယ် ကိုကို့ကိုလက်ထပ်ပြီး ရန်ကုန်ကို လိုက်သွားတဲ့ အချိန်ကတည်းက ခိုင်တို့ရဲ့ အိမ်လေးမှာချိတ်ထားတဲ့ သော့ခလောက်လေးက ခုချိန်ထိ ပိတ်ရှင်မဲ့နေဆဲတဲ့လေး။

ဒီစာအိတ်ရှည်ရှည်လေးထဲက စာရွက်တွေရယ်. . . ပြီးတော့ ခိုင်လေးရဲ့ ဓာတ်ပုံလေးရယ် . . . မိုးငယ်နဲ့ညီ့ကို ဘယ်လိုမှ စဉ်းစားလို့မရခဲ့တဲ့အဖြေတစ်ခုကို တစ်ချိန်ချိန်မှာ တစ်ယောက်ယောက်ကတော့ ပြောပြနိုင်ပါလိမ့်မည်။

မိုးငယ်နားကို ဘယ်တော့မှ ပြန်မလာနိုင်တော့မယ့် ကိုကို့. .

ဒါမှမဟုတ် မိုးငယ်တို့မြို့နဲ့ မလှမ်းမကမ်းက ရွာလေးတစ်ရွာမှာ ဥယျာဉ်ခြံလုပ်ရင်း နောက်ဆုံးနေ့ကို စောင့်နေရှာတဲ့ ခိုင်လေး. . .

◆

“မိုးငယ်ရယ် ငါတို့မြို့လေးက တကယ်ပဲ ကျိန်စာပဲ သင့်ခဲ့တာလား၊ အဆိပ်နွံမှာပဲ နစ်ခဲ့ကြတာလား၊ ငါ ဒီအလုပ်ကို ဆက်လုပ်ရမှာ မုန်းတယ်”

ခြံထဲက မထွက်ခင် ပြောသွားခဲ့တဲ့ ညီညီ့ရဲ့ စိတ်ပျက်ညည်းညူတဲ့ စကားသံတွေက မိုးငယ်ရဲ့အာရုံမှာ ကြားတစ်ချက် မကြားတစ်ချက်။

မြေနီလမ်းလေးအတိုင်း တရွေ့ရွေ့လှမ်းသွားတဲ့ ညို့ကျောပြင်ကို ငေးရင်း ခပ်တိုးတိုးလေးပဲ မှတ်ချက်ချလိုက်မိပါသည်။

“တစ်တောလုံးသုဉ်းပြီး တစ်ပင်လုံးလည်း ကြွေခဲ့ပြီးပြီပဲ ညီ့ရယ်”

**နှင်း**

(ဒီဇင်ဘာ ၁ ရက် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်းအမှတ်)

Asian Fame Media Group

ဇော်ရေးသည့် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်သည်။

# ဥက္ကာဗို ၏ ကောင်းကင်၏ရစ်သမ်

မောင်အိမ်စံ




(၁)

ဝတ္ထု ငြိမ်းဦး၊ ဇာတ်ညွှန်း မောင်လွင် (မြင်းမူ)၊ ဒါရိုက်တာ ဥက္ကာဗို ၏ 'ကောင်းကင်၏ ရစ်သမ်'သည် အချစ်ကြောင့် လူမှုရေးလုပ်ငန်းခွင်ထဲသို့ ရောက်ရှိလာသော ဇော်မင်းဝေ ဆိုသည့် လူငယ်တစ်ဦး၏ ဘဝဖြတ်သန်းမှုကို ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားတစ်ကား ဖြစ်သည်။ ဆိုရသော် သမားရိုးကျသုံးပွင့်ဆိုင် အချစ်ဇာတ်ကားတစ်ကားမျှသာ ဖြစ်ပါ၏။ သို့ရာတွင် သူတကာသုံးပွင့်ဆိုင် အချစ်ဇာတ်ကားမျိုးမဟုတ်၊ ကိုယ်ကျိုးစွန့် ပရဟိတလုပ်ငန်းအပေါ် အခြေစိုက် ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ဆရာမင်းကျော်၏ ဝတ္ထုကို ဦးသုခ ရိုက်ကူးခဲ့သော 'ဘယ်သူပြိုင်လို့ လုပါတော့နိုင်' ရှိခဲ့ဖူးသည်။ ထိုခေတ်စကားနှင့် ပြောရ လျှင် လမ်းသရဲဆန်ဆန်နေထိုင်ခဲ့သော ဇော်ဝမ်း သည် ချစ်သူကြောင့် ကျေးလက်လူထု၏ စိတ်ရင်းမှန်ကို နားလည်လာသည်။ အသုံးလုံးခရီးတစ်ခုကြောင့် ပြောင်းလဲသွားသည်၊

Asian Tune Media Group

ယခုဇာတ်ကားကမူ မင်းမော်ကွန်း (ဇော်မင်းဝေသည်) အလှူတစ်ခုတွင် စိုးပြည့်သဇင် (အိကေဇင်မွန်/ကေကေ) ကို တွေ့သည်။ သူငယ်ချင်း၏အစ်မဖြစ်သူ မဒိုးထံမှ ကေကေသည် သစ္စာဖောင်ဒေးရှင်းတွင် လုပ်နေကြောင်းသိရှိရာ ကေကေကိုစိတ်ဝင်စားပြီး သစ္စာဖောင်ဒေးရှင်းသို့ ငွေ ၁၀ သိန်းလှူဒါန်းခဲ့သည်၊ ကြေးရတတ်၊ ဓနရှင်လူ့အလွှာမှ ဇော်မင်းဝေသည် ခေတ်မဆန်သောကေကေကို ချစ်မိရာမှ ကေကေတို့ကျေးရွာကျန်းမာရေး (အခမဲ့ ဆေးကုသရေး) ခရီးသို့ လိုက်ပါခွင့်ရရှိရာ ကေကေအပေါ် ပိုပြီးကြည်ကြည်လင်လင် မြင်လာခဲ့သည်။ "မိမိရည်းစားသည် မိမိ၏ ရည်ရွယ်ချက်ဖြစ်သည်" ဟူသော ကေကေ၏ စကားကိုကြားရပြီး ကေကေကို ချစ်မိရာမှ ကေကေ့စကားကို အလေးထားလိုက်နာလာခဲ့သည်။ သည်လိုနှင့်ပင် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ဘဝတွင် ဘာရည်မှန်းချက်မှ မရှိခဲ့သူ ဇော်မင်းဝေသည် ကေကေကြောင့် လူ့လောကတွင် တန်ဖိုးရှိသူ လူသားတစ်ဦးဖြစ်လာခဲ့သည်။ ကေကေက သွေးကင်ဆာဖြင့် ဆုံးသည်၊

လူငယ်တစ်ဦးကို အကောင်းဖက်သို့ ပြောင်းတင်ပေးလိုက်သော ဇာတ်ကားတစ်ကားဖြစ်သည့်အပြင် ပရဟိတလုပ်ငန်းကို အခြေခံရိုက်ကူးပြသနိုင်ခဲ့သည်မှာ ဤဇာတ်ကား၏ ထူးခြားသော အရည်အချင်းဖြစ်သည်၊

(၂)

စရိုက်မတူ၊ လူတန်းစားမတူသူ လူသားနှစ်ဦး၏ အချစ်ကြောင့် ပေါင်းဆုံညီညွတ်သွားခဲ့ပုံ ဖြစ်သည်၊ ဤလောကကြီးထဲတွင် ရှိချင်မှရှိမည်၊ လူတန်းစားညာဉ်၊ လူတန်းစားအတွေးအခေါ် ဟူသည် ပြောင်းလဲမသွားနိုင်ဟူသော အတွေးအမြင်များရှိပါသည်။ သို့ရာတွင် ယနေ့ခေတ် လူမှုလောကထဲတွင် လူငယ်များသည် ဓနရှင်မျိုးရိုးမှ ဆင်းသက်ပေါက်ဖွားကြီးပြင်းလာပြီး ပရဟိတလုပ်ငန်းကို နားလည်လက်ခံလာသည့် သူများရှိလာသည်ကို မြင်တွေ့နေရပါသည်၊

ဇော်မင်းဝေသည် ကျေးလက်လူထု၏ ရိုးသားမှု၊ သန့်စင်မှု၊ ပွင့်လင်းမှု၊ သူတို့၏မေတ္တာ၊ စေတနာတို့ကို ကျေးရွာခရီးစဉ်တွင် မြက်မြက်ထင်ထင် မြင်တွေ့ရသည့်အပြင် ကေကေက "သူ့ကို မချစ်ပါနဲ့၊ မိဘပိုက်ဆံကို ထိုင်သုံးပြီး အချိန်ဖြုန်းနေတဲ့ လူတွေကို သိပ်မုန်းတယ်" ဟု ပြောလိုက်သဖြင့် ကလပ်မတက်၊ အရက်မသောက်တိုင်းပြည်နှင့် လူမျိုးအတွက် အမှန်တကယ်လိုအပ်နေသော ကေကေ၏အကျိုးပြုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ကေကေသည် နောက်ဆုံးအချိန်ထိ လူမှုရေးလုပ်ငန်းလုပ်ပြီး အသေခံမယ်။ သူ့ကြောင့် ဘယ်သူမှ မခံစားစေရဘူးဟူသော ဆုံးဖြတ်ချက်ကြောင့် ဇော်မင်းဝေကို ချစ်သော်လည်း ဖွင့်မပြောဟု သိရသဖြင့် ဇော်မင်းဝေသည် ကေကေကို လက်ထပ်ပြီး ကေကေ့ဆန္ဒကို ဖြည့်ဆည်းရန် ဆုံးဖြတ်လိုက်သည်၊

ဤဇာတ်ကားတွင် ကေကေသည် စံပြုဇာတ်ကောင်ဖြစ်သည်။ အပြစ်ဟုသည် မြူမှုန်မျှ မရှိသော၊ လူ့လောကကြီးစည်ပင်သာယာရေးအတွက် ဘဝကို ပေးဆပ်တတ်သော မိန်းကလေး (လူငယ်) တစ်ဦးဖြစ်သည်။ ကေကေလို လူငယ်များ ကျွန်တော်တို့လူ့အဖွဲ့အစည်းတွင် အမြောက်အမြားလိုအပ်နေပါသည်။ ဤဇာတ်ကားကိုကြည့်ပြီး ကေကေကို အားကျစိတ်ကလေး ဝင်လာလျှင် ဇော်မင်းဝေကဲ့သို့ ပြုပြင်ပြောင်းလဲလာလျှင်ပင် ဤဇာတ်ကားရိုက်ကူးပြသရခြင်းသည် အဓိပ္ပာယ်သက်ရောက်မှု ရှိနေပြီဖြစ်ပါသည်၊

(၃)

ရုပ်ရှင်ကားတစ်ကားတွင် အသံ ၃ သံပါသည်။ ဂီတသံ၊ သဘာဝထူးခြားသံနှင့် စကားပြောသံဖြစ်သည်။ စကားပြောသည် အလွန်အရေးကြီးသည်။ သို့ရာတွင် ဇာတ်ကား၏သုံးပုံ တစ်ပုံခန့်သာပါရှိသင့်သည်။ Dialogue များလွန်းလျှင် လှုပ်ရှားမှုနည်းသွားတတ်သည်။ ထိုအခါ ပရိသတ်စိတ်ဝင်စားမှုနည်းသွားပါသည်။ ကျွန်တော့်သဘောပြောရလျှင်တော့ Dialogue သည် မပြောမဖြစ် စကားများသာဖြစ်ရမည်။ လွယ်ကူရမည်၊ ပရိသတ်နားလည်နိုင်ရမည်၊ စရိုက်ပါရမည်။ စိန်အိုးထိုးသလိုပြောသော စကားပြောသည် စရိုက်မပါသဖြင့် မလိုအပ်ပေ။

ဤဇာတ်ကားတွင် ကေကေနှင့်ဇော်မင်းဝေတို့ပြောကြသည့်စကားများသည် သူတို့လူတန်းစားစရိုက်ကို ပေါ်လွင်စေခဲ့ပါသည်။

နမူနာတချို့ ထုတ်ပြပါမည်။

"ဘယ်သွားကြမလဲ၊ ပေလီလား၊ ချောင်းသာလား"

"ကျွန်မတို့မှာက ပိုက်ဆံဖြုန်းဖို့အတွက် အချိန်မရှိပါဘူးရှင်၊ ကျွန်မတို့ အခုသွားမှာက အခမဲ့ ဆေးကုသခရီးပါ"

" ပြည့်စုံသူတွေအတွက်တော့ ပညာသင်တယ်ဆိုတာ အပျင်းပြေပါပဲ။ ကေ့အတွက်တော့ ပညာသင်တယ်ဆိုတာ ဘဝရဲ့ ထွက်ပေါက်တစ်ခုလိုပဲ။ အဓိပ္ပာယ်ရှိတဲ့လူတစ်ယောက် ဖြစ်ချင်တယ်"

"ကေက ဘဝရည်မှန်းချက် သိပ်ကြီးတယ်နော်"

Dialogue ဆိုသည်မှာ ပြောသူ၏ စရိုက်လက္ခဏာကို ဖော်ပြသည်။ စကားနောက်မှာ အတိမ္မောပါသည်၊ အဓိပ္ပာယ်ပါသည်။ ဇာတ်ညွှန်းရေးသူသည် Dialogue ကို အထူးဂရုစိုက်ရန် လိုသည်။

ကျေးလက်လူနေမှုကို ပုံဖော်ရိုက်ကူးရာတွင် ရွာလူကြီး ဦးပေါ်လေး၊ ရွာသားများဖြစ်ကြသော သိန်းဇံနှင့် ကံပွင့်တို့ဖြင့် ရက်လုပ်ပုံဖော်ပြသည်။ ကျေးရွာသား၏ စေတနာရင်ဘတ်ကိုလည်း လက်ဆောင်ပစ္စည်းများ ပေးခြင်းများဖြင့် ပြသည်၊ သည်မြင်ကွင်းကို မြင်ရသော ဇော်မင်းဝေသည် ကျေးလက်ပြည်သူများကို နားလည်လာပြီး စိတ်ပြောင်းသွားသည်။ ဇော်မင်းဝေ စိတ်ပြောင်းသွားပုံကို ဒါရိုက်တာက ဘီယာပုလင်း၊ လက်ဖက်ရည်ခွက်တို့ဖြင့် ပြသပုံဖော်သည်၊ ကလပ်သွားရန် ခေါ်သည်ကို မလိုက်ဘဲနေသည်။

ဤဇာတ်ကားထူးခြားသည်မှာ Love Scene မပါခြင်းပင်ဖြစ်သည်။ ကြုံလာ၍ အနည်းငယ်ပြောချင်ပါသည်။ မြန်မာရုပ်ရှင်ဇာတ်ကား (အထူးသဖြင့် ဗီဒီယိုကား) များတွင် စိတ်ညစ်လျှင် အရက်သောက်၊ ထွက်ပေါက်ရှာသည်ကို ချည်း ရိုက်ပြနေကြပါသည်။ ဒါရိုက်တာများ ပြုပြင်ပေးပါရန် အကြံပေးလိုပါသည်၊

'ကောင်းကင်၏ ရစ်သမ်' သည် ရသစုံသည်၊ အလွမ်းအသော ညီမျှသည်၊ ကျေးလက်ဒေသ ဆေးကုသခန်းတွင် သိန်းဇံနှင့် ကံပွင့်တို့၏ ဟာသဇာတ်ကွက်ကလေးများမှာ တမင်တကာ ဖန်တီးတည်ဆောက်ပြထားသော ဇာတ်ကွက်များဖြစ်သော်လည်း လိုက်ဖက်ညီသည်။ ဇာတ်ကား၏ ရသဒီဂရီကို ပိုပြီးမြင့်တက်လာစေပါသည်။ အပြန်တွင် ဆီး ခြံထွက်သီးနှံ၊ ငှက်ပျောခိုင် ပေးခန်းမှာ ဆရာမင်းကျော်၏ ဝတ္ထုနှင့် တူနေသော်လည်း ကျေးလက်နေပြည်သူ၏ စရိုက်ဖြစ်ပါသည်။

ရွှတ်နောက်နောက်၊ ပေါ့ပေါ့တန်တန်ဘဝကို ရေစုန်ကူးခပ်နေသူ၊ အချစ်ကြောင့် ပရဟိတကို စိတ်ပါလာသူ လူငယ်ဇော်မင်းဝေအဖြစ် သရုပ်ဆောင်ရသော မင်းမော်ကွန်းသည် ပရိသတ်က ဇော်မင်းဝေဟု ထင်လာမြင်လာစေနိုင်သည်အထိ သရုပ်ဆောင်နိုင်သည်။ ရိုးရိုးအေးအေး၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်ကြီးသူ၊ ပညာတတ်ကြီးဖြစ်လာစေရန် အစဉ်ကြိုးပမ်းရုန်းကန်နေသူ၊ လူ့ဘဝကို အဓိပ္ပာယ်သက်ရောက်မှုများစွာဖြင့် ကြီးပြင်းလိုသူ အမျိုးသမီးငယ် ကေကေအဖြစ် သရုပ်ဆောင်သူ စိုးပြည့်သဇင်မှာ သူ့ဇာတ်ကောင်စရိုက်ကို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ခဲ့သည်။ ဇာတ်ကားတိုင်းမှာ သရုပ်ဆောင် 'ပို' နေတတ်သည့် နေဆန်းသည်ပင် ဒါရိုက်တာ၏ အကိုင်အတွယ်ကောင်းနေသဖြင့် ဤဇာတ်ကား၌ မပိုပါ။ သရုပ်ဆောင်မှုတိကျ၊ ပိုင်နိုင်နေသည်။ ဒါရိုက်တာ ဥက္ကာဝိုသည် အရှုပ်များဖြင့် ပရိသတ်ရင်ထဲသို့ တစ်စုံတစ်ရာ ရောက်အောင် ပေးပို့နိုင်ခဲ့သည်မှာ ဤဇာတ်ကား၏ အောင်မြင်မှုပင် ဖြစ်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ ညပျော်မလေး

၂။ ချစ်တယ်မပြောကြေး

၃။ လက်စွပ်နံပါတ် ၄


Asian Fame Media Group

# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း၊ လမ်း(၈၀)

## ဤကမ္ဘာမြေပြင်မှာ မေတ္တာတေးသံတို့ လွင့်ပျံ့စေချင်

မြန်နှုန်းမြင့်တဲ့ခေတ်မှာ ကိုထွန်းတစ်ယောက် ဘာတွေလုပ်နေသလဲ။ အဖြစ်အပျက်တွေ၊ အပြောင်းအလဲတွေ၊ အရွေ့အလျားတွေ မြန်ဆန်တဲ့ခေတ်နောက်ကို ခြေကုန်သုတ်လိုက်နိုင်ရဲ့လား၊ အမောဖောက်ပြီး ခြေသလုံး ကြွက်တက်နေပြီလား။ ဒီဇင်ဘာလဆန်းရဲ့ ဆောင်းတစ်ညမှာ မအိပ်နိုင်သေးဘဲ ဟိုတွေး ဒီတွေးနဲ့ သက်ပြင်းမှုတ်ထုတ် လိုက်မိပါတယ်။ ခေါင်းထဲမှာ နောက်တစ်နေ့အတွက် ဆောင်ရွက်ရမယ့်အလုပ်တွေက တန်းစီနေပါတယ်။ ဘာပြီးရင် ဘာလုပ်မယ်၊ အချိန်နဲ့ ကွက်တိဘယ်လိုလုပ်လိုက်မယ်စသဖြင့် ပရိုဂရမ်တွေဆွဲထားပြီး ကိုယ့်ကိုယ်ကိုယ် အတိုက်အရှောက် (စိတ်ဖြေသိမ့်ကာ) ကျေနပ်သွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်တစ်နေ့ရောက်တဲ့အခါ မမျှော်လင့်တဲ့ အခြားအကြောင်းကိစ္စတွေ ဝင်ရောက်လာတဲ့အခါ ပျာတောက်သွားပါလေရော။ လက်ငင်း ကြုံတွေ့ရတာတွေကို ဦးစားပေးလုပ်ရလေတော့ စိတ်ကူးထဲက အစီအစဉ်တွေ ကြွက်ပျောက်ငှက်ပျောက်ဖြစ်ကုန်ပြီး ဟိုမေ့ဒီမေ့ ဖြစ်ကုန်ပါတယ်။ ကျွန်တော်အဖြစ်က တက္ကသိုလ်ဝင်တန်း ဖြေဆိုကာနီး စာမကြေတဲ့ ကျောင်းသားတစ်ယောက်နဲ့ တူနေပါတယ်။ ခေါင်းပူထူနေပြီး ကျက်စရာ၊ မှတ် စရာတွေက မကုန်နိုင်၊ ရှေ့ကစာတွေ ကျက်နေတုန်း နောက်က ကျက်ပြီးသားစာတွေ ကပြန်မေ့ကုန်လို့ရှုလာလည်နေတော့တာလေ။ အဲဒီလိုပဲပေါ့ လကုန်ရက်မှာ ရတီမွှေဇင်းဆိုတ တာဝန်ခံ အယ်ဒီတာရဲ့ စာမူတောက်ချိန် နောက်ကျနေလို့ စာမူ အမြန်ပို့ပေးဖို့ တယ်လီဖုန်းအသံ ကြားလိုက်ရမှ ကိုယ့်အဖြစ်ကိုသိသွားရင်း ကိုယ့်နဖူး ကိုယ်ရိုက်လိုက်မိပါတယ်။ ရတီမွှေဇင်းကို လမကုန်ခင်ကတည်းက စာမူပို့ပေးဖို့ စိတ်ကူးထားပါလျက်နဲ့ ဘယ်က ဘယ်လိုမေ့ရပါလိမ့်။ သေချာစဉ်းစားကြည့်လိုက်တော့ ကျွန်တော့်ကို ကျွန်တော် မာန်တင်းပြီး ပို့ တွက်ထားတာ ပါပါတယ်။






Asian Fame Media Group
MEDIA GROUP

အသက် အရွယ် ကြီးရင့်လာတဲ့အခါ အရင်ကလောက် မှတ်ဉာဏ်အား မကောင်း တော့သလို ခန္ဓာကိုယ်က လည်း စိတ်နောက်ကိုယ် ပါဖြစ်ချင်ဖို့ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေပါပြီ။ ကျွန်တော်တို့အလုပ်က စိတ်ရော ကိုယ်ရော လန်းဆန်းနေမှ ဖြစ်တာ ကလား။ စိတ်အာရုံလန်း ဆန်းနေပြီး ရေးစရာ အကြောင်းအရာတွေ ပေါ များပေမယ့် ခန္ဓာကိုယ်က ဖျားခြင်း၊ နာခြင်းမရှိဘဲ ကျန်းမာနေဦးမှ။ ကျန်းမာနေပေမယ့် ဦးနှောက်ထဲမှာ အတွေးတွေ ရှုပ်ထွေးနေရင် ရေး စရာစာတစ်လုံးမှ ထွက်မလာတာ မျိုး ကြုံရတတ်ပါတယ်။ လူငယ်ဘဝ တုန်းက စာရေးဆရာကြီးတွေ ဆီက စာမူတောင်း တော့ ခဏစောင့်ပေး ဦးကွာ။ စဉ်း စားလို့ကို မရသေးဘူးလို့ ပြောလိုက် သမို့ စိတ်ထဲမှာ ခပ်ရွဲ့ရွဲ့လေးပြုံးရင်း စာတစ်ပုဒ်ရေး တာများ ဘာခက်တာ မှတ်လို့ အလ ကား သက်သက်မဲ့ ဈေးကိုင်နေတယ် လို့ မိုက်မိုက်မဲမဲ တွေးလိုက်မိပါတယ်။ အခုတော့ ကိုယ်တိုင်ခံရမှ သိပြီပေါ့။ ဒီတော့မှ လွန်တာရှိ ဝန္ဒာမိလို့ မနောစိတ်နဲ့ ဇော်ကားမိတဲ့ စာရေး ဆရာကြီးကို စိတ်ထဲက လက်အုပ်ချီ တောင်းပန် လိုက်မိပါတယ်။ ကျွန် တော့်အဖြစ်က မြန်နှုန်းမြင့်တဲ့ခေတ် မှာ စာရေးဆရာတင် မဟုတ်ဘဲ ဂျာနယ်တစ်စောင်ကို တာဝန်ယူထား တဲ့ အယ်ဒီတာ စာနယ်ဇင်းသမား ဖြစ်နေတာကြောင့် လက်ငင်းဖြစ် ပေါ်နေတဲ့ သတင်းတွေကို မြန်မြန် ဆန်ဆန် တင်ဆက်နိုင်အောင် တွေး ရ၊ ကြံစည် ကြိုးစားရ၊ အိပ်ချိန်၊ စားချိန်၊ နားချိန်ရယ်လို့ မရှိ၊ အရေး ပေါ် ဖြစ်ပျက်နေတဲ့ သတင်းရှိရာ နေရာတွေကို အပြေး အလွှားသွား အချက် အလက်တွေစုံတဲ့အခါ ဂျာနယ်ထွက်ချိန်မီအောင် တက် သုတ် ရိုက်လုပ်၊ ဒီလိုနဲ့ တစ်ပတ်ပြီး တစ်ပတ်၊ . . . ၊ နောက်ထပ် တစ် ပတ်ပြီး တစ်ပတ်၊ ဒါပေမဲ့ ဘာတတ် နိုင်မလဲ၊ ဒါတွေကို ကိုယ့်ဘာသာ ရွေးချယ်ခဲ့တဲ့ ဥစ္စာ။ အဲဒီမှာတာဝန် တွေ အလုပ်တွေနဲ့ ဂျင်ခြေလည်နေတဲ့ ကျွန်တော့်ကို သူငယ်ချင်း တစ် ယောက် နောက်သလို ဝတ္တုရား မကင်းတဲ့ ဖွတ်ကြားမင်းကြီး

တကယ့်ကို ဖြစ်နေပါလေရော။ ဒီတော့ ပြီးခဲ့တဲ့ နိုဝင်ဘာ လတုန်းက ဖွတ်ကြား မင်းကြီး ကျွန်တော် ဘယ် ကလောက်ထိ အလုပ်တွေ ရှုပ်ခဲ့ရပါ လိမ့်။

နေရာအနှံ့ ဆန္ဒပြတဲ့သတင်း ဖြစ်ပွားရာကို ကိုယ်တိုင်ကိုယ်ကျ သတင်းသွားယူရ၊ မြေငလျင် ဖြစ်ပွား ရာနေရာကိုလည်း အသေ့နှင်၊ ဟော့. . ၊ နိုဝင်ဘာကုန်ခါနီး တစ် နိုင်ငံလုံး ထိတ်လန့်သွားစေတဲ့ လက်ပံတောင်းအရေးကို ပြေးပြီး သတင်းယူ။ ကျွန်တော် ထင်တယ် ဗျာ။ နိုဝင်ဘာလက အဖြစ်အပျက် တွေဟာ ၂၀၁၁ ခုရဲ့ အဖြစ်အပျက်



အများဆုံး ကြုံတွေ့ရတဲ့လလို့ မှတ် ချက်ချရပါလိမ့်မယ်။ အမေရိကန် သမ္မတအိုဘားမားရဲ့ ခရီးစဉ်အပေါ် အဝင်ပေါ့။ ပြီးတော့ စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်ချပ်ကြီး ကျေးရွာအနီး ဆီသယ်ရထား တိမ်း မှောက်လို့ လယ်ကွင်းထဲလျှံ ကျတဲ့ ဆီတွေကို လူတွေဝိုင်းခပ်ကြရင်း မီးလောင်မှုဖြစ်ပွားရာက လူအများ အပြား သေကြေဒဏ်ရာရခဲ့တဲ့ သတင်း။ ဒါတွေကို အနှစ်ချုပ် လိုက်ရင် ကောင်းသတင်းက နည်း နည်း၊ ဆိုးသတင်းက များနေတာမို့ နိုဝင်ဘာလကို မင်အနက်နဲ့ ကြက် ခြေခတ် လိုက်ချင်မိပါတော့တယ်။

ဒီအဖြစ်အပျက်တွေ ဟာဘယ်တော့ မှ မေ့တော့မှာ မဟုတ်ပါဘူး။ ငလျင် လှုပ်တာဆိုရင် ကိုယ်တိုင်အဖျားခတ် ခံလိုက်ရတယ်လေ။

နိုဝင်ဘာ ၁၁ ရက်၊ နံနက် ၇ နာရီ ၄၂ မိနစ်က လှုပ်ခဲ့တဲ့ ငလျင်၊ အဲဒီတုန်းက အိပ်ရာပေါ်မှာ စည်း စိမ်ယစ်ကောင်းနေပါတယ်။ ချစ်ချစ် ကတော့ လွန်ခဲ့တဲ့ သုံးရက်လောက်က လေ့ကားအဆင်း ခြေချော်လဲလို့ ခြေထောက်ကြီးရောင်ပြီး ပတ်တီး ကြီးနဲ့ မထနိုင်ဘဲ အိပ်ရာထဲ လှဲနေရ ရှာတာပါ။ ဒီအချိန်မှာပဲ အိမ်ကြီး တစ်အိမ်လုံး သိမ့်သိမ့်ခါသွားပါ တယ်။ တကယ်တော့ အကျင့်ပါနေ

လို့ အိမ်ဆိုပြီးပြောလိုက်ရတာဖြစ် ပါတယ်။ ကျွန်တော့်အိမ်က အာစီ ၂ ထပ်တိုက်တစ်လုံး ဖြစ်ပါတယ်။ တိုက်တစ်ခုလုံး ဘေးတိုက်ရွေ့ပြီး တုန်လှုပ်နေတာကြောင့် အိပ်ရာပေါ် က ဝုန်းကနဲ ထလိုက်ပါတယ်။ ချစ် ချစ်ကလည်း ငလျင် ငလျင်လှုပ်နေ တာလို့ပြောရင်း ခြေဆန့်လျက်နဲ့ အိပ်ရာပေါ်မှာ ငုတ်တုတ်ထထိုင် လိုက်ပါတယ်။ ငလျင်အကြောင်း နည်းနည်းပါးပါး သိပေမယ့် ဒီ လောက်ထိ ပြင်းပြင်းထန်ထန် လှုပ် တာမျိုး မကြုံဖူးသေးဘူး။ လူနာဖြစ် နေတဲ့ ချစ်ချစ်ကို ထိတ်လန့် မသွား အောင် ငြိမ်ငြိမ်လေးနေ၊ ဘာမှ

မဖြစ်ဘူးလို့ အားပေးစကား ပြောလိုက်ပါတယ်။ ဒီအကြောင်းစာနဲ့ရေးပြတာက အချိန်ကြာနေပါသေးတယ်။ ပထမအကြိမ်လှုပ်ပြီး စက္ကန့်ပိုင်းအကြာမှာပဲ ထပ်လှုပ်ပြန်ပါတယ်။ အခုလှုပ်တဲ့အရှိန်က ပိုပြီးပြင်းထန်တယ်။ အဝေးဆီက ကိုယ့်ဆီကို ပြေးလာတဲ့အော်သံကြီး ကြားရတယ်။ တိုက်ကြီးတစ်တိုက်လုံး လှုပ်ခါနေတယ်၊ ကြမ်းပြင်က ရှေ့နဲ့နောက် ရွေ့လျားနေတယ်။ စက္ကန့်ပိုင်းလေး အဖြစ်အပျက်။ ခြေထောက်မထောက်နိုင်တဲ့ ချစ်ချစ်က ခြေတစ်ပေါင်ကျိုးခုန်ပြီး ခုန်ဆွခုန်ဆွနဲ့ အိမ်အောက်ထပ်ကို ကြောက်အားလန့်အားနဲ့ ဆင်းပြေးတယ်။ ကျွန်တော့်ကို ချစ်မြတ်နိုးလိုက်ပုံက အဲသလိုပဲ။ ဘယ်အရာဖြစ်ဖြစ် အနုလုံပဋိလုံ စဉ်းစားပြီးမှ ဆုံးဖြတ်တတ်တဲ့ ကျွန်တော့်ကို ပစ်ထားခဲ့တယ်လေ။ ဒီတော့မှ မိန်းမရ ငါ့ကိုလည်း စောင့်ပါဦးဟလို့ပြောရင်း သူ့နောက်က ကမျာကယာ ပြေးဆင်းရပါတော့တယ်။ လင်မယားနှစ်ယောက်စလုံး အိမ်အောက်ထပ်ရောက်တော့ ငလျင်လှုပ်တာ ပြီးသွားပြီ။ တစ်ရပ်ကွက်လုံး ပွက်လောရိုက်ကုန်တယ်။ ရပ်ကွက်လမ်းထဲမှာ အကုန်လုံးရောက်ကုန်တယ်။ ခြတ်တိုင်က မီးကြိုးတွေ ရမ်းခါနေတယ်။ လူတွေအားလုံး ထိတ်လန့်နေတယ်။ ငလျင်လှုပ်တာပြီးသွားပေမယ့် ကိုယ့်အိမ်ထဲ ကိုယ်ပြန်ဝင်ရမှာ စိုးရွံ့နေကြတယ်။



ကျွန်တော်လည်း အိမ်ထဲ ပြန်မဝင်သေးဘဲ အိမ်ရှေ့သရက်ပင်အောက်က တန်းလျားခုံပေါ်မှာထိုင်နေလိုက်တယ်။ ငလျင်ကြီးတွေလှုပ်ပြီးရင် ငလျင်အသေးလေးတွေ လာသတဲ့။ ဒီတော့ အရေးရယ်အကြောင်းရယ် ကြုံလာရင် အပြင်ထွက်ပြေးလို့ရအောင်လို့ သရက်ပင်အောက်မှာ ထိုင်နေတာပါ။ အခုလှုပ်တဲ့ ငလျင်ကဘယ်မှာ ဗဟိုပြုပြီးလှုပ်တာလဲ။ ငလျင်လှုပ်လို့ ကြီးကြီးမားမား အဖျားခတ်ခံလိုက်ရတဲ့ အတွေ့အကြုံ၊ ပုဂံငလျင်တုန်းက ကြုံခဲ့ပြီးပါပြီ။ ဒီအတွေ့အကြုံနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါ မန္တလေးနဲ့ မဝေးလှတဲ့နေရာမှာ ဗဟိုပြုပြီး လှုပ်တာဖြစ်နိုင်တယ်လို့ ခန့်မှန်းလိုက်ပါတယ်။ ကျွန်တော်တွေးတာ မမှားဘူး။ နာရီဝက်လောက် အကြာမှာ ငလျင်သတင်းကို ကြားရပါတယ်။ သပိတ်ကျင်းနားမှာ လှုပ်တာတဲ့ ရစ်ချက်တာ စကေး ၆ ဒသမ ၈ ရှိသတဲ့။ သပိတ်ကျင်း၊ စဉ့်ကူး၊ ရွှေဘို၊ ကျောက်မြောင်းမှာ အပျက်အစီးတွေ များသတဲ့။ တီဗီကလည်း ငလျင်သတင်းကို အဆက်မပြတ် လွှင့်ထုတ်ပေးနေပါတယ်။

နေ့လယ် ၂ နာရီလောက်ရောက်တော့ အိမ်ကို တူမလေးရောက်လာလို့ ချစ်ချစ်နဲ့ထားခဲ့ပြီး မြို့ထဲကို ထွက်လာပါတယ်။ ကျွန်တော် သတင်းအဖွဲ့နဲ့လည်း တယ်လီဖုန်း အဆက်အသွယ် ရတယ်။ မန္တလေးနဲ့ မန္တလေးဝန်းကျင် အမရပူရ၊ စစ်ကိုင်း၊ အင်းဝမှာ စေတီဘုရား အချို့ထီးတော်တွေ ယိုင်နဲ့ပြိုကျ၊ စိန်ဖူးတော်ပြုတ်ကျတဲ့ သတင်းတွေ ကြားရတယ်။ ကျွန်တော့်သတင်းအဖွဲ့က အဲဒီဖြစ်တဲ့နေရာကို သွားနှင့်ကြပြီ၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း သူငယ်ချင်းတွေနဲ့ ဆုံတယ်။ ငလျင်သတင်းတွေကို နားစွင့်တယ်။ ကြားရတဲ့ သတင်းတွေကို တယ်လီဖုန်းနဲ့ လှမ်းပြောကြတယ်။ ငလျင်ဗဟိုပြုရာနဲ့နီးတဲ့ သပိတ်ကျင်းနဲ့ စဉ့်ကူးမှာတော့ ထိခိုက်ပျက်စီးမှု အများဆုံးလို့ သိလိုက်ရတယ်။ ဧရာဝတီမြစ်ကို ဖြတ်ကျော်တဲ့ တည်ဆောက်ဆဲ တံတားကြီးလည်း တံတားသံဘောင်တွေ ပြုတ်ကျလို့ လူအသေအပျောက်ရှိတယ်လို့ ကြားရတယ်။ ဒါနဲ့သပိတ်ကျင်းနဲ့ စဉ့်ကူးကို သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ သပိတ်ကျင်းနဲ့ မန္တလေးက မိုင် ၁၀၀ နီးပါးဝေးတာမို့ အချိန်မရှိတော့တာနဲ့ မနက်စောစောသွားဖို့ ကျွန်တော်သတင်းအဖွဲ့နဲ့ စီစဉ်လိုက်ပါတယ်။ အားလုံး ကိစ္စဝိစ္စပြီးတော့မှပဲ အိမ်ကို ကျွန်တော် ပြန်လာခဲ့ပါတယ်။ ကျွန်တော်ပြန်ရောက်ပြီး လေးနာရီကျော်ကျော်လောက်မှာ ချစ်ချစ်က ဆေးခန်းပြဖို့ မြို့ထဲကိုသွားလို့ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့တယ်။ ချစ်ချစ်က ဆေးခန်းသွားခါနီး အိမ်အောက်ထပ်မှာပဲနေဖို့ အတန်တန်မှာသွားတယ်။ ဒါပေမဲ့မရဘူးလေ။ ကျွန်တော်က ဆရာကြီးပဲ။ သူ့ကို စိတ်ချလို့ပြောလိုက်ရင်း အိမ်အပေါ်ထပ်မှာ အင်တာနက် သုံးနေလိုက်ပါတယ်။

သတင်းဆက်သွယ်ရေး စနစ်



Asian Fame Media Group

ဖွံ့ဖြိုးမှုရဲ့ အကျိုးကျေးဇူးကို ကျွန်တော်တို့ ခံစားရပါပြီ။ အင်တာနက်မှာ လျှောင်သတင်းကို အဆက်မပြတ်တင်ပေးလို့ ချက်ချင်းသိနေရတယ်။

အချို့က အပျက်အစီးသတင်းတွေကို ဓာတ်ပုံနဲ့တကွ ဖော်ပြပေးနေပါတယ်။ အင်တာနက်သတင်းတွေကြည့်ရင်း အွန်လိုင်းမှာ အီတလီမှာရောက်နေတဲ့ သမီးကြီးနဲ့ ချိတ်မိလိုက်တယ်။ သမီးကလည်း လျှောင်သတင်းကြားရလို့ စိတ်ပူနေတာပါ။ သူ့ကို စိတ်မပူဖို့နဲ့ ကိုယ်သိရတဲ့ လျှောင်သတင်းတွေကိုပြောပြရတာပေါ့။ သမီးနဲ့ အပြန်အလှန်ပြောနေတုန်းရှိသေး လျှောင်က ဒုတိယမွှိ ထပ်လာပြန်ပါတယ်။ ကွန်တော်ထိုင်နေတဲ့ မတ်တတ်ကုလားထိုင်က အောက်ကကြမ်းပြင်နဲ့အတူ ဘေးတိုက်ရွေ့နေတယ်။ ကွန်ပျူတာရိုက်နေတဲ့ ခန္ဓာကိုယ်အပေါ်ပိုင်းက တည့်တည့်မတ်မတ်၊ အောက်ပိုင်းကတော့ ကုလားထိုင်နဲ့အတူ ရွေ့နေတယ်။ ကျွန်တော်မျက်လုံးပြူးသွားတယ်၊ အခုလည်း လှုပ်ပြန်ပြီ သမီးရေ နောက်မှပဲ ဆက်သွယ်တော့မယ်လို့ ကပျာကယာပြောရင်း ကွန်ပျူတာကိုပိတ်ပြီး လေ၏လျှင်မြန်ခြင်းမျိုးနဲ့ အိမ်အောက်ထပ်ကို ပြေးဆင်းရပါတော့တယ်။ အခုလှုပ်တဲ့ လျှောင်က မနက်ပိုင်းက လှုပ်တာလောက် မပြင်းပေမယ့် သိသိသာသာ ကြုံလိုက်ရတော့ မလန့်မထိတ်ဘဲ ရှိပါတော့မလား။

ချစ်ချစ်ကလည်း သူရောက်နေတဲ့ အထူးကုဆေး တိုက်ကနေ စိတ်တပူပူနဲ့ လှမ်းဆက်တယ်။ လျှောင်လှုပ်တဲ့အချိန်က ဆေးတိုက်အပြင်ဘက်မှာ ရှိနေတာတဲ့။ ဘာပဲဖြစ်ဖြစ် ဒုတိယမွှိလှုပ်လိုက်တဲ့ လျှောင်ဟာ ကျွန်တော်တို့ကို ဗိုပြီး ချောက်ချားသွားစေပါတယ်။ အထပ်မြင့်မှာ နေကြသူတွေ အဲဒီညမှာ မနေရဲတော့ဘဲ အဆောက်အဦကြီးတွေနဲ့ ဝေးရာလယ်ကွင်းဘေးကို ဖျာခင်းအိပ်ကြပါတယ်။ ကျုံးဘေးမှာလည်း လျှောင်ကြောက်လို့ တစ်ညတာ အိပ်စက်ကြသူတွေလည်း အများအပြားပါ။ ချစ်ချစ်က အိမ်အောက်ထပ် ဆင်းအိပ်ရအောင်လို့ ပြောပါတယ်။

ဒုတိယမွှိလှုပ်တဲ့ လျှောင်က ရစ်ချက်တာစကေး ၅ ဒသမ ၈ ရှိတော့ စိုးရိမ်လာပြီလေ။ ဒါပေမဲ့ အိမ်အပေါ်ထပ်မှာပဲ နေလိုက်ပါတယ်။ ညတစ်နာရီကြာတော့ လျှောင်အသေးစားလှုပ်တာနဲ့ ကြုံရပြန်ပါတယ်။ လင်မယားနှစ်ယောက်စလုံး မအိပ်ကြသေးဘူး။ ဟော..ဟော လှုပ်ပြန်ပြီ၊ ကြောက်အားလန့်အားနဲ့ ချစ်ချစ်က ပြောလိုက်ပါတယ်။ လျှောင်အသေးလေးမို့ ဘာမှမဖြစ်ပေမယ့် အိပ်ရတာစိတ်မဖြောင့်တော့ဘူးပေါ့။

နောက်တစ်နေ့ မနက် ၇ နာရီလောက်မှာ ကျွန်တော် သတင်းအဖွဲ့နဲ့ စဥ့်ကူးသပိတ်ကျင်းဘက်ကို ထွက်ခဲ့ကြပါတယ်။ သပိတ်ကျင်းလမ်းက သိပ်မကောင်းတော့ ခရီးမတွင်လှဘူး။ စဥ့်ကူးလမ်းခွဲဖြစ်တဲ့ လက်ပန်လှကို ရောက်တော့ နေ့လယ် ၁၁ နာရီ ကျော်နေပါပြီ။ လက်ဖက်ရည်ဆိုင်မှာ ခဏနားလိုက်ပါတယ်။ လက်ပန်လှမှာတော့ အပျက်အစီးမရှိဘူးတဲ့။ ၂ လသားအရွယ်ကလေးလေးကို ပွေ့ချီထားတဲ့ ဆိုင်ပိုင်ရှင်အမျိုးသမီးကို လျှောင်အတွေ့အကြုံ မေးဖြစ်ပါတယ်။ အမျိုးသမီးက သူ့ရင်ခွင်ထဲက ကလေးက အကြီးတဲ့။ အမွှာယောက်ျားလေး ၂ ယောက် မွေးထားတာ၊ သူ့အနားလေးရှိတဲ့ ပုခက်ထဲမှာ အိပ်နေတာက အငယ်တဲ့။ လျှောင်လှုပ်တော့ သူ့အမျိုးသားကလည်း အိပ်ပျော်နေတဲ့အချိန်။ ကလေးကို ပွေ့ပြီး အပြင်ထွက်ပြေးဖို့ စိတ်ကူးတော့ အမွှာကလေး ၂ ယောက်ထဲက ဘယ်ကလေးကို ပွေ့ပြီးပြေးရမှန်းမသိဘူးလို့ ပြုံးပြုံးရယ်ရယ်နဲ့ ပြောလိုက်ပါတယ်။ ကံကြီးလို့သာ လျှောင်ဒဏ်ဆိုးဆိုးရွားရွား မခံရဘဲ အခုမှ ပြုံးရယ်စကား ပြောနိုင်ရှာတာပါ။ ဒါပေမဲ့ စဥ့်ကူးကို ရောက်တော့ မျက်ရည်တွေထိတ် လန့်ချောက်ချားမှုတွေ၊ ပြိုလဲပျက်စီးမှုတွေ တွေ့နေရပါပြီ။ စဥ့်ကူးမြို့ထဲမှာ အကူအညီပေးကြမယ့်သူတွေလည်း ရောက်နေကြပါပြီ။ မြို့လယ်ခေါင်မှာ ဆိုက်ကားတစ်စီး အသံချဲ့စက်တင်ပြီး လျှောင်သတိရှိကြဖို့ အော်ပြောနေတာကိုလည်း တွေ့ရပါတယ်။ အဲဒီသတိပေးအသံနဲ့အတူ နေ့ခင်းကြောင်တောင်ကြီးမှာ ခွေးတွေကလည်း 'အူ'နေကြပါတယ်။ နေ့ခင်းဖြစ်ပေမယ့် ထိတ်လန့်စိုးရွံ့စရာ မြင်ကွင်းပါ။ စဥ့်ကူးနားက ရွာလေးတစ်ရွာကို ရောက်ခဲ့ပါတယ်၊ ဘုန်းတော်ကြီးကျောင်းတစ်ခုလုံး အပျက်အစီးပရွှနဲ့ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ မူလတန်း ကျောင်းလေးတစ်ကျောင်းကတော့ ရှေ့ကမိုးထားတဲ့ အဆောက်အဦပြိုကျသွားပြီး အုတ်နံရံကာထားတဲ့ ပင်မအဆောက်အဦကတော့ ပြိုကျလုဆဲဆဲ ၄၅ ဒီဂရီစောင်းနေပါတယ်။ အချိန်မရွေးပြိုကျနိုင်တဲ့ အဲဒီအဆောက်အဦထဲ စွန့်စွန့်စားစားဝင်ပြီး ဓာတ်ပုံရိုက်ပါတယ်။

နံရံမှာ ကပ်ထားတဲ့သင်ပုန်းပြားက အုတ်နံရံနဲ့အတူ ၄၅ ဒီဂရီစောင်းနေပါတယ်။ သင်ပုန်းပြားမှာ မြေဖြူနဲ့ ဆရာမ ရေးထားတဲ့ အင်္ဂလိပ်စာ မီးနင်းတွေ။

old - အိုသော၊

blue - ပြာသော စသည်စသည်၊ ဓာတ်ပုံရိုက်ပြီး သက်ပြင်းချလိုက်မိပါတယ်၊ လျှောင်လှုပ်တော့ တော်လည်းသံကြီးလို့ အဝေးကနေ အသံကြီးပြေးလာတာ၊ သစ်ပင်တွေက ပြိုလဲမသွားပေမယ့် လျှောင်ဒဏ်ကြောင့် သစ်ခက်သစ်ကိုင်းတွေက မြေပြင်ကို လှမ်းရိုက်တယ်။ မနေ့ညက တစ်ရွာလုံး ချောက်ချားပြီး နှင်းစိုတာတောင် ဂရုမစိုက်နိုင်ဘဲ ကွင်းပြင်ထဲ ထွက်အိပ်ကြရသတဲ့၊ တံငါသည် ရွာသားတစ်ဦးကတော့ လျှောင်လှုပ်တဲ့အချိန် မြစ်ထဲမှာ ပိုက်ကွန်ပစ်ပြီး ငါးဖမ်းနေတာ။ မြစ်ရေက လှိုင်းတွေထလာပြီး ငါးတွေက မြစ်ရေပြင်အထက်ကို ခုန်တက်ကုန်တယ်။ ဒီအချိန်မှာပဲ သူ့လှေကို တစ်ယောက်ယောက်က ဆွဲ ယူလိုက်သလို မြစ်ရဲ့အရှေ့ဘက်ကမ်း ကနေ အနောက်ဘက်ကမ်းကို ရောက်သွားပြီး အနောက်ဘက်ကမ်းကိုရောက်တော့ ကမ်းပါးတွေ မြစ်ထဲပြိုကျလို့ ရေပြင်က လှိုင်းခတ်ရင်း အရှေ့ဘက်ကမ်းကို ပြန်ရောက်သွားသတဲ့။ ဒါနဲ့ လျှောင်လှုပ်တာမှန်းသိပြီး ကုန်းပေါ်မှာ တက်ပြေးရသတဲ့။ စဥ့်ကူးအနီး ကရွာတွေ လျှောင်ဒဏ်

သတ္တဝါတိုင်း မြေကြီးကို အခိုင်အမာ ထားပြီး အခါခပ်သိမ်း အားကိုးနေရတာပါ။ ကျွန်တော်တို့ လူသားတွေ ခများလည်း အားကိုး အားထားပြုရတဲ့ မြေကြီးက ဟောက်လွဲဟောက်ပြန်ပြုလာတဲ့အခါ အားကိုးရာမဲ့ ဖြစ်သွားပါပြီ။ မြေလျှောင်လှုပ်မှာကို ယနေ့အချိန်အထိ ဘယ်သူမှ ကြိုတင်မသိ နိုင်သေးပါဘူး။ တရားအမြင်နဲ့ကြည့်ရင် ကျွန်တော်တို့လူသားတွေဟာ အသိဉာဏ်နည်းပြီး သနားစရာ ကောင်းနေတာကလား......



Asian Fame Media Group

ကိုတော့ ဆိုးဆိုးရွားရွားခံရရှာတာပါ။

ငလျင်ကြောင့် ပတ်ကြားအက်ဖြစ်နေတဲ့ နေရာကိုလည်း သွားကြည့်ခဲ့ပါသေးတယ်။ စဉ့်ကူးမြို့ တစ်ဝိုက်နေရာတွေကို ကတိုက်ကရိုက်ကြည့်ပြီး သပိတ်ကျင်းမြို့ကို ခရီးဆက်ခဲ့ကြပါတယ်။ သပိတ်ကျင်းက ငလျင်ဗဟိုပြုတဲ့နေရာနဲ့ အနီးဆုံး နေရာမို့ အပျက်အစီး ဆိုးရွားတဲ့ နေရာဖြစ်ပါတယ်။ ညနေ ၅ နာရီလောက်မှာ သပိတ်ကျင်းကို ရောက်သွားပါတယ်။ တစ်မြို့လုံး တိတ်ဆိတ် ထိတ်လန့်နေကြပါတယ်။ တိုက်တွေကတော့ အုတ်နံရံပွင့်ပြီး ပြိုကျနေသလို အိမ်တွေကတော့ တစ်ခြမ်းစောင်း နိမ့်ဆင်းနေတာကို တွေ့ခဲ့ရပါတယ်။ လူတွေအားလုံး ထိတ်လန့်ပြီး အိမ်ထဲမဝင်ရဲဘဲ အိမ်



ရှေ့မှာပဲ ထွက်ထိုင်နေကြရတာပါ။ ညရောက်ရင် လမ်းနံဘေးရှိတဲ့ အိမ်ကလူတိုင်း လမ်းပေါ်မှာပဲ ဖျာခင်းအိပ်ကြရရှာပါတယ်။ သပိတ်ကျင်းမြို့က အသက်ရှစ်ဆယ်ကျော် အဘိုးအိုတစ်ယောက်က သူ့ဘဝတစ်လျှောက်မှာ အခုလိုမျိုး တစ်ခါမှ မကြုံခဲ့ဘူးတဲ့။

နေဝင်သွားပါပြီ။ လျှပ်စစ်မီး ဖြတ်ထားလို့ တစ်မြို့လုံး မှောင်မည်းနေပါတယ်။ မှောင်မှောင်မည်းမည်းမှာပဲ မြို့ခံဒုက္ခသည်တွေနဲ့ တွေ့ဆုံ စကားပြောကြ။ ဒီအချိန်မှာပဲ ငလျင်က လှုပ်ပြန်ရော၊ အဲဒီလို လျင်လှုပ်လိုက်တော့ မြို့ခံတွေက စကားပြောနေရင်းနဲ့ မြေပြင်မှာ ဝမ်းလျားထိုး မှောက်လိုက်ကြတာကလား။ ကျွန်တော်တို့ကတော့ အတွေ့အကြုံ မရှိတဲ့သူမို့ ကြောင်အအဖြစ်နေပါတယ်၊ ငလျင်ကြီးလှုပ်ပြီးတော့ ငလျင်အသေးလေးတွေ ဆက်တိုက် လှုပ်နေတာ၊ တစ်နေ့ ဘယ်နှကြိမ်မှန်း တောင် မသိဘူးတဲ့။ တစ်နေရာ ရောက်တော့ ကျွန်တော်တို့လည်း အတွေ့အကြုံ ရှိသွားပြီလေ၊ မြို့ခံ တစ်ယောက်ကို အင်တာဗျူးနေတုန်း ငလျင်လှုပ်တာနဲ့ ကြုံရတာမို့ ပြောလက်စစကားဖြတ်ပြီး မြေပြင်မှာ ဝမ်းလျားထိုး မှောက်လိုက်ရပါတော့တယ်။ သပိတ်ကျင်းမြို့ တစ်မြို့လုံး မှောင်မည်းနေပြီး ဆိုင်ကယ်၊ မော်တော်ကား မီးရောင်တွေကို တစ်ချက်တစ်ချက် ဝင်းခနဲ မြင်ရတတ်ပါတယ်။ ည ၉ နာရီကျော်မှ ထိတ်လန့်ချောက်ချားနေတဲ့ မြို့ကြီးဆီက ပြန်လာခဲ့ပါတယ်၊ ပြန်သာ ပြန်လာရပေမယ့် စိုးရိမ်ထိတ်လန့်မှုတွေက ကျွန်တော်တို့ဆီကို ကူးစက်သွားခဲ့ပါပြီ။ ငလျင်ဘေးဒဏ် ခံစားရတဲ့သူတွေကို စာနာမှုတွေနဲ့အတူ မပြင်ရနိုင်တဲ့ အန္တရာယ်အတွက် စိုးရိမ်ကြောက်လန့်မှုတွေက ဖိစီးလာတော့ အပြန်ခရီးမှာ လူသားတွေရဲ့ အကြောင်းကို ဆင်ခြင်မိလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ ဆရာကြီး ရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်းနဲ့ အတွေးအခေါ်များစာအုပ်ထဲက ဆရာကြီးကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ပဲခူးငလျင်ကြီးအကြောင်းကို သတိရလိုက်မိပါတယ်။ ပဲခူးငလျင်ကြီးဟာ အင်မတန် ဆိုးရွားအပျက်အစီးများစေတဲ့ ငလျင်ကြီးပါ။ ငလျင်လှုပ်တော့ဝမ်းဗိုက်နဲ့ မြေပြင်မှာကပ်ပြီး အလျားမှောက်နေရသတဲ့။ မြေပြင်ဟာ ရေပြင်ပမာ လှိုင်းထနေသတဲ့။ ဆရာကြီးက သူ့ရဲ့ အားငယ်ခြင်းဖြစ်ရပုံကို သတ္တဝါသည် မြေကြီးကိုအခိုင်အမာထား၍ အခါခပ်သိမ်း အားကိုးအားထားပြုနေရသည် ဖြစ်ရာ မိမိက အခိုင်အမာထားသော မြေကြီးကိုယ်တိုင်က ဤကဲ့သို့ အပြင်းအထန် လှုပ်ခါနေခြင်းကို လက်တွေ့ခံစားရသောအခါ၌ အားကိုးရာမဲ့ဖြစ်၍ အသည်းနှလုံးနှင့် အူထဲမကျန် လှုပ်ကန်ပြီး အားငယ်မိသည်မှာ အထူးအဆန်း မဟုတ်ချေဆိုတဲ့ သုံးသပ်ချက်ကို သတိရနေမိပါတယ်။ မှန်ပါတယ်၊ သတ္တဝါတိုင်း မြေကြီးကိုအခိုင်အမာ ထားပြီး အခါခပ်သိမ်း အားကိုးနေရတာပါ။ ကျွန်တော်တို့လူသားတွေ ခများလည်း အားကိုးအားထားပြုရတဲ့ မြေကြီးက ဖောက်လွှဲဖောက်ပြန်ပြုလာတဲ့အခါ အားကိုးရာမဲ့ ဖြစ်သွားပါပြီ။ မြေငလျင်လှုပ်မှုကို ယနေ့ အချိန်အထိ ဘယ်သူမှ ကြိုတင်မသိနိုင်သေးပါဘူး။ တရားအမြင်နဲ့ကြည့်ရင် ကျွန်တော်တို့လူသားတွေဟာ အသိဉာဏ်နည်းပြီး သနားစရာကောင်းနေတာကလား။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဖုံးလွှမ်း ကိုယ်ကျိုးစီးပွားကိုပဲ ဦးစားပေး၊ လူသားအချင်းချင်း အနိုင်ကျင့်ကြ၊ အာဏာစည်းစိမ် ဥစ္စာတွေ ပိုင်ဆိုင်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် အဟုတ်ထင်ကြ၊ ဒါပေမဲ့ မြေကြီးကို အခိုင်အမာထားပြီး အားကိုးနေရပါကလား ဆိုတာကို မေ့လျော့နေကြပါတယ်။ ဒီကမ္ဘာမြေကြီး မရှိတော့ရင် လူသားတွေက ဘယ်လိုရပ်တည်တော့မလဲ။ အဲဒါကို မသိချင်ယောင်ဆောင်ပြီး အာဏာ၊ ဓနဥစ္စာ၊ မာန်မာနတွေ တစ်ရှိန်ထိုးပြီး တက်နေရသလဲ။ ငလျင်လှုပ်ပြီဆိုတာနဲ့ ကိုယ်စံစားနေတဲ့ နန်းတော်ပေါ်က အသက်လု ဆင်းပြေးလာရတာပါ။ မနေ့က မန္တလေးမှာလှုပ်တဲ့ငလျင်နဲ့ မြင်ကွင်းကို မြင်ယောင်သွားပြန်ပါတယ်။ လမ်းပေါ်မှာ ဆင်းရဲတဲ့သူ၊ ချမ်းသာတဲ့သူတွေအားလုံး ရောက်ရှိနေကြတယ်။ ကဲ.. ဒီလို အချိန်မှာ မော်နိုင်သေးရဲ့လား၊ ဝင့်ကြွားနိုင်သေးရဲ့လား၊ ငလျင်က ကျွန်တော်တို့ လူသားတွေကို လောဘ၊ ဒေါသ၊ မာန်မာနတွေ ကင်းရှင်းဖို့ တစ်ခဏတာ ဘဝတာလေး အတွင်းမှာ မေတ္တာ၊ စေတနာ၊ ကရုဏာ တရားတွေထားကြဖို့ သတိပေးနေတယ်လို့ပဲ ကျွန်တော်တွေးလိုက်မိပါတယ်။ ဤကမ္ဘာမြေပြင်မှာ မေတ္တာတေးသံတွေပဲ ပျံ့လွင့်စေချင်ပါတယ်။


**ကိုထွန်း၊ လမ်း(၈၀)**

Asian Fame Media Group
MEDIA GROUP

# ရတီစာအုပ်စင်

## ရွှေကူမေနှင်း – ဘာကြောင့် နိုင်ငံရေးထဲဝင်ခဲ့သလဲ နိုင်ငံရေးထဲက ထွက်ခဲ့သလဲ

ပါတီနိုင်ငံရေးကို မုန်းသော၊ အနုပညာအလုပ်၊ စာပေအလုပ်ကို ချစ်သော စာရေးဆရာမ ရွှေကူမေနှင်း၏ ရင်တွင်းမှ စကားများကို ဖွင့်ချ အန်ထုတ်လိုက်သော စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် နိုင်ငံရေးမုန်တိုင်း တိုက်ခတ်ခဲ့သော အဦးအစ ကာလဖြစ်သည့် ၁၉၈၈ ခုနှစ် ကာလများမှစ၍ သူမ၏ နိုင်ငံရေးဘဝ အဆုံးသတ်သည်ဟု ဆိုရမည်ဖြစ်သော ကာလများထိ လှုပ်ရှား ဖြစ်ပျက်ခဲ့သမျှကို ရေးသားဖော်ပြထားသည်။ "လူ့သမိုင်းသည် ရှည်လျား၏။ နိုင်ငံသမိုင်းသည် ရှုပ်ထွေး၏။ လူ့သမိုင်းထဲရှိ နိုင်ငံသမိုင်းထဲတွင် ကျွန်မ ပါဝင်ထမ်းရွက်ခဲ့ဖူးသော အခန်းကဏ္ဍက သေးသေးလေးသာ ဖြစ်သည်။ သို့တိုင် ထိုသေးသေးလေးမှာပင် အနာတရ ဖြစ်စေခဲ့၏" ဟု ပါရှိသော ဤစာအုပ်တွင် စာရေးဆရာမ ရွှေကူမေနှင်း၏ ရိုးရှင်းပွင့်လင်းသော ဟန်ဖြင့် ဘွင်းဘွင်း ရေးသားထားသော နိုင်ငံရေးဇာတ်ခုံပေါ်မှ အဖြစ်အပျက် အကြောင်းများကို ဖတ်ရှုကြရမည်။ လာဘ်မိုးရွှေ စာပေမှ တန်ဖိုးကျပ် ၁၀၀၀ ဖြင့် ထုတ်ဝေလိုက်သည်။





## ထက်နိုင် (တလုပ်မြို့) – မပြောဖြစ်ခဲ့တဲ့စကား

စာရေးဆရာ ထက်နိုင် (တလုပ်မြို့) ၏ လုံးချင်းဝတ္ထုဖြစ်သော 'မပြောဖြစ်ခဲ့တဲ့ စကား' သည် မိုးကုတ်ဒေသ ကျောက်တူး လုပ်ငန်းခေလေ့များကို အခြေခံပြီး ဘဝအတွေ့အကြုံများ ပေါင်းစပ်ကာ ဇာတ်လမ်းဖန်တီးထားသည်။ အကျပ်အတည်းကာလမှာ ကျောင်းသားလှုပ်ရှားမှုများနဲ့ ဒေသအငွေ့အသက်များ ရောယှက်ပြီး ရေးသားထားသော ဝတ္ထုဖြစ်ကြောင်း စာရေးသူကိုယ်တိုင် ဖွင့်ဟထားသော ဤစာအုပ်တွင် ဘာသာရပ်တစ်ခု၏ နယ်ပယ်တွင်းအကြောင်းအရာများကို အတွင်းနိုက်ကာ ခိုင်ခံ့သောဇာတ်အိမ်ကို ခင်းကျင်းရေးသားထားသည်။ စာအုပ်တွင်း တင်ဆက်မှုတွင်လည်း အခန်းအကူး အပြောင်းတိုင်း၌ သရုပ်ဖော်ပန်းချီများ ထည့်သွင်းထားခြင်းကြောင့် ရသအပြောင်းအလဲကို ခံစားရမည်ဖြစ်သည်။ ပတ္တမြားစာစဉ်မှ စီစဉ်ကာ ပန်းဝေဝေစာပေမှ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ တန်ဖိုးမှာ ၂၅၀၀ ကျပ်ဖြစ်သည်။





## မသီတာ (စမ်းချောင်း) – စမ်းချောင်း၊ အင်းစိန်၊ ဟားဟက်

ရည်မှန်းချက်၊ ခံယူချက် အသီးသီး ကွဲပြားကြမှုအလိုက် ဘဝဖြတ်သန်းပုံ အသီးသီးသည်လည်း ကွဲပြားကြသည် ချည်းပင်။ အများအတွက် ပေးဆပ်လိုသော နှလုံးသားကိုပိုက်ပြီး ကြီးပြင်းလာခဲ့သူ စာရေးဆရာမ မသီတာ (စမ်းချောင်း) ၏ ဘဝဖြတ်သန်းလာမှု လမ်းကြောင်း တစ်လျှောက်ကို မူ ဤ 'စမ်းချောင်း၊ အင်းစိန်၊ ဟားဟက်' တွင် တွေ့မြင်ကြရမည်။ နိုင်ငံရေးဝိညာဉ်မှုကာပ်နေသူ စာရေးဆရာမ မသီတာ (စမ်းချောင်း) သည် ဤစာအုပ်ကို နှလုံးသားမှ စီးဆင်းသောသွေးဖြင့် အနုစိတ်ရေးဖွဲ့ခဲ့၏။ ဤသည်ကို ဟံသာဝတီ ဦးဝင်းတင်က 'မသီတာစာအုပ်က စာပေကာလောင်နဲ့ ရေးတယ်။ ဝေဒနာကို ရေးတာ၊ စေတနာကို ရေးတာ . . . ရသပြည့်လျှံတယ်။ ခံစားချက် ကောင်းလံတယ်" ဟု ညွှန်းခဲ့သည်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိရသ စာပေဖြစ်သော ဤစာအုပ်ကို ငါတို့စာပေမှ တန်ဖိုး ၄၀၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။




Asian Time Media Group






**ကိုချစ် – သည်းပိုးချစ်သူသိတော်မူ**

တပ်မတော်အရာရှိ တစ်ဦး၏ ရင်တွင်းဝေဒနာများဖွဲ့၍ စုသီထားသော ဤကဗျာစာအုပ်သည် အိမ်ထောင်သက် ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ယခင် ထုတ်ဝေခဲ့သော 'ချစ်မိစံသို့ တမ်းတခြင်းများစွာ' စာအုပ်မှ ကဗျာ ၅၁ ပုဒ်၊ 'ချစ်တတ်သူ၏ ချစ်မှတ်တမ်းလွှာ' စာအုပ်မှ ကဗျာ ပုဒ်ရေ ၃၀ နှင့်အတူ မဖော်ပြရသေးသော ကဗျာသစ် ၁၂ ပုဒ်ကို ထည့်သွင်း၍ စုစုပေါင်း ကဗျာ ၉၃ ပုဒ်ပါရှိသည်။ ကိုချစ်၏ အိမ်သူဇနီးထံ ရည်ရွယ်၍ရေးသော ကဗျာဖြစ်သော်လည်း ချစ်တတ်သူ ခင်ပွန်းများ၊ အကြောင်းအမျိုးမျိုးအရ ခွဲခွာနေရသော ချစ်သူများလည်း တိုက်ဆိုင်မှုနှင့်အတူ မျှဝေခံစားနိုင်စေရန် ရည်ရွယ်သည်ဟု ဆိုထားသည်။ ချစ်သူသက်ထားကို 'ကိုယ့်မယား ပေမို့ အပိုကြွားကာ ကိုယ်မပြောပါဘူး ချောတာ မှာ ငါ့သခင်မိလုလု' ဟု ညွှန်းဖွဲ့ထားသော ကဗျာဆရာကိုချစ်၏ ကဗျာများကို တစ်ဝကြီးခံစားကြရမည်ဖြစ်သည်။ ငွေသော်တာစာပေတိုက်မှ တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

**ကလောင်စုံ – ရွှေအမြုတေ လက်ရွေးစင်စာတမ်းများ**

ရသစာတမ်းများကို အစဉ်တစိုက် ဖော်ပြပေးနေသည့် ရွှေအမြုတေမဂ္ဂဇင်းမှ စီစဉ်သူ စိတ်ကြိုက် ကောက်နုတ်စုစည်းထားသည့် စာအုပ်ဖြစ်သည်။ ရသစာတမ်းများကို မြတ်နိုးခုံမင်စွာ ရေးသားခဲ့ကြသူ ရသစာတမ်းဆရာများဖြစ်သည့် မောင်ရင့်မာ (ကျောင်းကုန်း)၊ မောင်ခိုင်လတ်၊ လေးကိုတင်၊ မြေလတ်မောင်မြင့်သူတို့သာမက အပြောကောင်း၊ အရေးကောင်း ဖောင်းထက်သည့် စာရေးဆရာများဖြစ်ကြသော ဇော်ခိုင်ဦး၊ မင်းချမ်းမွန်၊ ကိုငြိမ်း (မန္တလေး)၊ ဆရာမရွှေကူမေနှင်း၊ မသီတာ (စမ်းချောင်း) အစရှိသည့် ဆရာ၊ ဆရာမ ၁၈ ဦးတို့၏ ရသစာတမ်းများ ပါဝင်သည်။ စာပေနယ်ပယ်အတွင်း နေရာတစ်ခုခိုင်ခိုင်မာမာ ရယူထားသည့် ရသစာတမ်းစာပေမှ တစ်စုံတစ်ရာသော message နှင့်အတူ သိမ်မွေ့သောရသကို ခံစားလိုသူများ စိတ်ကြိုက်တွေ့စေမည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ငွေလသာပေမှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။




**ညွန့်ဝေယျာ – စိတ္တဇဝေဒနာနှင့်တတိယမျက်လုံး**

စာရေးဆရာ ညွန့်ဝေယျာနှင့် သူ၏ အခြား ကလောင်ခွဲဖြစ်သော မင်းခိုင်ကျော်ဟူသည့် ကလောင် နှစ်ခုလုံးဖြင့် ရေးသားထားသော ဝတ္ထုများကို စုစည်းဖော်ပြထားသည်။ သူရဇ္ဇနှင့် အခြားမဂ္ဂဇင်းများတွင် ဖော်ပြခြင်းခံခဲ့ရသော ဂန္ထဝင်ဝတ္ထုများဖြစ်သည်။ ဤစာအုပ်အမှာစာပါ စာရေးသူကိုယ်တိုင် ဝန်ခံညွှန်းဆိုထားချက်တွင် သူ၏ မိတ်ဆွေဖြစ်သူ တစ်ဦး မတော်တဆ ဦးခေါင်းထိခိုက်မိရာမှ ထူးခြားသော အာရုံများရရှိခဲ့ရာ ယင်းပုဂ္ဂိုလ်ကို အခြေပြုဇာတ်အိမ်ဖွဲ့ထားသည်ဟု ဆိုသည်။ လူတိုင်းစိတ်ဝင်စားသော ရှင်းပြရခက်သည့် နားမလည်နိုင်သည့် စိတ်အာရုံများအကြောင်း၊ လောကဓာတ်အကြောင်းများကို လောကစိမ်းများနှင့် ယှက်ဖွဲ့ကာ ရေးဖွဲ့ထားသော ဝတ္ထုများကို ဖတ်ရှုကြရမည်။ ဝေယျာရွှေမြေစာပေမှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။



# မြို့ပြပွဲ့ကားလာနေမှု ပြဿနာ

ကျော်ဦး

မီဒီယာများတွင် ရှေ့တန်းမှ နေရာယူနေကြသော စီးပွားရေးမတိုးတက်မှုများ၊ အရှေ့အလယ်ပိုင်းမှ မတည်ငြိမ်မှုများစသည့် ပြဿနာပေါင်းများကြောင့် ကမ္ဘာကြီးမတည်မငြိမ် ဖြစ်လာမည်ကို စိုးရိမ်နေကြသော်လည်း ယင်းဖြစ်ရပ်များကဲ့သို့ ပေါ်ပေါ်ထင်ထင် မရှိသော ပြဿနာတစ်ခုက ကမ္ဘာ့အခြေအနေ တည်ငြိမ်မှုကို ပို၍ခြိမ်းခြောက်လျက်ရှိသည်။ ယင်းမှာ မြို့ကြီးများသို့ ပြောင်းရောက် နေထိုင်သူဦးရေ လျင်မြန်စွာ တိုးပွားလာနေသော ပြဿနာဖြစ်သည်။

ရွာနှင့် မြို့ငယ်များအဖြစ်မှ မြို့ကြီးများအဆင့်အထိ ရောက်ရှိစည်ပင်ခဲ့သည်မှာ နှစ်ထောင်နှင့်ချီ၍ ကြာခဲ့ပြီဖြစ်သည်။ ကနဦးမြို့ကြီးသားတို့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ဖြင့်သာအားထားအသက်မွေးခဲ့ရာ နောက်ပိုင်းတွင် ကုန်သည်တို့၏ဇာတ်ရပ် ဖြစ်လာသည်။မြို့ပြစီးပွားရေးကောင်း



လာသဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်မှစ၍ ရှိပြီးမြို့ကြီးများ ပို၍ကျယ်ပြန့်ကြီးထွားလာသကဲ့သို့ မြို့ပြအသစ်များလည်း အရှိန်ကောင်းကောင်းနှင့် ထွက်ပေါ်လာခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်ကစ၍ မြို့ပြချဲ့ထွင်မှုအရှိန်အဟုန်ကို ပို၍မြန်ဆန်လာခဲ့ရာ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရှိ လူများသည် မိမိတို့၏ ရွာနှင့်မြို့ငယ်များကို အလုံးအရင်းနှင့် စွန့်ခွာကာ မြို့ကြီးများသို့ ပြောင်းရွှေ့လာနေကြသည်။ ၁၉၅၀ ခုနှစ်က ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံနီးပါးသာ မြို့များတွင် နေခဲ့သော်လည်း ၂၀၀၈ ခုနှစ်မှစ၍ မြို့နေလူဦးရေက ကျေးလက်လူဦးရေကို ကျော်သွားပြီဖြစ်သည်။

လာမယ့်ဆယ်စုနှစ်များတွင်လည်း မြို့နေလူဦးရေဆက်လက်တိုးပွားနေရန် ရှိနေရာ ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသည် မြို့နေလူများ ဖြစ်လာမည်။ လက်ရှိမြို့ပြများ၏ ဧရိယာသည် ကမ္ဘာ့မြေပြင်ဧရိယာ၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ရှိသည်ဟု ခန့်မှန်းကြသည်။ ယခုနှင့် ၂၀၃၀ ခုနှစ်ကြားတွင် မြို့ပြဧရိယာသည် စတုရန်းမိုင် ၄၆၃၀၀၀ မျှ ထပ်တိုးလာနိုင်ရာ မြို့ပြဧရိယာသည် ကမ္ဘာ့မြေပြင်ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ ဖြစ်လာမည်။ မြို့ပြတိုးချဲ့မှုနှုန်းသည် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့တွင် အများဆုံးဖြစ်သည်။


တိုးပွားလာသော မြို့နေလူဦးရေကြောင့် လူမှုရေးပြဿနာများ၊ ရေကောင်းရေသန့်ရရှိရေး အခက်အခဲအပြင် ဇီဝမျိုးစုံမျိုးကွဲများ ရှင်[illegible] တည်တံ့ရေးကို ခြိမ်းခြောက်ရုံတင်မက ရာသီဥတု ပြောင်းလဲနေမှုကိုပါ ထပ်ဆင့်ဆိုးကျိုးများ သက်ရောက်စေရာ ရှိနေသည်။

မြို့ပြနယ်မြေချဲ့ထွင်ရာတွင် မြေလွတ်မြေရိုင်းများလျော့နည်းသွားသဖြင့် ယင်းတို့အပေါ်တွင် တည်မှီရှင်သန်နေကြသော အပင်နှင့်သက်ရှိမျိုးစိတ်များ လျော့နည်းသွား သို့မဟုတ် မျိုးသုဉ်းသွားမည်။ အာရှ၊ အာဖရိကနှင့် တောင်အမေရိကတို့၏ အချို့အစိတ်အပိုင်းများတွင် မြို့ပြဧရိယာချဲ့ထွင်သောနေရာများသည် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာနေသည့် နေရာများတွင် ဖြစ်နေသည်မှာ ပို၍စိုးရိမ်ဖွယ်ရာ ကောင်းနေသည်။ အပင်နှင့် သတ္တဝါမျိုးစုံဝေဆာရှင်သန်နေသည့် တောတောင်များကို လူတို့က လူနေမြို့ရွာအဖြစ် ပြောင်းရန် ခုတ်ထွင်ကြသည့်အတွက် နေရင်းဒေသ တိရစ္ဆာန်များဆုံးရှုံးကြရသည်။ ရှားပါးသစ်ပင်များ မျိုးပြုတ်ကြရသည်။ ခန့်မှန်းချက်တစ်ခုအရ အနာဂတ်မြို့ပြချဲ့ထွင်မှုများကြောင့် အပင်နှင့် သတ္တဝါမျိုးစိတ် ၂၀၀ ခန့် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ကြုံတွေ့ရနိုင်သည်ဟု သိရသည်။

သစ်တောများသည် စီးဆင်းလာသော ရေများကို ထိန်းသိမ်းနိုင်၊ အထိုက်အလျောက် သန့်စင်ပေးနိုင်သဖြင့် သစ်ပင်သစ်တောနည်းသွားခြင်းနှင့် ရေကောင်းရေသန့်ရရှိရေးတို့ ဆက်နွယ်နေကြသည်။ ထို့ပြင် မြို့ပြချဲ့ထွင်ရန် သစ်တောများ ခုတ်လှဲမီးရှို့၍ လည်းကောင်း၊ မြို့သစ်များရှိ ကားနှင့်စက်ရုံများမှလည်းကောင်း လေထုထဲရောက်လာမည့် ကာဗွန်ဒိုင်အောက်ဆိုက်သည် ကမ္ဘာကို ပို၍ ပူနွေးစေ၊ ရာသီဥတုပြောင်းလဲမှုကို မြန်ဆန်စေမည်။

မြို့ပြချဲ့ထွင်လာမှု၏ ၇၅ ရာခိုင်နှုန်းကို အာရှတိုက်တွင် တွေ့ရမည်။ တရုတ်နှင့် အိန္ဒိယတို့၏ မြို့ကြီးများ၏ အကျယ်အဝန်းသည် အလွန်အကျွံများလာမည်။ အထူးသဖြင့် တရုတ်နိုင်ငံ ဒါလီယန်ကဲ့သို့သော ဒုတိယတန်းမြို့တော်များသည် အဆမတန် ကျယ်ပြန့်လာရန်ရှိသည်၊ အာဖရိကတိုက်တွင် ၂၀၀၀ ခုနှစ်အခြေအနေနှင့် နှိုင်းယှဉ်လျှင် ၂၀၃၀ ခုနှစ်တွင် မြို့ပြဧရိယာ ၆ ဆမျှ တိုးလာရန်ရှိသည်။

ယင်းသို့ မြို့ကြီးများ ကျယ်ပြန့်လာနေခြင်းသည် ကြိုတင်စီမံချက်များ လုံလောက်စွာမရှိဘဲ ဖြစ်ထွန်းလာနေသည့်အတွက် မြို့ကြီးများသည်



စီးပွားတိုးတက်မှု၊ အလုပ်အကိုင်ရမှုစသည်တို့အတွက် အခွင့်အလမ်းများ တည်ရာဖြစ်သော်လည်း ရာဇဝတ်မှုထူပြောခြင်းနှင့် လူမှုရေးပြဿနာများပြားခြင်းတို့ကိုလည်း ရင်ဆိုင်ရသည်။ မြို့နေလူများအတွက် လုံလောက်သန့်ရှင်းသော ရေပေးရေးစနစ်၊ စိတ်ချရသော သန့်ရှင်းမှု စနစ်နှင့် ယင်းတို့၏ နေထိုင်မှုနှင့် သယ်ယူပို့ဆောင်ရေးအတွက် စီမံပေးရခြင်းသည် အလွန်ကြီးမားသော ပြဿနာအဖြစ်သို့ ရောက်နေသည်။ မြို့နေလူတို့ ရင်ဆိုင်ရ၊ ပေးဆပ်ရသော ပြဿနာများကို လျော့ပါးအောင်လုပ်ဖို့ ယနေ့အထိ ထိရောက်သော အဖြေကို ရှာမရသေးချေ။

ယင်းဖြစ်စဉ်၏ ဥပမာကို ရန်ကုန်မြို့တော်တွင် အထင်အရှား တွေ့နိုင်သည်။ မြို့တော်၏ လူဦးရေ များလာသည်နှင့်အမျှ အုပ်စုဖွဲ့ ရိုက်နှက်မှုများအပါအဝင် ရာဇဝတ်မှု သတင်းများကို ပို၍ စိပ်စိပ်ကြားလာနေရသည်။ ရန်ကုန်၏ ရေလိုအပ်ချက်မှာ တစ်ရက်လျှင် ဂါလန်သန်း ၁၈၀ မျှဖြစ်သော်လည်း လက်တွေ့တွင် ဂါလန် သန်း ၁၆၀ သာ ပေးနိုင်သေးသည်။ ယုဇနမြို့တော်တွင် ရေကောင်းရေသန့် မရသည်မှာ ဆယ်စုနှစ်နှင့်ချီ၍ ကြာနေပြီဟူသော သတင်းမျိုးကို မကြာခဏ ဖတ်လာရသည်။ ကားအရေအတွက် များလာသော်လည်း လမ်းနှင့် တံတားများအရေအတွက်နှင့် အရှည်အသွေးကို လိုက်လျောညီထွေစွာ မမြှင့်တင်နိုင်သဖြင့် ကားကျပ်သော ပြဿနာနှင့် တိုးနေသည်။ ကားကို အမှီပြုရသော လူတိုင်း အထူးသဖြင့် အခြေခံလူတန်းစားများ အလုပ်တက် ဆင်းရာတွင် အချိန်များစွာ ပိုပေးနေရသည်။

ရန်ကုန်၏ လမ်းအတော်များများ အထူးသဖြင့် မြို့လယ်လမ်းများကို မည်သည့်နည်းနှင့်မျှ ထပ်ချဲ့ရန် မဖြစ်နိုင်တော့သည့် အခြေအနေတွင် အထပ်မြင့်အဆောက်အအုံ အသစ်များ ထပ်ဆောက်ရန် မသင့်တော့ဟု ပညာရှင်အချို့က အကြံပြုနေသည့်ကြားမှ ထိုးထွက်လာသည့် တိုက်မြင့်များမှာ လက်ညှိုးထိုးမလွဲအောင် ရှိနေတော့သည်။

လူဦးရေ ယခုလောက် မများသေးစဉ်ကပင် မနိုင်မနင်း ဖြစ်နေခဲ့သည့် အမှိုက်သိမ်းစနစ်မှာ ယနေ့တိုင် အလွန်ရှေးကျသည့် နည်းလမ်းများကို သုံးနေရဆဲဖြစ်၍ မြို့တော်သားတို့၏ ကျန်းမာရေးကို ထိခိုက်နေသည်။

မြို့ပြချဲ့ထွင်မှုသည် ကမ္ဘာ့ဒေသတိုင်းလိုလိုတွင် ဖြစ်ပေါ်နေ၍ လူသားတို့အတွက် အထိအခိုက်အနည်းဆုံး ဖြစ်အောင် စီမံလုပ်ဆောင်ရန် အခက်အခဲ ဖြစ်နေရချိန်တွင် ရန်ကုန်ကဲ့သို့ ပရမ်းပတာ ပြန့်ကားလာသော မြို့တော်ကြီးများကို ကမ္ဘာ့အချို့နေရာများတွင် တွေ့လာနေရသည်မှာ မြို့ပြစီမံကိန်း ပညာရှင်များအတွက် ပို၍ပင် ဦးနှောက်ခြောက်စရာပင် ဖြစ်သည်။

**ကျော်ဦး**



# အသွားပြောတဲ့ ပတ္တမြားပုံပြင်

သိန်းပိုင်

Asian Fame Media Group

**ပတ္တမြားဆိုသည်မှာ**

'ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်' ဟူသော စကားပုံကလေးကို မြန်မာလူမျိုးတိုင်း ကြားဖူးကြမည် ထင်ပါသည်။ အဓိပ္ပာယ်မှာ အရည်အသွေး အလွန်ကောင်းသော ပတ္တမြားသည် ဆန်ကျိုး အရွယ်ပမာဏပင်ရှိစေကာမူ အဖိုးအနဂ္ဃထိုက်တန်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင်လည်း ကမ္ဘာကျော်ပတ္တမြားမောက်၏ အရည်အသွေးကို ပြောမဆုံးနိုင်၊ ဖွဲ့နိုင်းမကုန်၊ တုနှိုင်းမမီ ရှိကြပါသည်။ ပတ္တမြားသည် ကမ္ဘာပေါ်တွင် စိန်ထက်ပို၍ ရှားပါးသောကျောက်မျက်ဖြစ်သောကြောင့် အရွယ်အစားတူ၊ အရည်အသွေးတူ စိန်တစ်ပွင့်ထက် တန်ဖိုးများစွာ ပို၍ ကြီးမြင့်ပါသည်။ ပတ္တမြားသည် ကိုရမ်ဒမ် (Corundum) မျိုးရင်းဝင်



ကျောက်တစ်မျိုးဖြစ်ပြီး ၎င်း၏ မူလဓာတု ဖွဲ့စည်းပုံမှာ အလူမီနီယံ အောက်ဆိုက် ($AL_2O_3$) ဖြစ်ကာ အရောင်မဲ့ ဖြစ်ပါသည်။ ၎င်းအလူမီနီယမ် အောက်ဆိုက်တွင် ခရိုမီယမ်ဓာတ် အနည်းငယ် ပါဝင်လာပါက အနီရောင်သို့ ပြောင်းသွားပြီး ပတ္တမြားဟုခေါ်ကာ သံဓာတ်နှင့် တိုက်တေနီယမ် အောက်ဆိုက်ဓာတ်များ ပါဝင်လာပါက အပြာအနုမှသည်အရင့်အထိ အရောင်အမျိုးမျိုးကို ဖြစ်စေသောကြောင့် နီလာဟု ခေါ်ပါသည်။ ပတ္တမြားနှင့် နီလာသည် ကမ္ဘာပေါ်တွင် စိန် ပြီးလျှင် ဒုတိယ အမာဆုံး တွင်းထွက်များဖြစ်ပြီး မိုး (Mohr) ၏ မာဆင့် စကေးအရ ၉ ဖြစ်ပါသည်။ ထိုကဲ့သို့ အနီရောင်ရှိသော ပတ္တမြားကို အနီရောင် အနုအရင့်ပေါ် မူတည်၍ ပတ္တမြား၏ အရည်အသွေးများကို အရည်အတွက် အကျ အလိုက် အစဉ်လိုက် အားဖြင့် ပျစ်ပျစ်ပြည့်ဝသော အနီရောင်ရှိသည့် ပတ္တမြား၏ ပထမတန်းစားအရည်ကို လည်သီးရည်၊ [illegible]သွေးရည်၊ ခိုသွေးရည်၊ ယုန်သွေးရည် ဟုစသည်ဖြင့် သတ်မှတ်ခေါ်ဝေါ်ကြပြီး ကမ္ဘာ့ ကျောက်မျက်ကုန်သည်လောကတွင် ပန်းရောင် ပတ္တမြားကို ပန်းရောင်နီလာဟုပင် ခေါ်ဝေါ် သမုတ်ကြပါသည်။ ယင်းတို့အထဲတွင် လည်သီးရည်သည် အရည်အသွေး အကောင်းဆုံးနှင့် တန်ဖိုးအမြင့်ဆုံးလည်း ဖြစ်သလို ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးလည်း ဖြစ်ပါသည်။ အချို့ကလည်း ခိုသွေးရည်ကို ကြိုက်နှစ်သက်သူများလည်း ရှိကြပါသည်။

လွန်ခဲ့သော သုံးလေးနှစ်ခန့်က မိတ်ဆွေတစ်ယောက်၏ အကူအညီကောင်းခဲ့မှုကြောင့် ရှေးခေတ်က ပတ္တမြား ဆိုသည်များကို လိုက်လံ ကြည့်ရှုပေးခဲ့ရသော ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ ကျွန်တော့်မိတ်ဆွေ၏ ပြောပြချက်အရ ယင်းပတ္တမြားကို ပိုင်ဆိုင်သူမှာ တစ်ချိန်က မြန်မာဘုရင် မင်းမျိုးမင်းနွယ် အဆက်များမှ ဖြစ်ပြီး

## ဇာတ်လမ်းအစ

ဒီသို့ပါ၍ ယခုဖော်ပြမည့်အကြောင်းအရာမှာ စာရေးသူ၏ ဘဝတစ်ကွေ့တွင် ကြုံတွေ့ခဲ့ရသော မှတ်တွေ့ပုံမြင်များထဲမှ လည်သီးရည်ဆိုသည့် ပတ္တမြားများပင် ဖြစ်ပါသည်။ လွန်ခဲ့သော သုံးလေးနှစ်ခန့်က မိတ်ဆွေတစ်ယောက်၏ အကူအညီကောင်းခဲ့မှုကြောင့် ရှေးခေတ်က ပတ္တမြားဆိုသည်များကို လိုက်လံကြည့်ရှုပေးခဲ့ရသော ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ ကျွန်တော့်မိတ်ဆွေ၏ ပြောပြချက်အရ ယင်းပတ္တမြားကို ပိုင်ဆိုင်သူမှာ တစ်ချိန်က မြန်မာဘုရင်မင်းမျိုးမင်းနွယ်အဆက်များမှ ဖြစ်ပြီး သားစဉ်မြေးဆက်ထိန်းသိမ်းလာခဲ့ကာ ယခု လက်ဝယ်ပိုင်ဆိုင်နေသူမှာလည်း အသက် ၇၈ ကျော်၊ ၈၀ နီးပါးအဘွားအိုတစ်ဦးဖြစ်ပြီး သူမ မသေမီ ယင်းပတ္တမြားကိုရောင်းချ၍ ရရှိလာသော ငွေကြေးဖြင့် အချို့ကို အလှူအတန်းလည်း လုပ်၊ အချို့ကို သားသမီးမြေးမြစ်များကို ခွဲဝေပေးခဲ့ချင်သည်ဟု ဆိုပါသည်။ စာရေးသူလည်း မိတ်ဆွေ၏ ပြောစကားများကြောင့် ငွေရေးကြေးရေးထက် ကုသိုလ်ရေးများလည်း ပါဝင်နေသလို အဘွားအို၏ စိတ်စေတနာနှင့် အခက်အခဲများကို ကူညီဖြေရှင်းပေးလိုသည့်စိတ်ဆန္ဒကြောင့် မိတ်ဆွေအကူအညီတောင်းခံမှုကို လက်ခံလိုက်ပြီး မိမိအိမ်နှင့် အနီးအနားရှိ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်သို့ စုရပ်အဖြစ် ချိန်းဆိုလိုက်ပါသည်။ ချိန်းဆိုထားသည့် နေရာသို့ စာရေးသူ၏ မိတ်ဆွေနှင့်အတူ ၎င်း၏အပေါင်းအသင်း ၃ ယောက်လောက်ပါ ပါဝင်လာသဖြင့် အဘွားအို၏အိမ်သို့ မသွားရောက်မီ လက်ဖက်ရည်သောက်ရင်း စကားစမြည် ထိုင်ပြောကြစဉ် မိမိက ကျောက်မျက်ရတနာများနှင့် ပတ်သက်သည့် အတွေ့အကြုံများကို ပြောပြရင်း စာရေးသူအနေဖြင့် ရှေးခေတ်ကဆိုသည့် ကျောက်များ၊ သားစဉ်မြေးဆက်လက်ဆင့်ကမ်းလာသည်ဆိုသည့် ကျောက်မျက်များ၊ အမွေရသည်ဆိုသည့် ကျောက်များ၊ မျိုးရိုးစဉ်ဆက်မင်္ဂလာဦးလက်ဖွဲ့ပစ္စည်းအဖြစ် ဝတ်ဆင်ခဲ့ရသည့်ကျောက်များစသည့် ကျောက်များကို လူအမျိုးမျိုး အဆင့်အတန်းအမျိုးမျိုး၊ နယ်ပယ်အသီးသီးမှလူများ မိမိထံလာရောက်ပြသဖူးကြောင်း၊ ယင်းကျောက်များသည် ကာလကြာရှင်များက လွန်စွာအဖိုးထိုက်တန်သည်ဟု ထင်မှတ်ထားကြပြီး အားကိုးတကြီးနှင့် မိမိထံလာရောက်ပြသကြသော်လည်း အများအားဖြင့် ယင်းကျောက်များသည် ပတ္တမြားချက်ကျောက်အတုများသာ ဖြစ်နေသည်က များကြောင်းတို့ကို စာရေးသူ၏ အတွေ့အကြုံများအရ ပြောပြကာ ယခုမိမိမိတ်ဆွေမှ လိုက်ပြမည့်ပတ္တမြားများသည်လည်း အရင်ကလို ချက်ကျောက်အတုတွေဖြစ်နေဦးမယ်လို့တောင် မိမိက ရယ်ရွှင်ဖွယ်ရာဟာသနှော၍ပင် ကြိုတင်ပြောလိုက်ပါသေးသည်။ ဤသို့ဖြင့် ပတ္တမြားလည်သီးရည်များကို သွားရောက်ကြည့်ရှုရန်အတွက် ရန်ကုန်မြို့တွင်းမှ အငှားကားဖြင့် ရွှေပြည်သာမြို့နယ်ဆီသို့ ချီတက်လာခဲ့ကြပါသည်။ ရွှေပြည်သာမြို့နယ်သို့သော အခါ စာရေးသူ၏ မိတ်ဆွေများလမ်းပြသည့်အတိုင်း တက္ကသိုလ်မောင်းသမားအား အမောင်းခိုင်းပြီး ရွှေပြည်သာမြို့နယ်ထဲရှိ အခြေခံလူတန်းစားများနေထိုင်ရာ ရပ်ကွက်တစ်ခုအတွင်း ဟိုမေးဒီမေးနှင့်ပင် တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် ပတ္တမြားလည်သီးရည်များပြသမည့် အဘွားအိုအိမ်သို့ ရောက်ရှိခဲ့ပါသည်။

## အတုနှင့်အစစ်

အတုသည် အစစ်ကို တုပရခြင်းကြောင့် အမြင်အားဖြင့် အစစ်ထက်သာအောင် အစစ်ထက် လှပအောင်၊ အစစ်ထက် ပိုမိုဆွဲဆောင်မှုရှိအောင် ပြုလုပ်ရစမြဲ ဖြစ်ပါသည်။ သို့ပါသော်လည်း အပြင်ပန်းအားဖြင့် အတုသည် အစစ်ထက်






ပိုမိုလှပသယောင်၊ ပိုမိုဆွဲဆောင်မှုရှိသယောင် ဖြစ်နေသော်လည်း အနှစ်သာရအားဖြင့် အစစ်သည် အစစ်သာဖြစ်၍ အတုသည်လည်း ဘယ်လောက်ပင်လှလှ အတုသာဖြစ်ပါသည်။ ထိုနည်းတူစွာပင် ကျောက်မျက်လောကတွင် ကျောက်မျက်အတုများသည် ကျောက်မျက်အစစ်များထက် ပိုမိုလှပနေတတ်သော်လည်း အရည်အသွေးအားဖြင့်ရော၊ တန်ဖိုးအားဖြင့်ပါ ကျောက်မျက်အစစ်များနှင့် အဆပေါင်းများစွာ ကွာခြားလှပေသည်။ ယခုအခါ သိပ္ပံပညာရပ်များ ကမ္ဘာပေါ်တွင် တိုးတက်ထွန်းကားလာသည်နှင့်အမျှ အတုအပလုပ်သူများကလည်း ခေတ်မီနည်းပညာသစ်များကို အသုံးပြုလျက်ရှိရာ အဆင့်မြင့်နည်းပညာများနှင့် ထုတ်လုပ်ထားသော ကျောက်မျက်များသည်လည်း အစစ်နီးပါး၊ အစစ်နှင့်သာမန်လူများခွဲခြား၍ မရလောက်အောင်အထိ ပြုလုပ်နေနိုင်ကြပြီဖြစ်၍ ကမ္ဘာပေါ်တွင် အမာဆုံးအရာဝတ္ထုဟု ဆိုထားသည့် စိန်ကိုပင် ဓာတ်ခွဲခန်းတွင် ထုတ်လုပ်နိုင်ပြီဖြစ်ပါသည်။ ထိုနည်းတူစွာပင် ဓာတုဗေဒပတ္တမြားချက်ကျောက်များသည် ၁၈၈၅ ခုနှစ်ကတည်းက စတင်၍ ကမ္ဘာ့ကျောက်မျက်စျေးကွက်တွင် နေရာယူလာပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ရောက်ရှိခဲ့ရာ ယင်းကာလမှစတင်ကာ မြန်မာနိုင်ငံသို့လည်း နိုင်ငံခြားသားသံတမန်များမှ စတင်၍ ဓာတုဗေဒပတ္တမြားအတုများသည်လည်း နည်းမျိုးစုံဖြင့် ရောက်ရှိခဲ့ပါသည်။ ထိုအခါ ပတ္တမြားအတုများသည် ယခုခေတ်လောက် နည်းပညာမမြင့်မားသော်လည်း တွင်းထွက်အစစ်ပတ္တမြားများထက် အပြစ်အနာကင်းအောင်၊ အရောင်များလှပအောင် ထုတ်လုပ်ထားသဖြင့် သာမန်အရည်သွေးရှိ တွင်းထွက်ပတ္တမြားများထက်တော့ အပြင်ပန်းအားဖြင့် ပိုမိုလှပ၍ ဆွဲဆောင်မှုရှိကာ ယင်းခေတ်အခါက အတုပင်ဖြစ်စေကာမူ တန်ဖိုးလည်း အသင့်အတင့်ရှိနိုင်ပါသည်။ ယင်းပတ္တမြားအတုအပများသည် စီးပွားဖြစ် ရောင်းဝယ်ဖောက်ကားမှု မရှိသေးစဉ် ကာလမှာပင် နိုင်ငံခြားသားသံတမန်များမှ ၎င်းတို့နှင့် နီးစပ်ရာ အသိုင်းအဝိုင်းများ မင်းညီမင်းသားများထံသို့ လှပ၍ စွဲမက်ဖွယ်ကောင်းသော ပတ္တမြားအတုများကို အထူးအဆန်း၊ လက်ဆောင်ပစ္စည်းအနေဖြင့်သော်လည်းကောင်း တန်ဖိုးတစ်ခုသတ်မှတ်ကာ ရောင်းချ၍သော်လည်းကောင်း မြန်မာများလက်သို့ ပတ္တမြားအတုများကို သားစဉ်မြေးဆက်၊ မျိုးရိုးစဉ်ဆက် အကြောင်းအမျိုးမျိုးဖြင့် လက်ဆင့်ကမ်းခဲ့ကြသည်များလည်း ရှိမည်မှာ မုချပင် ဖြစ်ပါသည်။

## အဘွားပြောတဲ့ လည်သီးရည်

အဘွားအိုအိမ်ရောက်တော့ အဘွားမိသားစုဝင်များနှင့် ပွဲစားဟု ထင်ရသော အမျိုးသမီး သုံးလေးယောက်မှ ဆီးကြိုကြပြီး အိမ်မဆောင်ကြီးပေါ်တွင် ပဏာမစည်ခံစကား ပြောဆိုကြပါသည်။ ခဏလောက်ကြာတော့မှ ကျောက်ကြည့်ရန်ဆိုပြီး အဘွားမိသားစုဝင်တစ်ယောက်မှ လာခေါ်သဖြင့် စာရေးသူတို့အဖွဲ့သားအားလုံး အိမ်မကြီးပေါ်မှ ဆင်းခဲ့ကြပြီး နောက်အိမ်ဝိုင်းထဲတွင် ဓနိမိုးထရံကာ မျဉ်ခင်း ဆယ်ပေပတ်လည်လောက်သာရှိသည့် တဲသာသာအိမ်ကလေးပေါ်တွင် ကျောက်ကြည့်ရမည်ဖြစ်သဖြင့် ပါလာသောအဖွဲ့သားများအားလုံး အိမ်ပေါ်တက်လိုက်ပါက အိမ်ကမခံနိုင်သည့်က တစ်ကြောင်း အခန့်မသင့်ပါကလည်း အိမ်အလုံးလိုက် ပြိုကျသွားနိုင်သဖြင့် စာရေးသူနှင့်အတူပါလာသော အမျိုးသားမိတ်ဆွေနှစ်ယောက်၊ တစ်ဖက်က ပွဲစားဟုထင်ရသူ အမျိုးသမီး တစ်ယောက်တို့သာ အဘွားနေသည့်အိမ်ပေါ်သို့ တက်ခဲ့ပြီး အဘွားအိမ်ပေါ်တွင် အဘွားနှင့်အတူ အသက် ၅၀ ခန့်ရှိ အဘွားသမီးကြီးဆိုသူ တစ်ယောက် စုစုပေါင်း လူ ၆ ယောက်နှင့်ပင် အဘွားတစ်အိမ်လုံး ပြည့်ကျပ်သွားပါသည်။



ပထမဦးစွာ အဘွားအိုမှ သူမ ပိုင်ဆိုင်သော ရှေးဟောင်းပတ္တမြားကို ခင်းကျင်းပြသနိုင်ရန်အတွက် ကျွန်တော်တို့အားလုံးဝိုင်းဖွဲ့ထိုင်နေသော သင်ဖျူးဖျာပေါ်တွင် တစ်တောင်ပတ်လည်လောက်ရှိ အညာစောင်ခေါက် ခပ်ထူထူကို ချခင်းလိုက်ပါသည်။ ထို့နောက်မှ ယင်းစောင်ခေါက်ပေါ်တွင် အဖြူရောင်ချည်ထည်ပိတ်စခေါက်ကို ထပ်မံခင်းကျင်းလိုက်သောအခါ ယင်းအဖြူရောင်ပိတ်စပေါ်တွင် အနီရောင်ပတ္တမြားများကို ခင်းကျင်းပြသရန် အဆင်သင့် အနေအထားသို့ ရောက်ရှိသွားစေပါသည်၊ ထို့နောက် အဘွားမှ သူမ၏ သံသေတ္တာထဲတွင် သိမ်းဆည်းထားသော အမျိုးသမီးလက်ကိုင်သရေအိတ် အဟောင်းလေးတစ်လုံးကို ထုတ်ယူလိုက်ပါသည်။ ယင်းလက်ကိုင်သားရေအိတ်ထဲတွင်တော့ ကျွန်တော်တို့အားလုံး သိချင်မြင်ချင်နေကြသည့် ပတ္တမြားများရှိနေပြီး အဘွားအိုမှ လက်ကိုင်အိတ်၏ဇစ်ကို ဆွဲဖွင့်လိုက်ကာ သားရေအိတ်ထဲမှ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်စည်းထားသော အထုပ်တစ်ထုပ်ကို ဆွဲထုတ်ယူလိုက်ပါသည်။ ယင်းကြွပ်ကြွပ်အိပ်အထုပ်ကို ဖြေလိုက်သည့်အခါတွင် ထိုအထဲမှဒန်ဖြင့်ပြုလုပ်ထားသော ဘူးနှင်းကြီးဆွမ်းဟင်းခွက်အဟောင်းတစ်လုံး ပေါ်ထွက်လာပြီး ယင်းဆွမ်းဟင်းခွက်ထဲတွင် ဂွမ်းစများဖြင့် ရောထွေးလျက် ပတ္တမြားများကို ထည့်သွင်းသိမ်းဆည်းထားရာမှ ပတ္တမြား တစ်ပွင့်ချင်းစီ ထုတ်ယူကာ အဖြူရောင်ပိတ်စပေါ်တွင် စတင်ခင်းကျင်းပြသပါတော့သည်။

အဖြူရောင်ပိတ်စပေါ်တွင် ခင်းကျင်းပြသထားသော အဘွားအို၏ ပတ္တမြားများကို ကြည့်လိုက်သောအခါ စုစုပေါင်း ပတ္တမြား ၅ ပွင့်ဖြစ်ပြီး အလေးချိန် ၃ ကာရက်ခန့်စီ ပတ္တမြားလုံးချောတစ်ပွင့်နှင့် အကွက်ဖော်သွေးထားသော ပတ္တမြားတစ်ပွင့်၊ အလေးချိန် ၁၀ ကာရက်နီးပါးစီရှိ ငွေဖြင့် လက်စွပ်ကွင်းထားသော လုံးချောပတ္တမြား ၂ ပွင့်နှင့် ရွှေဖြင့် ဆွဲသီးလုပ်ထားသော အကွက်ဖော်သွေးထားသည့် ပတ္တမြားတစ်ပွင့်တို့ ဖြစ်ကြပါသည်။ ပတ္တမြားများကို ပိတ်ဖြူစပေါ်တွင် ခင်းကျင်းပြသပြီးသည်နှင့် တစ်ပြိုင်နက်ဆိုသလို ပင် အဘွားက ဆက်တိုက် ပြောပြသည်မှာ ယင်းပတ္တမြားသည် လည်သီးရည်များဖြစ်သဖြင့် တန်ဖိုးအလွန်မြင့်မားကြောင်း ဘယ်လူကြီး၏ ကိုယ်ရေးအရာရှိများကိုယ်တိုင် လာရောက်ကြည့်ရှု ဖူးကြောင့် သူတို့အနေဖြင့် ပစ္စည်းကိုကြိုက်နှစ်သက်ပါသော်လည်း စျေးမတတ်နိုင်သဖြင့် ပြန်သွားခဲ့ကြောင်း၊ ၎င်းကျောက်များကို (. . . . .) ကျောက်မျက်ဓာတ်ခွဲခန်းတွင် သွားရောက်စစ်ဆေးခဲ့ရာ ယင်းကျောက်မျက်ဓာတ်ခွဲခန်းမှ ဆရာမဒေါက်တာ (. . . . .) ကိုယ်တိုင်က စစ်ဆေးပေးခဲ့ပြီး လက်မှတ်ထိုးပေးခဲ့ကြောင်း၊ ယင်းပတ္တမြား၏မာဆင့်မှာ ၉.၅ ရှိပြီး စာရွက်၏အောက်ခြေ၌ 'Mineral



Collective Stone' ဟု မှတ်ချက် ရေးထားကြောင်း၊ ထို့ကြောင့် ယင်းပတ္တမြားများမှာ တွင်းထွက်အစစ်အမှန်များ ဖြစ်ကြောင်း၊ ယခုအခါ ပတ္တမြားတူးသူများသည် လောဘတက်ကာ တောင်ကို အလုံးလိုက်ဖြိုချ၍ တူးကြသဖြင့် လည်သီးရည်ပတ္တမြားများ မထွက်တော့ဘဲ သီလဂုတ်များသာ ထွက်ရှိတော့ကြောင်း၊ ယင်းပတ္တမြားများကို အပူချိန် ၃၅၀ ဒီဂရီအထိ ပေးလိုက်သော်လည်း လုံးဝအရောင်ပြောင်းလဲသွားခြင်းမရှိဘဲ နဂိုအရောင်အတိုင်းသာ နီရဲနေကြောင်း စသည်တို့ကို စီကာပတ်ကုံး ပြောပြနေပါသည်။

ထိုအခါ စာရေးသူမှ အဘွားကျောက်မျက် ဓာတ်ခွဲခန်းတွင် သွားရောက်စစ်ဆေးခဲ့သော လက်မှတ်ကို ပြပါဟု ဆိုရာ အဘွားမှ ပွဲစားများ ယူသွားသဖြင့် သူ့မထံတွင် မရှိတော့ကြောင်း၊ ဒါဆိုလည်း မိတ္တူရှိပါက မိတ္တူကိုပြသရန် မိမိမှ ဆက်လက်ပြောကြားရာ မိတ္တူများလည်း ထိုကဲ့သို့ပင်၊ ဟိုလူယူဒီလူယူနှင့် သူ့မလက်ထဲတွင် တစ်စောင်မျှမရှိကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ ထိုအခါမှ မိမိမှ ဆက်လက်၍ အဘွားပြောသော ကျောက်မျက် ဓာတ်ခွဲခန်း၏ အမည်ကို သိရှိပါကြောင်း၊ သို့ပါသော်လည်း ယင်းကျောက်မျက် ဓာတ်ခွဲခန်းတွင် အဘွားပြောသော ဆရာမ ဒေါက်တာ (......) ဆိုသည်ကို မိမိ မကြားဖူးကြောင်း ပြန်လည်ပြောဆိုသောအခါ အဘွားက ယင်း ဆရာမ၏ အမည်ကို ပင် ထပ်ခါထပ်ခါ ပြန်လည် ပြောဆိုနေသဖြင့် စာရေးသူကလည်း ယင်းကျောက် မျက်ဓာတ်ခွဲခန်းမှ လူကြီးများနှင့် ဆရာ၊ ဆရာမ များ၏ အမည်များကို ပြန်လည် ပြောပြခဲ့ပါသည်။ အဘွားသည် ငယ်စဉ်က အင်္ဂလိပ်မစ်ရှင်ကျောင်းများတွင် ကျောင်းတက်ခဲ့ပုံ ပေါ်ပါသည်။ အဘွား ပြောသော အင်္ဂလိပ်အသံထွက်မှာ ဗိုလ်သံပေါက် နေသော်လည်း အဘွားပြောသော အင်္ဂလိပ်စာ အသုံးအနှုန်းများမှာ မှားယွင်းနေပါသည်။ အဘွားပြောသော ကျောက်မျက်ဓာတ်ခွဲခန်းမှ ထုတ်ပေးလိုက်သော လက်မှတ် အောက်ခြေတွင် မှတ်ချက်အနေဖြင့် 'Mineral Collective Stone' ဟု ရေးသားထားသည် ဆိုခြင်းမှာ အဘွားက သူ့စိတ်ကူးဖြင့် မှန်းဆ၍ ပြောခြင်းသာဖြစ်နိုင်ပြီး ကျောက်မျက်အစစ်အမှန်ကို 'Genuine' ဟုသာ သုံးနှုန်းဖော်ပြလေ့ရှိပြီး 'Mineral' ၏ အဓိပ္ပာယ်မှာ တွင်းထွက်၊ Collective ၏ အဓိပ္ပာယ်မှာ 'စုပေါင်းသော' နှင့် 'Stone' ၏အဓိပ္ပာယ်မှာ ကျောက် (သို့) ကျောက်မျက် ဖြစ်ပါသည်။ သို့ပါ၍ အဘွားပြောသော အင်္ဂလိပ်စကားလုံးများကိုလည်း မိမိမှနားမလည်ကြောင်း ပြန်လည်ပြောကြားခဲ့ရပါသည်။ တစ်ဖန် ပတ္တမြား၏ မာဆင့်မှာ ၉. ၅ ရှိသည်ဟုဆိုရာတွင်လည်း ကျောက်မျက်နှင့် တွင်းထွက်များ၏ မာဆင့်များကိုတိုင်းတာ ပြောဆိုရာတွင် မိုး၏ မာဆင့် စကေး (Mohr's Handness Scale) အရ ၁ မှ ၁၀ အထိ သတ်မှတ်ထားရှိပြီး စိန်သည် ၎င်းစကေးပေါ်တွင် အမာဆုံးအရာဝတ္ထု ၁၀ ဟု သတ်မှတ်ကာ ဒုတိယအမာဆုံးဖြစ်သည့် ကိုရမ်းဒမ် မျိုးရင်းဝင် ပတ္တမြားနှင့် နီလာတို့၏ မာဆင့်သည် ၉ ဖြစ်ပါသည်။ ယင်းမာဆင့်တန်ဖိုးများသည်လည်း ကျောက်မျက် တွင်းထွက်များ၏ ပကတိမာဆင့် တန်ဖိုးများ မဟုတ်ဘဲ နှိုင်းရမာဆင့်တန်ဖိုးများသည်သာ ဖြစ်ပါသည်။ အဘွားပြောသောကျောက် တူးသူများ၏ လောဘကြောင့် တောင်များကို အလုံးလိုက်ဖြိုလိုက်သဖြင့် လည်သီးရည် ပတ္တမြား မထွက်တော့ဘဲ သီလဂုတ်များသာ ထွက်တော့သည်ဆိုသည့် စကားရပ်မှာ သီလဂုတ်သည် 'မကြောင်' ကျောက်မျက်အုပ်စုဝင် ကျောက်တစ်မျိုးဖြစ်ပြီး နဝရတ် ၉ ပါးကျောက်မျက်ထဲတွင် အများဆုံး ထည့်သွင်း အသုံးပြုကြပါသည်။ သီလဂုတ်ကြောင်များကို မိုးကုတ်ရတနာမြေမှ ထွက်ရှိသော်လည်း အနည်းငယ်သာ ထွက်ရှိသဖြင့် အများစုမှာ အိန္ဒိယနိုင်ငံမှ မြန်မာ့ကျောက်မျက် ဈေးကွက်သို့ လာရောက်ရောင်းချသော ကျောက်များသာ ဖြစ်ပါသည်။

သီလဂုတ်နှင့် ပတ္တမြားတို့သည်လည်း သဘာဝတွင် ဖြစ်တည်ပုံခြင်းလည်း မတူညီကြပါ။ သီလဂုတ်သည် ခရိုင်ဆိုဗာရယ် ကျောက်အုပ်စုဝင် ကျောက်မျက်တစ်မျိုး ဖြစ်ပါသည်။ နောက်တစ်ခါ အဘွားပြောသည့် ပတ္တမြားကို ၃၅၀ ဒီဂရီအထိ အပူပေးသည်ဟု ဆိုရာတွင်လည်း ကျောက်မျက်ဓာတ်ခွဲခန်းတွင် အပူပေး၍ စမ်းသပ်ခြင်းမျိုးမရှိဘဲ ကျောက်မျက်များကို မီးဖုတ်ပြုပြင်ခြင်း ပြုလုပ်မှသာလျှင် အထူးစီမံပြုလုပ်ထားသော အဆင့်မြင့်မီးဖိုများဖြင့် ဒီဂရီတစ်ထောင်ကျော်သည်အထိ မီးဖုတ်ထားခြင်းမျိုးသာ ရှိပါသည်။

သို့ပါသော်လည်း ကျောက်မျက်ဓာတ်ခွဲခန်းတွင် ပတ္တမြားစစ် မစစ် စမ်းသပ်စစ်ဆေးရာတွင် ခရမ်းလွန်ရောင်ခြည်ကို အသုံးပြု၍ စစ်ဆေးခြင်းကို ကျောက်မျက်လောက၌ အရပ်စကားအားဖြင့် 'မီးအောင်သည်' 'မီးစမ်းသည်' စသည်ဖြင့် ပြောဆိုသုံးနှုန်းခြင်းကို သံယောင်လိုက်၍ အဘွားမှ စိတ်ကူးဖြင့် ပြောဆိုခြင်း ဖြစ်နိုင်ပါသည်။

အမှန်မှာ ပတ္တမြားကို အပူပေး၍ စမ်းသပ်ခြင်းမျိုးမဟုတ်ဘဲ ပတ္တမြားတွင် ခရိုမီယမ်ဓာတ်အနည်းငယ်ပါဝင်ခြင်းကြောင့် ခရမ်းလွန် ရောင်ခြည်အောက်တွင် ရဲရဲနီနေသော မီးခဲတဲ့သို့ အနီရောင်တောက်ခြင်းသည် ပတ္တမြား အစစ်၏ တွင်းထွက်ဂုဏ်သတ္တိတစ်ခုဖြစ်ပြီး ယင်း ဂုဏ်သတ္တိကို ကျောက်မျက်ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးနိုင်ကာ ဈေးကွက်ထဲမှ ကျောက်သမားများ အခေါ်အားဖြင့် 'မီးစမ်းသည်' ဟုခေါ်ဆိုပြီး 'မီးအောင်' မှသာ ပတ္တမြားစစ်သည်ဟုလည်း ပြောဆိုကြပါသည်။ နောက်ဆုံးတွင် အဘွားပြောသည့် စကားများသည် တစ်ခုမှ အမြီးအမောက် မတည့်ပါ။ သူမ၏ ပတ္တမြားအားလုံးသည် လည်သီးရည်များဖြစ်သဖြင့် သိန်းထောင်ချီ၍ တန်သည်ဟုသာ ပြောဆိုနေပါသည်။ ဤသို့ဖြင့် စာရေးသူလည်း အဘွားခင်းကျင်းပြသထားသော ပတ္တမြား ၅ ပွင့်စလုံးအား ကျောက်ကြည့်မှန်ဘီလူးလေးဖြင့် ကြည့်လိုက်သည့်အခါတွင်တော့ တွင်းထက် အစစ်များတွင် ပါဝင်နေကြဖြစ်သော အမှတ် လက္ခဏာများနှင့် ဂုဏ်သတ္တိများကို လုံးဝမတွေ့ရှိရဘဲ ဓာတုဗေဒချက်ကျောက်များတွင် တွေ့ရလေ့ရှိသော ကျောက်သားအတွင်းထဲ၌ လေပူဖောင်းကလေးများနှင့် အရစ်လိုက်ဖြစ်ပေါ်နေတတ်သော ကြီးထွားလမ်းကြောင်းများကိုသာ တွေ့ရှိရသဖြင့် မိမိကလည်း အဘွားအိုကို အားနာပါးနာနှင့်ပင် အဘွားရဲ့ ကျောက်တွေအားလုံးက 'ပြင်သစ်ချက်ကျောက်' တွေပါဟု ပြောလိုက်သည့်အခါတွင်တော့ ဘေးမှ ဝိုင်းထိုင်ကြည့်နေကြသော စာရေးသူ၏ မိတ်ဆွေအဖွဲ့နှင့် ပွဲစားဟုထင်ရသူ အမျိုးသမီးတစ်စုသည်လည်း အံ့အားသင့်စွာနှင့် ဟာခနဲ၊ ဟင်ခနဲဖြစ်သွားကြကာ အဘွားအို၏ မျက်နှာမှာလည်း ရှုံ့မဲ့သွားပါတော့သည်။ ဤသို့နှင့်ပင် မိမိတို့ အဖွဲ့သည်လည်း ရွှေပြည်သာမြို့တော်ဆီမှ လည်သီးရည်ဟုဆိုသော ပတ္တမြားကြီး ၅ လုံးအား ကြည့်ရှုအပြီး အငှားယာဉ်ငှား၍ ရန်ကုန်မြို့ထဲသို့ ပြန်လာရာလမ်းတွင် ဇာတ်ထဲမှ လူရွှင်တော်ပြောသော 'ကိုယ့်ထက် ကြီးရင် ကိုယ့်ထက် ဖြီးတယ်၊ ကိုယ့်ထက်ငယ်ရင် ကိုယ့်ထက်လည်တယ်၊ မောင်မင်းသတိထား' ဆိုသည့် စကားရပ်ကို အမှတ်မထင် သတိရမိနေပါတော့သည်။

သိန်းဝိုင် (M.Engg.Geol.)

Asian Fame Media Group

# For Tune Lyrics Contest ဆုပေးပွဲ အခမ်းအနား




For Tune Lyrics Contest (Hip Hop/ R & B) ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂၃ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။ For Tune Lyrics ပြိုင်ပွဲတွင် မွေးရပ်မြေသီချင်းဖြင့် ပထမဆုရရှိသူ MC Bay Gyi ကို ဆုငွေ ၁၀ သိန်း၊ 'ရပ်ကွက်ထဲက နတ်သမီး' သီချင်းဖြင့် ဒုတိယဆုရရှိသူ Arkan Rhymelay ကို ၇ သိန်း၊ 'မန္တလေးမြို့တော်' သီချင်းဖြင့် တတိယဆုရရှိသူ ဗထူးကို ၅ သိန်း ဆုချီးမြှင့်ခဲ့ပြီး နှစ်သိမ့်ဆုများ ရရှိသွားကြသော ဆလိုင်း၊ မိုင်း၊ ဖွဲ့ တို့ကို ဆုငွေကျပ် ၂ သိန်းစီချီးမြှင့်ခဲ့ကြသည်။ For Tune မှ ထုတ်လွှင့်ပြသသော Lyric Contest နှင့် စပ်လျဉ်း၍ ကောင်းထက်ဇော်က ရှင်းလင်းပြောကြားရာတွင် ပရိသတ်မသိသေးသည့် မျိုးဆက်သစ်များကို သိရှိမည့် အခွင့်အရေးရရှိစေရန် ဖန်တီးပြုလုပ်ပေးခြင်းဖြစ်ကြောင်း For Tune Channel သည် မျိုးဆက်သစ်များဖြင့် ဖန်တီးထားခြင်းဖြစ်ကြောင်းကို သိရသည်။

## Myanmar Beverage Co.,Ltd မှ ထုတ်လုပ်သည့် Sunkist အချိုရည်ကို စာနယ်ဇင်းမိတ်ဆက်



Myanmar Beverage ကုမ္ပဏီမှ ထုတ်လုပ်ပြီး Myanmar Distribution Group ကုမ္ပဏီလီမိတက် (MOG) က ဖြန့်ချိမည့် Sunkist အချိုရည် စာနယ်ဇင်းရှင်းလင်းမိတ်ဆက်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်မွန်းလွဲ ၂ နာရီက Park Royal ဟိုတယ်၊ ပတ္တမြားခန်းမ တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင်Sunkist (လိမ္မော်) အချိုရည် ထုတ်လုပ် ဖြန့်ချိပုံများကို MD ဦးအောင်ဇော်သိန်းနှင့် Creative ဒါရိုက်တာ ဦးကျော်ယွန်းဇော်မြင့် တို့က ရှင်းလင်းပြောကြားခဲ့ကြသည်။ ယခု ထုတ်လုပ်ဖြန့်ချိလိုက်သည့် Sunkist အချိုရည်သည် လက်ရှိဈေးကွက် အတွင်းရှိနေသည့် မလေးရှားနိုင်ငံမှ တင်သွင်းသောဘူးများကဲ့သို့မဟုတ် ၃၃၀ မီလီမီတာ အပြည့်ပါရှိကာ ISO 22000 Standard နှင့်အညီ ထုတ်လုပ်ထားကြောင်း သိရသည်။

## Treasure Land မဂ္ဂဇင်း စတင်ထုတ်ဝေခြင်း မိတ်ဆက်



ပတ္တမြားစာစဉ်နှင့် Treasure Land အဖွဲ့က စီစဉ်ထုတ်ဝေလိုက်သည့် Treasure Land မဂ္ဂဇင်း စတင်ထုတ်ဝေခြင်း အခမ်းအနားကို နိုဝင်ဘာလ ၃၀ ရက်နေ့က စင်ထရယ်ဟိုတယ်၊ ပတ္တမြား ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် စာရေးဆရာ ထက်နိုင် (တလုပ်မြို့)၊ စာရေးဆရာ ကြည်မင်းနှင့် စီစဉ် ထုတ်ဝေသူ ဦးသန်းနိုင်တို့က အမှတ်တရ စကားများ ပြောကြား၍ မဂ္ဂဇင်း အကြောင်း ရှင်းလင်း မိတ်ဆက်ခဲ့ကြသည်။ Treasuer Land မဂ္ဂဇင်းသည် ကျောက်မျက်နှင့် လက်ဝတ်ရတနာများကို ကိုယ်စားပြု ဖော်ပြမည့် မဂ္ဂဇင်းဖြစ်သော်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ဘဝ အောင်မြင်ရေးနှင့်တကွ ရသစာပေ အနုပညာပိုင်းကိုပါ စုံလင်စွာ ဖော်ပြမည့် မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။

## POND'S ချစ်သူများအတွက် ကျင်းပသည့် POND'S moment with Nay Toe

POND'S အလှကုန်ကို မြတ်နိုးစွာသုံးစွဲကြသူများအတွက် တုံ့ပြန်သည့်အနေဖြင့် ပြုလုပ်သော POND'S Moment with Nay Toe ကို နိုဝင်ဘာလ ၁၈ ရက် ညနေ ၄ နာရီက Espace Avenir တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ညနေခင်းပွဲတွင် သရုပ်ဆောင်နေတိုးနှင့်အတူ မေးခွန်းများ မေးခြင်း၊ အပြန်အလှန်သရုပ်ဆောင်ခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ POND'S ကုန်ပစ္စည်းတစ်သောင်းဖိုးဝယ်ယူလျှင် ကံစမ်းမဲနှိုက်ပြီး ပွဲဝင်ခွင့်ကို စီစဉ်ပေးခြင်းဖြစ်ကြောင်း ကန်တော်ကြီးပန်းခြံရှိ White Rice Resturant တွင် သရုပ်ဆောင်နေတိုးနှင့်အတူ ညစာစားခွင့်များကို ပျော်ရွှင်ရင်ခုန်ဖွယ် ဖန်တီးပေးခြင်းများဖြစ်ကြောင်း သိရသည်။




Asian Fame Media Group



Asian Farming Media Group



ရည်ညွန်းဖွဲ့သီ ချစ်သူဆီ

# ပြီးဆုံးသွားသော အတိတ်စာမျက်နှာပေါ်မှ လွမ်းချင်းတစ်ပုဒ်

လဝန်းဖြူစင်

Asian Fame Media Group

**"လဝန်း** ဒီမှာဘယ်သူလဲလို့ ပြောလိုက်ပါဦး"ချင်းပြည်နယ်မှာ တာဝန်ကျနေသည့် ယောက်ျားယယ်ချင်း ဘုတ်ဘုတ်အသံကြောင့် "လဝန်းပါရှင်" လို့ပြန်ထူးလိုက်သည်။

"လဝန်း" မျှော်လင့်မထားသော တစ်ချိန်က အတိအကျ ပြောရရင် လွန်ခဲ့သော အနှစ် ၃၀ က လဝန်းကို သိပ်ချစ်တယ်လို့ ပြောခဲ့သော လဝန်းကလည်း နက်နက်ရှိုင်းရှိုင်း မြတ်နိုးတွယ်တာခဲ့ရသော အချစ်ဦးရယ်လေ။ "မောင် တကယ်မသိခဲ့ ဘူးကွာ ခုဘုတ်ဘုတ်ပြောမှ အရမ်းအံ့ဩပြီး လဝန်းအတွက် စိတ်မကောင်းဖြစ်ရတယ်" "၃ နှစ် တောင်ပြည့်တော့မယ် ကိုမောင်" "လဝန်းသားလေးက အရမ်းလိမ္မာတယ် တော်လည်းတော်တယ်ဆို၊ လဝန်းသားလေးအတွက် လဝန်း အားတင်းထားရမယ်နော်"တဲ့၊ပျောက်ဆုံးနေသော ဘဝအစိတ်အပိုင်းတစ်ခု ပြန်ရလိုက်သည့်နှယ် ခံစားခဲ့ ရသည်၊ မောင့်ရဲ့ အသံတွေက ဟိုးတုန်းကလို တိကျပြတ်သား နေတုန်းပဲ၊ နှစ်ပေါင်းလပေါင်းများစွာ လဝန်းကို အချစ်ရဲ့ အေးမြခြင်း၊ ကြည်နူးခြင်း၊ ညွတ်နူးပျော်ဝင်ခြင်း၊ ခါးသီးခြင်း၊ ပူလောင်ခြင်း၊ ရက်စက် ခြင်း၊ ကြေကွဲခြင်း ရသပေါင်းများစွာပေးခဲ့သူ မောင့် 'အသံက လက်ကိုင်ဖုန်းလေးကတစ်ဆင့် လဝန်းရင်ထဲကို စူးနစ်စီးဝင်သွားသလိုပါ။

လဝန်း မအိပ်ချင်သော်လည်း အိပ်ရာပေါ် အသာလှဲရင်း လွတ်လပ်စွာဖြင့် စိတ်ရှက်လွင့်ခဲ့မိသည်။ ဘာရယ်ကြောင့်မသိ ခင်ပွန်းသည်ဆုံးသည့်နေ့က ကျခဲ့သည့်မျက်ရည်တွေ ၃ နှစ်လုံးခန်းနေခဲ့သည်ပဲ။ လဝန်းက မျက်ရည်မလွယ်တတ်၊ အားတိုင်း မျက်ရည်ကို အသုံးပြုတတ်သည့် မိန်းမတွေကိုလည်း မကြိုက်ခဲ့ ။ သည်တစ်ခါတော့ လဝန်းမငိုတတ်တာမဟုတ်၊ ငိုရမှာကြောက်နေတာလို့ ကိုယ့်ကိုယ်ကိုယ်သုံးသပ်မိသည်။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် လဝန်း၏ လက်ရှိ ဖြစ်ပေါ်နေသော စိတ်ခံစားချက်ကို ပြန်ပြီး သရုပ်ခွဲကြည့်မိသည်။ ဘာကြောင့်များ ဝမ်းပန်းတနည်း ကြေကြေကွဲကွဲ ခံစားမိပါလိမ့်။ "လဝန်း အားတင်းထားရမယ်နော်" လို့



မောင်ပြောခဲ့ပေမယ့် မျက်ရည်တွေတွေ ကျခဲ့သည်။ အပြင်ဘက် ဝရန်တာမှ သားလေးရဲ့ဂစ်တာသံနဲ့အတူ လေးဖြူရဲ့ 'စာမျက်နှာ ၁၅' တေးသွားက လဝန်းနားထဲ ပျံ့လွင့်ဝင်ရောက်လာသည်။ . . . အတိတ်တွေက မှုန်ဝါးပေမယ့် ငါတို့နှစ်ဦး ဇာတ်လမ်းမှာ တချို့နေရာက အကောင်းတိုင်း ရှိနေဆဲပါပဲ။ ဟိုတစ်ကွက် သည်တစ်ကွက် ပိတ်သားထက် အရင်လို ကြည့်မကောင်းပေမယ့် မြင်ရတယ် . . . အပေါ်ယံ ရှပ်ထိသော ဒဏ်ရာမဟုတ်တော့ လွယ်ကူစွာနဲ့ ငါ မေ့မရဘူးကွယ် . . . နှစ်တွေ လတွေက အတော်ကြာပြီပဲ . . .

သားလေးအသံနဲ့အတူ လဝန်းရဲ့အတွေးထဲမှာ ဟိုးလွန်ခဲ့သည့်နှစ်တွေဆီက မိတ္ထီလာဒေသ ကောလိပ်ကျောင်းသူလေး လဝန်း ဖြူနှင့် သာမန်စစ်ဗိုလ်လေးတစ်ဦးရဲ့ အချစ်ဇာတ်လမ်းလေးက နေရာယူလာခဲ့ပါသည်။

၁၀ တန်းအောင်ခါစ လဝန်းဖြူ တစ်ယောက် ကျောင်းပေါင်းစုံ ရန်ပုံငွေပဒေသာကပွဲတစ်ခုမှာ သီချင်းဆိုဖြစ်သည်။ မောင်က သည်မြို့က ခ. လ. ရမှာ တာဝန်ကျနေတဲ့ စစ်ဗိုလ်လေးပေါ့။ သံစဉ်လေးတွေနဲ့ ပျော်နေတတ်တဲ့ လဝန်းကို သီချင်းလေးတွေကို မြတ်နိုးတဲ့မောင်က "ဒီကောင်မလေးက ဖြူဖြူချောချော သွယ်သွယ်လေး သီချင်းဆိုပြီးတော့ အိမ်က လာကြိုတဲ့ ကားပေါ် ပါသွားတယ်။ အဲဒီကတည်းက မောင် လဝန်းကို သဘောကျခဲ့တာ" လို့ ပြန်ပြောပြခဲ့သည်။ ဒီလိုနဲ့ မိတ္ထီလာဒေသ ကောလိပ် 1st Batch မှာ တက်ရင်း မောင်နဲ့လဝန်းတို့ ချစ်ခဲ့ကြသည်။ မောင်က စစ်သားမို့ တွေ့ရတဲ့အချိန်က နည်းပါးခဲ့ပါသည်။ အဲဒီအချိန်က စစ်ဗိုလ်တွေကို မျိုးတိုင်းကြိုက်တဲ့ နှင်းဆီခိုင် လို့ တင်စားကြပေမယ့် လဝန်းချစ်တာ မောင့် ကိုပါ။ လဝန်းအေးမှာ Propose လုပ်တဲ့သူတွေ အများကြီးထဲက မောင့်ကို ချစ်ခဲ့တာ။ မောင့်ရဲ့ မျက်မှောင်အောက်စိုက်စိုက်လေးတွေရယ်၊ မောင့်ရဲ့ အပြုံးချိုချိုရယ်၊ မျက်ဝန်းညိုညိုကြည်ကြည်လေးတွေရယ်ကို လဝန်းမြတ်နိုးတွယ်တာခဲ့ရပါသည်။ မောင့်ရဲ့ အချစ်တွေကြောင့် ခမ်းနားသော အေးချမ်းခြင်းအလျှဉ်တစ်ခု လဝန်းအသည်းနှလုံးထဲ ပျော်ဝင်စီးဆင်းခဲ့ဖူးသည်။ မောင် ရှေ့တန်းထွက်တဲ့အခါ ကိုင်းကေးချိုင်ရဲ့ 'မောင်မနေတတ်ဘူး' သီချင်းထဲက စာသားလေးတွေနိုးပြီး လွမ်းစာသီခဲ့ဖူးပါသည်။ ရှေ့တန်းက ပြန်လာတဲ့အခါ ဘုတ်ဘုတ်ကို Bodyguard လုပ်ပြီး မိတ္ထီလာကန်ပတ်လမ်းမှာ မောင့်လက်ကို တွဲ၍ လေနုအေးအေးလေးတွေ ရှူရှိုက်ရတာ ရင်ထဲမှာ အကြားမလပ် ပြည့်စုံသွားသလိုလည်း ခံစားခဲ့ရဖူးပါသည်။ ရေဆင်းဆည်မှာ ရေကူးပြီးအပြန် မောင်တို့စစ်ကားကြီး ရထားသံလမ်းပေါ် ပျက်နေတုန်း ရထားကြီးလာလို့ လဝန်းတို့ တစ်ဖွဲ့လုံး ဆင်းပြီးတွန်းခဲ့ကြရတာလည်း အမှတ်တရ ဟာသပါပဲနော်။ စက်ပစ်ကွင်းကို လဝန်းတို့ အဖွဲ့လိုက် နှောင့်ယှက်ကြတာ၊ ရေပြာ ဝေါက်ကွင်းမှာ သီချင်း သွားဆိုကြတာ၊ တောင်ငူဘက်က သာမှိုတောင်ရွာလေးကို မောင် ရှေ့တန်းထွက်ရတော့ မောင်နဲ့ တွေ့ချင်လို့ တောင်ငူ တန်ဆောင်တိုင်ပွဲ အကြောင်းပြ၊ ဒရိုင်ဘာဦးထွေးကြီးကို ကပ်ချွဲပြီး တောင်ငူကို လဝန်းတို့အုပ်စု ချီတက်ခဲ့ကြတာ။ တောင်ငူဈေးထဲမှာ မောင် နဲ့ လျှောက်ကြည့်ပြီး စားကြ သောက်ကြတာ အမှတ်တရ များစွာပါပဲ။

မောင်က လဝန်းထက် ၈ နှစ်တောင်ကြီးတော့ အစ်ကိုကြီးတစ်ယောက်လိုလည်း Guide လိုင်းပေးတတ်သည်။ စစ်ဗိုလ်မို့ လဝန်းကို ပုံစံပေးချင်သည်။ ဆရာလည်း လုပ်တတ်သည်။ လဝန်းကို စိတ်မကြည်ရင် "တော်စမ်းပါကွာ" လို့ အော်တတ်သည်။ လူချင်းမတွေ့ရင်တောင် စာထဲကနေ "တော်စမ်းပါကွာ" လို့ ထည့်ရေးတတ်သည်။ လဝန်းကို မိန်းမဆန်လို့ ချစ်တာဆိုလို့ မိန်းမဆန်တယ်ဆိုတာ ဘာရယ်လို့ Define မလုပ်တတ်ပေမယ့် အတတ်နိုင်ဆုံး မောင့်စိတ်ကြိုက်ပုံစံဖြစ်အောင် နေပေးခဲ့သည်လေ။ သည်လိုနဲ့ မောင်နဲ့ လဝန်းရဲ့ဘဝမှာ အနာဂတ်စိတ်ကူးလေးတွေနဲ့ ပျော်စရာကမ္ဘာလေး ဖြစ်လာလိမ့်မယ်လို့ စိတ်ကူးယဉ်ခဲ့ရသည်။ တကယ်ဖြစ်လာမယ့် အချိန်ကိုလည်း ရင်ခုန်မျှော်လင့်နေမိသည်။

ဒေသကောလိပ် ၂ နှစ်ပြီးတော့ လဝန်း ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသူအဖြစ် ရတနာဆောင်ကို ရောက်ခဲ့သည်။ ရန်ကုန်မပြောင်းခင် မောင်က ရှေ့တန်းကနေ ဇထူးမှာ သင်တန်းတက်ရမယ်၊ သာစည်ကို လာတွေ့နိုင်ရင် လာတွေ့ပေးပါဆိုလို့ သူငယ်ချင်း မလှပြုံးနဲ့ မနက်အစောကြီး မိတ္ထီလာကနေ သာစည်ဘူတာကို လာခဲ့သည်။ ရထားပေါ်မှာ လူတွေသာ ကုန်သွားသည်၊ မောင့်ကို မတွေ့ရ၊ လဝန်း ရှက်လည်းရှက် မာနကိုပါ ထိပါးသလို ခံစားခဲ့ရသည်။ ရထားချင်းမှားနိုင်သည်ကို မတွေးဘဲ လဝန်းမလာလို့ မတွေ့တာပေါ့၊ သူငယ်ချင်းတွေကြားမှာ သူရှက်ခဲ့ရသည်ဟု ဆိုသည်။ "တော်စမ်းပါကွာ" ဟုလည်း ဖုန်းထဲက အော်သည်။ ဥပဒေကျောင်းသူကြီး ဖြစ်သွားပြီဆိုတော့ ရန်ကုန်တက္ကသိုလ်မှာ ချိုပြုံးရဲ့ တက္ကသိုလ်ကျောင်းက ငွေလမင်းသီချင်းလို "မိတ်ဆွေ အပေါင်းအသင်းဖြစ်သွားကြရာက စိတ်အနေပြောင်းရင်း ချစ်သွားကြတာတွေ" မောင်တော့ ကြိုမြင်နေသေးတယ်ဟု ဆိုသည်။ "မင်း မောင့်ကို တကယ်မချစ်ပါဘူးကွာ" လို့လည်း စွပ်စွဲချက်တင်သည်။ လဝန်း မောင့်ကို အကြောင်းပြချက်မဲ့စွာ ချစ်ခဲ့သည်။ မောင်က အကြောင်းပြချက် မရှိ သက်သေပြချက်မဲ့စွာ လဝန်းကို စိမ်းကားလာခဲ့သည်။ မီးဝေးချိတ်ရဲ့ သဘောကို လဝန်း လက်တွေ့ကြုံခဲ့ရသည်။

"ဂစ်တာတီးတတ်ရင် မောင့်အကြိုက် သီချင်းလေးတွေ သူမှင်းတဲ့အခါ သီချင်းဆိုပြနိုင်ရန်" ဆိုတဲ့ နော်လီဇာသီချင်းလေးနဲ့ ဂစ်တာတီး ကျင့်ရလောက်အောင်ထိ ရူးခဲ့ဖူးသေးသည်။ ပုဂံလမ်းမှာ မောင့်လက်ကို တွဲပြီး လမ်းလျှောက်ချင်ခဲ့တာ၊ အင်းယားကန်စပ်မှာ သူများအတွဲတွေလို မောင့်ပခုံးကို မှီပြီး ထိုင်ချင်ခဲ့တာ။ သစ်ပုတ်ပင်ကြီးကို မောင်နဲ့ လက်ချင်းတွဲပြီး ဦးညွှတ်ချင်ခဲ့တာ။ ရတနာဆောင်က Parlour မှာ သူများအတွဲတွေလို အဆောင်ပိတ်ချိန်ထိ စကားတွေ မမောတမ်း ပြောချင်လိုက်တာ။ ရတနာဆောင် နောက်ပေါက်မှာ တစ်ရက်မှမပျက် အဆောင်ပိတ်ချိန်ထိ ထိုင်တတ်တဲ့ အတွဲနှစ်တွဲကို အားကျမိသေးသည်။ အဲဒီတုန်းက နာမည်ကြီး Drummer တစ်ယောက်က သူ့ရည်းစားကို သစ်ပုတ်ပင်အောက်က ခုံတန်းမှာ အမြဲတမ်းထိုင်ပြီး လက်သည်းနီဆိုးပေးလိုက်၊ လက်သည်းညှပ်ပေးလိုက်၊ ကျောင်းထဲမှာလည်း တတွဲတွဲတွေ့ရတော့ သူတို့အပျော်လေး လဝန်းရင်ထဲ ကူးစက်ခဲ့ဖူးသည်။ အသည်းနှလုံးနုနုလေးဟာ နက်နက်ရှိုင်းရှိုင်း ချစ်ခဲ့မိတဲ့အတွက် ခံစားချက်ကတော့ ရင်နဲ့အမျှပါပဲ။ လဝန်းဖြူဆိုတဲ့

Asian Fame Media Group

မိန်းမဟာ မွေးလာကတည်းက မာနတံခွန်လွှင့်ခဲ့တဲ့ သူတစ်ယောက်ပါပဲလေ၊ အချစ်ကို အယုံကြည်မဲ့စွာ၊ အချစ်ကို မုန်းတီးခါးသီးစွာ ရင်ထဲက ဖယ်ထုတ်ပစ်ခဲ့သည်။

ဒေသပေါင်းစုံက ရတနာသူတွေ စခင်ကြတဲ့အချိန်မှာပဲ ရင်ဖွင့်ကြရင်း လဝန်းလို အသည်းကွဲဖူးတဲ့ စစ်ဗိုလ်ရည်းစားတွေလည်း ပါခဲ့သည်။ လဝန်းအခန်းဖော်တစ်ယောက်ပဲ ရည်းစားမထားဖူးတာ၊ သူငယ်ချင်း ၈ ယောက် အပူအပင်ကင်းကင်း ဥပဒေကျောင်းသူဘဝ ၃ နှစ်တာ ပျော်ခဲ့ကြပါသည်။ ၁ ကျပ်ကားလေးနဲ့ မြို့ထဲ ဈေးဝယ်ထွက်ကြ၊ မင်္ဂလာဒုံ တပ်မတော်ရုပ်ရှင်ရုံ သွားကြည့်ကြ၊ အင်းယားကန်ထဲက Dolphin ရေကူးသင်တန်းမှာ ရေကူး သွားသင်ကြ၊ Night Leave ယူပြီး ပွဲသွားကြည့်ကြ၊ အာစီထဲက အားကစားပွဲတွေ သွားအားပေးကြ၊ Fun Fair တွေလုပ်ပြီး ဂိမ်းတွေ ကစားကြ၊ Play Boy-LPJ Professional တီးဝိုင်းတွေ ငှားပြီး Dinner မှာ ဆိုကြ၊ ကကြ။ ညစဉ် ဘုရားခန်းမှာ မေ့မေ့စကြာရွတ်ကြနဲ့ တစ်ခါတလေ ရတနာဆောင်ကို အိပ်မက်မက်တဲ့အထိ သတိရမိသည်။ ချစ်ရမှာ ကြောက်သွားခဲ့သည့် လဝန်းအဖို့ မိဘပေးစားတာပဲ စောင့်ယူတော့မည်ဟု ကြွေးကြော်ခဲ့သည်။ သည်လိုနှင့် လဝန်းဘဝထဲကို ကိုကိုကြီးဝင်လာသည်။ ဂျပန်ကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်နေသော အမျိုးမကင်းသည့် ကိုကိုကြီးက လဝန်းကို လက်ထပ်ပါရစေတဲ့ ဖေဖေ့ကို ပြောလာတော့ လဝန်း ခံစားချက်မဲ့စွာ တည်ငြိမ်စွာနဲ့ ခေါင်းညိတ်နိုင်ခဲ့သည်၊ ကိုကိုကြီးက အိမ်လာရင် ဂျပန်အစားအစာတွေ ချက်ကျွေးသည်၊ လဝန်းက ဘာမှ မချက်တတ်ဘူးလေ၊ လဝန်းတို့ မောင်နှမတွေကို ငယ်ငယ်လေးတည်းက မေမေက စာပဲကျက်ခိုင်းတာ၊ စာမေးပွဲဆိုရင် အခန်းထဲ အရောက် အစားအစာပို့ပေးပြီး ဂရုစိုက်ခဲ့တာ။ အိမ်ဖော်နှစ်ယောက်နဲ့ လဝန်းတို့ကို လိုလေသေးမရှိထားခဲ့တာ။ ကိုကိုကြီးက သွေးအားကောင်းတယ်ဆိုပြီး ငါးရှဉ့်အရှင်ကြီးတွေကို ရေဆေး၊ အပိုင်းပိုင်းလှီးပြီး အသားကို ကျက်သွားစေတဲ့ Sauce နဲ့ တို့စားတော့ လဝန်းတို့မောင်နှမတွေ တစ်ယောက်မှ သွေးနားမကပ်ကြတော့။ ကိုကိုကြီး ဂျပန်ပြန်မယ်ဆိုတော့ သီချင်းလေးတွေ သွင်းပေးပါဆိုလို့ ကောင်းနိုးရာရာ၊ ဂျပန်ပြည်ကို ရေးတဲ့စာ၊ ဂျပန်ပြည်က စာတစ်စောင်၊ ငါ့ကို မမေ့ပါနဲ့ သည်လိုသီချင်းလေးတွေ ရွေးသွင်းပေးခဲ့သည်။ အဲ့ဒီအထဲမှာ မေခလာရဲ့ 'အဝေးရောက်ကိုကို' သီချင်းက ' အချစ်ဆုံး တမလွန်သွားပြီလေ' တဲ့။ ကိုကိုကြီးက "အမယ်လေး လဝန်းရယ်၊ ကိုကိုကြီး မိန်းမမယူဘဲ မသေပါရစေနဲ့ဦး" ဆိုလို့ အားနာပြီး ရယ်မိကြသေးသည်၊ အဆောင်မှာ ညည Roll Call ခေါ်ရင် စာတွေ ဝေတယ်လေ၊ လဝန်းစာကို သူငယ်ချင်းတွေကယူပြီး အခန်းတစ်ခန်းမှာ လက်ဖက်သုတ်စားရင်း တစ်ယောက်က အော်ဖတ်ပြသည်။ လဝန်းသာ မချစ်ရင်တော့ ကိုကိုကြီးတော့ အရက်တွေပဲ သောက်နေတော့မှာပဲလို့ စာထဲမှာ တည့်တည့်ရေးတတ်တဲ့ ကိုကိုကြီးကို လဝန်း လုံးဝမချစ်နိုင်ခဲ့ပါဘူး။ တစ်ခါတလေ သူငယ်ချင်းတွေစုပြီး အချစ်ဒဿနတွေ ပြောကြရင်း တစ်ခါမှ ရည်းစားမထားဖူးတဲ့ အခန်းဖော် မမရီက လဝန်းရေ ချိုမြိန်သီချင်းလေး ဆိုပြပါဦး ' တစ်ကိုယ်လုံးပုံ၍ ချစ်ရလေသောသူ' ဆိုတာလေတဲ့။ "ဟာ မမရီကလည်း သက်လုံးပုံတာပါ" ဆိုတော့ အတူတူပဲ မဟုတ်ဘူးလားတဲ့။ မမရီကျမှ ကြိုက်သလိုပုံချိုပြီး အပျိုသန့်သန့်ကြီး မမရီတော့ကို ဝိုင်းထုခဲ့ကြတာ သတိရမိသည်၊ တစ်ရက်ကတော့ မနက်အစောကြီး ကမ္ဘာမကျေ၊ ဗမာပြည် သီချင်းအော်သံကြားတော့ သူများတွေ အိပ်နေတုန်း ဘာတွေ အော်နေတာလဲဆိုတော့ ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့ ဘုရားပန်းလဲရင်း ဘုရားသီချင်းမရလို့ အချစ်သီချင်းဆိုရင်လည်း ငရဲကြီးမှာစိုးလို့ ရတဲ့သီချင်းဆိုတာတဲ့။ အဲဒီ လောက်ရယ်ရတဲ့ မမရီ၊ အကုန်ထကြ။ ဘုရားသွားမယ်ဆိုလို့ လဝန်းတို့ တစ်ဖွဲ့လုံး ရွှေတိဂုံ သွားခဲ့ကြသည်။ အဲဒီနေ့က ကြာသပတေးထောင့်မှာ မမရီချော်လဲတာကို ထူမပေးဘဲ လဝန်းတို့တစ်ဖွဲ့လုံး ဝိုင်းရယ်ခဲ့ကြသည်။

ကိုကိုကြီးက စာထဲမှာ လဝန်း စစ်ဗိုလ်လေးနဲ့ ဘယ်လိုဖြစ်တာလဲ၊ လဝန်း အသည်းတွေ ကွဲသွားပြီလားတဲ့။ လဝန်း စာပြန်ခဲ့သည်၊ ချစ်တတ်ခါစ လဝန်းရဲ့ နုနယ်တဲ့ အသည်းနှလုံးကို ဆုတ်ခြေဖွပစ်သလို ခံစားရသည်လို့၊ အချစ်ဆိုတာ အပြင်မှာ ရာသီဥတုက မိုးငွေ့မိုးရိပ် မိုးသက်လေးတွေ ရှိနေရင်တောင် လဝန်း ရင်ထဲမှာ ပူလောင်ခဲ့ရသည်၊ အပြင်မှာ နှင်းတွေနဲ့ အေးခဲနေလည်း လဝန်းရင်ထဲမှာ ပူလောင်နေခဲ့ရတာပါပဲ။ လဝန်းခံယူခဲ့တဲ့ အချစ်ဟာ အပူငွေ့တွေနဲ့ ပြည့်နေတဲ့ အရာတစ်ခုပါလို့ ရင်ဖွင့်ခဲ့သည်။ "ခံစားရသမျှ ဒုက္ခတွေ နွေသာဆို ရင်မှာ မြဲဖြစ်နေပြီ" ဆိုတဲ့ ဖစ်တာခင်ညို သီချင်းစာသားလေးတောင် ရေးထည့်ပေးခဲ့သည်၊ အနားမှာရှိရင်တော့ အရှုံမပေးလို့ ပြောမှာပဲ၊ ကိုကိုကြီးကတော့ လဝန်းကြိုက်တဲ့ သီချင်းတွေ အကုန်လိုက်ကြိုက်ပြီး ခံစားပေးသည်။ မောင်ကတော့ သန်းဖေလေးတို့၊ ကွဲတေးသိန်းတန်တို့၊ ကိုမင်းနောင်တို့မှ ကြိုက်တာ၊ သန်းဖေလေးဆို လဝန်း ကြားတောင်မကြားဖူးခဲ့။ မုန်းရစ်လေဦး . . မုန်းပါဦး ဖုန်းချစ်တဲ့သူရာဆိုတဲ့ ကိုမင်းနောင် သီချင်းတောင် မောင် ဆိုပြမှ လဝန်းကြားဖူးသည်။

ကိုကိုကြီး ပြန်ပြီး မကြာခင်မှာ လဝန်းကို ဂျပန်လာဖို့ခေါ်သည်၊ လဝန်းထံ လိုအပ်သည့် စာရွက်စာတန်းတွေပို့ရင်း၊ စာနဲ့တစ်မျိုး ဖုန်းနဲ့တစ်မျိုး ညွှန်ကြားသည်၊ လဝန်းကတော့ အချစ် ငါမသိ၊ အချစ် ငါ့မှာမရှိ၊ အချိန်တန်ရင် ဂျပန်သွားပြီး ကိုကိုကြီးနှင့် လက်ထပ်မည်ဟု။ လဝန်း ဂျပန် စကားပြောသင်တန်းတက်ဖို့ ရန်ကုန်သွားခါနီးမှာ ဘုတ်ဘုတ်က အိမ်မှာ ဗိုလ်မှူးရောက်နေတယ်လို့ လာခေါ်တော့ တည်ငြိမ်နေပြီလို့ ထင်ခဲ့သည့် နှလုံးသားတို့ တဒိတ်ဒိတ်ခုန်ခဲ့သည်။ ယဉ်ယဉ်လေးနဲ့လှမည့် အဝတ်အစားလေး ရွေးဝတ်ပြီး အချစ်ဦးကို အပြုံးနဲ့ ရင်ဆိုင်နိုင်ခဲ့သည်၊ မောင်အိမ်ထောင်ကျသွားတာ၊ နိုင်ငံခြားက ပြန်လာတာလည်း ဘုတ်ဘုတ် ပြောမှ သိရသည်။ လဝန်းက မောင့်အကြောင်းအားလုံး ပြည်ဖုံးကားချမေ့ထားခဲ့သည်လေ။ မောင် လဝန်းအကြောင်းလေး ရေးထားတာ 'ဟန်သစ်' မှာ ပါသည်ဟု ပြောသည်။ လဝန်း အိပ်မက်ကို အသက်မသွင်းချင်ပါ။ မောင့်ကို အချစ်နိုင်ဆုံးအင်အားတွေနှင့်လည်း လဝန်း ချစ်ခဲ့ဖူးပါသည်၊ အချစ်ဆိုတာ ပုံဖော်တဲ့သူတွေအပေါ်မှာ မူတည်ပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်တတ်ကြပေမယ့် တကယ်စစ်မှန်တဲ့ အချစ်မှာတော့ ရယူခြင်း၊ ပိုင်ဆိုင်ခြင်းမရှိဘဲနဲ့ မျှော်လင့်ချက်မဲ့စွာ ချစ်နေမိသေးတာကို မောင် မသိစေချင်၊ မောင့်ကိုလည်း အပြစ်မဆိုပါဘူး။ ဒါတွေ အားလုံးဟာ ကံတရားပါပဲ။ ဘုတ်ဘုတ်တို့ မင်္ဂလာဆောင်ပြီး ရန်ကုန်ပြောင်းလာတော့ ဘုတ်ဘုတ်အိမ်နားမှာ လဝန်းအဆောင်ငှားနေသည်၊ အင်းယားနှင့် နီးသည်လေ။ တက္ကသိုလ် အလွမ်းပြေပေါ့။

မောင် လာတွေ့တော့ ဘုတ်ဘုတ်တို့ လင်မယားနဲ့အတူ လဝန်းတို့ အင်းယားမှာ လမ်းလျှောက်ဖြစ်သည်၊ ဟိုးအရင်တုန်းက သည်နေရာလေးကို မောင်နဲ့အတူ လာချင်ခဲ့တာလို့ လဝန်းအသံတိတ်ပြောခဲ့သည်။ အချစ်အကြောင်းတွေ ဘာမှ မပြောခဲ့ကြပေမယ့် လဝန်းရင်ထဲမှာတော့ ဆို့နင့်ကြေကွဲရပါသည်။ အဲ့ဒီအချိန်မှာ ကောင်မလေးတွေကို ပန်းတွေပေးပြီး စနောက်နေတဲ့ အုပ်စုတစ်စုမှ လူတစ်ယောက်က လဝန်းကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်နေတာ တွေ့လိုက်ရသည်။ လဝန်းတက်တဲ့ သင်တန်းကို လိုက်တက်သည်၊ နောက် ဘုတ်ဘုတ်အိမ်ကို လာလည်တော့မှ ဘုတ်ဘုတ်ယောကျ်ား၏ သူငယ်ချင်းမှန်း သိရသည်။ လဝန်း Passport ကိစ္စ၊ သံရုံးကိစ္စတွေ အကုန်လိုက်လုပ်ပေးသည်။ ဂျပန်မသွားခင် မမဘေးမှာ နေခွင့်ပေးပါ။ မမဆီက အချစ်ကိုလည်း ကျွန်တော် မမျှော်လင့်ပါ။ အရာရာပေးဆပ်ချစ်ပါရစေဟု ပြောလာသည်။ မမ ဗိုလ်မှူးနဲ့ ဘာကြောင့် လက်မထပ်တာလဲ

Asian Fame Media Group

မေးတော့ အဲ့ဒါ ငါ့ကိစ္စ၊ နောက်ထပ် ဘယ်တော့မှ မမေးနဲ့ဟု အမိန့်ပေးခဲ့သည်။

မောင်လည်း ရှေ့တန်း ထွက်သွားခဲ့ပြီ၊ ဒုတိယအကြိမ် လဝန်းဘဝထဲက ထွက်သွားခဲ့တဲ့ ပိုင်ရှင်ရှိပြီးသား မောင့်ကို ဒီတစ်ခါတော့ ကျေကျေနပ်နပ်ကြီး လက်ခံနိုင်ခဲ့ပါပြီ။ လွမ်းလောက်စရာမရှိတော့ပါဘူးလေ။ ညအိပ်ချိန်နှင့် ရုံးချိန်မှလွဲ၍ လဝန်းဘေးမှာ အချိန်ပြည့် Serve လုပ်ပေးနေတဲ့ ကိုဦးကို လဝန်း သံယောဇဉ် တွယ်ခဲ့သည်။ မောင့်ဆီက မရခဲ့တဲ့ အေးချမ်းမှုတွေ လွတ်လပ်မှုတွေ လိုက်လျောမှုတွေနဲ့ အတူ ကိုဦးရဲ့ ချစ်ခြင်းကို လဝန်း အသိအမှတ်ပြုခဲ့သည်။ မော်လမြိုင်က ကြီးကြီးဆီ အလည်သွားရင်း ကိုဦးတို့မိသားစုအကြောင်း သိခဲ့ရသည်။ အသိုင်းအဝိုင်းကောင်းပြီး ပညာတတ် မျိုးရိုးဖြစ်ကြောင်း၊ အဒေါ် ကျောင်းဆရာမကြီးများ၏ အုပ်ထိန်းမှုနဲ့ စည်းကမ်းကောင်းစွာ ကြီးပြင်းလာရကြောင်း သိရသည်။ ကိုဦးက "မမရဲ့ကိုကိုကြီးက အရက်ကို ရေလိုသောက်တာ။ မမက အရက်နံ့လည်း မခံနိုင်၊ နှလုံးအားနည်းတဲ့ ရောဂါလည်း ရှိတယ်။ သူများနိုင်ငံမှာ မမနေမကောင်းရင် ကိုကိုကြီးက မမကို ပြုစုပေးနိုင်မယ်လို့ မယုံကြည်လား" လို့ တွေးတွေးဆဆမေးသည်။ မယုံကြည်ပါဘူး တစ်ခါမှလည်း ဒီလိုတွေ မစဉ်းစားခဲ့မိပါဘူး။ ဦးနှောက်က ရွေးချယ်ခဲ့တဲ့လမ်းပါ။ မောင့်ကို စိတ်နာ၍ ကိုကိုကြီးကို ရွေးခဲ့သည်။ မောင့်ကို လုံးလုံးလျားလျား မေ့ပစ်ချင်သည့်အတွက် ကိုဦးကို လဝန်းဘဝထဲ ဝင်လာခွင့်ပေးခဲ့သည်။ လဝန်းကို ခွင့်လွှတ်ပါ ကိုကိုကြီးရယ်။

ကိုဦးနှင့် လက်ထပ်ပြီး လဝန်းတို့ မော်လမြိုင်ပြောင်းရသည်။ အလုပ်တစ်ဖက် အိမ်ထောင့်တာဝန်တစ်ဖက်နှင့် လဝန်းဗျာများရပြန်သည်။ မီးမလာရင် မီးသွေးမီးဖိုမမွှေးတတ်လို့ ငုတ်တုတ်ထိုင်ကြည့်နေမိသည်။ ရေချိုးခန်းမှာ ရေပန်းဖွင့် ရေချိုးခဲ့သည့် လဝန်းဖြူတစ်ယောက် ဌာနဆိုင်ရာ ဝင်းကြီးရဲ့ အလယ်ခေါင် ဟင်းလင်းပြင်ကြီးက ရေကန်ကြီးမှာ ရေသွားချိုးရတော့ တော်တော် အဆင်မပြေဖြစ်ခဲ့ရသည်။ ကိုဦးက ရဲဘော်လေးတစ်ယောက်ကို နွေးစဉ်ရေဆွဲထည့်ခိုင်းပြီး အိမ်နောက်မှာ ချိုးစေတော့မှ နည်းနည်းအဆင်ပြေခဲ့သည်။ ဪ ဒါလည်း လဝန်းရွေးချယ်ခဲ့တဲ့ လမ်းပါပဲလေ။ ကိုဦးဆွေမျိုးတွေကလည်း ဂရုစိုက်သည်။ နေမကောင်းတဲ့အခါ ကိုဦးညီမလေးက လဝန်းခြေထောက်လေးတွေကအစ နှိပ်နယ်ပေးတတ်သည်။ ကိုဦးနဲ့ လဝန်းဘဝခရီးမှာ အခက်အခဲဆိုတာလည်း မြူမှုန်လေးလောက်တောင် မရှိအောင် ဖြောင့်ဖြူးခဲ့ပါသည်။

တစ်နှစ်ပြည့်တဲ့ အချိန်မှာတော့ လဝန်းတို့ ဘဝလေးထဲကို အထူးဧည့်သည်လေး တစ်ယောက် တံခါးလာခေါက်ခဲ့ပြီ။ ကိုယ်ဝန် ၂ လ ရှိပြီလို့ သိသည့်နေ့မှစ၍ လဝန်း အလုပ်တစ်ခု တိုးခဲ့သည်။ နေ့စဉ် သမ္ဗုဒ္ဓေဂါထာတော်ကို ၁၀၈ ခေါက် အမြဲဌာန် ရွတ်ခဲ့သည်။ အလုပ်သွားရင်း အိမ်မှာချက်ပြုတ်ရင်း ညအိပ်ရာဝင်သည်အထိ ၁၀၈ ခေါက်ပြည့်အောင် ရွတ်ပြီး ဘုရားစင်မှာ သက်ရှိထင်ရှား ဘုရားရဲ့ပုံတော်ကို ပေါ်နေအောင်ဖူးပြီး လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော သားလေးရပါစေလို့ ဒီတစ်ဆုတည်း တောင်းခဲ့သည်။ သားလေးကို ကိုယ်ဝန် ၆ လမှာ အလုပ်ထွက်ပြီး လဝန်းဇာတိမြို့လေးက ဖေဖေနဲ့ မေမေဆီပြန်ခဲ့သည်။ မြေးဦးလေးမို့ တစ်မိသားစုလုံးက အကောင်းဆုံး ကြိုဆိုခဲ့ကြပါသည်။ ရတနာ ၃ ပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် ဆောင်းတစ်ညမှာ ည ၈ နာရီမှစ၍ ဗိုက်စနာပြီး ၉ နာရီမထိုးခင်မှာ ဖြူဖြူစင်စင် ဝဝကစ်ကစ် အပြစ်အနာကင်းသည့် သားလေးကို လဝန်းပိုင်ဆိုင်နိုင်ခဲ့သည်။ သားလေးက ဖြူဖွေးပြီး မျက်နှာဝိုင်းစက်စက်လေးမို့ မေမေက ဖိုးလပြည့်လို့ ချစ်ချင်းနာမည်ပေးပြီး လာခြင်းကောင်းသောလူကလေးဟု ကင်ပွန်းတပ်ခဲ့သည်။ အမေနို့ကို အားရပါးရ စို့နေသည့် သားလေး၏ မျက်နှာဝိုင်းစက်စက်လေးကို စိုက်ကြည့်ရင်း မေမေ့ရင်ထဲက ထူးခြားဆန်းပြားသည့် စိမ့်စမ်းရေ အလျဉ်လေးတစ်ခု မေမေ့နို့ချိုချိုလေးတွေက တစ်ဆင့် သားလေးရဲ့ ကိုယ်ထဲကို စီးဆင်းပျော်ဝင်လျက်ရှိနေပြီဟု ခံစားရသည်။ မေမေရဲ့ ချစ်ခြင်းတွေနဲ့ သားလေးရဲ့ဘဝကို အကောင်းဆုံး ရှင်သန်စေရမယ်နော်။ သားလေး မျက်နက်ဝန်းလေးတွေက မပူပါနဲ့ မေမေရယ်၊ မေမေ့အတွက် လာခြင်းကောင်းတဲ့ သားလေးအဖြစ် မေမေ့ရဲ့ မျှော်လင့်ချက်တွေအားလုံး ပြီးပြည့်စုံစေရပါမယ်။ မေမေ့အတွက် သားမှာ အားအပြည့်ပါလို့ ပြန်ပြောနေသလိုပါပဲ။ လဝန်းမေမေက လဝန်းကို ပန်ကာအောက်မှာ ထိုင်ပြီး ခုခေတ်တော့ Aircon ခန်းထဲမှာပေါ့။ လှလှပပလေးဝတ်ပြီး အရာရှိမကြီး၊ ဥပဒေပညာရှင်ကြီးဖြစ်စေချင်ခဲ့သည်။ လဝန်းက သားလေးကို ကျောက်ကောင်းတစ်စေ့ဖြစ်အောင် သွေးပေးရမည့် အကြီးလေးဆုံးတာဝန်ကြီးကို ထမ်းဆောင်ချင်သည်။ လဝန်းအရည်အချင်းပေါ်မှာ မူတည်နေသည်ဟု ယုံကြည်ခဲ့ပါသည်။ သားလေးသည် ဗိုက်ထဲမှာတည်းက လဝန်းရွတ်ဖတ်ပွားများခဲ့သည့် တရားသံလေးတွေကို နားရည်ဝခဲ့လို့လား။ လဝန်းရဲ့ သမ္ဗုဒ္ဓေအယူမှန်နဲ့ မြတ်ဘုရားကို ယုံယုံကြည်ကြည် ဦးခိုက်ဆုတောင်းခဲ့လို့လား မသိ။ တစ်ခါတည်း လိမ္မာယဉ်ကျေးခဲ့သည်။ သားလေးအတွက် ရုပ်ခွန်အားရော စိတ်ခွန်အားပါ အပြည့်အဝပေးနိုင်သည်။ မိခင်ကောင်းအဖြစ် လဝန်း ကြိုးစားခဲ့ပါသည်။ သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်းထိ အတန်းတိုင်းတွင် ပထမချည်းရခဲ့သော သားလေးသည် ၆ ဘာသာဂုဏ်ထူးဖြင့် အောင်ပြီး မန္တလေးဆေးတက္ကသိုလ် ရောက်ခဲ့သည်။

သားလေးဆေးကျောင်းတက်မှပဲ ကိုဦးနှင့် ရှမ်းပြည်ဘက် လိုက်နေဖြစ်သည်။ ရှမ်းပြည်ဘက်က ဆရာတော်ဘုရားကြီးတွေရဲ့ ဆုံးမဩဝါဒတွေ နာကြားရတဲ့အခါ လဝန်းဘဝမှာ ဒီလင်၊ ဒီသား၊ ဒီလူမှုရေးတွေနှင့် ချိန်ခွင်လျှာတစ်ဖက်စောင်းနင်းဖြစ်နေတာကို ပြန်ဆန်းစစ်မိခဲ့သည်။ မိရိုးဖလာ အစဉ်အလာအတိုင်း ဘုရားသွား၊ ကျောင်းတက်၊ ပုတီးစိပ်၊ အလှူအတန်းလေး လုပ်နေရာက တစ်ဘဝသာသနာကျမ်း၊ အရှင်ဇနကာဘိဝံသရဲ့ကျမ်းတွေနဲ့ ပဋ္ဌာန်းအကျယ်ကို လဝန်းစူးစိုက်လေ့လာနိုင်ခဲ့သည်။ သားလေးမွေးနေ့တိုင်းမှာ လက်ဆောင်အဖြစ် ပေးဖြစ်ခဲ့တဲ့ အရှင်ဇနကာဘိဝံသရဲ့ ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာစသည့် စာအုပ်တွေကို ကိုဦးကို ပေးဖတ်ရသည်။ သင်္ကြန်တွင်းဆို သားလေးက တရားစခန်းဝင်သည်၊ အဖေလုပ်သူက ဌာနဆိုင်ရာတွေနှင့် စင်တွေမှာ ကာရာအိုကေဆိုသည်။ လဝန်းတရားအဟောကောင်းလွန်းတော့ ကိုဦးလည်း တရားထိုင်သည့် အလေ့အကျင့်လေး လုပ်လာသည်။ လဝန်းရဲ့ Life Style မှာ လူမှုရေးကိစ္စလေးတွေ ဆောင်ရွက်သင့်တာ ဆောင်ရွက်ရသည်။ ဌာနဆိုင်ရာတွေနှင့် သွားသင့်တဲ့နေရာ သွားရသည်၊ စားသင့်တာ စားရသည်။ ကာရာအိုကေဆိုသင့်အခါ ဆိုရသည်။ မြို့ခံ မိတ်တွေ၊ ဌာနဆိုင်ရာက ညီမတွေနှင့် ဝေါက်သီးရိုက်တဲ့အခါ ရိုက်ရသည်။ အဓိကကတော့ ဝိပဿနာတရားကို အခြေခံကစပြီး တစ်ဆင့်ချင်း ကြိုးစားကျင့်နိုင်ခဲ့သည်။ ဘဝမှာ Balance ရှိဖို့ လိုတယ် ကိုဦးရေ၊ ၄၅ နှစ်ဆိုတာ နောက်တောင်ကျနေပြီ၊ သာသနာတော်နဲ့ ကြုံတွေ့နေတယ်။ ဘုရား၊ တရားတွေလည်း နာယူခွင့်ရနေတယ်၊ ဒီအချိန်လေးမှာ မလုပ်မိဘူးဆိုရင် ဒီဘဝဝေးတာထက် နောက်ဘဝပိုဝေးသွားမှာ Tomorrow will be too late လေ၊ တရားကိုမြင်တဲ့အခါ တရားပိုင်ရှင်ဖြစ်သည့် ဘုရားရှင်ကို ပိုပြီး ကြည်ညိုလာခဲ့သည်။ ကိုဦးကိုလည်း ဝိပဿနာအခြေခံလေးတွေ လေ့ကျင့်ပေးနိုင်ခဲ့သည်။

"မလဝန်းဖြူပါလား" ကျွန်မယာကြီးဆေးရုံကပါ။ ဦးကိုဦးစီးလာတဲ့ ကားမှောက်လို့ ဦးကိုဦး ခါးအောက်ပိုင်း လှုပ်လို့မရပါဘူး" သူမဘာတွေ ထပ်ပြောမှန်း မသိတော့ပါ။ စိတ်ကို ထိန်းချုပ်နိုင်စွမ်း တော်တော်ရှိနေပြီလို့ ထင်ခဲ့တဲ့ လဝန်းခြေထောက်တွေ ညွတ်ကျသွားခဲ့ရပါသည်။ သားလေးရဲ့ လက်ကိုင်ဖုန်း

Asian Fame Media Group



ကိုတော့ "ညီမက ရတနာပုံတက္ကသိုလ်က မပြေတ်နိုးပါ။ ဦးဦးက ညီမကို သူ့လက်ဆွဲအိတ်နဲ့ ပိုက်ဆံတွေ အပ်ထားပါတယ်တဲ့။ ကိုဦးက ဘာလို့ သူကိုယ်တိုင် မဆက်ပါလိမ့်။ ဘယ်ရောက်ရောက် ဖုန်းလိုင်းမိတဲ့ နေရာကနေ အမြဲဆက်နေတတ်သည့် ကိုဦးက ခု ဘာကြောင့် သူများကို ဆက်ခိုင်းပါလိမ့်။ မကြာခင် ဌာနမှူးဖုန်းဝင်လာသည်။ အစ်မကြီးသားလေးနဲ့ စကားပြော ပါရစေတဲ့။ ဖုန်းပြောအပြီး သားလေး က လဝန်းကို ဖက်ထားပြီး မေမေ သားရှိတယ်၊ မေမေ့မှာ သားရှိတယ်။ မေမေ ဘာမှမပူနဲ့နော်။ မေမေ့အနားမှာ သားအမြဲရှိနေမယ်တဲ့။ လဝန်း သိလိုက်ပါပြီ။ လဝန်းရင်ထဲမှာရောတရားအသိလေးတွေသာ မကိန်းအောင်းနိုင်သေးခဲ့ရင် အရူးတစ်ပိုင်းတောင် ဖြစ်သွားနိုင်သည်။ သားလေးက လဝန်းရှေ့မှာ လုံးဝ မျက်ရည်ကျမပြခဲ့။ သူငယ်ချင်းတွေရှေ့မှာတော့ ငိုသည်တဲ့။ မေမေ့မှာ တရားရှိပါတယ်။ ကံ ကံ၏အကျိုးကို မေမေယုံကြည်ပါတယ်နော်တဲ့။ ကိုဦးရဲ့ သက်မဲ့ခန္ဓာကိုယ်ကို ငေးကြည့်ရင်း မကြာသေးခင်ကမှ ဖူးခဲ့ရသည့် မင်းကွန်းဆရာတော်ဘုရားကြီး၏ ရုပ်တုအောက်တွင် ရေးထိုးထားသော 'ကြာလည်း မမေ့ ရှာလည်းမတွေ့၊ ငါလည်း တစ်နေ့' ဆိုတဲ့ ကဗ္ဗည်းလေးကို သတိရလာသည်။ ဘဝကို ဟန်ချက်ညီညီ ကြီးစားရင်း လဝန်းသိသမျှ တတ်သမျှလေးကို မျှဝေပေးခဲ့တဲ့ တရားအသိလေးတွေနဲ့ ကိုဦးတစ်ယောက် ဘဝအိမ်ပြန်ချိန်မှာ ဘဝကူးတံတားလေးကို ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပါစေဟု မဂ္ဂဲမရဲဆုတောင်းမိပါသည်။ ဘဝမှာ စိတ်အထိခိုက်ရဆုံး အပိုင်းလေးသာ ကွက်ပြီး မေ့သွားတတ်သည့် အတိတ်မေ့ရောဂါ ရလိုက်ချင်ပါသည်။

ညက အတွေးနယ်ချဲ့မိခဲ့သည့်အတွက် လဝန်းမျက်စိကြောင်ပြီး အိပ်မပျော်ခဲ့။ စိတ်တို့ကို တော်တော်ထိန်းချုပ်နိုင်ခဲ့ပြီဟု ထင်ခဲ့သည့် လဝန်း။ ငါ လိုနေသေးပါလားဟု ဆင်ခြင်မိသည်။ မောင့်ဆီက ဖုန်း ထပ်လာတော့ အိပ်ညက အိပ်မပျော်ခဲ့ဟုဆိုရှိ အသက် ၃၀ ကျော် ဒီလောက်တော့ ဖြစ်သင့်ပါသေးသယ်ဟု ကျေနပ်မိသေးသည်။ တစ်ရက်မှာ မောင် ရန်ကုန်ကို အလုပ်ကိစ္စနှင့်လာရင်း လဝန်းကို လာတွေ့သည်။ သားလေးကတော့ ဆေးခန်းသွားနေသည်။ မောင်က အထားတွေ ပိုဖြူပြီး အနည်းငယ်ဝ၍ ဗိုက်နည်းနည်း ထွက်လာသည်မှလွဲ၍ သိပ်ပြောင်းလဲမသွား။ လဝန်းအဆင်ပြေရဲ့လား၊ ဘာတွေလိုအပ်လဲဟု မေးပါသည်။ လဝန်း ဘာမှမလိုအပ်ပါ၊ အဆင်ပြေပါတယ်ဟု ပြန်ဖြေခဲ့သည်။ လဝန်းကို မောင် အရမ်းသနားသွားတယ်ကွာဟု တရုဏာသက်စွာ ပြောသည်။ မောင် မှားခဲ့တာတွေ ရှိရင်လည်း တောင်းပန်ပါတယ်ဟု လှိုက်လှိုက်လှဲလှဲဆိုသည်။ လဝန်းက 'အောင်လ' သီချင်းလားဟု ပြောတော့ မောင် ရယ်သည်။ ချစ်ခဲ့ ဖူးသည့် အချစ်ဦးကို အပူငွေ့တွေ မထင်ဟပ်စေချင်ပါ။ လဝန်း ကြောင့် မောင် စိတ်မပူပန်စေချင်။ မောင့် အပြုံးလေးတွေကို စပြီး ချစ်ခဲ့သလို ပြန်တွေ့ရတဲ့ အချိန်မှာလည်း ဒီ အပြုံးလေးတွေပဲ မြင်ချင်မိပါသည်။

သားလေး ဘွဲ့ယူတုန်းက Album ထုတ်ပြတော့ သားက လဝန်းနဲ့ တူတယ်တဲ့။ မောင့်လဝန်းက လှနေတုန်းပဲ။ သိပ်ပြောင်းလဲမသွားဘူးနော်တဲ့။ လဝန်းဘဝလေးထဲမှာ လဝန်းကို အသနားပိုပြီး ချစ်နေတဲ့ ဖေဖေ၊ မေမေရှိတယ်။ ဂရုစိုက်ကြတဲ့ မောင်လေး ညီမလေးတွေရှိတယ်။ နွေးထွေးတဲ့ မိတ်ဆွေ၊ အပေါင်းအသင်းတွေ ရှိတယ်။ လဝန်းရဲ့ ရုပ်ခွန်အားရော၊ စိတ်ခွန်အားရော အကောင်းဆုံးဖြစ်အောင် ဖြည့်တင်းပေးနေတဲ့ အနီးကပ်ပြုစုနေတဲ့ သားလေးရှိတယ်။ အခုဆိုရင် 'မောင်' လို့ ခေါ်ခွင့်မရှိပေမယ့် လဝန်းအတွက် အားပေးဖော်တစ်ယောက် ရှိနေတယ်လေ။ လဝန်းအတွက် ဘာလိုသေးလို့လဲ။ ဘဝရဲ့ အနှောင်းပိုင်းတွေကို ကျက်သရေရှိရှိ ဟန်ချက်ညီညီ ဖြတ်သန်းကုန်ဆုံးချင်ပါသည်။ ဥပုသ်နေ့လေးတွေမှာ သားလေးနဲ့ ရွှေတိဂုံဘုရားသွားဖြစ်သည်။ တစ်ခါတလေတော့ လူမှုရေးကိစ္စလေးတွေ သွားရသည်။ နေ့လယ်ရေချိုးသန့်စင်ပြီးတိုင်း ဘုရားရှေ့မှာ တရားထိုင်ဖြစ်သည်။ တစ်ခါတစ်ရံ သားလေးနှင့် ကားလျှောက်မောင်းရင်း အင်းယားမှာ သွားထိုင်ဖြစ်သည်။ စိမ်းလန်းစိုပြည်မှာ တစ်ခုခုစားရင်း Unplugged တီးဝိုင်းလေး နားထောင်ဖြစ်သည်။ တစ်ခါတလေတော့ အချိုမှုန့်မသုံးသည့် မြန်မာထမင်းဆိုင်လေးများမှာ မီးခိုးတိတ်သွားစားဖြစ်သည်။ သား အားလပ်ရက်တွေမှာ သူ့သူငယ်ချင်းများနှင့် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ငါးဥကွ တစ်ခုခု လုပ်စားဖြစ်သည်။ တစ်နေ့ကတော့ ဖိတ်စာရလို့ Central Hotel မှာ Women in Media Forum ကို ၂ ရက် သွားလေ့လာဖြစ်ခဲ့သည်။

တစ်ခါတစ်ရံ မောင်က "ဟေ့ကောင် ဘာလုပ်နေလဲ၊ အားရင် တရားစာအုပ်ဖတ်၊ ဘယ်လိုစာအုပ်တွေ လေ့လာ ဘာလုပ်" ဆိုပြီး ဖုန်းဆက်အမိန့်ပေးတော့ လဝန်း အသက် ၁၈ နှစ်အရွယ် ကောင်မလေးမဟုတ်တော့ပါဘူး။ အဘွားကြီးဖြစ်နေပါပြီဦးမောင်ရဲ့" လို့ သတိပေးရသေးသည်။ တစ်ခါတော့ မောင် မိတ္ထီလာရောက်နေတယ်။ သတိရတယ်ကွာ ဆိုပြီး လဝန်းနဲ့ပတ်သက်တဲ့ အသေးစိတ်အမှတ်တရလေးတွေ ပြန်ပြောပြခဲ့သည်။

ဒီနေ့တော့ မကြည့်ဖြစ်တာကြာပြီဖြစ်သည့် လွန်ခဲ့သော အနှစ် ၃၀ က အဖြူအမည်း ဓာတ်ပုံဟောင်းလေးတွေ ပြန်ထုတ်ကြည့်မိသည်။ မောင့်ကို မပေးဖြစ်ခဲ့သည့် မိတ္ထီလာကန်ဘေးက ကျောက်တုံးပေါ်မှာ ကိုယ်လုံးပေါ်အောင် နောက်ပြန်ထိုင်ပြီး လှည့်ရယ်နေသည့် ပုံလေးတစ်ပုံကတော့ ဆေးသားတွေတောင် ပြယ်စပြုနေပြီ။ ဒီလိုပဲ မောင်နဲ့ လဝန်းရဲ့ အတိတ်က ဇာတ်လမ်းလေးတစ်ပုဒ်ဟာလည်း အချိန်ရဲ့ တိုက်စားမှုကြောင့် မကြာခင်မှာ မှေးမှိန်သွားတဲ့ ဓာတ်ပုံလေးတစ်ပုံလို ဖြစ်သွားတော့မှာ။ အတိတ်စာမျက်နှာပေါ်က လွမ်းချင်းတစ်ပုဒ် ပြီးဆုံးပါစေတော့။

ဘဝဆိုတာ မျှော်လင့်ချက်လေးနဲ့ အသက်ရှင်နေတာပါဆိုရင် သားလေးအတွက် မျှော်လင့်ချက်တွေထားပြီး လဝန်းအသက်ကို ဆွဲဆန့်ထားချင်သည်။ ဒီအချိန်မှာ မောင်ပေးသည့် စိတ်ဓာတ်ခွန်အားလေးတစ်ခုနှင့်လည်း ဘဝရဲ့ အနှောင်းပိုင်းတွေကို ဆက်လက်ရှင်သန်ဖြတ်သန်းသွားချင်သည်။

လဝန်းအတွက် 'အပူငွေ့တွေကင်းစင်သည့် အဖြူရောင်မေတ္တာ အေးရိပ်လေးအဖြစ်" ရှိနေပေးပါဟု မောင့်ကို ပြောချင်သည်။

**လဝန်းဖြူစင်**

Asian Fame Media Group


af MEDIA GROUP
ASIAN FAME MEDIA GROUP မှ စီစဉ်တင်ဆက်သော
၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ မင်းသား၊ မင်းသမီးများနဲ့
အနုပညာရှင်များရဲ့အကယ်ဒမီပွဲတက် ဖက်ရှင်တွေကို
ဝေဆာလှပစွာ တွေ့မြင်ရမယ့်
ရွှေ
စာပေအနုပညာမဂ္ဂဇင်း
2013 ACADEMY FASHION CATALOGUE
ထွက်ပါမည်။